# အပစ်အခတ်ရပ်စဲရေး၊ အုပ်ချုပ်ရေး နှင့် ဖွံ့ဖြိုးတိုးတက်မှု အပြောင်းအလဲကာလများကြားရှိ ကရင်အမျိုးသားအစည်းအရုံး

ကင်မ်ဂျိုလိဖ်

ဒီဇင်ဘာ ၂၀၁၆

The Asia Foundation
Improving Lives, Expanding Opportunities







# အပစ်အခတ်ရပ်စဲရေး၊ အုပ်ချုပ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အပြောင်းအလဲကာလများကြားရှိ ကရင်အမျိုးသားအစည်းအရုံး

ကင်မ် ဂျိုလိဖ်

အာရှဖောင်ဒေးရှင်း

## ကျေးဇူးတင်လွှာ

စာရေးသူသည် ဤစာတမ်းဖြစ်မြောက်ရေးအတွက် အချိန်နှင့် အတွေ့အကြုံဗဟုသုတများ မျှဝေပေးခြင်း၊ အားပေးတိုက်တွန်းခြင်းများ ပြုလုပ်ခဲ့သော ကရင်အမျိုးသားအစည်းအရုံး၊ ကရင်လူထုအခြေပြု အဖွဲ့အစည်းများနှင့် အခြားကရင်လက်နက်ကိုင်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးတင်ရှိပါသည်။ အထူးသဖြင့် စစ်ပွဲဒဏ်ခံ ပြည်သူလူထုများအတွက် ကရင်လူမှုဝန်ဆောင်မှုများနှင့် လူသားချင်းစာနာမှုဆိုင်ရာ ကွန်ရက်များ၏ မမောမပန်း အားထုတ်ကူညီပေးမှုများက စာတမ်းရေးသားရာတွင် စိတ်ဓာတ်ခွန်အားများဖြစ်စေခဲ့ပါသည်။

ကျေးလက်နေ ကရင်ပြည်သူများ၏ အသက်မွေးဝမ်းကြောင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စများတွင် အကူအညီပေးနေသော ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုလှုပ်ရှားမှုကွန်ရက်၏ ထောက်ပံ့ကူညီမှုများကြောင့်သာ ယခုစာတမ်း၏ အပိုင်းတော်တော်များများကို ရေးသားပြီးမြောက်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ထို့အပြင် ကရင်လူ့အခွင့်အရေးအဖွဲ့မှ နှစ်ပေါင်းနှစ်ဆယ်ကျော်စာ စုဆောင်းမှတ်တမ်းတင်ထားသည့် ကျေးလက်ဒေသများရှိ ကရင်ပြည်သူများ၏ ထွက်ဆိုချက်များကလည်း စာတမ်းအတွက် များစွာအထောက်အကူဖြစ်စေခဲ့သလို ထိုမှတ်တမ်းများသည် ထိုပဋိပက္ခများအကြောင်း သုတေသနတိုင်းအတွက် သိထားသင့်သည့် အလွန်ကောင်းမွန်သော အရင်းအမြစ်များပင် ဖြစ်ပါသည်။

ဤစာတမ်းသည် ဘရိုင်ယန် မက်ကာတန်၊ Tim Schroeder၊ အက်ရှ်လေဆောက်သ်၊ Paul Keenan နှင့် ဂျရတ် ဘစ်ဆင်ဂျာ တို့၏ ဖြည့်စွက်အကြံပေးမှုများကြောင့်ပိုမိုပြည့်စုံကောင်းမွန်လာခဲ့သလိုမြန်မာနှင့်နိုင်ငံတကာသုတေသီများ၏ဆွေးနွေးမှုများ၊အားပေးတိုက်တွန်းမှုများကလည်း အဖိုးမဖြတ်နိုင်သော အထောက်အကူများပင်ဖြစ်ပါသည်။

ဤစာတမ်းကို အာရှဖောင်ဒေးရှင်းမှ မက်သယူးအာနိုးလ် နှင့် အခြားပုဂ္ဂိုလ်များ ဖော်ထုတ်ပြုစုခဲ့သည့် ပိုမိုကျယ်ပြန့်သော သုတေသနများမှ ခိုင်မာသော အရင်းအမြစ်များအပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်ပါသည်။ Mim Koletschka၊ ဝင်းပိုပိုအောင်နှင့် အဖွဲ့တို့မှလည်း စာတမ်းကို တည်းဖြတ်ထုတ်ဝေခြင်း အထောက်အကူများကို မမောမပန်း ပြုလုပ်ပေးခဲ့ပါသည်။

## စာရေးသူအကြောင်း

**ကင်မ် ဂျိုလိဖ် (Kim Jolliffe)** သည် အလွတ်တန်းသုတေသီ၊ စာရေးဆရာ၊ ဆန်းစစ်လေ့လာသူ နှင့် သင်တန်းပို့ချသူတစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံနှင့် ပတ်သက်သော တိုင်းရင်းသားအရေး၊ အထောက်အပံ့ဆိုင်ရာ မူဝါဒ နှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို အထူးပြုလေ့လာပါသည်။ ၎င်းသည် အငြင်းပွားရာဒေသများရှိ လူမှုဝန်ဆောင်မှုလုပ်ငန်းများ သုတေသနစီမံကိန်း (Social Services in Contested Areas – SSCA) ၏ ဦးဆောင်သုတေသီ ဖြစ်သည်။

## အာရှဖောင်ဒေးရှင်း

**အာရှဖောင်ဒေးရှင်း (The Asia Foundation)** သည် အကျိုးအမြတ်မယူသည့် နိုင်ငံတကာ ဖွံ့ဖြိုးရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် အာရှဒေသရှိလူများ၏ လူနေမှုဘဝမြှင့်တင်ပေးသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ဆယ်စုနှစ်ခြောက်နှစ်ကြာကာလအတွင်း ရရှိထားသည့် လုပ်ငန်းနှင့် ဒေသတွင်းအတွေ့အကြုံများအပေါ် အခြေခံ၍ ၂၁ ရာစုတွင် အာရှဒေသတွင်း တွေ့ကြုံနေရသည့် စိန်ခေါ်မှုများဖြစ်သော စီမံအုပ်ချုပ်မှုနှင့် ဥပဒေ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသမီး စွမ်းဆောင်ရည်မြင့်မားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပါသည်။ ထို့ပြင် Books for Asia အစီအစဉ်နှင့် ပညာရပ်ဆိုင်ရာ အပြန်အလှန်ဖလှယ်မှုများကိုပါ ဆောင်ရွက်ခြင်းဖြင့် အာရှဒေသ ငြိမ်းချမ်း၊ တရားမျှတကာ ဖွံ့ဖြိုးသာယာရေးအတွက် ကူညီဆောင်ရွက်လျက် ရှိပါသည်။ ဆန်ဖရန်စစ္စကိုတွင် ရုံးချုပ်တည်ရှိပြီး အာရှနိုင်ငံပေါင်း (၁၈) နိုင်ငံနှင့် ဝါရှင်တန်၊ ဒီ စီ တို့တွင် ရုံးများရှိပါသည်။ အာရှဖောင်ဒေးရှင်းသည် အစိုးရဌာနဆိုင်ရာနှင့် ပုဂ္ဂလိက မိတ်ဖက်များဖြင့် လုပ်ငန်းများတွဲဖက်လုပ်ဆောင်ကာ၊ ရန်ပုံငွေများအား နှစ်နိုင်ငံ နှင့် နိုင်ငံပေါင်းစုံပါဝင်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများ၊ ကော်ပိုရေးရှင်းများ နှင့် တစ်သီး ပုဂ္ဂလအလှူရှင်များမှ လက်ခံရရှိပါသည်။

The Asia Foundation

Improving Lives, Expanding Opportunities

## စကားချီး

ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် မြန်မာအစိုးရတို့အကြား နှစ်ပေါင်း ၆၇ နှစ်ကြာ ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် ဖြစ်ပေါ်ခဲ့သော အရှေ့တောင်ပိုင်းဒေသရှိ အုပ်ချုပ်ရေးအနေအထားများကို လေ့လာထားသည့် ဤစာတမ်းကို အာရှဖောင်ဒေးရှင်းမှ ဂုဏ်ယူစွာ တင်ဆက်လိုက်ပါသည်။ အပစ်အခတ်ရပ်စဲမှုများနှင့် နိုင်ငံရေးအပြောင်းအလဲများက ယခင် စစ်တပ်ကသာလွှမ်းမိုးခဲ့သည့် ဒေသများတွင် အစိုးရ၏ အုပ်ချုပ်ရေးကိုပါ ချဲ့ထွင်နိုင်စေသည့် အခွင့်အလမ်းများပေးခဲ့သည်။ တစ်ချိန်တည်းတွင်လည်း KNU ကို အာဏာပိုင်ဆိုင်မှု အငြင်းပွားရာဒေသများရှိ လူထုများ နှင့် ပိုမိုထိတွေ့ခွင့်ရအောင် လမ်းဖွင့်ပေးခဲ့သည်။ မကြာသေးမီသော နှစ်များအတွင်း အရပ်သားတစ်ပိုင်းအစိုးရ ပေါ်ပေါက်လာခဲ့ခြင်းက ဒီမိုကရေစီ အကူးအပြောင်းနှင့်ပတ်သက်သော ကိစ္စရပ်များအတွက် အကြိတ်အနယ်ဆွေးနွေးမှုများနှင့် နှစ်ပေါင်း ကြာရှည်စွာ ဖြစ်ပွားခဲ့သော တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများကို နိဂုံးချုပ်ရန် ကြိုးစားမှုများကို ဖြစ်ပေါ်စေခဲ့သည်။ ထိုသို့ ပြောင်းလဲလာသည့် အခြေအနေများကြောင့် ငြိမ်းချမ်းရေးတည်ဆောက်ရန် အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာခဲ့သလို နောက်ပိုင်းတွင် KNU အနေဖြင့် အရေးပါသော အုပ်ချုပ်ရေးအစိတ်အပိုင်းတစ်ခုအဖြစ် ဆက်လက်တည်ရှိနေနိုင်သောကြောင့် ၎င်းတို့နှင့်ပတ်သက်သော အကြောင်းအရာများကို ပိုမိုသိနားလည်အောင် ပြုလုပ်ရန်လည်း လိုအပ်လာသည်။

KNU ၏ အတွင်းပိုင်းဖွဲ့စည်းပုံများနှင့် ၎င်းတို့စိုးမိုးရာ ဒေသများရှိ အုပ်ချုပ်ရေးအခန်းကဏ္ဍ နှစ်ခုစလုံးကို ဤစာတမ်းတွင် လေ့လာထားပါသည်။ ပြီးခဲ့သည့် ကာလတလျှောက် KNU ၏ အုပ်ချုပ်ရေးနည်းလမ်းအပြောင်းအလဲများ (အထူးသဖြင့်) ပဋိပက္ခဖြစ်ပွားခဲ့သည့် ၁၉၉၅-၂၀၁၁ ကြားကာလရှိ အပြောင်းအလဲများ၊ ၂၀၁၁ ခုနှစ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြောင့် ရေးထိုးခဲ့သည့် အပစ်အခတ်ရပ်စဲရေး နောက်ပိုင်းရှိ အပြောင်းအလဲများကိုလည်း ခြေရာကောက်ထားပါသည်။ KNU အောက်ရှိ အဖွဲ့အစည်းဌာနများသည် ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြောင့် ပေါ်ပေါက်လာသော စိန်ခေါ်မှုများကို မတူညီသောနည်းလမ်းများဖြင့် တုံ့ပြန်မှုများပြုလုပ်ကြကြောင်း တွေ့ရသည့်အတွက် အဖွဲ့အတွင်း အနေအထားများကို အလေးပေးလေ့လာထားပါသည်။ ပြုပြင်ပြောင်းလဲရေး၊ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ဖွံ့ဖြိုးရေးတို့၏ သက်ရောက်မှုများကို ထင်ဟပ် လေ့လာခြင်းဖြင့် စာတမ်းကို နိဂုံးချုပ်ထားပါသည်။

ဤစာတမ်းကို မြန်မာနိုင်ငံနှင့်ပတ်သက်သော တိုင်းရင်းသားအရေး၊ အထောက်အပံ့ဆိုင်ရာမူဝါဒနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို အထူးပြုလေ့လာသည့် အလွတ်တန်းသုတေသီတစ်ဦးဖြစ်သော Kim Jolliffe က ရေးသားထားပါသည်။ သုတေသနစာတမ်းအတွက် ရန်ပုံငွေကို ဩစတြေးလျ နိုင်ငံတကာဆိုင်ရာကုန်သွယ်ရေးဌာန (DFAT) မှ ရက်ရောစွာ ထောက်ပံ့ပေးထားပါသည်။ ယခုစာတမ်းတွင် ဖော်ပြထားသော အယူအဆများသည် စာရေးသူ သုတေသီများ၏ အယူအဆများသာဖြစ်ပြီး DFAT (သို့) အာရှဖောင်ဒေးရှင်းတို့၏ အယူအဆများဖြစ်သည်ဟု မမှတ်ယူနိုင်ပါ။

ဒေါက်တာကင်(မ်)နင်း
မြန်မာနိုင်ငံဌာနေကိုယ်စားလှယ်
အာရှဖောင်ဒေးရှင်း

## မာတိကာ


**အပိုင်း တစ် - မိတ်ဆက်နှင့် နောက်ခံသမိုင်းကြောင်း ........ 1**
နောက်ခံအခင်းအကျင်းနှင့် အရေးပါသောယူဆချက်များ ........ 2
ကရင်လူမျိုးများ ........ 2
KNU ၏ နိုင်ငံရေးလုပ်ငန်းစဉ် ........ 3
တပ်မတော်၏ ဖြတ်လေးဖြတ် မဟာဗျူဟာ ........ 4
KNU ၏ အုပ်ချုပ်နိုင်စွမ်း ........ 5
အခြားကရင်လက်နက်ကိုင်အဖွဲ့များ ........ 6

**အပိုင်း နှစ် - KNU ၏ သမိုင်းအကျဉ်း ........ 10**
ကိုလိုနီခေတ် ........ 10
KNU ဖွဲ့စည်းပေါ်ပေါက်လာခြင်း - ၁၉၄၇ ........ 11
စစ်ပွဲစတင်ခြင်း - ၁၉၄၈-၁၉၄၉ ........ 12
၁၉၅၀ ခုနှစ်များမှ ၁၉၇၀ ခုနှစ်များအထိ ........ 13
၁၉၇၀ ခုနှစ်များမှ ၁၉၉၀ ခုနှစ်များအထိ ........ 14

**အပိုင်း သုံး - KNU ၏ အုပ်ချုပ်ရေးပုံစံ ........ 16**
ညီလာခံများနှင့် မျက်နှာစုံညီအစည်းအဝေးများ ........ 16
ညီလာခံများတွင် မည်သူများပါဝင်တက်ရောက်သနည်း။ ........ 17
ညီလာခံ၏ လုပ်ငန်းတာဝန်များ ........ 17
အမြဲတမ်းကော်မတီများ၊ အမှုဆောင်ကော်မတီများနှင့် ဌာနဆိုင်ရာများ ........ 18
အမြဲတမ်းကော်မတီများနှင့် အမှုဆောင်ကော်မတီများ၏ ဖွဲ့စည်းပုံနှင့် ရွေးကောက်တင်မြှောက်ပုံ ........ 19
အမြဲတမ်းကော်မတီ၏ လုပ်ငန်းတာဝန်များ ........ 20
ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များ ........ 21
ဗဟိုဌာနများ၏ လုပ်ငန်းတာဝန်များ ........ 22
ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေး ........ 23
ခရိုင်အမှုဆောင်ကော်မတီများ ........ 23
ခရိုင်နှင့် မြို့နယ်အဆင့်ဌာနများ၏ လုပ်ငန်းတာဝန်များ ........ 24
ကျေးရွာနှင့် ကျေးရွာအုပ်စုအဆင့် အုပ်ချုပ်ရေးနှင့် ကိုယ်စားပြုမှု ........ 24
ကာကွယ်ရေးနှင့် လုံခြုံရေး ........ 26
တရားစီရင်ရေးဌာနနှင့် တရားစီရင်ရေး ........ 28
KNU ကောင်စီများနှင့် ကော်မတီများ ........ 29
လူထုအခြေပြု အဖွဲ့အစည်းများ ........ 29
အခွန်ကောက်ခံခြင်း၊ အခွန်ဘဏ္ဍာနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု ........ 30
ပြည်တွင်းအခွန် - အခွန်များနှင့် အခများ ........ 30
ပုံမှန်မဟုတ်သော အခွန်ကောက်ခံမှုများ ........ 32
ဘဏ္ဍာရေးနှင့် အရင်းအမြစ် စီမံခန့်ခွဲမှု ........ 32
ပြင်ပ ရန်ပုံငွေ အရင်းအမြစ်များ ........ 33

**အပိုင်း လေး - "သိမ်းပိုက်အုပ်ချုပ်မှု" အောက်တွင်နေထိုင်ရခြင်း - ၁၉၉၅ မှ ၂၀၁၁ အထိ အုပ်ချုပ်ရေး အနေအထားများ ........ 35**
KNU ပဋိပက္ခ၏ အဓိကအနေအထားများ (၁၉၉၅ - ၂၀၁၁) ........ 35
အမာခံ ("အမည်းရောင်") နယ်မြေများ ........ 37
အာဏာပိုင်အမျိုးမျိုး ရောထွေးနေသည့် ("အညိုရောင်") နယ်မြေများ ........ 39

**အပိုင်း ငါး - အပြောင်းအလဲကာလများကြားရှိ KNU အဖွဲ့တွင်း တင်းမာမှုများ ..... 44**
ငြိမ်းချမ်းရေးဖော်ဆောင်မှုများအပေါ် အယုံအကြည်ကင်းမဲ့မှုများ ..... 44
အပစ်အခတ်ရပ်စဲရန်လက်မှတ်ရေးထိုးပြီးနောက် ပေါ်ပေါက်လာသောအက်ကြောင်းများ ..... 45
ခေါင်းဆောင်ပိုင်းအသစ်နှင့် ထိရှလွယ်သောရှေ့ရေး ..... 47

**အပိုင်း ခြောက် - ၂၀၁၂ ခုနှစ်ကတည်းက ဖြစ်ပေါ်ခဲ့သော အနေအထားအပြောင်းအလဲများ ..... 48**
ထိန်းချုပ်မှုကို ဖော်ပြပုံ ..... 48
ဖွံ့ဖြိုးရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများမှတစ်ဆင့် အစိုးရ၏ အုပ်ချုပ်ရေး တိုးချဲ့ခြင်း ..... 49
ကရင်ပြည်နယ်၏ မြို့နယ်ခွဲမြို့များ ..... 50
တပ်မတော် စစ်တန်းလျားသို့ ပြန်ပြီလား ..... 53
KNU ၏ အရပ်ဘက်လုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်လာနိုင်ခြင်း ..... 54
စီးပွားရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်လာနိုင်ခြင်း ..... 56
မြေပြင်ပေါ်ရှိ ကဏ္ဍအလိုက်အုပ်ချုပ်ရေး ..... 57
အုပ်ချုပ်ရေး ..... 57
အခွန်ကောက်ခံခြင်း ..... 58
ပညာရေးကဏ္ဍ ..... 58
ကျန်းမာရေးကဏ္ဍ ..... 59
မြေယာစီမံခန့်ခွဲမှု ..... 60
လမ်းများ ..... 60
တရားစီရင်ရေးကဏ္ဍ ..... 62
လူသားချင်း စာနာထောက်ထားမှု အကူအညီများ ..... 62

**အပိုင်း ခုနစ် - အပြောင်းအလဲကို တုံ့ပြန်ခြင်း ..... 64**
KNU အဖွဲ့အစည်းအတွင်း ကြောင့်ကျမှုများ ..... 64
KNU အတွင်း မတူညီသောအမြင်များ ..... 66
အမာခံဒေသများ ..... 67
အာဏာပိုင်အမျိုးမျိုး ရောထွေးနေသည့် ဒေသများ ..... 68
"ကြားကာလအစီအမံ"များနှင့် အဆင့်မြင့် ပူးပေါင်းဆောင်ရွက်မှုအတွက် တွန်းအားပေးခြင်း ..... 69

**အပိုင်း ရှစ် - ပြုပြင်ပြောင်းလဲရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ဖွံ့ဖြိုးရေးအတွက် ကောက်ချက်ချမှုများ ..... 71**

**ကိုးကားချက်များ ..... 73**

**နောက်ဆက်တွဲ ၁။မြေယာနှင့်သစ်တော စီမံခန့်ခွဲမှု ..... 78**
မြေယာနှင့် သစ်တော စီမံခန့်ခွဲမှု၏ အရေးပါပုံ ..... 78
စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဌာနများ ..... 79
KNU မြေယာနှင့် သစ်တောဆိုင်ရာ အုပ်ချုပ်စီမံမှု မည်သို့ပေါ်ပေါက်လာသနည်း(၁၉၅၀ ပြည့်နှစ်များမှ ၂၀၀၀ ပြည့်နှစ် နှစ်လယ်များဆီသို့) ..... 80
မြေယာနှင့် သစ်တောဆိုင်ရာ စီမံအုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေး၏ အစောပိုင်း ကြိုးပမ်းမှုများ (၂၀၀၅ - ၂၀၁၂) ..... 81
အရှိန်မြှင့်တင်ဆောင်ရွက်ခဲ့သည့် ပြုပြင်ပြောင်းလဲမှုများ (၂၀၁၂ ခုနှစ်အလွန်) ..... 82
ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ရမည့် အဓိကကဏ္ဍများ ..... 83
မူဝါဒရေးရာတွင် ထပ်မံတိုးတက်ဖြစ်ထွန်းမှုများ ..... 84
မြေယာမှတ်ပုံတင်ခြင်းနှင့် မြေယာပိုင်ဆိုင်ခွင့် ..... 86
ရိုးရာဓလေ့အရ မြေယာစီမံမှုကို စနစ်တကျဖြစ်စေခြင်း ..... 87
အစုအဖွဲ့ပိုင် သစ်တောများ (Community Forests) ..... 90
အခြားသော သစ်တောဆိုင်ရာ ကနဦးလုပ်ငန်းဆောင်တာများ ..... 91
အစိုးရနှင့်ထိတွေ့ဆက်ဆံခြင်း ..... 92

**နောက်ဆက်တွဲ ၂။ ကရင်ပြည်နယ် "မြို့နယ်ခွဲ" ၉ မြို့၏ တစေ့တစောင်း လေ့လာချက် .............................................................. 93**

**အချပ်ပို ၁။ (၁၅) ကြိမ်မြောက် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးညီလာခံ ထုတ်ပြန်ကြေညာချက် (မူရင်း) ........................... 98**

**အချပ်ပို ၂။ NCA ၏ "ကြားကာလ အစီအစဉ်များ" ........................................................................................................ 100**

**အချပ်ပို ၃။ KNU ၏ မြေပိုင်ဆိုင်ခွင့် အသိအမှတ်ပြုလက်မှတ်များ ......................................................................... 101**

**အချပ်ပို ၄။ KNU ၏ အစုအဖွဲ့ပိုင် သစ်တောဆိုင်ရာ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများ .................................................. 102**

**မြေပုံစာရင်း**

မြေပုံ ၁ - ကရင်အမျိုးအသားအစည်းအရုံးက သတ်မှတ်အသုံးပြုသော ခရိုင်နှင့် မြို့နယ်များ ...................................................... iii
မြေပုံ ၂ - KNU မြို့နယ်အလိုက် KSEAG ကထောက်ပံ့ထားသော ကျောင်းများ ..................................................................... iv
မြေပုံ ၃ - "အရှေ့ဒေါနဒေသ"၊ KNU ကောတရိီး မြို့နယ် ........................................................................................... v
မြေပုံ ၄ - မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း (အစိုးရ၏ အုပ်ချုပ်ရေးပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်များ) .................................. vi
မြေပုံ ၅ - အစိုးရသတ်မှတ်ထားသော ကရင်ပြည်နယ်အတွင်းရှိ "မြို့နယ်ခွဲ မြို့များ" ................................................................ vii

**ကားချပ်များ**

ပုံ ၁ - KNU အလုပ်အမှုဆောင်ကော်မတီ (၂၀၁၅ ခုနှစ် အောက်တိုဘာတွင် တွေ့ရှိချက်) ........................................................ 21
ပုံ ၂ - ဌာနဆိုင်ရာအကြီးအကဲများ (၂၀၁၅ ခုနှစ် နှစ်လယ်ပိုင်းတွင် တွေ့ရှိချက်) ................................................................... 22
ပုံ ၃ - KNU ခရိုင်ဥက္ကဋ္ဌများ (၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် တွေ့ရှိချက် ................................................................... 24

**ဇယားများ**

ဇယား ၁ - အခြားကရင်လက်နက်ကိုင်အဖွဲ့များနှင့် ၎င်းတို့၏ဆက်ဆံရေးအနေအထားများ ...................................................... 6
ဇယား ၂ - KNU ခရိုင် နှင့် KNLA တပ်မဟာများ ........................................................................................................ 27
ဇယား ၃ - အစိုးရမှသတ်မှတ်ထားသော ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ခွဲမြို့ကိုးခု၏ အချက်အလက်များ ................................. 50
ဇယား ၄ - KNU သစ်တောဆိုင်ရာ ဌာနအောက်ရှိ အစုအဖွဲ့ပိုင်သစ်တောများ အရေအတွက်၊ ခရိုင်အလိုက် (၂၀၁၅ ခုနှစ် နှောင်းပိုင်း) ....
........................................................................................................................................................ 90

**စာကွက် ၁။ KESAN အစီအစဉ် ရည်ရွယ်ချက်များ ............................................................................................... 83**

## အတိုကောက်များ


| | |
|---|---|
| ABSDF | မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး |
| BGF | နယ်ခြားစောင့်တပ် |
| BPHWT | ကျောပိုးအိတ်ကျန်းမာရေးလုပ်သားများအဖွဲ့ |
| CBO | လူထုအခြေပြုအဖွဲ့အစည်း |
| CPB | ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) |
| DKBA | ၂၀၁၂ ခုနှစ်အထိ တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသား တပ်မတော်ဟု ခေါ်ခဲ့ပြီး ယခုလက်ရှိတွင် ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသားတပ်မတော်ဟု ခေါ်သည်။ |
| DKBO | တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအဖွဲ့အစည်း |
| EAO | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း |
| EITI | တွင်းထွက် သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး |
| FTUK | ကုန်သွယ်မှုသမဂ္ဂများဖက်ဒရေးရှင်း - ကရင် |
| GAD | (မြန်မာ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန |
| GOC | General Officer Commanding |
| IAIA | International Association for Impact Assessment |
| IDP | ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူ |
| INGO | အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်း |
| KAD | ကရင်စိုက်ပျိုးရေးဌာန |
| KAF | ကော်သူးလေတပ်မတော် |
| KCO | ကရင်ဗဟိုအဖွဲ့ |
| KDHW | ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန |
| KED | ကရင်ကျန်းမာရေးနှင့် ယဉ်ကျေးမှုဌာန |
| KESAN | ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုလုပ်ရှားမှုကွန်ရက် |
| KFD | ကရင်သစ်တောဌာန |
| KHRG | ကရင်လူ့အခွင့်အရေးအဖွဲ့ |
| KIO | ကချင်ပြည်နယ် လွတ်မြောက်ရေးအဖွဲ့ |
| KKO/DKBA | ကလို့ထူးဘော ဗျူဟာ/တိုးတက်သော ဒီမိုကရက်တစ် ကရင်အကျိုးပြု တပ်မတော် |
| KNA | ကရင်အမျိုးသားအသင်း |
| KNDO | ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့အစည်း |
| KNLA | ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| KNPF | ကရင်အမျိုးသားရဲတပ်ဖွဲ့ |
| KNU | ကရင်အမျိုးသားအစည်းအရုံး |
| KNUP | ကရင်အမျိုးသားစည်းလုံးရေးပါတီ |
| KPC | ကရင်ငြိမ်းချမ်းရေးကောင်စီ |
| KPF | ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့ |
| KRC | ကရင်တော်လှန်ရေးကောင်စီ |
| KSEAG | ကရင်ပြည်နယ်ပညာရေးအထောက်အကူပြုအဖွဲ့ |

| | |
|---|---|
| KUPC | ကရင်အမျိုးသားစည်းလုံးရေးနှင့် ငြိမ်းချမ်းရေးကော်မတီ |
| KWO | ကရင်အမျိုးသမီးအစည်းအရုံး |
| KYO | ကရင်လူငယ်အစည်းအရုံး |
| LORC | ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| MMK | မြန်မာကျပ် |
| MoE | ပညာရေးဝန်ကြီးဌာန |
| MoH | ကျန်းမာရေးဝန်ကြီးဌာန |
| MoU | နားလည်မှုစာချွန်လွှာ |
| NCA | တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် |
| NDF | အမျိုးသားဒီမိုကရေစီအင်အားစု |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| PDC | အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ |
| SLORC | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| SPDC | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ |
| TBBC | ထိုင်းမြန်မာ နယ်စပ်တလျှောက် ကူညီစောင့်ရှောက်ရေး ညွှန့်ပေါင်းအသင်း |
| TBC | The Border Consortium |
| THB | ထိုင်းဘတ် |
| UNDRIP | United Nations Declaration on the Rights of Indigenous Peoples |
| UNFC | ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ |
| UWSP | ဝပြည်သွေးစည်း ညီညွတ်ရေးပါတီ |
| VTA | ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး |
| VTC | ကျေးရွာအုပ်စုဥက္ကဋ္ဌ |

မြေပုံ ၁ - ကရင်အမျိုးသားအစည်းအရုံးက သတ်မှတ်အသုံးပြုသော ခရိုင်နှင့် မြို့နယ်များ




မြေပုံ ၂ - KNU မြို့နယ်အလိုက် KSEAG ကထောက်ပံ့ထားသော ကျောင်းများ



မြေပုံ ၃ - “အရှေ့ဒေါနဒေသ”၊ KNU ကောတရီး မြို့နယ်




မြေပုံ ၄ - မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း (အစိုးရ၏ အုပ်ချုပ်ရေးပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်များ)




Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

မြေပုံ ၅ - အစိုးရသတ်မှတ်ထားသော ကရင်ပြည်နယ်အတွင်းရှိ "မြို့နယ်ခွဲ မြို့များ"



## အပိုင်း တစ်။ ။ မိတ်ဆက်နှင့် နောက်ခံသမိုင်းကြောင်း

ဤအစီရင်ခံစာတွင် ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် မြန်မာအစိုးရတို့အကြား ဖြစ်ပေါ်ခဲ့သော ၆၇ နှစ်ကြာ ပဋိပက္ခနှင့် ဆက်စပ်ပေါ်ပေါက်လာသော အုပ်ချုပ်မှုအခြေအနေများကို ဆန်းစစ်သွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံကို ဗမာလူမျိုး အများစုပါဝင်သော စစ်အစိုးရမှ ၁၉၆၂ မှ ၂၀၁၁ ခုနှစ် အထိ အုပ်ချုပ်ခဲ့ပြီး၊ ဒီမိုကရေစီကို အခြေခံသော ပြုပြုပြောင်းလဲရေး လုပ်ငန်းစဉ်များကိုလည်း တဖြေးဖြေး လုပ်ဆောင်ခဲ့သည်။ KNU သည် ၁၉၉၀ စုနှစ်များမှစကာ ခွဲထွက်မှုများ အကြိမ်ကြိမ်ကြုံတွေ့ခဲ့ရသည်။ ၎င်းခွဲထွက်မှုများမှ ပေါ်ပေါက်လာသော အင်အားအကောင်းဆုံး အုပ်စုကွဲအသစ်များသည် ယခုအခါ မြန်မာ့တပ်မတော်လက်အောက်တွင် နယ်ခြားစောင့်တပ်များ ဖြစ်လာသည်။ ၂၀၁၂ ခုနှစ်တွင် KNU နှင့် ဗိုလ်ချုပ်ဟောင်းတစ်ဦးဖြစ်သည့် သမ္မတ ဦးသိန်းစိန် အစိုးရတို့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ချုပ်ဆိုခဲ့သည်။ ၎င်းအချိန်မှစကာ KNU သည် မြန်မာနိုင်ငံ၏ ဘက်ပေါင်းစုံပါဝင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အဓိကကျသော အဖွဲ့အစည်းတစ်ခု ဖြစ်လာခဲ့သည်။

နိုင်ငံ့ ဒီမိုကရေစီသူရဲကောင်းဟု ထောက်ခံအားပေးမှုရရှိသည့် ဗမာလူမျိုးတစ်ဦးဖြစ်သော ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့သည် ရွေးကောက်ပွဲတွင် အနိုင်ရပြီး ၂၀၁၆ ခုနှစ် မတ်လတွင် အစိုးရသစ်ဖြစ်လာခဲ့သည်။ ယခုအခါ ယင်းအစိုးရသစ်သည် ဖက်ဒရယ်အစိုးရတစ်ရပ် ထူထောင်ရန် ရည်မှန်းကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ရပ်ကို ဦးဆောင်လုပ်ကိုင်လျက်ရှိသည်။ ဖက်ဒရယ်အစိုးရစနစ်သည် KNU နှင့် အခြားတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း အများစုက အချိန်ကာလရှည်ကြာစွာ တောင်းဆိုခဲ့ကြသော စနစ်တစ်ခုဖြစ်သည်။ သို့သော် မြန်မာတပ်မတော်သည် ၎င်းတို့အာဏာရှိစဉ်အချိန်က ရေးဆွဲခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေမှတစ်ဆင့် စစ်မက်ဆိုင်ရာ အာဏာနှင့် လုပ်ပိုင်ခွင့်အတော် များများကို ထိန်းချုပ်ထားဆဲဖြစ်သည့်အပြင် ကြီးမားသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကိုလည်း ဆန့်ကျင်နေဆဲဖြစ်သည်။

ယခုအစီရင်ခံစာ၏ အထက်တွင် ဖော်ပြထားသကဲ့သို့ ကျယ်ပြန့်သည့်အခြေအနေများအပေါ် ထင်ဟပ်ထားသော်လည်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ အလားအလာများနှင့် တိုင်းပြည်၏ နိုင်ငံရေးအခြေအနေအရပ်ရပ်ကို ပြည့်စုံစွာဆွေးနွေးခြင်းမျိုး ပြုလုပ်မည်မဟုတ်ပါ။ ထိုအစား ၁၉၇၀ ခုနှစ်များကတည်းက KNU အထူးလှုပ်ရှားခဲ့သည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ကျေးလက်ဒေသများတွင် အပစ်အခတ်ရပ်စဲရေးနှင့် နိုင်ငံရေးဆိုင်ရာ တိုးတက်မှုများကြောင့် အုပ်ချုပ်ရေးအခြေအနေများမည်သို့ပြောင်းလဲသွားခဲ့သည်ကို ဆန်းစစ်သွားမည်ဖြစ်သည်။ ၎င်းပြောင်းလဲတိုးတက်မှုများက ယခင် စစ်တပ်သာရှိခဲ့သည့် ပြည်နယ်၏ နယ်မြေပိုင်နက်များတွင် KNU ပါ ဝင်ရောက်ချဲ့ထွင်နိုင်အောင် အခြေအနေများ ပေးခဲ့သည်။ တချိန်တည်းတွင် KNU သည် ဩဇာအာဏာသက်ရောက်မှုဆိုင်ရာ အပြောင်းအလဲများဖြစ်ပေါ်နေသော ဒေသများရှိ လူထုနှင့် ပိုမိုလွတ်လပ်စွာ ဆက်ဆံနိုင်ခွင့် ရလာခဲ့သည်။ ထိုအခြင်းအရာက ပေါင်းစပ်ညှိနှိုင်းမှုနှင့် ယှဉ်ပြိုင်မှု ပုံစံအသစ်များ ဖြစ်ပေါ်စေခဲ့သည့်အပြင် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ပဋိပက္ခဖြစ်ပေါ်စေမည့် အကြောင်းအရာအသစ်များလည်း ပေါ်ပေါက်လာစေခဲ့သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးနှင့်အတူ ကရင်လူမျိုးများအတွက် ပိုမိုကျယ်ပြန့်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်တောင်းဆိုရန် ကရင်အမျိုးသားအစည်းအရုံးကို ကရင်အမျိုးသားနိုင်ငံရေးသမားများ၊ ရှေ့နေများ၊ ပြည်သူ့ဝန်ထမ်းများနှင့် အခြား မျိုးချစ်ကရင်ပညာတတ်များဖြင့် ၁၉၄၇ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ KNU သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ကို ၁၉၉၀ ခုနှစ်များကတည်းက ခိုင်မာစွာထောက်ခံခဲ့ပြီး ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စုတစ်ခု တည်ထောင်ရန်အစဉ်တစိုက် တောင်းဆိုခဲ့သည်။ KNU သည် ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် လက်မှတ်ရေးထိုးခဲ့ပြီး အဖွဲ့ပေါင်းစုံပါဝင်သော နိုင်ငံရေးဆွေးနွေးပွဲမှတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုပြုလုပ်ရန် တွန်းအားပေးလျက်ရှိသည်။ အစည်းအရုံးအနေဖြင့် ကရင်လူမျိုးများအတွက် ကိုယ့်ကြမ္မာကိုယ် စီရင်ပိုင်ခွင့်ရရှိရန်နှင့် ကရင်နှင့် အခြားလူမျိုးများအပေါ် တပ်မတော်က လူ့အခွင့်အရေး ချိုးဖောက်ကျူးလွန်မှုများကို တုံ့ပြန်သည့် လူ့အခွင့်အရေးတောင်းဆိုမှုများ ပြုလုပ်ရန် အလေးထား ဆောင်ရွက်နေဆဲဖြစ်သည်။

KNU သည် နိုင်ငံတော်နှင့် ပြန်လည်ပေါင်းစည်းရန် ကြိုးပမ်းနေသော်လည်း တဖက်တွင် စင်ပြိုင်အုပ်ချုပ်ရေးတစ်ခုကို ထူထောင်ထားပြီး ၁၉၅၀ နှစ်များကတည်းက ၎င်းတို့လက်အောက်ရှိ ဒေသများအပေါ် အစိုးရတစ်ရပ်သဖွယ် အုပ်ချုပ်လျက်ရှိသည်။ ၎င်း၏ ဖွဲ့စည်းပုံသည် တစ်ပါတီစနစ် အစိုးရ၏ ဖွဲ့စည်းပုံနှင့် ဆင်တူပြီး ပါတီဝင်များက အုပ်ချုပ်မှုအဆင့်ဆင့်တွင် တာဝန်ယူထားကြသည်။ ၂၀၁၆ ခုနှစ်အထိ တွေ့ရှိချက်များအရ ကရင်ပြည်နယ်ရှိ အနည်းဆုံး ကျေးလက်နေလူဦးရေ ၈၀၀,၀၀၀ ခန့်သည် KNU အုပ်ချုပ်မှုအောက်တွင် အတိုင်းအတာတစ်ခုအထိ ကျရောက်နေသည်။ အတိုင်းအတာတစ်ခုအထိဆိုရာတွင် အခွန်ပေးဆောင်ရခြင်း၊ တရားစီရင်မှုနှင့် မြေယာစီမံခန့်ခွဲမှုစနစ်များအောက်တွင် ရှိခြင်း၊ အစည်းအရုံးကပေးသော ပြည်သူ့ဝန်ဆောင်မှုများ ရယူခြင်း စသည်တို့ပါဝင်သည်။ သို့ရာတွင် ကရင်ပြည်နယ်ရှိ လူဦးရေအများစုမှာ အစိုးရနှင့် အခြားကရင်လက်နက်ကိုင်အဖွဲ့အစည်းများရှိသည့် ဒေသများတွင် နေထိုင်ကြပြီး အုပ်ချုပ်မှုမျိုးစုံအောက်တွင်လည်း အနည်းနှင့်အများ ကျရောက်နေကြသည်။ လူဦးရေ ၂၅၀,၀၀၀ ခန့်သည် KNU ၏ အုပ်ချုပ်မှုအောက်တွင် ခိုင်မာစွာရှိနေသော်လည်း အခြားအုပ်ချုပ်ရေး အာဏာပိုင်များနှင့်လည်း ထိတွေ့မှုရှိသည်။ တစ်ချိန်တည်းတွင် လူဦးရေ ၁၀၀,၀၀၀ ခန့်သည် KNU ၏ အချုပ်အခြာအာဏာအောက်တွင် အလုံးစုံနီးပါး ကျရောက်နေသည်။

KNU သည် လတ်တလော ဆယ်စုနှစ်များတွင် ပထဝီဝင်အနေအထားအလိုက် ခွဲခြားသတ်မှတ်ထားသော ခရိုင်ခုနစ်ခု၏ de facto အဖွဲ့ချုပ်အဖြစ် လည်ပတ်ခဲ့သည်။ ၎င်းခရိုင်တစ်ခုချင်းစီသည် ဒေသန္တရအုပ်ချုပ်မှုနှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် လုပ်ပိုင်ခွင့် သိသိသာသာရရှိထားသည်။ KNU ၏ အမြင့်ဆုံးလုပ်ငန်းစဉ်မှာ ခရိုင်များ၊ ၎င်းတို့နှင့် ဆက်သွယ်လုပ်ကိုင်နေသော KNLA တပ်မဟာများကို လေးနှစ်တစ်ကြိမ် ခေါ်ယူကျင်းပသည့် ကိုယ်စားပြုညီလာခံဖြစ်သည်။ ညီလာခံသည် ဥပဒေနှင့် မူဝါဒပိုင်းဆိုင်ရာတွင် အမြင့်ဆုံးအာဏာပိုင်ဖြစ်ပြီး နောက်လေးနှစ်သက်တမ်းအတွက် အမှုဆောင်အဖွဲ့များကို ရွေးချယ်တင်မြှောက်ပေးသည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် လက်ရှိ ဗဟိုခေါင်းဆောင်များ၏ အထက်မှ အောက်သို့ ပြုပြင်ပြောင်းလဲရေးများပြုလုပ်ရန် လုပ်ဆောင်နိုင်ခွင့်ကို ကန့်သတ်လိုက်ခြင်းဖြစ်သလို သက်ဆိုင်ရာ မဲဆန္ဒနယ်အသီးသီးထံမှ သဘောတူညီမှု အရင်မရယူဘဲ တောင်းဆိုမှုများ မဖြစ်အောင် ကန့်သတ်လိုက်ခြင်းလည်းဖြစ်သည်။ သဘောတရားအရကြည့်လျှင် KNU အတွင်း အာဏာခွဲဝေမှုကို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်း သို့မဟုတ် အုပ်စုတစ်စုချင်းမှ အလွယ်တကူ ရွေးချယ်ခွင့် မပြုလုပ်နိုင်ပေ။ ဗဟိုခေါင်းဆောင်ပိုင်းတွင် အုပ်စုကွဲနေမှုများနှင့် ခရိုင်များအကြားတွင် မတူကွဲပြားမှုရှိသော်လည်း လတ်တလောနှစ်များအတွင်း အစည်းအရုံး၏ အာဏာခွဲဝေမှု ဟန်ချက်ကို ကောင်းမွန်စွာ ထိန်းထားနိုင်ခဲ့သည်။

ခွဲထွက်မှုများ၊ နယ်နိမိတ်ဆုံးရှုံးမှုများ စသည့် ကျရှုံးမှုများကို နှစ်ပေါင်း ၂၀ ကျော်ကြာ ဆက်တိုက်ကြုံတွေ့ခဲ့ပြီးနောက်တွင် အပြောင်းအလဲများ ဖြစ်ပေါ်လာခဲ့သည်။ KNU သည် မကြာသေးမီနှစ်များအတွင်းက ၎င်းတို့အဖွဲ့အစည်းကို သိသိသာသာ ပြန်လည်တည်ဆောက်နိုင်ခဲ့ပြီး တိုင်းပြည်အဆင့် နိုင်ငံရေးတွင်လည်း လွှမ်းမိုးသက်ရောက်မှုများ ပြုလုပ်လာနိုင်ခဲ့သည်။ ထိုပြောင်းလဲမှုသည် ဗျူဟာကျသော ဝန်းကျင်အသစ်တွင် ပရိယာယ်ကြွယ်ဝစွာ လုပ်ကိုင်နိုင်မှုအပေါ် အားထားခဲ့ခြင်းဖြစ်ပြီး အခြေအနေမတူညီသည့် ခရိုင်များအကြား၊ လက်ရှိစိုးရိမ်ဖွယ်ရာများနှင့် အခွင့်အလမ်းများနှင့် ပတ်သက်ကာ မတူသော ထင်မြင်ယူဆချက်များရှိသည့် ဗဟိုအဆင့် ခေါင်းဆောင်ပိုင်းများကြားတွင်လည်း တင်းမာမှုများ ပေါ်ပေါက်လာစေခဲ့သည်။

အစိုးရက တည်ငြိမ်သော အုပ်ချုပ်ရေးအစီအစဉ်တစ်ခု ထူထောင်နိုင်ခြင်း မရှိခဲ့သောကြောင့် KNU သည် ကရင်ပြည်နယ် လူထုများအကြားတွင် အမြစ်တွယ်သည့် အုပ်ချုပ်မှုအဖွဲ့အစည်းတစ်ခု ဖြစ်လာခဲ့ကြောင်း ဤစာတမ်း၏ တွေ့ရှိချက်များက ဖော်ပြနေသည်။ သို့သော် ကျေးလက်ဒေသများတွင် ထိရောက်သော အုပ်ချုပ်မှုပုံစံများကို ထူထောင်ရာ၌ မြန်မာနိုင်ငံ၏ အရပ်သားတစ်ဝက် နိုင်ငံရေးအခြေအနေသစ်က ယခင်အစိုးရ ပုံစံများထက် ပိုမိုထိရောက်မှုရှိကြောင်း တွေ့ရသည်။ ထိုအရာသည် နေရာဒေသအတော်များများတွင် အရပ်သားအာဏာပိုင်အဖြစ် အသိအမှတ်ပြုခံထားရသော KNU အတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်လာခဲ့သည်။

## နောက်ခံအခင်းအကျင်းနှင့် အရေးပါသောယူဆချက်များ

### ကရင်လူမျိုးများ

မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစုများထဲတွင် ဗမာနှင့် ရှမ်းပြီးလျှင် ကရင်သည် တတိယအကြီးဆုံးအုပ်စုဖြစ်ပြီး လူဦးရေ သုံးသန်းနှင့် ခုနစ်သန်းကြားထဲတွင်ရှိမည်ဟု ခန့်မှန်းသည်။[1] ကရင်လူမျိုးများသည် မြန်မာနိုင်ငံအောက်ပိုင်း (အထူးသဖြင့် အရှေ့တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဖြန့်ကျက်နေထိုင်ကြသည်။ ထို့အပြင် ရှမ်းပြည်နယ်နှင့် ထိုင်းနိုင်ငံတို့တွင်လည်း ထောင်ပေါင်းများစွာသော ကရင်လူမျိုးများ နေထိုင်ကြသည်။ ကရင်လူမျိုးအများစုမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး နှစ်ဆယ်ရာခိုင်နှုန်းမှာ ခရစ်ယာန်ဘာသာ ကိုးကွယ်ကြသည်။ ရိုးရာဓလေ့ဆိုင်ရာ ကိုးကွယ်မှုများ အတန်အသင့်ရှိသော်လည်း လူဦးရေ၏ မည်မျှရှိသည်ကိုမူ မသိရှိထားပေ။

သို့သော် "ကရင်" ဟူသည့် အသုံးအနှုန်းသည် အချိန်နှင့်အမျှ ပြောင်းလဲလာသည့် ဆက်စပ်နီးနွယ်နေသော တိုင်းရင်းသား လူမျိုးစုများကို ပေါင်းကာ ခေါ်ဆိုရည်ညွှန်းသည့်အတွက် အထက်ပါကိန်းဂဏန်းများသည် အဆိုပြုရုံ သက်သက်မျှသာဖြစ်သည်။ ၁၉၅၀ ခုနှစ်များကတည်းက ကရင်အမျိုးသားရေး လှုပ်ရှားမှုများကို အုပ်စုခွဲ ၁၀ ခု ၁၅ ခုအပြင် အဓိကလူမျိုးစုနှစ်ခုဖြစ်သည့် စကောကရင် နှင့် ပိုးကရင် တို့က ဦးဆောင်ခဲ့သည်။ ကိုလိုနီခေတ်နှင့် ကိုလိုနီခေတ်အလွန် ကာလများတွင် အခြားတိုင်းရင်းသားအုပ်စုများအနက်မှ ပအို့ဝ်၊ ကယန်းနှင့် ကယားတို့ကို ကရင်လူမျိုးအနွယ်ဝင်များဟု သတ်မှတ်ခဲ့သည်။ သို့သော်လည်း နောက်ပိုင်းတွင် ဆက်စပ်နီးနွယ်နေသော်လည်း သပ်သပ်စီ အသိအမှတ်ပြုခံရသည့် တိုင်းရင်းသားလူမျိုးများ ဖြစ်လာခဲ့သည်။

ကရင်လူမျိုး အုပ်စုခွဲ အများစုတွင် အသုံးပြုကြသော ဘာသာစကားများသည် အချင်းချင်းနားလည်နိုင်ရန် ခက်ခဲသည်။ သို့သော်ငြားလည်း ထိုအုပ်စုများသည် ဓလေ့ထုံးတမ်း အစဉ်အလာများနှင့် သမိုင်းကြောင်းများအရ ပေါင်းစည်းနေသောကြောင့် မတူကွဲပြားသော်လည်း စည်းလုံးမှုရှိ

[1] Smith (1999), 30; Thawnghmung (2012); South (2012).

သည်ဟု မှတ်ယူနိုင်သည်။ လူမျိုးစုအကြား ကွဲပြားမှုများရှိသော်လည်း ၁၈၈၀ ခုနှစ်များကတည်းက ခရစ်ယာန် စကောကရင်လူမျိုးများ ဦးဆောင်သော အမျိုးသားရေးလှုပ်ရှားမှုများမှတစ်ဆင့် ကရင်အမျိုးသားရေးကို ကောင်းမွန်စွာ ဖော်ဆောင်နိုင်ခဲ့သည်။ ကရင်ပြည်နယ်မြောက်ပိုင်းရှိ တောင်တန်းဒေသပေါ်တွင် နေထိုင်သူများမှသည် ရန်ကုန်ကဲ့သို့ မြို့ပြနှင့် ဧရာဝတီတိုင်းဒေသကြီးကဲ့သို့သော မြေပြန့်စိုက်ပျိုးရေးဒေသနေ ကရင်လူမျိုးများအထိ ကရင်အမျိုးသားအလံနှင့် အခြားအထိမ်းအမှတ် သင်္ကေတများကို တန်ဖိုးထားလေးစားကြသည်။ မည်သို့ပင်ဆိုစေကာမူ သာမန် ကရင်ပြည်သူများအနေဖြင့် ၎င်းတို့၏ လူမျိုးဖြစ်တည်မှုဆိုင်ရာ ကိုယ်ပိုင်လက္ခဏာများနှင့်ပတ်သက်၍ မည်သို့ခံယူထားကြောင်း သိရှိရန် မှာမူ လေ့လာရန် လိုအပ်နေဆဲဖြစ်သည်။[2]

## KNU ၏ နိုင်ငံရေးလုပ်ငန်းစဉ်

KNU သည် မြန်မာနိုင်ငံကို "နိုင်ငံသားအားလုံး တန်းတူညီမျှမှုရှိရန် အာမခံချက်ပေးနိုင်သော"[3] ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတစ်ရပ် ဖြစ်လာစေလိုပြီး ကရင်လူမျိုးများအတွက် ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့် ပေးစေလိုသည်။ KNU သည် ၁၉၉၀ ခုနှစ်များကတည်းက NLD နှင့် ၎င်းတို့၏ ဒီမိုကရေစီလှုပ်ရှားမှုကို အစဉ်အဆက်ထောက်ခံကြောင်း ထုတ်ဖော်ခဲ့သည်။ ၂၀၁၂ ခုနှစ်အထိ အစည်းအရုံး၏ နိုင်ငံရေးတောင်းဆိုချက်မှာ အာဏာရှင်စနစ်မှ ဒီမိုကရက်တစ် အစိုးရသစ်တစ်ရပ်သို့ ပြောင်းလဲထူထောင်ရန်ဖြစ်သည်။ ထို့အပြင် ၎င်းတို့အနေဖြင့် NLD၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြား သုံးပွင့်ဆိုင်ဆွေးနွေးပွဲများကို ထောက်ခံသွားမည်ဟုလည်း ပြောဆိုခဲ့သည်။

KNU အတွက် အဓိကနာကျည်းချက်တစ်ခုမှာ နိုင်ငံကို ဗမာလူမျိုးစု၊ အထူးသဖြင့် ဗမာစစ်ခေါင်းဆောင်များက ချုပ်ကိုင်ထားသည့် အချက်ပင် ဖြစ်သည်။ "ပြည်ထောင်စု" (ဗဟို) အဆင့်တွင် အာဏာခွဲဝေမှုများ ပြုလုပ်ခြင်းအပါအဝင် ပြည်နယ်များအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိအောင် အာမခံပေးသော ဖက်ဒရယ်စနစ်က ၎င်းတို့အတွက် အန္တိမ ရည်မှန်းချက်ဖြစ်သည်ဟု KNU က ရှုမြင်ထားသည်။ လက်နက်ကိုင်ပဋိပက္ခနှင့် အခြား အခြေအနေများတွင် တပ်မတော်က ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများကို တုံ့ပြန်သောအားဖြင့် ၁၉၉၀ ခုနှစ်များကတည်းက ဒီမိုကရေစီနှင့် လူ့အခွင့်အရေး အခြေခံသဘောတရားများကို အဓိကကျသော နိုင်ငံရေးတောင်းဆိုချက်များအဖြစ် အသားပေး တောင်းဆိုခဲ့သည်။ (၁၉၉၅ နှင့် ၂၀၁၁ ခုနှစ်အတွင်းတွင် လူ့အခွင့်အရေးချိုးဖောက်မှုနှင့်ပတ်သက်သော အကြောင်းအရာများကို အပိုင်း ၄ တွင် ဆွေးနွေးထားပါသည်။)

အစပိုင်းတွင် KNU သည် မြန်မာနိုင်ငံမှ လွတ်မြောက်ရေးအတွက် တောင်းဆိုခဲ့ပြီး ၁၉၇၀ ခုနှစ်များ နောက်ပိုင်းမှသာ ဖက်ဒရယ်စနစ်ကို ပြောင်းလဲ တောင်းဆိုခဲ့ခြင်းဖြစ်သည်ဟု ရေးသားဖော်ပြမှုများရှိသည်။ အဆိုပါ ထင်မြင်ရေးသားချက်မှာ မှားယွင်းနေသည်။ KNU သည် ကရင်ပြည်နယ် အလုံးစုံအာဏာရရှိရေးအတွက် အလေးထားခဲ့သော်လည်း ပြည်ထောင်စုအောက်တွင် သီးခြားပြည်နယ်များအကြား အာဏာခွဲဝေမှုကို အစဉ်အဆက်အားပေးခဲ့သည့် အဖွဲ့အစည်း ဖြစ်သည် (အပိုင်း ၂ တွင်ကြည့်ပါ) ။

KNU သည် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ၂၀၁၁ ခုနှစ်တွင် ဝင်ရောက်လာခဲ့ပြီးကတည်းက ဘက်ပေါင်းစုံသဘောတူသော နိုင်ငံအဝှမ်း အပစ်အခတ်ရပ်စဲရေးများကို ဦးစွာဆောင်ရွက်ရန် တပ်မတော်အား တိုက်တွန်းခဲ့သည်။ တစ်နည်းဆိုရလျှင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအား အဆက်မပြတ် ထိုးစစ်ဆင်နေမှုကို ရပ်ဆိုင်းရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား အုပ်စုတစ်ခုသတ်မှတ်ကာ ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်ရန် တပ်မတော်က သဘောတူခဲ့သဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီမှု (NCA) ဖော်ဆောင်နိုင်မည့် အပေးအယူ သဘောတူညီချက်တစ်ခု ရရှိလာခဲ့သည်။ ထိုအခြင်းအရာသည် KNU နှင့် အခြား တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများဖက်ကကြည့်လျှင် ၎င်းတို့ချုပ်ဆိုထားသော တိကျစွာ ရေးသားချုပ်ဆိုထားခြင်းမျိုးမဟုတ်သည့် နှစ်ဖက်သဘော တူညီချက်များကို စုစည်းပြီး ဥပဒေကြောင်းအရ ပိုမိုလိုက်နာရန် တာဝန်ရှိသည့် သဘောတူညီမှုတစ်ခု ပြုလုပ်ရန် အခွင့်အရေးတစ်ခုပင်ဖြစ်သည်။

အစိုးရ၊ အခြားတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် KNU အကြားရှိ မဟာဗျူဟာမြောက်အနေအထားသည် လတ်တလောနှစ်များ အတွင်း များစွာ ပြောင်းလဲသွားခဲ့သည်။ အခြားအဖွဲ့များသည် နှစ်ကာလအတန်ကြာ အပစ်အခတ်ရပ်စဲမှု သဘောတူညီချက် ရယူခဲ့သော်လည်း KNU နှင့် အောင်မြင်သော အပစ်အခတ်ရပ်စဲမှု သဘောတူညီချက် မရှိခဲ့သည့်အတွက် နိုင်ငံတော်၏ သက်တမ်းအရှည်ကြာဆုံး ရန်သူအဖြစ် ဆယ်စုနှစ်ပေါင်းများစွာ သတ်မှတ်ခံခဲ့ရသည်။ ဖက်ဒရယ်စနစ်ကို ထောက်ခံသော မြန်မာနိုင်ငံမြောက်ပိုင်းက EAO များနှင့် ပဋိပက္ခ ပြန်လည် ဖြစ်ပွားသော အခါတွင်မူ အခြေအနေများ ပြောင်းပြန်ဖြစ်သွားခဲ့သည်။ KNU သည် နိုင်ငံတော်နှင့် ဆက်ဆံရာတွင် ပူးပေါင်းဆောင်ရွက်မှု အရှိဆုံး သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ဖြစ်လာခဲ့သည်။ ၎င်းအပြောင်းအလဲသည် ၂၀၁၃ ခုနှစ်တွင် KNU ဥက္ကဋ္ဌ မူတူးစေးဖိုးနှင့်

[2] ကရင်အမျိုးသားရေးနှင့်ပတ်သက်၍ အရေးပါသောရှုထောင့်များကို သိရှိလိုလျှင် Thawnghmung (2007)၊ Thawnghmung (2012)၊ South (2007)၊ South (2008)၊ South (2012)၊ Cheesman (2002)၊ Rajah (2002) တို့ကိုကြည့်ပါ။

[3] KNU အဖွဲ့ချုပ်မှ ထုတ်ဝေသော ၂၀၁၃ စာစောင်တွင် ကြည့်ရန်။ ဤနေရာတွင် ရယူနိုင်သည် - http://www.knuhq.org/wp-content/uploads/2014/10/2013-Aug-The-KNU-and-the-Peace-Process.pdf.

ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင်တို့ ရင်းနှီးစွာပွေ့ဖက်နှုတ်ဆက်နေပုံ မီဒီယာများတွင်ပါလာသောအခါ စံနမူနာပြစရာ ဖြစ်လာခဲ့သည်။[4] သို့သော် အခြား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် KNU အတွင်းရှိ အခြားအဆင့်ပုဂ္ဂိုလ်များက ၎င်းအပြုအမူကို ဝေဖန်မှုများ ရှိခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင် မဟာမိတ်အဖွဲ့များဖြင့် ဖွဲ့စည်းထားသည့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) မှ နုတ်ထွက်ခဲ့သဖြင့် အစည်းအရုံးအပါအဝင် ကရင်အရပ်ဖက်လူ့အဖွဲ့အစည်းများက KNU ခေါင်းဆောင်ပိုင်းကို ဝေဖန်မှုများရှိခဲ့သည်။ အမှန်တကယ် လိုက်နာရန် ကတိကဝတ်ပြုမှု မရှိသော်လည်း ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု ထူထောင်ရန်နှင့် ဝေဖန်သူများကပင် လက်ခံရသော "စစ်မက်ဖြစ်ပွားရာဒေသများရှိ လူနည်းစု ရပ်ရွာလူထုများအတွက် အရေးပါသည့် ကိစ္စအားလုံးကို အကျဉ်းချုံး" ဖော်ပြထားသည့် NCA စာချုပ်ကို ရေးဆွဲရန် ၂၀၁၅ ခုနှစ် မတ်လတွင် သဘောတူညီခဲ့ကြသည်။[5] ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု ဖော်ဆောင်ရေးနိုင်ရေးအတွက် နိုင်ငံရေးဆွေးနွေးပွဲတွင် ပါဝင်ရန် ပါဝင်သည့်အဖွဲ့အစည်းအားလုံးကို NCA က ကတိကဝတ်ပြုစေသည်။ သို့သော် NCA တွင် UNFC က အဖွဲ့ဝင်တချို့ကို ပါဝင်ခွင့်မပြုသဖြင့် ကောင်စီက သပိတ်မှောက်ချိန်တွင် KNU က သဘောတူကြောင်း ၂၀၁၅ အောက်တိုဘာလ၌ လက်မှတ်ရေးထိုးခဲ့သဖြင့် EAO များနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများ၏ ဝေဖန်မှုကို ခံခဲ့ရသည်။UNFC အဖွဲ့ဝင် EAO ခုနစ်ဖွဲ့အပြင်၊ မြန်မာနိုင်ငံတွင် အကြီးဆုံး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဖြစ်သော ဝပြည်သွေးစည်းညီညွတ်ရေးပါတီ ကပါ NCA တွင် သဘောတူလက်မှတ်ရေးထိုးရန် ငြင်းဆိုခဲ့သဖြင့် ရည်မှန်းထားသကဲ့သို့ "တစ်နိုင်ငံလုံး" လွှမ်းခြုံနိုင်မှု မရှိခဲ့ပေ။

ထိုကဲ့သို့ NCA လုပ်ငန်းစဉ်တွင် အားနည်းချက်များနှင့် အငြင်းပွားမှုများရှိခဲ့သော်လည်း EAOs အများစုက အချိန်ကြာမြင့်စွာ တောင်းဆိုနေခဲ့သည့် နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်ရန်နှင့် ဖက်ဒရယ်စနစ်ထူထောင်ရန် တပ်မတော်ဖက်က စာအားဖြင့် ကတိကဝတ် ရရှိခဲ့ခြင်းတွင် KNU ၏ အခန်းကဏ္ဍသည် အရေးပါကြောင်းကို အသိအမှတ်ပြုရမည်ဖြစ်သည်။ ထို့အပြင် ပဋိပက္ခဖြစ်ပွားရာ နေရာများတွင် ဒေသခံပြည်သူလူထုများ၏ လုံခြုံရေးနှင့် လူမှုဖူလုံရေး အခြေအနေများ သိသိသာသာ တိုးတက်လာခြင်းက KNU ခရိုင်အများစုထံမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အားပေးထောက်ခံခြင်း ရရှိစေသည် (အပိုင်း ၆ နှင့် ၇ တွင် ကြည့်ပါ)။ ၂၀၁၆ ခုနစ်နှောင်းပိုင်းအထိ တစ်နှစ် နှစ်ကြိမ်ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံတွင် KNU သည် အဓိကအကျိုးသက်ဆိုင်သူအဖြစ် တည်ရှိနေဆဲဖြစ်သည်။ ညီလာခံကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလနှင့် ဩဂုတ်လတို့တွင် ကျင်းပခဲ့သည်။

## တပ်မတော်၏ ဖြတ်လေးဖြတ် မဟာဗျူဟာ

၁၉၅၀ ခုနှစ်များကတည်းက မြို့များနှင့် အဓိကလမ်းများကို မြန်မာအစိုးရက ချုပ်ကိုင်ထားနိုင်ချိန်တွင် KNU သည် ကရင်ကျေးလက်ဒေသများတွင်သာ အဓိကလှုပ်ရှားသည်။ KNU ၏ ခွန်အားသည် အဖွဲ့အတွက် ခိုလှုံရာ၊ အရင်းအမြစ်များ၊ သတင်းထောက်လှမ်းမှုနှင့် တပ်သားစုဆောင်းရေး စသည်တို့ကိုပေးသည့် ကျေးလက်လူထုနှင့် ရင်းနှီးသော ဆက်ဆံရေးမှ ရရှိသည်။ ၁၉၆၀ နှစ်များအလယ်ပိုင်းက တိုင်းပြည်တွင်း ပထမဆုံး အာဏာသိမ်းမှုအပြီးတွင် ဗိုလ်ချုပ်ကြီးနေဝင်းက "ဖြတ်လေးဖြတ်" မဟာဗျူဟာ[6]ကို ဖော်ထုတ်ခဲ့သည်။ ၎င်းဗျူဟာသည် လူထုထံက အထောက်အပံ့များကို ဖြတ်တောက်ရန် ဗြိတိသျှတို့အသုံးပြုခဲ့သော နည်းလမ်းများပေါ်တွင် အခြေခံထားခြင်းဖြစ်သည်။

မဟာဗျူဟာသည် ကနဦးပိုင်းတွင် ဒေသခံပြည်သူလူထုက EAO များအပေါ် စိတ်ရောကိုယ်ပါ ထောက်ခံအားပေးမှုများမရှိအောင် ပြုလုပ်ရန် ရည်ရွယ်သော်လည်း နောက်ပိုင်းတွင် ရက်စက်သည့် စနစ်တကျ မြေလှန်ချေမှုန်းသော နည်းလမ်းကို အသုံးပြုလာခဲ့သည်။ ထိုနည်းလမ်းဖြင့် ထောင်ပေါင်းများစွာသော ပြည်သူများကို ထိန်းချုပ်ရလွယ်ကူစေရန် တပ်မတော်စစ်စခန်းများနှင့် နီးသော ဒေသများသို့ အတင်းအကြပ် ပြောင်းရွှေ့စေခဲ့သည်။ တပ်မတော်သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ အားကောင်းသောနေရာများကို "အမည်းရောင်နယ်မြေများ"အဖြစ် သတ်မှတ်ပြီး၊ အစိုးရ၏ ထိန်းချုပ်မှုအောက်တွင်ရှိသော နယ်မြေများကိုမူ "အဖြူရောင်နယ်မြေများ" အဖြစ်သတ်မှတ်ကာ၊ EAO ရော အစိုးရပါ ထိန်းချုပ်မှုရောနှောနေသော နေရာများကို "အညိုရောင်နယ်မြေများ" အဖြစ်သတ်မှတ်ခဲ့သည်။ အမည်းရောင်နယ်မြေတွင် နေထိုင်သော လူထုများ ကို အဖြူရောင်နယ်မြေများသို့ ပြောင်းရွှေ့ရန် အမိန့်ထုတ်ခဲ့ပြီး ပြောင်းရွှေ့ရန် ငြင်းဆန်သူများကို ရန်သူများကဲ့သို့ ဆက်ဆံခဲ့သည်။

---

[4] Saw Yan Naing, "Army Chief Meets KNU, Says He Supports Stalled Ceasefire Process," *The Irrawaddy,* December 1, 2014, available at: http://www.irrawaddy.com/burma/army-chief-meets-knu-says-supports-stalled-ceasefire-process.html.

[5] Maung Zarni and Saw Kapi, "Democratic Voice of Burma: Divisive ceasefire won't bring peace," BurmaNet News, September 8, 2015, available at: http://www.burmanet.org/news/2015/09/08/democratic-voice-of-burma-opinion-divisive-ceasefire-wont-bring-peace-maung-zarni-and-saw-kapi/.

[6] 'ဖြတ်လေးဖြတ်' ဟူသော အသုံးအနှုန်းသည် EAO များကို ပြည်သူလူထုမှပေးသော အထောက်အပံ့အမျိုးအစားလေးမျိုးကို ဖြတ်တောက်ခြင်းကို ဆိုလိုသည် (အစားအသောက်၊ ရံပုံငွေ၊ အရင်းအမြစ်များ၊ တပ်သားစုဆောင်းရေး၊ ခိုလှုံစရာ စသည်ဖြင့် အမျိုးမျိုးကို ဖြတ်တောက်သည်ဟု အချို့လေ့လာသူများကဆိုသည်)။ အချို့ကမူ မဟာဗျူဟာသည် လူထုက EAO များကို ကျောခိုင်းပြီး EAO ခေါင်းဆောင်များ၏ ဦးခေါင်းများဖြတ်သည့်အထိ အဆင့်လေးဆင့်ပါဝင်သော လုပ်ငန်းစဉ်ဖြစ်သည်ဟု ဖွင့်ဆိုကြသည်။ Maung Aung Myoe (2009), pp. 25-26; Smith (1999), pp. 258-262; Selth (2001), pp. 91-92, p. 99, pp. 163-164; South (2008), p. 34, pp. 86-87 တို့ကို ကြည့်ပါ။

အဆိုပါမဟာဗျူဟာသည် နယ်စပ်နှင့်ဝေးသည့် ဧရာဝတီတိုင်းနှင့် ပဲခူးရိုးမအတွင်းရှိ KNU နယ်မြေများတွင် အတိုင်းအတာတစ်ခုအထိ အောင်မြင်ခဲ့ပြီး ၁၉၇၀ ခုနှစ်များခန့်တွင် KNU လှုပ်ရှားမှုများ ကင်းစင်သွားခဲ့သည်။ တပ်မတော်သည် မြန်မာနိုင်ငံအရှေ့တောင်ဒေသများ၌ ၁၉၈၀ ခုနှစ်များခန့်တွင် ဖြတ်လေးဖြတ်လုပ်ငန်းများကို ပုံမှန်လုပ်ဆောင်လာခဲ့ပြီး KNU မှ ခွဲထွက်အဖွဲ့များ၏ ထောက်ခံမှုကိုလည်း ရရှိခဲ့သဖြင့် KNU စိုးမိုးမှုကို သိသိသာသာ လျှော့ချနိုင်ခဲ့သည်။ ထိုလုပ်ငန်းများသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသမှ ကရင်ကျေးလက်ဒေသများ၏ နိုင်ငံရေးပထဝီကို ပုံဖော်ခဲ့ပြီး ၎င်းတို့ကြောင့်ဖြစ်ပေါ်ခဲ့သော ထိခိုက်မှုအကျိုးဆက်များကို ယနေ့ထိတိုင် ခံစားနေရဆဲဖြစ်သည်။ KNU နှင့် အပြည်ပြည်ဆိုင်ရာ မိတ်ဘက်များဖွင့်လှစ်ထားသော ထိုင်းနိုင်ငံအတွင်းရှိ ဒုက္ခသည်စခန်းများသို့ ရာထောင်ချီသော ကရင်လူမျိုးများ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ တစ်ချိန်တည်းတွင် နောက်ထပ် ရာထောင်ချီသော ပြည်သူများသည် ၎င်းတို့နေရပ်များကို စွန့်ခွာကာ တပ်မတော်၏ ရွှေ့ပြောင်းနေရာများနှင့် KNU ၏ အတွင်းဘက်နယ်မြေများသို့ ထွက်ပြေးခဲ့ကြရသည်။

## KNU ၏ အုပ်ချုပ်နိုင်စွမ်း

KNU ၏ အုပ်ချုပ်ရေးစနစ်တွင် အခြားလုပ်ငန်းများအပြင် တရားဝင်မှတ်ပုံတင်ထားသည့် အခွန်များကောက်ခံခြင်း၊ ရဲတပ်ဖွဲ့ဖြင့် အခြေခံ တရားစီရင်မှုစနစ်ပေးခြင်း၊စိုက်ပျိုးမြေများကိုမှတ်ပုံတင်ခြင်း၊ကြပ်မတ်ခြင်းနှင့်ပိုင်ဆိုင်ခွင့်များထုတ်ပေးခြင်း၊သစ်တောနှင့်အခြားမြေအမျိုးအစားများကို ကြပ်မတ်စီမံခြင်း၊ပညာရေးနှင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုတို့အပါအဝင် အခြေခံလူမှုဝန်ဆောင်မှုများပေးခြင်း စသည်တို့ ပါဝင်သည်။

KNU သည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းကျေးလက်ဒေသတလျောက်တွင် ပြန့်ကျဲနေထိုင်ကြသော အနည်းဆုံး ခန့်မှန်းခြေ လူဦးရေ ၈၀၀,၀၀၀ ခန့်အပေါ် သြဇာလွှမ်းမိုးမှုရှိသည်။[7] ထိုလူဦးရေထဲမှ ခန့်မှန်းခြေ ၂၅၀,၀၀၀ မှ ၃၅၀,၀၀၀ ခန့်သည် KNU ၏ အဓိကချုပ်ကိုင်မှုအောက်တွင် တည်ရှိသော်လည်း အစိုးရအပါအဝင် အခြားအာဏာပိုင်များနှင့်လည်း ဆက်ဆံမှုရှိသည်။ KNU ၏ သီးသန့်အုပ်ချုပ်မှုအောက်တွင် တည်ရှိပြီး အစိုးရ၊ အခြားအာဏာပိုင်များနှင့် ထိတွေ့မှု မရှိသလောက် နည်းပါးသည့် လူဦးရေ ၁၀၀,၀၀၀ ခန့်ရှိနိုင်သည်။[8] ယခုနောက်ဆုံး ကိန်းဂဏန်းတွင်မှု တရော ခရိုင်အတွင်းရှိ ပြည်သူ ၆၉,၇၅၃ ဦးကို ထည့်သွင်းတွက်ချက်ထားသည်။ ထိုခရိုင်သည် အစိုးရစာရင်းကောက်ယူခဲ့သူများကို KNU က ဝင်ခွင့်မပြုသဖြင့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူမှုတွင် မပါဝင်ခဲ့သောကြောင့် KNU မှရရှိသော သတင်း အချက်အလက်များပေါ်တွင် အခြေခံရယူထားခြင်းဖြစ်ပါသည်။

KNU ၏ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဌာန နှင့် ဆက်စပ်ပြည်တွင်း NGO များက ကျောင်းသားစုစုပေါင်း ၁၆၇,၅၇၄ ယောက် တက်ရောက်နေသော ဒေသခံကျောင်း ၁,၅၀၄ ခုကို ထောက်ပံ့ပေးနေပြီး ဆရာ၊ ဆရာမ ၄,၅၂၉ ဦးအတွက် ခံစားခွင့်များကိုလည်း ၎င်းအဖွဲ့များကပင် ပေးသည်။[9] KNU ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာနသည် ဆေးခန်း ၆၁ ခုနှင့် ကျန်းမာရေးလုပ်သား ၇၀၀ ကျော်မှတစ်ဆင့် ဒေသခံပြည်သူ ၁၉၀,၀၀၀ ခန့်ကို ဝန်ဆောင်မှုပေးလျက်ရှိသည်။ တစ်ချိန်တည်းတွင် အခြားဆက်စပ်ကျန်းမာရေးဆိုင်ရာ NGO များက ရာချီသောဆေးမှူးများ၊ ဆေးခန်းများဖြင့် ဝန်ဆောင်မှုပေးသည်။ ကရင်အမျိုးသားရဲတပ်ဖွဲ့တွင် ရဲအရာရှိ ၆၀၀ ကျော် ခန့်ထားပြီး ၎င်းတို့က တရားသူကြီးများဖြင့် ပူးပေါင်းလုပ်ကိုင်ကာ ဗြိတိသျှခေတ် ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများမှ ဆင်းသက်လာသော အခြေခံတရားဥပဒေ စနစ်ကို ဝန်ဆောင်မှုပေးသည်။

---

[7] သန်းခေါင်စာရင်းစစ်တမ်းများအရ KNU လှုပ်ရှားမှုအများဆုံးဖြစ်သော မြို့နယ် ၂၁ ခုနှင့် မြို့နယ်ခွဲ ၁၁ တို့တွင် လူဦးရေ စုစုပေါင်း ၂.၃ သန်းရှိပြီး ဖော်ပြပါခန့်မှန်းခြေကို ထိုအချက်အလက်များပေါ်မူတည်ကာ တွက်ချက်ရရှိလာခြင်း ဖြစ်ပါသည်။ စာရေးသူသည် KNU လွှမ်းမိုးနိုင်သည့် လူဦးရေကို ခန့်မှန်းရာတွင် စာရေးသူ၏ ရှိရင်းစွဲဗဟုသုတ၊ အခြားသုတေသနပညာရှင်များနှင့် ဆွေးနွေးမှုများနှင့် အခြားမှရရှိလာသော သတင်းအချက်အလက်များအပေါ် အခြေခံထားပါသည်။ သန်းခေါင်စာရင်းကောက်ယူမှုတွင် မပါဝင်ခဲ့သော မုထရော ခရိုင်မှ လူဦးရေ ၆၉,၇၅၃ ဦးအပြင် KNU ရှိသော်လည်း လှုပ်ရှားမှု အားနည်းသည့် နောက်ထပ် မြို့နယ်ခြောက်ခုမှ လူဦးရေ ထောင်ဂဏန်း အနည်းငယ်ကို ပေါင်းထည့်တွက်ချက်ထားပါသည်။ ထို့အပြင် KNU ပညာရေးဌာန (KED) နှင့် ၎င်းနှင့် ပေါင်းစပ်လုပ်ဆောင်နေသော အဖွဲ့များက ကလေးငယ် ၁၆၇,၅၇၄ ဦးကို ပညာများသင်ကြားပေးနေပါသည်။ ၂၀၁၄ ခုနှစ် သန်းခေါင် စာရင်းအရ ကောက်ယူခဲ့သည့်အထဲမှ ၁၈.၉% သည် ကျောင်းနေကြသည်။ ထိုနှင့်ညီသော မဟုတ်လျှင် လျော့နည်းသော အချိုးအစားက KNU ထိန်းချုပ်သည့် နယ်မြေထဲတွင် ကျောင်းနေကြသည်ဆိုလျှင် KED မှ ပညာပေးအထောက်အပံ့ရနေသော ဒေသများတွင် လူဦးရေ ၈၈၈,၀၀၀ ခန့်နေသည်ဟု ဆိုနိုင်သည်။ KNU ဧရိယာများတွင် ကျောင်းနေသည့် အချိုးအစားထက် ကရင်ပြည်နယ်အတွင်း ပျမ်းမျှကျောင်းနေသည့် အချိုးအစားက လျော့နည်းနိုင်သဖြင့် ရှေ့တွင်တင်ပြခဲ့သည့် ပမာဏမှာ လက်တွေ့တွင် ပိုများနိုင်သည်။ ထိုအထဲမှ အချို့နေရာများတွင် KNU အားနည်းသည်။ KNU မှ ပညာရေး ထောက်ပံ့မှုများပေးနိုင်ခြင်းသည် အစည်းအရုံး၏သြဇာအာဏာ ကျယ်ပြန့်မှုကို ဖော်ပြခြင်း မဟုတ်သော်လည်း ပြည်သူမည်မျှသည် KNUနှင့် ဆက်စပ်နေသော ကွန်ရက်များအောက်တွင် လက်လှမ်းမီတည်ရှိနေကြောင်းပြသသည်။ KNLA နှင့် KNU ၏ အခြား အဖွဲ့အစည်းအစိတ်အပိုင်းများ အားကောင်းသော ဒေသများရှိသော်လည်း ပညာရေးဆိုင်ရာထောက်ပံ့မှုအားနည်းသော ဧရိယာများလည်းရှိသည်။

[8] KNU လှုပ်ရှားမှုအများဆုံးဖြစ်သော မြို့နယ် ၂၁ ခုနှင့် မြို့နယ်ခွဲ ၁၁ ခုရှိ လူဦးရေကို အခြေပြုပြီး ထိုကိန်းဂဏန်းများကို တွက်ချက်ထားပါသည်။ ရှေ့မှတ်ချက်တွင်ကြည့်ပါ။

[9] Karen State Education Assistance Group (KSEAG) (2015). ၂၀၁၅-၂၀၁၆ စာသင်နှစ်အတွက် ဆရာ၊ ဆရာမ ၃,၂၃၅ ယောက်ကို တစ်လလျှင် အပြည့်အဝ ခံစားခွင့် ထိုင်းဘတ် ၇,၅၀၀ ပေးခဲ့သည်။ အခြား ဆရာ၊ ဆရာမ ၁,၂၉၄ ယောက်အတွက်မှု အစိုးရနှင့် အခြားအဖွဲ့အစည်းများမှပေးသော လစာငွေပမာဏအား ဘတ် ၇,၅၀၀ ပြည့်အောင် ထပ်ဆောင်းဖြည့်ပေးခြင်းများ ပြုလုပ်ပေးသည်။

မကြာသေးမီက ပြင်ဆင်ခဲ့သော မြေယာစီမံခန့်ခွဲမှုဥပဒေအရ လယ်ယာစိုက်ပျိုးရေးဌာနအောက်တွင် မှတ်ပုံတင်ထားသော မြေကွက် စုစုပေါင်း ၆၇,၇၆၅ ကွက်သာရှိပြီး အကျယ်အဝန်းအားဖြင့် ၃၅၄,၅၁၂ ဧက (၁,၄၃၅ စတုရန်း ကီလိုမီတာ) သာရှိသည်။ သစ်တောဌာနက အကျယ်အဝန်း အားဖြင့် သစ်တောမြေဧက ၆၄,၀၀၀ (၂၅၉ စတုရန်း ကီလိုမီတာ) ကျော်သော ဒေသတွင်းသစ်တော ၆၃ ခုကို စီမံခန့်ခွဲနေသည်။ ကရင် အမျိုးသမီးအစည်းအရုံးသည် KNU ၏ဌာနတစ်ခုမဟုတ်သော်လည်း KNU ဖွဲ့စည်းပုံဥပဒေအောက်တွင် ရွာတိုင်းနှင့် အုပ်ချုပ်ရေးအဆင့်တိုင်းတွင် ကိုယ်စားလှယ်များထားရှိနိုင်သည့် အထူးအခွင့်အရေး ရရှိထားသည်။ ၎င်းအဖွဲ့အစည်းသည် အမျိုးသမီးဆိုင်ရာ ကျန်းမာရေးနှင့် အခြား ဝန်ဆောင်မှုများအပြင် ကျား၊ မရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေအတိုင်း စီရင်ခွင့်ရနိုင်ရေးနှင့် အမျိုးမျိုးသောအထောက်အပံ့များပေးသည်။

KNU နှင့် ၎င်း၏ ဆက်စပ်အဖွဲ့များသည် ပြည်တွင်း နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက်  လူသားချင်းစာနာမှုဆိုင်ရာ အထောက်အကူများ ပေးသည့်အပြင် အရေးပေါ်အခြေအနေ ပေါ်ပေါက်လာပါကလည်း ပထမဦးဆုံး တုံ့ပြန်ကူညီသူများဖြစ်သည်။ ထိုင်းနိုင်ငံအတွင်းရှိ ဒုက္ခသည် စခန်း (ယခင်က ယာယီစခန်းများဟု ခေါ်သည်) များကို KNU က စတင်တည်ထောင်ခဲ့သော်လည်း ယခုအခါအစည်းအရုံးနှင့် တိုက်ရိုက်ဆက်စပ်မှု မရှိတော့သည့် ကရင်ဒုက္ခသည်ဆိုင်ရာ ကော်မတီက တာဝန်ယူလည်ပတ်လျက်ရှိပြီး စစ်ဘေးဒုက္ခသည် ၈၀၀,၀၀၀ ခန့်နေထိုင်ကြသည်။

KNU က ပြည်သူလူထုအပေါ် မည်မျှကိုယ်စားပြုမှုရှိသည်ကို အကဲဖြတ်နိုင်ရန် နောက်ထပ် သုတေသနများ ပြုလုပ်လေ့လာရန် လိုအပ်သည်။ ဗဟိုခေါင်းဆောင်များက ပြည်သူများအပေါ် တာဝန်ခံယူမှုရှိစေရန် ရည်ရွယ်ကာ ကျေးရွာအဆင့်နှင့် အထက်လူထုဆွေးနွေးပွဲများ၊ ညီလာခံ များကတစ်ဆင့် ရွေးကောက်ပွဲများ ပြုလုပ်ခြင်းဖြစ်သည်။ သို့သော် နေရာအများစုရှိ ဒေသအဆင့်ရွေးကောက်ပွဲများသည် အစိုးရ၏ ကျေးရွာအုပ်စု အဆင့် ရွေးကောက်ပွဲများကဲ့သို့ပင် ပြည်သူလူထုပါဝင်မှု အားနည်းသည်။ မည်သို့ပင်ဆိုစေကာမူ ညီလာခံများနှင့် အခြားမျက်နှာစုံညီဆွေးနွေးပွဲ များသည် ခေါင်းဆောင်ပိုင်းတွင် အရပ်သားနှင့် တပ်ပိုင်းခေါင်းဆောင်များ ပါဝင်မှု မျှတစေရန်နှင့် အာဏာချိန်ခွင်ညှိခြင်းများ လုပ်နိုင်ရန် အခွင့် အလမ်းပေးသည့် လုပ်ဆောင်ချက်များဖြစ်သည်။ မကြာသေးမီ နှစ်များအတွင်းက အစည်းအရုံးအတွင်း မတူကွဲပြားမှုများ ပေါ်ပေါက်လာသည်နှင့် အမျှ ဖော်ပြပါလုပ်ဆောင်ချက်များသည် အဖွဲ့အတွင်း စည်းလုံးမှုရှိစေရန် ဆောင်ရွက်ရာ၌ အရေးပါသော နည်းလမ်းများ ဖြစ်လာခဲ့သည်။

## အခြားကရင်လက်နက်ကိုင်အဖွဲ့များ

အပိုင်း ၂ တွင်  တင်ပြထားသည့်အတိုင်း သမိုင်းတလျှောက်တွင် KNU သည် အကွဲအပြဲများနှင့် မကြာခဏ တွေ့ကြုံခဲ့ရသော်လည်း ၁၉၇၀ နှစ် များအလယ်ပိုင်းနှင့် ၁၉၈၀ နှစ်များအလယ်ပိုင်းတွင် စည်းလုံးမှုရှိခဲ့သည်။ သို့သော် ၁၉၉၄ နှင့် ၂၀၀၇ ခုနှစ်အကြားတွင် အဖွဲ့များသည် KNU ထံမှ မကြာခဏ ခွဲထွက်သွားပြီး အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးသွားကြပြီး အချို့အုပ်စုများသည် နောက်ပိုင်းတွင် KNU အား ဆန့်ကျင်တိုက်ခိုက်လာကြသည်။ ယနေ့အချိန်တွင် အချို့အုပ်စုကွဲများသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင်ရှိပြီး အခြားအဖွဲ့များသည် အစိုးရနှင့် အပစ်အခတ်ရပ်စဲထားပြီး KNU နှင့်လည်း မိတ်ဘက်အဖြစ် တည်ရှိကြသည်။

### ဇယား ၁ - အခြားကရင်လက်နက်ကိုင်အဖွဲ့များနှင့် ၎င်းတို့၏ဆက်ဆံရေးအနေအထားများ

| အုပ်စု | KNU နှင့် ဆက်ဆံရေး | အစိုးရ နှင့် ဆက်ဆံရေး | လှုပ်ရှားရာဒေသ |
|---|---|---|---|
| တပ်မတော်နယ်ခြားစောင့်တပ်ဖွဲ့များ (BGFs) #၁၀၁၁-၁၀၂၂ (၁၉၉၄ နှင့် ၂၀၁၀ ခုနှစ်ကြား တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော်၏ အစိတ်အပိုင်း) | အပစ်အခတ် ရပ်စဲမှုအပေါ် မူတည် | တပ်မတော်၏ ကွပ်ကဲမှုအောက် | ဒူးပလာယာခရိုင်၊ ဘားအံခရိုင်၊ မူတရောခရိုင်တောင်ပိုင်း |
| ကလို့ထူးဘောကရင်အဖွဲ့/တိုးတက်သော ဒီမိုကရက်တစ် ကရင်အကျိုးပြု တပ်မတော် (KKO/DKBA) (၁၉၉၄ နှင့် ၂၀၁၀ ခုနှစ်ကြား တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော်၏ အစိတ်အပိုင်း) | မဟာမိတ် | အပစ်အခတ်ရပ်စဲ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် | ဒူးပလာယာခရိုင်၊ ဘားအံခရိုင် |

| | | | |
|---|---|---|---|
| ယခုတိုးတက်သော ကရင်ဗုဒ္ဓဘာသာ တပ်မတော် အမည်ကို အသုံးပြုနေသော ကျော်ထက်/စန်းအောင်/ပိုဘီးအုပ်စု၊ (၁၉၉၄ နှင့် ၂၀၁၀ ကြား မူရင်း တိုးတက် သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော်၏ အစိတ်အပိုင်း) | အားပျော့သော မဟာမိတ်၊ သို့သော် အကန့် အသတ်ဖြင့်သာ ယုံကြည်မှုရှိ | ပဋိပက္ခ ဖြစ်ပွားလျက်ရှိ | ဒူးပလာယာခရိုင်၊ ဘားအံခရိုင်၊ မူတရောခရိုင် တောင်ပိုင်း |
| ကရင်ငြိမ်းချမ်းရေးကောင်စီ (KPC) | မဟာမိတ် | အပစ်အခတ်ရပ်စဲ | ဘားအံခရိုင် |
| တပ်မတော် BGF အမှတ် ၁၀၂၃ | အပစ်အခတ် ရပ်စဲမှုအပေါ် မူတည် | တပ်မတော်၏ ကွပ်ကဲမှုအောက် | ဒူးပလာယာခရိုင် |
| သံတောင် "ငြိမ်းချမ်းရေးအဖွဲ့များ" / ပြည်သူ့စစ် | အပစ်အခတ် ရပ်စဲမှုအပေါ် မူတည် | တပ်မတော်၏ ကွပ်ကဲမှု အောက် လျော့ရဲစွာ တည်ရှိ | တော်ဦးခရိုင် |

**တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော်**

၁၉၉၄ ခုနှစ်တွင် မြိုင်ကြီးငူဆရာတော်နှင့် ခရစ်ယာန် KNU ခေါင်းဆောင်များအကြား တင်းမာမှုများဖြစ်ပွားခဲ့ရာမှ ဗုဒ္ဓဘာသာဝင် တပ်သားရာဂဏန်းအချို့ KNU မှခွဲထွက်ပြီး တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် (DKBA) ကို ထူထောင်ခဲ့ကြသည်။[10] ယင်းအဖွဲ့အသစ်သည် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလတွင် တပ်မတော်နှင့် မဟာမိတ်ဖွဲ့သွားခဲ့ပြီး KNU ကို ထိုးစစ်ဆင်ခဲ့ကြသည်။ ထိုသို့ ထိုးစစ်ဆင်ခဲ့မှုကြောင့် မာနယ်ပလောရှိ KNU ၏ ဌာနချုပ်နှင့် အရေးကြီးသော နယ်စပ်ဒေသ ကော်မူးရာ (ယနေ့ ရွှေကိုကို အနီး) တို့ကို သိမ်းယူနိုင်ခဲ့သည်။ DKBA သည် KNU ထံမှ အမွေဆက်ခံယူခဲ့လျှင် ရနိုင်သော အရပ်သားလုပ်ဆောင်ချက်များကို စွန့်ပယ်ခဲ့ပြီး လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် နာမည်ဆိုးဖြင့် ကျော်ဇောခဲ့သည်။ နောက်ပိုင်းတွင် တပ်မတော်၏ အရံတပ်ဖွဲ့သဖွယ် ဖြစ်လာခဲ့ပြီး ၎င်း၏ အရပ်သားပြည်သူများအပေါ် ဖြတ်လေးဖြတ် လုပ်ငန်းများတွင် လုပ်ဆောင်ရာတွင် ကူညီပေးခဲ့သည်။ ၁၉၉၀ ခုနှစ်များ နှင့် ၂၀၀၀ ခုနှစ်များအစောပိုင်းတွင် KNU ၏ တန်ခိုးအာဏာ တမုဟုတ်ခြင်း ကျဆင်းလာခြင်းမှာ အထူးသဖြင့် DKBA ကြောင့်ဟု ခံယူကြသည်။ ထို့အတွက်ကြောင့် KNU အဖွဲ့ဝင်နှင့် နောက်လိုက် အတော်များများက DKBA ကို နှစ်မြို့ခြင်း မရှိကြပေ။

၂၀၁၀ ခုနှစ်တွင် တပ်မတော်က တိုင်းပြည်အတွင်းရှိ အပစ်အခတ်ရပ်စဲထားသော လက်နက်ကိုင်အဖွဲ့များအားလုံးကို အစိုးရ၏ အလုံးစုံအုပ်ချုပ်မှုအောက်သို့ ဝင်ရောက်ပြီး တပ်မတော်ကွပ်ကဲမှုအောက်ရှိ နယ်ခြားစောင့်တပ်များ (BGFs) အဖြစ် ဝင်ရောက်လာရန် တောင်းဆိုခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် DKBA သည် အဓိကအုပ်စုနှစ်ခုအဖြစ် ကွဲသွားသည်။ မြဝတီနှင့် မြိုင်ကြီးငူဒေသများတွင် အခြေပြုသော ဗိုလ်မှူးကြီးများ အုပ်ချုပ်သည့် ပိုကြီးသောအုပ်စုက နယ်ခြားစောင့်တပ် ၁၂ ခု (အမှတ် ၁၀၁၁ မှ ၁၀၂၂ အထိ) အဖြစ် ကူးပြောင်းသွားသော်လည်း အခြားဗိုလ်မှူးကြီးများက ထိုသို့ပြုလုပ်ရန် ငြင်းဆန်ခဲ့ကြသည်။ ထိုငြင်းဆန်ခဲ့ကြသူများက KNU နှင့် ပြန်လည်ပူးပေါင်းသွားခဲ့ပြီး တပ်မတော်အား ပြန်လည် တိုက်ခိုက်ခဲ့ကြသည်။ ထိုအုပ်စုများသည် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလတွင် အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး ထပ်မံချုပ်ဆိုခဲ့ပြီး ၂၀၁၂ တွင် ကလို့ထူးဘော ကရင်အဖွဲ့/တိုးတက်သော ဒီမိုကရက်တစ်ကရင်အကျိုးပြုတပ်မတော် (KKO/DKBA) အဖြစ် အမည်ပြောင်းလဲ ရပ်တည်ခဲ့သည်။ KKO/DKBA မှ အကြီးတန်းဗိုလ်မှူးကြီးများ၏ အဆိုအရ "အဖွဲ့ကွဲတဲ့အချိန်တုန်းက ဘာသာရေးအတွက် ရပ်တည်တယ်ဆိုရင် BGF နဲ့ပူးပေါင်းပါ။ တိုင်းပြည်အတွက်ရပ်တည်တယ်ဆိုရင် KNLA လိုပဲ ငါတို့နဲ့ ပူးပေါင်းပါလို့ ပြောခဲ့တယ်" ဟု ဆိုသည်။ KKO/DKBA သည် ယခုအခါတွင် KNU နှင့် ပူးပေါင်း မဟာမိတ်ပြုထားပြီး အချို့ပြည်သူ့ဝန်ဆောင်မှုများနှင့် အုပ်ချုပ်ရေး၏ အခြားအစိတ်အပိုင်းများကို KKO/DKBA နယ်မြေထဲတွင် ပြန်လည် ထူထောင်ပြီး KNU ကို နိုင်ငံရေးအရ ဦးဆောင်ခွင့်ပေးခဲ့သည်။ DKBA သည် ၂၀၁၅ ခုနှစ်တွင် NCA ၌ လက်မှတ်ရေးထိုးခဲ့သည်။

၂၀၁၅ ခုနှစ် နှစ်လယ်ပိုင်းခန့်တွင် KKO/DKBA သည် နှစ်ခြမ်းကွဲပြန်သည်။ ကျော်ထက်နှင့် စန်းအောင်ဟူသော ဗိုလ်မှူးကြီးနှစ်ယောက်သည် နယ်မြေထဲတွင် လမ်းအသစ်များ တည်ဆောက်သည့်ကိစ္စနှင့် ပတ်သက်၍ တပ်မတော်နှင့် နယ်ခြားစောင့်တပ်ဖွဲ့များ ပဋိပက္ခ ပြန်လည်ဖြစ်ပွားခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် အာရှလမ်းမကြီး တည်ဆောက်ရေး စီမံကိန်းတလျှောက် အရင်းခံတိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ထိုလမ်းမကြီးစီမံကိန်းမှာ

[10] The website of Paul L. Keenan, "The Formation of the DKBA," May 6, 2016, available at: https://paullkeenan.net/2016/05/06/the-formation-of-the-dkba/; South (2012), 18-20.

ဆယ်စုနှစ်များအတွင်း အရှေ့တောင်အာရှဒေသတွင်း ကုန်သွယ်မှုပေါင်းစည်းရေး နည်းဗျူဟာ၏ အခရာဖြစ်သော အိန္ဒိယမှ ဗီယက်နမ်အထိ အရှေ့-အနောက် စင်္ကြန်တည်ဆောက်ရန် ဖြစ်သည်။

ထိုသို့တိုက်ပွဲဖြစ်ပွားခဲ့သော အုပ်စုကို KKO/DKBA မှထုတ်ပစ်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ၎င်းတို့တပ်၏ မူရင်းအမည်ဖြစ်သော တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် အဖြစ် ပြန်လည်အသက်သွင်းခဲ့သည်။ ၎င်းအုပ်စုသည် မြိုင်ကြီးငူတွင် အခြေပြုသော ဘုန်းကြီး ဦးသုဇန၏ ထောက်ခံအားပေးမှုအောက်တွင် ရှိသည်ဟု သတင်းပြေးခဲ့သည်။ ၂၀၁၆ ခုနှစ် စက်တင်ဘာတွင် လှိုင်ဘွဲ မြို့နယ်၌ ၎င်းအုပ်စု၊ တပ်မတော်နှင့် ကရင် BGF များအကြား တိုက်ပွဲအပြင်းအထန်ဖြစ်ပွားခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် တပ်မတော်လက်အောက်မှ စွန့်ခွာပြီး DKBA အုပ်စုအသစ်သို့ ပူးပေါင်းခဲ့သည့် နယ်ခြားစောင့်တပ်ရင်း အမှတ်၂၀၁၂ ကို အုပ်ချုပ်ခဲ့သော ဗိုလ်မှူးကြီးအသစ် ပိုဘီး ပူးပေါင်းလာခဲ့သည်။ ထို တိုက်ပွဲအသစ်များသည် အသစ်ဆောက်လုပ်နေသည့် ဒုတိယလမ်းမများနှင့် ရေအားလျှပ်စစ်ထုတ်ယူရန် ဆောက်လုပ်နေသည့် ဟတ်ကြီး ဟုခေါ်သော အဓိကဆည် တည်ဆောက်မည့်နေရာတို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဗိုလ်မှူးကြီးသုံးဦး ဦးဆောင်သည့် တပ်ဖွဲ့များသည် လျော့ရဲစွာ မဟာမိတ်ဖွဲ့ထားသော်လည်း ဗဟိုထိန်းချုပ်မှုအောက်တွင် ရှိမနေပေ။ ၎င်းတို့သည် လှိုင်ဘွဲနှင့် ကော့ကရိတ်မြို့နယ်များတွင်ရှိသော ကုန်သွယ်လမ်းကြောင်းများပေါ်တွင် အထူးလှုပ်ရှားကြသည်။

### ကရင်ငြိမ်းချမ်းရေးကောင်စီ

KNU/KNLA ငြိမ်းချမ်းရေးကောင်စီဟုလည်း လူသိများသည့် ကရင်ငြိမ်းချမ်းရေးကောင်စီ (KPC) ကို ဗိုလ်ထိန်မောင် ဦးစီးသော KNLA ၏ တပ်မဟာ (၇) မှ အုပ်စုများဖြင့် ၂၀၀၇ ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ KPC သည် အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးကို အလျင်အမြန်ချုပ်ဆိုခဲ့ပြီး နောက်တွင် KNU နှင့် အငြင်းပွားမှုများ ပေါ်ပေါက်လာခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် အစိုးရက တောင်းဆိုခဲ့သော BGF ဖွဲ့စည်းရန်ကိစ္စကို ငြင်းဆိုခဲ့ပြီး အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု ပျက်ပြယ်သွားခဲ့သည်။ KPC ၏အုပ်စုငယ်တစ်ခုသည် တပ်မတော်နှင့် တိုက်ခိုက်မှုများပြန်လည်ဖြစ်ပွားခဲ့ပြီး KNLA နှင့် DKBA ၏ သူပုန်အုပ်စုများနှင့် အတူယှဉ်တွဲ တိုက်ပွဲဝင်ခဲ့သည်။ KPC သည် ၂၀၁၂ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကို ထပ်မံ လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် NCA ရေးထိုးခဲ့ကာ KNU ၏ တရားဝင် နိုင်ငံရေးမဟာမိတ် ဖြစ်လာခဲ့သည်။

### ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့

၁၉၉၇ ခုနှစ်တွင်ယခင် KNLA တပ်မဟာ (၆) (ဒူးပလာယာခရိုင်) ၏ တပ်ရင်း (၁၆) ဖြင့် ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး သူမူဟဲက ဦးဆောင်ခဲ့သည်။ ၎င်းတို့၏နယ်မြေတွင် တပ်မတော်မှ ထိုးစစ်ဆင်မှုများပြုလုပ်ခဲ့သည်။ KPF သည်တပ်မတော်နှင့် ပူးပေါင်းခဲ့ပြီး ထိုသို့ ပူးပေါင်းမှု အတွက် စီးပွားရေးလုပ်ပိုင်ခွင့်များနှင့် နယ်မြေအချို့တွင် အုပ်ချုပ်ခွင့်များကို ချီးမြှင့်ခံခဲ့ရသည်။[11] KPF သည် ၂၀၁၀ ခုနှစ်တွင် နယ်ခြားစောင့်တပ် အမှတ် ၁၀၂၃ သို့ အသွင်ပြောင်းခဲ့သည်။ သို့သော်လည်း ၎င်းတို့တပ်အတွင်းရှိ အချို့တပ်သားများကို ဒေသအဆင့် သဘောတူညီမှုအောက်တွင် ပြည်သူ့စစ်အနေဖြင့် ထားရှိခဲ့ပြီး ၎င်းတို့ ကိုယ်ပိုင်ယူနီဖောင်းအား ဆက်လက်ဝတ်ဆင်ခွင့်ပေးခဲ့သည်။

### သံတောင် "ငြိမ်းချမ်းရေးအဖွဲ့များ"

တော်ဦးခရိုင်ရှိ တပ်မဟာ (၂) မှ အုပ်စုငယ်နှစ်ခုသည် ၁၉၉၈ နှင့် ၁၉၉၉ ခုနှစ်များတွင် ခွဲထွက်လာခဲ့ပြီး လိပ်သိုမြို့နားတွင် အခြေစိုက်သော တပ်မတော်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူကာ "ငြိမ်းချမ်းရေးအဖွဲ့များ" အဖြစ် ဖွဲ့စည်းခဲ့သည်။ ပထမဆုံးခွဲထွက်ခဲ့သည့် ဗိုလ်မှူးကြီးမှာ ကျော်ဝင်း ဖြစ်ပြီး ၁၉၉၈ ခုနှစ်တွင် ဒါဇင်အနည်းငယ်မျှရှိသော တပ်သားများဖြင့် သံတောင်မြို့နယ် အထူးဒေသ ငြိမ်းချမ်းသောအဖွဲ့အဖြစ် ထူထောင်ခဲ့သည်။ နောက်ထပ် ဗိုလ်မှူးကြီးတစ်ဦးမှာ ကိုကြီး ဖြစ်ပြီး ပထမအဖွဲ့နှင့် အလားတူ တပ်သားပမာဏခန့်ဖြင့် ၁၉၉၉ ခုနှစ်တွင် ခွဲထွက်လာကာ မြောက်ပိုင်း သံတောင်အထူးဒေသ ငြိမ်းချမ်းရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့တစ်ခု သို့မဟုတ် နှစ်ခုစလုံးသည် ကယ်ဘ တိုင်းရင်းသား အဖွဲ့ခွဲနှင့် ဆက်စပ်မှုရှိသည်။ လက်တွေ့တွင် ထိုငြိမ်းချမ်းရေးအဖွဲ့များသည် အစိုးရ ကျောထောက်နောက်ခံပေးထားသော ပြည်သူ့စစ်များကဲ့သို့ ပြုမူလာခဲ့ကြသည်။ အရွယ်အစားသေးငယ်ကြသော်လည်း KNLA အတွက် ၎င်းတို့၏ ထိန်းချုပ်နေရာများကို ပြန်လည် စုစည်းရန် အခက်အခဲဖြစ်စေခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် ငြိမ်းချမ်းရေးအုပ်စု တစ်ခု သို့မဟုတ် နှစ်ခုစလုံးသည် တပ်မတော်၏ တရားဝင် ကွပ်ကဲမှု အောက်၌ ဌာနေပြည်သူ့စစ်အသွင်သို့ ကူးပြောင်းသွားခဲ့သည်။ ထိုအခြင်းအရာနှင့် ပတ်သက်သော အချက်အလက်အတိအကျကိုမူ ရှာဖွေရန် ခက်ခဲသည်။

[11] South (2012), 38.

## ကရင်လက်နက်ကိုင် ပေါင်းစည်းရေးကော်မတီမှတစ်ဆင့် ဆက်ဆံရေးများကို ပြန်လည်တည်ဆောက်ခြင်း

KNU သည် အခြားကရင်လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်ဆံရေးပြန်လည်ထူထောင်ရန် ၂၀၁၀ ခုနှစ်တွင် မူဝါဒ ထုတ်ပြန်ခဲ့ပြီး ထိုမူဝါဒက KPC နှင့် KKO/DKBA တို့နှင့် ပြန်ပေါင်းထုတ်ရန် အထောက်အကူပေးခဲ့သည်။ KNU သည် ကရင်လက်နက်ကိုင်အုပ်စုအားလုံးကို တစ်ချိန်တွင် တပေါင်းတစည်းတည်းလှုပ်ရှားမှုအဖြစ် စုစည်းရန် ရည်ရွယ်ပြီး ကရင်လက်နက်ကိုင်ပေါင်းစည်းရေးကော်မတီကို ၂၀၁၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ KPC၊ KKO/DKBA နှင့် DKBA ၏ အုပ်စုအသစ် အားလုံးတို့သည် နိုင်ငံရေးဆိုင်ရာကိစ္စရပ်များတွင် KNU ၏ မူအတိုင်း လိုက်နာရန်နှင့် ၎င်းတို့၏ နယ်မြေအတော်များများကို KNU အား အုပ်ချုပ်ခွင့်ပေးရန် သဘောတူခဲ့သည်။ အစည်းအဝေးများသို့ အကြီးတန်း BGF ခေါင်းဆောင်အချို့လည်း တက်ရောက်ခဲ့ပြီး KNU ၏ နိုင်ငံရေးသဘောထားများကို နှုတ်အားဖြင့် ထောက်ခံခဲ့ကြသော်လည်း ၎င်းတို့၏ ဆက်ဆံမှုသည် သီးသန့်ဆန်ပြီး ၎င်း BGF များသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင် တည်ရှိနေဆဲဖြစ်သည်။

## အပိုင်း နှစ်။ ။ KNU ၏ သမိုင်းအကျဉ်း

KNU ၏ ၆၉ နှစ်တာ သမိုင်းသည် ရှုပ်ထွေးရှည်ကြာပြီး အဖွဲ့အစည်းအသီးသီးရ ပုဂ္ဂိုလ်များစွာ၏ အခန်းကဏ္ဍများလည်း ပါဝင်ခဲ့သည်။ အောက်ဖော်ပြပါများသည် အစည်းအရုံး၏ လက်ရှိအခြေအနေနှင့် လုပ်ငန်းစဉ်များကို နားလည်အောင်ကြိုးစားရာတွင် အထောက်အကူပြုနိုင်အောင် ရည်ရွယ်ကာ အဓိကလှုပ်ရှားဖြစ်ပေါ်မှုအချို့ကိုသာ အကျဉ်းချုပ် ခြုံငုံသုံးသပ်ထားခြင်း ဖြစ်ပါသည်။

## ကိုလိုနီခေတ်

ကိုလိုခေတ်အတွင်းတွင် ကရင်လူမျိုးများသည် မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် ပြန့်ကျဲနေထိုင်ကြသဖြင့် ကွဲပြားသော အုပ်ချုပ်ပုံစံအမျိုးမျိုးအောက်တွင် ကျရောက်ခဲ့ကြသည်။ ကရင်လူမျိုးအများစုသည် ဗြိတိသျှတို့က အစပိုင်းတွင် Burma Proper နောက်ပိုင်းတွင် Ministerial Burma ဟု ခေါ်ခဲ့ကြသော ပြည်မတွင် ဗမာနှင့် အခြားလူမျိုးအုပ်စုများနှင့် ထွေးယှောယှက်တင် နေထိုင်ကြသည်။ ဗြိတိသျှတို့သည် ထိုဒေသများမှ ရှိရင်းစွဲ ရိုးရာအုပ်ချုပ်မှုစနစ်များကို ဖယ်ရှားပြီး အစိုးရစနစ်သစ်တစ်ခုနှင့် အစားထိုးခဲ့သည်။ ထိုစနစ်သစ်၏ စစ်ရေးနှင့် အုပ်ချုပ်ရေး ရာထူးအတော်များများတွင် ကရင်လူမျိုးများအား ခန့်ထားရန် ပိုမိုအလေးသာခဲ့ကြသည်။ ထိုအချိန်အတောအတွင်း၌ ဗမာလူမျိုးများသည် ဖယ်ထုတ်ခံခဲ့ကြရပြီး တစ်ခါတစ်ရံတွင် ကရင်အင်အားစုများ၏ ပြင်းထန်စွာ ဖိနှိပ်မှုများကိုလည်း ခံခဲ့ရသည်။

တစ်ချိန်တည်းတွင် ယနေ့ ရှမ်း၊ ကချင်၊ ချင်းနှင့် ကယားပြည်နယ်တို့အပါအဝင် တောတောင်ထူထပ်သော ဒေသအတော်များများကို "တောင်တန်းဒေသများ" ဟု သတ်မှတ်ခဲ့သည်။ ဗြိတိသျှတို့က ထိုဒေသများကို ၎င်းတို့၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် မထားခဲ့ပေ။ ထို့ကြောင့် ရိုးရာထုံးတမ်းအတိုင်း အုပ်ချုပ်သူများက ၎င်းတို့၏ရှိရင်းစွဲ ဩဇာသက်ရောက်မှုများကို ထိန်းထားနိုင်ခဲ့ပြီး ဗြိတိသျှအစိုးရကို အခွန်ဘဏ္ဍာဆက်သမှုများပြုလုပ်ခဲ့သည်။ ထိုဒေသများထဲတွင် ယနေ့ ကရင်ပြည်နယ် မြောက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီး အရှေ့ဘက် အစိတ်အပိုင်းအချို့ဖြင့် ဖွဲ့စည်းထားသော ကရင်လူမျိုးများနေထိုင်သည့် သံလွင်ခရိုင် (တစ်ခါတစ်ရံ ဖာပွန်ခရိုင်)[12] လည်း အပါအဝင်ဖြစ်သည်။ ထိုဒေသသည် မည်သည့်အခါကမျှ ဗဟိုအစိုးရထိန်းချုပ်မှုအောက်သို့ ကျရောက်ခဲ့ခြင်းမရှိဘဲ ယနေ့အချိန်အထိ KNU အုပ်ချုပ်မှုအောက်တွင်သာ ရှိသည်။ ယနေ့ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း၏ အချို့အပိုင်းများသည် အလွန်များသော ကန့်သတ်ထိန်းချုပ်မှုအောက်တွင် ရှိခဲ့ပြီး ၁၉၃၇ ခုနှစ် တွင် တောင်တန်းဒေသအပိုင်း ၂ အဖြစ် လျာထားခြင်း ခံခဲ့ရသည်။[13]

အင်္ဂလိပ်စကားပြော ပညာတတ် ခရစ်ယာန် ကရင်များဦးဆောင်သော ကရင်အမျိုးသားအသင်း (Karen National Association-KNA) ကို ၁၈၈၁ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး အမေရိကန် နှစ်ခြင်း ခရစ်ယာန်သာသနာပြုများ၏ လွှမ်းမိုးမှုအထူးရှိခဲ့သည်။ KNA သည် ကရင်လူမျိုးများ ထူထပ်စွာနေထိုင်သော ဒေသများတလျှောက်တွင် လက်အောက်ခံများ ထူထောင်ခဲ့ပြီး ပညာရေး၊ စာပေနှင့် စီးပွားရေးတိုးတက်မှုများဖြင့် ကရင်အမျိုးသားထုတစ်ရပ်လုံးကို လွှမ်းခြုံသော အမျိုးသားရေးလက္ခဏာသဏ္ဍာန် စတင်ဖော်ဆောင်လာခဲ့သည်။ KNA သည် နောက်ပိုင်းတွင် ဩဇာကြီးမားသော နိုင်ငံရေးပါတီတစ်ခု ဖြစ်လာခဲ့ပြီး ကိုလိုနီခေတ် ဥပဒေပြုရေးအောက်တွင် ရွေးကောက်တင်မြှောက်ခံကိုယ်စားလှယ်များ ရှိခဲ့သည်။

KNA မှ အထင်ကရပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် ဆန်းစီပိုး သည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်း နေရာအတော်များများကို အစပိုင်းတွင် အင်္ဂလိပ်လက်အောက် ကိုလိုနီအဖြစ် တည်ရှိပြီး နောက်ပိုင်းတွင် ကရင်ခေါင်းဆောင်များက ဦးဆောင်မည့် ကရင်ပြည်နယ်အဖြစ် ထူထောင်ရန် တောင်းဆိုခဲ့သည်။ ဆန်းစီပိုး ကို "လွတ်လပ်သော ကရင်ပြည်နယ်" ထူထောင်ရန် တောင်းဆိုသူအဖြစ် ရည်ညွှန်းဖော်ပြလေ့ရှိသော်လည်း အခြားတိုင်းရင်းသားများနှင့် ဖက်ဒရယ်ဆန်ဆန် ပေါင်းစည်းနေထိုင်နိုင်သော ပြည်နယ်တစ်ခုအဖြစ် ၎င်းရည်မှန်းခဲ့သည်ဟုလည်း ဆိုနိုင်သည်။ "ကိုယ်ပိုင်တိုင်းပြည်နိုင်ငံများနှင့် အမျိုးသားရေး စရိုက်လက္ခဏာများရှိပြီး တစ်နိုင်ငံလုံးကောင်းစားရန်အတွက်ဆိုလျှင် စုစည်းရန် အသင့်ရှိသည့်"[14] ဗြိတိန်နိုင်ငံကဲ့သို့သော "ပြည်ထောင်များ ပေါင်းစုထားသည့် မြန်မာနိုင်ငံ" အဖြစ် စိတ်ကူးခဲ့ခြင်းဖြစ်သည်။

---

[12] သံလွင်ခရိုင်ထဲတွင် KNU ၏ ယနေ့အခေါ် မူးတရောခရိုင်နှင့် တော်ဦး၊ ကလယ်လွီးထူး၊ ဘားအံနှင့် ဒူးသထူးခရိုင်တို့၏ အစိတ်အပိုင်းများ ပါဝင်သည်။ The Imperial Gazetteer of India, 1908 (Oxford: Clarendon Press) ၏ "Salween District," အပိုင်းကို ရှုပါ။ http://indpaedia.com/ind/index.php/Salween_District,_1908 ကို ကြည့်ပါ။

[13] ထိုအထဲတွင် "တောင်ငူခရိုင်"၊ စစ်တောင်းမြစ်အရှေ့ပိုင်းရှိ ပဲခူးတိုင်းဒေသကြီး၏ အပိုင်းများ၊ သထုံခရိုင်၏အစိတ်အပိုင်းများ၊ ဘီးလင်းနှင့် ကျိုက်ထိုဒေသရှိ တောင်ထူထပ်သောနေရာများနှင့် ဒေါနတောင်တန်းအနီးတဝိုက်ဒေသများ ပါဝင်သည်။ ထို့အပြင် မြဝတီနှင့် ကရင် (KNU ခေါ် နော်ကေတော်) တို့လည်းပါဝင်သည်။ Frontier Areas Committee of Enquiry (FACE) (1947), Chapter 1, Article 1, vi. See also Government of Burma Act (1935) ကို ကြည့်ပါ။

[14] Po (1928), chapter 12

## KNU ဖွဲ့စည်းပေါ်ပေါက်လာခြင်း - ၁၉၄၇

မြန်မာ့လွတ်လပ်ရေးခေါင်းဆောင် အောင်ဆန်းက ဗြိတိသျှအစိုးရထံမှ လွတ်လပ်ရေး "အမြန်ဆုံး" ပေးရန် သဘောတူညီမှု ရယူပြီး များမကြာမီ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ၌ KNU ကို တည်ထောင်ခဲ့သည်။[15] အောင်ဆန်းသည် ၎င်း၏ အစိုးရအဖွဲ့တွင် ကရင်အမျိုးသားနှစ်ဦးကို ခန့်အပ်တာဝန်ပေးခဲ့သော်လည်း ၎င်းတို့နှစ်ဦးစလုံးကို အဆိုပါ သဘောတူညီမှုအစည်းအဝေးသို့ ဖိတ်ကြားခြင်း မပြုခဲ့ပေ။ ထိုအချိန်က ဒုတိယ ကမ္ဘာစစ်အပေါ် ရှုမြင်သော အမြင်မှာ ကွာခြားသဖြင့် ကရင်နှင့် ဗမာခေါင်းဆောင်များအကြား အခြေအနေတင်းမာခဲ့ပြီး စစ်ပွဲ၏ နောက်ဆုံးနှစ်များတွင် မဟာမိတ်ဖွဲ့စည်းရန် ခက်ခဲ့သည်။[16] ထိုသဘောတူညီမှုတွင် ကရင်နှင့်ပတ်သက်သည့် အုပ်ချုပ်ရေးအစီအမံ သတ်သတ်မှတ်မှတ် ရည်ညွှန်းဆွေးနွေးခဲ့ခြင်း မရှိဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆုံးဖြတ်ရန် တိုင်းပြုပြည်ပြု လွှတ်တော်တစ်ရပ် ထူထောင်ရန်ကိုသာ ရည်ညွှန်းဆွေးနွေးခဲ့သည်။ ထိုသို့အရေးထားမခံခဲ့ရသည့် ကရင်ခေါင်းဆောင် နှစ်ဦးအနက်မှ တစ်ဦးမှာ နောက်ပိုင်းတွင် KNU ၏ အရေးပါသော ပုဂ္ဂိုလ်တစ်ဦးဖြစ်လာသည့် စောဘဦးကြီး ဖြစ်သည်။[17]

KNU ကို KNA အပါအဝင် ကရင် လူမှုရေး၊ နိုင်ငံရေးနှင့် ဘာသာရေးအဖွဲ့အစည်းများ၏ အချုပ်အဖွဲ့အစည်းအဖြစ် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်တွင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ကရင်အမျိုးသားရေးကိစ္စရပ်များကို ဘာသာရေး ခွဲခြားမှုများ မရှိဘဲ ရှေ့တိုးလုပ်ဆောင် သွားရန် ရည်ရွယ်ကာ တည်ထောင်ခဲ့သည်။[18] KNU သည် ကရင်လူမျိုးများ နေထိုင်သည့် ဒေသအများအပြားမှ ထောက်ခံမှုများ ရရှိခဲ့သည်။ အစည်းအရုံး၏ ဒေသဆိုင်ရာအဖွဲ့ခွဲများသည် ထိုဒေသများရှိ လူထုများအကြား အစည်းအဝေးများကျင်းပခြင်းနှင့် အချက်အချာကျသော နေရာများတွင် ပြုလုပ်သည့်ကရင်အမျိုးသား ကိုယ်စားလှယ် ရာပေါင်းများစွာပါဝင်သည့် ညီလာခံကြီးများသို့ ၎င်းတို့ထံမှ တာဝန်ရှိသူများကို စေလွှတ်ကြသည်။ KNU သည် မြန်မာနိုင်ငံမှ ခွဲထွက်ခွင့်ရရန် ကနဦးတောင်းဆိုခဲ့ပြီးမှ နောက်ပိုင်းတွင် ဖက်ဒရယ်စနစ်သို့ ပြောင်းလဲတောင်းဆိုခဲ့ကြောင်း ရေးသားမှုများ မကြာခဏတွေ့ရတတ်သည်။ ထိုအချက်အလက်မှာ မမှန်ကန်ပေ။ အဘယ့်ကြောင့်ဆိုသော် ၎င်းရေးသားချက်များက KNU ပေါ်ပေါက်လာရသည့် နိုင်ငံရေးရပ်တည်ချက်ကို လျစ်လျူရှုထားပြီး အမှန်တကယ်မရှိသည့် ခွဲထွက်ရေး သို့မဟုတ် ပေါင်းစည်းရေးအကြား ရွေးချယ်စရာရှိသည်ဟု ထင်မြင်ယူဆကြသောကြောင့်ဖြစ်သည်။ KNU နှင့် ၎င်းအရိုက်အရာကို ဆက်ခံသူများက ယနေ့ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ ပါဝင်သော တနင်္သာရီတိုင်းကို လွတ်လပ်သော ကရင်ပြည်နယ်ဖြစ်အောင် ရည်မှန်းတောင်းဆိုမှုများ ရှိသည်ဆိုသည်မှာ မေးခွန်းထုတ်ရန် မလိုပေ။ သို့သော် ၎င်းအခြေအနေကို ကရင်လူမျိုး အများအပြားနေထိုင်သော ဗဟို ဗမာအုပ်ချုပ်မှုအောက်တွင် ကိုယ်စားလှယ်များ ထားရှိနိုင်သည့် ဖက်ဒရယ်ပေါင်းစည်းမှု၏ အစိတ်အပိုင်းတစ်ခုအဖြစ် ရည်မှန်းတောင်းဆိုခဲ့ခြင်းမျိုးဖြစ်သည်။ ကြားဖြတ်အစိုးရနှင့် စစ်တပ်တို့တွင် ကရင်လူမျိုးများ တာဝန်ထမ်းဆောင်ခဲ့ကြသည်။ ထို့ကြောင့် ၎င်းတို့သည် မြန်မာနိုင်ငံကို လုံးလုံး ပစ်ခွာစွန့်ပယ်ရန် ရည်မှန်းခဲ့ခြင်းမျိုး မဟုတ်ပေ။ ထို့အပြင် အစောပိုင်း နိုင်ငံရေးအခန်းကဏ္ဍများသည် ဗြိတိသျှ၏ လက်ဝေခံပုံစံမျိုး ထင်မြင်ခံရခြင်းဖြစ်သောကြောင့် အချုပ်အခြာအာဏာ တောင်းဆိုရန် ချည်နှောင်ထားခြင်းမျိုး မရှိခဲ့ပေ။[19]

KNU ၏ ပထမအကြိမ်ကြေညာချက်တွင် ကိုယ်ပိုင်အချုပ်အခြာအာဏာရှိသော (တနင်္သာရီရှိဒေသ အများစု လွှမ်းခြုံ ပါဝင်သည်)[20] ကရင်ပြည်နယ် နှင့် ရန်ကုန်ရှိ ဥပဒေပြုရေး၊ တပ်မတော်နှင့် ပြည်သူ့ဝန်ထမ်းကဏ္ဍများတွင် ကရင်လူမျိုး ပါဝင်မှုအချိုးအစားကို မြှင့်တင်ပေးရေးတို့ကို တောင်းဆိုခဲ့ သည်။ တိုင်းပြုပြည်ပြုလွှတ်တော်က ထိုတောင်းဆိုချက်များကို လျစ်လျူရှုခဲ့သဖြင့် KNU က သပိတ်မှောက်ခဲ့ပြီး စောဘဦးကြီးသည်လည်း ၎င်း၏ အစိုးရအဖွဲ့ရာထူးမှ နုတ်ထွက်ခဲ့သည်။ KNU သည် ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့အစည်း (Karen National Defense Organization – KNDO) ကို ၁၉၄၇ ခုနှစ် ဇူလိုင်လတွင်တည်ထောင်ခဲ့ပြီး အဖွဲ့ဝင်များကို နိုင်ငံတဝှမ်းချထားခဲ့သည်။[21] ကျင်းပပြုလုပ်သည့် အစည်းအဝေးအခမ်းအနားများကို ကရင်အတော်များများက သပိတ်မှောက်ခဲ့သဖြင့်

---

[15] Aung San-Attlee Agreement, January 27, 1947. https://burmastar1010.files.wordpress.com/2011/06/44172419-aungsan-atlee-agreement.pdf. နှင့် Government of Burma Act (1935) တွင်ကြည့်ပါ။

[16] For most of the war, General Aung San and his predominantly Bamar "Burmese independence" movement had cooperated with the Japanese, while the majority of Karen leaders and communities had sided with the British and US allies. The Burmese independence leaders then switched sides in 1945 to aid the Allies, bringing them into direct cooperation with Karen and other former adversaries.

[17] အခြားတစ်ဦးမှာ လက်ရှိအထက်လွှတ်တော်တွင် နာယကအဖြစ် တာဝန်ထမ်းဆောင်နေသော မန်းခိုင်ဝင်းသန်း၏ ဖခင် မန်းဘခိုင်ဖြစ်သည်။

[18] KNA အပြင် အခြားပါဝင်သောအဖွဲ့အစည်းများမှ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်လက်အောက်တွင် မြန်မာနိုင်ငံရှိစဉ်က KNA အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းခဲ့သော ကရင်ဗဟိုအဖွဲ့ (Karen Central Organization – KCO)၊ ကရင်အမျိုးသားဗုဒ္ဓဘာသာအစည်းအရုံး နှင့် ကရင်လူငယ်အစည်းအရုံး (ကိုယ်ပိုင် အချုပ်အခြာအာဏာ ပိုမိုကြီးထွားလာသော Karen Central Organization ၏ လူငယ်အဖွဲ့) တို့ ဖြစ်ကြသည်။

[19] အောက်တွင်ဖော်ပြထားသော အကြောင်းအရာအပြင် အနာဂတ်ကရင်ပြည်နယ်အကြောင်း ဆွေးနွေးမှုများကို FACE (1947), 119-69 တွင် ဖတ်ရှုနိုင်ပါသည်။

[20] Mahn Robert Ba Zan (2008), 95 တွင်ဖော်ပြထားသည့် ဗြိတိသျှအစိုးရထံသို့ ကြေးနန်းစာအဖြစ်ပေးပို့ခဲ့သော KNU ၏ ပထမကြေညာချက်ကို ကြည့်ပါ။ ၎င်းကြေညာချက်သည် KCO မှ အစောပိုင်းတွင် ထုတ်ပြန်ခဲ့သော ကြေညာချက်များကို ထင်ဟပ်ထားကြောင်းတွေ့ရပြီး

[21] ကရင်လူထုများသည် ၁၉၄၇ ခုနှစ် အစပိုင်းကပင် လက်နက်ကိုင်သင်တန်းများ စတင်ခဲ့သည်။ ကနဦးတွင် လက်ဝဲဝါဒီ အကြမ်းဖက်သမားပေါင်းစုံ၏ ရန်မှ ကာကွယ်ရန်ဖြစ်သည်။ နောက်ပိုင်းတွင် KNDO သည် နိုင်ငံတဝှမ်း လျော့လျဲစွာချိတ်ဆက်ထားသော အဖွဲ့ငယ်များကို ထူထောင်သည့် အစီအစဉ်တစ်ရပ် ဖြစ်လာ

သံလွင်ခရိုင်[22]အတွက် ယာယီအုပ်ချုပ်မှု အစီအစဉ်များကို ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ချမှတ်ခဲ့သည်။ နောက်ပိုင်းတွင် KNU တို့ မျှော်မှန်းတောင်းဆိုထားသည်ထက် အချုပ်အခြာအာဏာ နည်းပါးပြီး သေးငယ်သော ကရင်ပြည်နယ်ထူထောင်ရေး လုပ်ငန်းစဉ်သို့ ယင်းအစီအစဉ်ဖြင့် ဦးတည်ခဲ့သည်။[23] ထိုအချိန်အတောအတွင်း နိုင်ငံရေးနှင့်မသက်ဆိုင်သော အစိုးရရာထူးများ အထူးသဖြင့် "ကရင်ရိုင်ဖယ်တပ်ရင်း" ကဲ့သို့သော တပ်မတော်တပ်ရင်းများတွင် ကရင်လူမျိုးများ ဆက်လက်တာဝန်ထမ်းဆောင်နေခဲ့သည်။

၁၉၄၇ ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့ပြီး ကိုယ်စားလှယ်ပေါင်း ၆၀၀ ကျော် တက်ရောက်ခဲ့သည့် ညီလာခံအပြီးတွင် ထုတ်ပြန်သော KNU ၏ ဒုတိယကြေညာချက်သည် ပိုမိုရည်မှန်းချက်ကြီးမားလာခဲ့သည်။ ၎င်းကြေညာချက်တွင် "လွတ်လပ်သော ကရင်ပြည်နယ်" တွင် ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသအများစုနှင့် ပဲခူးတိုင်း (အကြမ်းဖျဉ်းအားဖြင့် ယနေ့ပဲခူးတိုင်းဒေသကြီး)[24]၏ အစိတ်အပိုင်းအချို့ ပါဝင်သင့်ကြောင်းနှင့် ထို ကိစ္စအား ကမ္ဘာ့ကုလသမဂ္ဂအထိ တင်သွင်းရန်ဖော်ပြခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ ၎င်းကရင်ပြည်နယ်သည် "မြန်မာနိုင်ငံ၏ ကိုယ်ပိုင် အချုပ်အခြာအာဏာပိုင် ပြည်နယ်များ (Autonomous National States of Burma)"[25] ဟုခေါ်သော ဖက်ဒရယ်ဖွဲ့စည်းမှုတစ်ခုအောက်တွင် ရှိရန် မျှော်မှန်းထားခြင်းမျိုးဖြစ်သဖြင့် ကရင်ပြည်နယ်၏ လွတ်လပ်ရေးသည် တစ်ဖက်တည်းကသာ အသာစီးအကျိုးရှိမည့် အဆိုပြုချက်မျိုးဟု ထင်မှတ်ခဲ့ပုံ မပေါ်ပေ။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြုလုပ်ခဲ့သော တရားဝင်စုံစမ်းမှုတွင် လွတ်လပ်သောကရင်ပြည်နယ် ရရှိရန် ထပ်ခါထပ်ခါ တောင်းဆိုမှုများ ပြုလုပ်ခဲ့သော်လည်း ထိုတောင်းဆိုမှုသည် "၎င်းတို့၏ အန္တိမရည်မှန်းချက်ဖြစ်သော မြန်မာပြည်သူပြည်သားများအားလုံး ပါဝင်သည့် ဖက်ဒရေးရှင်း (Common Federation of all the People's of Burma)တစ်ရပ်" ကို လျစ်လျူရှုမထားကြောင်း" KNU က ဆိုခဲ့သည်။[26]

ဖက်ဒရေးရှင်းအတွင်းမှ လွတ်လပ်ရေးဟူသော အယူအဆသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဟူသော သဘောတရားကို ဖွင့်ဆိုရာတွင် အထောက်အကူ ပြုသည်။ ယနေ့ တိုင်းရင်းသားခေါင်းဆောင်အများစုက ဖက်ဒရေးရှင်းအတွင်းတွင် အခြားပြည်နယ်များနှင့် တန်းတူပါဝင်နေခြင်းဖြစ်သော်လည်း ကိုယ်ပိုင် အချုပ်အခြာအာဏာနှင့် အုပ်ချုပ်ခွင့်ရရှိအောင် အလေးပေးထားသည်ဟု နားလည်သဘောပေါက်ကြဆဲဖြစ်သည်။

## စစ်ပွဲစတင်ခြင်း - ၁၉၄၈-၁၉၄၉

လက်နက်ကိုင်အကြမ်းဖက်ဖြစ်ရပ်များ ပေါ်ပေါက်ခြင်းနှင့် ကရင်ပြည်နယ်ထူထောင်ရေးအတွက် သတ်မှတ်ချက်များကို သဘောတူညီမှု မရရှိနိုင်သည့်အဆုံး ၁၉၄၈ နှောင်းပိုင်းတွင် တပ်မတော်နှင့် KNU နှစ်ဘက်စလုံးသည် စတင် စစ်ရေးပြင်ဆင်လာတော့သည်။ KNDO တပ်ဖွဲ့များနှင့် တပ်မတော်မှခွဲထွက်လာသော ကရင်ရိုင်ဖယ်တပ်ဖွဲ့များ ပူးပေါင်းပြီး အဓိကမြို့အချို့ကို သိမ်းပိုက်ခဲ့ကြသည်။ သို့သော် နိုဝင်ဘာလခန့်တွင် ငြိမ်းချမ်းရေးသဘောတူညီချက် အလျင်အမြန် ပြုလုပ်ခဲ့ကြပြီး ၎င်းအဖွဲ့များကို လက်နက်များ လက်ဝယ် ဆက်လက်ထားရှိခွင့် ပေးခဲ့သည်။[27] ထို့နောက်ပိုင်း ဒီဇင်ဘာနှင့် ဇန်နဝါရီလများအတွင်းတွင် အစိုးရပြည်သူ့စစ်များ၏ တိုက်ခိုက်မှုများကြောင့် ကရင်ပြည်သူ ရာပေါင်းများစွာ သေဆုံးခဲ့သည်။ ထိုတိုက်ခိုက်မှုများတွင် ခရစ်စမတ်ညနေခင်း၌ ဘုရားကျောင်းတွင် လက်ပစ်ဗုံးပစ်ခတ်မှုကြောင့် လူ ၈၀ ကျော်သေဆုံးခဲ့သော ဖြစ်ရပ်လည်း အပါအဝင်ဖြစ်သည်။[28] ရန်ကုန်မြို့စွန်ရှိ အင်းစိန်တွင် KNDO အဖွဲ့များ အဝိုင်းခံရပြီး KNDO နှင့် ခွဲထွက်ကရင်ရိုင်ဖယ်အဖွဲ့များက အောက်မြန်မာနိုင်ငံ မြို့အချို့ကို သိမ်းပိုက်ခဲ့သဖြင့် ဇန်နဝါရီလတွင် ပဋိပက္ခ အပြင်းအထန်ဖြစ်ပွားခဲ့သည်။[29] ထိုအဖြစ်အပျက်များကြောင့် တပ်မတော်ရှိ ကရင်အမျိုးသားအကြီးအမှူးများကို ထိပ်တန်းရာထူးများမှ ဖယ်ရှားပစ်ခဲ့ပြီး ဇန်နဝါရီလတွင် ခွဲထွက်မှုများ၊ ကွန်မြူနစ်နှင့် တိုင်းရင်းသားရေး လက်နက်ကိုင်လှုပ်ရှားမှုများကြောင့် ဗိုလ်ချုပ်နေဝင်းအား (ယခင်အရွယ်အစား၏ ထက်ဝက်ထက်သေးငယ်သည့်) ကျန်ရှိသည့် တပ်သား ၂၀၀၀ ကျော်ကို အုပ်ချုပ်မည့် စစ်သေနာပတိအဖြစ် ကြေညာခဲ့သည်။[30]

ခဲ့သည်။

[22] ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၄၇) အပိုဒ် ၁၈၁ ကိုကြည့်ပါ။ စာဖတ်သူတို့အနေဖြင့် ၎င်းယာယီအစီအစဉ်များကို ကရင်ပြည်နယ် ထူထောင်ပြီး ၁၉၅၂ နောက်ပိုင်းတွင် ဖယ်ရှားလိုက်သောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုံနှိပ်ဖြန့်ချီမှုအချို့တွင် ပါဝင်မှုမရှိခြင်းဖြစ်ကြောင်း သတိချပ်စေလိုပါသည်။

[23] မူလအစီအစဉ်အရ သံလွင်ခရိုင်နှင့် အနီးအနားဒေသအချို့ကို လွှမ်းခြုံထားပြီး ရှမ်းပြည်နယ်ကဲ့သို့သော အုပ်ချုပ်ရေးရှိသည့် ကရင်ပြည်နယ် ထူထောင်ရန် ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၄၇) အပိုဒ် ၁၈၀ ကို ကြည့်ပါ။

[24] ထိုကြေညာချက်ကို Mahn Robert Ba Zan (n.d.), 100 တွင် ထည့်သွင်းဖော်ပြထားပါသည်။ တောင်းဆိုမှုများအရ လိုအပ်သော ဥပဒေဆိုင်ရာအစီစဉ်များကို ရေးဆွဲရန် KNU အမှုဆောင်ကော်မတီတွင် တာဝန်ရှိမည်ဖြစ်သည်။

[25] Smith (1999), 87.

[26] Ibid, 115.

[27] Callahan (2003), 129-32; Smith (1999), 115-6.

[28] Callahan (2003), 132; Smith (1999), 117.

[29] Smith (1999), 114-8; Thawnghmung (2007), 7.

[30] Callahan (2003), p. 173. ၂၀၀၀ ခုနှစ်အတွက် ကိန်းဂဏန်းများကို စာမျက်နှာ ၁၁၉ တွင်လည်း ဆွေးနွေးထားပါသည်။

KNU သည် ၁၉၄၉ ခုနှစ်၊ ဧပြီလတွင် လွတ်လပ်သော ကရင်ပြည်နယ်အဖြစ် ကြေညာခဲ့ပြီး တောင်ငူကို မြို့တော်အဖြစ် သတ်မှတ်ခဲ့သည်။ KNU တို့သည် ၎င်းနှစ် မေလတွင် အင်းစိန်မှ တိုက်ထုတ်ခံခဲ့ရသည်။ ဇွန်လတွင် ဝန်ကြီးချုပ် စောဘဦးကြီး ဦးဆောင်သည့် လွတ်လပ်သော ကော်သူးလေ အဖြစ် ကြေညာခဲ့သည်။ KNDO တပ်ဖွဲ့များနှင့် တပ်မတော်မှ ခွဲထွက်လာသော ကရင်ရိုင်ဖယ်တပ်ဖွဲ့များကို အုပ်ချုပ်မှုတစ်ခုအောက်တွင် တစုတစည်းတည်းထားရှိရန် ကော်သူးလေ လက်နက်ကိုင်တပ်ဖွဲ့များကို ထူထောင်ရခြင်းဖြစ်သည်။ စစ်အတွင်းက ဗြိတိသျှဦးဆောင်သည့် "Civil Affairs Service - Burma" ပုံစံကိုယူကာ "Civil Affairs Service – ကော်သူးလေ (CAS-K)" ဟုခေါ်သည့် စစ်တပ်ဦးဆောင်သော ယာယီ အရပ်သားအုပ်ချုပ်ရေးတစ်ရပ်ကို ထူထောင်ခဲ့သည်။[31]

## ၁၉၅၀ ခုနှစ်များမှ ၁၉၇၀ ခုနှစ်များအထိ

၁၉၅၀ ခုနှစ် ဩဂုတ်လတွင် လှိုင်းဘွဲ့မြို့အနီး၌ တပ်မတော်မှခြုံခိုတိုက်ခိုက်သောကြောင့် စောဘဦးကြီး ကျဆုံးသွားခဲ့သည်။ ၎င်းမကျဆုံးမီ ယင်းနှစ်၏ ဇူလိုင်လတွင် KNU ညီလာခံကို နောက်ဆုံးအနေဖြင့် တက်ရောက်ခဲ့ပြီး အခြေခံမူလေးချက်ကို ချမှတ်ခဲ့သည်။ အောက်ဖော်ပြပါ ထိုမူများကို ကရင်လက်နက်ကိုင်များက ယနေ့ထိတိုင် လိုက်နာလက်ခံနေဆဲဖြစ်သည်-

- လက်နက်ချစကား အလျဉ်းမပြောရ
- ကရင်ပြည်ကို အသိအမှတ်ပြုခြင်း ပြီးပြည့်စုံစေရမည်
- ကရင့်လက်နက် ကရင့်လက်ထဲတွင် ရှိရမည်
- ကရင့်ကံကြမ္မာ ကရင်ဖန်တီးမည်

အစပိုင်းတိုက်ပွဲများတွင် အောင်မြင်မှုများ ရရှိခဲ့သော်လည်း ၁၉၅၀ ခုနှစ်နှောင်းပိုင်းများတွင် KNU သည် မြို့ပြဒေသများမှ ဆုတ်ခွာလာရသည်။ ထို့အတွက်ကြောင့် တပ်မတော်က ခံစစ်အတွက်အသုံးပြုသည့် မြို့များ၊ လမ်းများနှင့် ဒေသခံများ အကြား KNU ရောထွေးနေထိုင်နိုင်သည့် ကျေးလက်ဒေသဧရိယာများ စသည်ဖြင့် သိသိသာသာကွဲပြားမှုများရှိလာသည်။ KNU ချုပ်ကိုင်သောဒေသသုံးခုမှာ ယနေ့ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ "အရှေ့ပိုင်းတိုင်း"၊ "ပဲခူးရိုးမ" နှင့် ဧရာဝတီ "မြစ်ဝကျွန်းပေါ်ဒေသ" တို့ ဖြစ်သည်။

အစိုးရသည် ၁၉၅၂ ခုနှစ်တွင် ကရင်ပြည်နယ်ကို သတ်မှတ်ခဲ့ပြီး မြန်မာနိုင်ငံရှိ ကရင်လူမျိုးစုစုပေါင်း၏ လေးပုံတစ်ပုံခန့် နေထိုင်သော ဧရိယာအကျယ်အဝန်းကို ပြည်နယ် နယ်နိမိတ်အဖြစ် သတ်မှတ်ခဲ့သည်။[32] ထိုနယ်နိမိတ်အတွင်းရှိ ဘားအံ၊ ကော့ကရိတ်၊ မြဝတီ၊ ဖာပွန်မြို့များနှင့် ၎င်းမြို့များကို ဆက်သွယ်သောလမ်းများအား အစိုးရဘက်မှ အမြဲတမ်းနီးပါး ထိန်းချုပ်ထားနိုင်ခဲ့သော်လည်း လက်တွေ့တွင် နယ်နိမိတ်၏ ၁၁,၆၀၀ စတုရန်းမိုင်ခန့်ကို KNU က ထိန်းချုပ်ထားခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် KNU ကို ကရင်အမျိုးသားစည်းလုံးရေးပါတီ (Karen National Unity Party – KNUP)၊ ကော်သူးလေ တပ်မတော် (Kawthoolei Armed Forces - KAF) နှင့် ကရင်ပြည်သူလူထုကို ကွပ်ကဲအုပ်ချုပ်ရန် ကရင်တော်လှန်ရေးကောင်စီ (Karen Revolutionary Council – KRC) စသည့် အဖွဲ့ခွဲများဖြင့် ပြန်လည်ဖွဲ့စည်းခဲ့သည်။ ထိုအချိန်အတောအတွင်း ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက "ဖက်ဒရယ်လှုပ်ရှားမှု" တစ်ရပ်ကို ၁၉၆၀ ခုနှစ်များအစောပိုင်းတွင် စတင်ခဲ့ပြီး အခြားတိုင်းရင်းသားပြည်နယ်များမှ ကိုယ်စားလှယ်များလည်း ပူးပေါင်းလာကာ ပိုမိုကျယ်ပြန့်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို တောင်းဆိုလာကြသည်။
ထိုအချိန်တွင် KNU အတွင်း သဘောတရားအရ ကွဲပြားမှုများ ပေါ်ပေါက်လာခဲ့သည်။ မြစ်ဝကျွန်းပေါ် နှင့် ပဲခူးရိုးမရှိ အဖွဲ့များသည် လက်ဝဲဘက်သို့ ယိမ်းသွားခဲ့ပြီး ကွန်မြူနစ်သောင်းကျန်းသူများနှင့် မဟာမိတ်ဖွဲ့ခဲ့ကြသည်။ ထိုအချိန်တွင် မြန်မာနိုင်ငံအရှေ့ပိုင်းရှိ ကရင်တပ်ဖွဲ့များက လက်ယာဘက်သို့ ယိမ်းသွားခဲ့ပြီး ထိုင်းနိုင်ငံအတွင်းရှိ ကွန်မြူနစ်ဆန့်ကျင်သော အဖွဲ့များနှင့် အဆက်အသွယ်များ ပြုလုပ်လာခဲ့သည်။[33] ယင်းအုပ်စုနှစ်ခုစလုံးသည် မွန်၊ ကရင်နီ၊ ရှမ်း နှင့် အခြားတိုင်းရင်းသား မျိုးချစ်အဖွဲ့များဖြင့်လည်း မဟာမိတ်ဖွဲ့ခဲ့ကြသည်။

"ဖက်ဒရယ်လှုပ်ရှားမှု" နှင့် ဗဟိုအစိုးရတို့အကြား ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နေစဉ်အချိန်အတွင်း ၁၉၆၂ ခုနှစ်တွင် ဗိုလ်ချုပ်နေဝင်းက အာဏာသိမ်းယူခဲ့ပြီး တိုင်းပြည်ပြိုကွဲတော့မည့် အခြေအနေများကြောင့် ထိုသို့အာဏာသိမ်းယူရခြင်းဖြစ်သည်ဟု အကြောင်းပြခဲ့သည်။ အာဏာသိမ်းယူချိန်တွင် ဗိုလ်ချုပ်နေဝင်းသည် တပ်မတော်ကို ၁၉၄၉ ခုနှစ် လက်ကျန် တပ်သား ၂၀၀၀ မှ တပ်သားပေါင်း ၁၀၀,၀၀၀ ခန့်အထိ တိုးချဲ့ခဲ့ပြီးဖြစ်ပြီး တပ်သားသစ်အများစုမှာ ဗမာအမျိုးသားများဖြစ်ကြသည်။ ယင်းနှင့် နောက်ပိုင်းစစ်အစိုးရများသည် ၎င်းတို့ကိုယ်ပိုင် ဝိသေသများ အလျောက် တိုင်းရင်းသားမျိုးချစ်များ ဖြစ်လာခဲ့ပြီး ဗမာဗုဒ္ဓဘာသာဖြစ်ခြင်းကို အခြေခံသည့် စုစည်းသော မြန်မာနိုင်ငံကို ထူထောင်ရန် မျှော်မှန်းခဲ့ကြသည်။ ဗိုလ်ချုပ်နေဝင်းက ဒေသန္တရအစိုးရများကို ဖယ်ရှားပြီး စစ်အစိုးရစနစ်ကို အသက်သွင်းခဲ့သည့်နောက်ပိုင်းတွင် ရှမ်း၊ ကချင် နှင့်

[31] Smith (1999), 140-3; Mahn Robert Ba Zan (n.d.), 105-6.

[32] Smith (1999), 154.

[33] နားလည်ရခက်စွာပင် KNUP သည် လက်ဝဲဂိုဏ်းဂဏများအတွက် အဖွဲ့အစည်းတစ်ခုဖြစ်လာခဲ့ပြီး KRC သည် လက်ယာဂိုဏ်းဂဏများ၏ အဖွဲ့အစည်းတစ်ရပ်ဖြစ်လာခဲ့သည်။ ထိုအတောအတွင်း KRC၊ KNUP နှင့် KAF တို့သည် နေရာတိုင်းတွင် တရားဝင်အဖွဲ့အစည်းများအဖြစ် ပြိုင်တူတည်ရှိနေခဲ့သည်။

အခြားတိုင်းရင်းသား လက်နက်ကိုင်လှုပ်ရှားမှုများ အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ပြီး နိုင်ငံအနှံ့အပြားတွင် လက်နက်ကိုင်ပဋိပက္ခများလည်း များပြားလာခဲ့သည်။
အာဏာသိမ်းပြီး မကြာမီတွင် KRC ခေါင်းဆောင် ဟန်တာသာမွှေး လက်နက်ချခဲ့သဖြင့်[34] ဘိုမြသည် အရှေ့ပိုင်းဒေသ၏ ခေါင်းဆောင် ဖြစ်လာခဲ့သည်။[35] ဗိုလ်ချုပ်နေဝင်းသည် ပို့ကုန်နှင့် သွင်းကုန်များအပေါ်တွင် အခွန်ကောက်ခံသည့် ဆိုရှယ်လစ်ပုံစံကို စတင်အသုံးပြုခဲ့ပြီး ဘိုမြမှာမူ ကွန်မြူနစ်ဆန့်ကျင်ရေးအတွက် ထိုင်းအာဏာပိုင်များနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ခဲ့သည်။ ဘိုမြ၏အုပ်ချုပ်မှုအောက်တွင် ထိုင်းနိုင်ငံနှင့် တရားမဝင် နယ်စပ်ကုန်သွယ်မှု များပြားလာခဲ့သည်။ ထိုကဲ့သို့ လက်ဝဲနှင့် လက်ယာအဖွဲ့အစည်းများအကြား ကွာဟချက် ပိုမိုကြီးထွားလာခဲ့ပြီး ဘိုမြနှင့် KNUP တို့ သည် ၁၉၆၀ စုနှစ်များနှောင်းပိုင်းတွင် တရားဝင်ခွာပြဲသွားခဲ့သည်။

ထိုအချိန်ခန့်တွင် တပ်မတော်က ဖြတ်လေးဖြတ်မဟာဗျူဟာကို (အပိုင်း ၁ တွင် ကြည့်ပါ) စတင်အသုံးပြုခဲ့ပြီး KNU တပ်များကို ၁၉၆၀ ခုနှစ်များ နှောင်းပိုင်းတွင် မြစ်ဝကျွန်းပေါ်ဒေသမှလည်းကောင်း၊ ၁၉၇၀ ခုနှစ်များ အလယ်ပိုင်းတွင် ပဲခူးရိုးမမှလည်းကောင်း တိုက်ထုတ်နိုင်ခဲ့သည်။ ထိုမှ ကြွင်းကျန်နေသော လက်ဝဲဝါဒီအဖွဲ့အစည်းများသည် ၎င်းတို့၏ နိုင်ငံရေးအတွေးအမြင်များကို အလျော့အတင်း အပေးအယူပြုလုပ်ပြီး အရှေ့ပိုင်းတိုင်းရှိ ဘိုမြ၏ အဖွဲ့များနှင့် သွားရောက်ပူးပေါင်းကြရသည်။ KNUP ၏ ဩဇာအာဏာကြီးမားသည့် လက်ဝဲဝါဒီတစ်ဦးဖြစ်သော မန်းဘဇံ သည် ၁၉၆၀ စုနှစ်များ၏ နှောင်းပိုင်းကတည်းကပင် ဘိုမြနှင့် သွားရောက်ပူးပေါင်းထားခဲ့ပြီး ဖြစ်သည်။ ၎င်းသည် ကရင်ပြည်နယ်ကို ဖက်ဒရယ်ပြည်ထောင်စုအတွင်းမှ ဆိုရှယ်လစ်ပြည်နယ်တစ်ခု ဖြစ်လာရန် မျှော်မှန်းထားခဲ့သည်။ ခေါင်းဆောင်နှစ်ဦး၏ အမြင်မတူညီသည့် ပူးပေါင်းမှုကြားကပင် နိုင်ငံရေးအယူအဆနှင့် စနစ်သစ်တစ်ခုကို ၁၉၇၀ စုနှစ်များအစောပိုင်းက စတင်ရေးဆွဲခဲ့ကြသည်။ ၎င်းတို့သည် KAF ကို KNLA အဖြစ် အသွင်ပြောင်းခဲ့ပြီး KNDO မှာမူ ဒေသအဆင့် ကာကွယ်ရေးအဖွဲ့များအဖြစ် ဆက်လက်တည်ရှိခဲ့သည်။

KNU ၏ ကိုးကြိမ်မြောက်ညီလာခံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပြဋ္ဌာန်းခဲ့ပြီး ထိုဖွဲ့စည်းပုံအောက်တွင် လက်ရှိ အုပ်ချုပ်မှုစနစ်၏ အခြေခံ ဖြစ်သော KNU ခရိုင်(၇)ခုကို ထူထောင်ခဲ့သည်။ KNU ၏ လမ်းပြမူဝါဒများကို ရေးဆွဲရာတွင် အပေးအယူ အလျော့အတင်းအချို့ ပြုလုပ်ခဲ့သော်လည်း မူဝါဒများမှာ အမျိုးသားရေးစိတ်ဓာတ် ပြင်းထန်ပြီး လက်ဝဲအတွေးအခေါ်များကို ပြတ်သားစွာဆန့်ကျင်သည့် အခြေအနေရှိခဲ့သည်။ အဓိကရည်ရွယ်ချက်အနေဖြင့် “အမျိုးသားဒီမိုကရေစီတော်လှန်ရေး” ကို စတင်ခဲ့ပြီး လူတန်းစားခွဲခြားမှုသည် နာကျည်းနစ်နာမှုများ၏ အခြေခံ အကြောင်း ဖြစ်သည်ဟု ပြတ်ပြတ်သားသားရှုံ့ချခဲ့သည်။ ထိုအစား ကရင်ပြည်နယ်အတွင်းနေထိုင်သော လူတန်းစားပေါင်းစုံသည် မျိုးချစ်စိတ်ကို အခြေခံကာ “တစ်ခုတည်းသော နိုင်ငံရေးအမြင်” ဖြင့် စုစည်းညီညွတ်သင့်ကြောင်း ပြောဆိုခဲ့သည်။ KNU သည် “ကရင်လူမျိုးများအတွက် အမြင့်ဆုံးအဖွဲ့အစည်းတစ်ရပ် ဖြစ်သည့်အပြင် ကရင်အမျိုးသားအားလုံးကိုလည်း ကိုယ်စားပြုရန်” ဖြစ်သည်။[36]

KNU ၏ အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်မှာ “တစ်နိုင်ငံလုံးကို လွှမ်းခြုံသည့် ဒီမိုကရေစီရရှိရေးမှာ ကရင်အမျိုးသားအစည်းအရုံး၏ မူဝါဒဖြစ်သည်။ ၎င်းမူဝါဒသည် ပုဂ္ဂလိကပိုင်ဆိုင်မှုကို အားပေးပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုသည်။”[37] အစည်းအရုံးကို ထိုမူဝါဒများဖြင့် ယနေ့တိုင် လမ်းပြလျက်ရှိသည်။ သို့သော် ယနေ့ခေတ် KNU ၏ အနေအထားမှာ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိရေးကို အဓိကဆောင်ရွက်ပြီး လူ့အခွင့်အရေးအပါအဝင် လက်ရှိတွင် အရေးပါသော ကိစ္စရပ်များကိုလည်း အရေးပေးလုပ်ကိုင်နေသည်။

## ၁၉၇၀ ခုနှစ်များမှ ၁၉၉၀ ခုနှစ်များအထိ

မန်းဘဇံနှင့် အာဏာယှဉ်ပြိုင်ရာတွင် ဘိုမြအနိုင်ရခဲ့ပြီး ၁၉၇၆ ခုနှစ်တွင် ဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။ KNU ကို ၂၀၀၀ ခုနှစ်အထိ ၎င်းရာထူးဖြင့် အုပ်ချုပ်ခဲ့ပြီး နောက်ပိုင်းတွင် အသက်အရွယ်ကြီးရင့်လာမှုကြောင့် ဒုတိယနေရာဥက္ကဋ္ဌသို့ ပြောင်းလဲတာဝန်ထမ်းဆောင်ခဲ့သည်။[38] ၁၉၇၆ မှ ၁၉၉၁ ခုနှစ်အကြားတွင် KNU ညီလာခံများ ပြုလုပ်ခြင်းကို ရပ်ဆိုင်းထားခဲ့ပြီး ဘိုမြက ၎င်း၏ တစ်ဦးတည်းအမြင်ဖြင့် အရာရှိများကို ရွေးချယ်ခဲ့သည်။[39] ဘိုမြသည် အရှေ့ပိုင်းတိုင်းကို ၁၉၆၃ ခုနှစ် ကတည်းက အုပ်ချုပ်နေခဲ့ခြင်းဖြစ်သဖြင့် ဗိုလ်ချုပ်နေဝင်းထက် အာဏာရှင်သက်တမ်း ဆယ်နှစ်ပိုများသည်ဟု ဆိုနိုင်သည်။ “တစ်နိုင်ငံလုံးအတွက် ဒီမိုကရေစီ” သဘောတရားကို အသေအချာဖော်ထုတ်ခဲ့သည့်အပြင် လက်ဝဲအတွေးအခေါ်များကိုလည်း မျက်ကွယ်ပြုခဲ့သည်။ ဘိုမြသည် အရွယ်ရောက်ပြီးမှ သဘာဝနတ်ကိုးကွယ်မှု မှ သတ္တမနေ့ ဥပုသ်အသင်းတော်သို့

[34] KNUP သည် NDUF နှင့် အတူ ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခဲ့ပြီး ကမ်းလှမ်းသည့်အချက်များကို ပယ်ချခဲ့သည်။ အဆိုပါကမ်းလှမ်းချက်များတွင် သတ်မှတ်ထားသော နေရာများတွင်သာ လှုပ်ရှားရန်နှင့် ၎င်းတို့၏ လုပ်ဆောင်ချက်များကို ကန့်သတ်သည့်အချက်များ ပါဝင်သည်။ Keenan (2012), 20.

[35] သာမွှေးသည် KRC ၏ ခေါင်းဆောင်ဖြစ်ခဲ့ဖူးပြီး ၎င်းနှင့်အတူ

[36] Smith (1999), 286.

[37] KNU ၏ အင်တာနက်စာမျက်နှာ - “The Karens, a Nation, Their Nature and History” http://www.knuhq.org/about/the-karens-a-nation-their-nature-and-history/ တွင် ဖတ်ရှုနိုင်ပါသည်။

[38] “Vice President” ဟူသော ရာထူးနှင့် ဆင်တူသည်။

[39] Keenan (2013), 2; Smith (1999), 390.

ဘာသာကူးပြောင်းခဲ့သူဖြစ်ပြီး ခရစ်ယာန်ဘာသာကို ခိုင်မြဲစွာယုံကြည်ကိုးကွယ်သူဖြစ်သောကြောင့် အစည်းအရုံးအတွင်းရှိ ဗုဒ္ဓဘာသာဝင်များကို ဘေးသို့ ဖယ်ထုတ်ထားခဲ့သည်ဟု စွပ်စွဲခံရသည်။

၁၉၆၀ ခုနှစ်များနှင့် ၁၉၇၀ ခုနှစ်များ နှောင်းပိုင်းတွင် KNU သည် ၎င်းတို့၏ "တစ်နိုင်ငံလုံးအတွက် ဒီမိုကရေစီ" သဘောထားကို အခြေခံကာ အခြား တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် မဟာမိတ်ဖွဲ့မှုများ ပြုလုပ်ခဲ့သည်။[40] ထိုအထဲမှ အအောင်မြင်ဆုံးမှာ ၁၉၇၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော အမျိုးသားဒီမိုကရေစီအင်အားစု (National Democratic Front – NDF) ဖြစ်ပြီး ထိုအထဲတွင် သြဇာအာဏာကြီးမားသော ကချင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့ (Kachin Independence Organization) နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (Shan State Progress Party) တို့အပါအဝင် တိုင်းရင်းသားလက်နက်ကိုင် ၁၀ ဖွဲ့ခန့် ပါဝင်ခဲ့သည်။[41] ဘိုမြသည် NDF အား အနောက်တိုင်းကိုထောက်ခံပြီး ကွန်မြူနစ်ဝါဒကို ဆန့်ကျင်သည့် မဟာမိတ်တစ်ရပ်အနေဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီ (Communist Party of Burma – CPB) ၏ လက်ဝေခံ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို တန်ပြန်နိုင်သော ဖွဲ့အစည်းတစ်ရပ် ဖြစ်လာစေချင်ခဲ့သည်။[42] NDF သည် ယနေ့ထိတိုင် တည်ရှိနေသော ဖယ်ဒရယ်လှုပ်ရှားမှုကို ထောက်ခံသည့် အခြေခံတစ်ခုအဖြစ် ပေါ်ပေါက်လာခဲ့သည်။ KNU နှင့် KIO တို့တွင် တူညီသော နိုင်ငံရေးရပ်တည်မှုများ ရှိသော်လည်း အဖွဲ့နှစ်ဖွဲ့အကြားရှိ မဟာဗျူဟာလမ်းကြောင်းများကို ညှိနှိုင်းရာတွင် အခက်အခဲများ မကြာခဏရှိလာသဖြင့် ၎င်းတို့အကြားမှ ပူးပေါင်းဆောင်ရွက်မှုမှာ ရတက်မအေးစရာ ဖြစ်ပေါ်လာခဲ့သည်။

၁၉၈၀ ခုနှစ်နှောင်းပိုင်းများနှင့် ၁၉၉၀ ခုနှစ်အစောပိုင်းကာလများတွင် မြန်မာနိုင်ငံအလယ်ပိုင်းမှ ထွက်ပြေး တိမ်းရှောင်လာသော ဆန္ဒပြ ကျောင်းသားနှင့် နိုင်ငံရေးသမား ၁၀,၀၀၀ ကျော်ခန့်သည် KNU နယ်မြေများသို့ ရောက်ရှိ ခိုလှုံလာကြသည်။ ၎င်းတို့သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဟုခေါ်သော စစ်အစိုးရသစ်ထံမှ လွတ်မြောက်ကြောင်း ထွက်ပြေးလာခဲ့ကြခြင်းဖြစ်သည်။ ထိုစစ်အစိုးရသစ်သည် ၁၉၈၈ ခုနှစ်တွင် အာဏာရခဲ့ပြီး ၁၉၉၀ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပပေးခဲ့သည်။ သို့သော်ရွေးကောက်ပွဲရလာဒ်များကို အသိအမှတ်မပြုဘဲ NLD ပါတီကိုလည်း ၁၉၉၀ ခုနှစ်တွင် ဖြိုခွင်းခဲ့သည်။ KNU နယ်မြေသို့ ရောက်ရှိလာသူများကို သူပုန်တပ်အသစ်များထူထောင်ရန် KNU မှ အထောက်အပံ့များ ပေးခဲ့သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (All Burma Student Democratic Front – ABSDF) သည် KNU နယ်မြေထဲတွင် တပ်စခန်းများ တည်ဆောက်ခဲ့သည်။ ထိုကာလမှ အစပြုကာ NDF (အထူးသဖြင့် KNU) နှင့် ဗမာ ဒီမိုကရက်တစ် အဖွဲ့အစည်းအများစုဖြစ်သော မြေအောက်အဖွဲ့စုံတို့ ပူးပေါင်းမှုများ လုပ်ဆောင်လာခဲ့သည်။ ထိုမြေအောက် အဖွဲ့အစည်းများထဲတွင် ပြည်ပြေးအစိုးရအမည်ခံ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဒီမိုကရက်တစ် ညွန့်ပေါင်းအစိုးရလည်း အပါအဝင်ဖြစ်သည်။ NLD ကို ထောက်ခံအားပေးသည့် ရပ်တည်မှုဖြင့် ထိုအဖွဲ့များကို တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုတစ်ရပ် ထူထောင်ရန် ၎င်းတို့အားလုံးက တောင်းဆိုခဲ့ကြသည်။[43]

၁၉၉၀ ခုနှစ် အစောပိုင်းနှင့်အလယ်ပိုင်းတွင် KNU နှင့် ထိုလက်နက်ကိုင်အဖွဲ့များ၏ ကံကြမ္မာမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားခဲ့သည်။ အကြောင်းမှာ တပ်မတော်မှ သောင်းကျန်းသူချေမှုန်းရေး စတင်လုပ်ဆောင်လာခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် DKBA စတင်ပေါ်ပေါက်လာခဲ့သည်။ ထို အချင်းအရာက KNU ၏ အခြေခံအာဏာကို အထိနာစေခဲ့သည်။ အသေးစိတ်အချက်အလက်များကို အပိုင်း ၄ တွင် ဆွေးနွေးထားပါသည်။

---

[40] တကယ်တမ်းတွင် KNU သည် ၁၉၅၀ စုနှစ်များကတည်းက မဟာမိတ်ဖွဲ့မှုများ ပြုလုပ်နေခဲ့ခြင်းဖြစ်သည်။

[41] နောက်ပိုင်းတွင် NDF ၌ အဖွဲ့ဝင် ၁၂ ဖွဲ့အထိ တိုးတက်ပါဝင်လာခဲ့သည်။

[42] CPB သည် ကိုးကန့်၊ ဝဒေသနှင့် ကချင်ပြည်နယ်မြောက်ပိုင်းတို့တွင် အမာခံနယ်မြေများထူထောင်ထားပြီး ဒေသတွင်းမှ တပ်ဖွဲ့များနှင့် တရုတ်ထံမှ အထောက်အပံ့များ သိသိသာသာ ရရှိခဲ့သည်။

[43] Smith (1999), 406-19; South (2012), 17-8; South (2008), 70-1.

## အပိုင်း သုံး။ ။ KNU ၏ အုပ်ချုပ်ရေးပုံစံ

KNU ၏ လက်ရှိအဖွဲ့အစည်းတည်ဆောက်ပုံကို ၁၉၄၇ ခုနှစ် KNU ညီလာခံတွင် ချမှတ်ခဲ့သည်။ ရောဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် ပဲခူးရိုးမရှိ KNU နယ်မြေများကို စွန့်လွှတ်ပြီး မြန်မာနိုင်ငံ၏အရှေ့တောင်ဘက်ဒေသတွင် တစ်စုတစ်စည်းတည်း ပေါင်းစပ်ရန် ဆုံးဖြတ်ချက်ချပြီးနောက်တွင် လက်ရှိ KNU အုပ်ချုပ်ရေးပုံစံကို ၁၉၄၇ ခုနှစ် ညီလာခံ၌ ချမှတ်ခဲ့ခြင်းဖြစ်သည်။ ထိုအပြောင်းအလဲသည် လက်ယာနှင့် လက်ဝဲရှိ KNU အမျိုးသားရေးအဖွဲ့များကို ပြန်လည်ပေါင်းစည်းသည့် အခြေအနေနှင့်လည်း တိုက်ဆိုင်နေသည်။ အုပ်ချုပ်ရေးဖွဲ့စည်းပုံကို လေးနှစ်တစ်ကြိမ် ပြန်လည်သုံးသပ်မှုများ ပြုလုပ်လေ့ရှိသည့် KNU ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းဖော်ပြထားသည်။

အုပ်ချုပ်မှုပုံစံကို မြို့နယ် ၂၆ ခုပါဝင်သော ခရိုင် (၇) ခုဖြင့် ဖွဲ့စည်းထားပြီး ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတစ်ခုလုံး၊ မွန်ပြည်နယ်ရှိ နေရာအများစုနှင့် အစိုးရကသတ်မှတ်ထားသော ပဲခူးတိုင်းအရှေ့ပိုင်း၏ ဒေသတချို့ကို လွှမ်းခြုံထားသည် (မြေပုံ ၁ ကိုကြည့်ပါ)။ မြို့နယ်များကို ကျေးရွာအုပ်စုများနှင့် ကျေးရွာသပ်သပ်များအဖြစ် ခွဲခြားထားသည်။ ၎င်းနယ်နိမိတ်အများစုသည် အစိုးရနှင့် အခြားလက်နက်ကိုင်အဖွဲ့များ၏ ချုပ်ကိုင်မှုအောက်တွင်ရှိသော်လည်း KNU ၏ အာဏာခွဲဝေမှုပုံစံကို ဆုံးဖြတ်ရာတွင် ထိုနယ်နိမိတ်အပိုင်းအခြားများကိုပင် အသုံးပြုသည်။

လေးနှစ်တစ်ကြိမ် ကျင်းပသော ညီလာခံမှာ KNU ၏ အမြင့်ဆုံးအစိတ်အပိုင်းဖြစ်ပြီး ခရိုင်ခုနစ်ခုအတွက် ညီမျှစွာကိုယ်စားပြုနိုင်ရန်နှင့် နောက်ညီလာခံမတိုင်မီအထိ အုပ်ချုပ်မည့် ဗဟိုခေါင်းဆောင်ပိုင်းကို ရွေးချယ်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ ညီလာခံတွင် ဥပဒေများရေးဆွဲခြင်း၊ မူဝါဒများထုတ်ပြန်ခြင်းနှင့် အဖွဲ့အစည်းအတွက် လေးနှစ်တာ မဟာဗျူဟာလမ်းကြောင်းချမှတ်ခြင်းများ ပြုလုပ်နိုင်သည်။ ခရိုင်နှင့် မြို့နယ်ညီလာခံများကို နှစ်နှစ်လျှင် တစ်ကြိမ် ကျင်းပပြီး ထိုအဆင့်များအတွက် ရေ့ဖော်ပြပါလုပ်ငန်းစဉ်များကို ဖော်ထုတ်နိုင်သော်လည်း အဆုံးတွင် KNU ညီလာခံကြီးက ထုတ်ပြန်သော ဥပဒေများ၊ မူဝါဒများနှင့် အခြေအနေများကိုလိုက်နာရမည့် တာဝန်ရှိသည်။ ကျေးရွာအုပ်စုနှင့် ကျေးရွာအဆင့်တွင်မူ မျက်နှာစုံညီ အစည်းအဝေးပွဲများ နှစ်စဉ်ကျင်းပပြီး ဒေသခံပြည်သူများ အားလုံးတက်ရောက်နိုင်သည်။ ထိုအစည်းအဝေးပွဲများမှ တစ်ဆင့် ကျေးရွာနှင့် ကျေးရွာအုပ်စုအာဏာပိုင်များကို ရွေးချယ်တင်မြှောက်ကြသည်။

၎င်းနောက် အဆင့်တိုင်းရှိ ခေါင်းဆောင်များသည် ကဏ္ဍအလိုက်ဌာနဆိုင်ရာများ၊ KNLA နှင့် ရဲတပ်ဖွဲ့တို့အပါအဝင် ကာကွယ်ရေးနှင့် လုံခြုံရေးတပ်များ၊ အခြားအဖွဲ့များကို ကြီးကြပ်အထောက်အကူပေးရသော ကော်မတီများနှင့် ကောင်စီများ စသည်ဖြင့် အဖွဲ့အစည်းမျိုးစုံကို ကွပ်ကဲကြရသည်။ တရားစီရင်ရေးကို အုပ်ချုပ်ရေးမှ ခွဲထုတ်ထားပြီး တရားသူကြီးများကို အဆင့်တိုင်းတွင်ရွေးကောက်တင်မြှောက်ကြသည်။[44] KNU သည် ၎င်း၏ ပိုင်နက်များထဲတွင် လှုပ်ရှားနေသော ကရင်လူမှုအခြေပြု အဖွဲ့အစည်းများစွာတို့နှင့်လည်း အဆက်အသွယ်ရှိသည်။ ထိုအဖွဲ့အစည်းများသည် လူမှုရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ကြပြီး အချို့အဖွဲ့အစည်းများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ပြဋ္ဌာန်းထားသော လုပ်ငန်းတာဝန်များ ရှိသည်။

စာတွေ့အရ KNU ၏ ဖွဲ့စည်းပုံမှာ ဗဟိုချုပ်ကိုင်မှုနှင့် ထက်အောက်ဝါစဉ် သဘောတရားရှိသော်လည်း ခရိုင်ခုနစ်ခုအတွက် de facto သီးခြားအာဏာခွဲဝေမှုပုံစံဖြင့် အုပ်ချုပ်လျက်ရှိသည်။ ခရိုင်တစ်ခုချင်းစီတွင် KNLA တပ်မဟာများရှိပြီး ဒေသဆိုင်ရာ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေး စီမံခန့်ခွဲမှုများကို အတိုင်းအတာတစ်ခုအထိ လွတ်လပ်စွာ ကိုင်တွယ်ဆောင်ရွက်နိုင်ကြသည်။ မည်သို့ပင်ဆိုစေကာမူ နိုင်ငံရေးမဟာဗျူဟာ၊ ပြင်ပဆက်ဆံရေးစသည်ဖြင့် အရေးကြီးမူဝါဒပိုင်း အပြောင်းအလဲများရှိပါက အားလုံးသဘောတူညီမှုကို ရယူရသည့် လုပ်ငန်းစဉ်ဖြင့် ခရိုင်များကို ချိတ်ဆက်ထားသည်။

## ညီလာခံများနှင့် မျက်နှာစုံညီအစည်းအဝေးများ

KNU အတွင်း ဆုံးဖြတ်ချက်များချမှတ်ရာတွင် ဗဟိုအဆင့် (KNU ညီလာခံဟု သိကြသည်)၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တို့တွင် ပုံမှန်ကျင်းပလေ့ရှိသော ညီလာခံများမှာ အမြင့်ဆုံးနေရာများဖြစ်ကြသည်။ KNU ညီလာခံကို လေးနှစ်တစ်ကြိမ် ပြုလုပ်ပြီး ခရိုင်နှင့်မြို့နယ် ညီလာခံများကို နှစ်နှစ်တစ်ကြိမ် ပြုလုပ်ကြသည်။ မဲဆန္ဒနယ် ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စု တစ်ခုချင်းစီအား ထိုညီလာခံများတွင် ကိုယ်စားပြုနိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။နောက်သက်တမ်းမတိုင်ခင်အထိအစည်းအရုံးကိုဦးဆောင်မည့်အမြဲတမ်းကော်မတီများ၊အလုပ်အမှုဆောင်ကော်မတီများကို ထိုညီလာခံများမှ ရွေးချယ်ပေးရသည်။ အမြဲတမ်းကော်မတီများနှင့် အလုပ်အမှုဆောင်ကော်မတီများ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းများကို နောက်အပိုင်းများတွင် ဖော်ပြထားပါသည်။

နောင်လာမည့်သက်တမ်းအတွက် အဖွဲ့အစည်း၏ ရပ်တည်ချက်များနှင့် ရည်မှန်းချက်များကို ညီလာခံများမှ ချမှတ်ပေးသည့်အပြင် တရားဝင်

[44] ထိုတရားသူကြီးများသည် နိုင်ငံရေးနယ်ပယ်တွင် လုပ်ကိုင်ဖူးသူများ သို့မဟုတ် လက်ရှိလုပ်ကိုင်နေကြသူများ ဖြစ်ကြသဖြင့် ၎င်းတို့၏ အမှန်တကယ် လွတ်လပ်ကင်းရှင်းမှုမှာ အကန့်အသတ်ဖြင့်တည်ရှိသည်။ ထိုအကြောင်းကို နောက်အပိုင်းများတွင် ဆွေးနွေးထားပါသည်။

မူဝါဒများ၊ ဥပဒေများနှင့် အခြားအဆိုများ ထုတ်ပြန်ခြင်းတို့ကိုလည်း ပြုလုပ်ပေးနိုင်သည်။[45] KNU ၏ de facto သီးခြားအာဏာ ခွဲဝေမှုပုံစံကြောင့် အုပ်ချုပ်ရေးနှင့် နိုင်ငံရေးကိစ္စရပ်များတွင် ခရိုင်များအကြား သဘောတူညီမှုရှိအောင်နှင့် KNU တစည်းတရုံးတည်းရှိအောင် ဆောင်ရွက်ရာတွင် KNU ညီလာခံ၏ အခန်းကဏ္ဍသည် အရေးကြီးသည်။ မူဝါဒ သို့မဟုတ် ဥပဒေသစ်များကို KNU ညီလာခံက သဘောတူ ထောက်ခံပြီးမှသာလျှင် တရားဝင်အဖြစ်သတ်မှတ်ပြီး ခရိုင်အားလုံးတွင် အကောင်အထည်ဖော်မှုပြုလုပ်နိုင်သည်။ ထို့အပြင် လက်ရှိအမြဲတမ်း ကော်မတီနှင့် အမှုဆောင် ကော်မတီများက ချမှတ်သော အဓိကဆုံးဖြတ်ချက်များသည် ညီလာခံများတွင် သဘောတူထားသော ရပ်တည်ချက်များ၊ ရည်မှန်းချက်များအပေါ် ထင်ဟပ်ကိုက်ညီရမည်ဖြစ်သည်။

KNU ၏ နောက်တစ်ကြိမ် ညီလာခံကို အမြဲတမ်းကော်မတီမှ နိုဝင်ဘာလ ၂၀၁၆ တွင် ခွင့်ပြုချက် နောက်ကျခဲ့မှုကြောင့် ၂၀၁၇ ပြုလုပ်ရန် လျာထားသည်။ ခရိုင်နှင့် မြို့နယ်အဆင့် ညီလာခံများကို ၂၀၁၇ ခုနှစ်တွင် ပြုလုပ်ရန်လျာထားသည်။ သို့သော် သက်ဆိုင်ရာ အမြဲတမ်း ကော်မတီများက ညီလာခံကျင်းပမည့်အချိန်ကို နှစ်နှစ်အထိ နောက်ဆုတ်ဆိုင်းငံ့ခွင့် ရှိသည်။

ကျေးရွာအုပ်စုအဆင့်တွင် (သို့မဟုတ် အချို့ လွတ်လပ်သော ကျေးရွာများတွင်) ကျင်းပသော မျက်နှာစုံညီအစည်းအဝေးများသည် ညီလာခံနှင့် ဆင်တူသည်။ ၎င်းအစည်းအဝေးများသည် ဒေသလူထုကို ကိုယ်စားပြုပြီး ကျေးရွာနှင့် ကျေးရွာအုပ်စု ကော်မတီများကို ရွေးကောက်တင်မြှောက်ရန် တာဝန်ရှိသည်။ ထိုကော်မတီများက မြို့နယ်ညီလာခံများသို့ ကိုယ်စားလှယ်များ စေလွှတ်ပေးသည်။

## ညီလာခံများတွင် မည်သူများပါဝင်တက်ရောက်သနည်း။

ညီလာခံများတွင် မည်သူတို့ တက်ရောက်ပါဝင်နိုင်သည်ဟူသော စည်းကမ်းချက်များကို အဆင့်တိုင်းရှိ လက်ရှိ အမြဲတမ်းကော်မတီများက ချမှတ်ပေးသည်။ ထို့အတွက်ကြောင့် အခြေအနေအလိုက် တစ်နေရာနှင့် တစ်နေရာ ကွာခြားမှုများ ရှိနိုင်သည်။ မည်သို့ပင်ဆိုစေကာမူ အုပ်ချုပ်ရေး အောက်ခြေအဆင့်များကို ကိုယ်စားပြုနိုင်ခြင်းက ၎င်းတို့ကို တရားဝင်ဖြစ်စေသည့် အဓိကအချက်ပင်ဖြစ်သည်။ KNU ညီလာခံသည် ခရိုင် အားလုံးကို ကိုယ်စားပြုရန် ရည်ရွယ်သည့်အပြင် ခရိုင်ညီလာခံတွင်လည်း မြို့နယ်အားလုံးကို ကိုယ်စားပြုနိုင်ရန် ရည်ရွယ်သည်။ အလားတူပင် မြို့နယ်ညီလာခံများ၌ ကျေးရွာအုပ်စုနှင့် ကျေးရွာအားလုံးကို ကိုယ်စားပြုနိုင်ရန် ရည်ရွယ်ထားသည်။ ထို့အပြင် ညီလာခံသို့ တက်ရောက်လာသော ကိုယ်စားလှယ်များထဲမှ အနည်းဆုံး ထက်ဝက်ခန့်သည် ၎င်းတို့နှင့် သက်ဆိုင်ရာအဆင့်များတွင် တာဝန်ထမ်းဆောင်နေသူများ ဖြစ်ကြသည်။ ညီလာခံတိုင်းတွင် KNLA နှင့် KNDO မှ ကိုယ်စားလှယ်များ တက်ရောက်သော်လည်း KNU ထက် အရေအတွက်နည်းပါးသည်။

KNU နယ်မြေများတွင် နေထိုင်နေသည့် လူထုအပေါ် KNU ၏ ကိုယ်စားပြုမှု မည်မျှရှိသည်နှင့် ပတ်သက်ကာ သုတေသနများ ထပ်မံလုပ်ဆောင်ရန် လိုအပ်နေပါသေးသည်။ မည်သို့ပင်ဖြစ်စေ အစည်းအရုံးအတွင်းရှိ ရွေးကောက်တင်မြှောက်မှုလုပ်ငန်းစဉ်သည် အတိုင်းအတာတစ်ခုအထိ အင်တိုက်အားတိုက်ရှိပြီး အာဏာမျှခြေကို ထိန်းထားရန်နှင့် ခေါင်းဆောင်ပိုင်းအနေဖြင့် ဒေသအဆင့်ပြည်သူများနှင့် တပ်များကို ပိုမို ကိုယ်စားပြု နိုင်ရန် အခွင့်အလမ်းပေးထားသည်။

KNU ၏ ငါးကြိမ်မြောက်ညီလာခံကို ၂၀၁၂ ခုနှစ်တွင် နောက်ဆုံးကျင်းပခဲ့ပြီး မဲပေးပိုင်ခွင့်ရှိသူ ကိုယ်စားလှယ် ၁၇၁ ဦးနှင့် လေ့လာစောင့်ကြည့်သူ ၇၄ ဦး၊ စုစုပေါင်း ၂၄၅ ဦး ပါဝင်တက်ရောက်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ကျင်းပခဲ့သည့် ညီလာခံတွင်မူ ပါဝင်တက်ရောက်သူ ၁၃၀ ဦးသာ ရှိခဲ့ သည်။ ထိုသို့ကွာခြားရခြင်းမှာ ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေး မတိုင်မီ ပဋိပက္ခများဖြစ်ပွားနေချိန်တွင် သွားလာရေးခက်ခဲသောကြောင့်ဖြစ် သည်။ ဗိုလ်ချုပ်မြကေ အစည်းအရုံးကို အာဏာရှင်ပုံစံမျိုးနှင့် အုပ်ချုပ်ခဲ့သည့် ၁၉၇၄ နှင့် ၁၉၉၅ ကာလအတွင်းတွင် ညီလာခံများ မကျင်းပခဲ့ပေ။ ခရိုင်ညီလာခံများကို ၂၀၁၅ ခုနှစ်တွင် နောက်ဆုံးကျင်းပခဲ့သည်။ ဥပမာ မူတရောခရိုင်၏ ညီလာခံကို ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့ပြီး မဲပေးနိုင်သည့် ကိုယ်စားလှယ် ၈၂ ဦးနှင့် စောင့်ကြည့်လေ့လာသူ ၅၀ ဦး ပေါင်း ၁၃၂ ဦး တက်ရောက်ခဲ့သည်။ ထိုတက်ရောက်သည့် အထဲတွင် (မဲပေးနိုင်သူ ၄၂ ဦးအပါအဝင်) ၆၂ ဦးကို ခရိုင် အမြဲတမ်းကော်မတီနှင့် ဌာနဆိုင်ရာအကြီးအကဲများက ရွေးချယ်ခဲ့သည်။ ကျန် ပါဝင် တက်ရောက်သူများမှာ ခရိုင်အတွင်းရှိ မြို့နယ်သုံးခုမှ (ကိုယ်စားလှယ် ၁၀ ဦးအပါအဝင်) ၁၅ ဦး၊ KNLA မှ (ကိုယ်စားလှယ် ၁၀ ဦးအပါအဝင်) ၁၅ ဦးတို့ ဖြစ်သည်။

## ညီလာခံ၏ လုပ်ငန်းတာဝန်များ

ညီလာခံ၏ အရေးအကြီးဆုံးလုပ်ငန်းတာဝန်မှာ နောင်လာမည့် သက်တမ်းအတွက် အမြဲတမ်းကော်မတီများနှင့် အမှုဆောင်ကော်မတီများကို ရွေးကောက်တင်မြှောက်ပြီး ဌာနဆိုင်ရာအကြီးအကဲများ၊ တရားသူကြီးများနှင့် စစ်ဖက်ဆိုင်ရာအကြီးအကဲများကို ရွေးချယ်ပေးရန်ဖြစ်သည်။

[45] ဥပဒေအများစုကို တရားစီရင်ရေးဌာနမှ ပြင်ဆင်ရေးဆွဲပြီး၊ ဌာနဆိုင်ရာများက ၎င်းတို့နှင့်သက်ဆိုင်သည့် မူဝါဒများ ရေးဆွဲကာ အဆိုတင်သွင်းပြီး ညီလာခံ၏ သဘောတူညီမှုကို ခံယူလေ့ရှိကြသည်။

ရွေးချယ်တင်မြှောက်မှု လုပ်ငန်းအဆင့်ဆင့်ကို အောက်ဖော်ပြပါ သက်ဆိုင်ရာအပိုင်းများတွင် ဆွေးနွေးထားသည်။

ညီလာခံများသည် ရွေးကောက်တင်မြှောက်မှုများအပြင် လာမည့်နှစ်များအတွက် အစည်းအရုံး၏ မူဝါဒများနှင့် မဟာဗျူဟာဦးတည်ချက်များ ချမှတ်ရာ နေရာလည်းဖြစ်သည်။ KNU ညီလာခံကို ခရိုင်တစ်ခုချင်းစီ၏ နိုင်ငံရေးအခြေအနေနှင့် အခြားကိစ္စရပ်များ တင်ပြမှုကို ကြားနာခြင်းဖြင့် စတင်လေ့ရှိသည်။ ဗဟိုနှင့် ခရိုင်အဆင့်ရှိ ကော်မတီများနှင့် ဌာနဆိုင်ရာများက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ချက်များ၊ ဥပဒေများ၊ မူဝါဒများ နှင့် ဌာနဆိုင်ရာလက်စွဲစာအုပ်များနှင့် ပတ်သက်သည့် အပြောင်းအလဲများကို အဆိုပြုတင်သွင်းကြသည်။[46] ထို့အပြင် ညီလာခံသို့ အခြားအဆိုပြုချက်များ တင်သွင်းကြပြီး ၎င်းတို့ကို သဘောတူညီမှု ရှိ၊ မရှိ၊ ပြင်ဆင်လိုခြင်း ရှိ၊ မရှိ၊ ပယ်ချလိုခြင်း ရှိ၊ မရှိတို့ကို မဲခွဲဆုံးဖြတ်ကြသည်။ ဥပမာအနေဖြင့် နိုင်ငံရေးကိစ္စရပ်များတွင် အမျိုးသမီးများ၏ ပါဝင်မှုကို တိုးမြှင့်ရန်အတွက် (ဗဟိုနှင့် ခရိုင်အဆင့်တွင် အမျိုးသမီးပါဝင်ခွင့် ခွဲတမ်း ပေါ်ထွက်လာခြင်း) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ၂၀၁၂ ခုနှစ် ညီလာခံတွင် ဆုံးဖြတ်ခဲ့သည်။ ထို့အပြင် DKBA နှင့် ပြန်လည်ပေါင်းစည်းရေးဆိုင်ရာ မူဝါဒများကို ပြန်လည်သုံးသပ်ပြီး ထပ်လောင်းအတည်ပြုခြင်း၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီများလည်း ထူထောင်ခဲ့သည်။ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အကူပေးခြင်းတို့နှင့် ပတ်သက်သည့် ပိုမိုရှင်းလင်းသောမူဝါဒများကို ချမှတ်ရန် ဆုံးဖြတ်ခဲ့ကြသည်။ မြေယာနှင့် သစ်တောဆိုင်ရာ မူဝါများကို ပြန်လည်သုံးသပ်အတည်ပြုခဲ့ကြသော်လည်း လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဌာနအနေဖြင့် ထိုထက်ကောင်းမွန်အောင် လုပ်ဆောင်နိုင်မည်ဟု ထင်မှတ်သဖြင့် ထပ်မံသုံးသပ်ရန် ဆင့်ခေါ်ခဲ့သည်။

အစည်းအရုံး၏သမိုင်းတစ်လျှောက် ပထမဆုံး အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုကို လက်မှတ်ရေးထိုးပြီး ကိုးလအကြာတွင် KNU ၂၀၁၂ ညီလာခံကို ပြုလုပ်ခဲ့သဖြင့် နိုင်ငံရေးမဟာဗျူဟာနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့မှာ ညီလာခံအတွက် အရေးကြီးသော ခေါင်းစဉ်များ ဖြစ်ခဲ့ကြသည်။ များမကြာမီတွင်ပင် ဘားအံတွင် ဆက်ဆံရေးရုံး ဖွင့်မည့်ကိစ္စကို (အပိုင်း ၅ တွင် ကြည့်ပါ) အများနှင့်တိုင်ပင်ခြင်းမရှိဘဲ ဆုံးဖြတ်ခဲ့သဖြင့် ထိုအချိန်ခေါင်းဆောင်ပိုင်းက အကြီးတန်းအရာရှိကြီး သုံးဦးကို ထုတ်ပစ်ရန် ကြိုးစားခဲ့သည်။"နိုင်ငံရေးဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်အတွက် အရေးတကြီး ဆောင်ရွက်စရာများ ရှိနေသေးသည်.... ထိုသို့ နိုင်ငံရေးဆွေးနွေးမှုမလုပ်မီ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရယူရန် လိုအပ်ကြောင်း KNU အနေဖြင့် ယုံကြည်သည်" ဟုညီလာခံက ယေဘုယျ အတည်ပြုပြောဆိုခဲ့သည်။ KNU သည် အခြားတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ညီလာခံတွင် ပြောကြားခဲ့သည်။ ထို့အပြင် "ဒီမိုကရေစီစနစ် ထွန်းကားပြီး တိုင်းရင်းသားအားလုံးအတွက် သာတူညီမျှမှုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသော စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုတစ်ရပ် ပေါ်ပေါက်လာရေးအတွက်" လုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း ဆိုသည်။[47]

ထို့အပြင် DKBA၊ KPC နှင့် ကရင်နယ်ခြားစောင့်တပ်များ အပါအဝင် အခြား ကရင်လက်နက်ကိုင်အဖွဲ့အစည်းများနှင့် မဟာမိတ်ဖွဲ့ရေးကို ရေးရှုသည့် မူဝါဒတစ်ခုကိုလည်း ညီလာခံတွင် ချမှတ်ခဲ့သည်။ ထို့နောက်တွင် အဖွဲ့အားလုံးမှ ကိုယ်စားလှယ်များပါဝင်သော ကရင်လက်နက်ကိုင်အဖွဲ့အစည်းများအတွက် စည်းလုံးညီညွတ်ရေးကော်မတီကို ဖွဲ့စည်းခဲ့သည်။

မြို့နယ်ကိုယ်စားလှယ်များက ၎င်းတို့၏ နောက်ဆုံးအခြေအနေများ၊ အဓိကပူပန်မှုများ၊ ဦးစားပေးမှုများနှင့် လိုအပ်သော တုံ့ပြန်ဆောင်ရွက်မှုများကို ခရိုင်ညီလာခံများတွင် တင်ပြကြသည်။ ထို့အပြင် ဗဟိုအဆင့် မူဝါဒနှင့် လမ်းညွှန်ချက်များကို ဆွေးနွေးကြပြီး အကောင်အထည်ဖော်ရေး ကိစ္စရပ်များအတွက် အစီအစဉ်များ ချမှတ်ကြသည်။ ဝင်ငွေရှာဖွေခြင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ခြင်းစသည့် အဓိကလုပ်ငန်းစဉ်များအတွက် သဘောတူညီမှုများ ရယူပြီး ၎င်းတို့ကို အကောင်အထည်ဖော်ရာတွင် လိုအပ်မည့် ပို့ဆောင်ဆက်သွယ်ရေး၊အဆောက်အဦများ၊ ကော်မတီနှင့် လုပ်ငန်းအစီအစဉ်များ စသည်တို့ကို ရေးဆွဲကြသည်။

## အမြဲတမ်းကော်မတီများ၊ အမှုဆောင်ကော်မတီများနှင့် ဌာနဆိုင်ရာများ

အမြဲတမ်းကော်မတီများ၊ အမှုဆောင်ကော်မတီများနှင့် ဗဟို၊ ခရိုင် နှင့် မြို့နယ်အဆင့်များရှိ ဌာနဆိုင်ရာများသည် ညီလာခံ တစ်ခုနှင့် တစ်ခု အကြားကာလများရှိ အုပ်ချုပ်ရေးနှင့် နိုင်ငံရေးဆိုင်ရာ တာဝန်များကို ထမ်းဆောင်ရသည်။

[46] အုပ်ချုပ်ရေးဆိုင်ရာ အလေ့အထများကို လက်စွဲစာအုပ်များတွင် အသေးစိတ်ဖော်ပြလေ့ရှိကြသည်။ ၎င်းတို့သည် မူဝါဒများနှင့် မတူဘဲ ပိုမိုအတွင်းကျကျ ရေးသားထားလေ့ရှိသည်။

[47] နောက်ဆက်တွဲ ၁ ကိုကြည့်ပါ။

## အမြဲတမ်းကော်မတီများနှင့် အမှုဆောင်ကော်မတီများ၏ ဖွဲ့စည်းပုံနှင့် ရွေးကောက်တင်မြှောက်ပုံ

ညီလာခံတွင် အမြဲတမ်းကော်မတီများကို ပထမဦးဆုံး ရွေးကောက်တင်မြှောက်ပြီး ၎င်းတို့သည် ဆိုင်ရာကဏ္ဍများအတွက် အမြင့်ဆုံး လုပ်ပိုင်ခွင့်ရှိသူများ ဖြစ်ကြသည်။ ဗဟိုအမြဲတမ်းကော်မတီတွင် ကိုယ်စားလှယ် အနည်းဆုံး ၄၅ ဦး ပါဝင်ပြီး ခရိုင်နှင့် မြို့နယ် အမြဲတမ်းကော်မတီများတွင် ကိုယ်စားလှယ် အနည်းဆုံး ၂၁ ဦး ပါဝင်သည်။[48] အမြဲတမ်းကော်မတီတိုင်းတွင် ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး နှစ်ဦး စသည်ဖြင့် ခေါင်းဆောင်ငါးဦး ပါရှိသည်။ ၎င်းတို့သည် သက်ဆိုင်ရာ အမှုဆောင်ကော်မတီများတွင်လည်း အလားတူရာထူးကို ယူကြရသည် (အောက်တွင် ဆန်းစစ်ထားပါသည်)။ အမြဲတမ်းကော်မတီများသည် ညီလာခံများကဲ့သို့ပင် မဲဆန္ဒနယ်ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စု တို့ကို ကိုယ်စားပြုရန် ရည်ရွယ်သည်။ ထို့အတွက်ကြောင့် ဒေသမျိုးစုံရှိ ခေါင်းဆောင်များအကြားတွင် သဘောတူညီမှုများ တည်ဆောက်ရန် အရေးကြီးသည်။ အမြဲတမ်းကော်မတီတိုင်းတွင် အမျိုးသမီးအဖွဲ့ဝင် အနည်းဆုံး သုံးဦး ထည့်သွင်းဖွဲ့စည်းရမည်ဖြစ်သည်။

ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွက် ညီလာခံကိုယ်စားလှယ်များအားလုံးသည် မူအရ ကော်မတီရာထူးများအတွက် ကိုယ်တိုင်ရွေးကောက်ပွဲဝင်ခြင်း၊ အခြားသူများကို အဆိုပြုခြင်းများ ပြုလုပ်နိုင်သည်။ ထိုအဆိုပြုချက်များကို နောက်ထပ် ကိုယ်စားလှယ်နှစ်ဦးက ထောက်ခံချက်ပေးမှသာလျှင် အတည်ဖြစ်သည်။ သတ်မှတ်ထားသည့် အဆိုပြုအရေအတွက် (ခရိုင်အဆင့်အတွက် ၃၀ ဦးသတ်မှတ်ထားပြီး ဗဟိုအဆင့်အတွက် သတ်မှတ်ထားသော အရေအတွက်ကို မသိပါ) ပြည့်သွားပါက အထက်တွင်ဖော်ပြထားသော ကော်မတီခေါင်းဆောင် ငါးဦး အပါအဝင် ကော်မတီကို လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်တင်မြှောက်သည်။ ထိုလျှို့ဝှက်မဲပေးစနစ်အတွက် လုပ်ထုံးလုပ်နည်းများကို လက်ရှိအမြဲတမ်းကော်မတီက ဆုံးဖြတ်သည်။ ထိုလုပ်ထုံးလုပ်နည်းများကို ဤသုတေသနအတွက် ထည့်သွင်းရေးသားထားခြင်း မရှိပါ။ ၂၀၁၂ ခုနှစ် ခေါင်းဆောင်ပိုင်းရွေးချယ်မှုတွင်မဲများကိုရေတွက်ပြီးပြီးချင်းမီးရှို့ဖျက်ဆီးခဲ့သဖြင့် နောက်တစ်ကြိမ်မဲရေတွက်ရန်မဖြစ်နိုင်တော့သောကြောင့်အငြင်းပွားဖွယ်ဖြစ်သွားခဲ့သည်။ အထူးသဖြင့် ထိုရွေးကောက်ပွဲအပြီးတွင် ခေါင်းဆောင်ပိုင်းအပြောင်းအလဲ သိသိသာသာဖြစ်သွားပြီး အတွင်းအုပ်စုက အဓိကရာထူးများကို ပထမဆုံးအကြိမ် ရရှိသွားခဲ့သောကြောင့်ဖြစ်သည်။ (အပိုင်း ၅ တွင်ကြည့်ပါ)

အမြဲတမ်းကော်မတီများ၏ ခေါင်းဆောင်ငါးဦးသည် ၎င်းတို့အဆင့်ရှိ အမြင့်ဆုံး အလုပ်အမှုဆောင်ရာထူးကို အလိုအလျောက်ယူကြသည်။ ဗဟိုအဆင့်တွင် ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် တွဲဘက်အတွင်းရေးမှူး နှစ်ဦးတို့ ဖြစ်ကြသည်။[49] ခရိုင်နှင့် မြို့နယ်အဆင့်များတွင် ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဘက်အတွင်းရေးမှူးများ ဖြစ်သည်။[50] ထိုခေါင်းဆောင်အဖွဲ့ဝင်များက အမှုဆောင်ကော်မတီဖွဲ့စည်းရန် အခြားအဖွဲ့ဝင်များကို ဖိတ်ခေါ်သည်။ သို့ရာတွင် ယခင်ဖွဲ့စည်းထားသော အမြဲတမ်းကော်မတီ၏ သဘောတူညီမှုကိုလည်း ရယူရန်လိုသည်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီတွင် အဖွဲ့ဝင် ၁၁ ဦး ပါရှိပြီး ခရိုင်နှင့် မြို့နယ် အလုပ်အမှုဆောင်ကော်မတီများတွင် အဖွဲ့ဝင် ၉ ဦး ပါရှိသည်။ ၎င်းကော်မတီများရှိ ခေါင်းဆောင်များသည် KNLA ၏ general officer commanding - GOC ကို ရာထူးမှုဆင်းပေးမည့် GOC ၏ အကြံပြုထောက်ခံချက်ပေါ်မူတည်ကာ ခန့်အပ်သည်။

ဓလေ့ထုံးတမ်းများသည်လည်း ရွေးကောက်ပွဲ၏ အမှန်တကယ်ရလဒ်များအပေါ် များစွာ အကျိုးသက်ရောက်မှုရှိသည်။ ပထမဆုံးအနေဖြင့် KNLA သည်အဆင့်တိုင်းတွင် မပြောင်းမလဲ ကိုယ်စားပြုခွင့် ရရှိသည်။ တပ်ရင်းမှူးများက မြို့နယ်ဒု-ဥက္ကဋ္ဌရာထူး၊ တပ်မဟာမှူးများကခရိုင် ဒု-ဥက္ကဋ္ဌရာထူး အသီးသီး ရယူကြပြီး GOC နှင့် ဒုတိယစစ်ဦးစီးချုပ်တို့ကို ဗဟိုအလုပ်အမှုဆောင်ကော်မတီအတွင်းသို့ ဖိတ်ခေါ် ထည့်သွင်းကြရသည်။ မူးတရောခရိုင်၏ ခရိုင်အလုပ်အမှုဆောင် ကော်မတီတွင်မူ KNLA တပ်မဟာမှ နှစ်ဦး ပိုမိုပါရှိသည်။ အခြားခရိုင်များတွင် အလားတူအဖြစ်မျိုးရှိ၊ မရှိကိုမူ မသိပါ။ ထို့အပြင် အချို့ရာထူးနေရာများအတွက် မည်သူ့ကို ခန့်အပ်မည်ဆိုသည်ကို နောက်ကွယ်ဆွေးနွေးမှုများမှတစ်ဆင့်၊ ညီလာခံ မတိုင်မီ အချိန်အတွင်း ကြိုတင်ဆုံးဖြတ်ထားပြီးဖြစ်သည့်အတွက် တကယ့်အချိန်သို့ရောက်လာသောအခါတွင် အငြင်းပွားမှုများ ဖြစ်ပေါ်လေ့မရှိဘဲ ပြီးဆုံးသွားလေ့ရှိသည်။

ထို့နောက်တွင် အလုပ်အမှုဆောင်ကော်မတီ၏ ခေါင်းဆောင်မှုအောက်တွင် ကဏ္ဍတစ်ခုချင်းစီအား စီမံအုပ်ချုပ်မည့် ဌာနအကြီးအကဲများကို အလုပ်အမှုဆောင်ကော်မတီက အဆိုပြုပြီး ထိုဌာနအကြီးအကဲများက ၎င်းတို့ဌာနများအတွက် အတွင်းရေးမှူးများကို အဆိုပြုကြသည်။ ၎င်းအဆိုပြုခံရသူများကို သက်ဆိုင်ရာ အမြဲတမ်းကော်မတီ၏ သဘောတူညီချက်ဖြင့် ခန့်အပ်ကြသည်။ ဗဟိုအဆင့်တွင် အောက်ပါဌာန ၁၄ ခုရှိသည်-

---

[48] ထိုအရေအတွက်များကို ဖွဲ့စည်းပုံဥပဒေတွင် သတ်မှတ်ထားသော်လည်း လိုအပ်ပါက ထပ်မံတိုးမြှင့်ခန့်ထားနိုင်သည်။ အမြဲတမ်းကော်မတီ၏ တရားဝင်ကြေညာချက်ဖြင့် အဖွဲ့ဝင် ၄၅ ဦးကို ၂၀၁၅ ခုနှစ်တွင် ရွေးကောက်တင်မြှောက်ခဲ့ပြီး ၂၀၁၃ -၂၀၁၄ တွင် ၄၈ ဦးအစည်းအဝေးတက်ရောက်ခဲ့ကာ ၂၀၁၄-၂၀၁၅ တွင် ၅၀ ဦး တက်ရောက်ခဲ့သည်။

[49] The President is sometimes referred to as Chairperson in English, but this is rare of late.

[50] တရားဝင်အားဖြင့် တွဲဘက်အတွင်းရေးမှူး နှစ်ဦးသတ်မှတ်ထားသော်လည်း အချို့ခရိုင်များတွင် အမှန်တကယ်လှုပ်ရှားလုပ်ကိုင်နေသော တွဲဘက်အတွင်းရေးမှူး တစ်ဦးသာရှိသည်။

- စိုက်ပျိုးရေး
- မဟာမိတ်ရေးရာများ
- မွေးမြူရေးနှင့် ငါးလုပ်ငန်း [51]
- ကာကွယ်ရေး
- ပညာရေး
- ဘဏ္ဍာရေးနှင့် အခွန် (တစ်ခါတစ်ရံတွင်ငွေတိုက်ဟု ခေါ်သည်)
- နိုင်ငံခြားရေး
- သစ်တော
- ပြည်ထဲရေးနှင့် ဘာသာရေး
- တရားစီရင်ရေး
- သတ္တုတွင်း
- စည်းရုံးရေးနှင့် ပြန်ကြားရေး
- ကျန်းမာရေးနှင့် လူမှုဖူလုံရေး
- ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး

နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ တရားစီရင်ရေး[52] နှင့် ပြည်ထဲရေးနှင့် ဘာသာရေးဌာနများသည် ဗဟိုအဆင့်တွင်သာ ရှိသည်။ ကာကွယ်ရေးဌာန၏ အကြီးအကဲသည် အရပ်သားဖြစ်ပြီး ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဖြစ်ရန်လိုအပ်သည်။ အဆင့်တိုင်းရှိ အမှန်တကယ်လုပ်ဆောင်ချက်များပေါ် မူတည်ကာ ဌာနများအကြား အနေအထားကွဲပြားမှု ရှိသည်။

## အမြဲတမ်းကော်မတီ၏ လုပ်ငန်းတာဝန်များ

အမြဲတမ်းကော်မတီများသည် အမြင့်ဆုံးလုပ်ပိုင်ခွင့်ရှိသူများဖြစ်ကြပြီး ၎င်းတို့တာဝန်ယူထားသော ကာလအတွင်းတွင် ခေါင်းဆောင်များအကြား သဘောတူညီမှုရရှိအောင် တည်ဆောက်ရသည့် အဓိကအဖွဲ့အစည်းဖြစ်သည်။ အမြဲတမ်းကော်မတီ၏ ပုံမှန်အစည်းအဝေးကို နှစ်စဉ်ကျင်းပပြီး အရေးတကြီးကိစ္စရပ်များ ပေါ်ပေါက်လာပါက အရေးပေါ်အစည်းအဝေး ခေါ်ယူနိုင်သည်။

ဗဟိုအမြဲတမ်းကော်မတီ၏ နှစ်စဉ်အစည်းအဝေးကို ရှေ့အစည်းအဝေးများနှင့် ညီလာခံများတွင် ချမှတ်ခဲ့သော အဓိကဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ်ခြင်းဖြင့် စတင်လေ့ရှိသည်။ ထို့နောက်တွင် ခရိုင်များနှင့် ဗဟိုတို့က ၎င်းတို့ ကြုံတွေ့နေရသည့် အဓိကစိန်ခေါ်မှုများနှင့် တိုးတက်မှုဆိုင်ရာ နောက်ဆုံးအခြေအနေများကို အစီရင်ခံကြသည်။ အမြဲတမ်းကော်မတီများသည် တရားဝင်မူဝါဒများကို ပြင်ဆင်ခွင့်ရှိသော်လည်း ယခင်ညီလာခံများမှ ချမှတ်ခဲ့သည့် မူဝါဒများ၊ ရပ်တည်ချက်များ နှင့် မဟာဗျူဟာများအတိုင်း ယေဘုယျအားဖြင့် တူညီရန်လိုသည်။ အလုပ်အမှုဆောင်ကော်မတီဝင်များကအဆိုတင်သွင်းလာသောအချို့ကိစ္စရပ်များနှင့်လုပ်ငန်းစဉ်များအပေါ်လည်းဆုံးဖြတ်ချက်ချပေးနိုင်သည်။ မကြာသေးမီနှစ်များအတွင်း ဗဟိုအမြဲတမ်းကော်မတီ၏ နှစ်စဉ်အစည်းအဝေးများတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပြောင်းလဲနေသော နိုင်ငံရေး၊ လုံခြုံရေးနှင့် စီးပွားရေး အခြေအနေများအကြောင်းကို အထူးအလေးပေး ဆွေးနွေးလာကြသည်။ ထိုအစည်းအဝေးများတွင် ခရိုင်နှင့် ဗဟိုခေါင်းဆောင်များ၏ အမြင်များ၊ အခွင့်အလမ်းများနှင့် တွေ့ကြုံနေရသော စိန်ခေါ်မှုများကိုဝေမျှခြင်း၊ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုစာချုပ်များကို ခွင့်မပြုမီ ဆန်းစစ်ခြင်း၊ ငြိမ်းချမ်းရေးစကားဝိုင်းများနှင့် တိုင်းရင်းသားလက်နက်ကိုင် ထိပ်သီးတွေ့ဆုံပွဲများတွင် ပါဝင်ရေး ကိစ္စများအား ဆုံးဖြတ်ချက် ချမှတ်ခြင်းတို့ ပြုလုပ်ကြသည်။ ထို့အပြင် လတ်တလောကျင်းပခဲ့သော ဗဟိုအမြဲတမ်းကော်မတီ၏ နှစ်စဉ်အစည်းအဝေး၌ ပညာရေး၊ လူသားချင်းစာနာမှုဆိုင်ရာ အထောက်အကူများ၊ မီဒီယာနှင့် ဆက်ဆံရေး စသည်တို့ အပါအဝင် ကိစ္စရပ်များအတွက် မူဝါဒများ ပြဋ္ဌာန်းခဲ့သည်။ ထိုမူဝါဒများကို နောက်လာမည့် ညီလာခံတွင် ပြင်ဆင် အတည်ပြုသွားနိုင်ချေလည်း ရှိသည်။ ပြီးခဲ့သော အမြဲတမ်းကော်မတီ အစည်းအဝေးများတွင် ဖွံ့ဖြိုးရေးကိစ္စများ၊ အထူးသဖြင့် အစိုးရနှင့် ပုဂ္ဂလိကကုမ္ပဏီများ၏ မြေယာသိမ်းဆည်းမှုများနှင့် သက်ဆိုင်သော ကိစ္စရပ်များကို အထူးအလေးထား ဆွေးနွေးခဲ့ကြသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ခရိုင်များအကြား တူညီသော စိုးရိမ်ပူပန်မှုများ ပေါ်ပေါက်လာသဖြင့် စိုက်ပျိုးရေးဌာနက ရေးဆွဲထားသော မြေယာမှတ်ပုံတင်သည့် စနစ်အသစ်ကို ခရိုင်အားလုံးတွင် အကောင်အထည်ဖော်ရန် သဘောတူညီခဲ့သည်။ ထိုစနစ်အကြောင်းကို နောက်ဆက်တွဲ ၁ တွင်ဖြစ်ရပ်သာဓကဖြင့် အတွင်းကျကျလေ့လာထားပါသည်။

အကြိတ်အနယ် နိုင်ငံရေးညှိနှိုင်းမှုများနှင့် အစည်းအရုံးအတွင်း ဆက်ဆံရေးတင်းမာမှုများကြောင့် ၂၀၁၂ ခုနှစ် KNU ညီလာခံမှ ယနေ့အချိန်အတွင်း ဗဟိုအမြဲတမ်းကော်မတီ အရေးပေါ်အစည်းအဝေးကို ငါးကြိမ်ထက်မနည်း ခေါ်ဆိုခဲ့ရသည် (အပိုင်း ၅ တွင် ဆွေးနွေးထားပါသည်)။ အခြေခံအားဖြင့် ထိုအစည်းအဝေးများကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အခြား EAOs များနှင့် မဟာမိတ်ဖွဲ့မှုများကဲ့သို့သော အဖွဲ့အစည်းပြင်ပရေးရာ ကိစ္စရပ်များအတွက် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ဥပမာ - KNU သည် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီမှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့သဖြင့် ထိုဆုံးဖြတ်ချက်ကို ပြန်လည်ဆန်းစစ်ရန်နှင့် အခြားကရင်လက်နက်ကိုင်အဖွဲ့အစည်းများနှင့် မဟာမိတ်ပြုခြင်းဆိုင်ရာ

[51] တစ်ခါတစ်ရံတွင် ၎င်းဌာန၏ အမည်ဟောင်း "ငါးလုပ်ငန်း၊ မွေးမြူရေးနှင့် စိုက်ပျိုးရေး"ကို ခေါ်ဝေါ်သုံးစွဲနေဆဲဖြစ်သည်။

[52] တရားစီရင်ရေးဌာနကို တစ်ခါတစ်ရံတွင် အောက်ဘက်အဆင့်များ၌လည်း တွေ့ရသည်။ သို့သော်တရားဝင်အရ (ဌာန၏အဆိုအရ) အောက်ခြေအဆင့်များရှိ တရားစီရင်ရေးသည် သီးခြားရပ်တည်နေခြင်းဖြစ်ပြီး ဌာန၏ ခေါင်းဆောင်မှုအောက်တွင် မရှိပေ။

အစည်းအရုံး၏မူဝါဒများကို ထပ်လောင်းအတည်ပြုရန် အရေးပေါ်အစည်းအဝေးတစ်ရပ်ကို ၂၀၁၄ ခုနှစ်တွင် ကျင်းပခဲ့သည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ကို KNU နှင့် အခြား EAOs ၁၅ ဖွဲ့တို့မှ ညှိနှိုင်းသူများ က ၂၀၁၅ ခုနှစ်၊ ဧပြီလတွင်သဘောတူအပြီးတွင်ထိုဆုံးဖြတ်ချက်ကိုဆန်းစစ်ရန်နှင့်KNUအတွင်းစည်းလုံးမှုရှိကြောင်းကိုအသေအချာထပ်လောင်းအတည်ပြုရန် အရေးပေါ်အစည်းအဝေးတစ်ရပ်ကို ခေါ်ယူခဲ့သည်။ NCA တွင်ပါဝင်သော အချက်များကို အသေအချာဆန်းစစ်အပြီးတွင် အစိုးရအားဖော်ထုတ်တင်ပြရန်လိုသည့် အချက် ခုနစ်ချက်ကို တွေ့ရှိ သဘောတူညီခဲ့ကြသည်။ ထို့အပြင် ဝပြည်သွေးစည်းညီညွတ်ရေးပါတီ (United Wa State Party) မှ ကြီးမှူးကျင်းပမည့် တိုင်းရင်းသားလက်နက်ကိုင်များ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ပြီး NCA လက်မှတ်ရေးထိုးရေး ကိစ္စများကို ဆွေးနွေးရန်လည်း ဆုံးဖြတ်ခဲ့သည်။ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လတွင် အစိုးရအားအချက် ခုနစ်ချက် တင်ပြပြီးနောက်တွင် အမြဲတမ်းကော်မတီ အရေးပေါ်အစည်းအဝေးကို ထပ်မံခေါ်ဆိုခဲ့သည်။ ထိုအစည်းအဝေးတွင် KNU အနေဖြင့် NCA တွင် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း အတည်ပြု သဘောတူညီခဲ့ကြသည်။

ခရိုင်နှင့် မြို့နယ်အဆင့်များရှိ အမြဲတမ်းကော်မတီအစည်းအဝေးများအကြောင်းကို ဤစာတမ်းအတွက် သုတေသန ထည့်သွင်းပြုလုပ်ထားခြင်း မရှိပါ။ ၎င်းအဆင့်များရှိအစည်းအဝေးများကိုလည်း နှစ်စဉ် သို့မဟုတ် အရေးပေါ်အခြေအနေ ရှိလာတိုင်း ခေါ်ယူကျင်းပလေ့ရှိပါသည်။

## ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များ

KNU ဥက္ကဋ္ဌသည် အစည်းအရုံး၏ အမြင့်ဆုံးပုဂ္ဂိုလ်ဖြစ်ပြီး အုပ်ချုပ်ရေးနှင့် နိုင်ငံရေးကိစ္စများကို ဦးဆောင်သည်။ ဥက္ကဋ္ဌသည် နိုင်ငံရေးမဟာဗျူဟာနှင့် အဖွဲ့အစည်းပြင်ပဆက်ဆံရေးတို့တွင် ဦးဆောင်ခြင်း၊ ကိုယ်စားလှယ်အဖွဲ့များကို ဦးဆောင်ခြင်းနှင့် ကရင်အမျိုးသားအခမ်းအနားများတွင် မိန့်ခွန်းပြောကြားခြင်းများ ပြုလုပ်ကြောင်း တွေ့မြင်နိုင်သည်။ ယင်းသည် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များကို လုပ်ငန်းတာဝန်များ ခွဲဝေပေးခြင်းနှင့် ဦးဆောင်ခြင်းများလည်း ပြုလုပ်ရသည်။ ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌမရှိသည့် အချိန်များတွင် ၎င်း၏ကိုယ်စား တာဝန်ထမ်းဆောင်ခြင်းနှင့် ဥက္ကဋ္ဌမှပေးအပ်သော တာဝန်နှင့် ဝတ္တရားများကို ဆောင်ရွက်ခြင်းတို့ လုပ်ကိုင်ရသည်။

အလုပ်အမှုဆောင်ကော်မတီတွင် အထွေထွေအတွင်းရေးမှူးသည် အလုပ်အများဆုံးဖြစ်သည်။ အထူးသဖြင့် ဌာနဆိုင်ရာများ၏ လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ခြင်းနှင့် ၎င်းကို စီမံခန့်ခွဲခြင်း စသည်တို့ကို လုပ်ဆောင်ရသည်။ ဌာနများသည် အထွေထွေအတွင်းရေးမှူးရုံးခန်းသို့ သတင်းပို့ရသည်။ အတွင်းရေးမှူးသည် ဗဟိုအဆင့်ရှိ ဌာနများသို့ ဘတ်ဂျက်ခွဲဝေ ချထားမှုကိုလည်း စီမံခန့်ခွဲရသည်။ ထို့အပြင် မူဝါဒပိုင်းဆိုင်ရာ အပြောင်းအလဲများ၊ အုပ်ချုပ်ရေးဆိုင်ရာ အလေ့အထသစ်များ၊ စိန်ခေါ်မှုသစ်များအတွက် သတိပေးမှုများနှင့် အခြားကိစ္စရပ်များ ရှိပါက ခရိုင်၊ မြို့နယ်များနှင့် KNLA တို့ထံ အကြောင်းကြားစာများ ပုံမှန်ရေးသားပေးပို့ရသည်။ ထိုသို့ အထွေထွေအတွင်းရေးမှူးသည် de facto ဝန်ကြီးချုပ်တစ်ဦးကဲ့သို့ လက်ရှိအုပ်ချုပ်ရေး၏ နေ့စဉ်လုပ်ငန်းများကို တာဝန်ယူလုပ်ဆောင်ရသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် အနည်းဆုံး သုံးလတစ်ကြိမ်တွေ့ဆုံသည်။ အရေးကြီးဆုံးဖြတ်ချက်များသည် ဗဟိုအမြဲတမ်းကော်မတီနှင့် ညီလာခံတို့၏ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်ဖြစ်ပြီး အနည်းဆုံး အလုပ်အမှုဆောင် ကော်မတီဝင် ခုနစ်ဦး၏ သဘောတူခွင့်ပြုချက်လည်း ရှိရမည်ဖြစ်သည်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် မူဝါဒများရေးဆွဲပြီး ဗဟိုအမြဲတမ်းကော်မတီ သို့မဟုတ် ညီလာခံသို့ အဆိုပြုတင်ပြနိုင်သလို ဌာနဆိုင်ရာများ၏ ရှေ့လုပ်ငန်းစဉ်များကိုလည်း ဖော်ဆောင်နိုင်သည်။

စစ်ဦးစီးချုပ်ဟောင်းများမှ KNU ဥက္ကဋ္ဌ ဖြစ်လာခြင်းမျိုး မကြာခဏတွေ့ရလေ့ရှိပြီး ယနေ့အချိန်အထိ အမျိုးသမီးဥက္ကဋ္ဌ တစ်ဦးတစ်ယောက်မျှ မရှိသေးပေ။ လက်ရှိ ဒု-ဥက္ကဋ္ဌ ဖဒိုနော်စီဖိုးရာစိန်မှာ KNU သမိုင်းတွင် အမြင့်ဆုံးရာထူးရရှိဖူးသည့် အမျိုးသမီးဖြစ်သည်။
အောက်ပါပုဂ္ဂိုလ်များသည် ဗဟိုအလုပ်အမှုဆောင်ကော်မတီတွင် ၂၀၁၂ ခုနှစ်မှစတင်ကာ အမှုထမ်းလျက်ရှိသည် -

## ပုံ ၁ - KNU အလုပ်အမှုဆောင်ကော်မတီ (၂၀၁၅ ခုနှစ် အောက်တိုဘာတွင် တွေ့ရှိချက်)

၁။ ဖဒိုမူတူးစေးဖိုး (ဥက္ကဋ္ဌ)
၂။ ဖဒိုနော်စီဖိုးရာစိန် (ဒု-ဥက္ကဋ္ဌ)
၃။ ဖဒိုစောကွယ်ထူးဝင်း (အထွေထွေအတွင်းရေးမှူး)
၄။ ဖဒိုစောသောသီဘွယ် (တွဲဘက်အတွင်းရေးမှူး - ၁)
၅။ ဖဒိုမန်းမန်း (တွဲဘက်အတွင်းရေးမှူး -၂)

၆။ ဗိုလ်ချုပ်စောဂျော်နီ (KNLA ၏ general officer commanding)[53]
၇။ ဗိုလ်ချုပ်စောဘော်ကျော်ဟဲ (KNLA ၏ ဒုတိယ စစ်ဦးစီးချုပ်)
၈။ ဖဒိုရော်ဂျာခင် (ကာကွယ်ရေးဌာန အကြီးအကဲ)
၉ ။ ဖဒိုစောသမိန်ထွန်း
၁၀။ ဖဒိုမန်းငြိမ်းမောင်
၁၁။ ဖဒိုတဒိုးမူး (ဗဟိုစီးပွားရေးကော်မတီခေါင်းဆောင်)

## ဗဟိုဌာနများ၏ လုပ်ငန်းတာဝန်များ

ဗဟိုဌာနများသည် တာဝန်ချထားပေးသော ကဏ္ဍအလိုက် အဖွဲ့အစည်းများတွင် အမြင့်ဆုံးဖြစ်သည်။ ကာကွယ်ရေး၊ နိုင်ငံခြားရေး၊ တရားစီရင်ရေးနှင့် မဟာမိတ်ရေးရာ ဌာနများမှအပ အခြားဌာနများသည် ခရိုင်နှင့် မြို့နယ်အဆင့်ရှိ ဌာနခွဲများကို ကြီးကြပ်ကွပ်ကဲရသည်။ ထိုသို့ ကွပ်ကဲရာတွင် ပေါ်လစီများနှင့် လုပ်နည်းဆိုင်ရာ လက်စွဲစာအုပ်များ ချထားပေးခြင်း၊ အောက်အဆင့်များမှ ကိုယ်စားလှယ်များနှင့် နစ်စဉ်အစည်းအဝေးများ၊ သင်တန်းများ ပြုလုပ်ခြင်း၊ ၎င်းတို့၏ လှုပ်ရှားလုပ်ကိုင်မှုများကို စောင့်ကြည့်ဆန်းစစ်ခြင်းများ ပြုလုပ်ကြသည်။ အချို့အခြေအနေများတွင် ရန်ပုံငွေများ ခွဲဝေချထားပေးခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်မှုများကို စောင့်ကြည့်လေ့လာခြင်းများပြုလုပ်သော်လည်း ထိုအလေ့အထများမှာ ဌာနတိုင်းတွင် မရှိပေ။

ဌာနဆိုင်ရာ မူဝါဒနှင့် လက်စွဲစာအုပ်များကို ဗဟိုအဆင့်ဌာနအရာရှိများက ပြုစုကြသည်။ ထိုသို့ ပြုစုရာတွင် နစ်စဉ်အစည်းအဝေးများမှတစ်ဆင့် ခရိုင်ဌာနများနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ကြပြီးနောက် ဗဟိုအမြဲတမ်းကော်မတီနှင့် ညီလာခံ၏ ခွင့်ပြုချက်ရယူရန် တင်သွင်းကြရသည်။ မူဝါဒများတွင် တိကျသောညွှန်းကိန်းများဖြင့် ရည်ရွယ်သတ်မှတ်ချက်များထက် ကျယ်ပြန့်သော အခြေခံအချက်များနှင့် ရည်မှန်းချက်များသာ ပါဝင်တတ်သည်။ နည်းလမ်းလက်စွဲစာအုပ်များတွင် အဆင့်ဆင့်ရှိဝန်ထမ်းများ၏ တာဝန်နှင့် ဝတ္တရားများကို သတ်မှတ်ပေးသည့် ပိုမိုအသေးစိတ်ကျသော ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများ ပါဝင်သည်။

မူဝါဒ၊ လုပ်ထုံးလုပ်နည်းအသစ်များနှင့် ပတ်သက်သော သင်တန်းများကို ထုံးစံအားဖြင့် ဗဟိုဌာနများမှ ခရိုင်အဆင့်ဌာနများသို့ ပေးလေ့ရှိပြီး ခရိုင်ဌာနက မြို့နယ်နှင့် လိုအပ်လျှင် ကျေးရွာအုပ်စုအထိ ပြန်လည်ပို့ချပေးရသည်။ အချို့ဌာနများသည် ကဏ္ဍချင်းတူညီနေမှုများ ရှိပါက ၎င်းတို့၏ နစ်စဉ်အစည်းအဝေးများသို့ အခြားဌာနများမှ ဝန်ထမ်းများကို ဖိတ်ကြားလေ့ရှိကြသည်။ ဥပမာ - စိုက်ပျိုးရေးဌာနနှင့် သစ်တောဌာနတို့သည် တစ်ဖွဲ့အစည်းဝေးသို့ တစ်ဖွဲ့တက်ကြသလို တရားရေးဌာနနှင့် ရဲတပ်ဖွဲ့ကိုကြီးကြပ်ရသော ပြည်ထဲရေးနှင့် သာသနာရေးဌာနတို့မှာလည်း အလားတူပင်ဖြစ်သည်။

## ပုံ ၂ - ဌာနဆိုင်ရာအကြီးအကဲများ (၂၀၁၅ ခုနှစ် နှစ်လယ်ပိုင်းတွင် တွေ့ရှိချက်)

ဖဒိုမန်းဘထွန်း - သစ်တောဌာန
ဖဒိုကောကစာစောနေဦး - ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဌာန
ဖဒိုစောအယ်ကလူရွှေဦး - ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန
ဖဒိုစောလှထွန်း - စည်းရုံးရေးနှင့် ပြန်ကြားရေးဌာန
ဖဒိုစောလာဆေး - ပညာရေးနှင့် ယဉ်ကျေးမှုဌာန
ဖဒိုစောမြမောင် - မွေးမြူရေးနှင့် ငါးလုပ်ငန်းဌာန
ဖဒိုစောရော်ဂျာခင် - ကာကွယ်ရေးဌာန
ဖဒိုစောကယ်လေ - သတ္တုတွင်းဌာန
ဖဒိုစောအယ်ကလူဆေး - တရားစီရင်ရေးဌာန
ဖဒိုစောဒေးဗစ်သာကဘော - မဟာမိတ်ရေးရာဌာန
ဖဒိုစောအောင်ဝင်းရွှေ - နိုင်ငံခြားရေးဌာန
ဖဒိုစောအာတိုး - ပြည်ထဲရေးနှင့် သာသနာရေးရာဌာန
ဖဒိုစောခေးဆား - ဘဏ္ဍာရေးနှင့် အခွန်ဌာန
ဖဒိုလာဆေး (ခေတ္တအကြီးအကဲ) - စိုက်ပျိုးရေးဌာန

[53] KNLA စစ်ဦးစီးမှူးများကိုပေးသော ရာထူးများမှာ မတူကြပေ။ general officer commanding ကိုတစ်ခါတစ်ရံတွင် commander in chief ဟုလည်း သုံးသည်။

KNU ပညာရေးနှင့် ယဉ်ကျေးမှုဌာန (KED) နှင့် ပြည်တွင်းNGO များ ပူးပေါင်းကာ ရပ်ရွာကျောင်း ၁၅၀၄ ကျောင်းနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၆၇,၅၇၄ ဦးကို အထောက်အပံ့ပေးထားပြီး ဆရာ၊ ဆရာမ ၄၅၂၉ ဦးအတွက်လည်း လစာထောက်ပံ့ကြေးများ ပေးခဲ့သည်။[54] KED တွင် ကရင်ဘာသာသီးသန့်ဖြင့် ပြုစုထားသော သင်ရိုးညွှန်းတမ်းရှိပြီး ၎င်းကို ကျောင်းပေါင်း ၂၈၅ ကျောင်းက တစ်ခုတည်းသော သင်ရိုးညွှန်းတမ်း အဖြစ် အသုံးပြုခဲ့ပြီး ၅၅၃ ကျောင်းက အစိုးရသင်ရိုးညွှန်းတမ်းဖြင့် တွဲဖက်သင်ကြားနေသည်။KNU ၏ ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာနသည် လူဦးရေ ၁၉၀,၀၀၀ ခန့်ကို ဆေးခန်း ၆၁ ခန်း၊ ကျန်းမာရေးလုပ်သား ၇၀၀ ကျော်ဖြင့် ကုသပေးခဲ့သည်။ ဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသည့် NGO များကလည်း ကျန်းမာရေးလုပ်သားများနှင့် လိုအပ်သောအထောက်အပံ့များ ကူညီပေးခဲ့သည်။

## ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေး

ခရိုင်အဆင့်အုပ်ချုပ်ရေးအဖွဲ့အားလုံးသည် ဗဟိုရှိ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်များနှင့်ယှဉ်လျှင် ရာထူးငယ်ကြပြီး ဗဟိုခေါင်းဆောင်များထံ လိုအပ်သလို သတင်းပို့ကြရသည်။ သို့သော် လက်တွေ့တွင် ၎င်းတို့၏ အခွန်ကောက်ခံခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာ ဦးစားပေးနှင့် မူဝါဒများကို လွတ်လပ်စွာ ဆုံးဖြတ်နိုင်ခွင့် အထိုက်အလျောက်ရှိကြသည်။ တစ်ချိန်တည်းတွင် မြို့နယ်အဆင့် ဌာနများမှာမူ ဗဟိုအဆင့်ထက် ခရိုင်အဆင့်၏ အနီးကပ်စောင့်ကြည့်ထိန်းချုပ်မှုကို မကြာခဏခံကြရသည်။ မြို့နယ်များသည် စစ်တပ်နှင့် စစ်တပ်နှင့်မသက်ဆိုင်သော ယန္တရားများကို ၎င်းတို့ နယ်မြေ ပြင်ပမှ ဝယ်ယူလိုပါက ထိုအတွက် ဘဏ္ဍာရေးဆိုင်ရာ ခန့်ခွဲမှုနှင့် ပစ္စည်းဝယ်ယူမှု ကိစ္စရပ်များပြုလုပ်ရန် ခရိုင်အဆင့်အပေါ်တွင် မှီခို အားထားကြရသည်။ ၎င်းတို့နှင့် ခရိုင်ရုံးချုပ်များ၏ ဆက်ဆံရေးသည် ခရိုင်ရုံးချုပ်များနှင့် ဗဟိုဌာနချုပ်များ၏ ဆက်ဆံရေးထက် ပိုမိုနီးကပ်စွာ တည်ရှိသည်။ ထို့ကြောင့် အစည်းအဝေးများသို့ ပုံမှန်ဆင့်ခေါ်ခြင်းခံရပြီး ပိုမိုနီးကပ်စွာ ကွပ်ကဲမှု ခံကြရသည်။ သို့သော် အချို့မြို့နယ်များ၊ အထူး သဖြင့် အစွန်အဖျားကျပြီး ကိုယ်ပိုင်အခွန်ဘဏ္ဍာငွေ ရှာဖွေနိုင်စွမ်းရှိကြသည့် မြို့နယ်များမှ အာဏာပိုင်များနှင့် KNLA တပ်ရင်းများသည် ၎င်းတို့ ၏ သက်ဆိုင်ရာ ခရိုင်များထံမှ အမှီအခိုကင်းလာကြသည်။

## ခရိုင်အမှုဆောင်ကော်မတီများ

ခရိုင်အမှုဆောင်ကော်မတီတိုင်းကို ကျယ်ပြန့်သော မူဝါဒလမ်းညွှန်မှုများကို ချမှတ်နိုင်သည့် ခရိုင်ဥက္ကဋ္ဌက ဦးဆောင်ပြီး ၎င်းသည် ဆုံးဖြတ်ချက် များ ချမှတ်နိုင်သည့် အန္တိမအာဏာကို ပိုင်ဆိုင်သည်။ ဗဟိုသို့သွားသည့် ကိုယ်စားလှယ်အဖွဲ့များနှင့် မြန်မာအစိုးရကဲ့သို့သော ပြင်ပအဖွဲ့အစည်း၊ ပုဂ္ဂိုလ်များနှင့်ခရိုင်အဆင့်ထိတွေ့ဆက်ဆံရာတို့တွင်၎င်းကဦးဆောင်သည်။တစ်ချိန်တည်းတွင်ဗဟိုအဆင့်မှအထွေထွေအတွင်းရေးမှူးကဲ့သို့ပင် ခရိုင်အတွင်းရေးမှူးနှင့် ခရိုင်တွဲဘက်အတွင်းရေးမှူးများသည်လည်း ခရိုင်အဆင့်ဌာနများကို စီမံခန့်ခွဲရန်နှင့် ကြီးကြပ်ရန် တာဝန်ယူကြရသည်။ KNLA ၏ တပ်မဟာမှူးများသည် ခရိုင်အုပ်ချုပ်ရေး၏ ဒုတိယဥက္ကဋ္ဌများ အလိုအလျောက်ဖြစ်လာသော်လည်း ၎င်းတို့တွင် ဌာနများကို ကွပ်ကဲရ သည့် အခန်းကဏ္ဍ သပ်သပ်မရှိပေ။

မူးတရောခရိုင်မှ အလုပ်အမှုဆောင်ကော်မတီ၏ အဆိုအရ ၎င်းတို့၏ အဓိကတာဝန်များမှာ - ဗဟိုအုပ်ချုပ်ရေးထံမှ လမ်းညွှန်ချက်များ ရယူရန်၊ ဒေသခံပြည်သူများနှင့် ၎င်းတို့၏ ဝန်ထမ်းများအပါအဝင် အားလုံးက တရားဥပဒေကို လေးစားလိုက်နာအောင် ဆောင်ရွက်ရန်၊ ဌာနဆိုင်ရာများမှ မူဝါဒများကို လိုက်နာမှုရှိအောင် ဆောင်ရွက်ရန်၊ ဒေသတွင်း အခမ်းအနားများ (ဥပမာ-အမျိုးသားရေးပွဲများ)ကို စီစဉ်ကျင်းပရန်၊ "ပြည်သူလူထု ထံမှ ထောက်ပံ့မှုရရှိအောင် ဆောင်ရွက်ရန်"၊ ဌာနများအတွက် အရင်းအမြစ်များပေးရန်နှင့် ဌာနများကို စီမံခန့်ခွဲရန်၊ အုပ်ချုပ်ရေးအဆင့်တိုင်းရှိ ဌာနတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း သေချာစေရန် တို့ဖြစ်သည်။

ခရိုင်အမှုဆောင်ကော်မတီများသည် ခရိုင်နှင့် မြို့နယ်အဆင့်ဌာနများနှင့် စစ်တပ်မှအမှုထမ်းများအတွက်ရိက္ခာခွဲတမ်းများ (သို့မဟုတ် ၎င်းနှင့် ညီမျှသောငွေသားများ)ဝယ်ယူခြင်းနှင့်ခွဲဝေပေးခြင်းကိစ္စရပ်များ၊၎င်းတို့ခရိုင်အတွင်းရှိKNLAနှင့်KNDOတို့ထံသို့အခြားအသုံးစရိတ်များအတွက် ရန်ပုံငွေများခွဲဝေပေးခြင်းကိစ္စများ စသည်တို့ကို ဦးစီးလုပ်ကိုင်ရသည်။ ခရိုင်အလုပ်အမှုဆောင်ကော်မတီများသည် အနည်းဆုံး တစ်နှစ်တစ်ကြိမ် တွေ့ဆုံရန်လိုအပ်ပြီး ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဗဟိုအဆင့်သို့ အစီရင်ခံစာပေးပို့ရသည်။ ကော်မတီသည် လက်တွေ့တွင် တစ်နှစ်လျှင် တစ်ကြိမ်ထက်မကဘဲ မကြာခဏတွေ့ဆုံကြသည်။ မြို့နယ်အလုပ်အမှုဆောင်ကော်မတီများတွင် ခရိုင်အဆင့်နှင့် ဆင်တူသော ဖွဲ့စည်းတည်ဆောက်ပုံရှိသည်။ သို့သော် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ထည့်သွင်း သုတေသနပြုလုပ်ခဲ့ခြင်း မရှိပါ။

[54] KSEAG (2015), 5. ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ထောက်ပံ့ကြေးလစာအပြည့်ဖြစ်သော တစ်လ ထိုင်းဘတ် ၇၅၀၀ ကို ဆရာ၊ ဆရာမ ၃၂၃၅ ဦး အတွက် ထုတ်ပေးခဲ့သည်။ နောက်ထပ် ဆရာ၊ ဆရာမ ၁၂၉၄ ယောက်အတွက် အခြားအဖွဲ့အစည်းများနှင့် အစိုးရများပေးနေသော လစာငွေကို ထောက်ပံ့ကြေး တချို့ ထပ်ပေးပြီး ထိုင်းဘတ် ၇၅၀၀ ပြည့်အောင် ဖြည့်ပေးခဲ့သည်။

## ပုံ ၃ - KNU ခရိုင်ဥက္ကဋ္ဌများ (၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် တွေ့ရှိချက်)

ဖဒိုဆာပီထု - မြိတ် ထားဝယ် ခရိုင်
ဖဒိုဒီးဂေးဂျူနီယာ - မူတရောခရိုင်
ဖဒိုစောဆာဂေး - ကလယ်လွီးထူးခရိုင်
ဖဒိုရွှေမောင် - ဒူးပလာယာခရိုင်
ဖဒိုစောနရင် - ဘားအံခရိုင်
ဖဒိုစောအယ်ဝါး - တော်ဦးခရိုင်
ဖဒိုစောသိန်းမင်း - ဒူးသဦးခရိုင်

## ခရိုင်နှင့် မြို့နယ်အဆင့်ဌာနများ၏ လုပ်ငန်းတာဝန်များ

ခရိုင်အဆင့် ဌာနဆိုင်ရာများသည် ကဏ္ဍအလိုက် ဗဟိုဌာနများနှင့် သက်ဆိုင်ရာ ခရိုင်အလုပ်အမှုဆောင်ကော်မတီများ၏ ကွပ်ကဲမှု နှစ်ခုစလုံးကို ခံယူရသည်။ လက်တွေ့တွင် ၎င်းတို့သည် ခရိုင်အလုပ်အမှုဆောင်ကော်မတီများကို နာခံမှုအရှိဆုံးဖြစ်ပြီး အကြောင်းမှာ ထိုကော်မတီများက ပေးအပ်သော ရိက္ခာခွဲတမ်းများနှင့် အသုံးစရိတ် ဘတ်ဂျက်များအပေါ်တွင် မှီခိုနေရသောကြောင့် ဖြစ်သည်။ ထို့အပြင် ခရိုင်အတွင်းရေးမှူးနှင့် တွဲဘက်အတွင်းရေးမှူးများထံသို့လည်း ပုံမှန်အစီရင်ခံမှုများ ပြုလုပ်ရသည်။

၎င်းတို့သည် ဗဟိုအဆင့်မှ ရေးဆွဲပြီး ဗဟိုအမြဲတမ်းကော်မတီနှင့် KNU ညီလာခံတို့က အတည်ပြုထားသော မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရသည်။ အချို့အခြေအနေများတွင် နိုင်ငံတကာအကူအညီဖြင့် ကျန်းမာရေးစောင့်ရှောက်မှုကဲ့သို့သော သုံးစွဲရန်သတ်မှတ်ထားပြီး ကိစ္စရပ်များအတွက် ဗဟိုအဆင့်မှချထားပေးသော ရန်ပုံငွေများနှင့် အခြားအရင်းအမြစ်များအပေါ် မှီခိုအားထားနေရသည်။ ယေဘုယျအားဖြင့် ၎င်းတို့၏ လုပ်ငန်းများကို မှတ်တမ်းထားရှိပြီး ခရိုင်အုပ်ချုပ်ရေးနှင့် ဗဟိုဌာနများသို့ အစည်းအဝေးများမှတစ်ဆင့် အစီရင်ခံခြင်း သို့မဟုတ် တောင်းခံလာပါက ပေးပို့ခြင်းများ ပြုလုပ်ရသည်။

## ကျေးရွာနှင့် ကျေးရွာအုပ်စုအဆင့် အုပ်ချုပ်ရေးနှင့် ကိုယ်စားပြုမှု

"အခြေခံ KNU အဖွဲ့အစည်းများ" ဟုခေါ်သော အုပ်ချုပ်ရေးပုံစံများကို ကျေးရွာအုပ်စုအဆင့်နှင့် အချို့တစ်ရွာချင်းအဆင့်တွင် ဖွဲ့စည်းထားသည်။ ကျေးရွာအုပ်စုအဆင့် အခြေခံအဖွဲ့များအောက်ရှိ တစ်ရွာချင်းစီတွင် ရွာသူကြီးတစ်ဦးနှင့် လက်ထောက်အချို့ ရှိတတ်သည်။ အခြေခံ KNU အဖွဲ့အစည်းတိုင်းက နှစ်စဉ် မျက်နှာစုံညီအစည်းအဝေးများ ကျင်းပပြီး ထိုအစည်းအဝေးများက အထက်အဆင့်များတွင် ပြုလုပ်သော ညီလာခံများနှင့် သဘောတရားတူညီသည်။ ထိုမျက်နှာစုံညီအစည်းအဝေးများတွင် လျှို့ဝှက် သို့မဟုတ် ပွင့်လင်းမြင်သာစွာ မဲပေးသည့်စနစ်များကို အသုံးပြုပြီး ကျေးရွာ/ကျေးရွာအုပ်စုကော်မတီများကို ရွေးကောက်တင်မြှောက်သည်။ ထိုကော်မတီများတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာထိန်း၊ စည်းရုံးရေးမှူး၊ လူမှုရေးရာအရာရှိ၊ လုံခြုံရေးအရာရှိနှင့် သယ်ယူပို့ဆောင်ရေးအရာရှိတို့ ပါဝင်သည်။

ကျေးရွာ/ကျေးရွာအုပ်စုအဆင့် ကော်မတီများသည် မြို့နယ်အဆင့်မှ လမ်းညွှန်မှုများယူခြင်း၊ အခွန်ကောက်ခံခြင်းနှင့် လူမှုရေးဝန်ဆောင်မှု လုပ်ငန်းများ စီစဉ်ခြင်းတို့ကို ဆောင်ရွက်ရသည်။ ၎င်းတို့သည် KNU ပါတီဝင်စုဆောင်းခြင်း လုပ်ငန်းကိုလည်း လုပ်ဆောင်ရပြီး KNLA နှင့် KNDO အတွက် အလားအလာရှိသည့် တပ်သားသစ်များ ရှာဖွေခြင်းကိုလည်း လုပ်ဆောင်ရသည်။ ရိုးရာရွာသူကြီးများသည် လယ်ယာစိုက်ပျိုးခြင်းနှင့် အခြားသာမန်လုပ်ငန်းများ လုပ်ကိုင်ခြင်း စသော ၎င်းတို့၏ ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းအလုပ်များဖြင့်သာ အသက်မွေးရသည်။ ကျေးရွာ/ ကျေးရွာအုပ်စုကော်မတီများသည် ကောက်ခံရရှိလာသော အခွန်များ၏ ၁၀% ကို ယူခွင့်ရှိပြီး ကျန် ၉၀% ကို မြို့နယ် အဆင့်သို့ ပေးရသည်။(အောက်တွင် ဖော်ပြထားသော အခွန်၊ ဘဏ္ဍာနှင့် ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှု အပိုင်းငယ်တွင် ကြည့်ပါ။)

KNU အုပ်ချုပ်ရေးစနစ်သည် ဒေသခံပြည်သူလူထုအား ကိုယ်စားပြုမှု မည်မျှအမှန်တကယ်ရှိကြောင်း သိရှိနိုင်ရန်အတွက် နောက်ထပ် သုတေသနများ ပြုလုပ်ရန် လိုအပ်နေသည်။ မျက်နှာစုံညီအစည်းအဝေးများတွင် မည်သူတို့ ပါဝင်တက်ရောက်သင့်သည်ဟူသော သတ်မှတ်ချက်များကို အတွင်းကျကျလေ့လာမှု မပြုလုပ်ခဲ့ပါ။ ထိုအခြင်းအရာသည် လက်ရှိကျေးရွာ/ကျေးရွာအုပ်စုကော်မတီ၏ အစီအစဉ်ပေါ်တွင်လည်း မူတည်ကောင်း မူတည်ပါလိမ့်မည်။

ခြုံကြည့်မည်ဆိုလျှင် ဒေသခံလူထုမှာ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းကိစ္စရပ်များနှင့် မအားလပ်ကြသည့်အပြင် ၎င်းတို့ကို စနစ်တကျ လှုံ့ဆော်မှုများ မပြုလုပ်နိုင်ခြင်းကြောင့် မျက်နှာစုံညီအစည်းအဝေးပွဲများသို့ တက်ရောက်မှုနှုန်း အားနည်းကြောင်းတွေ့ရသည်။ အကြိမ်

အတော်များများတွင် ဩဇာရှိသော KNU ပါတီဝင်များ၊ KNLA မှ အရာရှိများ၊ ပညာတတ်များစသည်ဖြင့် လူနည်းစုဖြင့်သာ အစည်းအဝေးကျင်းပကြပြီး ခေါင်းဆောင်တစ်ဦးတည်းကိုပင် ထပ်ခါထပ်ခါ ရွေးကောက်ခွင့်ပြုခြင်း သို့မဟုတ် ခေါင်းဆောင်များက အကြီးတန်းရာထူးများတွင် အလှည့်ကျ တာဝန်ထမ်းဆောင်ခြင်းများ ပြုလုပ်ကြရသည်။

မျက်နှာစုံညီအစည်းအဝေးသို့ ကျေးရွာအုပ်စုအတွင်းမှ တစ်အိမ်တစ်ယောက် တက်ရောက်ရန် ဖိတ်ကြားခံရသည်ဟု လူသော် မြို့နယ်တွင် တွေ့ဆုံမေးမြန်းခဲ့သော လယ်သမားတစ်ဦးက ဆိုသည်။ သို့သော်လက်တွေ့တွင် လူအများစိတ်ဝင်မှု နည်းပါးပြီး အနည်းဆုံး လူငါးယောက် တက်ရောက်မှ ထိုအစည်းအဝေးကို ကျင်းပနိုင်ကြောင်းပြောပြသည်။ ထို့အပြင် ၎င်းက အောက်ပါအတိုင်းဆိုသည်။ -

> *များသောအားဖြင့် ကိုယ်ကြိုက်တဲ့လူကို [ဥက္ကဋ္ဌအဖြစ်] ရွေးချယ်ခွင့်ရှိတယ်။ နောက်ပြီး [KNU အကြီးပိုင်းအာဏာပိုင်တွေက] သူတို့ဖြစ်စေချင်တဲ့လူကိုပဲရွေးလို့မရဘူး။အခေါက်တိုင်းမှာခေါင်းဆောင်ပြောင်းသင့်ပေမယ့်လူတိုင်းကဒီခေါင်းဆောင်တစ်ယောက်တည်းကိုပဲ သဘောကျတယ်ဆိုရင် သူဆက်လုပ်လို့ရတယ်။ ဒီကျေးရွာအုပ်စုက ဥက္ကဋ္ဌက ဒီရာထူးရထားတာ ကြာပြီ။ သူက ကျွန်တော်တို့ [ဒေသမြေ အလေ့အထတွေ] ကို နားလည်တဲ့အပြင် မြို့နယ်ရုံးနဲ့ထိတွေ့ပြီး [ကျွန်တော်တို့အခွန်တွေကို] ကြီးကြပ်နိုင်လို့ သူ့ကိုခေါင်းဆောင်အဖြစ် ထောက်ခံတာပါ။*

ထိုတွေ့ဆုံခဲ့သော လယ်သမားသည် ၎င်း၏ကျေးရွာတွင် ဩဇာသက်ရောက်သူတစ်ဦးဖြစ်သည့်အတွက် အခြားသူများ၏ အမြင်နှင့် အတွေ့အကြုံများမှာ ၎င်းအမြင်နှင့် ကွဲပြားမှုများ ရှိနိုင်ပါသည်။ မြို့နယ်အဆင့် KNU ဌာနဝန်ထမ်းတစ်ဦး၏ အဆိုအရ ၎င်း၏ကျေးရွာအုပ်စုဥက္ကဋ္ဌသည် ထိုရာထူးနေရာသို့ ရောက်ရှိနေသည်မှာ ဆယ်စုနှစ်တစ်ခုပင် ကျော်ခဲ့ပြီဖြစ်ပြီး မည်သူကမျှ ယှဉ်ပြိုင်စိန်ခေါ်ခြင်းမရှိသဖြင့် အာဏာရှင် အသေးစားတစ်ဦးကဲ့သို့ အုပ်ချုပ်နေကြောင်း သိရသည်။ ထို့အပြင် ဒူးပလာယာ ခရိုင်တွင် ရပ်ရွာလူထုက ကျေးရွာအုပ်စုခေါင်းဆောင်အသစ်ကို ရွေးချယ်တင်မြှောက်လိုက်သော်လည်း မြို့နယ် KNU တာဝန်ရှိသူများက ထိုရွေးချယ်မှုကို ပယ်ချခဲ့ပြီး ၎င်းတို့စိတ်ကြိုက် တစ်ယောက်ဖြင့် ပြောင်းလဲတင်မြှောက်ခဲ့ကြောင်း သိရသည်။

အခြားတစ်ဖက်တွင်မူ ခေါင်းဆောင်ပိုင်းရာထူးများသည် ရပ်ရွာလူထုအတော်များများအကြားတွင် ရေပန်းမစားပေ။ ထို့ကြောင့်လည်း လူတစ်ဦးတစ်ယောက်တည်းက ခေါင်းဆောင်နေရာတွင် ကြာရှည်မြဲမြံနေခြင်း ဖြစ်နိုင်သည်။ ရေပန်းမစားရခြင်းအကြောင်းမှာ လယ်သမားများအနေဖြင့် နောက်ထပ်ဝန်ပိုများ မလိုချင်သလို ၎င်းတို့တွင် ပိုမိုမြင့်မားသော ခေါင်းဆောင်ပိုင်းများနှင့် စပ်ဆက်လုပ်ကိုင်ရန် လိုအပ်သော အဆက်အသွယ်၊ အတွေ့အကြုံများ မရှိသလို ကျေးရွာအတွက်လည်း မယ်မယ်ရရ လုပ်ပေးနိုင်မည်မဟုတ်ဟု ထင်မြင်ကြသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ခေါင်းဆောင်ပိုင်းရာထူးများကို လက်ခံရယူသောသူများသည် ကျေးရွာအတွက် ၎င်းတို့တွင် တာဝန်ရှိသည်ဟု ခံယူထားကြပြီး အများ၏ လေးစားမှုကိုလည်း ခံရလေ့ရှိသည်။ ကရင်ကျေးလက်ဓလေ့များအရ စောင့်ရှောက်သူနှင့် အစောင့်ရှောက်ခံ ဆက်ဆံရေး (patron-client) ပေါ်ပေါက်လာပြီး စောင့်ရှောက်သူများက တာဝန်များကို သိသိသာသာ ထမ်းပိုးထားရပြီး လူမှုရေးဖိအားများနှင့်အတူ စိန်ခေါ်သူမရှိသော အာဏာပိုင်ဘဝကိုလည်း ခံစားကြရသည်။ ၎င်းတို့၏ ဒေသခေါင်းဆောင်များအဖြစ် တရားဝင်မှုပုံစံများ ကွဲပြားသည်။ ကျေးရွာခေါင်းဆောင်များသည် ခေါင်းဆောင်မှုတာဝန်များအပြင် ၎င်းတို့ကိုယ်ပိုင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အချိန်ပြည့်နီးပါးလုပ်ကိုင်ကြရသည်။ အချို့ ကျေးရွာအုပ်စု ဥက္ကဋ္ဌများမှာလည်း အလားတူပင်ဖြစ်သည်။

လက်နက်ကိုင်အုပ်စုများနှင့် အာဏာပိုင်များအကြား ထပ်နေမှုများရှိသော နေရာများတွင်လည်း ခေါင်းဆောင်ရာထူးများ ရေပန်းစားမှုနည်းသည်။ ထိုနေရာများတွင် ခေါင်းဆောင်များသည် အာဏာပိုင်များနှင့် ရပ်ရွာလူထုအကြားတွင် ဆက်သားသဖွယ် လုပ်ကိုင်ရသည့်အပြင် အာဏာပိုင်များမှ အသုံးချလိုစိတ်ဖြင့် တပ်သားသစ်၊ ငွေနှင့် အခြားအရာဝတ္ထု တောင်းဆိုမှုများပြုလုပ်လာလျှင်လည်း မကြာခဏ ညှိနှိုင်းကြရသည်။ ရပ်ရွာထဲမှ ဆင်းရဲနွမ်းပါးသူများကို ကာကွယ်ရန် ခေါင်းဆောင်ပိုင်းတွင်ရှိသောသူက အခွန်များနှင့် ဒဏ်ကြေးများ တစ်ခါတစ်ရံတွင် စိုက်ပေးရသည်။ အာဏာပိုင်တစ်ဦး၊ တစ်ဖွဲ့က ၎င်းတို့တောင်းဆိုသည်များကို မလိုက်လျောလျှင်ဖြစ်စေ၊ အခြားတစ်ဖွဲ့ကို ထောက်ပံ့နေလျှင်ဖြစ်စေ ရပ်ရွာထဲမှ လူများ နောင်ကျဉ်အောင် သာဓကအနေဖြင့် ကိုယ်ထိလက်ရောက် ကျူးလွန်ခံရမှုများ ရှိနိုင်သည်။[55] ခေါင်းဆောင်ပိုင်းတာဝန်ကို ယူထားသော ရွာသားများသည် အဖွဲ့များစွာထိန်းချုပ်ထားသော နယ်မြေများသို့ မကြာခဏ ထွက်ပြေးတိမ်းရှောင်ကြရပြီး ထိုအကြောင်းပြချက်များဖြင့် ဒုက္ခသည်ဖြစ်လာသူများလည်း ရှိသည်။

အထူးသဖြင့် လုံခြုံမှုမရှိသော ဧရိယာများနှင့် စစ်မက်ဖြစ်ပွားနေချိန်များတွင် ကျေးရွာခေါင်းဆောင်ရာထူးကို ပုံမှန် အလှည့်ကျယူခြင်းဖြင့် ဝန်ထုပ်ဝန်ပိုးကို မျှယူလေ့ရှိကြသည်။ အချို့ရပ်ရွာများတွင် ကောက်ရိုးဆွဲကံစမ်းကာ လူရွေးကြသည်။ လုံခြုံမှုမရှိသော ကာလများတွင် ကျေးရွာ/ ကျေးရွာအုပ်စု ဥက္ကဋ္ဌနေရာကို အမျိုးသမီးများက တစ်ခါတစ်ရံ ယူလေ့ရှိကြသည်။ အကြောင်းမှာ အမျိုးသားများထက်စာလျှင် ၎င်းတို့ကို

[55] KHRG (2014), 35. ၂၀၁၂ နှင့် ၂၀၁၃ တို့မှ ဖြစ်ရပ်နှစ်ခုတွင် ကျေးရွာဥက္ကဋ္ဌများသည် KNU ကို သတင်းပေးနေသည်ဟူသော စွပ်စွဲချက်ဖြင့် အစိုးရ လုံခြုံရေးတပ်များ၏ နှိပ်စက်မှုကိုခံခဲ့ရသည်။ KHRG (2008), 85-91. ကျေးရွာသူကြီးများကို တရားရုံးတွင် စီရင်ခြင်းမရှိပဲ တရားမဝင်ချုပ်နှောင်ထားမှုများ ကိုယ်ထိလက်ရောက် ကျူးလွန်မှုများ၊ ညှဉ်းပမ်းနှိပ်စက်မှုများနှင့် သတ်ဖြတ်ခြင်းများကို မှတ်တမ်းပြုစုထားသည်။

ကိုယ်ထိလက်ရောက် နှိပ်စက်မှု ခံရချေ နည်းနိုင်သောကြောင့်ဖြစ်သည်။[56] ၂၀၁၄ ခုနှစ်တွင် လေ့လာချက်အရ KNU အများဆုံး ထိန်းချုပ်ထားသော မူးတာရောခရိုင်တွင် အမျိုးသမီး ကျေးရွာခေါင်းဆောင်အရေအတွက်မှာ စုစုပေါင်း၏ ၃၀-၄၀% ခန့်ရှိသည်။[57]

အပစ်အခတ် ရပ်စဲထားသော်လည်း ထိုအခြေအနေများမှာ ပြောင်းလဲနေပုံပေါ် သည်။ အမျိုးသားများ စစ်တိုက်ရန်မလိုတော့သဖြင့် နေရပ်ပြန်လာကြသလို ၎င်းတို့အား ကိုယ်ထိလက်ရောက် နှိပ်စက်မည့်ရန်လည်း နည်းသွားကြသည်။ ထို့ကြောင့် သြဇာသက်ရောက်မှုရှိသော ရာထူးများတွင် အမျိုးသမီးများကို ခန့်ထားခြင်းလည်း ကျဆင်းသွားကြောင်း ကရင်လူ့အခွင့်ရေးအဖွဲ့အစည်းက လေ့လာတွေ့ရှိခဲ့သည်။ ရာထူးလက်ဝယ်ရှိသော အမျိုးသမီးများတွင် အချို့က ၎င်းရာထူးသည် အန္တရာယ်များပြီး ဝန်ပိစေသည်ဟု ထင်ကြသလို အချို့က ၎င်းတို့၏ဂုဏ်ကို တက်စေပြီး လူရာဝင်စေသည်ဟု ထင်ကြသည်။[58] အပစ်အခတ်ရပ်စဲပြီးကတည်းက အန္တရာယ်များလျော့နည်းသွားသလို နေရာအများစုတွင်လည်း စီးပွားရေး အခွင့်အလမ်းများ ပွင့်လာသဖြင့် နောက်ပိုင်းတွင် ခေါင်းဆောင်ရာထူးကိုယူရန် လိုလိုချင်ချင် ဖြစ်လာနိုင်သည်။

အုပ်ချုပ်သူများ ထပ်နေသော နေရာများရှိ ကျေးရွာ/ကျေးရွာအုပ်စုများတွင် အုပ်ချုပ်သည့်အဖွဲ့အစည်းတစ်ခုချင်းအတွက် ခေါင်းဆောင်တစ်ဦးစီ သပ်သပ်ခန့်ထားလေ့ ရှိကြသောကြောင့် တစ်ခါတစ်ရံတွင် ရပ်ရွာအတွင်း တင်းမာမှုများ ပေါ်ပေါက်လာတတ်သည်။ KNU သတ်မှတ်ထားသော ကျေးရွာအုပ်စုများနှင့် အစိုးရသတ်မှတ်ထားသော ကျေးရွာအုပ်စုများသည် ရာနှုန်းပြည့် ထပ်တူမကျပေ။ ထို့ကြောင့် အစိုးရ၏ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် KNU ၏ ကျေးရွာအုပ်စုဥက္ကဋ္ဌတို့၏ စီရင်ပိုင်ခွင့်အချို့သည် ထပ်နေနိုင်သလို တစ်ခါတစ်ရံတွင် လူတစ်ဦးတည်းက ထိုရာထူး နှစ်ခုကို ယူထားပြီး မတူညီသော စီရင်ပိုင်ခွင့်များကို ကိုင်စွဲထားသလိုလည်း ဖြစ်နိုင်ပါသည်။

## ကာကွယ်ရေးနှင့် လုံခြုံရေး

KNU ၏ ကာကွယ်ရေးနှင့်လုံခြုံရေး ဖွဲ့စည်းတည်ဆောက်ပုံတွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (Karen National Liberation Army – KNLA)၊ ကာကွယ်ရေးတပ်နောက်တစ်ခုဖြစ်သော ကရင်အမျိုးသားကာကွယ်ရေး အဖွဲ့အစည်း (Karen National Defense Organization - KNDO)၊ ကရင်အမျိုးသားရဲတပ်ဖွဲ့ (Karen National Police Force – KNPF) နှင့် ဒေသအဆင့်စုစည်းထားသော ကျေးရွာအဆင့် ပြည်သူ့စစ်များ တို့ပါဝင်သည်။ KNLA၊ KNDO နှင့် ကျေးရွာအဆင့်ပြည်သူ့စစ်များသည် ကာကွယ်ရေးဌာန၏ လမ်းညွှန်မှုအောက်တွင် တည်ရှိပြီး KNPF သည် ပြည်ထဲရေးနှင့် သာသနာရေးဌာနအောက်တွင် တည်ရှိသဖြင့် စစ်တပ်နှင့် ရဲအကြားတွင် တရားဝင်ပိုင်းခြားထားသကဲ့သို့ ဖြစ်စေသည်။

KNLA ကိုတပ်မဟာ ခုနစ်ခုဖြင့်ဖွဲ့စည်းထားပြီးထိုတပ်မဟာများသည် ခရိုင်အလိုက်တည်ရှိနေပြီး သက်ဆိုင်ရာ ခရိုင် အုပ်ချုပ်ရေးအဖွဲ့များနှင့်အတူ ယှဉ်တွဲလုပ်ကိုင်သည်။[59] ဘားအံ၊ ဒူးပလာယာ နှင့် မြိတ်ထားဝယ် ခရိုင်များရှိ အမြင့်ဆုံး ဌာနချုပ်များ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် နောက်ထပ် တပ်ရင်းသုံးခု ရှိသည်။ KNLA တပ်ရင်းအများစုသည် ခြေလျင်တပ်များ ဖြစ်ကြသော်လည်း ပုံစံမျိုးစုံဖြင့် အထောက်အကူပေးခြင်းများ ပါဝင်သည်။ KNLA သည် စစ်တွင်းကာလတွင် နယ်မြေကာကွယ်ရေးကိုသာ အဓိကဆောင်ရွက်ပြီး ပြောက်ကျားနည်းလမ်းကို အသုံးပြုလေ့ရှိသည်။ KNLA တွင် အမျိုးသားတပ်သားများကိုသာ အသုံးပြုသော်လည်း အမျိုးသမီးဆေးတပ်ဖွဲ့များလည်း ရှိသည်။ KNLA သည် တစ်ခါတစ်ရံတွင် ဒေသလုံခြုံရေးနှင့် တရားစီရင်ရေးဆိုင်ရာ တာဝန်များကိုဆောင်ရွက်လေ့ရှိသည်။

[56] KHRG (2008), 94; KWO (2010). သို့သော် တပ်မတော်မှ အမျိုးသမီးများကို ကိုယ်ထိလက်ရောက်နှင့် လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုများရှိကြောင်း ပြောဆိုကြသည် (၂၀၁၀) ၁၅-၆

[57] Minoletti (2014), 11. လေ့လာချက်စာစောင်ထဲတွင် အစိုးရအခေါ်ဖြစ်သော ဖာပွန်မြို့နယ်အဖြစ် ဖော်ပြထားသည်။ ဧရိယာအနေအထားမှာမူ အတူတူနီးပါး ဖြစ်သည်။The report refers to the government-defined Hpapun Township, which corresponds to roughly the same area.

[58] KHRG (2016), 24-6.

[59] ၎င်းတို့သည် ၁၉၉၄ ခုနှစ် ကတည်းက အတူယှဉ်တွဲလုပ်ကိုင်နေခြင်းဖြစ်သည်။

**ဇယား ၂ - KNU ခရိုင် နှင့် KNLA တပ်မဟာများ**

| ခရိုင် (စကောဘာသာဖြင့်အမည်) | ခရိုင် (မြန်မာဘာသာဖြင့်အမည်) | သက်ဆိုင်ရာတပ်မဟာ |
|---|---|---|
| တော်ဦး | တောင်ငူ | တပ်မဟာ ၂ |
| မူးတရော | ဖာပွန် | တပ်မဟာ ၅ |
| ဒူသာထူး | သထုံ | တပ်မဟာ ၁ |
| ကလော်လယ်ထူး | ညောင်လေးပင် | တပ်မဟာ ၃ |
| ဘားအံ | ဘားအံ | တပ်မဟာ ၇ |
| ဒူးပလာယာ | ဒူးပလာယာ | တပ်မဟာ ၆ |
| ဘလိ-ထားဝယ် (Mergui Tavoy)[60] | မြိတ်-ထားဝယ် | တပ်မဟာ ၄ |

KNU ၏ မူရင်း လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သော KNDO သည် ၁၉၅၀ စုနှစ်များတွင် ဗဟိုထိန်းချုပ်မှုအောက်သို့ ရောက်ရှိလာသော နေရာများတွင် ဖွဲ့စည်းထားသော ဒေသအဆင့် KNDO များ စုပေါင်းထားခြင်းဖြစ်သည်။ KNDO သည် စစ်တပ်ဖွဲ့စည်းပုံ ပြုပြင်ပြောင်းလဲရေးများစွာ ကြုံခဲ့ရသော်လည်း ယနေ့တိုင် တည်ရှိနေဆဲဖြစ်သည်။ ဒေသလုံခြုံရေးနှင့် နယ်မြေကာကွယ်ရေးဆောင်ရွက်နေသော အဖွဲ့များကို လျော့ရဲစွာ စုစည်းထားခြင်းဖြစ်သည်။ KNPF ကို မတည်ထောင်မီ ၁၉၉၁ ခုနှစ်အထိ ဒေသတွင်း တရားစီရင်မှုနှင့် လုံခြုံရေးအတွက် KNDO အဖွဲ့များက တာဝန်ယူခဲ့သည်။ ထိုအချိန်မှစကာ ရပ်ရွာကာကွယ်ရေးအဖွဲ့ဖြစ်လာခဲ့ပြီး KNLA အဖွဲ့များကဲ့သို့ပင် လုပ်ကိုင်ပြီး တစ်ခါတစ်ရံတွင် နှစ်ဖွဲ့ပူးပေါင်း လှုပ်ရှားမှုများလည်း ရှိသည်။ ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာမြို့နယ် တို့တွင် KNDO ဌာနချုပ်များရှိပြီး တပ်ရင်း ခုနစ်ခုက အခြားခရိုင်များတွင် ပြန့်ကျဲတည်ရှိသည်။[61] လက်တွေ့တွင် ထိုတပ်ရင်းခုနစ်ခုသည် KNDO ဌာနချုပ်ထက် ၎င်းတို့နှင့်သက်ဆိုင်ရာ ဒေသများရှိ KNLA တပ်မများ၏ အုပ်ချုပ်မှုအောက်တွင် ပိုမိုတည်ရှိသည်။

KNPF သည် KNU ခရိုင်တိုင်းတွင်ရှိပြီး (မြို့နယ်တိုင်းတွင်မရှိပါ) အမျိုးသမီးရဲမေများအပါအဝင် ဝန်ထမ်းပေါင်း ၆၀၀ ကျော်ရှိသည်ဟု ဆိုသည်။[62] KNPF ၏ ရာဇဝတ်မှု ကိုင်တွယ်မှုဆိုင်ရာ လမ်းညွှန်ချက်များကို Code of Legal Procedure တွင်ဖော်ပြထားသည်။ ခရိုင်၊ မြို့ နယ်အဆင့်များတွင် KNPF ၏ ဌာနချုပ်များနှင့် အကြီးအကဲများရှိပြီး KNU ခရိုင်နှင့် မြို့နယ်ရုံးဝန်းများထဲတွင် ရဲစခန်းများဖွင့်လှစ်အခြေချထားသည်။ ဒူးသာထူး၊ ဘလိ-ထားဝယ်၊ မူးတရော၊ ဒူးပလာယာနှင့် ဘားအံခရိုင်များတွင် KNPF လှုပ်ရှားမှုအများဆုံးဖြစ်သည်။[63] KNPF သည် ဝန်ထမ်းသစ်များကို သင်တန်းများပေးပြီး တိုးချဲ့လျက်ရှိကာ နိုင်ငံတကာဖွံ့ဖြိုးရေးအဖွဲ့အစည်းများမှ အထောက်အပံ့အချို့လည်း ရရှိထားသည်။

KNPF သည် မြို့နယ်အာဏာပိုင်များ၊ ကျေးရွာ/ကျေးရွာအုပ်စုလုံခြုံရေးအရာရှိများနှင့် ညှိနှိုင်းလုပ်ကိုင်ကြသည်။ ထိုအဖွဲ့များက ၎င်းတို့ဒေသအတွင်းရှိအခြေအနေများကို စောင့်ကြည့်ပြီး ရာဇဝတ်မှုများကို သတင်းပို့ပေးကာ ရပ်ရွာအတွင်း လုံခြုံရေးတာဝန်ယူသူများကို ကြီးကြပ်ပေးသည်။ တပ်မတော်က KNPF မှာ တရားမဝင်ကြောင်း ကြေညာထားသော်လည်း KNU က KNPF ကို ဆက်လက်ထားရှိခြင်းသည် NCA တွင် ဖော်ပြထား

[60] ထိုခရိုင်ကို တစ်ခါတစ်ရံတွင် ၎င်း၏ အင်္ဂလိပ်အမည် Mergui-Tavoy ဟု သုံးစွဲခေါ်ဝေါ်လေ့ရှိကြသည်။ ၎င်း၏ စကောကရင်အခေါ်အဝေါ်မှာ ဘလိ-ထားဝယ် ဖြစ်သည်။

[61] KNDO ၏ လက်ရှိစစ်သေနာပတိမှာ ဘိုမြ၏သား နာဒါးမြဖြစ်ပြီး ၎င်းသြဇာသက်ရောက်သောဒေသတွင် ဌာနချုပ်တည်ထားခဲ့သည်။ အရင်းမြစ်တစ်ခု၏ အဆိုအရ ဘားအံခရိုင်အတွင်းရှိ လှုဖလဲမြို့နယ်ရှိ ဌာနချုပ်မှာလည်း နာဒါးမြ ၏ အုပ်ချုပ်မှုအောက်တွင် ရှိသော်လည်း အခြားအုပ်ချုပ်မှု ဖွဲ့စည်းပုံများနှင့် ဆက်စပ်မှုမှာမူ ရှင်းရှင်းလင်းလင်း မရှိပေ။

[62] KNPF ပတ်သက်၍တင်ပြထားသော သတင်းအချက်အလက်များသည် McCartan နှင့် Jolliffe (2016) မှ ကူးယူဖော်ပြထားခြင်းဖြစ်ပြီး Brain McCartan အားလည်း အထူးကျေးဇူးတင်ရှိပါသည်။

[63] ဥပမာ - KNU အထူးအားကောင်းသော မူးတရောခရိုင်တွင် ခရိုင်အဆင့်၌ ရဲ ၃၄ ဦးရှိသည်။ မြို့နယ်အဆင့်တွင် လုသော၌ ၂၂ ဦး၊ ဒွဲလို၌ ၂၀ ဦး၊ ဘူးသို၌ ၂၅ ဦး ရှိသည်။ ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာခရိုင်တွင် မြို့နယ်ရုံးမှ ကျေးရွာအုပ်စုတိုင်းသို့ ရဲများချထားပေးသည်။ KNU ပြည်ထဲရေးနှင့် သာသနာရေးဌာနမှ အကြီးတန်းအရာရှိကြီးတစ်ဦးအား မေးမြန်းမှု (၂၀၁၅)၊ မူးတရောခရိုင်တရားသူကြီးနှင့် မေးမြန်းမှု (၂၀၁၅)၊ ကော့ကရိတ် မြို့နယ် KNPF အရာရှိနှင့် မေးမြန်းမှု (၂၀၁၅)။

သော ယာယီအစီအစဉ်များနှင့် ကိုက်ညီကြောင်း အခိုင်အမာဆိုသည်။ သဘောတူညီချက်တွင် EAO များသည် "၎င်းတို့ဒေသအသီးသီးအတွင်းရှိ ဖွံ့ဖြိုးရေးနှင့် လုံခြုံရေးကိစ္စရပ်များအတွက် တာဝန်ရှိသည်" ဟု ဆိုထားပြီး နိုင်ငံရေးသဘောတူညီမှု မရခင်စပ်ကြားတွင် မြန်မာအစိုးရနှင့် NCA ရေးထိုးသော EAO များသည် အချို့စီမံကိန်းများနှင့် အစီအစဉ်များကို အချင်းချင်းညှိနှိုင်းဆောင်ရွက်ကြရမည်ဟု ဖော်ပြထားသည်။ ထိုစီမံကိန်းနှင့် အစီအစဉ်များတွင် "ငြိမ်းချမ်းရေးနှင့် ငြိမ်ဝပ်ပိပြားရေးနှင့် ဆိုင်သောကိစ္စများ၊ ဖော်ပြထားသော ဒေသများတွင် တရားဥပဒေစိုးမိုးမှုရှိအောင် ဆောင်ရွက်ရေး" စသည်တို့လည်း ပါဝင်သည်။

## တရားစီရင်ရေးဌာနနှင့် တရားစီရင်ရေး

KNU ၏ တရားရေးစနစ်တွင် KNPF အပြင် တရားစီရင်ရေးဌာနလည်းပါဝင်သည်။ ထိုဌာနသည် ဗဟိုအဆင့်မှ အလုပ်အမှုဆောင်များနှင့် အုပ်ချုပ်ရေးအဆင့်အားလုံးရှိ လွတ်လပ်သောတရားသူကြီးများအောက်တွင် တည်ရှိသည်။ KNU ၏ တရားစီရင်ရေးဌာနသည် ဥပဒေများပြဋ္ဌာန်းခြင်းနှင့် ဥပဒေများအား သိနားလည်ခြင်းရှိအောင် ဆောင်ရွက်ခြင်း၊ လက်ရှိ ဥပဒေများကို ဆန်းစစ်ခြင်းနှင့် ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ခြင်းများ ပြုလုပ်ရန် တာဝန်ရှိသည်။ ထိုတာဝန်များအတွက် ကျေးရွာအဆင့်အထိ စည်းမျဉ်းဥပဒေများကို ဖြန့်ဝေခြင်း၊ KNU ဌာနများနှင့် တရားသူကြီးများကို ဥပဒေရေးရာနှင့် ပတ်သက်သော သင်တန်းများပေးခြင်းတို့ ပြုလုပ်ပေးသည်။ KNU တွင် ဥပဒေကျင့်ထုံးများ၊ ပြစ်မှုဆိုင်ရာ ဥပဒေ၊ တရားမဥပဒေ နှင့် "မော်" ဥပဒေ စသည်တို့ကို လွှမ်းခြုံရေးဆွဲထားသည် ဥပဒေစာအုပ် လေးအုပ်ရှိသည်။ ဥပဒေ ကျင့်ထုံးဆိုင်ရာ စည်းမျဉ်းများက ဥပဒေကို မည်သို့အကောင်အထည်ဖော်ရမည်ကို ရှင်းပြထားသည်။ ထိုအထဲတွင် တရားသူကြီးများ၏ အခန်းကဏ္ဍ၊ တရားရုံးအမှုများကို မည်သို့ ကိုင်တွယ်လုပ်ဆောင်ရမည်၊ တရားစီရင်ပိုင်ခွင့်များ၊ ရဲတပ်ဖွဲ့၏ လုပ်ငန်းနှင့် တာဝန်များ၊ ရဲတပ်ဖွဲ့ လုပ်ထုံးလုပ်နည်းများ စသည်တို့ ပါဝင်သည်။

တရားစီရင်ရေးသည် သီးသန့်တည်ရှိသည့် လွတ်လပ်သောအဖွဲ့အစည်းဖြစ်သော်လည်း ယခင်က နိုင်ငံရေးရာထူးများတွင် လုပ်ကိုင်ဖူးသူများကိုလည်း ဝန်ထမ်းများအဖြစ် ခန့်အပ်လေ့ရှိသည်။ တစ်ခါတစ်ရံတွင် နိုင်ငံရေးရာထူးများတွင် တာဝန်ထမ်းဆောင်နေသူများကိုပင် ခန့်အပ်လေ့ရှိသည်။[64] တရားစီရင်ရေးတွင် တရားရုံးချုပ်၊ ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံး များ ပါဝင်သည်။ ကျေးရွာနှင့် ကျေးရွာအုပ်စုအဆင့်များတွင် KNU မှ ခန့်ထားသော တရားသူကြီးနှင့် တရားရုံးများ မရှိပေ။ ထိုအစား ရာဇဝတ်မှုအသေးများနှင့် ရပ်ရွာတွင်းအငြင်းပွားမှုများကို ကိုင်တွယ်ဖြေရှင်းရန် ကျေးရွာခေါင်းဆောင်ကို ကျေးရွာကော်မတီမှတစ်ဆင့် လုပ်ပိုင်ခွင့်ပေးထားသည်။ ကျေးရွာအဆင့်တွင် မဖြေရှင်းနိုင်သောအမှုများ သို့မဟုတ် အမှုတွင် ကျေးရွာတစ်ရွာထက်ပိုကာ ပါဝင်ပတ်သက်နေခဲ့လျှင် ကျေးရွာအုပ်စုအဆင့်ရှိခေါင်းဆောင်များက ကိုင်တွယ်ဖြေရှင်းပေးလေ့ရှိကြသည်။

တရားသူကြီးများကို မြို့နယ်၊ ခရိုင်နှင့် ဗဟိုအဆင့် ညီလာခံများ၌ ရွေးကောက်တင်မြှောက်ကြသည်။ ဗဟိုအဆင့်တွင် တရားရုံးချုပ် တရားသူကြီး သုံးဦးရှိပြီး ၎င်းတို့ကို ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များအား ရွေးကောက်တင်မြှောက်သည့် နည်းလမ်းအတိုင်း အမြဲတမ်းကော်မတီက တင်မြှောက်သည်။ ခရိုင်နှင့် မြို့နယ်အဆင့် တစ်ခုချင်းစီတွင် တရားသူကြီး တစ်ဦးစီရှိပြီး သက်ဆိုင်ရာညီလာခံမှ ရွေးကောက်တင်မြှောက်သည်။ တရားသူကြီးများတွင် အခြားတာဝန်များလည်း ရှိနိုင်ပြီး ၎င်းတို့အောက်တွင် KNU မှ ထောက်ပံ့ပေးထားသော ဝန်ထမ်းများရှိနိုင်သည်။

တရားရုံးများအကိုင်တွယ်ရဆုံးအမှုမှာ လူသတ်မှုဖြစ်ပြီး လူမှုရေးဖောက်ပြန်မှုများနှင့် အကြမ်းဖက်မှုများပါဝင်သော အတွင်းရေး သို့မဟုတ် မိသားစုတွင်း အမှုများကိုလည်း ကိုင်တွယ်ရသည်။ ကရင်နယ်မြေများအတွင်းတွင် ရဲတပ်ဖွဲ့မှ ကိုင်တွယ်ရသည့် အမှုများထဲတွင် လူသတ်မှု၊ ခိုးမှု၊ မုဒိန်းမှုနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်၊ ရောင်းချ၊ သုံးစွဲခြင်းတို့ ပါဝင်သည်ဟု KNPF ၏ အစီရင်ခံစာများအရ သိရှိရသည်။ KNU ဥပဒေအောက်တွင် လူမှုရေးဖောက်ပြန်မှုသည် ရာဇဝတ်မှုမြောက်သည်။

မကြာသေးမီက KNUသည် ကရင်ဥပဒေရေးရာကော်မတီကို ဗဟိုတရားရုံးချုပ်အောက်ရှိ ဌာနတွင်းကော်မတီတစ်ခုအဖြစ် ဖွဲ့စည်းခဲ့ပြီး KWO မှ ကိုယ်စားလှယ်တစ်ဦးကိုလည်း ထည့်သွင်းဖွဲ့စည်းခဲ့သည်။[65] ကော်မတီကို တရားဥပဒေ စိုးမိုးရေးနှင့် ဥပဒေကိုသိနားလည်မှု မြှင့်တင်ပေးခြင်း၊ ဥပဒေစနစ်ပြုပြင်ပြောင်းလဲခြင်းနှင့် ဥပဒေရေးရာအသိပညာများ အားကောင်းစေခြင်း၊ ရဲ၊ တရားသူကြီးနှင့် ကျေးရွာအကြီးအကဲများကို သင်တန်းပေးခြင်းတို့ ပြုလုပ်ရန် တာဝန် ပေးအပ်ထားသည်။

တရားစီရင်ရေးဌာန၊ တရားသူကြီးများနှင့် KNPF တို့အကြား အစည်းအဝေးကို တစ်နှစ်တစ်ကြိမ် ကျင်းပသည်။ ထိုအစည်းအဝေးတွင် ပြီးခဲ့သည့်နှစ်အတွင်း အကောင်အထည်ဖော်ခဲ့သည်များနှင့် လာမည့်နှစ်အတွက် နည်းဗျူဟာ၊ အစီအစဉ်များကို ဆွေးနွေးကြသည်။[66]

---

[64] ဥပမာ - မြိတ်-ထားဝယ်ခရိုင် တရားသူကြီးသည် မြိတ်-ထားဝယ်ခရိုင် သတ္တုတွင်းဌာန၏ အကြီးအကဲလည်းဖြစ်သည်။

[65] ကော်မတီကို ပြည်ထဲရေးနှင့်သာသနာရေးဌာန၊ တရားစီရင်ရေးဌာနမှ အကြီးအကဲများ၊ တရားသူကြီးချုပ်နှင့် ဗဟိုတရားသူကြီးနှစ်ဦး၊ KWO၊ စည်းရုံးရေးနှင့် ပြန်ကြားရေးဌာန၊ စိုက်ပျိုးရေးဌာနတို့မှ ကိုယ်စားလှယ်တစ်ဦးစီတို့ဖြင့် ဖွဲ့စည်းထားသည်။

[66] တရားရုံးချုပ်တရားသူကြီးနှင့် တွေ့ဆုံမေးမြန်းမှု (၂၀၁၅)။ တစ်ခါတစ်ရံတွင် ပို့ဆောင်ဆက်သွယ်ရေးနှင့် လုံခြုံရေးအခက်အခဲများကြောင့် ခရိုင်တိုင်းမှ ဥက္ကဋ္ဌများ တက်ရောက်နိုင်ခြင်း မရှိပါ။

## KNU ကောင်စီများနှင့် ကော်မတီများ

KNU ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဗဟိုအဆင့်ကောင်စီနှင့် ကော်မတီ ဆယ်ခု ဖွဲ့စည်းခွင့်ပေးထားသည်။ ၎င်းတို့မှာ နာယကများကောင်စီ၊ စစ်ရေးကောင်စီ၊ အမျိုးသားလုံခြုံရေးကောင်စီ၊ စည်းကမ်းထိန်းသိမ်းရေးနှင့် စောင့်ကြည့်ရေး ကောင်စီ၊ ဘဏ္ဍာရေးကောင်စီ၊ စီးပွားရေးကော်မတီ၊ ဂုဏ်ထူးဆောင်ဘွဲ့များချီးမြှင့်ရေးကော်မတီ နှင့် သဘာဝပတ်ဝန်းကျင်နှင့် အရင်းအမြစ်ထိန်းသိမ်းရေးကော်မတီတို့ ဖြစ်ကြသည်။

ထိုကော်မတီအများစုသည် အခြား KNU အဖွဲ့များအတွက် ထပ်လောင်းကြီးကြပ်ကွပ်ကဲမှုများနှင့် အသေးစား အထောက်အကူများပေးခြင်း၊ မူဝါဒနှင့် နည်းဗျူဟာအသစ်များ ရေးဆွဲခြင်း၊ သို့မဟုတ် စံနှုန်းပြည့်မှီပြီး သဘောတူညီထားသည့် ရည်မှန်းချက်များအတိုင်း ဆောင်ရွက်စေခြင်းတို့ လုပ်ဆောင်ရသည်။ နာယကများကောင်စီကို အချိန်ပြည့် အလုပ်မလုပ်နိုင်တော့သော ဝါရင့်သက်ကြီး KNU အဖွဲ့ဝင်များနှင့် ဖွဲ့စည်းထားပြီး ၎င်းတို့က လက်ရှိတာဝန်ထမ်းဆောင်နေသော အရာထမ်းများကို အကြံပေးခြင်းနှင့် အရေးကြီးအစည်းအဝေးများနှင့် ဆုံးဖြတ်ချက်ချမှတ်မှုများကို ကွပ်ကဲသည်။ စစ်ရေးကောင်စီကို KNU ဥက္ကဋ္ဌက ဦးဆောင်ပြီး GOC က ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ယင်းကောင်စီသည် စစ်ရေး အခြေအနေများကို အကဲဖြတ်ဆန်းစစ်ပြီး စစ်ဘက်ဆိုင်ရာ မဟာဗျူဟာများကို ချမှတ်သည်။

အမျိုးသားလုံခြုံရေးကောင်စီသည် အစည်းအရုံးရန်သူများ၏ အဖျက်အမှောင့်လုပ်ငန်းများကို ဖော်ထုတ်တုံ့ပြန်ရန် တာဝန်ရှိသည်။ KNU အဖွဲ့ဝင်များအနေဖြင့် အစည်းအရုံး၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ စည်းမျဉ်းများ၊ မူဝါဒများနှင့် ရည်မှန်းချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိစေရန် စည်းကမ်းထိန်းသိမ်းရေးနှင့် စောင့်ကြည့်ရေးကောင်စီက တာဝန်ယူရသည်။ အစည်းအရုံး၏ ဘဏ္ဍာရေးစနစ်ကို ဖော်ဆောင်ခြင်းနှင့် ဗဟို ထိန်းချုပ်ခြင်းများ ပြုလုပ်ရန် ဥက္ကဋ္ဌဦးဆောင်သည့် ဘဏ္ဍာရေးကော်မတီကို တာဝန်ပေးအပ်ထားသော်လည်း မကြာသေးမီနှစ်များအတွင်းက လုပ်ငန်းများ လျော့နည်းပျောက်ကွယ်သွားခဲ့သည်။ စီးပွားရေးကော်မတီ၏ လက်ရှိအနေအထားကို ၂၀၁၂ ခုနှစ်တွင် ဖော်ဆောင်ခဲ့ပြီး ၂၀၁၆ ခုနှစ်မှစကာ ပိုမိုသက်ဝင်လှုပ်ရှားလာခဲ့သည်။ ကော်မတီသည် နိုင်ငံတကာ NGO များ၏ အကူအညီဖြင့် ပုဂ္ဂလိကကဏ္ဍစီမံ အုပ်ချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများစတင်ရန် လုပ်ဆောင်လျက်ရှိသည်။ ထို့အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အတွင်းရှိ စီးပွားရေးဆိုင်ရာကိစ္စရပ်များအတွက် မူဝါဒအကြံအဉာဏ်များပေးခြင်းနှင့် ကရင်အရပ်ဖက်အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရာတွင် အကူအညီပေးခြင်းများ ဆောင်ရွက်ပေးသည်။ ခရိုင်များတွင်လည်း ကော်မတီများ တစ်ခါတစ်ရံရှိတတ်သည်။ သို့သော် ဗဟိုနှင့် ခရိုင်ကော်မတီများအကြား ဆက်စပ်ပုံများကိုမူ မသိရပေ။ ဥပမာ-မူးတရောခရိုင်တွင် မူးယစ်ဆေးဝါးဆန့်ကျင်ရေး ကော်မတီအပါအဝင် ကော်မတီများရှိသည်။ အချို့အနေအထားများတွင် ခရိုင်အဆင့်ရှိ အလေ့အကျင့်များကို ပြောင်းလဲရန်အတွက် ဗဟိုအဆင့်ကော်မတီများကို တာဝန်ပေးလေ့ရှိသည်။ သို့သော် ဗဟိုအဆင့်ကော်မတီများတွင် လုပ်ပိုင်ခွင့် အကန့်အသတ်ဖြင့်သာရှိပြီး ဒေသအဆင့် အရာရှိများ၏ နားလည်သဘောတူညီမှု ရရှိရန် အလွန်ကြိုးစားရသည်။

## လူထုအခြေပြု အဖွဲ့အစည်းများ

KNU ထိန်းချုပ်ရာဒေသများတွင် လူထုအခြေပြုအဖွဲ့အစည်းများ (CBOs) သည် ပုံစံအမျိုးမျိုးဖြင့် လှုပ်ရှားလုပ်ကိုင်လျက်ရှိကြပြီး အချို့မှာ KNU ဖွဲ့စည်းပုံအတွင်းတွင် တရားဝင်လုပ်ပိုင်ခွင့်ရှိသော အခန်းကဏ္ဍရှိသည်။ ကရင်အမျိုးသမီးအစည်းအရုံး (KWO)၊ ကရင်လူငယ်အစည်းအရုံး (KYO) နှင့် ကုန်သွယ်မှုသမဂ္ဂများဖက်ဒရေးရှင်း - ကရင် (FTUK) တို့ အားလုံးသည် စည်းရုံးရေးနှင့် ပြန်ကြားရေးဌာနသို့ သတင်းပို့ရသည်။ ၎င်းတို့သည် အစည်းအရုံး၏ အစိတ်အပိုင်းများဖြစ်သည့် အားလျော်စွာ အခွင့်အရေး နှင့် တာဝန်ဝတ္တရားများ ရှိကြသည်။ KNU အောက်ရှိ ကျေးရွာ၊ ကျေးရွာအုပ်စု၊ မြို့နယ်နှင့် ခရိုင်တိုင်းသည် ၎င်းတို့ဒေသအတွက် KWO နှင့် KYO အဖွဲ့ဝင်များကို ရွေးချယ်ကြရသဖြင့် CBO များသည် ရပ်ရွာအဆင့်တွင်ပင် စီစဉ်ဖွဲ့စည်းနိုင်စွမ်းရှိသည်။ လက်တွေ့တွင် CBO များသည် KNU အာဏာပိုင်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းများ ရှိသော်လည်း ၎င်းတို့ကိုယ်ပိုင်ဖွဲ့စည်းပုံနှင့် ကိုယ်တိုင်ရေးဆွဲထားသော လုပ်ပိုင်ခွင့်များနှင့် လုပ်ငန်းလည်ပတ်ကြသဖြင့် KNU ဌာနများထက် ပိုမို လွတ်လပ်ကြသည်။

KWO နှင့် KYO အဖွဲ့ဝင်များကိုလည်း ညီလာခံကိုယ်စားလှယ် သို့မဟုတ် အမြဲတမ်းကော်မတီဝင်များအဖြစ် ရွေးချယ်တင်မြှောက်နိုင်သည်။ အမြဲတမ်းကော်မတီ၊ အလုပ်အမှုဆောင်ကော်မတီနှင့် ကျေးရွာ/ကျေးရွာအုပ်စုကော်မတီများရှိ အမျိုးသမီးသီးသန့်ရာထူးများအတော်များများကို KWO အဖွဲ့ဝင်များဖြင့် ဖြည့်တင်းခန့်ထားလေ့ရှိကြသည်။ FTUK သည် ကရင်ရွှေ့ပြောင်းလုပ်သားအများအပြားရှိသော ထိုင်းနိုင်ငံတွင် လှုပ်ရှားမှု ပိုမိုများပြားပြီး ၎င်းတို့အကြောင်းကို သိရှိမှု နည်းပါးသည်။

ကရင်ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် ဖွဲ့စည်းထားသော ကော်မတီ၊ ကရင်ဖွံ့ဖြိုးရေးနှင့် ကယ်ဆယ်ရေးရုံး၊ ကရင် ဥပဒေရေးရာ အထောက်အကူရုံးနှင့် အခြားအဖွဲ့အစည်းများသည်လည်း နည်းလမ်းပေါင်းစုံသုံးကာ KNU သို့ တိုက်ရိုက်အစီရင်ခံရသည်။ တစ်ခါတစ်ရံတွင် ၎င်းအဖွဲ့အစည်းများမှအဖွဲ့ဝင်များသည် KNU တွင်လည်း တာဝန်ထမ်းဆောင်ကြသည်။ ကရင်ဆရာများလုပ်ငန်းအဖွဲ့နှင့် ကရင်ပညာရေးဌာနတို့ ပူးပေါင်းပြီး KNU ဒေသများရှိ ကျောင်းများတွင် လုပ်ကိုင်လျက်ရှိသည်။ လုပ်ငန်းအဖွဲ့တွင် ကိုယ်ပိုင်ဝန်ထမ်းများရှိပြီး KNU ၏ တိုက်ရိုက်

အုပ်ချုပ်မှုအောက်တွင် မရှိသော်လည်း တရားဝင် အသိအမှတ်ပြုခြင်း ခံရသည်။

ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုလုပ်ရှားမှုကွန်ရက်၊ ကရင်လူ့အခွင့်အရေးအဖွဲ့နှင့် အရွယ်အစားသေးငယ်သောအဖွဲ့များ စသည့် အခြား ကရင် CBOs များသည် လွတ်လပ်စွာတည်ရှိသော်လည်း KNU နယ်မြေတွင် အချိန်ကာလကြာမြင့်စွာ လှုပ်ရှားနေခဲ့ခြင်းဖြစ်သည်။ ၎င်းတို့၏ လုံခြုံရေးအတွက် KNU ၏ ခွင့်ပြုချက်ရယူရန် လိုအပ်သော်လည်း လမ်းညွှန်ချက်ရယူရန် မလိုအပ်ပေ။ ကရင်ဒုက္ခသည်များဆိုင်ရာ ကော်မတီသည် ထိုင်းနိုင်ငံအတွင်းရှိ ဒုက္ခသည်စခန်း ငါးခုကို စီမံခန့်ခွဲနေသည်။ ၎င်းသည် KNU ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် မရှိသော်လည်း နီးကပ်သော ဆက်ဆံရေးရှိသည်။ ထိုလွတ်လပ်သော CBOs များမှ အဖွဲ့ဝင်အချို့သည် KNU ထဲရှိ အုပ်ချုပ်ရေးအဆင့်ဆင့်တွင် ဝင်ရောက်လုပ်ကိုင်နေခြင်း သို့မဟုတ် ညီလာခံတက်ရောက်ခြင်းများ ရှိသည်။

## အခွန်ကောက်ခံခြင်း၊ အခွန်ဘဏ္ဍာနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု

KNU သည် ဒေသခံပြည်သူလူထုနှင့် ၎င်း၏နယ်မြေများအတွင်း လှုပ်ရှားလုပ်ကိုင်နေသော ကုန်သည်များနှင့် ကုမ္ပဏီများထံမှ အခွန်များကောက်ခံသည်။ အချို့အခွန်များအတွက် ငွေသားအစား ဆန်စပါးကို ကောက်ခံလေ့ရှိခဲ့သော်လည်း ထိုအလေ့အထကို လွန်ခဲ့သောနှစ်များအတွင်းက ဒေသအားလုံးတွင် ရပ်ဆိုင်းခဲ့သည်။ အစည်းအရုံးသည် ကောက်ခံရရှိလာသော အခွန်ဘဏ္ဍာများကို အဖွဲ့၏ အသုံးစရိတ်များအတွက် အသုံးပြုသည်။ ဝန်ထမ်းများကို ကျွေးမွေးရန်အတွက် အစားအသောက်ရိက္ခာများ ဝယ်ယူမှု၊ အထွေထွေဝန်ဆောင်မှုစရိတ်နှင့် နိုင်ငံရေး အသုံးစရိတ်များအပြင် စစ်အသုံးစရိတ်မှာ အများဆုံးဖြစ်သည်။ အဖွဲ့၏ အခွန်ဘဏ္ဍာကောက်ယူ၊ သုံးစွဲမှုပုံစံကိုကြည့်ပြီး KNU ၏ အစိတ်အပိုင်းများအကြား အာဏာခွဲဝေမှု မည်သို့ရှိသည်ကို မြင်နိုင်သည်။

## ပြည်တွင်းအခွန် - အခွန်များနှင့် အခများ

KNU သည် ဆယ်စုနှစ်ပေါင်းများစွာ တိုက်ခဲ့ရသော ပြောက်ကျားတိုက်ပွဲများနှင့် မတည်ငြိမ်မှုများကြောင့် KOI နှင့် UWSP ကဲ့သို့သော အခြား EAO ကြီးများနှင့်ယှဉ်လျှင် ငွေကြေးချို့တဲ့သည်။ အဖွဲ့၏ အဓိကဘဏ္ဍာငွေအရင်းအမြစ်မှာ သတ္တုတွင်းကဏ္ဍ အထူးသဖြင့် ရွှေ၊ သံဖြူ နှင့် ခနောက်စိမ်း တို့ဖြစ်ပြီး ဒုတိယအရင်းအမြစ်မှာ စိုက်ပျိုးမြေအသုံးပြုမှုနှင့် မွေးမြူရေးတို့အပေါ်တွင် ကောက်ခံသော အခွန်များဖြစ်သည်။ KNU သည် ယခင်က တရားမဝင်နယ်စပ်ကုန်သွယ်မှုမှ အကျိုးအမြတ်များစွာ ရရှိသည်။ အထူးသဖြင့် မြန်မာနိုင်ငံကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အုပ်ချုပ်စဉ်ကဖြစ်ပြီး အစိုးရသည် ထိုအချိန်က ကုန်ပစ္စည်းအများစုအပေါ်တွင် သွင်းကုန်အခွန် စည်းကြပ်ကောက်ခံခဲ့သည်။ အချို့ခရိုင်များသည် အတိတ်က သစ်ထုတ်လုပ်ရေးကို အထူးလုပ်ကိုင်ခဲ့ပြီး စီးပွားဖြစ်သစ်ထုတ်လုပ်ရေးကို တရားဝင်တားမြစ်ခဲ့သည်မှာ ၂၀၀၉ ကတည်းကပင်ဖြစ်ပြီး ခရိုင်အချို့တွင် အောင်မြင်ခဲ့သည်။ ထိုသို့အောင်မြင်ရခြင်းမှာ သဘာဝပတ်ဝန်းကျင်နှင့် ရပ်ရွာအသက်မွေးဝမ်းကျောင်းအတွက် သစ်တောများ ကာကွယ်ရန် ဗျူဟာကျကျ ဆုံးဖြတ်ထားခြင်းကြောင့်ဖြစ်သည်။[67]

ခရိုင်အဆင့်သည် ၎င်းတို့ကိုယ်ပိုင်ဝန်ထမ်းများနှင့် စစ်ဘက်ဝန်ထမ်းများအတွက် လိုအပ်သောရိက္ခာများနှင့် အခြားအသုံးစရိတ်အများစုကို ကိုယ်တိုင်ဝယ်ယူရန် တာဝန်ရှိသည့်အတွက် ဗဟိုအဆင့်သို့ တကယ်တမ်းပြန်ရောက်သည့် အခွန်ဘဏ္ဍာပမာဏမှာ နည်းပါးသည်။ ထိုအချင်းအရာသည် ခရိုင်အဆင့်၏ လုပ်ပိုင်ခွင့်ဖြစ်ပြီး ၎င်းလုပ်ပိုင်ခွင့်ကြောင့်လည်း ထိုအခြေအနေကို ထိန်းထားနိုင်ခြင်းဖြစ်သည်။

ဘဏ္ဍာရေးနှင့် အခွန်ဌာနသည် အခြားဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းကာ ၎င်းတို့နှင့် သက်ဆိုင်ရာကဏ္ဍများရှိ အခွန်နှင့် အခများကို စီမံခန့်ခွဲရသည်။ ဘဏ္ဍာရေးနှင့် အခွန်ဌာနနှင့် အခြားဌာနများအတွက် ဗဟိုမှပြုစုထားသော လက်စွဲစာအုပ်များတွင် အခွန်အခနှုန်းထားများနှင့် လုပ်ထုံးလုပ်နည်းများကို ဖော်ပြထားသည်။ ဥပမာ - စိုက်ပျိုးမြေဆိုင်ရာ အခွန်အကောက် လုပ်ထုံးလုပ်နည်းများကို စိုက်ပျိုးရေးဌာန၏ လက်စွဲစာအုပ်တွင် ထည့်သွင်းဖော်ပြထားသည်။ လုပ်ထုံးလုပ်နည်းများမှာ နှစ်ပေါင်းများစွာကြာအောင် မပြောင်းမလဲတည်ရှိသော်လည်း နှုန်းထားများကို KNU ညီလာခံတိုင်းတွင် သုံးသပ်ပြောင်းလဲမှုများ ပြုလုပ်လေ့ရှိသည်။ မည်သည့် စီးပွားရေးစနစ်တွင် ဝင်ရောက်လုပ်ကိုင်ရန် အခွင့်အလမ်းရှိသည့်အပေါ်တွင် မူတည်ကာ အခွန်အခများကို မြန်မာကျပ် သို့မဟုတ် ထိုင်းဘတ်ဖြင့် ပေးဆောင်နိုင်သည်။

သာမန်ပြည်သူများမှ KNU သို့ ပေးဆောင်လေ့အရှိဆုံး အခွန်အမျိုးအစားမှာ စိုက်ပျိုးရေးခွန်ဖြစ်သည်။ စိုက်ခင်းအကြီးများအတွက် ၇% နှုန်းထားဖြင့် ကောက်ခံသော်လည်း စိုက်ခင်းငယ်အမျိုးမျိုးအတွက် မတူညီသည့် နှုန်းထားများ သတ်မှတ်ထားသည်။ ၂၀၁၅ ခုနှစ် နှစ်လယ်ပိုင်းတွင် အထွက်နှုန်း ၂၅ တင်းထက်ပိုသော လယ်သမားငယ်အတွက် တောင်စောင်းနှင့် ရေသွင်းစပါးစိုက်ပျိုးမှု နှစ်ခုလုံးမှ ရိတ်သိမ်းရရှိမှုတန်ဖိုးအပေါ်တွင်

67 အချို့ခရိုင်များတွင် သစ်ထုတ်လုပ်မှု လျော့နည်းသွားသည်ကို တွေ့ရသည်။ အကြောင်းမှာ အဖိုးတန်သစ်များအားလုံးကို ခုတ်လှဲပြီးဖြစ်ပြီး စိုက်ပျိုးမြေ သို့မဟုတ် အခြားနည်းလမ်းများဖြင့် အသုံးပြုရန် ပြောင်းလဲထားပြီး ဖြစ်သောကြောင့် ဖြစ်သည်။

၄% နှုန်း အခွန်ကောက်ခံခဲ့ကြောင်း ကြားသိရသည်။ ၎င်းမူဝါဒအရ ရိတ်သိမ်းချိန်တွင် လယ်ပိုင်ရှင်များကပြောသော အထွက်နှုန်းပေါ် မူတည်ကာ အခွန်ကောက်ခံရန်ဖြစ်သော်လည်း အခွန်တိမ်းရှောင်လိုသဖြင့် အထွက်နှုန်းကို လိမ်ညာပြောဆိုကြသောကြောင့် စိုက်ပျိုးခွန်များကို မြေပိုင်ဆိုင်မှု အရွယ်အစားအလိုက် ကောက်ခံသည်။ ထိုသို့ကောက်ခံရာတွင် မြေအမျိုးအစားနှင့် ခန့်မှန်းထွက်ရှိနိုင်သည့် အခြေအနေများကို ထည့်သွင်း တွက်ချက်သည်။

မီးရှို့ခုတ်ထွင် စိုက်ပျိုးတောင်ယာများအပေါ် အမှီပြုသော ဒေသများတွင် အများပိုင်စိုက်ပျိုးမြေ အလေ့အထရှိပြီး ထိုဒေသများအတွက် ရပ်ရွာ အဆင့် အထူးအစီအစဉ်များ သတ်မှတ်ထားသည်။ ၎င်းဒေသများတွင် ကျေးရွာခေါင်းဆောင်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်သူများက ကျေးရွာ အတွင်းရှိ လယ်သမားများအားလုံးအတွက် အဆင်ပြေသင့်လျော်သည့် ၎င်းတို့၏ အထွက်နှုန်းကို အခြေခံကာ တွက်ချက်ထားသော အခွန်ပုံစံမျိုး ကို ကောက်ခံရန် သဘောတူကြသည်။ နောက်ဆက်တွဲတစ်တွင် ဖော်ပြထားသော ဖြစ်ရပ်မှန် လေ့လာဆန်းစစ်မှုအရ ပြောင်းလဲနေသည့် KNU မြေယာမူဝါဒသည် ဒေသဆိုင်ရာ အလေ့အထများနှင့်လည်း အဆင်ပြေသည့် စနစ်တကျသော အလေ့အထကို မိတ်ဆက်ပေးနိုင်ရန် မျှော်လင့် ထားသည်။

ယခုသုတေသနစာတမ်းအတွက် တွေ့ဆုံခဲ့သူများပြောပြခဲ့သည့် အခြားအခွန်အခများမှာ အောက်ပါအတိုင်းဖြစ်သည်။

- နယ်စပ်စစ်ဆေးရေးဂိတ်များမှတစ်ဆင့် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံထုတ် ကုန်ပစ္စည်းများအပေါ်တွင် ကောက်သည့် သွင်းကုန်ခွန်။ အထွေထွေကုန်ပစ္စည်းများ တန်ဖိုး၏ ၅-၇% အခွန် နှင့် သက်ရှိ တိရိစ္ဆာန်များနှင့် ယာဉ်များအတွက် အခများ။
- သဘာဝအရင်းအမြစ် ထုတ်ယူတူးဖော်မှု အကြီးစားများအပေါ်တွင် ကောက်ခံသည့် အခွန်အခများ။ ထိုအထဲတွင် KNU ညီလာခံက တရားမဝင်ဟု ကြေညာထားသည့် သစ်ထုတ်လုပ်ရေး မပါဝင်ပါ။
- သက်ရှိတိရိစ္ဆာန်များ တင်ပို့မှုအပေါ် ကောက်ခံသော အခွန်။ ဥပမာ - နွားတစ်ကောင်လျှင် ထိုင်းဘတ် ၁၅၀၊ ဝက်တစ်ကောင်လျှင် ဘတ် ၂၀ နှင့် ဆင်တစ်ကောင်လျှင် ဘတ် ၅,၀၀၀။
- မြို့များတွင် ရောင်းချမည့် (ဖာလာစေ့၊ ပီလောပီနံနှင့် ပျားရည် စသည့်) သစ်တောနှင့် အသေးစား စိုက်ခင်းထွက်ပစ္စည်းများ သယ်သူ ပို့ဆောင်သည့်အပေါ်တွင် ၁၀% ကောက်ခံသည့် အခွန်။ ၎င်းတို့ကို အစိုးရ ထိန်းချုပ်မှုအောက်တွင်ရှိသော အနီးအနားမြို့များသို့သွားရာ အဓိကရေကြောင်းနှင့် ကုန်းကြောင်းလမ်းများတစ်လျှောက်ရှိ စစ်ဆေးရေးဂိတ်များ သို့မဟုတ် နယ်စပ်စစ်ဆေးရေးဂိတ်များတွင် ကောက်ခံ သည်။
- စိုက်ခင်းငယ်များနှင့် သစ်တောများမှ ပျားရည်ထုတ်ယူမှုအပေါ်တွင် ကောက်ခံသော အထူးအခွန်များ အပါအဝင် အထက်အချက်ပါ ကုန်ပစ္စည်းများအပေါ် ကောက်ခံသည့် ဒေသအဆင့်အခွန်များ။
- အမဲလိုက်ရန် လက်နက်ခဲယမ်းပိုင်မှုအပေါ် ကောက်သည့် အခများ။ ဥပမာ - ပြောင်းသေနတ် တစ်လက်လျှင် ထိုင်းဘတ် ၅ ဘတ် သို့မဟုတ် ရိုင်ဖယ်တစ်လက်အတွက် ၀.၂၂ ဘတ်။[68]

ထိုအခွန်အခများကို စိုက်ပျိုးရေးဌာန၊ သစ်တောဌာန သို့မဟုတ် မွေးမြူရေးနှင့် ရေကြောင်းဌာနများ စသည်ဖြင့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကောက်ခံလေ့ရှိပြီး ၎င်းတို့ကလည်း မူဝါဒနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ လမ်းညွှန်ချက် များထုတ်ပြန်သည်။ လုပ်ထုံးလုပ်နည်း လက်စွဲ စာအုပ်များတွင် ဖော်ပြထားသော လမ်းညွှန်ချက်များအရ အခွန်ကောက်ခံမှုအားလုံးအတွက် ပြေစာများထုတ်ပေးရသည်။ ဝင်ငွေနှင့် ရာထူး အဆင့် အနိမ့်အမြင့်ပေါ် မူတည်ကာ ခွဲခြားကောက်မှုမျိုး မရှိရန် မူဝါဒပြတ်သားစွာချမှတ်ထားပြီး KNU အဖွဲ့ဝင်များသည်လည်း အခြားသူများ နည်းတူ အခွန်ပေးဆောင်ရသည်။

နယ်စပ်စစ်ဆေးရေးဂိတ်များ၊ ကုမ္ပဏီကြီးများနှင့် ပတ်သက်သော အခွန်အခများကို ခရိုင်အဆင့်က ကိုင်တွယ်လေ့ရှိပြီး အချို့စီမံကိန်းများကိုမူ ဗဟိုဌာနများအောက်မှ ကိုင်တွယ်လေ့ရှိသည်။ နယ်မြေအတွင်းပိုင်းမှ စစ်ဆေးရေးဂိတ်ကို မြို့နယ်အဆင့် တာဝန်ရှိသူများက ကိုင်တွယ်လေ့ရှိ သော်လည်း စစ်ဆေးရေးဂိတ်အကြီးများကိုမူ ခရိုင်အဆင့်မှ ထိန်းချုပ်ထားသည်။ စိုက်ပျိုးရေးဆိုင်ရာ အခွန်များစသည့် တစ်ဦးချင်းစီမှ ကောက်ခံ ရရှိသော အခွန်အများစုကိုမူ ကျေးရွာအုပ်စုအဆင့် အာဏာပိုင်များက တာဝန်ယူကောက်ခံကြသည်။

ကျေးရွာအုပ်စုအာဏာပိုင်များသည် ကောက်ခံရရှိငွေများကို မြို့နယ်ဘဏ္ဍာရေးနှင့်အခွန်ဌာနသို့ မပေးပို့မီ စုစုပေါင်း ကောက်ခံရငွေ၏ ၁၀% ကို နုတ်ယူထားခွင့်ရှိသည်။ မြို့နယ်အဆင့်ကမူ ထိုသို့ယူခွင့်မရှိဘဲ ရရှိလာငွေအားလုံးကို ခရိုင်ဘဏ္ဍာရေးနှင့်အခွန်ဌာနသို့ ပေးပို့ရသည်။ ခရိုင်ရုံးက အခွန်အမျိုးအစားအများစုမှ ရငွေ၏ ၁၄% နှင့် သတ္တုတွင်းတူးဖော်မှုနှင့် အခြားစီးပွားရေးလုပ်ငန်းကြီးများမှ ကောက်ခံရရှိငွေ၏ ၄၀% တို့ကို ဗဟိုဘဏ္ဍာရေးနှင့် အခွန်ဌာနသို့ ပေးပို့ရသည်။

[68] ၎င်းအခများကို ထိုင်းဘတ်ဖြင့် မှတ်သားထားသော်လည်း မြန်မာကျပ်ငွေဖြင့်လည်း ပေးချေနိုင်ပါသည်။

## ပုံမှန်မဟုတ်သော အခွန်ကောက်ခံမှုများ

လက်တွေ့တွင် ခရိုင်အချို့သည် ဗဟိုအဆင့်သို့ အခွန် လုံးဝ သို့မဟုတ် မပေးသလောက်ပင် ဖြစ်သည်။ အချို့အခြေအနေများတွင် မြို့နယ်အဆင့်များမှ အခွန်များကို အထက်သို့မပေးအပ်မီ အနည်းငယ် နုတ်ယူထားခွင့်ပြုသည်။ KNU ၏ အဓိက အခွန်ဘဏ္ဍာရင်းမြစ်ဖြစ်သော သတ္တုတွင်းတူးဖော်မှုသည် အားပျော့သော ဗဟိုဌာနချုပ်ကိုင်မှုကို ခံရသည်။ ယခင်က ဗဟိုရှိ သတ္တုတွင်းဌာနသည် ဒေသအဆင့်ဌာနများနှင့် တိုက်ရိုက် ပူးပေါင်းညှိနှိုင်းကာ အခွန်အခများကို ကိုင်တွယ်ကောက်ခံသည်။ ယခုအခါတွင် ခရိုင်တိုင်းရှိ အုပ်ချုပ်ရေးနှင့် သတ္တုတွင်းဌာနတို့က ၎င်းတို့ဒေသများအတွင်းရှိ သတ္တုတွင်းလုပ်ငန်းများကို အခွန်ကောက်ခံသည်။ ၎င်းတို့သည် ကောက်ခံရရှိသော စုစုပေါင်းပမာဏကို ဗဟိုသို့ အစီရင်ခံရပြီး ၄၀% ကို ပို့ပေးရသည်ဖြစ်သော်လည်း တစ်ခါတစ်ရံတွင် ပို့ပေးခြင်းမပြုကြပေ။ ထို့ကြောင့် သတ္တုတွင်းကဏ္ဍသည် စည်းကမ်းထိန်းချုပ်ကိုင်တွယ်မှု အားနည်းနေဆဲဖြစ်သည်။ မြို့နယ်အဆင့်နှင့် ကျေးရွာအုပ်စုအဆင့်များမှလည်း ကောက်ခံရရှိသောအခွန်ငွေများမှ ၎င်းတို့ ရသင့်သည်ထက် ပိုမိုနုတ်ယူထားခြင်းများလည်းရှိနိုင်သည်။ သို့သော် ထိုအဖြစ်များကို ဤစာတမ်းတွင် ထည့်သွင်းလေ့လာရေးသားထားခြင်း မရှိပါ။

ဒေသန္တရအဆင့်တွင်ဖြစ်ပေါ်နေသော တရားမဝင်အခွန်ကောက်ခံမှုအလေ့အထများလည်းရှိသည်။ ထိုအထဲတွင် ရပ်ရွာများကလက်ခံထားသော တရားမဝင်လုပ်ထုံးလုပ်နည်းများသည် အချိန်ကြာလာသောအခါ ပုံမှန်အလေ့အထ ဖြစ်သွားခြင်းများလည်း ပါဝင်သည်။ ဥပမာအားဖြင့် နောက်ဆက်တွဲ တစ် တွင် ဖော်ပြထားသည့်အတိုင်း ရပ်ရွာလူထုများက အများပိုင်မြေယာများနှင့် ပတ်သက်သည့် အခွန်များကို ကျေးရွာအုပ်စု အာဏာပိုင်များနှင့် ညှိနှိုင်းသဘောတူညီမှုများအပေါ် အခြေခံကာ ပေးဆောင်ခြင်းမျိုးဖြစ်သည်။ သို့သော် အခြားအခြေအနေများတွင်မူ အထူးသဖြင့် KNU အုပ်ချုပ်ရေး အားနည်းပြီး KNLA အားကောင်းသောဒေသများတွင် ခြိမ်းခြောက်ငွေညှစ်ခြင်း၊ အကျင့်ပျက်ခြစားခြင်းများက တရားမဝင် အခွန်ကောက်ခံမှုပုံစံ သက်ရောက်သည်။ ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူများ ပြန်လည်ပြောင်းရွှေ့လာသည့် နေရာများတွင် အုပ်ချုပ်ရေးစနစ်များ အားနည်းမှုကြောင့် ထိုသို့သောအဖြစ်အပျက်များ ပေါ်ပေါက်ခြင်းဖြစ်ကြောင်းကို စာရေးသူအနေဖြင့် ယခင်ကလည်း မှတ်တမ်းတင်ဖူးသည်။

အခွန်ကောက်ခံခြင်း လုပ်ထုံးလုပ်နည်းများကို သေချာစွာအကောင်အထည်ဖော်နိုင်ခြင်း ရှိ၊ မရှိဆိုသည်မှာ လုံခြုံရေး အခြေအနေများနှင့် KNU မှ အမှန်တကယ်ထိန်းချုပ်နိုင်မှု အနေအထားများပေါ်တွင်လည်း မူတည်သည်။ ပဋိပက္ခကာလများကဲ့သို့သော အချိန်များတွင် KNU တာဝန်ချထားမှုများ အားနည်းသည့်ဒေသများ၌ ကျေးရွာနှင့် ကျေးရွာအုပ်စုအဆင့် ဥက္ကဋ္ဌများထံမှ အခွန်ကောက်ခံရသည်။ ထိုသို့ကောက်ခံရာတွင် အသုံးပြုနေသောမြေ သို့မဟုတ် ကျေးရွာနှင့် ကျေးရွာအုပ်စုထဲတွင် အခြားလုပ်ငန်းများ ဖြစ်ပေါ်နေမှုတို့၏ အကြမ်းမျဉ်းခန့်မှန်းခြေများပေါ် မူတည်သည်။ ဥပမာ မြို့နယ်အုပ်ချုပ်ရေးအနေဖြင့် ကျေးရွာ/ကျေးရွာအုပ်စုအတွင်း ထွန်ယက်စိုက်ပျိုးနေသော မြေပမာဏအကြမ်းမျဉ်းကို သိလျှင် ထိုပမာဏနှင့်ကိုက်ညီသော အခွန်ကို သက်ဆိုင်ရာ ကျေးရွာဥက္ကဋ္ဌထံမှ ကောက်ယူသည်။ ထိုဥက္ကဋ္ဌက တစ်ဦးချင်းနှင့် မိသားစုများထံမှ အခွန်ကောက်ယူသည်။ ကျေးရွာ/ကျေးရွာအုပ်စု ဥက္ကဋ္ဌများသည် ထိုအခများကောက်ခံရာတွင် အိမ်ထောင်စုတစ်ခုချင်းစီ၏ အမှန်တကယ် ပိုင်ဆိုင်မှု သို့မဟုတ် ဝင်ငွေအစား တစ်ဦးချင်းစီပျမ်းမျှ သို့မဟုတ် အိမ်ထောင်စုတစ်ခုခြင်းစီ ပျမ်းမျှအပေါ်တွင် အခြေခံကာ ကောက်သည်။

ထိုကဲ့သို့သော အခွန်ကောက်ခံပုံနည်းလမ်းများသည် အုပ်ချုပ်မှုပုံစံများ ရောနေသည့် နေရာများတွင် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်။ အဘယ်ကြောင့် ဆိုသော် ထိုဒေသများရှိ ရပ်ရွာလူထုများသည် အစိုးရ၊ DKBA သို့မဟုတ် နယ်ခြားစောင့်တပ်ဖွဲ့များ (BGFs) စသည့် အခွန်ကောက်ခံသည့် အာဏာပိုင်များ၏ အုပ်ချုပ်မှုအောက်တွင်လည်း ရှိသောကြောင့်ဖြစ်သည်။ ထို့အပြင် CBO ခေါင်းဆောင်တစ်ဦး၏ အဆိုအရ လုပ်ငန်းအသေးစား များသည်လည်း အုပ်ချုပ်မှုရောထွေးနေသော နေရာများတွင် အကြပ်အတည်းများကြုံရသည်။ အကြောင်းအရင်းမှာ ၎င်းတို့သည် အောင်မြင်သော အသေးစား၊ အလတ်စားလုပ်ငန်းများဖြစ်လာပါက အခွန်များစွာပေးဆောင်ရန် တာဝန်ရှိလာပြီး ဆက်လက်လုပ်ကိုင်ရန် မဖြစ်နိုင်တော့သော ကြောင့် ဖြစ်သည်။

## ဘဏ္ဍာရေးနှင့် အရင်းအမြစ် စီမံခန့်ခွဲမှု

KNU မှ ကောက်ခံရရှိသော အခွန်ဘဏ္ဍာများသည် ခရိုင်အဆင့်သို့ ရောက်ရှိအဆုံးသတ်သည့်အလျောက် ခရိုင်နှင့် မြို့နယ်အဆင့်လုပ်ငန်းများ လုပ်ဆောင်ရာတွင် အသုံးပြုမည့် ရန်ပုံငွေအများစုကို ခွဲခြမ်းဖြန့်ချိရန်လည်း ၎င်းတို့တွင် တာဝန်ရှိသည်။ သို့ဖြစ်သောကြောင့် ဗဟိုဘဏ္ဍာရေးနှင့် အခွန်ဌာနတွင် ခရိုင်အဆင့်နှင့် အောက်အတွက် အသုံးစရိတ် တာဝန်အချို့သာရှိသည်။ ၎င်းသည် ဗဟိုအဆင့်ဝန်ထမ်းများအတွက် ရိက္ခာခွဲတမ်းများ၊ ဗဟိုအဆင့်ရုံးခန်းများနှင့် အခြားအဆောက်အဦများ ဆောက်လုပ်ရေး၊ ဝှားရမ်းခနှင့် ပြုပြင်ထိန်းသိမ်းခများ စသည့် ဗဟိုအဆင့် ကုန်ကျစရိတ်များအတွက်အဓိကတာဝန်ရှိသည်။ ထို့အပြင် ညှိနှိုင်းဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ဌာနချုပ်အဆင့် အမျိုးသားအထိမ်းအမှတ်ပွဲများ စသော နိုင်ငံရေးလုပ်ငန်းဆိုင်ရာ အသုံးစရိတ်များအတွက်လည်း ဘဏ္ဍာငွေများ ချပေးသည်။ ထိုငွေများကို ဌာနဆိုင်ရာများမှ ဘတ်ဂျက်တောင်းခံမှုများ ပြုလုပ်ပြီး အထွေထွေအတွင်းရေးမှူး၏ ခွင့်ပြုချက်ရပြီး နောက်မှသာ ချထားပေးသည်။

မြို့နယ် အလုပ်အမှုဆောင်ကော်မတီများနှင့် ခရိုင်အဆင့်ဌာနများသည် ၎င်းတို့၏ တာဝန်များနှင့် အခြားချထားပေးသော ကိစ္စများကို ဆောင်ရွက်ရန်လိုအပ်သည့် ဝန်ထမ်းအရေအတွက်ပေါ် မူတည်ကာ ၎င်းတို့ဘတ်ဂျက်အသီးသီးကို ခရိုင် အလုပ်အမှုဆောင်ကော်မတီထံ တင်ပြတောင်းခံသည်။ လုံခြုံရေးတပ်ဖွဲ့များသည်လည်း ၎င်းတို့၏ အချို့အသုံးစရိတ်များကို ခရိုင်အုပ်ချုပ်ရေးသို့ လျှောက်ထားတောင်းခံသည်။ သို့သော် ထိုကုန်ကျစရိတ်များကို ခရိုင်နှင့် KNLA အထွေထွေဌာနချုပ်များအကြား မည်သို့ခွဲဝေကျခံသည်ကိုမူ ရှင်းရှင်းလင်းလင်း မသိရပေ။[69]

ထို့နောက်တွင် ခရိုင်အလုပ်အမှုဆောင်ကော်မတီသည် ရှေ့နှစ်များမှ အသုံးစရိတ်အစီရင်ခံစာများ၊ ဗဟိုနှင့် ခရိုင် ဥပဒေအဖွဲ့များမှ ချမှတ်ထားသော ဦးစားပေးများနှင့် ဆက်စပ်ကာ တောင်းခံမှုများကို စီစစ်ပြီး နောက်ဆုံးချပေးမည့် ဘတ်ဂျက်ကို ဆုံးဖြတ်သည်။ ပုံမှန်အားဖြင့် ထိုဆုံးဖြတ်ချက်များသည် ညီလာခံနှင့် အမြဲတမ်းကော်မတီတို့မှ ချမှတ်ထားသော ဦးစားပေးများ၊ ခရိုင်အမြဲတမ်းကော်မတီနှင့် သြဇာအသက်ရောက်ဆုံး ခေါင်းဆောင်များ၏ ဦးစားပေးများအပေါ် တွင် အခြေခံလေ့ရှိသည်။

KNU ချမှတ်ထားသော တော်လှန်ရေးစိတ်ဓာတ်တွင် မည်သည့်အဆင့်ရှိ အရပ်သားဝန်ထမ်း၊ စစ်ဘက်ဝန်ထမ်းကမျှ တရားဝင်လစာ မရရှိပေ။ ထို့အစား ဝန်ထမ်းများကို လုပ်အားပေးအဖြစ် သတ်မှတ်ထားပြီး စားနပ်ရိက္ခာခွဲတမ်းများ၊ အခြေခံနေစရာနေရာ၊ အသေးသုံးစရိတ်နှင့် အချို့လိုအပ်သော ကိစ္စရပ်များအတွက် အထက်အရာရှိဆုံးဖြတ်ချက်ဖြင့် အထောက်အပံ့များ ပေးအပ်သည်။

ထုံးစံအရ အိမ်ထောင်မရှိသောသူများသည် ၎င်းတို့အလုပ်လုပ်ကိုင်ရာ ရုံးများတွင် နေထိုင်ခြင်း သို့မဟုတ် တန်းလျားများတွင် စုပေါင်းနေထိုင်ကာ အများအတွက်ချပေးသော ရိက္ခာခွဲတမ်းများမှ စားသောက်ခြင်းများ ပြုလုပ်ရသည်။ ဌာနရုံးများသည် ၎င်းတို့ရိက္ခာအတွက် ကိုယ်တိုင် စိုက်ပျိုးမွေးမြူခြင်းများ ပြုလုပ်သည်။ အိမ်ထောင်ရှိသူများကမူ ၎င်းတို့ မိသားစုတစ်ခုလုံးအတွက် ခွဲတမ်းများရရှိပြီး သီးသန့်နေစရာအတွက် ကူညီပေးသည်။ ထိုခွဲတမ်းများကို မိသားစုအတွင်းမှ အိမ်ရှင်မထံသို့ ပေးပို့သည်မှာ ပုံမှန်အစဉ်အလာဖြစ်ပြီး ထိုခွဲတမ်းများတွင် ဆန်အပြင် ဆီ၊ ဆား၊ ငရုတ်၊ ငါးပိနှင့် အချိုမှုန့်တို့ ပါဝင်နိုင်သည်။ သို့သော် အချို့ခရိုင်များရှိ အချို့ဌာနများသည် ထိုအခြေခံခွဲတမ်းများကိုပင် ပေးနိုင်စွမ်းမရှိဘဲ ၎င်းတို့ဆီမှ ဝန်ထမ်းများသည် အခြားဝင်ငွေရရှိသည့် နည်းလမ်းများ သို့မဟုတ် မိသားစုဝင်များထံမှ ပို့ငွေများရှိရန် လိုအပ်သည်။ ထိုဝန်ထမ်းများသည် ပြင်ပ၌ အလုပ်လုပ်ကိုင်ရသည့် ၎င်းတို့၏ ဇနီး/ခင်ပွန်းများ သို့မဟုတ် ကလေးများနှင့် ဌာနချုပ်များတွင် အများနှင့် စုပေါင်းနေထိုင်ကြရသည်။

ဝန်ထမ်းများအတွက် ပုံမှန်ထောက်ပံ့မှုများ မရှိခြင်းက အကျင့်ပျက်ခြစားမှုများ ပေါ်ပေါက်ရန်နှင့် အထက်အရာရှိများနှင့် ဝေးရာ အထိန်းအချုပ်နည်းပါးသော ဒေသများတွင် ပုဂ္ဂလိကလုပ်ငန်းများ လုပ်ကိုင်ရန် အားပေးသကဲ့သို့ ဖြစ်နေသည်။ သို့သော် ယခုစာတမ်းတွင် ၎င်းကဲ့သို့ အခြေအနေများကို ရှာဖွေမှတ်တမ်းတင်မှုများ မပြုလုပ်ခဲ့ပါ။

KNU သည် စပါးစိုက်တောင်သူများထံမှ အခွန်များကောက်ခံရာတွင် ငွေသားအစား ဆန်ကို ယခင်ကလက်ခံခဲ့ပြီး စားနပ်ရိက္ခာခွဲတမ်းထဲသို့ တိုက်ရိုက် ပေါင်းထည့်ခဲ့သည်။ သို့သော် ယခုအချိန်တွင် ခရိုင်များက မြို့နယ်အုပ်ချုပ်ရေးများသို့ ငွေသားချထားပေးပြီး ၎င်းတို့ဒေသအဆင့်တွင် ဆန်ပြန်လည်ဝယ်ယူစေသည်။ ကျေးရွာအုပ်စုအဆင့်တွင် အခွန်၏ ၁၀% ကို ဖြတ်တောက်ယူထားသည့်အတွက် ခရိုင်အဆင့်ထံမှ ရိက္ခာခွဲတမ်းများနှင့် ပုံမှန်အသုံးစရိတ်များအတွက် ရန်ပုံငွေများ ရရှိခြင်း မရှိပေ။ ကျေးရွာအုပ်စုများသည် ဆန် သို့မဟုတ် ဒေသအဆင့် အခြားထွက်ကုန်များကို အခွန်အဖြစ် ကောက်ခံနေဆဲဖြစ်ပြီး မြို့နယ်သို့ ပေးစရာရှိသော အခွန်များကို အခြားအရင်းအမြစ်များမှ ရရှိသောငွေများဖြင့် ပေးနေခြင်း ဖြစ်နိုင်သည်။

## ပြင်ပ ရန်ပုံငွေ အရင်းအမြစ်များ

KNU ၏ လူမှုရေးဝန်ဆောင်မှုကဲ့သို့သော အချို့လုပ်ငန်းများသည် နိုင်ငံတကာဖွံ့ဖြိုးရေး အလှူရှင်များထံမှ အထောက်အပံ့များရရှိသည်။ အထူးသဖြင့် KED နှင့် ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာနတို့မှ ကရင်လူမျိုး ထောင်ပေါင်းများစွာအတွက် ပေးအပ်နေသော ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများသည် နိုင်ငံတကာမှရရှိသော ရန်ပုံငွေပေါ် တွင် အမှီပြုနေရသည်။ ထို့အပြင် စိုက်ပျိုးရေးဌာနနှင့် သစ်တောဌာနတို့တွင်လည်း နိုင်ငံတကာရန်ပုံငွေဖြင့် လုပ်ကိုင်နေသော စီမံကိန်းအချို့ရှိသည်။ ထိုအထဲတွင် မူဝါဒရေးဆွဲခြင်းနှင့်သက်ဆိုင်သည့် လုပ်ငန်းများ၊ ဒေသတွင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်လုပ်ဆောင်သည့် ရပ်ရွာဖွံ့ဖြိုးရေးအစီအစဉ်များ ပါဝင်သည်။

ထိုထောက်ပံ့ငွေများသည် မည်သည့်အဆင့်ရှိ KNU ဘဏ္ဍာရေးနှင့် အခွန်ဌာနကိုမျှ ဖြတ်သန်းသွားခြင်းမရှိပေ။ ပြည်တွင်း NGO များ သို့မဟုတ် မိတ်ဖက် INGO များ သို့မဟုတ် CBO များက အသုံးပြုသောနည်းစနစ်များအတိုင်း ဌာနများက တိုက်ရိုက်စီမံခန့်ခွဲမှု ပြုလုပ်သည်။ ထိုငွေများကို

[69] ခရိုင်အလုပ်အမှုဆောင်ကော်မတီတစ်ခုမှအဖွဲ့ဝင်များ၏ အဆိုအရ လုံခြုံရေးတပ်ဖွဲ့များသည်လည်း ဘဏ္ဍာငွေရရှိရန်အတွက် ၎င်းတို့၏ဘတ်ဂျက်များကို ခရိုင်အုပ်ချုပ်ရေးသို့ တင်ပြရန်လိုအပ်သည်။

အကူအညီပေးရေးစီမံကိန်းများတွင် ပုံမှန်အသုံးပြုလေ့ရှိသော နည်းလမ်းများအတိုင်း သတ်မှတ်ပစ္စည်းများဝယ်ယူခြင်း၊ လုပ်ငန်းလုပ်ကိုင်ခြင်းများ ပြုလုပ်ရန် ချထားပေးသည်။ KNU နှင့် တရားဝင်အဆက်အသွယ်ရှိသော အဖွဲ့များအပါအဝင် KNU နှင့် ပူးပေါင်းလုပ်ကိုင်နေသော CBO များသည်လည်း နိုင်ငံတကာထောက်ပံ့ငွေအပေါ် မှီခိုနေရသည်။

KNU သည် ပမာဏအတိအကျမသိရသော်လည်း များပြားသည့် ရန်ပုံငွေများကို နေရာအနှံ့အပြားတွင် နေထိုင်နေသော (diaspora) ကရင်လူမျိုးထံမှ ရရှိသည်။ ထိုအထဲတွင် စစ်ပွဲများကြောင့် ထွက်ပြေးခဲ့ရပြီး နောက်ပိုင်းတွင် အမေရိကန်နိုင်ငံကဲ့သို့သော ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အခြေချနေထိုင်ခွင့်ရရှိထားသော ကရင်လူမျိုး ၁၀၀,၀၀၀ လည်း အပါအဝင် ဖြစ်သည်။ ထိုမိသားစုများသည် လွတ်လပ်ရေးရပြီးကတည်းက KNU အုပ်ချုပ်မှုအောက်တွင် နေခဲ့ကြပြီး အစည်းအရုံးနှင့် ခိုင်မြဲသော ဆက်ဆံမှုများရှိကြသည်။ အချို့သည် ယနေ့အထိ အဖွဲ့အစည်းအပေါ် လေးနက်စွာ သစ္စာရှိဆဲဖြစ်သည်။ ထို့အပြင် ၎င်းတို့တွေ့ကြုံခဲ့ရသော ဆုံးရှုံးမှုများ၊ ဒုက္ခများကြောင့် အများစုသည် တော်လှန်ရေးကို အားပေးထောက်ခံသူများ ဖြစ်ကြသည်။ သို့သော် နေရာအနှံ့အပြားတွင်နေထိုင်နေသော (diaspora) ကရင်လူမျိုးများထံမှ ရရှိသော ရန်ပုံငွေများနှင့် မည်သို့ ခန့်ခွဲသုံးစွဲပုံအကြောင်းကို သုတေသနပြုထားခြင်း မရှိပေ။

## အပိုင်း လေး - "သိမ်းပိုက်အုပ်ချုပ်မှု" အောက်တွင်နေထိုင်ရခြင်း - ၁၉၉၅ မှ ၂၀၁၁ အထိ အုပ်ချုပ်ရေး အနေအထားများ

မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ကရင်ကျေးလက်ဒေသများ၏ လက်ရှိအုပ်ချုပ်ရေးအနေအထားများကို နားလည်နိုင်ရန် DKBA ကို စတင်ထူထောင်ခဲ့သည့် ၁၉၉၄ ခုနှစ်နှင့် ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေးများကြားရှိ ကာလကို ပထမဆုံးလေ့လာရန် လိုအပ်သည်။ ထိုကာလအတောအတွင်းက နယ်မြေအများစုကို တပ်မတော်၏ သိမ်းပိုက်ခြင်းခံခဲ့ရသဖြင့် KNU ၏ အရှိန်အဝါကျဆင်းခဲ့ပြီး လူအများအပြား ရွှေ့ပြောင်းနေထိုင်ခဲ့ရကာ ရှုရင်းစွဲလူမှုရေးနှင့် နိုင်ငံရေးအနေအထားများ ပျက်ပြားခဲ့ရသည်။

မြန်မာနိုင်ငံသည် ထိုကာလတစ်လျှောက်လုံးတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (State Law and Order Restoration Council – SLORC) ဟုခေါ်သော စစ်အစိုးရ၏ အုပ်ချုပ်မှုအောက်တွင်ရှိသည်။ SLORC သည် ၁၉၈၈ ခုနှစ်တွင် ဗိုလ်ချုပ်နေဝင်းထံမှ အာဏာသိမ်းယူခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (State Peace and Development Council – SPDC) ဟု အမည်ပြောင်းခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်များကို SLORC က ပယ်ချခဲ့ပြီးနောက်တွင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ် ချထားခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (National League for Democracy – NLD) ပါတီမှာလည်း နိုင်ငံရေးတွင် ပါဝင်မှုမရှိနိုင်အောင် ဖယ်ထုတ်ထားခံခဲ့ရသည်။ အပစ်အခတ်ရပ်စဲရေးများက နေရာဒေသအတော်များများကို တည်ငြိမ်အောင် ထိန်းထားနိုင်ခဲ့သဖြင့် တပ်မတော်မှ KNU နှင့် ၎င်းအနီးအနားရှိ EAO များအပေါ် စစ်ဆင်ရေး ဆင်နွှဲနိုင်ရန် အခြေအနေပေးသလိုဖြစ်ခဲ့သည်။ SPDC သည် "အမျိုးသားညီလာခံ" မှတစ်ဆင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲအတွက် လမ်းခင်းပေးခဲ့သည်။ ထိုညီလာခံကို NLD နှင့် အခြားပါတီများက သပိတ်မှောက်ခဲ့သော်လည်း အပစ်အခတ် ရပ်စဲထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အတော်များများ တက်ရောက်ခဲ့သည်။

### KNU ပဋိပက္ခ၏ အဓိကအနေအထားများ (၁၉၉၅ - ၂၀၁၁)

၁၉၅၀ ပြည့်နှစ်များကတည်းက အဓိကမြို့များဖြစ်သော တောင်ငူ၊ ဘားအံ၊ ဘီးလင်း၊ သထုံ၊ ကော့ကရိတ်၊ မြဝတီ၊ ဖာပွန်နှင့် ထားဝယ်မြို့များနှင့် ၎င်းမြို့များအကြား ဆက်သွယ်သောလမ်းများကို အမြဲတမ်းနီးပါး ထိန်းချုပ်ထားနိုင်ခဲ့သည်။ သို့သော် ထိုမြို့များ အနီးတစ်ဝိုက် နေရာအများစုနှင့် အရေးကြီးသော နယ်စပ်ကုန်သွယ်ရေးစခန်း အတော်များများမှာ KNU ၏ ထိန်းချုပ်မှုအောက်တွင်ရှိသည်။ ထိုအခြေအနေသည် ၁၉၈၄ ခုနှစ်မှစကာ ပြောင်းလဲလာခဲ့သည်။ အကြောင်းမှာ တပ်မတော်သည် တောင်ကုန်းများနှင့် ထိုင်းနယ်စပ်တလျှောက်တွင် ဗျူဟာမြောက် အခြေစိုက်စခန်းများ ချထားနိုင်ခဲ့ကာ KNU ၏ အရေးကြီးနေရာများကို ပုံမှန် နွေရာသီထိုးစစ်များ ဆင်နိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်များ အစောပိုင်းအရောက်တွင် တပ်မတော်သည် မဟာဗျူဟာအရ အရေးကြီးသော နယ်စပ်ရွာများဖြစ်သည့် မဲသဝေါ၊ ဝေါလေ (ယခုအခေါ် ဝေါလေမြိုင်)၊ နှင့် ဘားလူ တို့တွင် ကိုယ်ပိုင်အခြေစိုက်စခန်းများ ချထားခဲ့ပြီး ထိုအခြေအနေက ကရင်ဒုက္ခသည်များ ထိုင်းနိုင်ငံအတွင်းသို့ ပုံမှန်ထွက်ခွာ ပြောင်းရွှေ့မှုများ ဖြစ်ပေါ်စေခဲ့သည်။ တပ်မတော်သည် ၎င်းတို့ထိန်းချုပ်မှုအောက်တွင် ပြန်လည်နေရာချထားရေးစခန်းများကို အရေးအတွက်တိုးချဲ့ခဲ့ပြီး လူထုများကို ထိုစခန်းများသို့ ပုံမှန်ပြောင်းရွှေ့ခြင်းများ စတင်ပြုလုပ်ခဲ့သည်။

၁၉၉၄ ခုနှစ်တွင် မြိုင်ကြီးငူဆရာတော်နှင့် ခရစ်ယာန် KNU ခေါင်းဆောင်အချို့အကြား တင်းမာမှုများဖြစ်ပေါ်ခဲ့ပြီး နောက်တွင် DKBA ကို ထူထောင်ခဲ့သည်။[70] အဖွဲ့သစ်သည် ၁၉၉၅ ခုနှစ် ဇန်နဝါရီလတွင် တပ်မတော်နှင့် ပူးပေါင်းခဲ့ပြီး ပူးပေါင်းစစ်ထိုးစစ်များဖြင့် မာနယ်ပလောနှင့် အခြားနယ်စပ်အရေးကြီးနေရာ ကော်မူးရာ (ယခု ရွှေကိုကို အနား) တို့ရှိ KNU ဌာနချုပ်များကို သိမ်းယူခဲ့သည်။

တပ်မတော်သည် ၁၉၉၀ ပြည့်နှစ်နှောင်းပိုင်းတစ်လျှောက်တွင် KNU ၏ ခရိုင် ခုနစ်ခုလုံးအတွင်းတွင် "ဖြတ်လေးဖြတ်" မဟာဗျူဟာကို ကျင့်သုံးခဲ့ရာ ရာနှင့်ချီသော ကျေးရွာများကို မီးရှို့ခြင်းများ ပြုလုပ်ခဲ့ပြီး ထောင်ပေါင်းများစွာသော ပြည်သူများ အိမ်ရာစွန့်ခွာထွက်ပြေးခဲ့ရသည်။ ထို့အပြင် KNU ပိုင်နက်အတွင်း၌ စစ်ရေးစခန်းကွန်ရက်များကို အောင်မြင်စွာ ထူထောင်နိုင်ခဲ့သည်။ KNU သည် နောက်ထပ်ခွဲထွက်မှုများကြောင့် ပိုမိုအားနည်းလာခဲ့ပြီး[71] ဘိုမြမှာ အသက်အရွယ်ကြီးမြင့်လာပြီး ၂၀၀၆ ခုနှစ်တွင် ကွယ်လွန်သွားခဲ့ကာ နောက်ဥက္ကဋ္ဌဖဒိုမန်းရှာ ၂၀၀၇ ခုနှစ်တွင် လုပ်ကြံခံခဲ့ရပြီး၊ ဥက္ကဋ္ဌဘသိန်းစိန်သည် ၂၀၀၈ ခုနှစ်တွင် ကွယ်လွန်ခဲ့သောကြောင့် ခေါင်းဆောင်ပိုင်းဆိုင်ရာပြဿနာများ ပေါ်ပေါက်လာခဲ့သည်။ KNU သည် ထိုင်းအုပ်ချုပ်ရေးအဆင့်ဆင့်ရှိ လုံခြုံရေးအရာရှိများနှင့် ပူးပေါင်းမှုဖြင့် အကျိုးကျေးဇူးများ ရရှိနေခဲ့သည့်အတွက် ထိုင်းနှင့် မြန်မာနှစ်နိုင်ငံအကြား ဆက်ဆံရေးကောင်းမွန်လာခြင်းကလည်း KNU အပေါ် နောက်ထပ်ဖိအားတစ်ခု ဖြစ်လာခဲ့သည်။

---

[70] Paul L. Keenan ၏ အင်တာနက်စာမျက်နှာ "The Formation of the DKBA", မေလ ၆ ရက်၊ ၂၀၁၆။ https://paullkeenan.net/2016/05/06/the-formation-of-the-dkba/ တွင် ဖတ်ရှုနိုင်သည်။ South (2012), 18-20.

[71] ထိုကာလအတွင်းက ခွဲထွက်သွားသောအဖွဲ့များစာရင်းကို အပိုင်း တစ် တွင်ကြည့်ပါ။

KNU ၏ ခရိုင်ခုနစ်ခုသည် Callahan ၏ အခေါ် "occupation " နှင့် "ongoing but deterritoiralized war" တို့၏ ဒဏ်ကို ခံစားခဲ့ရသည်။[72] ထောင်သောင်းများစွာသော အရပ်သားများသည် သွားလာရလွယ်ကူသောနေရာများ၊ ယာဉ်သွားနိုင်သောလမ်းများနှင့် နီးသောနေရာများသို့ တပ်မတော်၏ ပြောင်းရွှေ့နေရာချထားခြင်းကို ခံခဲ့ရသည်။ ထို "ရွှေ့ပြောင်းကျေးရွာများ" တွင်နေထိုင်စဉ် ၎င်းတို့၏ ယခင် နေရာဟောင်းများနှင့် လယ်ယာများသို့ သွားရောက်ခြင်းမပြုရန် တားမြစ်ထားပြီး သွားရောက်ခဲ့ပါက သူပုန်အဖြစ်သတ်မှတ်ခံရမည်ဖြစ်ကြောင်း သတိပေးခဲ့သည်။[73] ထို့အပြင် ရာပေါင်းများစွာသော ပြည်သူများသည် ထိုင်းနိုင်ငံအတွင်း သို့မဟုတ် နက်ရှိုင်းသော KNU နယ်များအတွင်းရှိ IDP စခန်းများသို့ ထွက်ပြေးခဲ့ရသည်။ အခြားပြည်သူရာပေါင်းများစွာတို့မှာမူ ၎င်းတို့၏ အိမ်ရာများနှင့် အခြားပိုင်ဆိုင်မှုများအနီးတွင် နေနိုင်ရန်နှင့် တပ်မတော်ကို ရှောင်ရှားရန်အတွက် တောတောင်များအတွင်း ပုန်းအောင်းနေခဲ့ကြရသည့် အခါများလည်းရှိကာ အခြေအနေကိုလိုက်ကာ ဟိုမှသည်သို့ ပြောင်းရွှေ့မှုများ ပြုလုပ်ခဲ့ရသည်။[74] ထိုအတောအတွင်းတွင် KNU ဗဟိုခေါင်းဆောင်အများစုသည် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့သို့ ပြောင်းရွှေ့သွားခဲ့ကာ အောက်ခြေရှိ အခြေအနေမှန်များနှင့် တစ်စစ ကင်းကွာလာခဲ့သည်။ တစ်ချိန်တည်းတွင် ခရိုင်များသည်လည်း ၎င်းတို့ကိုယ်ပိုင် စရိုက်လက္ခဏာ အစီအစဉ်များအတိုင်း တစ်စစ ကွဲပြားလာခဲ့သည်။

SLORC/SPDC ၏ အုပ်ချုပ်ရေး လုပ်ငန်းများအားလုံးကို ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စု သို့မဟုတ် ကျေးရွာတိုင်း၏ ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များ - LORCs (၁၉၉၇ တွင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ - PDCs ဟု နာမည်ပြောင်းခဲ့သည်) အောက်တွင် ထားရှိခဲ့သည်။ ထို LORC/PDC များကို တပ်မတော်မှ အရာရှိကြီးများကစီမံခန့်ခွဲပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) က အုပ်ချုပ်ရေးပိုင်း ဆိုင်ရာ ပံ့ပိုးမှုများပေးပြီး လမ်းညွှန်ချက်များကို ဆောင်ရွက်သည်။ ကရင်ဒေသတွင် တပ်မတော်မှ နယ်မြေသစ်များ သိမ်းပိုက်ရရှိလာသည့် အလျောက် ကျေးရွာ သို့မဟုတ် ကျေးရွာအုပ်စု LORC/PDC များ ဖွဲ့စည်းခဲ့သည်။ သို့သော် ဒေသအများစုတွင် ထိုသို့လုပ်ဆောင်ရန် မဖြစ်နိုင်ခဲ့ပေ။ LORC/PDC များသည် တပ်ရင်းမှူးများမှ ကျေးရွာခေါင်းဆောင်များကို တိုက်ရိုက်အမိန့်ပေးကာ အုပ်ချုပ်သောပုံစံ ရှိခဲ့သည်။[75]

ထိုကာလအတွင်းတွင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးရည်မှန်းချက်များကို ဆောင်ရွက်ရန်အတွက် နိုင်ငံတော် **အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ** ဟု အမည်ပြောင်းကာ EAO များကို "တရားဥပဒေဘောင်အတွင်းသို့" ဝင်ရောက်ကြရန်နှင့် အမျိုးသားညီလာခံကို တက်ရောက်ကာ တပ်မတော်၏ တည်ငြိမ်ရေးနှင့်စီးပွားရေးဖွံ့ဖြိုးမှု မျှော်မှန်းချက်များအတွက် အတူတကွလက်တွဲ ပူးပေါင်းကြရန် တိုက်တွန်းခဲ့ သည်။ DKBA နှင့် အခြား KNU မှ ခွဲထွက်အဖွဲ့များနည်းတူ နိုင်ငံအနှံ့အပြားရှိ ၎င်းတို့၏ နိုင်ငံရေးရပ်တည်ချက်ကို စွန့်လွှတ်ကာ လက်နက်ချလို သော အဖွဲ့များအားလုံးကလည်း ထိုပြောဆိုသုံးနှုန်းမှုမျိုးကို သဘောတူလက်ခံခဲ့ကြသည်။ ဒေသခံရွာလူထုများကို ကိုယ်ပိုင်နိုင်ငံရေးလုပ်ပိုင်ခွင့် များထက် ထိုရည်မှန်းချက်များက ကရင်လူမျိုးများအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေနိုင်ပြီး KNU သည် အဟန့်အတားတစ်ခုဖြစ်ကြောင်း ထိုအဖွဲ့ များက ဆိုခဲ့ကြသည်။

လက်တွေ့တွင် အပစ်အခတ်ရပ်စဲထားသော ဒေသများတွင် အဓိကလုပ်ဆောင်ခဲ့သည့် "ဖွံ့ဖြိုးရေး" လုပ်ငန်းများမှာ သဘာဝအရင်းအမြစ် တူးဖော်မှု လုပ်ငန်းအကြီးစားများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် အခြေခံအဆောက်အဦ ဆောက်လုပ်ရေးစီမံကိန်းများဖြစ်သည်။ ထို လုပ်ငန်းများမှ တပ်မတော်နှင့် EAO များက အမြတ်အစွန်းများစွာ ရရှိကြပြီး ဒေသခံလူထုများအတွက် အကျိုးအမြတ်အနည်းငယ်သာရှိသည်။[76] ကရင်အပစ်အခတ်ရပ်စဲရေးဒေသများနှင့် အခြားနေရာများတွင် တပ်များချထားမှုကြောင့် ထိုဒေသများရှိလူထုများသည် မြေသိမ်းယူခံရခြင်းများ၊ အဓမ္မရွှေ့ပြောင်းစေမှုများ၊ အဓမ္မခိုင်းစေမှုများနှင့် အခြား မတရားဖိနှိပ်မှုများကို ကြုံတွေ့ခဲ့ရသည်။[77] ထိုဖွံ့ဖြိုးရေးလုပ်ငန်းများသည် SPDC ၏ ခရိုနီကုမ္ပဏီများနှင့်လည်း ဆက်စပ်မှုများရှိပြီး မြန်မာနိုင်ငံအခြားဒေသများမှသူများကို ရွှေ့ပြောင်းလာဖြစ်အောင်လည်း အားပေးသည့်အတွက် ဒေသခံများမှ ဆန့်ကျင်မှုများရှိခဲ့သည်။ ၂၀၀၀ ပြည့်နှစ်များတွင် တိုင်းပြည်အနှံ့အပြားရှိ အပစ်အခတ်ရပ်စဲထားသော EAO များ၏ အရွယ်အစား များ သေးငယ်လာခြင်း သို့မဟုတ် ၎င်းတို့နယ်မြေများ တစ်စတစ်စ လျော့ပါးလာသည့်အတွက် အဖွဲ့များဖျက်သိမ်းလိုက်သည်များလည်း

[72] Callahan (2007), 33.

[73] KHRG (1998); KHRG (2008). The Border Consortium (TBC) website ကို ကြည့်ပါ, "IDPs Reports," ၂၀၀၂ မှ ၂၀၁၄ အကြား နှစ်စဉ်ထုတ်ဝေသည်။ http://www.theborderconsortium.org/resources/key-resources/ တွင် ကြည့်ရှုနိုင်သည်။

[74] ၎င်းတို့ ပြောင်းရွှေ့နေထိုင်သွားသည့် နေရာများအပါအဝင် နှစ်စဉ် ခန့်မှန်းခြေ IDP အရေအတွက်ကိုသိရန် TBC ၏ အင်တာနက်စာမျက်နှာကို ကြည့်ပါ။ "IDPs Reports," ၂၀၀၂ မှ ၂၀၁၄ အကြားနှစ်စဉ်ထုတ်ဝေသည်။ http://www.theborderconsortium.org/resources/key-resources/ .၎င်းတို့၏ အတွေ့အကြုံများ နှင့် ပတ်သက်ကာ ပိုမိုသိရှိလိုလျှင် KHRG (2008), KHRG (2009) ကိုကြည့်ပါ။

[75] နှစ် ၂၀ နီးပါးကာလအတွင်း ထုတ်ပြန်ခဲ့သည့် ထောင်ပေါင်းများစွာသော "အမိန့်စာရွက်စာတမ်း" များကို ကရင်လူ့အခွင့်အရေးအဖွဲ့က စုဆောင်းထားခဲ့သည်။ အထူးသဖြင့် အဓမ္မခိုင်းစေခြင်းခံရသော အလုပ်သမားများနှင့် ပတ်သက်သောစာရွက်စာတမ်းများကို စုဆောင်းသိမ်းဆည်းခဲ့သည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ အင်တာနက်စာမျက်နှာရှိ "Orders Reports"ကို ကြည့်ပါ။ http://khrg.org/reports/type/35?keys=&title=&date_filter[min]&date_filter[max]&qt-name=key&&&&&page=3

[76] Kramer (2009), 22-3

[77] နောက်ပိုင်း အပိုင်းများတွင် ထိုကိစ္စနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို ဖော်ပြထားပါသည်။ အရေးကြီးသောအရင်းအမြစ်အနေဖြင့် KHRG (2007) ကို ကြည့်ပါ။

ရှိလာသည်။ KIO ကဲ့သို့ အပစ်အခတ်ရပ်စဲထားသော်လည်း ၎င်းတို့၏ နိုင်ငံရေးနာကြည်းချက်များကို ဖော်ထုတ်ပြောဆိုသော EAO များအနေဖြင့် ၎င်းတို့၏ စီးပွားရေးလုပ်ပိုင်ခွင့်များ တဖြည်းဖြည်း လျော့နည်းလာကာ SPDC နှင့် တင်းမာမှုများ ပေါ်ပေါက်လာခဲ့သည်ကို တွေ့ရသည်။ ထိုအတောအတွင်း KNU ဒေသများတွင် ဖြစ်ပေါ်လာခဲ့သော အုပ်ချုပ်ရေးအနေအထားများမှာ ဒေသအလိုက် ကွာခြားမှုများရှိသည်။ အလွယ်ရှင်းလင်းအောင် ပြောရမည်ဆိုလျှင် အဓိကဒေသအမျိုးအစား နှစ်မျိုးရှိသည် -

- အမာခံနယ်မြေများ - ထိုနယ်မြေများကို တပ်မတော်က "အမည်းရောင်နယ်မြေများ" အဖြစ် သတ်မှတ်ထားသည်။
- အာဏာပိုင်အမျိုးမျိုးရောထွေးနေသည့်နေရာများကို တပ်မတော်က "အညိုရောင်နယ်မြေများ" အဖြစ် သတ်မှတ်ထားသည်။

အမာခံနယ်မြေအများစုတွင် နေထိုင်သူများမှာ ကရင်လူမျိုးများဖြစ်ပြီး ဗုဒ္ဓဘာသာဝင်ထက် ခရစ်ယာန်နှင့် ရိုးရာဓလေ့ဆိုင်ရာ ကိုးကွယ်သူများ ပိုများသည်။ ထိုဒေသများသည် ကိုလိုနီခေတ်အတွင်းက ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပိုမိုရခဲ့ပြီး သမိုင်းတစ်လျှောက်မှ မြန်မာမင်းနေပြည်တော်များနှင့် ဆက်ဆံမှု အလွန်နည်းခဲ့ပုံပေါ်သည်။ အာဏာပိုင်အမျိုးမျိုး ရောထွေးအုပ်ချုပ်နေသည့် နေရာများတွင်မူ (ကရင်ဗုဒ္ဓဘာသာဝင်များအပါအဝင်) ဗုဒ္ဓဘာသာဝင်အရေအတွက် ပိုများပြီး အခြားတိုင်းရင်းသားများ နေထိုင်မှုအချိုးလည်း ပိုများကာ အရှေ့ပိုင်းကာလများတွင် ပြည်မနှင့် ပိုမိုကူးလူးဆက်သွယ်မှု ရှိခဲ့သည်။ ထိုနယ်မြေအများစုတွင် DKBA ကဲ့သို့သော ဒေသအဖွဲ့များနှင့် မဟာမိတ်ဖွဲ့ထားမှု အနေအထားပေါ်မူတည်ကာ တပ်မတော်တပ်များတည်ရှိသည့်အပြင် အစိုးရ၏ ထိန်းချုပ်မှုကိုလည်း ထိန်းထားနိုင်သည်။

### အမာခံ ("အမည်းရောင်") နယ်မြေများ

၂၀၀၀ ပြည့်နှစ်မှစကာ နောက်ပိုင်းကာလများတွင် ကိုလိုနီခေတ်က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိခဲ့သော သံလွင်ခရိုင်၏ ဒေသအများစုသည် KNU ၏ အမာခံနယ်မြေများ ဖြစ်လာခဲ့သည်။ ထိုအထဲတွင် မူးတရောခရိုင်အများစု၊ ကလယ်လွီးထူးခရိုင်၏ အရှေ့ဘက်တောတောင်ထူထပ်သောအပိုင်းများ၊ တော်ဦးခရိုင်၏ တောင်ဘက်ပိုင်း၊ ဘီးလင်းနှင့် ဒူးသထူးခရိုင်များရှိ အချို့ တောတောင်ထူထပ်သောအပိုင်းများ ပါဝင်သည်။ အခြား ခရိုင်သုံးခုထဲတွင် တောတောင်အထူထပ်ဆုံး နေရာများနှင့် ထိုင်းနိုင်ငံနယ်စပ်နေဒေသများတွင်သာ အမာခံနယ်မြေအနည်းငယ်ကို ထိန်းထားနိုင်ခဲ့သည်။

၁၉၉၄ ခုနှစ်တွင် မူးတရောခရိုင်အဖြစ် ထူထောင်ထားပြီးဖြစ်သော နေရာများကို ကာကွယ်ရန် KNLA တပ်မဟာ ၅ ကို ဖွဲ့စည်းခဲ့သည်။[78] ယခင်က တပ်မဟာ ၇ အောက်နှင့် နောက်ပိုင်းတွင် အထွေထွေဌာနချုပ်အောက်သို့ ရောက်ရှိသွားသော တပ်ရင်းအမှတ် ၂၀ က ထိုခရိုင်ကို ခုခံကာကွယ်ခဲ့ခြင်းဖြစ်သည်။ တပ်မဟာ ၅ သည် ၁၉၉၀ ပြည့်နှစ်နှောင်းပိုင်းမှစကာ ဗိုလ်ချုပ်ဘော်ကျော်ဟဲ၏ ကွပ်ကဲမှုအောက်တွင် ရှိခဲ့သည်။ ဗိုလ်ချုပ်ဘော်ကျော်ဟဲသည် လက်ရှိဒု-ကာကွယ်ရေးဦးစီးချုပ်ဖြစ်ပြီး ကရင်တော်လှန်ရေးထောက်ခံသူများအထူးသဖြင့် စစ်ဘေးရှောင်စခန်းများရှိ လူငယ်များ၊ ရွှေ့ပြောင်းအလုပ်သမားများ ကျောင်းများနှင့် KNU ဌာနများတွင် အလုပ်လုပ်ကိုင်နေသူများအကြားတွင် သူရဲကောင်းအဖြစ် ကျော်ကြားလာသူလည်း ဖြစ်သည်။[79] ၎င်း၏ခေါင်းဆောင်မှုအောက်တွင် တပ်မဟာ ၅ နှင့် အနီးတစ်ဝိုက်ရှိတပ်ရင်းများသည် "မြောက်ပိုင်းနယ်မြေများ" ကို ကရင့်ထိန်းချုပ်မှုအောက်ရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အရှိဆုံး ဒေသများအဖြစ် ထိန်းထားနိုင်ခဲ့သည်။

သို့သော်လည်း မြောက်ပိုင်းဒေသများသည် အထူးပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့သော ၁၉၉၇-၁၉၉၈ နှင့် ၂၀၀၅-၂၀၀၈ တိုက်ပွဲစဉ်များအပါအဝင် တပ်မတော်၏ နှစ်စဉ် နွေရာသီထိုးစစ်များကြောင့် ပြောင်းလဲသွားခဲ့သည်။[80] တပ်မတော်သည် ကလယ်လွီးထူးခရိုင်၏ ဒေသအတော်များများ၊ တော်ဦးခရိုင်၏ အရှေ့ဘက်နှင့် တောင်ဘက်အပိုင်းများနှင့် မူးတရော ခရိုင်၏ တောင်ဘက်ပိုင်းများတွင် ရွှေ့ပြောင်းကျေးရွာများ ထူထောင်ခဲ့ပြီး နှစ်များအတွင်း လူထောင်ပေါင်းများစွာတို့ကို ရွှေ့ပြောင်းခဲ့သည်။ ဘူးသိုနှင့် ဒွဲလိုမြို့နယ်များ၏ အစိတ်အပိုင်းအချို့သည်လည်း DKBA ၏ အကူအညီဖြင့် ပိုမိုကျယ်ပြန့်သော အစိုးရအုပ်ချုပ်မှုအောက်သို့ ရောက်ရှိခဲ့သည်။ အခြားခွဲထွက်အဖွဲ့ငယ် နှစ်ခုကလည်း တော်ဦးခရိုင်အတွင်း အစိုးရထိန်းချုပ်မှု ပိုကောင်းလာအောင် ကူညီခဲ့သည်။[81] တပ်မတော်သည် မူးတရောခရိုင်၏ အချက်အချာမှတစ်ဆင့် ခြေလျင်တပ်စခန်းများ လမ်းတစ်လျှောက်တွင်ရှိသည့် ကားလမ်းများဖြင့် ဆက်သွယ်ထားသော စစ်ရေးဆိုင်ရာ အထောက်အပံ့နေရာများ၊ ဆောက်လုပ်ရေးနေရာများ၊ သတ္တုတွင်းများနှင့် နိုင်ငံတကာနယ်စပ်စခန်းများကို စုစည်းထားနိုင်ခဲ့သည်။

---

[78] ယခင်တပ်မဟာ ၅ သည် ယနေ့ တပ်ရင်းအမှတ် ၁ တာဝန်ယူသောနေရာများ သို့မဟုတ် ဒူးသထူးခရိုင် ကို တာဝန်ယူရသည်။ သို့သော် ၁၉၆၃ ခုနှစ်တွင် ဟန်တာစောသာမွှေး အညှံ့ခံပြီးနောက် ဖျက်သိမ်းခဲ့သည်။

[79] ဘော်ကျော်ဟဲသည် ယခင်က မာနယ်ပလောကို ကာကွယ်ရာတွင် ကွန်မန်ဒိုတပ်ဖွဲ့ကို ဦးဆောင်ခဲ့သူဖြစ်ပြီး KNLA သမိုင်းတွင်၏ အသက်အငယ်ဆုံး တပ်မဟာမှူး ဖြစ်လာခဲ့သည်။ (၎င်း၏အသက်အတိအကျကို စာရေးသူလည်း မသိပါ။)

[80] KHRG (1998), KHRG (2010), International Human Rights Clinic (2014), TBBC (2008).

[81] တော်ဦးခရိုင်အတွင်းမှ KNLA အဖွဲ့နှစ်ခုသည် ၁၉၉၈ ခုနှစ်တွင် ခွဲထွက်ခဲ့ပြီး "ငြိမ်းချမ်းရေးအဖွဲ့များ" ထူထောင်ကာ တပ်မတော်ဖြင့် ပူးပေါင်းခဲ့ခြင်းဖြင့် ထိုဒေသများတွင် အစိုးရထိန်းချုပ်မှု ပိုမိုအားကောင်းစေခဲ့သည်။

ထိုသို့ အောင်မြင်မှုများ ရရှိထားသော်လည်း တပ်မတော်သည် ၎င်း၏ မဟာမိတ်များအားကောင်းသော နေရာများနှင့် ၎င်းတို့ အနီးကပ် ခုခံကာကွယ်နိုင်သည့် နေရာများနှင့် ပင်မလမ်းကြောင်းများတွင်သာ ကန့်သတ်ချုပ်မိနေသည်။ အနီးအနားရှိ ဧရိယာအများစုကို ပြောက်ကျားစနစ်ဖြင့် သွားလာလှုပ်ရှားနေသော KNLA တပ်ဖွဲ့များက ကာကွယ်စောင့်ရှောက်နေပြီး အမည်းရောင်နယ်မြေများအဖြစ် သတ်မှတ်ခံထားရသည်။ တပ်မတော်နှင့် KNLA နှစ်ဖွဲ့စလုံးသည် ၎င်းတို့၏ ပိုင်ဆိုင်မှုများနှင့် နေရာများကို ကာကွယ်ရာတွင် မြေမြှုပ်မိုင်းများနှင့် ရန်သူတပ်ဖွဲ့များကို ချောင်ပိတ်တိုက်ခိုက်သည့် နည်းလမ်းတို့အားအထူးအသုံးပြုကြသည်။ တိုက်ပွဲများနှင့် မတော်တဆထိတွေ့ရင်ဆိုင်မှုများမကြာခဏဖြစ်ပွားတတ်ပြီး နွေရာသီရောက်လျှင် တပ်မတော်က တပ်သားများပိုမိုချထားခြင်း၊ ပူးပေါင်းထိုးစစ်ဆင်ခြင်းများ ပြုလုပ်သည့်အတွက် တိုက်ပွဲအရေအတွက် ပိုမိုမြင့်တက်လာလေ့ရှိသည်။ အခြားခရိုင်များရှိ ဒေါနတောင်တန်းအရှေ့ပိုင်း ဒေသများကဲ့သို့သော ပိုင်နက်ငယ်များတွင်လည်း ဆင်တူသော လက္ခဏာများ ရှိတတ်သည်။

ထိုအမည်းရောင်နယ်မြေများတွင် လူပေါင်း ၁၀၀,၀၀၀ ကျော်ခန့်  ကျန်ရှိနေသေးသည်။ ထိုအထဲတွင် တပ်မတော်မှ ၎င်းတို့၏ ရွာများတွင် ထိုးစစ်ဆင်မှုကို ရှောင်ရှားပြီး ယာယီနားခိုရာများ တည်ဆောက်နေထိုင်သူများလည်း အပါအဝင်ဖြစ်သည်။ တပ်မတော်နှင့် လိုလိုလားလား ပူးပေါင်းရန် ဆန္ဒရှိသည့် လူနည်းစုမှအပ အမည်းရောင်နယ်မြေတွင် ကျန်ရှိနေသူများကို KNU အဖွဲ့ဝင်များ သို့မဟုတ် ၎င်းတို့၏ မိသားစုဝင်များ အဖြစ် သတ်မှတ်ပြီး ပစ်မှတ်ထားခံရလေ့ရှိသည်။ ထောင်ပေါင်းများစွာသောသူတို့သည် တောထဲတွင် အချိန်ကြာမြင့်စွာ အစိုးရနှင့်ထိတွေ့မှုမှ ရှောင်ရှားနေကြပြီး တစ်ခါတစ်ရံတွင် KNLA ၏ အကူအညီဖြင့် ၎င်းတို့နေရာများကို မြေမြှုပ်မိုင်းများ၊ လက်နက်ကိုင်ကင်းလှည့်ခြင်းများဖြင့် ကာကွယ်ကြသည်။ အခြားထောင်ပေါင်းများစွာသောသူများမှာမူ KNU အသေအချာထိန်းချုပ်မှုရှိသော နေရာများတွင် ကျန်ခဲ့ကြသည်။ သို့သော်လည်း တစ်ခါတစ်ရံတွင် တိုက်ခိုက်ခံရမှုများနှင့် ကင်းလှည့်ခြင်းများ ကြုံရလေ့ရှိသည်။

SPDC သည် ထိုလူထုများအပေါ် ၎င်း၏အမြင်ကို မြန်မာအစိုးရမှ UN သို့ ပေးပို့ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။ ဘားအံခရိုင်အရှေ့ပိုင်းရှိ KNU ၏ အမာခံနယ်ကို တပ်မတော်နှင့် DKBA တို့ ပူးပေါင်းထိုးစစ်ဆင်မှုကြောင့် လူပေါင်း ၅,၀၀၀ ကျော် ထွက်ပြေးခဲ့ရသည့် ကိစ္စနှင့်ပတ်သက်ကာ ထိုကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ‘KNU/KNLA အဖွဲ့များမှ ကြွင်းကျန်နေသူများသည် အရပ်သားများနေထိုင်ခြင်းမရှိသော မြန်မာ-ထိုင်း နယ်စပ်ဒေသ အချို့နေရာများတွင် ပုန်းအောင်းနေခဲ့ပြီး ထိုနယ်စပ်ဒေသများကို ဖြတ်ကျော်ထွက်ပြေးသူများမှာ KNU/KNLA များနှင့် ၎င်းတို့၏ မိသားစုဝင်များဖြစ်ကြသည်’ ဟု ကြေညာချက်တွင် ဆိုထားသည်။[82] စိတ်မှန်းသက်သက်ဖြင့် ထင်မြင်မှုများက တပ်မတော်၏ လုပ်ဆောင်ချက်များအပေါ်တွင် မည်သို့သက်ရောက်မှုရှိကြောင်းကို KHRG မှ ကောက်ယူထားသည့် တပ်မတော်အရာရှိများ၏ ထွက်ဆိုချက်များက သက်သေပြနေသည်။ ထိုအထဲတွင် မူးတရောခရိုင်တွင် တာဝန်ကျခဲ့သော တပ်မတော်မှ တပ်သားတစ်ဦး၏အဆိုကို မှတ်တမ်းတင်ထားခဲ့သည်မှာ အောက်ပါအတိုင်းဖြစ်သည်။ -

> ရှေ့တန်းကိုသွားတဲ့အခါ KNLA တပ်သားတွေမဟုတ်တဲ့ အမျိုးသမီး၊ အမျိုးသား၊ ဒါမှမဟုတ် ကလေးတွေတွေ့လည်း အားလုံးကို ဖမ်းတယ်။ ဖမ်းပြီးသွားတဲ့အခါ သူတို့က ရွာသားတွေဟာ အစိုးရရဲ့ထိန်းချုပ်မှုအောက်မှ မနေကြလို့ သူတို့ရဲ့ရန်သူတွေလို့ပြောတယ်... ရွာသားတွေဟာ ရန်သူ့ဘက်တော်သားတွေလို့ ပြောပြီး သတ်ပစ်ကြတယ်။[83]

ဖမ်းဆီးစစ်ဆေးခြင်း၊ ပစ်ခတ်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းနှင့် အမာခံနယ်မြေများအတွင်းတွင် ကျန်ရှိနေသော အရပ်သားများအပေါ် အခြားနည်းလမ်းများဖြင့် ကျူးလွန်ခြင်းများအပြင် ကျေးရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ မြေပြင်ထိုးစစ်ဆင်ခြင်းများလည်း ရှိကြောင်း လူ့အခွင့်အရေးအဖွဲ့များက မှတ်တမ်းတင်ခဲ့ကြသည်။ အထူးသဖြင့် အရပ်သားများသည် KNLA ၏ လုပ်ရပ်များအတွက်သော်လည်းကောင်း၊ KNLA အား ထောက်ခံအားပေးနေသည်ဟု သံသယရှိမှုဖြင့်သော်လည်းကောင်း အပြစ်ပေးခံကြရသည်။ တပ်မတော်သည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို လက်နက်သဖွယ်အသုံးပြုသည်ဟု မကြာခဏစွပ်စွဲခံရသည်။ ထို့အပြင် တပ်မတော်မှရှင်းလင်းပြီးသည့် KNU ထောက်ခံသူများဟု ထင်ရသူများနေထိုင်ရာ ဒေသများသို့ IDP များ ပြန်လာခြင်းမှ တားမြစ်ရန် မြေမြှုပ်မိုင်းများ အသုံးပြုသည်ဟုလည်း စွပ်စွဲခံရသည်။[84] အထူးသဖြင့် တပ်မတော်စခန်းများနှင့် နီးသောနေရာများတွင် နေထိုင်သည့် ပြည်သူများသည် တပ်မတော်စခန်းများအနီးရှိ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ပေါ်တာ၊ လမ်းပြနှင့် မိုင်းရှင်းသူများအဖြစ်ဖြင့် အတင်းအဓမ္မလုပ်အားပေးရန် ခိုင်းစေခံရလေ့ရှိသည်။ ထို့အပြင်

---

[82] ထိုကြေညာချက်မှာ ၂၀၀၉ ခုနှစ်တွင် DKBA နှင့်တပ်မတော်တို့၏ ပူးပေါင်းထိုးစစ်ကြောင့် လာပါးဟာ စစ်ဘေးရှောင်စခန်းမှ ၃၀၀၀ ဦးအပါအဝင် ကရင်ပြည်သူပေါင်း ၆၀၀၀ ကျော် ထိုင်းနိုင်ငံ တက်ခရိုင်အတွင်းသို့ ထွက်ပြေးခဲ့ရခြင်းအပေါ် EU မှထုတ်ပြန်ခဲ့သော ကြေညာချက်အား တုံ့ပြန်ရန်ဖြစ်သည်။ KNU ထိန်းချုပ်မှုအောက်တွင် ရှိနေသော ဧရိယာအတွက် ပြင်းထန်သော ကြေညာချက်ပင်ဖြစ်သည်။ Permanent Mission of the Union of Myanmar to the United Nations Office and other International Organizations, Geneva, “Ministry of Foreign Affairs releases Press Statement in response to the declaration of EU Presidency,” Press Release No. 5/2009, June 15, 2009; available at: http://www.burmalibrary.org/docs07/MOF-Press_Release_No_5-2009.pdf ကို ကြည့်ပါ။

[83] KHRG (2001a), 42-4. ထိုအစီရင်ခံစာသည် အကြမ်းမျဉ်းအားဖြင့် အဆိုပါအနေအထားများကို နားလည်အောင်လေ့လာရာ၌ အရေးပါသည်။

[84] KHRG (2012a).

ခြိမ်းခြောက် ငွေညှစ်ခြင်းများနှင့် ကြုံသလို အခွန်ကောက်ခြင်းပြဿနာများလည်း ရှိသည်။[85]

မူးတရော၊ တော်ဦးနှင့် ကလယ်လွိုထူး ခရိုင်များထဲတွင် ပြောင်းရွှေ့နေထိုင်ခြင်းနှင့် "(တပ်မတော်) လှည့်ကင်းများမှ ပုန်းအောင်းခြင်းများ" ပြုလုပ်နေရသည့် အရပ်သားပြည်သူပေါင်း ၆၀,၀၀၀ ကျော် ကျန်ရှိနေသေးသည်ဟု Thailand Burma Border Consortium (TBBC) က ၂၀၀၈ ခုနှစ်အတွင်းတွင် မှတ်တမ်းတင်ခဲ့သည်။[86] ထိုသို့သောဒေသများရှိ ပြည်သူများ မည်သို့ဆိုးရွားစွာ ခံစားနေရကြောင်းကို ၂၀၁၁ ခုနှစ် KNU အပစ်အခတ်ရပ်စဲရေး လက်မှတ်မထိုးမီ လပိုင်းခန့်အလိုတွင် အလားတူ TBBC အစီရင်ခံစာ၌ အောက်ပါအတိုင်းဖော်ပြခဲ့သည်။ -

> တောင်တန်းဒေသများတွင် နေထိုင်သော ပြည်သူလူထုအများစုများသည် တပ်မတော်နှင့် ထိတွေ့မှုမရှိအောင် ရှောင်ရှားကြသည်။ ၎င်းတို့သည် နှစ်ပေါင်းအတော်ကြာသည့် အချိန်ကတည်းက ပြောင်းရွှေ့နေထိုင်ခဲ့ကြပြီး ၎င်းတို့၏ မူရင်းနေရပ်များသို့ ပြန်ရန် မရဲကြပေ။ သို့အတွက်ကြောင့် ယာယီခိုလှုံရာနေရာများအကြား သွားလာ ရွှေ့ပြောင်းနေသည့် လူမှုအသိုက်အဝန်းအသစ်ကို ထူထောင်ခဲ့ကြသည်။ ထိုယာယီခိုလှုံရာနေရာများကို လုံခြုံရေးအခြေအနေနှင့် စိုက်ပျိုးရန်မြေယာရှိမှုများအပေါ် မူတည်ကာ ဆုံးဖြတ်ကြသည်။ ပြီးခဲ့သည့်နှစ်အတွင်း တပ်မတော်၏ ထိုးစစ်များ ကျဆင်းသွားသော်လည်း တောင်တန်းဒေသများရှိ ကရင်လူထုများကို ပစ်မှတ်ထားကာ အမြောက်ဖြင့် တိုက်ခိုက်မှုများရန်ကို စိုးရိမ်ရဆဲဖြစ်သည်။[87]

KNU ၏ အမာခံနယ်မြေများထဲရှိ လူထုများသည် ထိုသို့ ဆိုးဝါးပြီး မတည်ငြိမ်သော အခြေအနေများကြားတွင် စိုက်ပျိုးမွေးမြူရေးဖြင့် အတတ်နိုင်ဆုံး အသက်မွေးဝမ်းကျောင်းပြုနေခဲ့ကြပြီး KNU အုပ်ချုပ်ရေးလုပ်ငန်းအများစုမှာလည်း ဆက်လက်လည်ပတ်နေခဲ့သည်။ အချို့ရပ်ရွာများသည် KNLA ၏ အကူအညီဖြင့် *ဂါဒ်* ဟုခေါ် သော ၎င်းတို့ကိုယ်ပိုင် ကျေးရွာကာကွယ်ရေး ပြည်သူ့စစ်များကို ထူထောင်ခဲ့ကြပြီး အရပ်သားများက ၎င်းတို့၏ အိုးအိမ်၊ ပိုင်ဆိုင်မှုများနှင့် ပုန်းခိုရာ နေရာများကို တပ်မတော်ရန်မှ ကာကွယ်ရန် မြေမြှုပ်မိုင်းများအသုံးပြုခဲ့ကြသည်။ ကျေးရွာခေါင်းဆောင်များနှင့် ကျေးရွာအုပ်စုတာဝန်ရှိသူများသည် KNU ၏ အစည်းအဝေးများကို ဆက်လက်တက်ရောက်ခဲ့ပြီး လူထုကလည်း အခွန်များပေးမြဲပေးဆောင်ခြင်း၊ KNU ၏ စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းနှင့် KNLA အတွက် တပ်သားစုဆောင်းပေးခြင်းများ ဆက်လက်ပြုလုပ်ခဲ့သည်။ KNU ၏ အုပ်ချုပ်ရေးဌာနများသည် အမာခံနယ်မြေများထဲတွင် ဆက်လက် လှုပ်ရှားနေခဲ့ပြီး အခွန်ပြေစာများထုတ်ပေးခြင်း၊ အခြားလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့သည်။ KNU နှင့် ပြည်တွင်း NGO များသည် အစည်းအရုံးမှ ပြန်လည်ထိန်းချုပ်နိုင်သော ဒေသများတွင် အခြေခံလူမှုရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များပေးနိုင်မည့် အခြေအနေများ ပြန်လည်ထူထောင်ခဲ့သည်။ သို့သော် ထောက်ပို့လမ်းကြောင်းများနှင့် ဆက်သွယ်ရေးလမ်းကြောင်းများကို ထိန်းထားနိုင်ရန် အခက်အခဲများရှိသောကြောင့် အမာခံနယ်မြေများထဲ၌ပင် ဝန်ဆောင်မှုများပေးရန် အကြပ်အတည်းများရှိခဲ့သည်။

## အာဏာပိုင်အမျိုးမျိုး ရောထွေးနေသည့် ("အညိုရောင်") နယ်မြေများ

တစ်ချိန်တည်းမှာပင် အမာခံနယ်မြေများအပြင်ဘက်ရှိ ခရိုင် ခုနစ်ခုရှိ KNU နယ်မြေဟောင်းများ၌ အစိုးရမှ ပိုမိုနက်ရှိုင်းစွာ ထိန်းချုပ်လာခဲ့ပြီး KNU ခွဲထွက်အဖွဲ့များဖြင့် ဖွဲ့စည်းထားသည့် တပ်မတော်၏ အရန်တပ်များကပါ ထိုနေရာများအား ထိန်းချုပ်လာခဲ့သည်။[88] အကြီးဆုံးခွဲထွက်အဖွဲ့မှာ DKBA ဖြစ်ပြီး ဘားအံ၊ ဒူးပလာယာနှင့် ဒူးသာထူး ခရိုင်များနှင့် အနီးအနားရှိ ခရိုင်များ၏ အစိတ်အပိုင်းအချို့ကို အဓိကထိန်းချုပ်သော ကရင်အဖွဲ့အစည်းတစ်ရပ် ဖြစ်လာသည်။ တပ်မတော်မှ ကရင်လူမျိုးများအား အထမ်းသမားများအဖြစ် ခေါ်ယူခိုင်းစေခြင်းနှင့် အခြားတောင်းဆိုခြင်းများမှ လွတ်ကင်းစွာနေနိုင်သည့် မြိုင်ကြီးငူဒေသကို DKBA နှင့် ၎င်း၏ နာယကဆရာတော်ဦးသုဇနတို့က ထူထောင်ခဲ့သည်။ [89] ၂၀၀၂ ခုနှစ်အရောက်တွင် DKBA နှင့် SPDC တို့သည် ဒေါနတောင်တန်းအနောက်ဘက်ရှိ နယ်မြေအများစုကို ထိန်းချုပ်ထားနိုင်ခဲ့ပြီး KNU နှင့် KNLA

---

[85] ထိုဒေသများအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ရာ၌ အထူးကျယ်ပြောများပြားပြီး ဖြစ်ရပ်တစ်ခုချင်းစီခွဲထားလေ့ရှိသည်။ အယုံကြည်ရဆုံးနှင့် အပြည့်စုံဆုံး ဥပမာအချို့မှာ - International Human Rights Clinic (2014); KHRG (1998); KHRG (2001a); KHRG (2001b); KHRG (2001c); KHRG (2008); KHRG (2009); KHRG (2014); South et al. (2010); The Border Consortium (TBC) အင်တာနက်စာမျက်နှာ, "IDPs Reports," 2002 နှင့် 2014 အကြားနှစ်စဉ်ထုတ်ဝေသည်, ဖတ်ရှုရန် - http://www.theborderconsortium.org/resources/key-resources/; Amnesty International (2008); Human Rights Watch (1995); Human Rights Watch (1997); Human Rights Watch (2005a); Human Rights Watch (2005b); Human Rights Watch (2011).

[86] TBBC (2008), 30.

[87] TBBC (2011), 46.

[88] မြိတ်-ထားဝယ်ခရိုင် အရှေ့ဘက်ခြမ်းနှင့် ဘားအံခရိုင်ရှိ နယ်စပ်ဒေသများကဲ့သို့သော အခြားတောတောင်ထူထပ်သည့် နေရာအများစုတွင် မြောက်ပိုင်းဒေသများကဲ့သို့ အခြေအနေများကြုံခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းအပိုင်းနှစ်ခုလုံးတွင် ၁၉၉၀ ပြည့်နှစ်နှောင်းပိုင်းများကတည်းက ကြီးမားသော ထိုးစစ်များကြုံတွေ့ခဲ့ရသော်လည်း အစိုးရလက်အောက်သို့ စုစည်းရောက်ရှိသွားခြင်း မရှိပေ။

[89] မြိုင်ကြီးငူဒေသသည် သံလွင်မြစ်ဘေး၊ ဘားအံခရိုင်၊ လှဖလဲမြို့နယ်ရှိ ကမမောင်း (မြေပုံ ၁၊ ၄ နှင့် ၅ တွင်ကြည့်ပါ) ၏ တစ်ဖက်ကမ်းတွင် တည်ရှိပြီး မူးတရောနှင့် သထုံခရိုင်များနှင့် နယ်နိမိတ်ထိစပ်နေသည်။

တို့သည် ထိုဒေသများတွင် အထိုင်ချနိုင်ခြင်းမရှိဘဲ လှုပ်ရှားသွားလာခြင်းမျိုးသာ ပြုလုပ်နိုင်ကြသည်။

တော်ဦးခရိုင်တွင် သံတောင်ငြိမ်းချမ်းရေးအဖွဲ့နှစ်ဖွဲ့၊ ဒူးပလာယာခရိုင်တောင်ပိုင်းတွင် ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့၊ ဘားအံခရိုင်တွင် ဖဒိုအောင်ဆန်း၏ အရွယ်အစားသေးငယ်သောအဖွဲ့များက တပ်မတော်ကို အထောက်အကူပေးကြသည်။ ထိုတပ်များသည် ၎င်းတို့ အင်အားသေးငယ်သည့် ဒေသများတွင်ပင်လျှင် ရပ်ရွာလူထုများကို ၎င်းတို့၏ အုပ်ထိန်းမှုအောက်တွင်ထားနိုင်သည်။ KNU သည် ထိုဒေသများတွင် လူထု၏ထောက်ခံမှု မရရှိသဖြင့် နယ်မြေပေါင်းများဆီသို့သာ ပြန်လည်ချဲ့ထွင်ကြရသည်။[90]

အစိုးရက နယ်မြေအတော်များများကို ထိန်းချုပ်လာနိုင်သော်လည်း SPDC မှ အုပ်ချုပ်ရေးဘက်ကို ဖြည့်တင်းရာတွင် နှေးကွေးနေခဲ့သဖြင့် ထိုဒေသများတွင် တပ်မတော်က အစိုးရ၏အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် ဆက်လက်တည်ရှိ ခဲ့သည်။ DKBA သည် တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအဖွဲ့အစည်း (Democratic Karen Buddhist Organization) ၎င်း၏အရပ်သားအဖွဲ့အဖြစ် အစောပိုင်းကတည်းက ကြေညာခဲ့သော်လည်း နောက်ဆုံးတွင် DKBA သည် တပ်မတော်၏ လက်အောက်ခံ ပြည်သူ့စစ်တစ်ခုဖြစ်လာခဲ့သည်။ DKBA မှ တပ်မှူးများသည် SPDC မှပေးထားသော အရင်းအမြစ်များကို သုံးကာ ဒေသခံများလူထုများထဲမှ သင်ကြားထားခြင်းမရှိသောသူများကို တပ်သားသစ်များအဖြစ် စုဆောင်းခြင်းများ ပြုလုပ်လာရသည်။ စစ်တပ်သည် ၎င်းတို့လှုပ်ရှားနေသည့် နေရာဒေသများနှင့် ထိုအထဲတွင် နေထိုင်နေသော ပြည်သူလူထုများ အားလုံးကို ထိန်းချုပ်ထားနိုင်ခဲ့သည်။ သို့သော်အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းနှင့် အလေ့အထများကို လျော့ချလိုက်ပုံရပြီး ၎င်းတို့၏ ဖွဲ့စည်းပုံများတွင် အရပ်သားမပါဝင်ပေ။ အကျိုးဆက်အရ KNU သည်နေရာအများစုတွင် အဓိကအရပ်သားအုပ်ချုပ်ရေးအဖြစ် ဆက်လက်တည်ရှိသော်လည်း အကန့်အသတ်များစွာရှိသည့်အပြင် ပြည်သူများမှာလည်း မတူညီသောအဖွဲ့အမျိုးမျိုးမှ အာဏာပိုင်အဖြစ်လာရောက် အုပ်ချုပ်ခြင်းခံကြရသည်။

DKBA သည် နေရာအများစုတွင် အခွန်ကောက်ခြင်း၊ တပ်သားသစ်စုဆောင်းခြင်း၊ သတင်းစုဆောင်းခြင်းများ ပြုလုပ်ရန်သာ လူထုနှင့် ထိတွေ့မှုရှိသည့်အတွက် လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ ဝေဖန်မှုဒဏ်ကို များစွာခံရသည်။[91] တပ်မတော်နှင့် ပူးပေါင်းစစ်ဆင်ရေးများဆင်နွှဲရာတွင် ထိုင်းမြေပေါ်ရှိ စစ်ဘေးရှောင်စခန်းများအပါအဝင် KNU ကို ထောက်ခံသော အချို့ရပ်ရွာ၊ လူထုများကို ပစ်မှတ်ထားခဲ့ခြင်းအတွက် DKBA တွင် တာဝန်ရှိသည်။ တရားမဝင် အခွန်ကောက်ခြင်း၊ အဓမ္မခိုင်းစေခြင်းနှင့် တပ်သားစုဆောင်းခြင်း စသည့် မတရားဖိနှိပ်ခြင်းများ ဆက်လက်လုပ်ဆောင်နေခြင်းသည် KNLA အဖြစ် ရပ်တည်ခဲ့စဉ်အချိန်များကတည်းက အလေ့အကျင့်များပါလာမှုကို ဖော်ပြနေသည်။ သို့သော် အချို့နေရာများတွင် ဖိနှိပ်မှုများသည် DKBA လက်ထက်တွင် ပိုမိုဆိုးရွားလာကြောင်း တွေ့ရှိရသည်။ အကြောင်းမှာ KNU လက်အောက်တွင် ရှိစဉ်အခါကကဲ့သို့ အရပ်သားအုပ်ချုပ်ရေးမှ ကြီးကြပ်ကွပ်ကဲခြင်း၊ ဒေသခံလူထု၏ ထောက်ခံမှုအပေါ် အမှီပြုနေခြင်း စသည်တို့ မရှိတော့သောကြောင့် ဖြစ်သည်။[92]

DKBA သည် KNLA ကဲ့သို့ပင် ၎င်းတို့အဖွဲ့အတွင်းသို့ လိုလိုလားလားဝင်ရောက်မည့်သူထက်၊ အတင်းအကြပ် ဝင်ရောက်ခိုင်းမှုမျိုး လုပ်၊ မလုပ်ဟူသည့် ကိစ္စသည် ၎င်းတို့က ပြည်သူများကို အခြားလက်နက်ကိုင်အဖွဲ့များရန်မှ ကာကွယ်ပေးနေသည်ဟူသော အမြင်ကို မည်မျှထိန်းထားချင်သနည်း ဟူသည့်ပေါ်တွင် မူတည်နေသည်။ ဒေသခံပြည်သူများနှင့် DKBA တို့အကြားဆက်ဆံရေးသည် ဒေသတစ်ခုနှင့် တစ်ခုအကြားအလွန်ကွာခြားတတ်ကြောင်း သတိပြုရန်လိုသည်။ အချို့ဒေသများရှိ ရပ်ရွာလူထုများက DKBA သည် ၎င်းတို့အား ကာကွယ်ပေးနေသည့် အဖွဲ့အစည်းဖြစ်သည်ဟု ဆက်လက်ထင်မြင်နေဆဲဖြစ်သည်။[93] South နှင့် အခြားစာရေးသူတို့က ကရင်လူမျိုးများအနေဖြင့် အခြားအဖွဲ့များရန်မှ

---

[90] ဥပမာ - KNLA တပ်မဟာ ၂ (တော်ဦး) မှ တပ်ရင်းမှူးများက တပ်သားဒါဇင်အနည်းငယ်သာပါဝင်သော ငြိမ်းချမ်းရေအဖွဲ့နှစ်ဖွဲ့ ပေါ်ပေါက်လာပြီး ကတည်းက ၎င်းတို့ထိန်းချုပ်ရာ ဒေသအတော်များများကို ဆုံးရှုံးခဲ့ရကြောင်း၊ အကြောင်းမှာ ရပ်ရွာလူထုများအပေါ် ထိန်းချုပ်နိုင်ခြင်း မရှိတော့သောကြောင့်ဖြစ်ကြောင်း ပြောပြသည်။

[91] ထိုသို့ DKBA နှင့် SPDC တို့ပူးပေါင်းကာ ဒေါနတောင်တန်းအနောက်ဘက်ဒေသများရှိ အုပ်ချုပ်မှုအောက်တွင် ဖြစ်ပေါ်ခဲ့သည့် ဖိနှိပ်မှုများနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို KHRG အင်တာနက်စာမျက်နှာတွင် ကြည့်ပါ၊ "Consolidation of Control: The SPDC and the DKBA in Pa'an District," September 7, 2002, available at: http://khrg.org/2014/08/khrg02u4/consolidation-control-spdc-and-dkba-paan-district. See also KHRG (1998); KHRG (2001a); KHRG (2001b); KHRG (2001c); KHRG (2008); KHRG (2009); KHRG (2014); South et al. (2010); The Border Consortium (TBC) website, "IDPs Reports," published annually between 2002 and 2014, available at: http://www.theborderconsortium.org/resources/key-resources/; Amnesty International (2008); Human Rights Watch (1995); Human Rights Watch (1997); Human Rights Watch (2005a); Human Rights Watch (2005b).

[92] ထူးခြားစွာပင် DKBA သည်လည်း အဓမ္မအလုပ်သမားများကို ခေါ်ယူစေခိုင်းရန်နှင့် အခြားအထောက်အပံ့များကို တောင်းဆိုရာတွင် တပ်မတော်၏ အလေ့အကျင့်ကဲ့သို့ပင် စာထုတ်ပြန်တောင်းဆိုလာသည်။ KNU သည်လည်း ယခင်က ထိုသို့ဆောင်ရွက်ခဲ့ဖူးသည်။ ကာလအပိုင်းအခြားအတွင်း DKBA နှင့် တပ်မတော်မှ ထုတ်ပြန်ခဲ့သည်များကို ကရင်လူ့အခွင့်အရေးအဖွဲ့ အင်တာနက်စာမျက်နှာ "Orders Reports," http://khrg.org/reports/type/35 တွင် ကြည့်ပါ။

[93] ဥပမာ - KHRG ၏ ၁၉၈၈ ခုနှစ်အစီရင်ခံစာတွင် DKBA ကို အထူးသဖြင့် အပြစ်တင်နေစဉ်ကာလဖြစ်သည်။ ဝေါလေနားရှိ တပ်ရင်းမှူး စောလော်ပွဲ ဦးဆောင်သော DKBA 907 တပ်ရင်းသည် အခြားဒေသများရှိ DKBA ထက် လူကြိုက်ပိုများကြောင်း မှတ်သားထားနိုင်သည်။ "Dooplaya Under the SPDC: Further Develop-

အကာအကွယ်ယူရန်(တပ်မတော်အပါအဝင်)လက်နက်ကိုင်အဖွဲ့အစည်းအမျိုးမျိုးဖြင့် ဆက်ဆံနည်းအမျိုးမျိုးတို့ကိုမှတ်တမ်းတင်ထားခဲ့သည်။[94]

တပ်မတော်၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် အခြားအဖွဲ့အစည်းများသည် လမ်းများနှင့် ပြည်သူပိုင်အဆောက်အဦများ တည်ဆောက်ခြင်းစသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရွှေ့ပြောင်းနေရာများနှင့် အခြား အသစ်သိမ်းပိုက်ထားသောနေရာများကို အစိုးရလက်အောက်တွင် တပေါင်းတစည်းတည်း တည်ရှိကာ ဖွံ့ဖြိုးမှုအသီးအပွင့်များကို ပြည်သူအများခံစားနိုင်သည့် "စံပြကျေးရွာများ" အဖြစ် အမွှမ်းတင်ခြင်းများ စတင်ပြုလုပ်ခဲ့သည်။ သို့သော် အမှန်တကယ်လုပ်ဆောင်သော "ဖွံ့ဖြိုးရေး" လုပ်ငန်းများသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ သဘာဝသယံဇာတတူးဖော်ခြင်းလုပ်ငန်းများ၊ ရေအားလျှပ်စစ် စီမံကိန်းများနှင့် ဒေသချင်းဆက်လမ်းများစသည့် စီးပွားဖြစ် စီမံကိန်းအကြီးများ ဖြစ်ကြသည်။ ပုံမှန်အားဖြင့် ထိုစီမံကိန်းများသည် အရင်းအမြစ်များကို နိုင်ငံခြားသို့တင်ပို့ပြီး အစိုးရအတွက် ဘဏ္ဍာငွေနှင့် ဒေသရှိတပ်မတော်အကြီးအကဲများ၊ DKBA နှင့် အခြား KNU မှ ခွဲထွက်လာသည့်အဖွဲ့များအတွက် အကျိုးအမြတ်များရှာဖွေပေးသည်။[95] အချို့ဒေသများရှိ ဒေသအဆင့် KNU နှင့် KNLA အကြီးအကဲများသည်လည်း ပဋိပက္ခများကြားမှပင် ထိုသို့သောလုပ်ငန်းများမှ အကျိုးအမြတ်များ ရရှိကြသည်။ ထိုကဲ့သို့သော စီမံကိန်းများသည် အဓမ္မအလုပ်ခိုင်းစေမှုများ၊ မြေသိမ်းမှုများ၊ နေထိုင်ရာများမှ ဖယ်ရှားပေးရမှုများနှင့် အခြားမတရားဖိနှိပ်မှုများဖြစ်ပေါ်စေသည်။ ဒေသခံလူထုများသည် နေရာအနှံ့အပြားတွင်ရှိသည့် မြေမြှုပ်မိုင်းများဒဏ်အပြင် အတင်းအဓမ္မလူသူစုဆောင်းမှုများ၊ တရားမဝင် အခွန်ကောက်ခံမှုများ၊ ခြိမ်းခြောက် ငွေညှစ်မှုများနှင့် ကိုယ်ထိလက်ရောက် ညှင်းပန်းနှိပ်စက်မှုများ ဒဏ်ကိုလည်း ခံကြရသည်။[96]

အစိုးရဆေးခန်းများနှင့် ကျောင်းများအပါအဝင် ပြည်သူပိုင်အဆောက်အဦများကို ဆောက်လုပ်ခဲ့သည်။ သို့သော် ထိုအဆောက်အဦများကို ဒေသမှ အရင်းအမြစ်များနှင့် လုပ်အားများကို အသုံးပြုကာ ဆောက်လုပ်ခဲ့သည်ကများပြီး လိုအပ်သောပစ္စည်းများနှင့် ဝန်ထမ်း လုံလုံလောက်လောက် ချထားခြင်းမရှိပေ။ ထိုအခြင်းအရာက အစိုးရ၏ လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများမှာ နည်းပါးလျက်ရှိသေးကြောင်း ဖော်ပြနေသည်။

ယခင်က KNU မှ ထောက်ပံ့ခဲ့သော ကျောင်းများကို ပညာရေးဝန်ကြီးဌာန (MoE) အောက်သို့ ပြောင်းရွှေ့ကာ ဖတ်စာအုပ်များပေးဝေပြီး ကျောင်းသားများကို အစိုးရစစ်စာမေးပွဲများ ဖြေဆိုခွင့်ပေးသော "ပေါင်းစပ်ကျောင်းများ" အဖြစ် သို့မဟုတ် ဆရာ၊ ဆရာမများ ရရှိသော "ကျောင်းခွဲ" များအဖြစ် ပြောင်းလဲခဲ့သည်။ MoE မှ ရရှိသော အထောက်အကူများအားလုံးသည် မြန်မာသင်ရိုးညွှန်းတမ်းအတွက်ဖြစ်ပြီး ပေးပို့ပေးသော ဆရာ၊ ဆရာမ အများစုမှာလည်း ကရင်ဘာသာစကားများကို တတ်ကျွမ်းခြင်းမရှိသော မြို့ပြမှ ဗမာလူမျိုးများ ဖြစ်လေ့ရှိသည်။ နိုင်ငံ၏ အခြားဒေသများမှ လာရောက်တာဝန်ထမ်းဆောင်ရခြင်း၊ လစာထောက်ပံ့မှုနည်းခြင်း၊ ဒေသခံလူထုများနှင့် ကောင်းမွန်သော ဆက်ဆံရေး မတည်ဆောက်နိုင်ခြင်းနှင့် လုံခြုံရေးအခြေအနေ စိုးရိမ်ရခြင်းတို့ကြောင်း ပညာရေးဝန်ကြီးဌာနမှ ချထားပေးသော ဆရာ၊ ဆရာမများ၏ ပျက်ကွက်မှုနှုန်း အလွန်မြင့်သည်။ ပညာရေးဝန်ကြီးဌာန၏ လုပ်ဆောင်မှုများကို တိုးချဲ့လာသည့်အလျောက် ပဋိပက္ခများကြား၌ပင် KED-MoE ကျောင်းများ ပိုမိုများပြားလာခဲ့သည်။ ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် ရေးထိုးပြီးသည့်နောက်ပိုင်းတွင် KED ထံမှ အထောက်အပံ့ရရှိသော ကျောင်းအားလုံး၏ ၂၇% သည် KED-MoE ကျောင်းများ ဖြစ်ကြသည်။[97]

တစ်ချိန်တည်းတွင် KNU သည် ၎င်းတို့အုပ်ချုပ်ရေးစနစ်အောက်တွင် ကျန်ရှိနေသည့် အချို့နေရာများမှ ရပ်ရွာများကို "ရွှေ့လျားဌာန" နည်းလမ်းဖြင့် ဆက်လက်အုပ်ချုပ်ခဲ့သည်။ နေရာအတော်များများရှိ ကျေးရွာနှင့် ကျေးရွာအုပ်စု ဥက္ကဌများသည် KNU ညီလာခံများနှင့် အခြားအခမ်းအနားများကို ဆက်လက်တက်ရောက်နေခဲ့သည်။ သို့သော် ထိုသို့တက်ရောက်ရန် လျှို့ဝှက်လှုပ်ရှားရပြီး KNU ထိန်းချုပ်နေရာများအတွင်းမှ ညအချိန် ခရီးသွားလာခြင်းများ ပြုလုပ်ရသည်။ KNU ၏ အုပ်ချုပ်ရေးအစွမ်းလျော့ကျသွားခြင်းကြောင့် တရားဝင်အခွန်ကောက်ခြင်း လုပ်ငန်းများသည်လည်း အားနည်းသွားသည်။ ထို့ကြောင့် ကျေးရွာ/ကျေးရွာအုပ်စုခေါင်းဆောင်များထံမှ ၎င်းတို့ကျေးရွာများရှိ မြေအသုံးပြုမှုတန်ဖိုး ခန့်မှန်းခြေအား မြို့နယ်ဝန်ထမ်းမှ ကောက်ခံသည့် လက်တန်းအခွန်စနစ်ကို ပိုမိုအသုံးများလာခဲ့သည်။

---

ments in the SPDC Occupation of South-Central Karen State," November 23, 1998, available at: http://khrg.org/1998/11/khrg9809/dooplaya-under-spdc-further-developments-spdc-occupation-south-central-karen-state

[94] South et al. (2010). See also South (2012).

[95] KHRG (2007), KHRG (2006).

[96] KHRG (2006), 19-55; KHRG အင်တာနက်စာမျက်နှာ "Consolidation of Control: The SPDC and the DKBA in Pa'an District," September 7, 2002, http://khrg.org/2014/08/khrg02u4/consolidation-control-spdc-and-dkba-paan-district တွင်ဖတ်ရှုနိုင်ပါသည်။ KHRG (1998); KHRG (2006); KHRG (2008); KHRG (2009); The Border Consortium (TBC) အင်တာနက်စာမျက်နှာရှိ 2002 and 2014 ကြားတွင် နှစ်စဉ်ထုတ်ဝေသော Central Karen State ၏ "IDPs Reports," အပိုင်းနှင့် http://www.theborderconsortium.org/resources/key-resources/; Amnesty International (2008) တို့တွင်လည်း ဖတ်ရှုနိုင်ပါသည်။

[97] ၂၀၁၃-၁၄ စာသင်နှစ်တွင် ကျောင်းပေါင်း ၁၃၅၆ ကျောင်းအနက်မှ ၃၆၄ ကျောင်းတွင် KED/KSEAG မှထောက်ပံ့ထားသော ဆရာ၊ ဆရာမများရှိသည်။ ၎င်းကျောင်းများတွင် MoE မှ ဆရာ၊ ဆရာမများလည်း ရှိသည်။

DKBA တပ်ရင်း ၉၀၇ နှင့် နောက်ပိုင်းတွင်၎င်း၏ တပ်မဟာ ၅ တို့ အားကောင်းခဲ့သည့် ကော့ကရိတ်မြို့နယ်အပိုင်းတွင် တာဝန်ထမ်းဆောင်ဖူးသော KNU အုပ်ချုပ်ရေးမှူးတစ်ဦးက ယခုကဲ့သို့ ရှင်းပြသည်။

> ၂၀၁၁ မတိုင်ခင်လောက်က ကျွန်တော်တို့ သိပ်အားမကောင်းသေးဘူး။ DKBA က ထိန်းချုပ်ထားတာ... အဲဒီတုန်းက နေရာ အတော်များများကို လာဖို့ဆိုတာ အရမ်းအန္တရာယ်များတာ။ ကျွန်တော်တို့မှာ DKBA နဲ့ သဘောတူညီမှုယူထားတာ မရှိသလို ဆက်ဆံရေးလည်း မကောင်းခဲ့ဘူး.... ဘာဖြစ်လို့လဲဆိုတော့ DKBA က ဗမာတွေနဲ့ ပူးပေါင်းလို့။ ရွာသားတွေနဲ့လည်း တွေ့ဖို့ခက်တယ်။ ကျွန်တော်တို့ကို လက်ခံတွေ့ရင် သူတို့တွေ အပြစ်ပေးခံရတယ်။ ကရင်ရွာတွေအားလုံးမှာ ရွာခေါင်းဆောင်တွေရှိပြီး ကျွန်တော်တို့နဲ့ ပုံမှန်အဆက်အသွယ်ရှိတယ်။ ဒါပေမယ့် DKBA တပ်တွေရှိတဲ့နားက နေရာတွေဆိုရင်တော့ တွေ့ဖို့အခက်အခဲရှိတတ်တယ်။

ထိုကာလအတွင်း KNU နှင့် အနီးကပ်အဆက်အသွယ်ရှိခဲ့သော ဝေါလေအနီးရှိ ရွာတစ်ခုမှ ခေါင်းဆောင်၏အဆိုအရ "ကျွန်တော် ကျေးရွာအုပ်စုအဆင့် KNU ညီလာခံကို သွားတက်ခဲ့တယ်။ ဒါပေမယ့် အဲဒီအတွက် တခြားနေရာတစ်ခုကို တိတ်တိတ်လေးသွားတက်ခဲ့ရတယ်။ ကျွန်တော် အဲ့လိုသွားတက်တယ်ဆိုတာကို ရွာထဲကလူတိုင်းကို ပေးမသိရဲဘူး... ကျွန်တော့ [ကျေးရွာ] ဒုတိယခေါင်းဆောင်ပဲသိတယ်။" ထိုကျေးရွာခေါင်းဆောင်ကပင် အာဏာပိုင်အမျိုးမျိုး ရှိခြင်းကြောင့် တွေ့ကြုံရသော အခက်အခဲများကို ပြောပြသည်။ အထူးသဖြင့် DKBA နှင့် KNU အကြားဆက်ဆံရေးကြောင့်ဖြစ်သည်။ "ကျွန်တော်တို့ကို DKBA ရော KNU ရော နှစ်ဖွဲ့လုံးက ထိန်းချုပ်ခဲ့တယ်။ ဒါပေမယ့် DKBA တစ်ဖွဲ့ပဲ ဒီမှာ စစ်စခန်းရှိခဲ့တယ်.... ရွာကို [အဖွဲ့တိုင်း] မတူတဲ့အချိန်တွေမှာ ဖြတ်သွားလေ့ရှိတယ်။ နောက်ပြီး နှစ်ဘက်စလုံးကလုပ်တဲ့ အစည်းအဝေးတွေကို ကျွန်တော်တက်ခဲ့တယ်။ DKBA ကခေါ်ရင် သွားလိုက်ရ၊ KNU ကခေါ်ရင်သွားလိုက်ရနဲ့ ကျွန်တော့်မှာ ကျဉ်းထဲကြပ်ထဲ ရောက်ရတယ်။ ကျွန်တော်က KNU နဲ့ နီးနီးကပ်ကပ်ရှိတဲ့အတွက် DKBA က သိပ်မကြိုက်ဘူး။"

တစ်ဖွဲ့ကိုထောက်ခံလျှင် အခြားတစ်ဖွဲ့၏ အပစ်ပေးခြင်း ခံရသောကြောင့် အာဏာပိုင်အမျိုးမျိုးရောထွေးနေသည့် ဒေသများတွင် ကျေးရွာခေါင်းဆောင်ရာထူးများကို လိုချင်သူ နည်းပါးလာသည်။[98] ရပ်ရွာများတွင် ကျေးရွာခေါင်းဆောင်များကို ကောက်ရိုးကို ရွေးချယ်မဲနှိုက်နည်းဖြင့် ရွေးချယ်ခြင်း သို့မဟုတ် လစဉ်အလှည့်ကျစနစ်ဖြင့် တာဝန်ယူခြင်းတို့ ပြုလုပ်ကြသည်။[99] ကလယ်လွီးထူးဒေသရှိ အာဏာပိုင်အမျိုးမျိုး ရောထွေးထိန်းချုပ်ရာနေရာမှ ကျေးရွာခေါင်းဆောင်တစ်ဦးလည်းဖြစ်၊ စစ်ဘေးရှောင်တစ်ဦးလည်းဖြစ်သူက အောက်ပါအတိုင်းဆိုသည်။

> ၂၀၁၀ ပြည့်နှစ်အထိ ကျွန်တော့ရွာမှာ ခေါင်းဆောင်လုပ်ခဲ့တယ်။ ဒါပေမယ့် တစ်နေ့သေမယ်ဆိုရင် အခြားအကြောင်းကြောင့်တော့ မဟုတ်ဘူး။ တပ်မတော်သတ်လို့ သေရင်သေ မဟုတ်ရင် KNLA သတ်လို့ သေမှာပဲလို့ သဘောပေါက်လာတယ်။ အဲဒါကိုတော့ ဘယ်လိုမှ ရှောင်လို့မရဘူး... ခက်ခဲတဲ့အချိန်တွေဆိုရင် ဘယ်သူမှ ရွာကို ခေါင်းဆောင်တဲ့သူ မလုပ်ချင်ဘူး။ ကျွန်တော်တို့ဆီမှာ လစဉ်အလှည့်ကျ ခေါင်းဆောင်လုပ်ကြတဲ့ စနစ်ရှိတယ်။ ဒါပေမယ့် အခြေအနေမကောင်းတော့တဲ့အခါကျတော့ ကျွန်တော့်ကိုပဲ လုပ်ခိုင်းတယ်။ [အဲ့တုန်း ကတော့] ငါ့ရပ်ရွာအတွက် ဘာပဲဖြစ်ဖြစ်လုပ်ပေးမယ်လို့ ဆုံးဖြတ်ခဲ့တယ်။ ကျွန်တော်ထွက်လာပြီးနောက်ပိုင်းမှာတော့ ရွာခေါင်းဆောင် ကို ရပ်ရွာက တစ်နှစ်ကို သုံးသိန်းကျပ် ပေးရတယ် လို့တော့ ကြားတယ်။

ရှေ့အပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း ထိုအတောအတွင်းတွင် KNU လူမှုဌာနများနှင့် ၎င်းတို့နှင့် တွဲဖက်လုပ်ကိုင်နေသော အဖွဲ့များသည် ပြည်တွင်းနှင့် ပြည်ပ INGO များထံမှ အထောက်အပံ့များ ပိုမိုရရှိလာကြသည်။ သို့သော် တပ်မတော်နှင့် DKBA တို့၏ ကန့်သတ်ချက်များကို လိုက်နာရပြီး အာဏာပိုင်အမျိုးစုံရှိသော ဒေသများရှိ အခြေအနေများကိုလိုက်ကာ လုပ်ဆောင်ကြရသည်။ DKBA ဒေသတွင် အလုပ်လုပ်ကိုင်နေသော KED ဝန်ထမ်းတစ်ဦး၏အဆိုအရ "[ဒေသကျောင်းတွေကို အထောက်အပံ့ပေးဖို့] ကျွန်တော်က KNU က ဖြစ်နေတဲ့အခါကျတော့ အတော်ကြိုးစားပြီး DKBA နဲ့ ဆက်ဆံရေးတည်ဆောက်ခဲ့ရတယ်။" KED သည် ကရင်ပြည်နယ်ပညာရေးအထောက်အကူပြုအဖွဲ့ (KSEAG)[100] အောက်မှ ပညာရေးနှင့် ပတ်သက်သော အထောက်အပံ့များပေးကာ ဆရာ၊ ဆရာမများနှင့် ကျောင်းကော်မတီဝင်များကို ရွာအပြင်ရှိ လယ်ကွင်းများတွင် တွေ့ဆုံခြင်းများ ပြုလုပ်ရသည်။

ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန (KDHW) နှင့် အခြားကျန်းမာရေးအဖွဲ့အစည်းများက ရွေ့လျား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းမျိုးစုံကို တည်ထောင်ခဲ့သည်။ ထိုအထဲတွင် ရပ်ရွာကျန်းမာရေးလုပ်သားများကို ၎င်းတို့ရပ်ရွာထဲတွင် ပြန်လည် တာဝန်ထမ်းဆောင်နိုင်ရန်

---

[98] နောက်ထပ်ဖြစ်ရပ်တစ်ခုတွင်မူ ကော်တီရီးမြို့နယ်မှ စစ်ဘေးရှောင်တစ်ဦးက ၎င်းမိသားစုရွှေ့ပြောင်းပြေးရခြင်းမှာ ထိုကြောင့်ဖြစ်ကြောင်း ရှင်းပြသည်။ "[တိုင်းပြည်ထဲက ထွက်ပြေးမလာခင်က] တပ်သုံးမျိုးရဲ့ ထိန်းချုပ်မှုအောက်မှာ ကျွန်တော်တို့နေခဲ့ရတယ်။ အဲ့ထဲက တစ်ဖွဲ့ကို [အခွန်တို့ အရင်းအမြစ်တို့] ပေးရင် ကျန်တဲ့ အဖွဲ့တွေနဲ့ ပြဿနာတက်ရော။"၎င်းက ဆိုသည်။

[99] Jolliffe (2015a), KHRG (2008).

[100] KSEAG ကို ၂၀၀၅ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး KED၊ ကရင်ကျောင်းဆရာ/မ လုပ်သားအဖွဲ့ (Karen Teacher Working Group – KTWG) နှင့် Partners Relief and Development အဖွဲ့တို့ဖြင့် စုပေါင်းဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

သင်တန်းများနှင့် လိုအပ်သည့် ပစ္စည်းများပေးခြင်း၊ ရွေ့လျား "ကျောပိုးအိတ်" ကျန်းမာရေးလုပ်သားများ တို့ပါဝင်သည်။ "ကျောပိုးအိတ်" ကျန်းမာရေးလုပ်သားများသည် တစ်ခါတစ်ရံတွင် KNLA လုံခြုံရေးအဖွဲ့များနှင့် အတူလိုက်ပါကာ ရွာများအပြင်ရှိ လူထုများနှင့် တွေ့ဆုံခြင်း သို့မဟုတ် ရွာသို့ ယာယီ ဝင်ရောက်ဆေးကုသမှုပေးခြင်းများ ပြုလုပ်သည်။ KDHW နှင့် ဆက်စပ်လုပ်ဆောင်နေသည့် ကျောပိုးအိတ် ကျန်းမာရေးအဖွဲ့ (Backpack Health Worker Team – BPHWT) မှ တစ်ဦး၏ အဆိုအရ "၂၀၁၀ ပြည့်နှစ်မတိုင်ခင်က SPDC ကိုရော၊ DKBA ကိုရော ကျွန်တော်တို့တွေ အရမ်းကြောက်ရတယ်။ ရွာတစ်ရွာကို [ကျန်းမာရေးစောင့်ရှောက်မှုပေးဖို့] နစ်ရက်၊ သုံးရက်ကြာပဲနေပြီး ပြန်ဆုတ်ရတယ်။" ထိုကဲ့သို့သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများသည် အပစ်အခတ်ရပ်စဲထားသည့်အချိန်တွင်ပင် နိုင်ငံရှိ ထိခိုက်လွယ်သော ထိတွေ့ဆက်ဆံရန် ခက်ခဲသည့် လူထုများအတွက် အဓိကအရေးပါသောလုပ်ငန်း ဖြစ်ဆဲဖြစ်သည်။

အခြေအနေအားလုံးကို ခြုံကြည့်လျှင် အာဏာပိုင်အမျိုးမျိုးလှုပ်ရှားနေသော ဒေသများတွင် KNU သည် ၎င်းတို့တချိန်က အုပ်ချုပ်ခဲ့သည် လူထုများနှင့် အဆက်အသွယ်များ သိသိသာသာကျဆင်းလာခဲ့သည်။ KNU/ KNLA မှ ဝန်ဆောင်မှုအချို့ပေးနေသော်လည်း ရပ်ရွာအချို့က KNU/ KNLA တို့သည်လည်း ၎င်းတို့ဒေသများအတွင်း ဖြတ်သန်းသွားလာကာ အခွန်ကောက်ခြင်း၊ တောင်းဆိုခြင်းများပြုလုပ်နေသည့် အဖွဲ့များထဲမှ တစ်ဖွဲ့ဟုသာ မြင်လာခဲ့ကြသည်။ KNLA အားကောင်းခဲ့သောဒေသများတွင် DKBA နှင့် အခြားခွဲထွက်အဖွဲ့များတို့ဖြင့် အဆက်အသွယ်ရှိပါက သံသယဖြင့် ဆက်ဆံခြင်း၊ ဖိအားပေးခြင်းတို့ ခံရတတ်သည်။ အခြေခံအားဖြင့် KNU ကို ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံကြသော်လည်း ထိုဒေသများတွင် နေထိုင်သော ကရင်ပြည်သူလူထုများ၏ ဆန္ဒမှာ ၎င်းတို့ကို အေးချမ်းစွာ နေထိုင်လှုပ်ရှားခွင့်ပေးမည့် တည်ငြိမ်သော အာဏာပိုင်အဖွဲ့အစည်းတစ်ခုတည်းသာ ရရှိရေး ဖြစ်လာခဲ့သည်။[101]

[101] Jolliffe (2015a), 25-30 ကို ကြည့်ပါ။

## အပိုင်း ငါး - အပြောင်းအလဲကာလများကြားရှိ KNU အဖွဲ့တွင်း တင်းမာမှုများ

၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၂ ကြား ဖြစ်ပွားခဲ့သော အဖြစ်အပျက်များကြောင့် ကရင်ဒေသများအတွင်းရှိ နိုင်ငံရေးအနေအထားများ အလွန်ပြောင်းလဲသွားခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် DKBA နစ်ခြမ်းကွဲသွားခဲ့ပြီး အဓိကအဖွဲ့က SPDC ၏တောင်းဆိုချက်များ လိုက်နာပြီး တပ်မတော်၏တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် နယ်ခြားစောင့်တပ်ဖွဲ့များဖြစ်သွားသည်။ KPC အပါအဝင် အခြားအဖွဲ့များက တောင်းဆိုချက်များကို လိုက်နာရန် ငြင်းဆန်ခြင်းကြောင့် ၎င်းတို့နှင့် တပ်မတော်အကြား ရယူထားသည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ပျက်ပြယ်သွားပြီး ပဋိပက္ခပြန်လည်ဖြစ်ပွားလာနိုင်သည်ဟု ခြိမ်းခြောက်မှုများရှိလာသည်။ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲနေ့တွင် သူပုန်တပ်အသစ်များထဲမှ အင်အားအကြီးဆုံးဖြစ်သော DKBA တပ်မဟာ ၅ မှ မြဝတီမြို့ကို အလစ်အငိုက်တိုက်ခိုက်ခဲ့ပြီး အခြားဒေသများအတွင်းရှိ တပ်မတော်စခန်းများသို့လည်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ သည်။ များမကြာမီတွင်ပင် DKBA၊ KNLA နှင့် KPC တို့ပူးပေါင်းကာ တပ်မတော်နှင့် နယ်ခြားစောင့်တပ်ဖွဲ့များကို စစ်ဆင်ရေးများ ဆင်နွှဲခဲ့သည်။

တပ်မတော်၏ အားပေးထောက်ခံမှုရရှိသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ဦးသိန်းစိန်အစိုးရ အာဏာရလာခဲ့သည်။ အစိုးရသစ်ထဲတွင် ယခင်အစိုးရဟောင်းမှသူများ ကြီးစိုးခဲ့သော်လည်း အစိုးရအတွင်း အရပ်သားများပိုမိုပါဝင်လာစေရေးနှင့် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ တဖြည်းဖြည်းချင်း ပြုလုပ်လာခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ခွဲထွက်သွားသော DKBA အဖွဲ့က အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပြီး ကလို့ထူးဘော ကရင်အဖွဲ့အစည်း/တိုးတက်သော ဒီမိုကရက်တစ် ကရင်အကျိုးပြုတပ်မတော်အဖြစ် အမည်ပြောင်းကာ KNU၊ KPC တို့နှင့် တရားဝင်မဟာမိတ်ဖွဲ့ခဲ့သည်။

### ငြိမ်းချမ်းရေးဖော်ဆောင်မှုများအပေါ် အယုံအကြည်ကင်းမဲ့မှုများ

KNU နှင့် ဦးသိန်းစိန်အစိုးရအကြား ငြိမ်းချမ်းရေးဆိုင်ရာ လျို့ဝှက်ဆွေးနွေးမှုများကို ၂၀၁၁ ခုနှစ်တွင် စတင်ခဲ့ပြီး KNU အတွင်း သဘောထားမတိုက်ဆိုင်မှုများ လျင်မြန်စွာပင် ပေါ်ပေါက်လာခဲ့သည်။ အားလုံးက ငြိမ်းချမ်းရေးရယူရန် လိုအပ်ပြီး ၎င်းတို့၏ အန္တိမပန်းတိုင်မှာ နိုင်ငံရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ရန်ဖြစ်သည်ဟု သဘောတူကြသည်။ သို့သော် ပြင်ပမှ ရင်းနှီးမြှုပ်နှံမှုများကို ခွင့်ပြုခြင်း၊ လူသားချင်းစာနာထောက်ပံ့မှု ကိစ္စများတွင် KNU အနေဖြင့် အစိုးရနှင့် မည်သည့်အတိုင်းအတာအထိ ပူးပေါင်းဆောင်ရွက်သင့်ခြင်း၊ အခြား EAO များနှင့် မဟာမိတ်ဖွဲ့ခြင်း နှင့် KNU ၏ လက်ငင်း အစီအစဉ်များအကြား ဦးစားပေးရွေးချယ်ခြင်း စသည့် ကိစ္စရပ်များတွင် သဘောထားကွဲလွဲလာကြသည်။

အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးရာတွင် မည်သို့သော ချဉ်းကပ်မှုမျိုး သုံးသင့်သည်ဆိုသည့် ကိစ္စတွင်လည်း KNU အတွင်း အမြင်မတူညီကြပေ။ အချို့ကအစိုးရနှင့်ပူးပေါင်းဆောင်ရွက်မှုကိုအခြားသူများထက်ပိုမိုအယုံအကြည်ကင်းမဲ့ကြသည်။ ၁၉၉၀နှင့် ၂၀၀၀ပြည့်နှစ်များတစ်လျောက်တွင် ပြည်ပရောက် အင်အားစုများက အစိုးရအပြောင်းအလဲပြုလုပ်ပြီး ဒီမိုကရေစီဖော်ဆောင်ရန် လှုပ်ရှားမှုများကို အချို့ခေါင်းဆောင်များက တစိုက်မတ်မတ် ထောက်ခံအားပေးခဲ့ကြသည်။ အချို့ကမူ စစ်ပြီးဆုံးပြီး ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းသော ကရင်အမျိုးသားလှုပ်ရှားမှုကို ဖော်ဆောင်ရန် အဓိကရည်မှန်းထားကြသည်။ ထို့အပြင် ကရင်ပြည်နယ်ရှိ လူသူအရောက်အပေါက်နည်းသော တောင်တန်းဒေသများရှိ လူနေမှုပုံစံကို ဓလေ့ထုံးတမ်းအတိုင်း ထိန်းသိမ်းထားသင့်သည် မြင်သူများနှင့် ထိုဒေသများကို ပညာရေး၊ ပြင်ပနှင့် ထိတွေ့ဆက်ဆံမှုများဖြင့် ဖွံ့ဖြိုးတိုးတက်အောင် လုပ်သင့်သည်ဟု မြင်သူများဟူ၍ ကရင်ခေါင်းဆောင်များအကြားတွင် ကွဲပြားမှုများရှိသည်။[102] ဓလေ့ထုံးတမ်းအတိုင်း ထိန်းသိမ်းထားလိုသည့်အဖွဲ့က ခေတ်မီအောင်ပြုလုပ်ရန်ကို ထောက်ခံကောင်း ထောက်ခံနိုင်သော်လည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိကိုမူ ပိုမိုအလေးထားသည်။ သို့မှသာ ကရင်ခေါင်းဆောင်များနှင့် ပြည်သူများက ခေတ်မီဖွံ့ဖြိုးတိုးတက်အောင်လုပ်သည့် လုပ်ငန်းစဉ်ကို ၎င်းတို့လိုချင်သည့်ပုံစံအတိုင်း လုပ်နိုင်မည်ဖြစ်သည်။

ကရင်ခွဲထွက်အဖွဲ့များနှင့် အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အတွေ့အကြုံများကို မြင်တွေ့ပြီး နောက်ပိုင်း ၁၉၉၀ နှင့် ၂၀၀၀ ပြည့်နှစ်များအကြားတွင်ပြင်ပလွှမ်းမိုးမှုများ အထူးသဖြင့် ဖွံ့ဖြိုးရေးနှင့်ပတ်သက်ပြီး အယုံအကြည်ကင်းမဲ့မှုများပိုမိုအားကောင်းလာခဲ့သည်။ DKBA နှင့် အခြားအဖွဲ့များက SPDC မှ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးမှုတည်ဆောက်ရန် တိုက်တွန်းမှုအား ကူးယူပြောဆိုနေချိန်တွင် ပဋိပက္ခဒေသများရှိ အကြီးစား စီးပွားဖြစ်စီမံကိန်းများက သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူထုများအတွက် ပျက်စီးဆုံးရှုံးမှုများ သယ်ဆောင်လာခဲ့သည်။ ၂၀၀၇ ခုနှစ် KHRG အစီရင်ခံစာတွင် ကျေးလက်နေ ကရင်ပြည်သူများက အောက်ပါအတိုင်း ထွက်ဆိုခဲ့ကြသည်။

*SPDC မှ အကောင်အထည်ဖော်သော ဖွံ့ဖြိုးရေးစီမံကိန်းများသည် ဒေသခံပြည်သူများအတွက် အကျိုးစီးပွား မဖြစ်ထွန်းစေခဲ့ရုံသာမက*

[102] လွတ်လပ်သော သံလွင်ခရိုင်ကို ဖွံ့ဖြိုးရေး အကျိုးကျေးဇူးများ ခံစားနိုင်ရန် ဗမာပြည်မနှင့် ပေါင်းစည်းရန် KYO က ကြိုးစားခဲ့ပြီး KNU က အနီးအနားဒေသများကို တိုးချဲ့ရယူရန် ကြိုးစားခဲ့ခြင်းများကြောင့် ၁၉၄၀ စုနှစ်များတွင် KNU နှင့် KYO တို့အကြား သဘောထားကွဲလွဲမှုများ ပေါ်ပေါက်လာခဲ့သည်။

*ပြည်သူများအပေါ် အကြမ်းဖက်မှုများ၊ အလွဲသုံးစားပြုမှုများ နေရာအနှံ့အပြားတွင် ပေါ်ပေါက်ခဲ့သည်။ အလွဲသုံးစားလုပ်မှုများ၊ အစိုးရကို ဗဟိုပြုသည့် လုပ်ငန်းစဉ်များ၊ ဒေသခံပြည်သူများ၏ သဘောထားကို လျစ်လျူရှုမှုများဖြင့် လုပ်ကိုင်ခဲ့ကြသည်။*[103]

နောက်ပိုင်းတွင် KNU နှင့် ကရင်အရပ်ဖက်လူ့အဖွဲ့အစည်းများက DKBA နှင့် ကရင်မဟုတ်သောအခြား EAO များသည် ၎င်းတို့၏ ကြိုးပမ်းမှုများနှင့် ပြည်သူများကို တပ်မတော်ထံ ထိုးရောင်းခဲ့သည့် အခွင့်အရေးသမားများအဖြစ် မြင်လာကြသည်။ ၂၀၀၇ ခုနှစ်တွင် KPC ပေါ်ပေါက်လာသောအခါ ၎င်း၏ ခေါင်းဆောင်များသည် "SPDC နှင့်မဟာမိတ်ဖွဲ့ကာ ဖွံ့ဖြိုးရေးအရောင်ပြ စီးပွားရေးလုပ်ကိုင်ရန်" ကြိုးစားနေသည်ဟု KNU က စွပ်စွဲခဲ့သည်။[104]

ရလဒ်အဖြစ် ၂၀၁၁ ခုနှစ်အရောက်တွင် အပစ်အခတ်ရပ်စဲရေးသည် လက်နက်ချအရှုံးပေးခြင်းနှင့် ဆင်တူပြီး ဖွံ့ဖြိုးရေးလုပ်ငန်းဟူသည့် အသုံးအနှုန်းမှာ ကိုယ်ကျိုးစီးပွားကို သကာရည်လောင်းထားသော အသုံးအနှုန်းဟု KNU ခေါင်းဆောင် အတော်များများက ထင်မြင်လာကြသည်။ KNU နှင့် ကရင်အရပ်ဖက် အဖွဲ့အစည်းအချို့က ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဖွံ့ဖြိုးရေးသည်လည်း အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပါဝင်သည်ဆိုသည့် အမြင်ကို စိတ်ပျက် မုန်းတီးလာကြသည်။ ၎င်းတို့က ထိုအမြင်သည် နိုင်ငံရေးသဘောထားမတူညီမှုများကို ပြည်ဖုံးကားချရန်နှင့် ၎င်းတို့၏ ခေါင်းဆောင်များကို လောဘဇောတက်လာအောင် ပြုလုပ်ပြီး သွေးခွဲခြင်းဖြစ်သည်ဟု ထင်မြင်လာကြသည်။

## အပစ်အခတ်ရပ်စဲရန် လက်မှတ်ရေးထိုးပြီးနောက် ပေါ်ပေါက်လာသောအက်ကြောင်းများ

၂၀၁၁ တွင် စတင်ခဲ့သော အလွတ်တမ်း ဆွေးနွေးညှိနှိုင်းမှုများကို မူတူးစေးဖိုး (ထိုအချိန်က GOC)၊ ကွယ်ထူးဝင်း၊ ရော်ဂျာခင် နှင့် ဒေးဗစ်တော်တို့ အပါအဝင် ပုဂ္ဂိုလ်အချို့က ဦးဆောင်ခဲ့သည်။ အခြား KNU ခေါင်းဆောင်ပိုင်း၊ ကရင်အရပ်ဖက် နှင့် ပြည်ပရောက် ကရင်များက အစိုးရပြောင်းကာ ဒီမိုကရေစီဖော်ဆောင်ရန် ဆက်လက်တွန်းအားပေးရမည့်အစား အဖွဲ့အစည်းကို သစ္စာဖောက်သည်ဟု ၎င်းတို့ကို ဝေဖန်ခဲ့ကြသည်။

အထူးသဖြင့် ထိုခေါင်းဆောင်များသည် ဖွံ့ဖြိုးရေးအားပေးသူများဟု အမြင်ခံခဲ့ရသည်။ ၎င်းတို့အတွင်းမှ ပုဂ္ဂိုလ်အများစုသည် တကယ်တမ်းလည်း စီးပွားရေးကော်မတီတွင်[105] ပါဝင်ခဲ့သူများဖြစ်ပြီး အီတလီ-ထိုင်းဖွံ့ဖြိုးရေး ကုမ္ပဏီများနှင့် KNU လွှမ်းမိုးသော နယ်မြေများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်မည့် အခြားဖွံ့ဖြိုးရေး လုပ်ငန်းရှင်များနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်သည်။[106] ထိုခေါင်းဆောင်များက အစည်းအရုံး ဆက်လက်ရှင်သန်မှုနှင့် ကရင်လူ့အဖွဲ့အစည်း၏ ဖွံ့ဖြိုးတိုးတက်မှုသည် အစိုးရ၊ ဒေသတွင်းဖွံ့ဖြိုးရေးများ စသည်တို့ဖြင့် ချိတ်ဆက်လုပ်ဆောင်မှုအပေါ်တွင် မူတည်နေသည်ဟု ဆိုကြသည်။

ထိုခေါင်းဆောင်များက မြန်မာနိုင်ငံအရှေ့တောင်ပိုင်းသည် ဒေသတွင်း စီးပွားရေးဈေးကွက်သို့ ဝင်ရောက်သွားမည်မှာ မလွဲပင်ဖြစ်ပြီး KNU အနေဖြင့် မည်သို့မှတားဆီးရန် အင်အားမရှိဟု ထင်မြင်ကြသည်။ ထို့အတွက်ကြောင့် စီးပွားရေးဈေးကွက်အသစ်တွင် KNU က အကျိုးသက်ဆိုင်သူများထဲမှ တစ်ဦးဖြစ်လာရန် အရေးကြီးသည်။ ဒေသခံပြည်သူများအား ၎င်းတို့မြေများပေါ်မှ နှင်ထုတ်ခံရသည့်အချိန်တွင် ထိုက်သင့်သော လျော်ကြေးရရန်အတွက် အပေးအယူပြုလုပ်နိုင်ရန် KNU နှင့် ထိုကုမ္ပဏီများအကြား ဆက်ဆံရေးတည်ဆောက်ထားရန်လိုသည်။ ဒေသအဆင့် တပ်ရင်းမှူးများ အကျင့်ပျက်ခြစားလာပြီး ကိုယ်ပိုင်အုပ်စုများတည်ထောင်လာခြင်းမှကာကွယ်ရန်အတွက် စီးပွားရေးပြုပြင်ပြောင်းလဲမှုများအား ချဉ်းကပ်ရာတွင် KNU အနေဖြင့် ကြိုတင်စဉ်းစားလုပ်ကိုင်မှုများပြုလုပ်ရန်လိုအပ်သည်။[107] အစည်းအရုံးသည် KNU ခရိုင်အတော်များများရှိ လူသူရောက်ပေါက်ရန် ခက်ခဲသောနေရာများတွင်သာ ရွှေ့လျားယူနစ်များအဖြစ်ဖြင့် တည်ရှိနိုင်တော့သည်။ ထိုအချိန်တွင် ဆယ်စုနှစ် နှစ်ခုနန့် အပစ်အခတ်ရပ်စဲထားပြီးဖြစ်သော အင်အားအကြီးမားဆုံး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်သည့် KIA နှင့် UWSA တို့သည် စီးပွားရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ကာ အခွန်ဘဏ္ဍာများ ရှာဖွေနိုင်နေပြီဖြစ်သည်။

တစ်ချိန်တည်းတွင် ထိပ်ပိုင်းခေါင်းဆောင်အချို့ဖြစ်သော ဥက္ကဋ္ဌ တာမလဘော၊ ဒု-ဥက္ကဋ္ဌ ဒေးဗစ်သာကပေါ်နှင့် အထွေထွေအတွင်းရေးမှူး (တာမလာဘော၏သမီး) နော်စီဖိုးရာစိန် တို့အပါအဝင် အစည်းအရုံးမှ အခြားခေါင်းဆောင်များက ထိုအမြင်များကို ဆန့်ကျင်ခဲ့ကြသည်။ ထို

103 KHRG (2007), 6.

104 President P'Doh Mahn Sha La Pahn, quoted in Than Htike Oo, "Mizzima News: 7th Brigade cease-fire talks 'against Karen interests' – KNU CC," BurmaNet News, January 26, 2007, available at: http://www.burmanet.org/news/2007/01/26/mizzima-news-7th-brigade-cease-fire-talks-against-karen-interests-knu-cc-than-htike-oo/

105 ထိုကော်မတီသည် ၂၀၁၂ KNU ညီလာခံတွင် ဖွဲ့စည်းခဲ့သော လက်ရှိကော်မတီထက် တရားဝင်ကိစ္စများ ဖော်ပြထားမှုများအပိုင်း၌ အားနည်းသည်။ ထို့ကြောင့် ၎င်းတို့၏ ခေါင်းစဉ်အမှန်နှင့် ကဏ္ဍအမှန်ကို ရှင်းရှင်းလင်းလင်း မသိရပေ။

106 ဒေးဗစ်တော်နှင့် အင်တာဗျူး (ထိုင်းနိုင်ငံ၊ ၂၀၁၁)။

107 Ibid။ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များနှင့် အင်တာဗျူး (ထိုင်းနိုင်ငံ ၂၀၁၃)။

ခေါင်းဆောင်များအတွက် ပန်းတိုင်မှာ အစိုးရပြောင်းလဲရန်ဖြစ်ပြီး (ဒေါ်အောင်ဆန်းစုကြည်နှင့်) ပြည်ပရှိ ဒီမိုကရေစီလှုပ်ရှားမှုများနှင့် တစ်သားတည်းဖြစ်သည်။ မြန်မာအစိုးရနှင့် ပူးပေါင်းရန်ကြိုးစားမှုများသည် DKBA နှင့် KPC တို့၏ လုပ်ရပ်များနှင့် ဆင်တူပင်ဖြစ်ကာ ညှိနှိုင်းဆွေးနွေးမှုများမှတစ်ဆင့် ၎င်းတို့၏ တောင်းဆိုချက်များရရှိရန် မဖြစ်နိုင်ဟု ထင်မြင်ခဲ့ကြသည်။ အထူးသဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အစောတလျင် ပါဝင်လုပ်ကိုင်ခြင်းဖြင့် ဒေသခံပြည်သူများနှင့် KNU ခေါင်းဆောင်ပိုင်းအတွက် ဆိုးကျိုးများဖြစ်စေနိုင်သော စီးပွားရေးလုပ်ငန်းများ ဝင်ရောက်လာပြီး အစိုးရက အခြားနည်းလမ်းများသုံးကာ ၎င်းတို့နယ်မြေများကို တဖြည်းဖြည်းချင်း သိမ်းယူသွားမည်ကို စိုးရိမ်ကြခြင်းဖြစ်သည်။ ၂၀၁၁ ခုနှစ်တွင် နော်စီဖိုးရာစိန်က "မြန်မာစစ်အစိုးရသစ်သည် ဖွံ့ဖြိုးရေးကို လက်နက်သဖွယ်အသုံးပြုကာ ဆန့်ကျင်ဘက်အဖွဲ့များကို အမြစ်ဖြတ်ရှင်းထုတ်ပြီး တိုင်းရင်းသားလူမျိုးများ၏ အခက်အခဲကြိုးပမ်းမှုများကို မေ့ဖျောက်ရန်ပြုလုပ်နေသည်။" ဟုဆိုခဲ့သည်။[108]

ခရိုင်နှင့် မြို့နယ်အဆင့် ခေါင်းဆောင်များတွင်လည်း မတူသောအမြင်များ ရှိကြသည်။ ပုံမှန်အားဖြင့် အမာခံဒေသများ သည် အာဏာပိုင်အမျိုးမျိုး ကြီးစိုးသောဒေသများထက် အတိုက်အခံ ပိုမိုပြုလုပ်ကြသည်။ အမာခံဒေသများရှိ အာဏာပိုင်ဆိုင်မှုမှာ ပြောက်ကျားစစ်ဆင်ရေးများပေါ်တွင် အားထားရပြီး တပ်မတော်ကဆုတ်ခွာသွားမှသာလျှင် အသာစီးရရှိသည်။ အခြားထိန်းချုပ်မှုများအောက် ရောက်ရှိနေသော ဒေသများတွင်မူ DKBA နှင့် ဆက်ဆံမှု ပြန်လည်တည်ဆောက်ပြီး ၎င်းတို့၏တပ်များနှင့် ရပ်ရွာများကို စစ်ဖြစ်သည့်ဘေးဒဏ်မှ အမြန်ဆုံးလွတ်မြောက်အောင် ပြုလုပ်လိုကြသည်။ ထို့အပြင် အာဏာပိုင်အမျိုးမျိုး ရောထွေးအုပ်ချုပ်သော ဒေသများသည် နိုင်ငံ၏ စီးပွားရေးဈေးကွက်ထဲတွင် ပိုမိုလှုပ်ရှား ပါဝင်နိုင်ပြီး ၎င်းဒေသများရှိ ကရင်လူမျိုးများသည် အခြားတိုင်းရင်းသားများနှင့် ပိုမို ဆက်ဆံရေယှက်မှုများ ရှိသည်။ တစ်ချိန်တည်းတွင် အမာခံဒေသများမှာမူ အိမ်နီးချင်းထိုင်းနိုင်ငံ၏ စီးပွားရေးဈေးကွက်နှင့် ပိုမိုဆက်စပ်မှုရှိပြီး အခြေခံလူမှုဝန်ဆောင်မှုများပေးမည့် နယ်စပ်ဖြတ်ကျော် ထောက်ပံ့မှုများအတွက် လိုအပ်သောစနစ်များ တည်ဆောက်ထားပြီးဖြစ်သည်။ အခြားတိုင်းရင်းသားများနှင့် ရောထွေးဆက်ဆံမှုမှာမူ အနည်းငယ်သာရှိသည်။

ဇန်နဝါရီ ၂၀၁၂ တွင် မူတူးစေးဖိုးနှင့် ဒေးဗစ်တော်တို့ဦးဆောင်သော အဖွဲ့သည် ပထမဦးဆုံး တရားဝင်ငြိမ်းချမ်းရေး ဆွေးနွေးပွဲတက်ရောက်ရန် ဘားအံမြို့သို့သွားရောက်ခဲ့သည်။ ၎င်းတို့တွင် ထိပ်တန်းခေါင်းဆောင်ပိုင်းက သဘောတူခွင့်ပြုခဲ့သော တောင်းဆိုချက် ၁၁ ချက် ပါရှိသော်လည်း ထိုအချက်များကို SPDC မှသဘောတူညီလိမ့်မည်ဟု မထင်မှတ်ထားခဲ့ပေ။ သို့သော် အစိုးရဘက်မှ ဝန်ကြီးဦးအောင်မင်းက ထိုအချက်အားလုံးကို သဘောတူညီခဲ့ပြီး လက်မှတ်ရေးထိုးခဲ့သဖြင့် အားလုံးအတွက် အံ့အားသင့်စရာဖြစ်ခဲ့ရသည်။ ထိုအချက် ၁၁ ချက်ထဲတွင် တပ်မတော်မှ တစ်နိုင်ငံလုံးတွင် ထိုးစစ်ဆင်နေမှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ရပ်ဆိုင်းရန်၊ နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေးရန်နှင့် မီဒီယာကို ချပြနိုင်သော ပွင့်လင်းမြင်သာသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဖြစ် ဖော်ဆောင်ရန်စသည့် အချက်များ ပါဝင်ခဲ့သည်။[109]

၂၀၁၂ ခုနှစ် ဧပြီတွင် နောက်ထပ်ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပြီး KNU ဘက်မှ နော်စီဖိုးရာစိန်မှ ဦးဆောင်တက်ရောက်ခဲ့သည်။ ထိုဆွေးနွေးပွဲများတွင် တပ်မတော်မှ အပစ်အခတ်ရပ်စဲရေးအတွက် ညှိနှိုင်းချက်များနှင့် စောင့်ကြည့်အကဲဖြတ်မှု နည်းလမ်းများ ဖော်ထုတ်ရန်ဆွေးနွေးမှုများအပြင် အစောပိုင်းကာလများက ကျူးလွန်ခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် နိုင်ငံရေးတောင်းဆိုမှုများအား အသေးစိတ်ဆွေးနွေးမှုများ ပါဝင်ခဲ့သည်။ KNU အတွက် ၎င်းတို့၏ မြေယာစီမံခန့်ခွဲမှုစနစ်ကို အသိအမှတ်ပြုပေးပါမည်ဆိုသည့် သဘောတူညီမှုလည်း ရရှိခဲ့သည်။[110]

သို့သော် စိတ်မကောင်းဖြစ်စရာများလည်း ပေါ်ပေါက်ခဲ့သည်။ အထက်မှသဘောတူညီမှု မရယူဘဲ ဘားအံမြို့နယ်တွင် ညှိနှိုင်းရေးမှူးရုံးဖွင့်လှစ်ရန် ကြိုးစားမှုဖြင့် မူတူးစေးဖိုး၊ ဒေးဗစ်တော်နှင့် ရော်ဂျာခင် တို့ကို အောက်တိုဘာလတွင် ရာထူးမှ ဖယ်ရှားခဲ့သည်။ မူတူးစေးဖိုးနှင့် ရော်ဂျာခင် တို့ကို အရေးပေါ်အမြဲတမ်းကော်မတီအစည်းအဝေးကျင်းပပြီး ရာထူးသို့ ပြန်လည်ခန့်အပ်ခြင်း မပြုမီတွင်ပင် ကျန်းမာရေးအခြေအနေကြောင့် ဒေးဗစ်တော် ကွယ်လွန်သွားခဲ့သည်။ ကော်မတီအစည်းအဝေးတွင် စည်းလုံးညီညွတ်ရေးကိုရှေးရှုပြီး အရာအားလုံးကို သင်ပုန်းချေကာ ပြန်လည်စတင်ရန် ဆုံးဖြတ်ခဲ့သည်။[111]

---

108 "KNU Stops Tavoy Road Construction," Karen News, July 19, 2011, http://karennews.org/2011/07/knu-stops-tavoy-road-construction.html/ တွင်ဖတ်ရှုနိုင်ပါသည်။

109 Keenan (၂၀၁၂) ကို ကြည့်ပါ။

110 ထိုသဘောတူညီမှုတွင် "KNUနှင့် အခြားတိုင်းရင်းသားအဖွဲ့အစည်းများတွင်ရှိသော မြေယာပိုင်ဆိုင်မှုအစီအမံများနှင့် IDP များအတွက် မြေယာပိုင်ဆိုင်မှုနှင့် မြေယာဆိုင်ရာအခွင့်အရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းအဖြေရှာကြရန် နှစ်ဘက်စလုံးမှ အသိအမှတ်ပြုပါသည်။" ဟု ဖော်ပြထားသည်။ ထိုအပိုင်းနှင့် အရှေ့ပိုင်းဆွေးနွေးပွဲများမှ သဘောတူညီချက်အပြည့်အစုံကိုဖတ်ရှုလိုပါက Keenan (2012), 70 ကိုကြည့်ပါ။

111 KNU အင်တာနက်စာမျက်နှာ"Position Statement of the KNU Central Standing Committee Special Emergency Meeting," October 27, 2012။ http://www.karennationalunion.net/index.php/burma/news-and-reports/news-stories/position-statement-of-the-knu-central-standing-committee-special-emergency- တွင် ဖတ်ရှုနိုင်ပါသည်။

## ခေါင်းဆောင်ပိုင်းအသစ်နှင့် ထိရှလွယ်သောရှေ့ရေး

နိုဝင်ဘာ ၂၀၁၂ ခုနှစ်တွင် ကျင်းပခဲ့သော ၁၅ ကြိမ်မြောက် KNUညီလာခံတွင် မူတူးစေးဖိုးကို ဥက္ကဋ္ဌအဖြစ်နှင့် ကွယ်ထူးဝင်းကို အထွေထွေအတွင်းရေးမှူးအဖြစ် ရွေးကောက်တင်မြှောက်ခဲ့ကြသည်။ တစ်ချိန်တည်းတွင် နော်စီဖိုးရာစိန် ကိုလည်း ဒုတိယဥက္ကဋ္ဌ အဖြစ် ခန့်ထားခဲ့ပြီး ၎င်း၏ အနီးကပ် လုပ်ဖော်ကိုင်ဖက်ဖြစ်သော ဖဒိုမန်းမန်း သည်လည်း တွဲဘက်အတွင်းရေးမှူး ၂ ဖြစ်လာခဲ့သည်။ ထို့ကြောင့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများ ဆောင်ရွက်နေသည့်သူများနှင့် ဖွံ့ဖြိုးရေးကို ယေဘုယျအားဖြင့် ထောက်ခံသူများထံ အာဏာရောက်ရှိသွားသည်။ သို့သော် အစိုးရအား အယုံအကြည်ကင်းမဲ့ဆဲဖြစ်သော ခေါင်းဆောင်များလည်း ပါဝင်သဖြင့် ထိုအခြေအနေကိုထိန်းညှိထားနိုင်ခဲ့သည်။

KNU ၏ ရှေ့ခေါင်းဆောင်ပိုင်းလက်ထက်တွင် ၎င်းတို့တောင်းဆိုသော ဖက်ဒရယ်စနစ်သို့ ဦးတည်မည့် နိုင်ငံရေးသဘောတူညီချက်များကို အသေအချာပေါ်ပေါက်စေနိုင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုသာ လက်ခံရန် မူဝါဒချမှတ် ထားခဲ့သည်။ ယင်းမူဝါဒသည် အတိုက်အခိုက်များ ရပ်စဲလိုက်ခြင်းဖြင့် ဖွံ့ဖြိုးမှုသို့ ချက်ချင်းဦးတည်ရန် မျှော်မှန်းထားသည့် ဦးသိန်းစိန်အစိုးရ၏ ကနဦး "ငြိမ်းချမ်းရေး လမ်းပြမြေပုံ" ၏ သဘောတရားနှင့် ဆန့်ကျင်လျက်ရှိသည်။ အစိုးရ၏ ထိုလမ်းပြမြေပုံအရ EAO များသည် ၎င်းတို့၏လက်နက်များကိုစွန့်ပြီး နိုင်ငံရေးပါတီများ ထူထောင်နိုင်မှသာလျှင် နိုင်ငံရေးနှင့်ပတ်သက်သော လှုပ်ရှားမှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။

ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကြားဆက်စပ်မှုအပေါ်တွင် အသစ်တက်လာသော ခေါင်းဆောင်ပိုင်း၏ သဘောထားသည် ရေရာပြတ်သားမှုမရှိပေ။ သို့သော် စီးပွားရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒများချမှတ်ပြီး စီးပွားရေးကော်မတီကို နည်းစနစ်ကျကျ တည်ထောင်မည်ဟု ညီလာခံက အတည်ပြုပြောဆိုခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ အဖွဲ့အစည်းသည် နိုင်ငံရေးဆွေးနွေးပွဲ ဆက်လက်လုပ်ဆောင်ရန်ကို အဓိကဦးစားပေးအဖြစ် ဆက်လက်ထားရှိပြီး ဖွံ့ဖြိုးရေးကို လက်ငင်းပန်းတိုင်အဖြစ် အဆိုပြုခြင်းမပြုလုပ်ရန် ခေါင်းဆောင်ပိုင်းက သတိထားလုပ်ဆောင်ခဲ့သည်။ "နိုင်ငံရေး သဘောတူညီမှုများ ရရှိရန် အရေးတကြီး ဆောင်ရွက်စရာကိစ္စများ ရှိသေးသည်" KNU သည် အခြား EAO များနှင့် ပူးပေါင်းကာ "တိုင်းရင်းသားများအားလုံးအတွက် ဒီမိုကရေစီ၊ သာတူညီမျှမှုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်တို့ကို ဆောင်ကျဉ်းပေးနိုင်သော စစ်မှန်သည့် ဖက်ဒရယ်စနစ်ပေါ်ပေါက်ရန် ရေးရှုလုပ်ဆောင်သွားမည်"[112]ဟု ညီလာခံက အတည်ပြုပြောဆိုခဲ့သည်။

ထိုအပြောင်းအလဲက ၂၀၁၆ ခုနှစ်နှောင်းပိုင်းများအထိ အပစ်အခတ်ရပ်စဲရေး တည်မြဲအောင် လမ်းဖောက်ပေးခဲ့အပြင် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်လာခြင်းနှင့် ဒေသအဆင့်တွင် အစိုးရနှင့် KNU အကြား ယှဉ်ပြိုင်မှု၊ ပူးပေါင်းမှု ပုံစံအသစ်များလည်း ပေါ်ပေါက်လာစေခဲ့သည်။ KNU အတွင်းတွင် အမြင်ကွဲလွဲမှုများရှိသော်လည်း ၂၀၁၂ ညီလာခံမှ ပေါ်ထွက်လာခဲ့သည့် ရည်မှန်းချက်ပန်းတိုင်များကို အစည်းအရုံး၏ အစိတ်အပိုင်းအားလုံးက သဘောတူ လိုက်နာနေကြဆဲဖြစ်သည်။ ယခု စာတမ်းရေးသားနေချိန်၌ပင် KNU အကြား အပြဲအကွဲမှာ ဖြစ်နိုင်ချေနည်းပြီး ၎င်းတို့ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသော ဆုံးဖြတ်ချက်ချမှတ်သည့် နည်းလမ်းအတိုင်း လိုက်နာဆောင်ရွက်နေခြင်းဖြင့် သဘောထားကွဲလွဲမှုများကို ပိုမိုမဆိုးရွားလာအောင် ထိန်းထားနိုင်ခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ အစိုးရ၏ အုပ်ချုပ်ရေး ချဲ့ထွင်ခြင်း၊ ဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင် သဘောထားကွဲလွဲခြင်းတို့ကြောင့် ဆက်ဆံရေးတင်းမာမှုများကတော့ ရှိဆဲပင်ဖြစ်သည်။

[112] နောက်ဆက်တွဲ ၁ ကို ကြည့်ပါ။

## အပိုင်း ခြောက် - ၂၀၁၂ ခုနှစ်ကတည်းက ဖြစ်ပေါ်ခဲ့သော အနေအထားအပြောင်းအလဲများ

အပိုင်း ငါး တွင် ဖော်ပြခဲ့သည့် နိုင်ငံရေးဆိုင်ရာအပြောင်းအလဲများသည် KNU ခရိုင်ခုနစ်ခုလုံးအတွင်းရှိ နယ်မြေဒေသနှင့် အုပ်ချုပ်ရေး အနေအထားများကိုလည်း ပြောင်းလဲစေခဲ့သည်။ တစ်ဖက်တွင် ဒေသများ၌ အစိုးရဝင်ရောက်မှု သိသိသာသာ တိုးတက်လာခဲ့ခြင်းနှင့်အတူ အစိုးရအတွင်း အရပ်သားများ တိုးမြှင့်ခန့်ထားခြင်းနှင့် စစ်ရေးတိုးချဲ့ခြင်းများ ဖြစ်ပေါ်လာခဲ့သည်။ အခြားတစ်ဖက်တွင် KNU သည် ၎င်းတို့၏ အရပ်သားလုပ်ငန်းများကို နေရာဒေသအတော်များများ၌ လုပ်ကိုင်ခွင့် ရရှိလာခဲ့ပြီး အရှိန်အဟုန်ဖြင့်တိုးတက်နေသော စီးပွားရေးကဏ္ဍတွင်လည်း ပိုမိုပါဝင်လာနိုင်ခဲ့သည်။ ယေဘုယျအားဖြင့် ပြည်သူများ၏ လုံခြုံရေးအခြေအနေများ ကောင်းမွန်လာသော်လည်း အာဏာပိုင်အမျိုးမျိုး အုပ်ချုပ်သည့်ဒဏ်နှင့် စီးပွားရေးလုပ်ငန်းများ တိုးပွားလာပြီး မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု ပိုမိုများပြားလာသည့် ဒဏ်များကိုလည်း ခံစားနေရ သည်။

### ထိန်းချုပ်မှုကို ဖော်ပြပုံ

မည်သည့် လက်ရှိ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွင်မျှ ပိုင်နက်ခွဲဝေမှုကို ရှင်းရှင်းလင်းလင်း သတ်မှတ်ထားခြင်း မရှိပေ။ NCA တွင် ဖော်ပြထားသော "အပစ်အခတ်ရပ်စဲထားသည့်ဒေသ" ဟူသောအသုံးအနှုန်းကိုလည်း ကောင်းစွာအဓိပ္ပာယ်ဖွင့်ဆိုထားခြင်း မရှိပေ။[113] ထို့ကြောင့် အဖွဲ့အမျိုးမျိုး၏ လုပ်ပိုင်ခွင့်အာဏာများမှာ မည်သူက မည်သည့်ဒေသ၊ မည်သည့်လူထုများအပေါ် ထိန်းချုပ်နိုင်မှုရှိသည်ဟု ခွဲခြားထားခြင်းမရှိဘဲ ထပ်လျက်ရှိသည်။ KNU၊ အစိုးရနှင့် အခြားလက်နက်ကိုင်အဖွဲ့များသည် ၎င်းတို့၏ အာဏာကို ပုံစံနှစ်မျိုးဖြင့် ပြသကြသည်။ -

#### ၁။ စစ်ရေးအဟန့်အတားများ

မိမိပိုင်နက်သို့ဝင်ရောက်လာသော လက်နက်ကိုင်အဖွဲ့အစည်းမှန်သမျှကို သိသိသာသာဖြစ်စေ၊ မသိမသာဖြစ်စေ ခြိမ်းခြောက်မှုပုံစံမျိုးများဖြင့် စစ်ရေးအဟန့်အတားများ ပြုလုပ်သည်။ နေရာအတော်များများတွင် တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အခြား လက်နက်ကိုင်အဖွဲ့များက ၎င်းတို့၏ ဟန့်တားမှုပုံစံများဖြင့် "လှုပ်ရှားရာနေရာများ" ကို သဘောတူညီမှု ရယူနိုင်ကြသည်။ ထိုသို့ရယူရာတွင် မည်သည့်အဖွဲ့များက လက်နက်ကိုင်ဆောင်ပြီး သို့မဟုတ် လက်နက်မကိုင်ဆောင်ဘဲ ဝင်ရောက်ခွင့်ရှိသည်ဟူသည့် သဘောတူညီမှုများ ပါဝင်သည်။[114] အခြားနေရာများတွင် ဆန့်ကျင်ဘက် လက်နက်ကိုင်အဖွဲ့အစည်းများက တစ်ဖွဲ့နှင့်တစ်ဖွဲ့ နီးကပ်စွာ စစ်စခန်းချခြင်း၊ ကင်းလှည့် ခြင်းများ ပြုလုပ်ကြသဖြင့် ထိတွေ့တိုက်ပွဲဖြစ်ပွားနိုင်သည့် အနေအထား ပိုမိုများပြားသည်။

#### ၂။ ရပ်ရွာခေါင်းဆောင်များနှင့် ဆက်ဆံရေးတည်ဆောက်ခြင်း

ကျေးရွာအဆင့်ခေါင်းဆောင်များ၊ သြဇာအာဏာသက်ရောက်သူများနှင့် ဆက်ဆံရေးများ တည်ဆောက်ထားခြင်းဖြင့်လည်း ထိုဒေသမှ လူထု များက အခြားပြိုင်ဘက်အဖွဲ့အစည်းများထက် မိမိအဖွဲ့နှင့် ပိုမိုပူးပေါင်းလာအောင် ဆောင်ရွက်ကြသည်။ ထိုနည်းလမ်းက တစ်ဖွဲ့တည်းသီးသန့် နယ်မြေအတွင်း ဝင်ရောက်ဖြတ်သန်းခွင့် မပေးနိုင်သော်လည်း လုပ်ငန်းဆောင်ရွက်ရာနှင့် မိမိတို့၏ အကျိုးစီးပွားများကို ကာကွယ်ရာတွင် ပိုမို လွယ်ကူစေသည်။ ထိုသို့ ဒေသခံလူထုအပေါ် လွှမ်းမိုးမှုရှိအောင် ဆောင်ရွက်ရန် အစိုးရနှင့် KNU နှစ်ဖွဲ့စလုံးတွင် ရည်မှန်းချက်ရှိသည်။ အကြောင်းမှာ အစိုးရအနေဖြင့် ၎င်း၏ ပုံမှန်အုပ်ချုပ်မှုအောက်တွင် ပြည်သူတစ်ရပ်လုံးကို စုစည်းအုပ်ချုပ်လိုခြင်းဖြစ်ပြီး KNU ကမူ ကရင် အမျိုးသားတစ်ရပ်လုံးကို ၎င်းတို့ ကိုယ်ပိုင်အုပ်ချုပ်မှုအောက်တွင် ရှိစေလိုခြင်းဖြစ်သည်။ ပြည်သူ့ကိုယ်စားပြုသည့် အာဏာပိုင်အဖြစ် တရားဝင် အသိအမှတ်ပြုခံရန်အတွက် ပြည်သူများကို အုပ်ချုပ်နိုင်ကြောင်း ပြသရန်မှာ အရေးကြီးသည့်အချက်ဖြစ်သည်။ အဖွဲ့များစွာမှ တပ်များ လှုပ်ရှား သွားလာနေသည့် ဒေသများရှိသော်လည်း ထိုအထဲမှတစ်ဖွဲ့သည့် အခြားအဖွဲ့များထက် ဒေသခံပြည်သူများနှင့် ပိုမိုနီးကပ်မှုရှိလေ့ရှိသည်။ EAO များမှ တပ်များချထားခြင်းမရှိသော်လည်း ထိုကဲ့သို့သော ဆက်ဆံရေးများမှတစ်ဆင့် လွှမ်းမိုးနိုင်သည့် ဒေသများပင်ရှိသည်။

ရပ်ရွာအတော်များများသည် အာဏာပိုင်မျိုးစုံဖြင့် ဆက်ဆံရေးများ တည်ဆောက်ထားကြသော်လည်း သီးသန့်အာဏာပိုင်များအောက်ရှိ ရွာများ လည်း ရှိကြသည်။ ပဋိပက္ခအနေအထားများက အုပ်ချုပ်ရေးအပိုင်းသို့ အတိုင်းအတာတစ်ခုအထိ သက်ရောက်မှုများရှိသည်။ အောက်အပိုင်းငယ်

[113] NCA ဖြည့်စွက်ချက်တွင် ထပ်လောင်းရှင်းလင်းချက်များလိုအပ်ကြောင်း "အပစ်အခတ်ရပ်စဲထားသောဒေသများ" ဟူသည့် အသုံးအနှုန်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ကို ဆွေးနွေးရန်နှင့် ပြန်လည်သုံးသပ်ရန်သဘောတူပါသည်"ဟု ဖော်ပြထားသည်။

[114] NCA ပူးတွဲစောင့်ကြည့်ရေးကော်မတီက ထိုသဘောတူညီမှုများကို အသိအမှတ်ပြုနိုင်ရန်ကြိုးပမ်းမှုများရှိသော်လည်း ရှင်းလင်းစွာ ဖော်ပြသတ်မှတ်နိုင်ခြင်း မရှိ သေးပေ။

များတွင် ဖော်ပြထားသကဲ့သို့ ကျေးရွာအဆင့်တွင် ဩဇာလွှမ်းမိုးမှုရရှိရန် အစိုးရနှင့် KNU တို့၏ ဌာနပေါင်းစုံတို့ ယှဉ်ပြိုင်နေသည့်အနေအထား များလည်းရှိသည်။

## ဖွံ့ဖြိုးရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများမှတစ်ဆင့် အစိုးရ၏ အုပ်ချုပ်ရေး တိုးချဲ့ခြင်း

အစိုးရသည် ၂၀၁၂ ခုနှစ်ကတည်းက ၎င်း၏အုပ်ချုပ်ရေးယန္တရား ချဲ့ထွင်ခြင်း၊ မြေယာစီမံခန့်ခွဲမှုစနစ်၊ လူမှုဝန်ဆောင်မှုများ နှင့် တပ်မတော်နှင့်သာ ထိတွေ့ဆက်ဆံဖူးသည့် အပစ်အခတ်ရပ်စဲထားသော ဒေသများရှိ ပြည်သူများအတွက် ဖွံ့ဖြိုးရေးကိစ္စများတို့ကို အထူးအလေးထား ဆောင်ရွက်ခဲ့သည်။ အစိုးရသည် ထိုလုပ်ငန်းစဉ်များမှတစ်ဆင့် ရပ်ရွာ ခေါင်းဆောင်များနှင့် ဆက်ဆံရေးများ တည်ဆောက်ခဲ့ပြီး အပစ်အခတ်ရပ်စဲထားသည့် ဒေသများတွင် ထိန်းချုပ်မှုများ ပိုမိုရရှိလာခဲ့ကြသည်။

အစိုးရ၏ နယ်မြေချဲ့ထွင်မှုကို ရှေ့အပိုင်းတွင် ဖော်ပြခဲ့သည့် တပ်မတော်မှ နယ်မြေချဲ့ထွင်မှုလမ်းကြောင်းအတိုင်း လုပ်ဆောင်ခဲ့သည်။ အစိုးရသည် အရှေ့မှအနောက်သို့ ချဲ့ထွင်မည့်အစား ၎င်းတို့ အပြည့်အဝထိန်းချုပ်ထားသော်လည်း EAO ပိုင်နက်များဖြင့် ဝန်းရံနေသည့်နေရာများကို ဗဟိုပြုကာ ချဲ့ထွင်မှုများ ပြုလုပ်သည်။ ထိုဗဟိုချက်များတွင် အစိုးရလက်အောက်တွင် အချိန်ကြာမြင့်စွာတည်ရှိနေခဲ့သည့် ဖာပွန်၊ ကော့ကရိတ် စသည့်မြို့များနှင့် အသစ်ဖော်ထုတ်ထားသော "မြို့နယ်ခွဲမြို့များ" ပါဝင်သည်။ ထိုမြို့များက မြို့နယ်အတွင်းရှိ အဓိကမြို့များမှ အုပ်ချုပ်ရန် ခက်ခဲသော နေရာများအတွက် အုပ်ချုပ်ရေးဗဟိုချက်များအဖြစ် ဆောင်ရွက်သည်။[115]

ကရင်ပြည်နယ်တွင် မြို့နယ်ခွဲ ရှစ်ခု တည်ထောင်ထားပြီး ၎င်းတို့၏အမည်များကို ဇယား ၃ နှင့် အသေးစိတ်ကို နောက်ဆက်တွဲ ၂ တွင် ဖော်ပြထားပါသည်။ ထိုမြို့နယ်ခွဲများသည် အရွယ်အစားမတူညီကြသော်လည်း တပ်မတော်စခန်းများနှင့် နီးသောနေရာများတွင် ရှိသည့် အချက်ချင်းတော့ တူညီသည်။ အချို့မှာ အချိန်ကာလအတော်ကြာကတည်းက မြို့ပြဖြစ်နေပြီး အချို့မှာမြို့ပြ မကျတကျ ဖြစ်သည်။ အခြားမြို့နယ်ခွဲများမှာမူ ယခင်က ရွှေ့ပြောင်းရွာများ သို့မဟုတ် တပ်မတော်စခန်းအနီးတွင် နေထိုင်သော အိမ်အစုအဝေးများဖြစ်ကြသည်။ ထိုမြို့များနှင့် ရှိရင်းစွဲ အစိုးရမြို့များက အနီးအနားရှိ ကျေးလက်ဒေသများသို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ရန် အစိုးရဌာနများ ဖြန့်ကျက်ချထားပေးသည့် ဗဟိုချက်များအဖြစ် ဆောင်ရွက်ပေးသည်။[116] အစိုးရသည် ထိုသို့ပြုလုပ်ခြင်းဖြင့် SPDC ဝင်ရောက်ခဲ့ဖူးသော ဒေသများရှိ ရပ်ရွာလူထုအကြား ၎င်း၏ အုပ်ချုပ်ရေး အမြစ်ခိုင်စေခဲ့ကာ KNU နှင့် DKBA သာ ဝင်ရောက်ခဲ့ဖူးသော နေရာများတွင် ဆက်ဆံရေးအသစ် ထူထောင်နိုင်ခဲ့သည်။

ထိုလုပ်ငန်းအများစုကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) က ဦးဆောင်ခဲ့ပြီး အခွင့်သာသောနေရာတိုင်းတွင် ၎င်းဌာနက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ (VTAs) ခန့်ထားခဲ့သည်။ ထို VTA များသည် KNU အုပ်ချုပ်ရေးအောက်တွင် တာဝန်ထမ်းဆောင်ခဲ့သော ကျေးရွာအုပ်စု ဥက္ကဋ္ဌများနှင့် ပုံစံတူပင်ဖြစ်ပြီး အချို့အခြေအနေများတွင် တစ်ဦးတည်း ရာထူးနှစ်ခုလုံး ယူလေ့ရှိသည်။ KNU နှင့်အစိုးရအုပ်ချုပ်ရေး ရာထူးနှစ်ခုလုံး ယှဉ်တွဲတည်ရှိသည့် ကျေးရွာအုပ်စုများလည်း ရှိသည်။ လုပ်ထုံးလုပ်နည်းအရ တစ်နိုင်ငံလုံးရှိ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကို ဆယ်အိမ်ခေါင်းများထဲမှ သွယ်ဝိုက်သောနည်းဖြင့် ရွေးကောက်တင်မြှောက်ပြီး ရွေးကောက်ခံရသူများကို အုပ်ချုပ်ရေးသင်တန်းနှင့် လစဉ်ခံစားခွင့်များ ပေးသည်။ လက်တွေ့တွင် KNU အုပ်ချုပ်ရေးစနစ်အတွင်းမှ ရွေးကောက်ပွဲများကဲ့သို့ပင် ထိုရွေးကောက်ပွဲများကို ယှဉ်ပြိုင်သူ သိပ်မရှိဘဲ စိတ်ဝင်စားမှုနည်းပါသည်။ ၎င်းအုပ်ချုပ်ရေးမှူးများ၏ ကိုယ်စားပြုမှုမည်မျှ ရှိသည်ကိုသိရှိနိုင်ရန် သုတေသနထပ်မံပြုလုပ်ရန်လိုအပ်ပါသည်။ KHRGမှ တွေ့ဆုံမေးမြန်းခဲ့သော အမျိုးသမီးတစ်ဦး၏ပြောပြချက်အရ သူမ၏ဆန္ဒမပါဘဲ VTAအဖြစ် တာဝန်ယူရန် ခိုင်းစေခြင်းခံခဲ့ရသည်။[117]

ကျန်းမာရေးအဆောက်အဦသစ်များကိုလည်း ရံဖန်ရံခါတွင် ဆောက်လုပ်ပေးတတ်ပြီး KED/KSEAG မှ ထောက်ပံ့ပေးထားသော ကျောင်းများကိုလည်း ပညာရေးဝန်ကြီးဌာန စနစ်အောက်သို့ သွတ်သွင်းခဲ့သည်။[118] အစိုးရသည် ၎င်း၏ မြေယာစီမံခန့်ခွဲမှုစနစ်ကို အသုံးပြုကာ ၂၀၁၂ ခုနှစ် ဥပဒေအတိုင်း လယ်ယာမြေများကို မှတ်ပုံတင်စေခဲ့သည်။ ထိုဥပဒေအရ မှတ်ပုံတင်ပါက လုပ်ပိုင်ခွင့်ချပေးသော်လည်း အပြည့်အဝ ပိုင်ဆိုင်ခွင့် မပေးပေ။ ထို့အပြင် အချို့နေရများတွင် ရဲစခန်းများကို ပထမဦးဆုံးအကြိမ် တည်ဆောက်ခဲ့သော်လည်း ကျေးလက်နေရာအများစုတွင် မရှိသေး

---

[115] အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အခြားအစိုးရဌာနများက ထိုနေရာများကို "မြို့နယ်ခွဲများ" ဟုခေါ်ဆိုခဲ့ပြီး ၂၀၁၄ ခုနှစ် လူဦးရေနှင့် သန်းခေါင်စာရင်းတွင် ဖော်ပြထားသကဲ့သို့ ရှင်းလင်းစွာ နယ်နိမိတ်ရေးဆွဲထားသည်။ သို့သော် မြို့နယ်ခွဲဟူသော အသုံးအနှုန်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မပါရှိသည့်အတွက် အစိုးရက ၎င်းတို့ကို မြို့ဟုသာ ခေါ်ဝေါ်သည်။ ထိုမြို့များတွင် အစိုးရရုံးများလည်းရှိသည်။ လက်တွေ့တွင် ထိုမြို့နယ်ခွဲမြို့များသည် အနီးအနားဒေသများအတွက် အုပ်ချုပ်ရေးဗဟိုအဖြစ် ဆောင်ရွက်ပေးသည်။

[116] ထိုအခြေအနေသည် နယ်ချဲ့နိုင်ငံများ အသုံးပြုသည့် နည်းလမ်းနှင့် ဆင်တူသည်။ နယ်မြေသစ်များတွင် မြို့များထူထောင်ကာ ၎င်းမြို့များကို လမ်းများဖြင့် ဆက်သွယ်ပြီးနောက် အနီးအနားကျေးလက်ဒေသများသို့ အဆင့်ဆင့်ချဲ့ထွင်သွားခြင်းဖြစ်သည်။

[117] KHRG (2016), 26. မေးမြန်းမှုအပြည့်အစုံကို #34, http://khrg.org/sites/default/files/hshs_appendix_final_resize.pdf တွင် ဖတ်ရှုနိုင်ပါသည်။

[118] အသေးစိတ်သိရှိလိုပါက Jolliffe and Speers Mears (2016) တွင် ရှုပါ။

ပေ။ ထို "ဝန်ဆောင်မှုများ" ကြောင့် လက်တွေ့နှင့် နိုင်ငံရေးရှုပ်ထွေးမှုများကို အပိုင်း ၇ တွင် ဆွေးနွေးထားသည်။

တစ်ချိန်တည်းတွင် ဒေသတွင်းသို့ မြန်မာနိုင်ငံ အခြားအပိုင်းများနှင့် အိမ်နီးနားချင်းနိုင်ငံများမှ ကုမ္ပဏီများ ဝင်ရောက်လာကြသည်။ ထိုကုမ္ပဏီများသည် မတရားသောနည်းလမ်းများဖြင့် ရယူထားသော မြေယာများကို အသုံးပြုခြင်း သို့မဟုတ် ဒေသခံများပိုင်ဆိုင်သော မြေယာများကို မတရားရယူအသုံးပြုခြင်းများ လုပ်လေ့ရှိကြသည်။ ကုမ္ပဏီများသည် ဓလေ့ထုံးတမ်းအတိုင်း မြေအသုံးပြုမှုကို အသိအမှတ်မပြုသော ဥပဒေများကို အသုံးပြု၍လည်းကောင်း သို့မဟုတ် ဒေသအာဏာပိုင်များနှင့် ပူးပေါင်းကာ ဥပဒေပါ အသုံးပြုခွင့်၊ ပိုင်ဆိုင်ခွင့်များကို အသေအချာနားမလည်သည့် ဒေသခံများထံမှ မြေယာသိမ်းယူမှုများကိုလည်းကောင်း ပြုလုပ်သည်။[119]

## ကရင်ပြည်နယ်၏ မြို့နယ်ခွဲမြို့များ

မြို့နယ်ခွဲမြို့များအနီးတွင် အစိုးရလှုပ်ရှားမှုများ သိသိသာသာများပြားလာသည်။ ယခင်က ထိုနေရာများတွင် အစိုးရဝင်ရောက်မှု အကန့်အသတ်ဖြင့်သာ ရှိခဲ့သည်။ ၂၀၁၂ ခုနှစ်မှစကာ မြို့နယ်ခွဲမြို့ ကိုးခုလုံးတွင် ရဲစခန်းများ၊ အထက်တန်းကျောင်းများ၊ ကျေးလက်ဆေးပေးခန်းများ အပါအဝင် အစိုးရအဆောက်အအုံများ ဆောက်လုပ်ခဲ့သည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒေသအခေါ် မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးများဟုခေါ်သော မြို့နယ်ခွဲအဆင့် တာဝန်ရှိသူများကိုလည်း ခန့်ထားခဲ့သည်။ အထက်တန်း ဆရာ/မများအား ပညာရေးမှူးများအဖြစ် တာဝန်ထမ်းဆောင်စေခဲ့ကာ ထိုဒေသအတွင်းရှိ မူလတန်းကျောင်းများသို့ MoE ၏ အထောက်အပံ့များ ပေးစေခဲ့သည်။ ၎င်းတို့သည် မြို့နယ် ပညာရေးမှူးများ၏ ညွှန်ကြားမှုကို ခံယူရသည်။ အစိုးရသည် မြို့နယ်ခွဲများကို အခြားမြို့နယ်များ၊ ထိုင်းနိုင်ငံတို့နှင့် ဆက်စပ်ပေးသည့် လမ်းများကိုလည်း ဖောက်လုပ်ရန် အထူးဆောင်ရွက်ခဲ့သည်။

ထိုမြို့များ၏ သမိုင်းကြောင်းများမှာ မတူကြပေ။ အချို့သည် တောင်ကုန်းစခန်းငယ်များနှင့် ရွှေ့ပြောင်းရွာများအနေဖြင့် အစိုးရထိန်းချုပ်မှုအောက်တွင် ရှိနေခဲ့သည်မှာ ဆယ်စုနှစ်များစွာ ကြာမြင့်ပြီဖြစ်သော်လည်း အချို့မှာမူ ၁၉၉၀ ပြည့်နှစ်များ စစ်ဆင်ရေးကာလအတွင်းက KNU ထံမှ သိမ်းယူထားခဲ့ခြင်းဖြစ်သည်။ ထိုအထဲမှ ကမမောင်းနှင့် ဘုရားသုံးစုမြို့နယ်ခွတွင်သာ လူဦးရေ ၁၀,၀၀၀ ကျော် နေထိုင်ကာ အခြားမြို့နယ်မြို့ဖြစ်သော ရှမ်းရွာသစ်နှင့် စူကာလီတို့မှာ မြို့ပြလူဦးရေ ထောင်ဂဏန်းခန့်နေထိုင်သော စစ်စခန်းများဖြစ်ကြသည်။ တစ်ချိန်တည်းတွင် ထိုမြို့များအနီးတစ်ဝိုက်၌ လူထောင်ပေါင်းများစွာ နေထိုင်ကြပြီး ထိုနေရာများသည် တိုင်းရင်းသားလက်နက်ကိုင်များ ထိန်းချုပ်မှု သို့မဟုတ် အာဏာပိုင်အမျိုးမျိုး ရောထွေးထိန်းချုပ်မှုအောက်တွင် ရှိကြသည်။ အစိုးရလက်အောက်သို့ စတင်ရောက်ရှိလာသောအချိန် အပါအဝင် မြို့အသီးသီး၏ အဓိကဝိသေသများကို အောက်ပါဇယား ၃ တွင် ဖော်ပြထားသည်။ အသေးစိတ်အချက်အလက်များကိုမူ နောက်ဆက်တွဲ ၂ တွင် ဖတ်ရှုနိုင်ပါသည်။ ထိုမြို့အများစုကို ဒေသအခေါ်အဝေါ် ကရင်ဘာသာဖြင့် သိရှိကြသော်လည်း ပြီးခဲ့သည့်နှစ်များအတွင်းက ၎င်းတို့၏ မြန်မာနာမည်များနှင့် ဆိုင်းဘုတ်များ ပြုလုပ် ထားသည်ကို တွေ့ရှိရသည်။

### ဇယား ၃ - အစိုးရမှသတ်မှတ်ထားသော ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ခွဲမြို့ကိုးခု၏ အချက်အလက်များ

| မြန်မာအစိုးရ အခေါ်အဝေါ် | KNU အခေါ်အဝေါ် | ကရင်အမည် | စုစုပေါင်း လူဦးရေ | မြို့ပြ လူဦးရေ | အစိုးရ လက်အောက် စတင် ရောက်ရှိ သည့်နှစ် | အစိုးရ၏ အထူး အုပ်ချုပ်ရေး အောက် ရောက်ရှိ သည့် နှစ် | လက်ရှိ အစိုးရမှ ထောက်ခံ ထားသည့် ပြည်သူ့စစ် |
|---|---|---|---|---|---|---|---|
| လိပ်သိုမြို့၊ သံတောင်ကြီး မြို့နယ် | ဒေါ်ဘားခို မြို့နယ်၊ တော်ဦးခရိုင် | – | ၄၈၆၀၆ | ၃၀၉၃ | Ca. ၁၉၇၀ | ၁၉၉၈ နောက်ပိုင်း | သံတောင် ပြည်သူ့စစ် |

[119] KHRG (2012a), KHRG (2015), KHRG (2016)

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဘောဂလိမြို့၊ သံတောင်ကြီး မြို့နယ် | ထော်တထူး မြို့နယ်၊ တော်ဦးခရိုင် | ကလဲလာ | ၁၇၂၃၇ | ၁၉၉၉ | ၁၉၇၉ | ၂၀၁၁ | မရှိ |
| ကမမောင်းမြို့၊ ဖာပွန်မြို့နယ် | ဒွေးလိုမြို့နယ်၊ မူးတရောခရိုင် | – | ၂၀၈၉၅ | ၁၃၉၉၂ | ၁၉၅၀ စုနှစ်များ | ၁၉၉၅ နောက်ပိုင်း | BGFs #၁၀၁၃ နှင့် #၁၀၁၄ (ယခင် DKBA) |
| ရှမ်းရွာသစ်မြို့၊ လှိုင်းဘွဲ့မြို့နယ် | လုဖလဲမြို့နယ်၊ ဘားအံခရိုင် | ကလော် ကေတီး | ၂၁၇၃၅ | ၅၃၁ | Ca. ၁၉၉၅ | ၂၀၁၂ | BGFs မျိုးစုံ စခန်းများ (ယခင် DKBA) |
| ပိုင်ကျုံမြို့၊ လှိုင်းဘွဲ့မြို့နယ် | တာကရဲမြို့နယ်၊ ဘားအံခရိုင် | တာကရဲ | ၈၈၆၀၄ | ၄၀၇၄ | နောက်ဆုံး ၁၉၉၇-၁၉၆၀ နှစ်များ တည်းက တပ်မတော် ဝင်ထွက်မှုရှိ) | ၂၀၀၀ စုနှစ်များ အစောပိုင်း | BGF #၁၀၁၅ (ယခင် DKBA) |
| ကျိုက်ဒုံးမြို့၊ ကြာအင်း ဆိပ်ကြီး မြို့နယ် | ကော်တီရီး မြို့နယ်၊ ဒူးပလာယာ ခရိုင် | – | ၅၇၉၃၈ | ၃၅၁၅ | ၁၉၉၇ (သို့သော် ခေတ္တ သိမ်းပိုက် ခံရဖူး) | ၂၀၀၀ စုနှစ်များ | BGF #၁၀၂၃ (ယခင် KPF) |
| ဝေါလေမြိုင်၊ မြဝတီမြို့နယ် | ကော်တီရီး မြို့နယ်၊ ဒူးပလာယာခရိုင် | ဝါးလေ (စာလုံးပေါင်း အမျိုးမျိုးရှိ) | ၉၂၁၃ | ၃၀၈၃ | ၁၉၉၀ (၁၉၉၅-၂၀၁၀ DKBA လက်အောက်) | ၂၀၁၂ | မရှိ |
| စူကာလီမြို့၊ မြဝတီမြို့နယ် | ကော်တီရီး မြို့နယ်၊ ဒူးပလာယာ ခရိုင် | ချူးဂလီ | ၅၇၀၃ | ၃၄၂ | ၁၉၉၇ | ၂၀၁၂ | အမည်မသိ BGF(s) စခန်းများ အနီးအနား တွင်ရှိ |
| ဘုရား သုံးဆူမြို့၊ ကြာအင်း ဆိပ်ကြီး မြို့နယ် | နီးတီကော မြို့နယ်၊ ဒူးပလာယာ ခရိုင် | – | ၉၀၄၈၄ | ၂၇၃၁၁ | ၁၉၉၀ | ၁၉၉၀ ပြည့်နှစ်များ နှောင်းပိုင်း | အမည်မသိ BGF(s) စခန်းများ အနီးအနား တွင်ရှိ |

ကရင်ပြည်နယ်အတွင်း အသုံးပြုသော နိုင်ငံတကာအထောက်အပံ့များ၏ ဝေစုအတော်များများသည် ထိုမြို့နယ်ခွဲမြို့ ကိုးခုအတွက် အသုံးပြု

သည်။[120] ထိုမြို့များ၊ အထူးသဖြင့် လက်နက်ကိုင်အဖွဲ့များ အကူအညီဖြင့် အစိုးရလက်အောက်သို့ သိမ်းပိုက်ထားသော ပိုင်ကျုံနှင့် လိပ်သိုမြို့နယ် အနီးတွင် စီမံကိန်း ရာပေါင်းများစွာရှိသည်။ လူဦးရေ ၅၃၁ ဦးသာရှိသော ရှမ်းရွာသစ် "မြို့" သည် ၂၀၁၀ ပြည့်နှစ်ခန့်အထိ မြေပုံများထဲတွင် ပါရှိခြင်း မရှိသေးဘဲ အငြင်းပွားလျက်ရှိနေသေးသော နေရာများတွင်မူ လူဦးရေ ၂၀,၀၀၀ ခန့် နေထိုင်သည်။ ၎င်းမြို့အနီးတစ်ဝိုက်တွင်လည်း လူသားချင်း စာနာမှုနှင့် ဖွံ့ဖြိုးမှုစီမံကိန်း ၂၀၀ နီးပါးရှိသည်။

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းအတွက် ချမှတ်ထားသော ဖွံ့ဖြိုးရေးအစီအစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် မြို့နယ်ခွဲမြို့များအတွက် အထူး ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရန် Japanese International Cooperation Association (JICA) က ကြံရွယ်ထားပြီး ပိုင်ကျုံ၊ ရှမ်းရွာသစ်၊ ဝေါလေမြိုင်နှင့် စူကာလီတို့ကို ကနဦးအနေဖြင့် ရွေးချယ်ထားသည်။ ဘုရားသုံးဆူအပါအဝင် ထိုမြို့နယ်ခွဲ လေးခု တို့မှာ အစိုးရက IDP များနှင့် စစ်ဘေးရှောင်ပြည်သူများကို ထားရှိရန် အဓိကရည်ရွယ်ထားသော နေရာများ ဖြစ်ကြသည့်အတွက် စစ်ဘေးရှောင်စခန်းများတွင် အခြေချသော ရပ်ရွာအခြေပြု အဖွဲ့အစည်းများအကြား မကျေနပ်မှုများ ပေါ်ပေါက်လာခဲ့သည်။ အစိုးရသည် မည်သူနှင့်မျှတိုင်ပင်ခြင်းမရှိ တစ်ဦးတည်း သဘောဖြင့် လုံခြုံမှုမရှိသေးသော အစိုးရနှင့် DKBA ထိန်းချုပ်မှုအောက်ရှိ နေရာများသို့ ပြောင်းရွှေ့ပေးရန် စီစဉ်ခြင်းအတွက် ထိုအဖွဲ့အစည်းများ ၏ ဝေဖန်မှုကို ခံရသည်။[121]

၁၉၉၇ ခုနှစ်တွင် သိမ်းပိုက်ခဲ့ပြီး "မြို့ပြ" လူဦးရေ ၃၄၂ ဦးသာရှိသော စူကာလီ "မြို့" အနီးမှ ကျေးရွာခေါင်းဆောင်တစ်ဦးက ဖွံ့ဖြိုးရေးလုပ်ငန်း အသစ်များနှင့် ပတ်သက်ပြီး အယုံအကြည်ကင်းမဲ့ကြောင်းနှင့် အစိုးရထိန်းချုပ်မှုနှင့် မြန်မာနိုင်ငံအခြားဒေသ များမှ လူများ ပြောင်းရွှေ့လာခြင်းနှင့် ပတ်သက်ကာ စိုးရိမ်မိကြောင်း ဆိုသည်။ ၎င်းပြောဆိုခဲ့သောအကြောင်းအရာများ မည်မျှ မှန်ကန်သည်ကို ဆန်းစစ်ခြင်းမပြုနိုင်သော်လည်း ထို အဆောက်အဦများ ဆောက်လုပ်နေခြင်းအပေါ် ဒေသခံလူထုများက မည်သို့မြင်သည်ကို ပြောပြသည်။ -

> *အဲဒီမှာအိမ်ထောင်စု ၄၃ စုပဲရှိတယ်။ အဲဒီဘေးပတ်လည်က ရွာ ၁၃ ရွာကို KNU က အပြည့်အဝထိန်းချုပ်ထားတာ။ သူတို့က အစိုးရ အဆောက်အဦတွေဆောက်ပြီး ကျွန်တော်တို့ကို သူတို့ပညာရေးစနစ်အောက်ကို လာစေချင်တာ။ အစိုးရက ကျွန်တော်တို့ကို ယဉ်လာအောင်လုပ်နေတာ... နောက်ပိုင်းကျရင် ဒီနားမှာ လူဦးရေတွေတိုးလာမှာဆိုတော့ ကျွန်တော်တို့အနာဂတ်အတွက် စိုးရိမ်တယ်။ နောက်ထပ် ဗမာတွေလာဦးမယ် ထင်တယ်။... အခုတောင် နည်းနည်းရှိတယ်။ ဒါပေမယ့်သူတို့က အစိုးရနဲ့ စစ်တပ်ကလူတွေရဲ့ မိသားစု တွေ ထင်တယ်။*

မြို့နယ်ခွဲများသည် ဒေသအဆင့် အုပ်ချုပ်ရေးအနေအထားများကို ရှုပ်ထွေးစေသဖြင့် EAO များကြားထဲတွင်လည်း ပဋိပက္ခများနှင့် တွေဝေ အငြင်းပွားစရာများ ဖြစ်လာခဲ့သည်။ တပ်မတော်မှ အင်အားသာမှုနှင့် အပစ်အခတ်ရပ်စဲထားမှုကြောင့် EAO များသည် ဖွံ့ဖြိုးရေးအစီအစဉ်များကို မနှောင့်ယှက်နိုင်ခြင်းတို့ကြောင့် ဘောဂလီ၊ ဝေါလေမြိုင်နှင့် စူကာလီတို့သို့ အစိုးရ ဝင်ရောက်နိုင်ခြင်းဖြစ်သည်။ ဘောဂလီနားတွင် တာဝန်ကျ သော KNLA တပ်ရင်းမှူးတစ်ဦးက "သူတို့က သူတို့အုပ်ချုပ်ရေးအောက် ထည့်ချင်နေတာ [ပြီးတော့ ရဲစခန်းဆောက်ချင်နေတာ] ကြာပြီ။ ဒါပေမယ့် [အပစ်အခတ်ရပ်စဲရေး မတိုင်ခင်က] လုပ်လို့မရခဲ့ဘူး... တကယ့်အုပ်ချုပ်ရေးရောက်လာတာ ၂၀၁၁ ခုနှစ်မှ.... [အဲဒီမတိုင်ခင်ကမရဘူး] KNLA ကဝင်လာတာနဲ့ တိုက်မှာကိုး။ အခုဟာက အပစ်အခတ်ရပ်စဲရေးရှိလို့ သူတို့ ဒီလိုလုပ်လို့ရတာ။"[122]

မူးတရောခရိုင်အုပ်ချုပ်ရေးမှ KNU အရာရှိများက ၎င်းတို့ခရိုင်နယ်နိမိတ်အတွင်း မြို့နယ်ခွဲမြို့နှစ်ခု ထပ်မံတည်ထားခွင့်ပြုရန် အစိုးရက တောင်းဆိုခဲ့သည်ဟု ဆိုသည်။ ထိုနှစ်ခုထဲမှ တစ်ခုမှာ ရွှေထွက်ရှိရာဒေသဖြစ်သော ဒွေးလိုမြို့နယ်တောင်ဘက်ပိုင်းရှိ မယ်ဝေးဖြစ်ပြီး နှစ်ပေါင်း

[120] Myanmar Information Management Unit (MIMU) မှ မှတ်တမ်းတင်ထားသော ၂၀၁၅ ခုနှစ် နိုဝင်ဘာလအထိ ကရင်ပြည်နယ်အတွင်း လုပ်ကိုင်လျက်ရှိသော စီမံကိန်း ၈၁၄၂ ခုအနက်မှ ၁၆၁၉ ခု (၁၉.၈၈%)သည် မြို့နယ်ခွဲဒေသများတွင် ဖြစ်သည်ဟုဆိုသည်။ MIMU အင်တာနက်စာမျက်နှာတွင်ကြည့်ပါ။ http://www.themimu.info/sites/themimu.info/files/documents/3WData_Kayin_AllSectors_AllOrgs_05Nov2015_Revised.zip

သို့သော် ထိုအထဲတွင် KNUနှင့် ၎င်း၏ဆက်စပ်အဖွဲ့အစည်းများ တာဝန်ယူသောစီမံကိန်းများလည်းပါဝင်သည်။ MIMU မှ ထုတ်ဝေသော နောက်ဆုံး သတင်းအချက်အလက်များတွင် မြို့နယ်ခွဲများကို ဖော်ပြထားခြင်း မရှိသေးပါ။ အစိုးရက ထိုအသုံးအနှုန်းကို တိုက်ရိုက်အသုံးမပြုတော့ခြင်းကြောင့် ဖြစ်နိုင်သလို အချို့ စီမံကိန်းများသည်လည်း အကောင်အထည်ဖော်ဆဲ အဆင့်တွင်ပင်ရှိသေးသောကြောင့် ဖြစ်နိုင်သည်။ ဂျူလို(ဗ်) ၂၀၁၅, အာရှဖောင်ဒေးရှင်းမှ ပြည်နယ်မှ အကူအညီ"အမြောက်အမြား"ကိုမြို့နယ်ခွဲများသို့ ရောက်ရှိသည်ဟု မမှန်ကန်စွာဖော်ပြခဲ့သည်။ ထိုအချိန်တွင်ရှိသည့် လက်လှမ်းမှီသော သတင်းအချက်များကိုသာ ကိုးကားဖော်ပြရခြင်းကြောင့်ပင် ဖြစ်သည်။

[121] Karen Peace Support Network (2014). Burma Partnership နှင့် Karen Women's Organization တို့ ပူးပေါင်းရိုက်ကူးသော Timothy Syrota ၏ Nothing About Us, Without Us, documentary film, 18:40, December 19, 2012, ကိုကြည့်ပါ။ https://karenwomen.org/2012/12/19/nothing-about-us-without-us-video-on-refugee-return-with-kwo-secretary-dah-eh-kler/ တွင် တွေ့နိုင်ပါသည်။

[122] KNLA တပ်မဟာ ၂ မှ တပ်ရင်းမှူးနှစ်ယောက်နှင့် တွေ့ဆုံမေးမြန်းချက် (November 2015). ၁၉၇၀ ခုနှစ်များကတည်းက ထိုဒေသများတွင် တပ်မတော်သည် KNLA ထက် ပိုမိုအင်အားတောင့်တင်းခဲ့ကြောင်း သတိထားသင့်ပါသည်။ တပ်မတော်သည် ထိုနေရာတွင် ၂၀၀၀ ခုနှစ်များ အစောပိုင်းကတည်းက PDC ကို တည်ထောင်ခဲ့သည်။ မည်သို့ပင်ဆိုကာမူ KNLA မှဖြေကြားသူများက အစိုးရသည် တောင်ငူလမ်းနှင့် ၁၃ မိုင်ဝေးသော ကျေးရွာအထိသာ ကန့်သတ်သွားလာနိုင်ပြီး ဘောဂလီမြို့အား အသေအချာ တည်ထောင်ခြင်း မပြုနိုင်ခဲ့ဟု ဆိုသည်။

များစွာ တပ်မတော်စခန်းချခဲ့သော နေရာလည်းဖြစ်သည်။[123] သို့သော် KNU က ခွင့်ပြုမပေးခဲ့သလို အစိုးရသည်လည်း မိမိသဘောဖြင့် အကောင်အထည်ဖော်ရန် အင်အားမရှိပုံပေါ်သည်။

မြို့နယ်ခွဲများနှင့် တိုက်ရိုက်ဆက်စပ်မှုမရှိသော်လည်း ၂၀၁၆ ခုနှစ် စက်တင်ဘာက ရှမ်းရွာသစ်အနီးအနားတစ်ဝိုက်တွင် တပ်မတော်၊ နယ်ခြားစောင့် တပ်ဖွဲ့အချို့၏ ပူးပေါင်းစစ်ဆင်ရေးကို DKBA ခွဲထွက်အဖွဲ့တစ်ခုမှ ခုခံရင်း တိုက်ပွဲအကြီးအကျယ် ဖြစ်ပွားခဲ့သည်။ အစိုးရမှလမ်းအသစ်များအားလုံးနှင့် ဟက်ကြီးဆည် ဆောက်လုပ်ရေးနေရာတို့ကို စုစည်းထိန်းချုပ်လိုခြင်း၊ ဒေသအဆင့် ပြိုင်ဆိုင်များနှင့် DKBA ခွဲထွက်အဖွဲ့၏ တရားမဝင် အခွန်ကောက်ခံမှုနှင့် ပတ်သက်သော အငြင်းပွားမှုများကြောင့် တိုက်ပွဲဖြစ်ပွားရခြင်းဖြစ်သည်။

## တပ်မတော် စစ်တန်းလျားသို့ ပြန်ပြီလား

၂၀၁၂ ခုနှစ်ကတည်းက အပစ်အခတ်ရပ်စဲထားသောဒေသများတွင် တပ်မတော်သားများနှင့် အရပ်သားများအကြား ထိတွေ့ဆက်ဆံမှု သိသိသာသာ လျော့ကျလာသည်။ ထိုအခြင်းအရာက ဒေသခံလူထုများ ကြုံတွေ့နေရသည့် လုံခြုံရေးအခြေအနေများ ယေဘုယျအားဖြင့် ကောင်းမွန်လာစေသော်လည်း အစိုးရလုံခြုံရေးတပ်များ၏ အလွဲသုံးစားပြုမှုများကတော့ ရံဖန်ရံခါ ရှိနေဆဲဖြစ်သည်။ အရပ်သားများနှင့်ပတ်သက်၍ တပ်မတော်၏ ဆက်ဆံရေး တိုးတက်ကောင်းမွန်လာသော်လည်း အပစ်အခတ်ရပ်စဲထားသော ဒေသများတွင် စစ်ရေးတိုးချဲ့ခြင်းများ ဆက်လက်လုပ်ဆောင်ခဲ့သည်။ တစ်ချိန်တည်းတွင် အုပ်ချုပ်ရေးကိစ္စအများစုကို အရပ်သားဌာနများသို့ လွှဲပြောင်းပေးခဲ့သော်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို စစ်တပ်ထိန်းချုပ်မှုအောက်တွင် ဆက်လက်ထားရှိခဲ့သည်။ ယင်းဌာနတွင် စစ်တပ်အရာရှိဟောင်းများအပါအဝင် ဗမာအမျိုးသားများကို အများဆုံးခန့်ထားပြီး အာဏာအရှိဆုံး ဌာနတစ်ခုအဖြစ် ဆက်လက်ရပ်တည်နေခဲ့သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို မပြဋ္ဌာန်းမီ ၂၀၁၁ ခုနှစ်အထိ အုပ်ချုပ်ရေးကဏ္ဍအားလုံးတွင် တပ်မတော်သည် အချုပ်ဖြစ်ပြီး တိုင်းရင်းသား လက်နက်ကိုင်များနှင့် တိုက်ပွဲများဖြစ်ပွားနေသောဒေသများ၌ အထူးကြီးစိုးချုပ်ကိုင်ခဲ့သည်။ ယခုအခါတွင် အုပ်ချုပ်ရေးတာဝန်များကိုတရားဝင်အစိုးရဌာနများသို့လွှဲပြောင်းပေးခဲ့သောကြောင့် ဒေသခံလူထုများနှင့်အစိုးရဆက်ဆံရေးတွင် သိသာသောအကျိုးသက်ရောက်မှုများ ဖြစ်ထွန်းခဲ့သည်။ ဒေါနအရှေ့ပိုင်းဒေသရှိ တပ်မတော်ကွပ်ကဲမှုဌာနအနီးတွင် တည်ရှိသော ကျေးရွာမှ ခေါင်းဆောင်တစ်ဦးက ယခုကဲ့သို့ပြောပြသည်။

> *KKO/DKBA နဲ့ KNU တင်မကဘူး အစိုးရစစ်သားတွေနဲ့ပါ [ကျွန်တော်တို့ရပ်ရွာနဲ့ဆက်ဆံရေး] အခု တော်တော်ကောင်းသွားတယ်။ တပ်မတော်က ရာထူးကြီးတဲ့သူတွေတောင်မှ ကျွန်တော်တို့ရွာထဲမှာ လက်နက်ကိုင်ဆောင်ခွင့် မရှိဘူး။ တပ်မတော်က ရွာထဲ ဝင်ဝင်ရှာလေ့ရှိတယ်၊ ကျွန်တော်တို့ ခရီးသွားမယ်ဆိုလဲ သူတို့ကိုကြိုပြီးအကြောင်းကြားတယ်။ ဒါပေမယ့် အခု အဲဒါတွေ လုပ်စရာမလိုတော့ဘူး.... အရင်တုန်းကဆို နိုင်ငံခြားသားတွေကို လက်ခံထားလို့မရဘူး ဒါပေမယ့် ခုတော့ ရသွားပြီ။*

စူကာလီနှင့် ကျိုက်ဒုံးကြားရှိ လမ်းမပေါ်တွင်တည်ရှိသော ကျေးရွာတစ်ခုမှခေါင်းဆောင်က "ကျွန်တော်တို့ရွာက တပ်မတော်ဆောက်ထားတဲ့ လမ်းပေါ်မှာရှိပေမယ့် အခုသူတို့ကို မတွေ့ရတော့ဘူး။ သူတို့စခန်းထဲမှာပဲ သူတို့နေတော့တယ်... ဖြတ်သန်းသွားတာလောက်ပဲ ရှိတော့တယ်။ ကျွန်တော်တို့ မကြောက်တော့ဘူး။ အရင်ကဆို ကျွန်တော်တို့ကြက်တွေယူတယ်၊ အနှောင့်အယှက်ပေးတယ်။" တပ်မတော်က ဆေးများ၊ ဆန်များ ဝေခြင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေများ တိုက်ရိုက်ပေးအပ်ခြင်းများ ပြုလုပ်ကာ ဆက်ဆံရေးပိုမိုကောင်းမွန်အောင် ကြိုးစားလာသည်ဟု အခြားသူများကလည်းဆိုသည်။ သို့သော် နေရာအတော်များများမှ ဒေသခံလူထုများက ထိုလုပ်ရပ်များကို လျစ်လျူရှုခြင်း သို့မဟုတ် လိုလိုလားလားမရှိဘဲ လက်ခံခြင်းများ ပြုလုပ်ကြသည်။[124] ထိုဖြစ်ရပ်များသည် တပ်မတော်နှင့်၎င်းအရန်တပ်များ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ သိသိသာသာကျဆင်းသွားသည်ဆိုသော KHRG ၏ တွေ့ရှိချက်များနှင့်လည်း အများစုထပ်တူကျသည်။[125]

---

[123] အခြားတစ်နေရာကို သိရှိအောင် မလုပ်နိုင်ခဲ့ပါ။ မူးတရောမှ တာဝန်ရှိသူများ၏ အဆိုအရ ထိုနေရာကို "ပေါခို" ဟုခေါ်ပြီး အရှေ့တောင်တိုင်း စစ်ဌာနချုပ်အောက်မှ တပ်ရင်း တစ်ရင်း စခန်းချနေကြောင်း သိရသည်။ သို့သော် ထိုအကြောင်းအရာကိုလည်း အတည်ပြုနိုင်ခဲ့ခြင်း မရှိပါ။ လူသော်မြို့နယ်ကို ဖြတ်သွားသော ကျောက်ကြီးစောထလမ်းပေါ် ရှိ ပလာကို သို့မဟုတ် တော်ဦးခရိုင်နယ်စပ်နားရှိ ကေပု သို့မဟုတ် အခြားတစ်နေရာလည်းဖြစ်နိုင်ပါသည်။

[124] ဒေါနဒေသအရှေ့ပိုင်းနှင့် မူးတရောခရိုင်ရှိ အရပ်ဘက်အဖွဲ့များနှင့် ကျေးရွာခေါင်းဆောင်များအား တွေ့ဆုံမှု (၂၀၁၅)။ မူးတရောခရိုင်မှ ဖြေဆိုသူများ၏ အဆိုအရ တပ်မတော်သည် ပြည်သူများအား နှောင့်ယှက်တော့မည်မဟုတ်ကြောင်းနှင့် ထွက်ပြေးရန်မလိုတော့ကြောင်း ရေးသားထားသော စာနှင့်အတူ ဆန်အိတ်များကို လမ်းဘေးတွေ ပုံထားခဲ့ကြောင်း သိရသည်။

[125] KHRG (2013), KHRG (2014), KHRG (2016). ခရိုင်ခုနစ်ခုမှ နောက်ဆုံးအခြေအနေများကို သိရှိရန် KHRG ၏ အင်တာနက်စာမျက်နှာ http://khrg.org/reports/type/30 တွင် ကြည့်ရှုနိုင်ပါသည်။ NCA ကြောင့် အခြေအနေများ ပိုမိုတိုးတက်ကောင်းမွန်လာသည်ဟု အချို့ညွှန်းဆိုချက်များက ဆိုသည်။ KHRG အင်တာနက်စာမျက်နှာရှိ "Hpapun Situation Update: Dwe Lo Township, January to May 2016," ကို http://khrg.org/2016/09/16-61-s1/hpapun-situation-update-dwe-lo-township-january-may-2016 တွင်ကြည့်ပါ။

မည်သို့ပင်ဆိုစေကာမူ ရပ်ရွာများသည် တပ်မတော်၏ အထူးသဖြင့် နယ်ခြားစောင့်တပ်ဖွဲ့များ၏ မတရားဖိနှိပ်မှုဒဏ်များကို အတိုင်းအတာ တစ်ခုအထိ ခံနေရဆဲဖြစ်သည်။ မြေယာသိမ်းယူခြင်း၊ လက်နက်ကြီးလေ့ကျင့်ပစ်ခတ်ခြင်းကြောင့် ဖြစ်လာသော မတော်တဆမှုများဒဏ် ခံကြရပြီး အချို့တစ်ဦးတစ်ယောက်ချင်းမှ နှိပ်စက်ညှင်းပန်းမှုများကိုလည်း အပစ်ပေးဒဏ်ခတ်ခြင်း မရှိကြောင်းတွေ့ရသည်။[126] ထို့အပြင် မြို့နယ်နှင့် ခရိုင်အဆင့်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီး အုပ်ချုပ်ရေးမှူးများနှင့် အခြားဌာနများမှ အကြီးတန်းအရာရှိများသည် ဗမာအမျိုးသားများ သို့မဟုတ် တပ်မတော်အရာရှိဟောင်းများဖြစ်ကြပြီး ၎င်းတို့ကို စစ်ဘေးဒဏ်ခံခဲ့ရသော ကရင်လူထုများက အန္တရာယ်ပြုနိုင်သည့် ပြင်ပမှသူများဟု ရံဖန်ရံခါတွင် ထင်မြင်ကြသည်။

တပ်မတော်သည် အုပ်ချုပ်ရေးပိုင်းတွင် နောက်ဆုတ်ပေးခဲ့သော်လည်း ၎င်း၏ စစ်ရေးယန္တရား၊ အဆောက်အဦများကို သိသိသာသာ တိုးချဲ့ အားဖြည့်နေခဲ့ပြီး လိုအပ်ပါက တိုက်ပွဲဝင်ရန် အသင့်အနေအထားတွင် ဆက်လက်ရှိနေခဲ့သည်။ တပ်မတော်သည် ၂၀၁၂ ခုနှစ်မှစတင်ကာ မူးတာရောခရိုင်တွင် တပ်စခန်းသစ် အနည်းဆုံး တစ်ဆယ့်သုံးခုနှင့် တည်ဆောက်ခဲ့ပြီး ထိုဒေသအတွင်းရှိ အပစ်အခတ်ရပ်စဲမှုမတိုင်ခင် တည်ထားခဲ့သော တပ်စခန်းများသို့ ရဟတ်ယာဉ်များသယ်ယူလာကာ ၎င်းတို့၏ လေကြောင်းအင်အားကို တိုးမြှင့်ခဲ့သည်။ အခြားဒေသအများစုတွင် ၎င်းတို့၏ တပ်စခန်းများမှ ဆုတ်ခွာခဲ့ပြီး ပိုမိုကြီးမားသော အခြေစိုက်စခန်းများတွင် ပြန်လည်စုစည်းခဲ့သည်။ သို့သော် ထိုအခြေစိုက်စခန်း အများအပြားမှာ ရပ်ရွာများ အနီးနှင့် EAO များ အဓိကအုပ်ချုပ်သော ဒေသများထဲတွင် ပြန့်ကျဲတည်ရှိသည်။ တပ်များကို ပိုမိုပံ့မှန်အလှည့်ကျ ဖြည့်တင်းမှုများပြုလုပ်နိုင်ရန် ဝါးဖြင့်ဆောက်လုပ်ထားခဲ့သော ခံတပ်များကို ကွန်ကရစ်ဖြင့် အခိုင်အမာ ပြန်လည်ပြင်ဆင်ခဲ့ပြီး ၎င်းတို့ ဝင်ရောက်ဖူးခြင်းမရှိသည့် နေရာများတွင်လည်း ကင်းထောက်ခြင်းလုပ်ငန်းများ စတင်လုပ်ဆောင်လာခဲ့သည်။

KNLA ၏ စစ်ရေးနည်းဗျူဟာမှာ တပ်မတော်၏အနေအထားနှင့် လှုပ်ရှားမှုများကို နှောင့်ယှက်တိုက်ခိုက်ခြင်းနှင့် ကန့်သတ်ခြင်းများဖြစ်သည်။ တပ်မတော်၏ ထိုသို့ ရှေ့သို့ချီနေသည့်အနေအထားနှင့် အပစ်အခတ်ရပ်စဲမှုကြောင့် တပ်မတော်အတွက် မဟာဗျူဟာကျကျရရှိလာသော အကျိုးကျေးဇူးများက KNLA ၏ အပစ်အခတ်ရပ်စဲမှုအပေါ် ထားရှိသော ယုံကြည်မှုကို အထူးပျက်ပြားစေသည်။ KNLA သည် အချို့အနေအထားများတွင် အင်အားတိုးမြှင့်ခြင်းများ ပြုလုပ်နိုင်သော်လည်း ၎င်းတို့တွင် တပ်မတော်လောက် အရင်းအမြစ်များမရှိသလို လမ်းတံတားများ ဆောက်လုပ်ခြင်း၊ လေကြောင်းအသုံးပြုခြင်းများလည်း မပြုလုပ်နိုင်ပေ။ ထို့အတွက်ကြောင့် တိုက်ခိုက်မှုများမှ နားလိုက်ခြင်းက နည်းဗျူဟာသိပ်မကျပေ။ KNLA တပ်ရင်းမှူးများနှင့် အဖွဲ့လိုက်တွေ့ဆုံမေးမြန်းမှုများတွင် တပ်မတော်မှ ထိုသို့ရှေ့တိုးလုပ်ဆောင်နေမှုများသည် ၎င်းတို့အတွက် အဓိကအန္တရာယ်အဖြစ် သတ်မှတ်ထားကြောင်းနှင့် ၎င်းတို့ကို တပ်မတော်မှ ကြိုးကိုင်ရန် ကြိုးစားရာတွင် တွေ့ဆုံဆွေးနွေးမှုများက ထိရောက်မှုမရှိဟု ထင်မြင်ကြောင်း ဆိုကြသည်။ ထို့ကြောင့် NCA ပူးတွဲစောင့်ကြည့်ရေး ကော်မတီအနေဖြင့် နိုင်ငံရေးဆွေးနွေးမှုများ ရှေ့ဆက်လုပ်ဆောင်နေစဉ်အတွင်း လက်ရှိ KNU မှ ထိန်းချုပ်ထားသော နယ်မြေများကို ထိန်းသိမ်းထားနိုင်ခွင့် ဆောင်ကျဉ်းပေးရန် ဒေသအများအပြားက မျှော်လင့်နေကြသည်။

## KNU ၏ အရပ်ဘက်လုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်လာနိုင်ခြင်း

တစ်ချိန်တည်းတွင် ပဋိပက္ခများ လျော့နည်းသွားခြင်းနှင့် အခြားအာဏာပိုင်များနှင့် ဆက်ဆံရေးများ တိုးတက်ကောင်းမွန်လာခြင်းတို့ကြောင့် KNU ၏ အုပ်ချုပ်ရေးနှင့် အရပ်ဘက်လုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်သည်။ အထူးသဖြင့် KKO/DKBA က ၎င်းထိန်းချုပ်သော ဒေသများတွင် KNU အုပ်ချုပ်ရေးအဖွဲ့အစည်းများပြန်လည်တည်ထောင်ခွင့်ပြုခဲ့သည်။ ယခုအခါတွင် KNU သည်အရှေ့တောင်ပိုင်းဒေသအနှံ့တွင် ညီလာခံများနှင့် ကော်မတီအစည်းအဝေးများ ပြန်လည်ကျင်းပလာနိုင်ကာ KNLA ထိန်းချုပ်မှုကို ကန့်သတ်ထားသော နေရာများအပါအဝင် နေရာအနှံ့အပြားတွင် လူမှုဝန်ဆောင်မှုများကို ယခင်ကထက် ပိုမိုလွတ်လပ်စွာ ပေးလာနိုင်သည်။[127]

KED နှင့် KSEAG မှ ထောက်ပံ့ပေးသော ကျောင်းအရေအတွက်မှာ ၂၀၁၂ ခုနှစ်မှစတင်ကာ နှစ်တိုင်း တိုးပွားလာနေပြီး ထိုအဖွဲ့အစည်းများမှ ဝန်ထမ်းများကို အစိုးရနှင့် အရပ်ဘက် လက်နက်ကိုင် အာဏာပိုင်များက ၎င်းတို့ထိန်းချုပ်ရာ ဒေသများအတွင်းရှိ ရပ်ရွာလူထုများနှင့် ထိတွေ့ဆက်ဆံခွင့်များ ပိုမိုပေးထားခဲ့သည်။ ထိုရပ်ရွာများသည် KNU မှ ၁၉၉၀ ပြည့်နှစ်များ အလယ်ပိုင်းနှင့် နှောင်းပိုင်းအထိ ထိန်းချုပ်ခဲ့သော ရပ်ရွာများ ဖြစ်သည်။ ၂၀၁၂-၁၃ ပညာသင်နှစ်နှင့် ၂၀၁၅-၁၆ ပညာသင်နှစ်အတွင်း KSEAG ထံမှ အထောက်အပံ့ရရှိခဲ့သော ကျောင်းပေါင်း

[126] KHRG website, "Hpapun Interview: Saw A---, January 2015," August 11, 2015, http://khrg.org/2015/08/15-15-a2-i1/hpapun-interview-saw-january-2015 တွင်ကြည့်ပါ; "Dooplaya Photo Set: Tatmadaw conduct heavy weapons target practice in Win Yay Township, January 2015," June 5, 2015, http://khrg.org/2015/06/15-2-ps1/dooplaya-photo-set-tatmadaw-conduct-heavy-weapons-target-practice-win-yay-township တွင် ကြည့်ပါ။

[127] အချို့နေရာများတွင် KNU ၏ လှုပ်ရှားမှုများ အထူးသဖြင့် မကြာသေးမီနှစ်များအတွင်းကမှ ပြန်လည်ဝင်ရောက်ခွင့်ရှိသော ရပ်ရွာများတွင် အခွန်ကောက်ခံခြင်းကို ကန့်သတ်ခြင်းများ ရှိလာကြောင်း သတိချပ်စေချင်ပါသည်။

၁၃၅၆ မှ ၁၅၀၆ သို့ တိုးပွားလာခဲ့သည်။[128]

KDHW သည်လည်း အပစ်အခတ်ရပ်စဲမှုမှ အကျိုးကျေးဇူးများရရှိခဲ့သည်။ အဖွဲ့သည် ယခင်ထက် ပိုမိုပုံသေဆန်သော ကျေးရွာအုပ်စု ကျန်းမာရေး ဆေးပေးခန်းသစ်များကို တည်ထောင်နိုင်ခဲ့သည်။ သို့သော်လည်း ကျောပိုးအိတ်နှင့် ရပ်ရွာ ကျန်းမာရေးလုပ်သားများ၏ အခန်းကဏ္ဍမှာ အချို့ ဝေးလံခေါင်သီသောနေရာများတွင် အရေးပါနေဆဲဖြစ်သည်။ KNU နှင့် ပူးပေါင်းအလုပ်လုပ်ကိုင်လျက်ရှိသော ကျောပိုးအိတ် ကျန်းမာရေးအဖွဲ့မှ ဆေးမှူးတစ်ဦးက "[နယ်ခြားစောင့်တပ်ဖွဲ့တွေ ထိန်းချုပ်ထားတဲ့နေရာတွေမှာ] ကျွန်တော်တို့အလုပ်လုပ်ခွင့် အများကြီးပိုရသွားပြီ။မှတ်ပုံတင်တာတွေဘာတွေလဲလုပ်စရာမလိုဘူး။အခြေခံကျန်းမာရေးစောင့်ရှောက်မှုအကြောင်းကိုဒေသကတပ်မှူးတွေကိုပြောလိုက်ရင် သူတို့က ကျေးရွာခေါင်းဆောင်တွေနဲ့ တိုက်ရိုက်အလုပ်လုပ်ခွင့်ပေးတယ်။" ဟုပြောပြသည်။ KDHW ခေါင်းဆောင်များနှင့် ၂၀၁၆ ခုနှစ်တွင် တွေ့ဆုံခဲ့စဉ်က၊ ယခုအခါ ဌာနသည် နယ်ခြားစောင့်တပ်ဖွဲ့များနှင့် ဆက်စပ်နေသော အဖွဲ့များအပါအဝင် ကရင်လက်နက်ကိုင်အဖွဲ့များ အားလုံးနှင့် ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို တရားဝင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်နေပြီ ဖြစ်ကြောင်း ပြောပြသည်။

အထက်ဖော်ပြပါလုပ်ငန်းများနှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် နိုင်ငံတကာမှအကူအညီများ တိုးမြှင့်ရရှိလာရန် မျှော်မှန်းထားသည်။ Nippon Foundation က အဖွဲ့အစည်း၏ "လူမှုရေးအခြေခံအဆောက်အဦ" ကို အားကောင်းအောင် ပြုလုပ်ရန် အမေရိကန်ဒေါ်လာ သန်း ၂၀ ကျော် ထောက်ပံ့မည်ဟု ကတိပြုထားသည်။ NCA လက်မှတ်ရေးထိုးခြင်းနှင့်အတူ အလားတူလုပ်ငန်းများအတွက် EAO များကို အထောက်အပံ့များ တိုးမြှင့်ပေးရန် ပြောကြားနေမှုများလည်းရှိသည်။ ထိုကိစ္စသည် NCA တွင် ဖော်ပြထားသည့် EAO များ၏ အုပ်ချုပ်ရေး အခန်းကဏ္ဍကို အတိုင်းအတာတစ်ခုအထိ အသိအမှတ်ပြုထားသော ယာယီအစီအစဉ်များနှင့်လည်း ကိုက်ညီသည်။

ယခုအခါ အရပ်သားများအနေဖြင့် KNU မှ ကြီးမှူးကျင်းပသော အာဇာနည်နေ့၊ တော်လှန်ရေးနေ့နှင့် ကရင်နှစ်သစ်ကူးနေ့ စသည့် အခမ်းအနားများကို တက်ရောက်ခွင့်ရလာသလို လွတ်လပ်စွာလည်း ဆင်နွှဲခွင့်ရှိလာသည်။ အာဇာနည်နေ့၊ တော်လှန်ရေးနေ့ စသည့်နေ့များတွင် စစ်ရေးပြအခမ်းအနားများကြည့်ရှုရန်နှင့် အရပ်ဘက်၊ စစ်ဘက်ခေါင်းဆောင်များ၏မိန့်ခွန်းများကို နားထောင်ရန်လာသော အများပြည်သူများအား အဓိက KNLA စခန်းများအတွင်းသို့ ဝင်ရောက်ခွင့်ပေးသည်။ အစိုးရထိန်းချုပ်သော ဒေသများနှင့် ထိုင်းနိုင်ငံအတွင်းရှိ စစ်ဘေးရှောင်စခန်းများမှ ပြည်သူများသည်လည်း လွတ်လပ်ဘေးကင်းစွာ ထိုအခမ်းအနားများသို့ သွားရောက်ခွင့် ရလာကြသည်။ ထိုနေရာများမှ ပြည်သူထောင်ပေါင်းများစွာ တို့သည်လည်း ထိုသို့သွားရောက်ခဲ့ပြီးဖြစ်သည်။ တပ်မတော်၊ အစိုးရနှင့် နယ်ခြားစောင့်တပ်ဖွဲ့များမှ တာဝန်ရှိသူများသည်လည်း မကြာသေးမီ နှစ်များအတွင်းက ထိုအခမ်းအနားများသို့ တက်ရောက်ခဲ့သည်။ ယခုနောက်ပိုင်းကျင်းပသော ၎င်းအခမ်းအနားများ၌ KNLA၊ KNDO တပ်များနှင့် အတူ KKO/DKBA နှင့် KPC အဖွဲ့များလည်း ဝင်ရောက်စစ်ရေးပြခြင်းများ ရှိသည်။

၁၉၉၉ ခုနှစ်ခန့်ကတည်းကကရင်လူ့အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များကို ဖိတ်ခေါ်ကျင်းပသည့် "ကရင်အမျိုးသား စည်းလုံးရေးနှင့် ငြိမ်းချမ်းရေးအလုပ်ရုံဆွေးနွေးပွဲ"သည်လည်း အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်းတွင် ပိုမိုစနစ်ကျလာကာ တက်ရောက်သူလည်းများပြားလာသည်။ ကရင်အမျိုးသားစည်းလုံးရေးနှင့် ငြိမ်းချမ်းရေးကော်မတီ (Karen Unity and Peace Committee - KUPC) ကို ဘာသာရေးခေါင်းဆောင်များနှင့် KNU အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များနှင့် ပြည်မမှ အရပ်ဘက်လူ့အဖွဲ့အစည်းခေါင်းဆောင်များဖြင့် တရားဝင်ဖွဲ့စည်းခဲ့သည်။ KNU သည် ၎င်း၏နယ်မြေထဲတွင် KUPC အလုပ်ရုံဆွေးနွေးပွဲအချို့ကို လက်ခံကျင်းပခဲ့ပြီး အခြားနေရာများတွင် ပြုလုပ်သောပွဲများသို့ ဗဟို အလုပ်အမှုဆောင်ကော်မတီ နှင့် အခြားအဖွဲ့ဝင်များကို စေလွှတ်ခဲ့သည်။ ထိုအခမ်းအနားများသည် ကိုလိုနီခေတ်က ပြုလုပ်ခဲ့သော လူထု စည်းဝေးပွဲများအား အသက်ပြန်သွင်းသကဲ့သို့ပင်ဖြစ်သည်။ KNA၊ KCO နှင့် နောက်ဆုံးတွင် KNU စသည့် အဖွဲ့အစည်းများသည် ထိုလူထု စည်းဝေးပွဲများမှတစ်ဆင့် ပေါက်ဖွားလာခဲ့ခြင်းဖြစ်သည်။ ကရင်ခေါင်းဆောင်အသီးသီးတို့သည် ၁၈၀၀ ပြည့်နှစ်နောင်းပိုင်း အချိန်များနှင့် အထူးသဖြင့် KNU အကွဲအပြဲများဖြစ်ပေါ်ခဲ့သည့် ၁၉၉၀ ပြည့်နှစ်များကတည်းက "ကရင်အမျိုးသားစည်းလုံးရေး" ဟူသော အယူအဆကို နိုင်ငံရေးတိုးတက်မှုအတွက် အဓိကအစိတ်အပိုင်းအဖြစ် အလေးထားခဲ့ကြခြင်းဖြစ်သည်။ ထိုအခမ်းအနားများသည် အခြားကရင်ခေါင်းဆောင်များရှေ့တွင် KNU ၏ တရားဝင်ဖြစ်မှုကို ပြန်လည်တည်ဆောက်ရာ၌ အလွန်အရေးကြီးသလို အများလက်ခံသဘောတူသော နိုင်ငံရေးနှင့် လူမှုရေး ရည်မှန်းချက်များကို ချမှတ်ရာတွင်လည်း အရေးပါသည်။[129]

KNU မြဝတီ၊ ဘားအံ၊ ကျောက်ကြီး၊ သထုံ၊ ထားဝယ်နှင့် ဘုရားသုံးဆူတို့ရှိ ဆက်ဆံရေးရုံးများမှတစ်ဆင့် မြို့တွင်း၊ မြို့အနီးအနားမှ ရပ်ရွာများနှင့် ပြန်လည်ထိတွေ့ကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကြောင်းတင်မကပဲ ဖက်ဒရယ်စနစ်အကြောင်း နှင့် KNU ၏ နိုင်ငံရေးရည်မှန်းချက်များ အကြောင်းတို့ကို အလုပ်ရုံဆွေးနွေးပွဲများမှတစ်ဆင့် "အသိအမြင်မြှင့်တင်ရေး" လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ထိုရုံးများက (ဆေးရုံသို့ သယ်ယူပို့ဆောင်မှုစသော) အမှန်တကယ်ဝန်ဆောင်မှုများကို ညှိနှိုင်းပေးခြင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးရေးမိတ်ဘက်များ

[128] KSEAG မှ အချက်အလက်များကို ပံ့ပိုးပေးပါသည်။ Jolliffe and Speers Mears (2016) ကို ကြည့်ပါ။ ထိုအတောအတွင်း မြန်မာအစိုးရ၏ ပညာရေးဝန်ကြီးဌာန ထံမှ အထောက်အပံ့ရရှိသော ကျောင်းပမာဏမှာလည်း ၂၆.၈% မှ ၄၉.၃% အထိ သိသိသာသာ မြင့်တက်လာခဲ့သည်။

[129] See Davis (2016a).

ဆက်သွယ်နိုင်သည့် ဆုံမှတ်အဖြစ် တာဝန်ယူပေးသောကြောင့် လူမှုဖူလုံရေးအစီအမံများ တိုးတက်ကောင်းမွန်လာခဲ့သည်။ ပြည်သူများသည် မြေနှင့်ပတ်သက်သော ပြဿနာများ၊ အခြားအရပ်ဘက်နှင့် တရားဥပဒေဆိုင်ရာအငြင်းပွားမှုများ အထူးသဖြင့် အစိုးရနှင့် ထိခိုက်နစ်နာသူတို့ အကြား တိုက်ရိုက်ဖြေရှင်းရန်လိုအပ်သော ဆက်ဆံရေးမရှိသည့် အငြင်းပွားမှုများ ပေါ်ပေါက်လာပါက ထိုရုံးများကိုအသုံးပြုကာ KNU ထံမှ အကူအညီများ တောင်းခံလေ့ရှိသည်။[130]

ယခုအခါတွင် KNU နှင့်ဆက်စပ်နေသော အဓိက လူထုအခြေပြုအဖွဲ့အစည်းများသည် အစိုးရထိန်းချုပ်ထားသော မြို့များတွင် ရုံးများ ဖွင့်လှစ်ထားပြီး မြန်မာနိုင်ငံအတွင်းမှ အလှူရှင်များထံမှ အထောက်အပံ့များ ရယူနိုင်ကာ ပိုမိုကျယ်ပြန့်သော လူထုများနှင့် အလုပ်လုပ်ကိုင်နိုင်သည်။ KNU နှင့် ၎င်း၏ လမ်းညွှန်မှုအောက်ရှိ Committee for Internally Displaced Karen People နှင့် ကရင်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးရုံး စသည့် အချို့လူထုအခြေပြုအဖွဲ့အစည်းများသည် IDP များအား အစိုးရထိန်းချုပ်မှုအောက်ရှိ "ရွှေ့ပြောင်းရွာများ" တွင်ပင် ပိုမိုလွတ်လပ်စွာ အကူအညီပေးနိုင်မည့် ဖွံ့ဖြိုးရေးအစီအစဉ်များ ဆွဲလာနိုင်ကြသည်။ ၎င်းတို့သည် ယခင်က တပ်မတော်မှကန့်သတ်ထားပြီး ယခုအခါ ပြန်လည်ခွင့်ပေးလိုက်သော နေရာများသို့ ပြန်လာသည့် IDP များကိုလည်း အထောက်အပံ့ပေးနေကာ၊ စစ်ဘေးရှောင်များ နေရပ်ပြန်လာနိုင်ရေးအတွက် အစီအစဉ်များ ရေးဆွဲရာတွင် ပါဝင်လုပ်ကိုင်လျက်ရှိသည်။

ယခင် အစိုးရထိန်းချုပ်သော နေရာများတွင်သာ လှုပ်ရှားသော ကရင်ဘာသာရေးအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများ နှင့် ပူးပေါင်းဆောင်ရွက်မှုများလည်း ရှိလာသဖြင့် IDP များဆိုင်ရာအကူအညီနှင့် အခြားလူမှုကူညီထောက်ပံ့မှုများ ပိုမို အားကောင်းလာခဲ့သည်။ အပစ်အခတ်ရပ်စဲမှုများမတိုင်ခင်က ထိုအဖွဲ့အစည်းများအနေဖြင့် KNU နှင့် ထိတွေ့ဆက်ဆံမှု ရှိခဲ့သောအခါ တစ်ခါတစ်ရံတွင် KNU ထိန်းချုပ်မှုအောက်ရှိ လူထုများနှင့် ထိတွေ့မှုရှိခဲ့သောအခါမျိုးတွင်ပင် သူပုန်အားပေးဟု စွပ်စွဲခံခဲ့ရသည်။ ထိုအပြောင်းအလဲများကြောင့် အပစ်အခဲရပ်စဲပြီး နောက်ပိုင်းတွင် စစ်ဘေးရှောင်စခန်းများ၊ KNU ထိန်းချုပ်ဒေသများ နှင့် အစိုးရထိန်းချုပ်ဒေသများမှ အဖွဲ့အစည်းများအပါအဝင် ကရင်လူထုအဖွဲ့အစည်းများနှင့် အရပ်ဖက် အဖွဲ့အစည်းများအကြားရှိ ပူးပေါင်းဆောင်ရွက်မှုမှာ လျင်မြန်စွာ ကြီးထွားလာခဲ့သည်။ ထို့အပြင် ယခင်က KNU ထိန်းချုပ်ဒေသများအတွင်း သို့မဟုတ် စစ်ဘေးရှောင်စခန်းများအတွင်း၌သာ လှုပ်ရှားခဲ့သော လွတ်လပ်သော လူထုအခြေပြု အဖွဲ့အစည်းများသည် ယခုအခါ အစိုးရထိန်းချုပ်မှုအောက်ရှိ ဒေသများတွင်လည်း ပိုမိုလွတ်လပ်စွာ လှုပ်ရှားလာနိုင်ပြီဖြစ်သည်။ ယင်းတို့ထဲမှ အများစုသည် အစိုးရထံတွင် မှတ်ပုံတင်ထားလာကြပြီး အဓိကမြို့ကြီးများတွင် ရုံးများဖွင့်ထားကြသည်။

## စီးပွားရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်လာနိုင်ခြင်း

KNU အတွက် ပေါ်ပေါက်လာသော "အခွင့်အလမ်းများ" ထဲမှ အငြင်းပွားဖွယ်ရာအဖြစ်ဆုံးမှာ စီးပွားရေးနှင့် အကြီးစားဖွံ့ဖြိုးရေးနှင့် ဆက်စပ်နေသော အထူးသဖြင့် အရင်းအမြစ်တူးဖော်ထုတ်လုပ်မှုနှင့် ဆက်စပ်နေသော ကိစ္စရပ်များပင်ဖြစ်သည်။ ထိုကဏ္ဍများနှင့် ပတ်သက်သော သုတေသနကိုမူ ပြုလုပ်ခဲ့ခြင်းမရှိပါ။ သူးလေ ကုမ္ပဏီကဲ့သို့သော KNU နှင့်ဆက်စပ်နေသည့် ကုမ္ပဏီအသစ်များ ထူထောင်ရာတွင် အလုပ်အမှုဆောင် ကော်မတီဝင်အချို့က ဦးဆောင်ခဲ့သည်။ တစ်ချိန်တည်းတွင် ခရိုင်နှင့် မြို့နယ်အဆင့် အာဏာပိုင်များ အထူးသဖြင့် မြိတ်-ထားဝယ်၊ ဒူးပလာယာ နှင့် ဒူးသဦး ခရိုင်များမှ အာဏာပိုင်များက ၎င်းတို့ကိုယ်ပိုင် ကုမ္ပဏီပုံစံမျိုးစုံကို ထူထောင်ခဲ့ကြသည်။

သတင်းအရင်းအမြစ်အချို့အရ အစိုးရမှ KNU အား ကုမ္ပဏီများထူထောင်ရန်နှင့် ဒေသခံပြည်သူများထံမှ အခွန်လျော့ချကောက်ယူရန် တက်ကြွစွာ တိုက်တွန်းခဲ့ကြောင်း သိရသည်။ KNU နှင့် ကရင်အရပ်ဘက်မှ ပုဂ္ဂိုလ်အချို့၏အမြင်တွင် ထိုတိုက်တွန်းမှုသည် KNU ခေါင်းဆောင်များအားနိုင်ငံရေးကိစ္စရပ်များဘက်မှ အာရုံလွှဲရန်နှင့်အဖွဲ့အစည်း၏စည်းလုံးညီညွတ်မှုကို အားနည်းအောင်ပြုလုပ်ရန် ရည်ရွယ်ခြင်းပင်ဖြစ်သည်။ တစ်ခါတစ်ရံတွင် ထိုစီးပွားရေးလုပ်ငန်းများကို ပုဂ္ဂလိကပိုင်တစ်ဦးတည်းက စီမံနေခြင်းမျိုးလား သို့မဟုတ် ခရိုင်အဆင့်နှင့် တပ်မဟာအဆင့် အာဏာပိုင်များမှ စီမံခန့်ခွဲခြင်းမျိုးလား သို့မဟုတ် ဗဟိုမှသူများမှ စီမံခန့်ခွဲနေခြင်းလား မသဲကွဲပေ။ ထို့အပြင် ယင်းစီးပွားရေးလုပ်ငန်းများသည် KNU ၏ နိုင်ငံရေးနှင့် စစ်ရေးလှုပ်ရှားမှုများမှ မည်သည့်အတိုင်းအတာအထိ အကျိုးရရှိနေသည်ဆိုသည်မှာလည်း မရှင်းလင်းပေ။

ယေဘုယျအားဖြင့် စီးပွားရေးလုပ်ငန်းအများအပြားကို ဗဟိုအဆင့်မှ အသေအချာထိန်းကျောင်းနေခြင်းမျိုး မရှိကြောင်း တွေ့ရသည်။ အထူးသဖြင့် ခရိုင်အဆင့်တွင် သိသိသာသာလုပ်ပိုင်ခွင့်များ ရှိသောကြောင့်ဖြစ်သည်။ နိုင်ငံရေးတိုးတက်မှု များသည် ပုဂ္ဂလိက စီးပွားရေးချဲ့ထွင်မှုများ (အထူးသဖြင့်သယံဇာတတူးဖော်ထုတ်လုပ်သည့်ကဏ္ဍများ)ထက်နှေးကွေးကြောင်းကိုမြန်မာနိုင်ငံတစ်ဝှမ်းရှိအခြားအပစ်အခတ်ရပ်စဲထားသည့် ဒေသများတွင် ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များက သက်သေပြနေသည်။ ထိုအနေအထားများက အပစ်အခတ်ရပ်စဲမှုနှင့် စပ်ဆိုင်သည့် စီးပွားရေးများ ပေါ်ပေါက်လာစေပြီး အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများတွင် အဟန့်အတားများဖြစ်ပေါ်လာစေနိုင်သည်။ တစ်ချိန်တည်းတွင်

[130] ဆက်ဆံရေးရုံးများနှင့် ၎င်းတို့ပေးသော ဝန်ဆောင်မှုများအကြောင်း ထဲထဲဝင်ဝင်သိရှိလိုပါက Ethnic Peace Resource Project & Myanmar Peace Support Initiative (2015) and Davis (2016b) ကို ကြည့်ပါ။

ရေရှည်ထိန်းထားနိုင်မည့် ငြိမ်းချမ်းရေးသဘောတူညီချက်များ ရုပ်လုံးပေါ်မလာဘဲ ပဋိပက္ခအသစ်များ ပေါ်ပေါက်နိုင်မှုများ များပြားလာနိုင်သည်။ လမ်းများဖောက်လုပ်ရေးနှင့် အခြားပြည်သူပိုင် ဖွံ့ဖြိုးရေးစီမံကိန်းများတွင်လည်း KNU နှင့် အစိုးရတို့အကြား ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာခဲ့သည်။ သို့သော် KNU ၏ မည်သည့်အုပ်ချုပ်ရေးအပိုင်းများက မည်သည့်နေရာမှ ပါဝင်ဆောင်ရွက်နေကြောင်းမှာမူ မရှင်းလင်းပေ။

## မြေပြင်ပေါ်ရှိ ကဏ္ဍအလိုက်အုပ်ချုပ်ရေး

ထိုသို့ အနေအထားများ ပြောင်းလဲသွားသဖြင့် မြေပြင်ပေါ်ရှိ အုပ်ချုပ်ရေး၊ အခွန်ကောက်ခံမှု၊ ပညာရေး၊ ကျန်းမာရေး၊ မြေယာစီမံခန့်ခွဲမှု၊ လမ်းဖောက်လုပ်ရေး၊ တရားဥပဒေနှင့် လူသားချင်းစာနာထောက်ထားမှု အထောက်ကူများ စသည့် ကဏ္ဍကြီးရှစ်ခုတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ယှဉ်ပြိုင်မှုပုံစံသစ်များ အထူးသဖြင့် ပေါ်ပေါက်လာသည်။ အခြားစီးပွားရေးကဏ္ဍများ အထူးသဖြင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုတွင်လည်း ပူးပေါင်းဆောင်ရွက်မှုနှင့် ယှဉ်ပြိုင်မှုပုံစံအသစ်များ ပေါ်ထွက်လာသည်။ သို့သော် ထိုကိစ္စနှင့်ပတ်သက်၍ ဤစာတမ်းတွင် ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။

## အုပ်ချုပ်ရေး

ကျေးရွာနှင့် ကျေးရွာအုပ်စုအဆင့်တွင် KNU ၏ အုပ်ချုပ်ရေးစနစ်နှင့် မြန်မာအစိုးရ၏ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) စနစ် တို့သည် အပြိုင်တည်ရှိနေသည်။ တစ်ခါတစ်ရံတွင် ကျေးရွာအုပ်စုခေါင်းဆောင်များသည် KNU ကျေးရွာအုပ်စု ဥက္ကဋ္ဌရာထူး (KNU VTC) ရော၊ GAD ၏ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရာထူး (GAD VTA) ကိုပါ ယူထားရသည်။ အချို့အခြေအနေများတွင် KNU VTC နှင့် GAD VTA တို့ကို သီးခြားပုဂ္ဂိုလ်များက တာဝန်ယူပြီး တူညီသော/ထပ်နေသော ဒေသများအတွက် လုပ်ငန်းလုပ်ကိုင်ကြသည်။ တစ်ခါတစ်ရံတွင် အစိုးရကျေးရွာအုပ်စုတစ်ခုအတွင်း၌ KNU ကျေးရွာအုပ်စုတစ်ခုထက်ပိုပြီး တည်ရှိနိုင်ကာ ပြောင်းပြန်အနေအထားတွင်လည်းရှိနေနိုင်သည်။ သို့မဟုတ် KNU နှင့်အစိုးရတို့၏ ကျေးရွာအုပ်စု နယ်နိမိတ်များသည် တစ်ထပ်တည်းကျနေနိုင်သည်။

၎င်းတို့၏စနစ်များ တရားဝင်ပေါင်းစည်းထားခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ထိုတာဝန်ခံများသည် သာမန်အားဖြင့် အာဏာပိုင်နှစ်ရပ်လုံးနှင့် ပတ်သက်ဆက်ဆံရသလို အခြားလက်နက်ကိုင်အဖွဲ့များနှင့်လည်း ဆက်ဆံရသည်။ ကော်တီရီးမြို့နယ်အတွင်းမှ ကျေးရွာခေါင်းဆောင်တစ်ဦးက "[ကျေးရွာအုပ်စုဥက္ကဋ္ဌက] နှစ်ဖက်လုံးနဲ့ဆက်ဆံရတယ်။ သူ့အတွက် အရမ်းခက်တယ်။" ဟုဆိုသည်။ ထိုထပ်နေသောစနစ်များရှိခြင်းဖြင့် ပြည်သူများသည် မည်သို့သော ဝန်ဆောင်မှုများ ပြန်လည်ရရှိမည်ကို မသိရဘဲ အာဏာပိုင်အမျိုးမျိုးထံ မကြာခဏ အခွန်ဆောင်နေရသည့် သဘော သက်ရောက်နေသည်။ မည်သို့ပင်ဆိုစေကာမူ စစ်အတွင်းတွင် အာဏာပိုင်အမျိုးမျိုးနှင့် ဆက်သွယ်လုပ်ဆောင်ရခြင်းထက် အပစ်အခတ်ရပ်စဲထားသော ကာလများတွင် လုပ်ဆောင်ရခြင်းက ပိုမိုလွယ်ကူသည်။ အရှေ့ဒေါနဒေသမှ တက်ကြွသော ကျေးရွာခေါင်းဆောင်တစ်ဦးက "အခုဆို ရွာကို KKO/DKBA လည်းလာတယ်။ KNU လည်းလာတယ်။ ပြဿနာမရှိဘူး။... ကျွန်တော်ကတော့ ဗမာတွေအပါအဝင် ဘယ်ဘက်ကပဲဖြစ်ဖြစ် ကြိုဆိုတယ်။ ဒီမှာလာပြီးတိုက်ခိုက်နေတာမဟုတ်ရင် ရတယ်။" ဟုရှင်းပြသည်။ သို့သော် ထိုကျေးရွာခေါင်းဆောင်ကပင် ၎င်းဒေသထဲသို့ ပြည်ထဲရေးဝန်ကြီးဌာနဝင်ရောက်ခြင်းနှင့်အတူ ပါလာသည့် ရွာသားများကို မီးသတ်သင်တန်းစေလွှတ်ရန် လိုအပ်ခြင်း စသည့် ကိစ္စများအပေါ် ၎င်း၏သံသယကို ဤသို့ပြောပြသည်။ "ကျွန်တော်က တစ်ယောက်မှ မလွှတ်ချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အစိုးရအတွက် အလုပ်မလုပ်ချင်လို့။... သူတို့က ကျွန်တော်တို့ကို [သူတို့အုပ်ချုပ်ရေးစနစ်အတိုင်း လိုက်လုပ်အောင်] နည်းအမျိုးမျိုးနဲ့ လာစမ်းတယ်။ လာဖျောင်းဖျတယ်။"

ကျေးရွာအဆင့်တွင် သာမန်အားဖြင့် KNU က အစိုးရထက် ပို၍စနစ်တကျရှိသည်။ GAD VTA များအောက်တွင် ဆယ်အိမ်ခေါင်းများကို မဲပေးရန် အစိုးရက အသိအမှတ်ပြုထားသော်လည်း ကျေးရွာခေါင်းဆောင်များအတွက် သတ်မှတ်ထားသော စနစ်မရှိပေ။ KNU စနစ်တွင် ကျေးရွာခေါင်းဆောင်များ၌ ကျေးရွာခေါင်းဆောင်နှင့် မျက်နှာစုံညီ အစည်းအဝေးများမှတစ်ဆင့် ရွေးကောက်ထားသော ကော်မတီတို့ပါဝင်သည့် ၎င်းတို့ ကိုယ်ပိုင် "KNU အခြေခံအဖွဲ့များ" ရှိသည်။ အခြား KNU ထိန်းချုပ်သောရွာများ အထူးသဖြင့် ရွာငယ်များတွင် ကျေးရွာခေါင်းဆောင်နှင့် စနစ်သိပ်မကျစွာ ဖွဲ့စည်းထားသော ကော်မတီဝင်များရှိသော်လည်း ထိုသူများသည် တရားဝင်အသိအမှတ်ပြုထားသည့် ယင်းအဆင့်၏ အဓိက ခေါင်းဆောင်များ ဖြစ်ကြသည်။ လက်တွေ့တွင် အချို့ကိစ္စရပ်များအတွက် GAD VTA များနှင့် ပိုအဆင့်မြင့်သော အစိုးရနှင့်တပ်မတော်မှ တာဝန်ရှိသူများက ကျေးရွာခေါင်းဆောင်များနှင့် ဆက်ဆံလေ့ရှိသော်လည်း ထိုခေါင်းဆောင်များကို တရားဝင် အသိအမှတ်ပြုထားခြင်း သို့မဟုတ် တရားဝင်လုပ်ငန်းတာဝန်များ ပေးထားခြင်း မရှိပေ။ ထို့ကြောင့် ကျေးရွာခေါင်းဆောင်များသည် အစိုးရစနစ်အတွင်းသို့ အတိုင်းအတာတစ်ခုအထိ ရောက်ရှိနေသော်လည်း မည်သည့်ပူးပေါင်းဆောင်ရွက်မှုမျိုးကိုမဆို မလုပ်ကိုင်မီ KNU ထံမှ ခွင့်ပြုချက် တောင်းခံခြင်းများ ပြုလုပ်တတ်ကြသည်မှာ အဆန်းမဟုတ်ပေ။ ကျေးရွာခေါင်းဆောင်တစ်ဦးက "ကျွန်တော်တို့က ရွာလေးပဲ။ ရွာငါးခုပေါင်းပြီး ကျေးရွာအုပ်စုတစ်ခု လုပ်ထားတာ။ ကျေးရွာအုပ်စု ဒါမှမဟုတ် မြို့နယ်ခေါင်းဆောင်တွေမပါပဲ ကျွန်တော်တို့ဘာသာ ဘာမှမဆုံးဖြတ်နိုင်ဘူး။" ဟုပြောသည်။

## အခွန်ကောက်ခံခြင်း

အခွန်ကောက်ခံခြင်းသည် သတိထားကိုင်တွယ်ရသော ကိစ္စတစ်ခု ဖြစ်နေဆဲဖြစ်ပြီး အုပ်ချုပ်ရေးအာဏာပိုင် အမျိုးမျိုးကြားတွင် ၎င်းကိစ္စကို ပူးပေါင်းဆောင်ရွက်မှု မရှိသလောက်နည်းပါးသည်။ အစိုးရက EAO များ၏ အခွန်ကောက်ခံမှုကို တရားမဝင်ဟု ထင်မြင်ထားပြီး KNU နှင့် အခြားအဖွဲ့များသည် ရပ်ရွာလူထုများထံမှ အခွန်ကောက်ခံကာ ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်ဟူ၍ ရံဖန်ရံခါ ရှုံ့ချလေ့ရှိသည်။ KNU နှင့် DKBA တို့သည် ၎င်းတို့အုပ်ချုပ်ရေးများ ထပ်နေသည့် ဒေသများတွင် နှစ်ဖွဲ့စလုံးယှဉ်ကာ အခွန်ကောက်လေ့ရှိသည်။ DKBA၊ တပ်မတော်တို့နှင့် ထပ်နေသောနေရာရှိ KNU အုပ်ချုပ်ရေးမှူးတစ်ဦးက "ကျွန်တော်တို့နဲ့ DKBA နဲ့ အခွန်တွေကို ခွဲယူတာမဟုတ်ဘူး။ [လူတွေဆီက] နှစ်ဖွဲ့လုံး သပ်သပ်စီကောက်တာ။ ကျွန်တော်တို့ ၁၀% ကောက်ရင် သူတို့လဲ ၁၀% ကောက်တယ်။" ဟုဆိုသည်။ DKBA အခွန်ကောက်ခံမှုစနစ်တွင် အခွန်ကောက်သူများ၊ စစ်ဆေးရေးဂိတ်များနှင့် ဗဟိုချုပ်ကိုင်ထားသော စနစ်ပုံစံမျိုးပါဝင်ကာ အခွန်ကောက်ခံမှုသည် DKBA အနေဖြင့် စနစ်အကျဆုံး လုပ်ကိုင်သည့် "အုပ်ချုပ်မှု" အပိုင်းဖြစ်နိုင်သည်ဟု ယင်းကဆိုသည်။ ထိုသူကပင် "ကျွန်တော်တို့နဲ့ DKBA ပြဿနာတက်ပြီဟော့ဆိုရင် အခွန်နဲ့ဝင်ငွေကိစ္စကြောင့် ဖြစ်တာများတယ်။"

တစ်ချိန်တည်းတွင် KNU သည် ၎င်းတို့ တိုက်ရိုက်ထိန်းချုပ်ထားခြင်းမရှိသော နေရာအချို့ကို ဝင်ရောက်မှုမပြုရန် ကန့်သတ်ခံထားရသည်။ ထိုနေရာများတွင် ဒေသအဆင့် သဘောတူညီမှုများမှတစ်ဆင့် လုပ်ပိုင်ခွင့်ပိုင်နက်များကို သတ်မှတ်ထားသည်။ ထို့ကြောင့် ထိုဒေသများရှိ လူထုများထံမှ အခွန်ကောက်ခံရန် ပိုမိုခက်ခဲသည်။ KNLA တပ်မဟာ ၃ မှ တပ်ရင်းမှူးများ၏ ပြောပြချက်အရ ၎င်းတို့အခွန်ကောက်ခံနေကျဖြစ်သော အဓိက ကားလမ်းမကြီးတစ်ခုဘေးမှ ရပ်ရွာများသို့ သွားရောက်ခွင့်အား ပိတ်ပင်ထားခြင်းခံရသည်။ ထိုအချင်းအရာသည် ဒေသခံလူထုအတွက် ဆိုးရွားသော ကိစ္စမဟုတ်ပေ။ ထိန်းချုပ်ခွင့် အကန့်အသတ်ဖြင့်ရှိသော နေရာများတွင် အခွန်ကို မှန်းခြေတွက်ချက်ကာကောက်ခံပြီး ဝန်ပိစေကာ စနစ်တကျကြပ်မတ်ခြင်း မရှိပေ။ မည်သို့ပင်ဆိုစေကာမူ "တချို့သစ္စာရှိတဲ့ရွာတွေက [အခွန်] ဆက်ပေးချင်တယ်။ အဲ့တော့ သူတို့က ဒီဘက်ကို ကျော်ထွက်လာပေးတယ်။" ဟု တပ်မှူးများကဆိုသည်။ တပ်မတော်နှင့် နယ်ခြားစောင့်တပ်ဖွဲ့များက ၎င်းတို့ထိန်းချုပ်မှုအောက်တွင် ထားရန် ဒေသအဆင့်၌ သဘောတူညီထားသော နေရာများတွင် KNU VTC များ အခွန်ကောက်ခံမှုကို ပိတ်ပင်သော ဖြစ်ရပ်များလည်းရှိသည်။[131]

## ပညာရေးကဏ္ဍ

အမျိုးသားရေးစရိုက်လက္ခဏာများ တည်ဆောက်ခြင်း၊ ဘာသာစကားများထိန်းသိမ်းခြင်းနှင့် သမိုင်းသင်ကြားခြင်း ကိစ္စများတွင် ပညာရေးသည် အရေးပါသောကြောင့် အထူးအကဲဆတ်သည့် လူမှုဝန်ဆောင်မှုတစ်ခုဖြစ်သည်။ ဒေသအဆင့် KED ဝန်ထမ်းတစ်ဦးက ယခုလိုရှင်းပြသည် - "ကျွန်တော်တို့မှာ ကိုယ်ပိုင် ဘာသာစကား၊ ယဉ်ကျေးမှုနဲ့ ယုံကြည်မှုတွေရှိတယ်။ အဲဒါကြောင့် ကိုယ်ပိုင်ကျောင်းတွေ ကိုယ်ပိုင်ပညာရေးတွေကို ဆက်လုပ်သွားချင်တယ်"။ အပစ်အခတ်ရပ်စဲပြီးချိန်ကတည်းက KSEAG ထောက်ပံ့သောကျောင်းများတွင် ပညာရေးဝန်ကြီးဌာနအောက်မှ ဆရာ/မအရေအတွက် သုံးဆခန့်အထိ တိုးပွားလာခဲ့ပြီး ၂၀၁၂-၁၃ တွင် ၁,၅၇၄ ဦးမှ ၂၀၁၅-၁၆တွင် ၄,၇၁၈ ဦးဖြစ်လာခဲ့သည်။ ထို့ကြောင့် နှစ်အနည်းငယ်အတွင်း ပေါင်းစပ်ကျောင်းပေါင်း ၁၇၉ ကျောင်းအထိ ပေါ်ပေါက်လာခဲ့ပြီး စုစုပေါင်း ၇၄၃ ကျောင်း ရှိပြီဖြစ်သည်။ ယနေ့တွင် KED မှ ထောက်ပံ့နေသော ကျောင်းအားလုံး၏ ထက်ဝက်ခန့်မှာ MoE ထံမှလည်း အထောက်အပံ့များရရှိနေသည့် ပေါင်းစပ်ကျောင်းများ ဖြစ်သည်။[132] ထိုအထဲမှ အားလုံးနီးပါးတွင် ပညာရေးဝန်ကြီးဌာန၏ "အုပ်ချုပ်ရေး" ရှိကြောင်း KSEAG က ဆိုသည်။

ပုံမှန်အားဖြင့် MoE က ထိုဆရာ/မများကို စေလွှတ်ခန့်ထားရာတွင် KNU နှင့် တိုက်ရိုက်ပူးပေါင်းဆောင်ရွက်မှု မရှိသလောက်နည်းပါးသည်။ GAD နှင့် MoE မှ တာဝန်ရှိသူများသည် ဆရာ/မများ၊ ကျောင်းဝတ်စုံများ၊ ကျောင်းဆောင် ပြင်ဆင်ခြင်းကိစ္စများ၊ ဖတ်စာအုပ်များနှင့် အခြားအထောက်အကူပေးသည့် ကိစ္စရပ်များအတွက် ကျေးရွာခေါင်းဆောင်များ၊ ကျောင်းရှိ KED မှ ထောက်ပံ့ထားသောဆရာ/မများ သို့မဟုတ် ကျောင်းကော်မတီဝင်များကိုသာ တိုက်ရိုက်ဆက်သွယ်လေ့ရှိကြသည်။ မြို့နယ်ခွဲမြို့များတွင် ထိုကိစ္စများကို အထက်တန်းကျောင်းမှ ကျောင်းအုပ်များနှင့် GAD တို့က ဦးစီးဆောင်ရွက်သည်။ အနီးအနားရှိ ကျေးရွာများသို့ ဝင်ရောက်ခွင့်ရရခြင်း တာဝန်ချထားနိုင်ရန်အတွက် ဆရာ/မအပိုများသည် အထက်တန်းကျောင်းများတွင် အခြေချကာ စောင့်ဆိုင်းရလေ့ရှိကြောင်း စူကာလီရှိ MoE ဆရာမတစ်ဦးမှ ပြောပြသည်။ Jolliffe နှင့် Speers Mears (2016) တွင် ဆွေးနွေးထားသည့်အတိုင်း ပူးပေါင်းဆောင်ရွက်မှုမရှိခြင်းကြောင့် နိုင်ငံရေးဆိုင်ရာ နှင့် လက်တွေ့အကောင်အထည်ဖော်မှုဆိုင်ရာ ပြဿနာများ ဖြစ်ပွားလာသည်။ ထိုအချင်းအရာက အစိုးရသည် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခြင်းထက် ကရင်နယ်မြေများကို တဖြည်းဖြည်းချင်းသိမ်းယူကာ ဒေသခံလူထုများကို "ဗမာဇာတ်သွင်း" သည့် နည်းလမ်းကို အသုံးပြုရန်ကြိုးစားနေသည်ဟု ထင်မြင်နေသည့် KNU ၏ သံသယကို ပိုမိုခိုင်မာစေသည်။ မြေပြင်ပေါ်ရှိ KNU အာဏာပိုင်များ၏ တုံ့ပြန်မှုများ မတူညီကြသော်လည်း အစိုးရ၏

[131] ဥပမာ KHRG အင်တာနက်စာမျက်နှာ, "Hpapun Situation Update: Bu Tho Township, March to May 2016," September 16, 2016 ကို ကြည့်ပါ။ http://khrg.org/2016/09/16-53-s1/hpapun-situation-update-bu-tho-township-march-may-2016 တွင် ဖတ်ရှုနိုင်ပါသည်။

[132] ၂၀၁၅-၁၆ တွင် KSEAG မှ ထောက်ပံ့နေသော ကျောင်းများ၏ ၄၉.၃% တွင် MoE မှ ထောက်ပံ့ထားသော ဆရာ/ ဆရာမများရှိပြီး ၂၀၁၂-၁၃ တွင် ၂၆.၆% မှ တိုးတက်လာခြင်းဖြစ်သည်။

ရည်ရွယ်ချက်ကို အယုံအကြည်ကင်းမဲ့ကြသည်က များသည်။ အစိုးရအနေဖြင့် လက်ရှိရှိနေသော ပညာရေးအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်သင့်သည်ဟု ခေါင်းဆောင်ပိုင်းက ရံဖန်ရံခါ အလေးပေးထောက်ပြလေ့ရှိသည်။ ဒေါနအရှေ့ပိုင်းမှ KED တာဝန်ရှိသူတစ်ဦးက "အကယ်၍ KED သို့မဟုတ် ကျောင်းတစ်ကျောင်းကျောင်းက အစိုးရဆီက အထောက်အပံ့တောင်းတာမျိုးပဲဖြစ်ဖြစ်၊ [ဆရာ/မ ဒါမှမဟုတ် အထောက်အပံ့] လက်ခံတာမျိုးပဲဖြစ်ဖြစ်လုပ်မယ်ဆိုရင် ခွင့်ပြုတယ်။ ဒါပေမယ့် သဘောတူထားတာမဟုတ်ဘူးဆိုရင်တော့ အဆင်မပြေဘူး။ ၂၀၁၃ တုန်းက အစိုးရက ဆရာ/မတွေ မတောင်းဘဲ ပို့ပေးတယ်။ ဒါက ပြဿနာပဲ။"[133]

ဆရာ/မများ လိုချင်၊ မလိုချင်သည်နှင့် ပတ်သက်ပြီး လူထု၏အမြင်များမှာ ရောထွေးနေသည်။ ဥပမာဆိုရလျှင် ဒေါနဒေသအရှေ့ပိုင်းရှိ KED မှ ထောက်ပံ့ထားသော ရပ်ရွာကျောင်း ၂၉ ကျောင်းသို့ ဆရာ/မများပို့ပေးရန် ၂၀၁၂ ခုနှစ်တွင် MoE က ပထမဆုံးကမ်းလှမ်းခဲ့သည်။ ၎င်း ကမ်းလှမ်းချက်ကို ၁၃ ကျောင်းက လက်ခံခဲ့သည့်အတွက် ပေါင်းစပ်ကျောင်းများ ဖြစ်လာခဲ့ပြီး ၁၆ ကျောင်းက ငြင်းဆန်ခဲ့သည်။ ထိုကမ်းလှမ်းချက်များကို KNU နှင့် ဆွေးနွေးတိုင်ပင်ခဲ့ခြင်းများလည်းရှိသည်။ ကျေးရွာထဲတွင် အရင်းအမြစ်များရှားပါးသည့်အတွက် ဆရာ/မများကို လက်ခံရခြင်းဖြစ်ပြီး မိဘများအနေဖြင့် ၎င်းတို့သား၊ သမီးများကို မြန်မာအစိုးရမှ အသိအမှတ်ပြုသော ပညာရေးရှိစေခြင်းကြောင်းလည်း ဖြစ်သည်ဟု ရပ်ရွာဝင်များက ဆိုသည်။ ငြင်းဆန်ရသည့်အကြောင်းအရင်းများမှာ အစိုးရ၏ရည်ရွယ်ချက်ကို အယုံအကြည်ကင်းမဲ့မှု၊ ကရင်ဘာသာစကားအတန်းများ လျှော့ထားခြင်း၊ KED နှင့် ၎င်း၏အဖွဲ့များအပေါ် သစ္စာရှိမှုတို့နှင့် ဆက်စပ်နေလေ့ရှိသည်။ ဤနေရာတွင်အာဏာပိုင်များ၏ အမြင်များသည်လည်း ဆုံးဖြတ်ချက်ချရာတွင် အဓိကကျသည်။ တွေ့ဆုံဖြေကြားခဲ့သူနှစ်ဦးက အစိုးရ၏အထောက်အပံ့များကို ရယူရန် တပ်မတော်နှင့် DKBA တို့က ခြိမ်းခြောက်ဖိအားပေးမှုများ ရှိခဲ့ကြောင်းနှင့် အခြားဖြေဆိုသူများက KNU ထံမှ ရှင်းလင်းပြတ်သားသော သဘောတူညီချက်မရရှိခဲ့သဖြင့် အထောက်အပံ့များကို ငြင်းဆန်ခဲ့ကြခြင်းဖြစ်ကြောင်း ပြောသည်။[134]

KED နှင့် MoE အကြား ပိုမြင့်သောအဆင့်တွင် ပူးပေါင်းဆောင်ရွက်ရန် အကန့်အသတ်များရှိနေသော်လည်း မကြာသေးမီ နှစ်များအတွင်းက အခြေအနေများတိုးတက်လာခဲ့ခြင်းမှာ UNICEF မှ ပံ့ပိုးသည့် ပညာရေးကဏ္ဍ ပေါင်းစပ်ညှိနှိုင်းရေး အစည်းအဝေးများ၏ ပြည်နယ်အဆင့်ရလဒ်ကြောင့် ဖြစ်သည်။ World Education အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများမှ ပံ့ပိုးပေးသည့် ဖိုရမ်များနှင့် အစည်းအဝေးများသည် MoE တိုးချဲ့လာမှု၊ ကျောင်းသားများ စနစ်တစ်ခုနှင့် တစ်ခုအကြား ကူးပြောင်းမှု၊ KED မှပေးသော အရည်အချင်းစစ်လက်မှတ်များကို အသိအမှတ်ပြုမှု စသည်တို့နှင့်ပတ်သက်သော စိန်ခေါ်မှုများကို ဆွေးနွေးနိုင်ရန် အခွင့်အရေးပေးသည်။ ဒေါနအရှေ့ပိုင်းမှ KED တာဝန်ရှိသူက "[MoE နဲ့] ဘယ်လိုပေါင်းစည်းရမယ်ဆိုတာရော အနာဂတ်မှာ ပေါင်းစည်းလို့ ရ၊ မရဆိုတာရော အခုထိမသိသေးဘူး။ အဲဒါက MoE နဲ့ ဗဟို KED တို့ကြားက အပေးအယူတွေပေါ် မှာမူတည်တယ်။ [ဒေသအဆင့်မှာ]ကျွန်တော်တို့ရည်ရွယ်ချက်ကတော့ ကလေးတွေကို ပညာသင်ပေးဖို့ပဲ" ဟု ရှင်းပြသည်။

## ကျန်းမာရေးကဏ္ဍ

ဤကဏ္ဍနှင့် ပညာရေးနှင့် မတူသောအချက်မှာ KNU နှင့် ၎င်းနှင့်ပတ်သက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးသူများနှင့် အစိုးရ၏ ကျန်းမာရေးဝန်ကြီးဌာန (MoH) အကြားတွင် စနစ်တကျ ချိတ်ဆက်လုပ်ဆောင်မှု အလွန်နည်းသည်။ ထပ်နေသော ဒေသများကို ဝန်ဆောင်မှုပေးရာတွင်ပင် ဆေးခန်းများကို သပ်သပ်စီ ခန့်ခွဲကြသည်။ မည်သို့ပင်ဆိုစေကာမူ KDHW နှင့် ၎င်း၏ ဆက်စပ်အဖွဲ့များမှ ဦးစီးဖော်ဆောင်နေသော "ပေါင်းဆုံမှု" အစီအစဉ်များကြောင့် ဒေသခံပြည်သူများအတွက် အကျိုးပြုသော ပူးပေါင်းဆောင်ရွက်မှုများ ရှိလာသည်။ ထိုအထဲတွင် ၎င်းတို့၏ စနစ်များ၊ မူဝါဒများနှင့် နည်းဗျူဟာများအကြောင်း သတင်းအချက်အလက်ဝေမျှသည့် အစည်းအဝေးများ၊ ပူးတွဲကာကွယ်ဆေးထိုးခြင်းအစီအစဉ်များ၊ ကျန်းမာရေးပေးမှု ရောနေသော အချို့နေရာများကို မြေပုံတွင်မှတ်သားခြင်းဖြင့် မရောက်ရှိသေးသောနေရာများကို ဖော်ထုတ်ခြင်း၊ MoH မှပေးသော သင်တန်းများ နှင့် MoHမှ အကြီးပိုင်းတာဝန်ရှိသူများ၏ပြောကြားချက်အရ ကရင်ပြည်နယ်တွင်ငှက်ဖျားရောဂါ အမြစ်ဖြတ်နိုင်ရန် ဆောင်ရွက်နိုင်မည့် ငှက်ဖျားရောဂါတိုက်ဖျက်ရေး ပူးတွဲလုပ်ဆောင်ချက်များ[135] ပါဝင်သည်။ KNU နှင့် ၎င်းနှင့်ပတ်သက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးသူများနှင့် MoH အကြား ပူးပေါင်းဆောင်ရွက်မှုပုံစံမျိုးစုံကို Davis and Jolliffe (2016) တွင် အသေးစိတ် ဆွေးနွေးထားပါသည်။

[133] ဒေါနအရှေ့ပိုင်းမှ KED တာဝန်ရှိသူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း (၂၀၁၅၊ အောက်တိုဘာ)။ အသေးစိတ်အချက်အလက်များအတွက် Jolliffe and Spears-Meers (2016) ကို ကြည့်ပါ။

[134] KNU ထံမှ ခွင့်ပြုချက်မရှိသောကြောင့်ဟု ဖြေဆိုသူများထဲမှ တစ်ဦးက ၎င်းရွာသည် KNU နယ်မြေထဲတွင် တည်ရှိသောကြောင့် သစ္စာစောင့်သိမှု၊ ရှိသေမှုများကြောင့် ဟုဆိုပြီး အခြားတစ်ဦးကမူ ၎င်းတို့သဘောအတိုင်းမဟုတ်ဘဲ ညွှန်ကြားချက်များကို နာခံရခြင်းဖြစ်သည်ဟု ဆိုသည်။

[135] ထိုအချက်ကို စာရေးသူနှင့် ၂၀၁၆၊ ဩဂုတ်လတွင် တွေ့ဆုံမှု၌ ပြောကြားခဲ့ခြင်းဖြစ်ပြီး Davis and Jolliffe (2016) တွင်မပါဝင်ပါ။ ထိုပြောကြားချက်ကို ဘားအံ KDHW ရုံးကလည်း အတည်ပြုခဲ့သည်။

## မြေယာစီမံခန့်ခွဲမှု

အစိုးရနှင့် KNU နှစ်ရပ်လုံးသည် အာဏာပိုင်အမျိုးမျိုး ရောထွေးနေသော နေရာများရှိ လယ်သမားများပိုင်ဆိုင်သော မြေကွက်များကို နယ်နိမိတ်သတ်မှတ်ခြင်း၊ မှတ်ပုံတင်ခြင်းများ ပြုလုပ်ကာ ၎င်းတို့၏ မြေယာစီမံခန့်ခွဲမှုစနစ်များကို အကောင်အထည်ဖော်လျက်ရှိသည်။ ၂၀၁၂ ခုနှစ် ဧပြီလတွင် ပြည်ထောင်စုအစိုးရနှင့် KNU တို့အကြား နှစ်ဦးသဘောတူရေးထိုးထားသော အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွင် အစိုးရအနေဖြင့် KNU ၏ မြေယာစီမံခန့်ခွဲမှုစနစ်ကို အသိအမှတ်ပြုရမည်ဟု ပါရှိသည်။ ထိုအချက်ကိုလိုက်နာစေရန် KNU သည် ၎င်း၏ မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကို စနစ်ကျအောင် စတင်ပြင်ဆင်မှုများ အသေအချာပြုလုပ်လာခဲ့သည်။ KNU သည် ၂၀၁၂ ခုနှစ်မှစကာ စုစုပေါင်းဧက ၃၅၄,၅၁၂ (၁,၄၃၅ စတုရန်းကီလိုမီတာ) ရှိသော မြေကွက်ပေါင်း ၆၁,၇၆၅ ကွက်ကို မှတ်ပုံတင်ပေးခဲ့ပြီးဖြစ်သည်။ ထိုမြေကွက်အများစုကို ယခင်ကဒေသအဆင့်တွင်ထားသော KNU ၏ အခွန်စာအုပ်ထဲတွင်သာ မှတ်ပုံတင်ထားခဲ့ခြင်းဖြစ်ပြီး အခြားမြေကွက်အချို့မှာ ခန့်မှန်းခြေဖြင့် အခွန်ကောက်ခံရသော ပိုင်ရှင်အမည်မပေါက်သည့် မြေကွက်များဖြစ်သည်။ KNU ၏ မြေယာစီမံခန့်ခွဲမှုစနစ်နှင့် စနစ်တကျပြုလုပ်ရန် လတ်တလောအားထုတ်မှုများအကြောင်းကို နောက်ဆက်တွဲ ၁ ရှိ အသေးစိတ်ဖြစ်ရပ်လေ့လာမှုတွင် ဖော်ပြထားပါသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လုပ်ဆောင်လာနေသည့် အခြေအနေကြားတွင် လုပ်ပိုင်ခွင့်များနိုင်ရန် မြေပိုင်ရှင်များသည် ၎င်းတို့မြေများကို အာဏာပိုင်နှစ်ရပ်လုံးထံတွင် မှတ်ပုံတင်ရန် စိတ်အားထက်သန်နေကြပြီး မှတ်ပုံတင်ခွင့်လည်း ရံဖန်ရံခါဆိုသလို ရရှိနေကြသည်။ နှစ်ဖက်လုံးမှ မှတ်ပုံတင်ပေးသည့် စူကာလီမြို့အနီးရှိ ကျေးရွာမှ ခေါင်းဆောင်တစ်ဦးက "မှတ်ပုံတင်ထားတာမရှိဘူးဆိုရင် လူတွေကပိုင်ဆိုင်ကြောင်း သက်သေပြခိုင်းလိမ့်မယ်။ မပြနိုင်ဘူးဆိုရင် မြေကို သူတို့သိမ်းသွားလို့ရတယ်"[136] ဟုဆိုသည်။ KAD သည် အစိုးရလည်းဝင်ရောက်ခွင့်ရှိသော ဒေသများရှိ မြေများကို မှတ်ပုံတင်ပေးရန် ဦးစားပေးဆောင်ရွက်လျက်ရှိပြီး KNU ထိန်းချုပ်မှုအောက်ရှိနေရာများကို နောက်ပိုင်းမှ မှတ်ပုံတင်ပေးရန် ချန်ထားသည်။ အကြောင်းမှာ ၎င်းတို့၏ မြေယာဆိုင်ရာလုပ်ထုံးလုပ်နည်းများကို အခြားဘက်မှ လွှမ်းမိုးမှု မပြုလုပ်နိုင်ရန် ဖြစ်သည်။

မူးတရောခရိုင်နှင့် ဒေါနဒေသအရှေ့ဘက်ခြမ်းအပါအဝင် ဝင်ရောက်ရန်ခက်ခဲသော ရပ်ရွာများရှိ စိုက်ပျိုးမြေနှင့် သစ်တောမြေများကို မှတ်ပုံတင်ရာတွင် အစိုးရက KNU ၏ အကူအညီကို တောင်းခံထားသည်။ KNU အနေဖြင့် ကိုယ်ပိုင်စနစ်ကို အစိုးရမှ အသိအမှတ်ပြုအောင် ဆောင်ရွက်ခြင်းအား အာရုံစိုက်နေသဖြင့် ၎င်းတို့တောင်းဆိုမှုများသည် ငြင်းဆိုခံရလေ့ရှိသည်။

## လမ်းများ

အစိုးရသည် အပစ်အခတ်ရပ်စဲပြီးသည့် အချိန်များကတည်းက လမ်းတည်ဆောက်ခြင်းနှင့် အဆင့်မြှင့်ခြင်း အစီအစဉ်များကို စတင်ခဲ့သည်။ ထိုအထဲတွင် ဒူးပလာယာ၊ ဘားအံ၊ မြိတ်-ထားဝယ် ခရိုင်များအတွင်းမှ လမ်းအများအပြားပါဝင်သည်။ အကျော်ကြားဆုံးမှာ ယခင်ဒေါနတောင်တန်းကို ဖြတ်ရန် ကြာချိန်ကို ထက်ဝက်ကျော်ကျော်လျော့ချပေးသော (မြဝတီအနီးရှိ) သင်္ကန်းညီနောင်မှ ကော့ကရိတ် ကိုဆက်သွယ်ထားသော "အာရှလမ်းမကြီး"ဖြစ်သည်။ အခြားအဓိကလမ်းများတွင် မြဝတီ-ရန်ကုန်စကြႋန်နှင့် ထိုင်းနိုင်ငံ Kanchanaburi မှ ရေနက်ဆိပ်ကမ်းတည်ဆောက်နေသော ထားဝယ်မြို့တို့ကို ဆက်သွယ်ပေးမည့် အာရှလမ်းမကြီး၏ ကော့ကရိတ်-အိန္ဒူ လမ်းအပိုင်းလည်း ပါဝင်သည်။ တပ်မတော်နှင့် DKBA တို့ အသုံးပြုခဲ့သော လမ်းအများစုကို ဘားအံနှင့် ဒူးပလာယာ ခရိုင်များအတွင်းတွင် အဆင့်မြှင့်တင်မှုများ ပြုလုပ်နေပြီး ရှမ်းရွာသစ်မှ (KNU ဗဟိုဌာနချုပ်နှင့်လည်းနီးသော) ထိုင်းနယ်စပ်ရှိ မဲသဝေါ နှင့် မြိုင်ကြီးငူနှင့် လှိုင်းဘွဲ့ တို့သို့ သွားသော လမ်းများလည်း အပါအဝင်ဖြစ်သည်။ စူကာလီ၊ ဝေါလေမြိုင် (မြေပုံ ၃ ကို ကြည့်ပါ)၊ ကျိုက်ဒုံး၊ ဘုရားသုံးဆူနှင့် အခြားနေရာများကို ဆက်သွယ်နိုင်မည့် လမ်းများကိုလည်း အဆင့်မြှင့်တင်လျက်ရှိသည်။

တပ်မတော်သည် ယခင်ခေတ်များက ပဋိပက္ခဒေသများအတွင်းရှိ လမ်းများကို ပြုပြင်၊ ဆောက်လုပ်ရန် ဒေသခံများအား အတင်းအဓမ္မ ခိုင်းစေမှုများအပေါ်တွင် အားထားခဲ့ရသည်။ လမ်းအများစုမှာ နွေရာသီအတွင်း ပြင်ဆင်မှုများ အပြီးဆောင်ရွက်ရသဖြင့် ဒေသခံများအပေါ်တွင် လေးလံသော ဝန်ထုပ်ဝန်ပိုးဖြစ်စေခဲ့သည်။ ထိုလမ်းများကို စစ်ရေးကိစ္စများနှင့် အကြီးစား စီးပွားဖြစ်လုပ်ငန်းများအတွက် အသုံးပြုခဲ့ပြီး ယာဉ်များအပေါ် ကောက်ခံသော သွင်းကုန်ခွန်များမှ အကျိုးအမြတ်အနည်းငယ်ကို ရပ်ရွာများအတွက်ပေးခဲ့သည်။ အမည်းရောင်နယ်မြေများတွင် ယခင်ကတည်းက တပ်မတော်လှည့်ကင်းများကို ရှောင်ရှားလိုသော ဒေသခံများသည် လမ်းများကိုလည်း သုံးစွဲခွင့်မရှိပေ။[137]

လမ်းအသစ်များမှာမူ အများပြည်သူ သုံးစွဲခွင့်ရှိသောကြောင့် အခြေခံသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ တိုးပွားလာစေခဲ့သည့်အတွက် သာမန်ပြည်သူများအတွက် အလွန်အကျိုးရှိသည်ဟု ဖြေဆိုသူအများအပြားက ဆိုသည်။ အခြားတစ်ဖက်တွင်မူ ပြည်သူများ၏ မြေယာများကို

---

[136] စူကာလီအနီးရှိ ကျေးရွာမှခေါင်းဆောင်နှင့် တွေ့ဆုံမေးမြန်းမှု (၂၀၁၅၊ အောက်တိုဘာ)

[137] KHRG (2007), 18-31.

လျော်ကြေးပေးခြင်း မရှိသလောက်ဖြင့် သိမ်းဆည်းသည့် အကြောင်းအရင်းတစ်ရပ် ဖြစ်လာခဲ့ပြီး[138] လက်နက်ကိုင်ပဋိပက္ခများနှင့်လည်း ဆက်စပ်လာခဲ့သည်။

လမ်းများသည် ပဋိပက္ခအနေအထားများကို နည်းလမ်းနှစ်မျိုးဖြင့် သက်ရောက်မှုရှိကြောင်းတွေ့ရသည်။ ပထမအချက်အနေဖြင့် KNLA နှင့် DKBA တပ်မှူးများက ၎င်းတို့၏ နည်းဗျူဟာများအပေါ် သွယ်ဝိုက်သောအားဖြင့် ရိုက်ခတ်လာမှုများကို ပူပန်လာကြသဖြင့် လမ်းများသည် တင်းမာမှုများ၏ ရင်းမြစ်ဖြစ်လာခဲ့သည်။ တပ်မတော်နှင့်ယှဉ်လျှင် EAO များသည် ဒေသပထဝီအနေအထားကို ပိုမိုနားလည်ပြီး ဒေသခံများနှင့် ဆက်ဆံရေးရှိကာ လေးလံသောယန္တရားပစ္စည်းများ အသုံးပြုမှုနည်းသောကြောင့် တောတောင်ထူထပ်သောဒေသများတွင် အသာစီးရလေ့ရှိသည်။ တပ်မတော်မှ လမ်းများကို ပံ့ပိုးမှုထောက်ပို့လမ်းကြောင်းများ၊ တပ်များလှဲလှယ်ခြင်းများနှင့် တစ်ခါတစ်ရံတွင် သံချပ်ကာကားများ၊ အခြားအဆင့်မြင့် အမြောက်စနစ်များနှင့် တင့်ကားများ သယ်ယူရန်ပင် အသုံးပြုနိုင်သောကြောင့် တပ်မတော်အတွက် အကျိုးကျေးဇူးများစွာ ပေးသည်။ ထိုအနေအထားများက တပ်မတော်ကို အပစ်အခတ်ရပ်စဲရေး အခြေအနေများတွင် နည်းဗျူဟာအောင်ပွဲများ ပေးလိုက်သကဲ့သို့ရှိသည်။ ဥပမာအနေဖြင့် နိုင်ငံရေးဆွေးနွေးပွဲများမှ ပဋိပက္ခများကို ထာဝရ အဆုံးသတ်နိုင်မည့် နည်းလမ်းများ မရှာဖွေနိုင်ခဲ့၍ စစ်ပွဲများပြန်လည်ဖြစ်ပွားလာခဲ့ပါက တပ်မတော်သည် ပိုမိုအားကောင်းပြီး အသာစီးသို့ ရောက်သွားမည်ဖြစ်သည်။

ထိုအကြောင်းပြချက်များကြောင့် KNLA တပ်မဟာ ၅ မှ အာဏာပိုင်များက ၎င်းတို့နယ်မြေအတွင်း လမ်းများဖောက်လုပ်ခြင်းအား တားမြစ်ထားခြင်းဖြစ်ပြီး ဖောက်လုပ်ခဲ့ပါက ကျူးကျော်မှုအဖြစ်သတ်မှတ်ကာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကိုလည်း ဖောက်ဖျက်ရာကျမည်ဖြစ်သည်။ KNLA တပ်မဟာ ၅ သည် လမ်းတည်ဆောက်ခြင်းကို ရပ်ဆိုင်းရန်အတွက် ကုမ္ပဏီများမှ ညအိပ်ထားခဲ့သော ဘူဒိုဇာများကို ဖောက်ခွဲဖျက်ဆီးပစ်ခဲ့ဖူးသည်။ တစ်ချိန်တည်းတွင် မူးတရောခရိုင် သယ်ယူပို့ဆောင်ရေးဌာနများက ရွှေလမ်းများကို တည်ဆောက်ခဲ့ပြီး ခွင့်ပြုထားသော ဧည့်သည်များနှင့် ဒေသခံများကိုသာ ဖြတ်သန်းသွားလာခွင့်ပြုသည့် မော်တော်ဆိုင်ကယ်နှင့် နောက်တွဲခရီးသည်တင်ယာဉ်လမ်းများကို ဆောက်လုပ်ခဲ့သည်။ သို့သော် ယာဉ်အကြီးများ မောင်းနှင်ခြင်းမပြုနိုင်ရန်နှင့် အခြားဒေသများနှင့် ဆက်သွယ်မှု အရမ်းမကောင်းစေရန် ရည်ရွယ်ချက်ရှိရှိ လမ်းများကို အရည်အသွေးလျော့ချ ဆောက်လုပ်ခဲ့သည်။

ဒေါနအရှေ့ဘက်ဒေသတွင် EAO နှင့် လူထုအခြေပြုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ထိုအလားအလာများကို သိရှိသဘောပေါက်ကြောင်း အကြိမ်ကြိမ်ပြသခဲ့သည်။ သို့သော် ဒေသခံပြည်သူများအတွက် အကျိုးရှိမည့်ကိစ္စနှင့်လည်း ချိန်ထိုးစဥ်းစားရန်လိုကာ ၎င်းအဖွဲ့အစည်းများ ကိုယ်တိုင်လည်း ထိုလမ်းများကို အသုံးပြုနေရခြင်းဖြစ်သည်။ DKBA မှ တပ်မှူးတစ်ယောက်က ထိုအခြေအနေများကို ယခုကဲ့သို့ အကျဉ်းချုပ်ပြသည်။ -

> *လမ်းတွေမှာ ကောင်းတဲ့အချက်ရော ဆိုးတဲ့အချက်ရောရှိတယ်။ ဒေသခံလူထုတွေအတွက် သွားလာဆယ်သွယ်ရေး လွယ်ကူအောင် လုပ်ပေးတယ်။ မိုးတွင်းမှာတောင် မြို့ကိုသွားချင်ရင် သွားနိုင်တယ်။ ဒါပေမယ့် မကောင်းတဲ့အချက်က တပ်မတော်ရဲ့လှုပ်ရှားမှုတွေနဲ့ လုံခြုံရေးအခြေအနေတွေပဲ။ လမ်းဆောက်နေတာတွေကို တားလိုက်တယ်ဆိုရင် ပြည်သူတွေမျက်နှာကို မထောက်ရာကျမယ်။ ဒါပေမယ့် တစ်ဖက်မှာကြည့်ရင်တော့လည်း ဒီလမ်းတွေကို စစ်ရေးအတွက် သုံးခဲ့တယ်ဆိုရင်လည်း ကျွန်တော်တို့ လုံခြုံရေးအတွက် ကြည့်ရတော့မယ်။*

ပဋိပက္ခအနေအထားများတွင် လမ်းများ၏ ဒုတိယအကျိုးသက်ရောက်မှုမှာ ကုန်သည်များအား အပြိုင်အဆိုင် အခွန်ကောက်ခံခြင်းဖြစ်သည်။ မှတ်မှတ်ရရအနေဖြင့် ၂၀၁၅ ခုနှစ် နှစ်လယ်ပိုင်းတွင် အာရှလမ်းမကြီးပေါ်တွင် KKO/DKBA မှ အဖွဲ့ခွဲတစ်ဖွဲ့နှင့် မြဝတီနှင့် ကော့ကရိတ်တို့တွင် အခြေစိုက်သော နယ်ခြားစောင့်တပ်ဖွဲ့များအကြား တိုက်ပွဲများဖြစ်ပွားခဲ့သည်။ နောက်ပိုင်းတွင် ထို KKO/DKBA အဖွဲ့ခွဲသည် အဖွဲ့မှ ထုတ်ပယ်ခံခဲ့ရပြီးနောက် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော်အဖြစ်သို့ ပြန်လည်ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့မှ အစိတ်အပိုင်းအချို့သည် ရှမ်းရွာသစ်၊ မဲသဝေါနှင့် မြိုင်ကြီးငူဒေသများအနီးတွင် လှုပ်ရှားနေခဲ့ပြီး ၂၀၁၆ ခုနှစ်အတွင်းတွင်လည်း လမ်းများတစ်လျှောက် ပဋိပက္ခများ ထပ်မံဖြစ်ပွားခဲ့သည်။

လမ်းများဆောက်လုပ်ရာ၌ EAO နှင့် အစိုးရအကြား ပူးပေါင်းဆောင်ရွက်မှုအဆင့် မည်မျှရှိသည်ကို ရှင်းရှင်းလင်းလင်း မသိပေ။ ဒေါနအရှေ့ပိုင်းဒေသတွင် လမ်းများတည်ဆောက်နေသော ကုမ္ပဏီလေးခုအနက် တစ်ခုမှာ DKBA နှင့် ဆက်စပ်နေသည့် ကုမ္ပဏီဖြစ်သည်။ တစ်ချိန်တည်းတွင် ဒေသအဆင့် အကြီးတန်း KNU တာဝန်ရှိသူတစ်ဦးက ၎င်း၏အမြင်ကို ပြောပြသည်။ "လမ်းတွေကို အစိုးရကပဲဆောက်တယ်။ [အစိုးရနဲ့ KNU] အကြီးပိုင်းတွေကြားမှာ ဘယ်လို သဘောတူညီချက်တွေ ရှိသလဲတော့ မသိဘူး။ ကျွန်တော်တို့ကတော့ သူတို့ဆောက်တာကိုပဲ ကြည့်နေရတယ်။" အာရှလမ်းမကြီးဖွင့်ပွဲသို့ KNU ဥက္ကဋ္ဌ မူတူးစေးဖိုးကိုယ်တိုင် တက်ရောက်ခဲ့ပြီး EAO အားလုံးကို အခွန်ဘဏ္ဍာများပေးနေသည့် လမ်းအသုံးပြုသူများထံမှ အခွန်ကောက်ခံရန် တစ်စိတ်တစ်ပိုင်းတရားဝင်သည့် အခွန်ကောက်ခံမှုစနစ်ကို ထူထောင်ခဲ့သည်။ လမ်းများသည်

[138] THWEE Community Development Network et al. (2016). KHRG (2012b), KHRG (2015) တို့ကိုလည်း ကြည့်ပါ။

အစိုးရ အုပ်ချုပ်မှုချဲ့ထွင်ရန်နှင့် စီးပွားရေးသမားများအပါအဝင် ဗမာရွှေ့ပြောင်းနေထိုင်သူများကို ဆွဲဆောင်ပေးသဖြင့် ကရင်ဒေသများကို ဗမာဇာတ်သွင်းရာတွင် အထောက်အပံ့ဖြစ်စေသည်ဟုလည်း ဆိုကြသည်။

## တရားစီရင်ရေးကဏ္ဍ

အစိုးရသည် အပစ်အခတ်ရပ်စဲပြီးသည့်နောက်ပိုင်းတွင် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ခွဲမြို့အားလုံးတွင် ရဲစခန်းများ ဖွင့်လှစ်ခဲ့သည်။ တစ်ချိန်တည်းတွင် KNU ကလည်း ၎င်း၏ရဲတပ်ဖွဲ့ KNPF ကို ဆက်လက်တိုးချဲ့နေခဲ့သည်။ စနစ်နှစ်ခုစလုံးသည် ကျေးရွာအုပ်စုအဆင့် ခေါင်းဆောင်များမှ သတင်းပို့လာသော ရာဇဝတ်မှုအကြီးများနှင့် ထိုအဆင့်တွင် ဖြေရှင်းခြင်း မပြုနိုင်သော အငြင်းပွားမှုများကို ကိုင်တွယ်သည့်ပုံစံဖြင့် အလုပ်လုပ်သည်။[139] စနစ်တကျကောက်ယူထားသော စစ်တမ်းများ မပြုလုပ်ခဲ့သော်လည်း စကားပြောခဲ့သော CBO အဖွဲ့ဝင်များ၏အဆိုအရ ရပ်ရွာလူထုများသည် ၎င်းတို့၏ အမှုများကို အစိုးရထက် EAO သို့မဟုတ် BGF များထံသို့ သွားရောက်တိုင်ကြားလေ့ရှိကြသည်။

KNPF ရဲများ၏ အင်အားတိုးပွားလာမှု၊ သင်တန်းပေးမှုနှင့် လူသူစုဆောင်းမှုကိစ္စများကို ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲမှုများ ပြုလုပ်ပြီးသည့် အချိန်ကတည်းက မြန်မာအစိုးရက စောဒကတက်ခဲ့သည်။ သို့သော် KNPF အား ဆက်လက်ထားရှိခြင်းသည် NCA ၏ယာယီအစီအစဉ်များအတိုင်း ကိုက်ညီမှုရှိသည်ဟု KNU မှခံယူခဲ့သည်။ အထူးသဖြင့် NCA ၏ အပိုင်း ၂၅ (က) တွင် EAO များသည် "၎င်းတို့နှင့် သက်ဆိုင်ရာဒေသအသီးသီး၏ ဖွံ့ဖြိုးရေးနှင့် လုံခြုံရေးတို့အတွက် တာဝန်ရှိနေသည်" ဟု ရှင်းလင်းစွာ ဖော်ပြထားသည်။ ကြားကာလများတွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သော EAO များနှင့် မြန်မာအစိုးရတို့သည် အချို့အစီအစဉ်နှင့် စီမံကိန်းများကို တိုင်ပင်ညှိနှိုင်းလုပ်ဆောင်ကြရမည်ဟု ထိုအပိုင်းတွင် ဆက်လက်ဖော်ပြထားသည်။ ထိုသို့လုပ်ဆောင်ရမည့်အထဲတွင် "ငြိမ်းချမ်းရေး၊ ငြိမ်ဝပ်ပိပြားမှုတို့နှင့် ပတ်သက်သော ကိစ္စရပ်များနှင့် ဒေသများတွင် တရားဥပဒေစိုးမိုးရေးရှိအောင် ဆောင်ရွက်ရန်" နှင့် "မူးယစ်ဆေးဝါးများကို အမြစ်ဖြတ်နှိမ်နင်းရန်" တို့ ပါဝင်သည်။[140]

KKO/DKBA သည် ၎င်းတို့ကိုယ်ပိုင် တရားစီရင်ရေးစနစ်မရှိသောကြောင့် ဆိုးဝါးသောအမှုများကို KNU တရားရုံးများသို့ လွှဲပြောင်းပေးလေ့ရှိသည်။ BGF များကမူ ၎င်းတို့အမှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ လွှဲပေးလေ့ရှိသည်။ ယေဘုယျအားဖြင့် ကရင်ကျေးလက်ဒေသများတွင်ဖြစ်ပွားသော ရာဇဝတ်မှုနှင့် အငြင်းပွားမှုများသည် မည်သည့်နေရာကိုမျှ သတင်းပို့ တိုင်ကြားခြင်း မရှိဘဲ ကျေးရွာခေါင်းဆောင်များနှင့် ရပ်မိရပ်ဖများက ထုံးတမ်းဓလေ့များကို အသုံးပြုကာ ဒေသအဆင့်တွင်သာ ဖြေရှင်းလိုက်ကြသည်ကများသည်။

## လူသားချင်း စာနာထောက်ထားမှု အကူအညီများ

အပစ်အခတ်ရပ်ဒေသများတွင် နိုင်ငံတကာမှ လူသားချင်းစာနာထောက်ထားမှုအကူအညီများ တိုးတက်များပြားလာသည်နှင့်အမျှ ၎င်းတို့၏ လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းခြင်း ထိန်းသိမ်းကြီးကြပ်ခြင်းများ ပြုလုပ်မည့်သူမရှိပေ။ INGO အများစုသည် အစိုးရနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခြင်းဖြင့် စတင်ကြပြီး နောက်ပိုင်းအချို့နယ်မြေများကို ဝင်ရောက်ရန် လိုအပ်မှသာ KNU ကို ချဉ်းကပ်ကြသည်။

ထိုင်းနိုင်ငံ၏ နယ်စပ်ဘက်မှ အထောက်အပံ့များပေးနေသော INGO များသည် CBOs များ KNU လူမှုရေးဌာနများနှင့် ပူးပေါင်းလုပ်ကိုင်လေ့ရှိပြီး KNU က အကောင်အထည်ဖော်မှုအပိုင်းကို တာဝန်ယူလေ့ရှိသည်။ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်တစ်ဦးက "[NGO အသစ်များ ရောက်ရှိလာခြင်းက] အစိုးရနည်းလမ်းအတိုင်း ဝင်လာရင် မရေမရာတွေဖြစ်ကုန်တယ်။ ဘာဖြစ်လို့လဲဆိုတော့ [ဒေသအဆင့် KNU တာဝန်ရှိသူတွေ] သူတို့ကို ဘယ်လိုမှတ်ပုံတင်ပေး၊ ဘယ်လိုခွင့်ပြုပေးရမယ် မသိဘူး။ သူတို့က KNU ဆီကို တန်းလာတယ်ဆိုရင်တော့ ရှင်းရှင်းလေးပဲ။" ဟု ဆိုသည်။

၂၀၁၄ ခုနှစ်တွင် KNU သည် ၎င်း၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မူဝါဒကို ပြုပြင်ခဲ့ပြီး အာဏာပိုင်များကို စီမံကိန်းအားလုံးအတွက် "ခွင့်ပြုချက်များချပေးခြင်း၊ ဖျက်သိမ်းခြင်းများ၊ ခွင့်ပြုမိန့် ပြန်လည်ရုပ်သိမ်းခြင်း၊ အချိန်တိုးမြှင့်ပေးခြင်း" လုပ်ပိုင်ခွင့်အာဏာများ ချပေးခဲ့သည်။ ထို့အပြင် စီမံကိန်းများအားလုံးသည် လက်ရှိ KNU ဌာနများ၏ လုပ်ငန်းများကို အထောက်အကူပြုပြီး ဒေသဆိုင်ရာအဖွဲ့အစည်းများမှလည်း အကောင်အထည်ဖော်ရာတွင် ပါဝင်ခွင့် ရရှိသင့်သည်ဟု ထိုမူဝါဒတွင် ဆိုထားသည်။ KNU စီမံကိန်းများအားလုံး တန်ဖိုး၏ ၁၀%ကို KNU သို့ ပေးအပ်ရမည်ဟု ၂၀၁၅ ခုနှစ်တွင် ကြေညာခဲ့သည်။ ထိုမူဝါဒကို ရေးဆွဲခဲ့သည့် KNUမှ တာဝန်ရှိသူများ၏ အဆိုအရ စီမံကိန်းတန်ဖိုး၏ ၁၀%ကို KNU ဌာနများ သို့မဟုတ် စိစစ်ပြီးသော အကောင်အထည်ဖော်မှု မိတ်ဘက်များအားပေးရန် ရည်ရွယ်ထားခဲ့သည်။ သို့သော် ထိုအချင်းအရာသည် လူသားချင်းစာနာထောက်ထားမှုအကူအညီများအပေါ် တိုက်ရိုက်အခွန်ကောက်ခံခြင်းဟု ကျယ်ပြန့်စွာ ထင်မြင်ကြသဖြင့် နိုင်ငံတကာအလှူရှင်

139 McCartan and Jolliffe (2016).

140 NCA ၏ အုပ်ချုပ်ရေးအပိုင်းတွင် ပါဝင်သော ယာယီအစီအစဉ်များမှ အမှတ် လေးနှင့် ခြောက်။

အသိုင်းအဝိုင်း၏ ဆန့်ကျင်မှုကိုလည်း ခံခဲ့ရသည်။

လက်တွေ့တွင် KNU သည် အထောက်အပံ့စီးဆင်းမှုများကို ထိန်းသိမ်းကွပ်ကဲမည့် တစ်သမတ်တည်းရှိသော စနစ်တစ်ခုကို အောင်မြင်အောင် အကောင်အထည်မဖော်နိုင်ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် တစ်ခါတစ်ရံတွင် အစိုးရနှင့် INGO များသည် အစီအစဉ်တစ်ခုအား ပူးပေါင်း ဆောင်ရွက်လေ့ရှိပြီး နောက်ပိုင်းကျမှသာ KNU နှင့် ထိတွေ့ဆက်ဆံသဖြင့် အကျိုးခံစားနေသူများကို မထိခိုက်စေဘဲ အချို့အစီအစဉ်များကို ရပ်တန့်ရန် မဖြစ်နိုင်တော့ပေ။ ထို့အပြင် KNU ၏ ၂၀၁၄ ခုနှစ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မူဝါဒတွင် ဗဟိုအဆင့်နှင့် ခရိုင်အဆင့် အာဏာပိုင်များတွင် စီမံကိန်းများကို ခွင့်ပြုနိုင်သည့် အာဏာပေးထားသည့်အတွက် ဒေသအမျိုးမျိုးတွင် အလေ့အထအမျိုးမျိုး ဖြစ်ပေါ်လာခဲ့ သည်။ ဒု-ဥက္ကဋ္ဌ နော်စီဖိုးရာစိန်ရေးသားထားသော မူဝါဒစာစောင်အရ "EAO များ ကနဦးအပစ်အခတ်ရပ်စဲရေးတွင် လက်မှတ်ရေးထိုးလိုက်သည် နှင့် တစ်ပြိုင်နက် နိုင်ငံတကာအသိုက်အဝန်းမှ ကိုယ်စားလှယ်များက ဒေသအဆင့်နှင့် ဗဟိုအဆင့် ခေါင်းဆောင်များနှင့် တွေ့ဆုံကာ လူသားချင်းစာနာမှုဆိုင်ရာ ဖွံ့ဖြိုးမှုများ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများနှင့် မိုင်းရှင်းလင်းဖယ်ရှားရေး လုပ်ငန်းစဉ်များအား စတင်လုပ်ဆောင်ရန် ဆွေးနွေးကြ သည်။ EAO များအနေဖြင့် နိုင်ငံတကာအကူအညီများ အလုံးအရင်းနှင့် ဝင်ရောက်လာမှုနှင့် အပစ်အခတ်ရပ်စဲပြီးသည်နှင့် လုပ်ငန်းများစတင်ရန် စီစဉ်ထားမှုတို့အတွက် အဆင်သင့်မဖြစ်သေးပေ။ ထို့ကြောင့် တင်းမာမှုများ ပေါ်ပေါက်လာခြင်းဖြစ်သည်။"[141]

KNU သည် တစ်ချိန်တည်းတွင် အစိုးရထံမှ လူသားချင်းစာနာသော အထောက်အပံ့များကို ပိတ်ပင်ခဲ့သည်။ ဥပမာ - အစိုးရက မူးတရောခရိုင် အတွင်းရှိ အစာရေစာ မလောက်ငမှုများဖြစ်ပေါ်နေသည့် လူထုများသို့ ဆန်ချေးငွေပေးရန် ကြိုးစားခဲ့သော်လည်း ပိတ်ပင်ခံခဲ့ရသည်။ အစိုးရက နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြား၊ ချေးငွေနှင့် အခြားပစ္စည်းများကို ပေးအပ်ရန် ကမ်းလှမ်းခဲ့သော်လည်း KNU မှ ပိတ်ပင်ခဲ့သည်ဟု မူးတရော ခရိုင် အခြားအပိုင်းမှ လယ်သမားက ပြောပြသည်။ ၎င်းကပင် "သူတို့က စောင့်နေရတယ်။ ပြီးတော့ ဘာမှဖြစ်မလာဘူး။ အဲဒါကြောင့် ရွာသားတွေ က သိပ်မကျေနပ်ဘူး" ဟုဆိုသည်။

နေရပ်စွန့်ခွာထွက်ပြေးလာသူများနှင့် စစ်ဘေးရှောင်များကို နေရပ်သို့ပြန်ပို့ရန် ကနဦးကြိုးစားမှုများနှင့်အတူ အုပ်ချုပ်ရေးနှင့် နိုင်ငံရေး အနေ အထားသစ်များ ပေါ်ထွက်လာသည်။ အထူးသဖြင့် ထောင်သောင်းများစွာသောသူများက တပ်မတော်၏ ဖြတ်လေးဖြတ်စစ်ဆင်ရေးအတွင်းက တားမြစ်ကန့်သတ်ထားသောဒေသများအတွင်းသို့ပြန်ရန်ကြိုးစားနေခြင်းဖြစ်သည်။[142]ထိုနေရာများတွင်နှစ်ပေါင်းများစွာလူနေထိုင်မှုမရှိတော့ဘဲ စစ်ရေးလှုပ်ရှားမှုများသာရှိသဖြင့် KNU နှင့် အစိုးရတို့၏ တရားဝင်အုပ်ချုပ်ရေးအဖွဲ့အစည်းများလည်း မရှိပေ။ ထို့ကြောင့် အစိုးရနှင့် KNU နှစ်ရပ်လုံးသည် အုပ်ချုပ်ရေးကို အစမှတည်ထောင်ရန် လိုအပ်သဖြင့် ယှဉ်ပြိုင်မှုနှင့် ပူးပေါင်းလုပ်ဆောင်မှု ပုံစံသစ်များဖြစ်ပေါ်လာသည်။ အချို့အခြေအနေများတွင် KNUနှင့် အစိုးရအာဏာပိုင်များက မည်သည့်အဖွဲ့က မည်သည့်ကျေးရွာကို အုပ်ချုပ်မည်ဟူသော ဒေသအဆင့် သဘောတူညီမှုများ ရယူကြသည်။ ဥပမာ - တော်ဦးခရိုင်အတွင်းရှိ ပြန်လည်ရွှေ့ပြောင်းလာသော နေရာများတွင် မြစ်ကမ်းပါးတစ်ဖက်ရှိရွာများမှ အိမ်ထောင်စုများကို GAD မှ မှတ်ပုံတင်ထားပြီး အခြားတစ်ဘက်ရှိရွာများမှ အိမ်ထောင်စုများကို KNU က မှတ်ပုံတင်ထားပေးသည်။ အပစ်အခတ်ရပ်စဲသွားသည့် အခြေအနေများတွင် ပြန်လည်ပြောင်းရွှေ့နေထိုင်သူများအတွက် အုပ်ချုပ်ရေးနှင့် နိုင်ငံရေးအနေအထားများနှင့် ပတ်သက်ပြီး မည်သို့အကူအညီများပေးနိုင်ကြောင်းကို သိရှိနိုင်ရန်အတွက် သုတေသနများ ထပ်မံလုပ်ရန် လိုအပ်နေပါသည်။

[141] ၂၀၁၆၊ ဇန်နဝါရီလတွင် ဒု-ဥက္ကဋ္ဌ မှ ဖြန့်ဝေခဲ့သော "A Brief NCA History, the NCA's Flaws and Failings." မှ ကောက်နုတ် တင်ပြထားခြင်းဖြစ်ပါသည်။

[142] အလုပ်လုပ်နိုင်သည့်အရွယ်များမှာ ပထမဆုံးပြန်လာသူများဖြစ်ပြီး ပြန်လည်ပြောင်းရွှေ့နိုင်ရန် အနေအထားများကို ဖန်တီးကြသည်။ လယ်များအနီးတွင် အခြေခံ နားခိုရာများ တည်ဆောက်ခြင်း၊ အခြားရွာသားများနှင့် ပူးပေါင်းကာ ရွာပြန်တည်ခြင်း စသည်တို့ကို လုပ်ဆောင်သည်။ အသက်အရွယ်ကြီးရင့်သော မိသားစုဝင်များနှင့် ကလေးများသည် ဝန်ဆောင်မှုများရရှိနိုင်ပြီး တည်ငြိမ်အေးချမ်းမှုရှိသော နေရာများတွင်သာ ကျန်နေလေ့ရှိကြသည်။ ရံဖန်ရံခါတွင် ထိုနေရာများ သည် စစ်ဘေးရှောင် နှင့် IDP စခန်းများ၊ ရွှေ့ပြောင်းရွာများ သို့မဟုတ် ၎င်းတို့အား ခိုနားခွင့်ပေးထားသည့် အိမ်ရှင်ရွာများဖြစ်ကြသည်။

## အပိုင်း ခုနစ် - အပြောင်းအလဲကို တုံ့ပြန်ခြင်း

ရာထူးအဆင့်အသီးသီးတွင် တာဝန်ယူထားသော KNU အကြီးအကဲများသည် မြေယာဆိုင်ရာ မြိမ်းခြောက်မှုနှင့် အခွင့်အလမ်းအသစ်များကြောင့် ဖြစ်ပေါ်လာသော အပြောင်းအလဲများအား မည်သို့စီမံခန့်ခွဲမည်ကို ဆုံးဖြတ်ချက်ချရာတွင် အခက်အခဲများတွေ့ခဲ့ရသည်။ အပစ်အခတ်ရပ်စဲရေးကို ထိန်းသိမ်းနိုင်ရမည်ဟူသော အချက်နှင့်၊ နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုကို လုပ်ဆောင်ရမည်ဟူသော အချက်တို့အား ဦးစားပေးလုပ်ငန်းများအဖြစ် လုပ်ဆောင်ရန် KNU အဖွဲ့အစည်းအတွင်း သဘောတူညီ လက်ခံထားသည်ကိုလည်း တွေ့ရသည်။ သို့သော်လည်း အစဉ်အလာအရ KNU ထိန်းချုပ်ခဲ့သော နေရာအချို့တွင် ၎င်းတို့ကိုယ်တိုင် အဓိကအရပ်သား အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်အဖြစ် ဆက်လက်ရပ်တည်နိုင်ခြင်း မရှိတော့ခြင်းကို ထိန်းညှိနေခဲ့ရသောကြောင့် အစိုးရ၏ မဟာဗျူဟာမြောက် အာဏာချဲ့ထွင်လာမှု အန္တရာယ်ကို အစည်းအရုံးအတွင်း ကြောင့်ကျနေရသည်။ နေရာအများစုတွင် နိုင်ငံတော်အစိုးရသည် ဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများ ဖြည့်ဆည်းနိုင်မှု စွမ်းဆောင်နိုင်ရည်တွင် KNU ထက် ပိုမိုသာလွန်စွာ ဆောင်ရွက်နိုင်သည်ကိုလည်း တွေ့မြင်နေရသည်။

### KNU အဖွဲ့အစည်းအတွင်း ကြောင့်ကျမှုများ

အပစ်အခတ်ရပ်စဲထားသော နေရာများသို့ အစိုးရ လျင်မြန်စွာဝင်ရောက်လာခြင်းသည် KNU နှင့် KNLA အဖွဲ့အစည်းများအတွင်း မသေချာမရေရာမှုများ ဆက်လက်ဖြစ်ပေါ်အောင် ဖန်တီးနေခဲ့သည့်အပြင်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ယုံကြည်မှုကိုလည်း ထိခိုက်စေသည်။ အထူးသဖြင့် အဖွဲ့အစည်းအတွင်းရှိ တာဝန်ရှိသူအများအပြားသည် သိသာထင်ရှားသော နိုင်ငံရေးဖြစ်စဉ် တိုးတက်မှုများ မရရှိခင်အထိ ဖွံ့ဖြိုးမှုလုပ်ငန်းများကို ရပ်နားထားရန် တောင်းဆိုခဲ့ကြသည်။ ၂၀၁၅ ခုနှစ်တွင် အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်မှုများ၌ အနီးကပ် ပါဝင်ဆောင်ရွက်လျက်ရှိသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးက ထိုပြဿနာကို အောက်ပါအတိုင်း ရှင်းပြခဲ့သည်။

> အပစ်အခတ်ရပ်စဲရေးနဲ့ပတ်သက်ပြီး လိုက်နာဆောင်ရွက်ရမယ့် စည်းမျဉ်းတစ်ခုကို KNU အနေနဲ့ရေးဆွဲမယ်၊ ပြီးမှ နိုင်ငံရေးဆွေးနွေးမှုကို ဖွံ့ဖြိုးမှုလုပ်ငန်းတွေ မဖော်ဆောင်ခင် လုပ်စေချင်တယ်။ ဒါပေမယ့် ကျွန်တော်တို့က အပစ်အခတ်ရပ်စဲရေး အဆင့်မှာပဲ ရှိသေးအချိန်မှာ သူတို့ကို ကျွန်တော်တို့နယ်မြေတွေမှာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ စလုပ်နေတယ်... [ဆွေးနွေးညှိနှိုင်းမှုတွေမှာ] သူတို့က ကျွန်တော်တို့ထက် စွမ်းဆောင်နိုင်ရည် ပိုရှိတယ်။ အဲဒီတော့ ကျွန်တော်တို့ဘက်က တောင်းဆိုမှုတွေလုပ်နေပေမယ့် နောက်ဆုံးတော့ သူတို့လုပ်စေချင်တာကိုပဲ လိုက်လုပ်နေရသလို ခံစားရတယ်။"143

အထူးသဖြင့် KNLA တပ်မှူးများက အစိုးရ၏ ဖွံ့ဖြိုးရေးမှတစ်ဆင့် အုပ်ချုပ်ရေးတိုးချဲ့ခြင်းနှင့် စပ်လျဉ်းကာ ပေါ်ပေါက်လာဖွယ်ရှိသော ဗျူဟာကျစိန်ခေါ်မှုများကို နစ်လိုခြင်းမရှိပေ။ စာရေးသူနှင့် ဆွေးနွေးရာတွင် KNLA တပ်မဟာ ခုနစ်ခုအနက်မှ ခြောက်ခုကို ဦးစီးသည့် တပ်ရင်းမှူးများက အစိုးရမှအုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ တိုးချဲ့လာခြင်းသည် ၎င်းတို့ လတ်တလော တွေ့ကြုံနေရသည့် အကြီးမားဆုံးသော လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ပြောကြားခဲ့ပြီး တပ်မတော်၏ တပ်အင်အားတိုးချဲ့ခြင်းကိုမူ စိုးရိမ်ဖွယ်တစ်ရပ်အနေဖြင့် ရှုမြင်မှု အနည်းငယ်သာ ရှိသည်။[144] NGO အဖွဲ့အစည်းများစွာ လုပ်ကိုင်လျက်ရှိသော ပိုင်ကျုံနှင့် ရှမ်းရွာသစ် မြို့နယ်ခွဲမြို့များ အပါအဝင် KNLA တပ်မဟာ ၇ က ထိန်းချုပ်ထားသော နယ်မြေများရှိ တပ်ရင်းမှူးများသည် လူမှုရေးဆိုင်ရာဝန်ဆောင်မှုများတွင် အစိုးရမှ ရင်းနှီးမြှုပ်နှံနေမှုများအား အဓိက ခြိမ်းခြောက်မှုတစ်ရပ်အနေဖြင့် သတ်မှတ်ထားသည်။[145]

KNLA တပ်မဟာ ၄ ရှိ တပ်ရင်းမှူးများက သဘာဝအရင်းအမြစ်များ ထုတ်ယူခြင်းနှင့် ကြီးမားသော အခြေခံအဆောက်အဦများ တည်ဆောက်ခြင်း စီမံကိန်းများသည် ၎င်းတို့ကို ကြောင့်ကျမှုအဖြစ်စေဆုံးဟု ပြောကြားခဲ့သည်။ ၎င်းတို့အနေဖြင့် ကချင်ပြည်နယ် လွတ်မြောက်ရေးအဖွဲ့ (KIO) ကဲ့သို့သောအခြေအနေမျိုး ကြုံတွေ့ရမည်ကို စိုးရိမ်နေကြသည်။ KIO သည် ၁၇ နှစ် ကျော် တပ်မတော်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရရှိခဲ့ပြီးနောက်ပိုင်း ၎င်း၏နယ်မြေများတွင် SPDC အစိုးရနှင့် ချိတ်ဆက်နေသော သဘာဝသယံဇာတတူးဖော်ထုတ်ယူသည့် စီမံကိန်းများ အလွန်အမင်း များပြားလာခဲ့သည်ကို တွေ့မြင်ခဲ့ရသည်။ တပ်ရင်းမှူးတစ်ယောက်က ယခုကဲ့သို့ ပွင့်လင်းစွာ ပြောကြားခဲ့သည်။ "နိုင်ငံခြားကုမ္ပဏီတွေက ကျွန်တော်တို့ရဲ့ ရင်းမြစ်တွေအကုန်လုံးကို လာယူတယ်။ သစ်တောတွေနဲ့ မြစ်တွေကို ဖျက်ဆီးတယ်၊ ကျွန်တော်တို့လည်း ကချင်တွေလိုပဲ စစ်ပြန်တိုက်မယ်။" KIO အနေဖြင့် ထိုသို့ နစ်နာမှုများကြောင့် ပဋိပက္ခများကို ပြန်လည်စတင်ခဲ့ခြင်း ဖြစ်သည်ဟုဆိုလျှင် ရာနှုန်းပြည့်

---

[143] ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် တစ်ဦးနှင့် တွေ့ဆုံဆွေးနွေးခြင်း (၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ)

[144] ဆွေးနွေးပွဲတွင်မပါဝင်သည့် တစ်ခုတည်းသော တပ်ဖွဲ့မှာ KNLA တပ်မဟာ ၁ ဖြစ်သည်။

[145] KNLA တပ်ရင်းမှူးများနှင့် အဖွဲ့လိုက်ဆွေးနွေးခြင်း (၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ)။ ပါဝင်ဆွေးနွေးသူ အများအပြားက ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ စိုးရိမ်မှုများကို ပြောကြားခဲ့ကြသည်။သို့သော် KNLA တပ်မဟာ ၇ ၏ တပ်ရင်းမှူးများက ထိုကိစ္စရပ်များကို အရေးပါဆုံးအဖြစ် ပြောဆိုခဲ့ကြသည်။ အကြမ်းအားဖြင့် ၎င်း၏ တပ်မဟာသည် အစိုးရ၏ ဘားအံနှင့် လှိုင်းဘွဲ့ မြို့နယ်များနှင့် မြဝတီနှင့် ကော့ကရိတ် မြို့နယ်များ၏ မြောက်ပိုင်းတို့တွင် လှုပ်ရှားသည်။ သို့သော်၊ ပိုင်ကျုံနှင့် ရှမ်းရွာသစ်တို့ကိုမူ ထည့်သွင်းပြောဆိုခြင်း မရှိပါ။

မမှန်ကန်သော်လည်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကြီးအကျယ်လုပ်ဆောင်ခြင်းနှင့်ပတ်သက်သည့် အပြောင်းအလဲမှုများက ထိုတင်းမာမှုများကို ပိုမိုဆိုးရွားစေခဲ့သည်မှာ အသေအချာပင်သည်။[146] KNU အမာခံဒေသများတွင် သမားရိုးကျ အသက်မွေးဝမ်းကြောင်းမှုများနှင့် သဘာဝအရင်းအမြစ်များကို ကာကွယ်ရန်ရမည်ဟူသော ပူပန်မှုများ ရှိနေသည်။

ထို့အပြင် KNU ခေါင်းဆောင်များက ၎င်းတို့ ထိန်းချုပ်ရာနေရာများရှိ အစိုးရ၏ လူမှုဝန်ဆောင်မှုများအတွက် နိုင်ငံတကာအသိုင်းအဝိုင်းက ထောက်ပံ့ပေးနေခြင်းသည် လူထုမှ အစိုးရဘက်သို့ အလေးသာစေသည့်အပြင် KNU ၏ ညှိနှိုင်းတောင်းဆိုနိုင်မှုကို အားနည်းစေသည်ဟု ထင်မြင်သည့်အတွက် နယ်မြေအတွင်း တင်းမာမှုများ ဖြစ်ပေါ်လာစေခဲ့သည်။ မူတရောခရိုင် အခြေစိုက် KNLA တပ်မဟာ ၅ မှ စစ်ဦးစီးချုပ်၏ ပြောကြားချက်အရ "နိုင်ငံတကာအသိုင်းအဝိုင်းက အစိုးရကိုပဲ အထောက်အပံ့ပေးတယ်။ သူတို့က ကျွန်တော်တို့ပြည်သူတွေအတွက် လုပ်ပေးတော့ ပြည်သူတွေက အစိုးရအုပ်ချုပ်တဲ့ လူတွေလိုပဲ ဖြစ်လာတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ ညှိနှိုင်းတွေ့ဆုံပွဲတွေကိုသွားရင် ကျွန်တော်တို့ ဘာသွားပြောမလဲ။ ဘာလို့လည်းဆိုတော့ ပြောလိုက်ရင် ကျွန်တော်တို့မှာ ပြည်သူတွေရှိမှာ မဟုတ်တော့ဘူး။"[147]

ရပ်ရွာအဆင့် KED အုပ်ချုပ်ရေးမှူးတစ်ယောက်၏ အဆိုအရ "အစိုးရကတော့ နိုင်ငံတကာအထောက်အပံ့တွေကြောင့် နာမည်ကောင်းရတာပေါ့။ နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ အစိုးရကိုပဲ မထောက်ပံ့သင့်တဲ့အပြင်၊ ဘက်မလိုက်သင့်ဘူး... အဲဒီထောက်ပံ့ငွေတွေက အစိုးရနာမည်ကောင်းရဖို့ပဲ ဖြစ်လာပြီး သူတို့က ကျွန်တော်တို့ ပြည်သူတွေကို ထိန်းချုပ်သွားလိမ့်မယ်။"[148] လက်တွေ့တွင် ကျန်းမာရေးနှင့်ပညာရေးကဲ့သို့သော ဝန်ဆောင်မှုများအတွက် အစိုးရ၏ ကိုယ်ပိုင်ဘတ်ဂျက် တိုးမြှင့်လာခြင်းက နိုင်ငံတကာအထောက်အပံ့များထက် ပိုမို၍ ၎င်း၏အုပ်ချုပ်မှု တိုးချဲ့ခြင်းအတွက် အကျိုးအမြတ်ဖြစ်စေခဲ့သည်။[149] မည်သို့ပင်ဆိုစေကာမူ မကြာသေးမီနှစ်များအတွင်းက နိုင်ငံတကာ အသိုင်းအဝိုင်းမှ ထိုကဏ္ဍများအတွက် ငွေကြေးနှင့် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့များပေးခဲ့သည့်အတွက် အစိုးရ၏ ဖွံ့ဖြိုးမှုအစီအစဉ်များကို တရားဝင်အသိအမှတ်ပြုမှု မြင့်တက်လာစေခဲ့သည်။ ထို့ကြောင့် အစိုးရအုပ်ချုပ်ရေး တိုးချဲ့ရန်အားထုတ်မှုကိုလည်း  အားကောင်းစေခဲ့သည်။

KNU ကိုယ်စားလှယ်များက အစိုးရထံမှလာသော အထောက်အပံ့များလမ်းကြောင်းအသစ်များသည် KNU နှင့် ၎င်း၏ အုပ်ချုပ်မှုအောက်တွင် ကြာရှည်စွာတည်ရှိခဲ့သော်လည်း အစိုးရဝင်ရောက်ခွင့်ရှိသော ဒေသများရှိ လူထုများအကြား တင်းမာမှုများ ဖြစ်ပေါ်စေသည်ဟု ဆိုခဲ့ကြသည်။ "KNU အနေနဲ့ ဒေသခံတွေကို အစိုးရလိုမျိုး ထောက်ပံ့မှုတွေ အထူးသဖြင့် ပညာရေးနဲ့ ကျေးရွာခေါင်းဆောင်တွေအတွက် လစာငွေပေးတာမျိုးတွေ မလုပ်နိုင်တာကြောင့် တချို့ရွာသားတွေက KNU အပေါ် နားလည်မှုလွဲနေကြတယ်" ဟု ရပ်ရွာအဆင့် အုပ်ချုပ်ရေးမှူးတစ်ယောက်က ပြောကြားခဲ့သည်။[150] KNU ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်တစ်ဦးကလည်း " အစိုးရက ရွာတွေကိုသွားပြီး ပေးကမ်းတာတွေလုပ်နေတယ်။ ဒါပေမယ့်ကျွန်တော်တို့လူတွေကနိုင်ငံရေးလုပ်ငန်းစဉ်ရဲ့အရေးပါပုံကိုနားမလည်တော့အစိုးရက သူတို့အတွက်တိုးတက်မှုတွေလုပ်ပေးနေတယ်လို့ ရိုးရိုးလေးပဲ တွေးကြတယ်။  ပိုကြီးတဲ့ ပြဿနာတွေကို နားမလည်ကြဘူး"[151] ဟူ၍ပြောကြား သွားခဲ့သည်။

KKO/DKBA မှ အကြီးအကဲတစ်ဦးကလည်း အလားတူကြောင့်ကျမှုများကို အောက်ပါအတိုင်း ပြောကြားခဲ့သည်။ "အစိုးရက အရပ်သားတွေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို သွေးခွဲဖို့လုပ်နေတယ်လို့ ကျွန်တော်တို့အနေနဲ့ ခံစားရတယ်။ ဒါကလွဲမှားတဲ့ သဘောထားတစ်ရပ်လို့ မြင်တယ်။ အစိုးရရဲ့ အုပ်ချုပ်စီမံမှုကို ကျွန်တော်တို့ လက်ခံတယ်၊ ဒါပေမယ့် သူတို့ရဲ့ချဉ်းကပ်ပုံက မှားနေတယ်။ ငြိမ်းချမ်းရေးသာရှိရင် [အစိုးရအုပ်ချုပ်မှု ကျယ်ပြန့်လာတာကို] လက်ခံပါတယ်။ ဒါပေမယ့် အခုက အရမ်းစောနေသေးတယ်။" ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ၌ ကျင်းပခဲ့သည့် ကရင်တော်လှန်ရေးနေ့အခမ်းအနားသို့ တက်ရောက်လာသော KNLA ၊ KNDO ၊ KKO/DKA နှင့် KPC တပ်သားများကို ဗိုလ်ချုပ်နာဒါးမြမှ မိန့်ခွန်းပြောကြားရာတွင် ၎င်းနှင့် ၎င်း၏ရဲဘော်များက "စစ်မှန်သော ငြိမ်းချမ်းရေး" ကို ရှာဖွေရန် ကြိုးစားမှုများကို ထောက်ခံအားပေးသော်လည်း အစိုးရအနေဖြင့် ၎င်းတို့အဖွဲ့၏ နယ်မြေများတွင် အပစ်အခတ်ရပ်စဲရေးကို အသုံးပြုကာ အုပ်ချုပ်မှုတိုးချဲ့ရန် ကြိုးပမ်းမှုများကို လက်ခံနိုင်မည်မဟုတ် ဟု ဆိုခဲ့သည်။[152]

---

[146] သို့သော် KIO သည် ပဋိပက္ခများဖြစ်ပွားရန် ပြန်လည်စတင်မှုကို မရွေးချယ်ခဲ့ကြောင်းနှင့် ၂၀၁၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခကို တပ်မတော်ကပင် စတင်ခဲ့သည်ဟု ခိုင်ခိုင်မာမာ ပြောဆိုခဲ့သည်။ သို့သော်ငြားလည်း၊ ထိုပဋိပက္ခသည် တင်းမာမှုများ များပြားလာလည့် နောက်ဆက်တွဲနှစ်များ နှင့် အထူးသဖြင့် ဆည်ကဲ့သို့သော SPDC အစိုးရဦးစီးလုပ်ဆောင်ခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအပေါ် အငြင်းပွားမှုများသည် အဓိကအချက်ဖြစ်သည်ဟု နှစ်ဘက်စလုံးက ပြောကြားခဲ့သည်။ KNLA တပ်မဟာ ၄ နေရာဖြစ်သော မြိတ်-ထားဝယ် ခရိုင်သည် အပစ်ရပ်စဲ ကာလ ကတည်းက စီးပွားလုပ်ငန်းများနှင့် အပြည့်နှက်နေဆုံးဖြစ်နေသည်ဟု မှတ်သားသင့်သည်။

[147] တပ်မဟာ ၅ ၏ စစ်ဦးစီးချုပ်နှင့် တွေ့ဆုံမေးမြန်းခြင်း (နိုဝင်ဘာလ ၂၀၁၅)။

[148] အရှေ့ဒေါနဒေသ KED အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံမေးမြန်းခြင်း (အောက်တိုဘာ ၂၀၁၅)။

[149] Jollife and Spears-Meers (2016) and Davis and Jolliffe (2016) တို့ကို ကြည့်ပါ။

[150] အရှေ့ဒေါနဒေသ ဥက္ကဋ္ဌနှင့် တွေ့ဆုံမေးမြန်းခြင်း(အောက်တိုဘာ ၂၀၁၅)။

[151] ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း (ဖေဖော်ဝါရီ ၂၀၁၄)။

[152] စာရေးသူ၏ အခမ်းအနားတွင် မှတ်ယူထားသော မှတ်စုများ (ကရင်ပြည်နယ်၊ ဖေဖော်ဝါရီ ၂၀၁၆)။

## KNU အတွင်း မတူညီသောအမြင်များ

အထက်တွင်ဖော်ပြခဲ့သည့် ပူပန်မှုများ ရှိနေသော်လည်း KNU နှင့် KNLA ခေါင်းဆောင်များ၏ ဖွံ့ဖြိုးရေးအပေါ် ထားရှိသော သဘောထားများနှင့် အစိုးရ သို့မဟုတ် တပ်မတော်တို့နှင့် မည်သည့်အတိုင်းအတာအထိ ပူးပေါင်းဆောင်ရွက်လိုကြသည် ဟူသော သဘောထားများတွင် ကွဲပြားမှုများရှိကြောင်း တွေ့ရသည်။ ထိုသို့ သဘောထားကွဲလွဲမှုများသည် တစ်ခါတစ်ရံတွင် ၎င်းတို့ကြား ဂိုဏ်းဂဏကွဲပြားမှုများအတိုင်း သွားလေ့ရှိသော်လည်း တစ်သတ်မတ်တည်းလည်း ခန့်မှန်းမရပေ။ ထိုအခြင်းအရာက ခေါင်းဆောင်များအနေဖြင့် မတူညီသောကိစ္စရပ်များကို မျှတအောင် ဆောင်ရွက်နေရပြီး အခြေအနေသစ်များအတိုင်း လိုက်လျောညီထွေ ထိန်းညှိနေရသည်ကို တွေ့ရှိရသည်။ တစ်ဖက်တွင်လည်း ခေါင်းဆောင်များသည် တိုးတက်များပြားလာသော ဖွံ့ဖြိုးရေးလုပ်ငန်းများမှ အကျိုးကျေးဇူးများကို အများဆုံးရယူနိုင်ရန် ကြိုးစားနေကြပြီး ငြိမ်းချမ်းရေးအလို့ငှာ အစိုးရနှင့် အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်ရန် လုပ်ဆောင်နေကြသည်။ အခြားတစ်ဖက်တွင် ၎င်းတို့သည် နိုင်ငံရေးပြေလည်မှုများ မရရှိခင် မိမိတို့နယ်မြေများနှင့် လူထု၏ထောက်ခံအားပေးမှု ဆုံးရှုံးမည့်အရေးကို စိုးရိမ်နေကြသလို သဘာဝအမွေအနှစ်များနှင့် အသက်မွေးဝမ်းကြောင်းမှုများအပေါ် လူမှုရေး နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများ ရှိလာမည်ကိုလည်း စိုးရိမ်လျက်ရှိသည်။ ခေါင်းဆောင်အများစုမှ ဆုံးဖြတ်ချက်များချရာတွင် အောက်ပါအဓိကအချက် ၃ ချက်ကို ထည့်သွင်းစဉ်းစားလေ့ရှိသည်။ -

- ဒေသခံများအတွက် မည်သည်က အကောင်းဆုံးဖြစ်မည်နည်း။
- KNU ၏ လတ်တလောနှင့် ရေရှည် လှုပ်ရှားမှုများအတွက် မည်သည်က အကောင်းဆုံးဖြစ်မည်နည်း။
- အမြတ်အစွန်းရှာဖွေခြင်း၊ တစ်ဦးခြင်း၏ အာဏာ သို့မဟုတ် တစ်ဦးချင်းလုံခြုံရေး စသည့် တစ်ကိုယ်ကောင်းဆန်သော အကျိုးအမြတ်များအတွက် မည်သည် အကောင်းဆုံး ဖြစ်မည်နည်း။

ထိုအဓိကအချက်များအနက်မှ တစ်ခုချင်းစီကို မည်သည့်ဦးစားပေးထားသည် မည်သို့စဉ်းစားလုပ်ကိုင်သည် စသည့် ကိစ္စများသည်လည်း ခေါင်းဆောင်အလိုက် ကွဲပြားသည်။ ဗဟိုအဆင့်တွင် (အထူးသဖြင့်) ဥက္ကဋ္ဌ ဖဒိုမူတူးစေးဖိုး နှင့် အထွေထွေ အတွင်းရေးမှူး ဖဒိုစောကွယ်ထူးဝင်း တို့သည်  အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ရန် ကုမ္ပဏီအသစ်များနှင့် ဖောင်ဒေးရှင်းအသစ်များ လျင်မြန်စွာ တည်ထောင်မှုတို့ကို ဦးဆောင်ခဲ့ကြသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများကို  ဗဟိုမှ ကြီးကြပ်ဆောင်ရွက်မှုရှိစေပြီး ထိုအစီအစဉ်များကို တာဝန်ယူမှုရှိစွာနှင့် ပြည်သူလူထုအား အကျိုးပြုနေကြောင်း သေချာစေရန် ထိုသို့ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သည့် နည်းလမ်းအား သုံးရန် လိုအပ်သည်ဟု ၎င်းတို့က  ပြောကြားခဲ့သည်။ ထို့အပြင် မြန်မာ့ငြိမ်းချမ်းရေးတည်ဆောက်မှု ထောက်ပံ့ရေး ကနဦးဆောင်ရွက်ချက် (Myanmar Peacebuilding Support Initiative) နှင့် နီပွန်ဖောင်ဒေးရှင်းအစီအစဉ်များမှ ထောက်ပံ့သော KNU နှင့် အစိုးရကြား ငြိမ်းချမ်းရေးတည်ဆောက်မှု ဖွံ့ဖြိုးရေး စီမံကိန်းများတွင်လည်း ဦးဆောင်ပါဝင်လျက်ရှိသည်။

သို့သော် ဒုဥက္ကဋ္ဌ ဖဒိုနော်စီဖိုးရာစိန် အပါအဝင် အခြားသော ဗဟိုကော်မတီဝင်များသည် KNU ၏ "နိုင်ငံရေးသည် ပထမ" ဟူသောခံယူချက်ကို ပြန်လည်ထိန်းသိမ်းရန် လုပ်ကိုင်ခဲ့ပြီး၊ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရာတွင် ၂၀၁၅ ခုနှစ် လူသားချင်းဆိုင်ရာ အထောက်အကူပြုမှု မူဝါဒစသည်တို့မှတစ်ဆင့် KNU ၏ စွမ်းဆောင်ရည်မြှင့်တင်ရန် အလေးထားဆောင်ရွက်လျက်ရှိသည်။ ဒုတိယဥက္ကဋ္ဌက "တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ လက်ရှိအုပ်ချုပ်ရေးတွေနဲ့ နယ်မြေတွေကို နိုင်ငံရေး သဘောတူညီမှုတွေ မရခင်အထိ  ထိန်းသိမ်းထားနိုင်ဖို့ အရေးကြီးပါတယ်"[153] ဟု ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ရေးသားခဲ့သည်။ နိုင်ငံတကာအဖွဲ့အစည်းများက KNU ခေါင်းဆောင်များအား လူသားချင်းစာနာမှုဆိုင်ရာနှင့် ဖွံ့ဖြိုးရေးအစီအစဉ်များလုပ်ဆောင်ရန် ကမ်းလှမ်းခြင်းက ကောင်းမွန်သည့် နိုင်ငံရေး မဟာဗျူဟာတစ်ခု ရေးဆွဲနေခြင်းမှ အာရုံထွေပြားစေသဖြင့် ကရင်ဒေသများတွင် မရေရာမှုများ ပိုမိုဖြစ်ပေါ်စေသည်ဟု ဒု-ဥက္ကဋ္ဌက အပြစ်တင်ခဲ့သည်။

KNU ခေါင်းဆောင်ပိုင်းတွင် ထိုကဲ့သို့ အမြင်ကွဲပြားမှုများရှိသော်လည်း၊ ဂိုဏ်းဂဏကွဲမှု အတိုင်းအတာကို ပုံကြီးမချဲ့သင့်ပါ။ အကြောင်းမှာ ခေါင်းဆောင်များသည် ၂၀၁၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင်ပါရှိသော ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအပေါ် အခြေခံကာ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိသောကြောင့်ဖြစ်သည်။ ထို့အပြင် အပစ်အခတ်ရပ်စဲရေး၊ ဖွံ့ဖြိုးမှုတို့နှင့် စပ်လျဉ်း၍အုပ်ချုပ်ရေးအဆင့်ဆင့်ရှိKNUအဖွဲ့ဝင်များ၏သံသယ သို့မဟုတ်စိတ်အားထက်သန်မှုကွဲလွဲခြင်းသည်အခြားအခြေအနေများပေါ် တွင်လည်း မူတည်နေသည်။ ထိုကွဲလွဲမှုများကို ဂိုဏ်းဂဏ ကွဲပြားမှုဖြင့် လွယ်လွယ်ခွဲခြားမရနိုင်ပေ။

ပထဝီဝင်အနေအထား၊ ဒေသတွင်း ကျား၊ မ အချိုးအစား၊ လူကြီးလူငယ် အချိုးအစား စသည့် အချက်အလက်များနှင့် သမိုင်းကြောင်း အစဉ်အလာများကြောင့် ခရိုင်အသီးသီးသည် လွန်စွာကွဲပြားသော လက်တွေ့ဗျူဟာမြောက် အနေအထားတို့ကို ကြုံတွေ့နေရသည်။ ၁၉၉၅ ခုနှစ်နှင့်

[153] ၎င်းကို ဒု-ဥက္ကဋ္ဌ က ဇန်နဝါရီလ ၂၀၁၆ ခုနှစ်တွင် ဖြန့်ဝေခဲ့သော "A Brief NCA History, the NCA's Flaws and Failings" မှ ကောက်ယူထားသည်။

၂၀၁၁ ခုနှစ်ကြား အုပ်ချုပ်ရေးအနေအထားများကို လေ့လာသုံးသပ်ချက်များအရ အမာခံနေရာများနှင့် အာဏာရေယက်တည်ရှိနေသော နေရာများကို ယေဘုယျနိုင်းယှဉ် ကောက်ချက်ချနိုင်ပါသည်။ အစဉ်အလာအားဖြင့် အချုပ်အခြာအာဏာပိုင်ဆိုင်ခဲ့သော နေရာများတွင် ခေါင်းဆောင်များနှင့် ဒေသခံတို့သည် အများအားဖြင့် မိမိတို့တွင်ရှိသည်များ ကာကွယ်နိုင်လိုစိတ်ရှိပြီး၊ အစိုးရ၏ ဝင်ရောက်ဆောင်ရွက်မှုကို ခြိမ်းခြောက်မှုတစ်ရပ်အနေဖြင့် ထင်မြင်တတ်ကြသည်။ ထိုသို့မဟုတ်ပဲ အာဏာပိုင်အမျိုးမျိုး ရောယှက်နေသော နေရာများတွင်မူ ခေါင်းဆောင်များနှင့် ဒေသခံများသည် အစိုးရနှင့် ဆက်ဆံရေးကို တိုးမြှင့်ရန်၊ ဆယ်စုနှစ်များစွာ ဖိနှိပ်ခံထားရသော ဘဝများမှ လွတ်မြောက်မှုရှာဖွေရန်၊ လူသားဖွံ့ဖြိုးမှုများကို မြှင့်တင်ရန်၊ ဘဏ္ဍာငွေတိုးမြှင့်ရန် (သို့မဟုတ် တစ်ခါတစ်ရံ ကိုယ်ပိုင်အကျိုးအမြတ်များ တိုးမြှင့်ရန်) နှင့် အရပ်ဖက်လုပ်ငန်းစဉ်များ ပိုမို လုပ်ကိုင်နိုင်စေရန်အတွက် လုပ်ဆောင်လိုကြသည်။

**အမာခံဒေသများ**

ရှေ့အပိုင်းတွင် ဆွေးနွေးထားသည့်အတိုင်း၊ တစ်ချိန်က သံလွင်ခရိုင်၏ အချက်အချာနေရာဖြစ်ခဲ့သော "မြောက်ပိုင်းဒေသများ" ကဲ့သို့သော KNU အမာခံဒေသများရှိ ခေါင်းဆောင်များသည် ၎င်းတို့ ထိန်းချုပ်ရာနေရာများတွင် အစိုးရဝင်ရောက်လှုပ်ရှားလာနိုင်မည့် အန္တရာယ်များကို အလွန်ပင် သတိထားကြသည်။ အမှန်တကယ်တွင်လည်း ထိုနေရာဒေသများသည် ဗဟိုအစိုးရ ထိန်းချုပ်မှုအောက်တွင် မရှိသေးပါ (သို့မဟုတ်) ဗဟိုချုပ်ကိုင်သော လွှတ်တော်တွင်ပင် ကိုယ်စားလှယ်ထားရှိခြင်း မရှိသေးပါ။ ထိုနေရာဒေသအများစုတွင် အများအားဖြင့် ကရင်လူမျိုးများသာ နေထိုင်ကြပြီး လူနည်းစုမှာ ဗုဒ္ဓဘာသာဖြစ်သည်။ ထို့ကြောင့် ယင်းဒေသရှိ ဒေသခံအသိုက်အဝန်းသည် အစိုးရ၊ DKBA သို့မဟုတ် အခြားသော ခွဲထွက်အဖွဲ့များနှင့်စာလျှင် KNU နှင့်သာ ပိုမိုနီးကပ်စွာရှိနေသည်။

ထိုခရိုင်များသည် အိမ်နီးချင်းထိုင်းနိုင်ငံနှင့် စီးပွားရေးအရ ပိုမိုဆက်ဆံ လုပ်ကိုင်လျက်ရှိပြီး အခြေခံလူမှုရေးဝန်ဆောင်မှုများ ဖြည့်ဆည်းခြင်းအတွက်လည်း နယ်စပ်ဖြတ်ကျော် အကူအညီရယူမှုကို စနစ်တကျ တည်ဆောက်ပြီးဖြစ်သည်။ ထို့ကြောင့် ၎င်းတို့အနေဖြင့် မြန်မာဘက်သို့ ချိတ်ဆက်ထားသော လမ်းကြောင်းအသစ်များအပေါ်တွင် အလွန်မှီခိုခြင်းထက် နယ်စပ်ဖြတ်ကျော် အကူအညီများရယူသည့် လမ်းကြောင်းများ ဆက်လက်တည်ရှိရေးကို အလေးထား နေကြဆဲဖြစ်သည်။

မူတရောနှင့် တော်ဦးခရိုင် အစိတ်အပိုင်းများရှိ ခေါင်းဆောင်များသည် အစိုးရ၏ တိုးဝင်လှုပ်ရှားမှုများကို အတိုက်အခံလုပ်လျက်ရှိကြသည်။ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်းထက် နိုင်ငံတကာအကူအညီပေးသည့် အဖွဲ့အစည်းများအား ၎င်းတို့ထံ တိုက်ရိုက်အကူအညီပေးရန် တောင်းဆိုခြင်းနှင့် အစိုးရဌာနများ ဝင်ရောက်လိုခြင်းကို ငြင်းဆိုမှုများ ပြုလုပ်ခဲ့ကြသည်။ နှစ်ဦးသဘောတူလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သတ်မှတ်ချက်များကို တပ်မတော်က ငြင်းဆိုပြီး မကြာမီ ၂၀၁၃ ခုနှစ်တွင် ပြောဆိုချက်များအရ KNLA ၏ တပ်မဟာ ၅ နှင့် ၂ တို့တွင် ဩဇာကြီးမားသော KNLA ၏ ဒုတိယ စစ်ဦးစီးချုပ် ဘောကျော်ဟဲ က အောက်ပါအတိုင်း ညည်းညူပြောကြားခဲ့သည်။

> [အပစ်အခတ်ရပ်စဲရေး] ဆွေးနွေးမှုတွေ ရပ်တန့်သွားပြီး စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးမှုနဲ့ တခြားကိစ္စတွေက လုပ်ငန်းစဉ်အပေါ်မှာ နေရာယူလာတယ်။ တစ်ချိန်တည်းမှာ အစိုးရက သူတို့အုပ်ချုပ်တဲ့ နေရာတွေ တိုးချဲ့လာ တယ်။ ဒီတော့ ကျွန်တော်တို့ အုပ်ချုပ်နေတဲ့နေရာတွေနဲ့ပါ လာတူနေတယ်… စီးပွားရေးလုပ်ငန်းတွေကလည်း ကျွန်တော်တို့နေရာတွေမှာ လာပြီး လုပ်ကိုင်ချင်ကြတယ်။ ဒါပေမယ့် အခုက အချိန်မကျသေးဘူး။ အရမ်းစောနေသေးတယ်ဆိုတော့ ကျွန်တော်တို့က မလာနဲ့လို့ ပြောထားတယ်။ ပထမဆုံးအနေနဲ့ ကျွန်တော်တို့က ရေရှည် ထိန်းသိမ်းလို့ရပြီး ကြာရှည်ခံမယ့် အခြေအနေတစ်ရပ် ဖန်တီးဖို့လိုတယ် … ကျွန်တော်တို့မှာ အာမခံချက်ရှိတဲ့ အခွင့်အရေးတွေ မရှိရင်၊ ပြီးတော့ ဘယ်စီးပွားရေးလုပ်ငန်းပဲဖြစ်ဖြစ် ဒါမှမဟုတ် ဘယ်ဖွံ့ဖြိုးမှုလုပ်ငန်း ဆောင်ရွက်မယ့်သူတွေပဲဖြစ်ဖြစ်ကို ဝင်ခွင့်ပြုခဲ့မယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ သူတို့ကို ထိန်းချုပ်လို့ရမှာ မဟုတ်ဘူး။ ဒီကိစ္စတွေကို ကျွန်တော်တို့ စနစ်တကျစီမံခန့်ခွဲမှု မလုပ်နိုင်ဘူးဆိုရင် အနာဂတ်မှာ ကျွန်တော်တို့အတွက် ပြဿနာတွေကို ဖန်တီးလိမ့်မယ်။

မူတရောခရိုင်မှသဘောထားများက ယနေ့တိုင် မပြောင်းလဲဘဲရှိနေသေးသည်။ ခရိုင်ဝန်ထမ်းများနှင့် တပ်မဟာ ၅ မှ တပ်မဟာမှူးက ၎င်းတို့အနေဖြင့် ဒေသခံပြည်သူများ ကောင်းကျိုးအတွက် အပစ်အခတ်ရပ်စဲရေးကို ဆက်လက်ထောက်ခံနေခြင်းဖြစ်သော်လည်း နိုင်ငံရေးအချုပ်အခြာအာဏာကို အာမခံမှုအချို့ မရရှိခင်အထိ ၎င်းတို့အနေဖြင့် ကိုယ်ပိုင်နယ်မြေများကို လက်လွှတ်ရန် ဆန္ဒမရှိဟု ရှင်းပြခဲ့သည်။ KNLA တပ်မဟာ ၅ မှ တပ်မဟာမှူးက ဤသို့ဆိုသည်။ -

> ကျွန်တော်တို့က ကျွန်တော်တို့ ခေါင်းဆောင်တွေ [ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး ဗဟိုကော်မတီဝင်တွေ] နောက်မှာ ရပ်တည်နေတယ်။ သူတို့ကြိုးစားနေတာကို ကျွန်တော်တို့က ထောက်ခံတယ်။ ဒါပေမယ့် သူတို့ကို ဖြည်းဖြည်းသွားစေချင်တယ်။ ဆက်ဆံရေးရုံးကို ကျွန်တော်တို့ ခရိုင်မှာ မထားစေချင်ဘူး ဘာလို့လဲဆိုတော့ အစိုးရကသူတို့အုပ်ချုပ်ရေးကို ဖြန့်ကျက်ပြီး ကျွန်တော်တို့နယ်မြေတွေကို ထိန်းချုပ်ဖို့လုပ်လိမ့်မယ်။

မူတရောခရိုင် အတွင်းရေးမှူးက "ကျွန်တော်တို့က အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုတွေပျက်သွားရင် ဖြစ်လာနိုင်တဲ့ အနေအထားတွေအတွက် ပြင်ဆင်ဖို့ အလေးထားလုပ်နေတယ်။ ... အစိုးရကို မှီခိုဖို့အတွက် ကိစ္စတွေကို မပြောင်းလဲချင်ဘူး" ဟုပြောသည်။ ထို့အပြင် အရာရှိများကလည်း ၎င်းတို့နှင့် တိုက်ရိုက်လုပ်ကိုင်မည့် ဖွံ့ဖြိုးမှု လုပ်ဆောင်သည့် သို့မဟုတ် လူသားချင်းစာနာမှုအထောက်အကူပေးသည့် မည်သည့်နိုင်ငံတကာအဖွဲ့အစည်းနှင့်မဆို ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်သော်လည်း အစိုးရ၏ ခွင့်ပြုချက်အပေါ် မူတည်ပြီးလုပ်ရမည့်လုပ်ငန်းများကို လုပ်ဆောင်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ ဒုတိယစစ်ဦးစီးချုပ်ဘော်ကျော်ဟဲ နှင့် အထက်တွင်ပြောကြားခဲ့သော ခေါင်းဆောင်များသည် ယေဘုယျအားဖြင့် ဖွံ့ဖြိုးရေးနှင့်ပတ်သက်လျှင် ရှေးရိုးအမြင်များကို စွဲကိုင်ထားပြီး၊ ထိုဒေသအတွင်း နှစ်ထောင်ပေါင်းများစွာ တည်ရှိခဲ့သော ကရင်ရိုးရာအစဉ်အလာများကို တန်ဖိုးထားကြသည်။ ခရိုင်အုပ်ချုပ်ရေးသည် သစ်ထုတ်လုပ်ရေးနှင့် အကြီးစားရွှေတူးဖော်ရေး လုပ်ငန်းများ ကြီးကြပ်ကွပ်ကဲမှုတွင် တက်ကြွစွာ လုပ်ကိုင်လျက်ရှိပြီး မူးယစ်ဆေးဝါးနှင့် ထိုကိစ္စများအတွက် စီးပွားရေးလုပ်ငန်းရှင်များ ၎င်းတို့နယ်မြေများသို့ လာရောက်လုပ်ကိုင်ခြင်းနှင့် ခွင့်ပြုလိုခြင်း မရှိပေ။ သို့သော် ထိုဒေသများရှိ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် တပ်ရင်းများမှ တာဝန်ရှိသူများအကြားရှိ အမြင်များသည် ကွဲပြားမှုရှိသည်။ ထို့ကြောင့် ကြီးကြပ်ကွပ်ကဲမှုများကို အမြဲတမ်း အပြည့်အဝ အရေးယူဆောင်ရွက်နိုင်ခြင်း မရှိပေ။

သဘောထားအမြင် ကွဲလွဲမှုများရှိသော်လည်း မူတရော ဒေသခံအများအပြားသည် အစိုးရ၏ ဝင်ရောက်ဆောင်ရွက်မှု တိုးချဲ့လာခြင်းနှင့် ပတ်သက်၍ များစွာသံသယရှိနေသည်ကို ရှင်းလင်းစွာမြင်နိုင်သည်။ လယ်သမားတစ်ဦးက "လုသောဒေသက လူတော်တော်များကို ကျွန်တော် စကားပြောကြည့်ဖူးတယ်။ သူတို့တွေက [ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ ပတ်သက်တဲ့ ကိစ္စရပ်အကုန်လုံးကို] မနှစ်မြို့ဘူးဆိုတာကို အများအားဖြင့် သဘောတူကြပြီး ခေါင်းဆောင်တွေရဲ့ တချို့ဆုံးဖြတ်ချက်တွေကို သဘောမတူကြဘူး၊ အရမ်းစောလွန်းတယ်လို့ ထင်ကြတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်လောက်က ကျွန်တော်တို့ တောထဲကို ထွက်ပြေးနေရတာကို မမေ့သေးဘူး။ အစိုးရက ဒေသခံတွေကို နေရောင်ခြည်သုံး ဆိုလာပြားတွေပေးတယ် ပြီးတော့ သံလွင်မြစ်ကြောင်းတစ်လျှောက် သစ်ထုတ်လုပ်ရေးကို ပိုလုပ်နေတယ်လို့ ကြားတယ် ... အဲ့ဒီတော့ တချို့ ကျွန်တော်တို့ ခေါင်းဆောင်တွေရဲ့ [NCA ကို လက်မှတ်ထိုးဖို့] ဆုံးဖြတ်ချက်ကို ကြားရတာ အရမ်းကို ဝမ်းနည်းမိတယ်"။ ၂၀၁၃ ခုနှစ်တွင်၊ မူတရော ခရိုင်ရှိ ကျောင်းဆရာမတစ်ဦးက အစိုးရ၏ အုပ်ချုပ်ရေးနှင့် ဝန်ဆောင်မှုများ တိုးချဲ့လုပ်ဆောင်လာခြင်းနှင့် ပတ်သက်၍ အုပ်စုဖွဲ့ဆွေးနွေးမေးမြန်းစဉ် ယခုလိုပြောကြားခဲ့သည်။ "ကရင်စနစ်ကြီးတစ်ခုလုံးကို ဖျက်စီးနေတာကို ကျွန်မတို့အားလုံးပဲ ရှင်းရှင်းလင်းလင်း မြင်နေရတယ်။"[154]

## အာဏာပိုင်အမျိုးမျိုး ရောထွေးနေသည့် ဒေသများ

အထက်တွင်ပြောဆိုခဲ့သည်များနှင့် ကွဲပြားစွာပင်၊ ပြည်မနှင့် ဆက်ဆံထိတွေ့မှုများသော ဒေသများရှိ KNU ခေါင်းဆောင်များသည် ပြည်မနှင့် ပေါင်းစည်းမှုကို ပိုမိုကျွမ်းဝင်မှုရှိပြီး၊ မည်သည့်ကိစ္စရပ်ကိုမဆို ငြင်းဆန်မှုနည်းပါးသည်။ အထူးသဖြင့် ဒူးသထူး၊ ဘားအံနှင့် ဒူးပလာယာ ခရိုင်များရှိ နေရာဒေသအများစုတွင် လူမျိုးစုံလင်စွာရှိပြီး၊ ကိုလိုနီခေတ်ကတည်းက အစိုးရအာဏာပိုင်များနှင့် ထိတွေ့ဆက်ဆံသည့် အခြေအနေမျိုး ရှိနေခဲ့သည်။[155] ထိုဒေသများသည် ၁၉၉၀ ပြည့်နှစ် အလယ်ကာလများကတည်းက တပ်မတော်နှင့် ၎င်း၏ မဟာမိတ်များလက်အောက်တွင် ကျရောက်လျက်ရှိပြီး၊ ဒေသခံများနှင့် KNU ၏ ဆက်ဆံရေးအပေါ် ထိခိုက်မှုများရှိလာခဲ့သည်။ ထိုခရိုင်များသည် ဒေသကောင်းကျိုးအတွက် နယ်စပ်ဖြတ်ကျော် အထောက်အကူများရယူခြင်းနှင့် ဝေးကွာခဲ့ပြီး၊ ထိုဒေသခံများသည် စီးပွားရေးအရ ပြည်မနှင့်သာ ပေါင်းစည်းဆက်ဆံမှုများခဲ့သည်။ ထို့ကြောင့် ထိုဒေသများရှိ KNU ခေါင်းဆောင်များသည် ၎င်းတို့၏ယခင်ရန်ဘက်ဖြစ်ခဲ့သူများနှင့် ဆက်ဆံရေးပြန်လည်တည်ဆောက်ရန်နှင့် ၎င်းတို့ဒေသများတွင် အရှိန်အဟုန်ဖြင့်ဖြစ်ပေါ်နေသော ဖွံ့ဖြိုးမှုများမှ ကောင်းကျိုးခံစားရရေးကို ပို၍မျှော်လင့်ကြသည်။

NCA ကို လက်မှတ်မထိုးမီ ပြောဆိုမှုများအရ ဒေါနဒေသအရှေ့ပိုင်းရှိ KNU နှင့် DKBA ခေါင်းဆောင်များသည် တစ်ဖွဲ့နှင့် တစ်ဖွဲ့ဆက်ဆံရေး မြှင့်တင်ရန်နှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တိုးတက်စေရန်၎င်းတို့၏အုပ်ချုပ်ရေးကိုပိုမိုကောင်းမွန်အောင်ပြုလုပ်ခဲ့ပြီးထိုအနေအထားများမှတစ်ဆင့် NCA အလွန်တွင်တိုးတက်မှုများ ထပ်မံဖြစ်ထွန်းရန် မျှော်လင့်ခဲ့ကြသည်။ အရှေ့ဒေါန KNU အုပ်ချုပ်ရေးအဖွဲ့နှင့် နီးကပ်စွာလုပ်ကိုင်လျက်ရှိပြီး KNU နှင့်ဆက်စပ် အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် ကရင်လူငယ်အစည်းအရုံး (KYO) မှ လူငယ်တစ်ဦးက "အခြေအနေတွေက ပိုပြီး တိုးတက်လာပါတယ်၊ ကျွန်တော်တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်လုပ်ရမယ်။ NCA ကို လက်မှတ်ထိုးပြီးတဲ့အခါ အခြေအနေတွေက ဆက်ပြီး တိုးတက်နေလိမ့်မယ်။ ပြီးတော့ ဒီဒေသမှာရှိတဲ့ ကျွန်တော်တို့ရဲ့ အုပ်ချုပ်ရေးနဲ့ စနစ်ကိုလည်း ပိုကောင်းအောင်လုပ်ရမယ်" ဟု ပြောကြားခဲ့သည်။ ထိုဒေသအနီးတွင် အခြေချသော DKBA တပ်မှူးတစ်ယောက်ကလည်း အလားတူမျှော်လင့်ချက်များကို ထုတ်ဖော်ပြောကြားခဲ့သည်။ "ကျွန်တော်တို့ [အုပ်ချုပ်မှုစနစ်] ကို ပြုပြင်ပြောင်းလဲဖို့လိုတယ်။ NCA အပြီးမှာ KKO က နိုင်ငံရေးလုပ်ရှားမှုတွေမှာ ပိုမိုကောင်းမွန်တဲ့နေရာကနေ ပါဝင်သွားဖို့ မျှော်လင့်ပါတယ် ... ကျွန်တော်တို့မှာ KNU လိုပဲ တူညီတဲ့ နိုင်ငံရေးဦးတည်ချက်တွေ ရှိတာကြောင့် သူတို့နဲ့အတူ ဆောင်ရွက်လို့ရတယ်"

---

[154] မူတရောခရိုင်အတွင်း ပြုလုပ်ခဲ့သော အုပ်စုဖွဲ့မေးမြန်းစဉ်များအကြောင်း ပိုမိုသိရှိလိုပါက Jolliffe (2013), 28-33 ကို ကြည့်ပါ။

[155] ကိုလိုနီခေတ်တွင် ထိုဒေသအများစုသည် ပြည်မ၏ အုပ်ချုပ်မှုအောက်တွင် အပြည့်အဝရှိခဲ့သော Part II Scheduled Areas များဖြစ်သည်။

အမာခံဒေသများရှိ တာဝန်ရှိသူများနှင့်ယှဉ်လျှင် အာဏာပိုင်အမျိုးမျိုးရောထွေးနေသည့်ဒေသများရှိ KNU နှင့် KNLA မှ တာဝန်ရှိသူများသည် အပစ်အခတ်ရပ်စဲ ပြီးသည့်အချိန်မှစ၍ စီးပွားရေး လုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်လုပ်ကိုင်လာခဲ့သည်။ ပြီးခဲ့သည့်အပိုင်းတွင် ဆွေးနွေးခဲ့သည့်အတိုင်း ထိုလုပ်ငန်းများသည် တစ်သီးပုဂ္ဂလဆန်ဆန် ဆောင်ရွက်ခြင်းလား၊ အဖွဲ့အစည်းဖြင့် ဆောင်ရွက်ခြင်းလားနှင့် ရရှိလာသည့် ဘဏ္ဍာငွေများ မည်သည့်နေရာသို့ သွားနေသည်ကိုတော့ ရှင်းရှင်းလင်းလင်း မသိရချေ။

မည်သို့ပင်ဆိုစေကာမူ ထိုဒေသများ၌လည်း အစိုးရ၏ တိုးချဲ့ဝင်ရောက်ရန် ကြိုးပမ်းမှုများနှင့် စပ်လျဉ်း၍ သံသယများစွာ ရှိနေသေးသည်။ ထိုအကြောင်းအရာကို ယခင်အပိုင်းတွင် ဆွေးနွေးခဲ့သည့် စူကာလီ ပတ်ဝန်းကျင်တွင် အစိုးရ၏ အုပ်ချုပ်ရေးနှင့် ပညာရေးစနစ်များ တိုးချဲ့ရာတွင် အခက်အခဲများ ကြုံတွေ့ခဲ့ရခြင်းက အထောက်အထားအဖြစ် ပြသနေသည်။ ဒေသခံများစွာနှင့် KNU တာဝန်ရှိသူများသည် အစိုးရ၏ အထောက်အပံ့များကို လက်ခံရန် ငြင်းဆိုခဲ့ကြပြီး မယုံကြည်မှုများကိုလည်း ပြသခဲ့သည်။

## "ကြားကာလအစီအမံ"များနှင့် အဆင့်မြင့် ပူးပေါင်းဆောင်ရွက်မှုအတွက် တွန်းအားပေးခြင်း

ခြုံငုံကြည့်လျှင် KNU နှင့် KNLA အရာရှိအများစုသည် အစိုးရ၏ လွှမ်းမိုးမှုများကို လျင်လျင်မြန်မြန်ခွင့်ပြုရန် စိုးရိမ်နေကြသဖြင့် အစွန်းနှစ်ဖက်သို့ မရောက်သော ချဉ်းကပ်မှုမျိုး ပြုလုပ်ခဲ့ကြသည်။ သို့သော် ၎င်းတို့သည် ပူးပေါင်းဆောင်ရွက်မှုမှရရှိလာသည့် ကောင်းကျိုးများနှင့် ယုံကြည်မှု တည်ဆောက်ရေးကိုလည်း အသိအမှတ်ပြု လက်ခံထားကြသည်။ ၂၀၁၂ ခုနှစ်မှစတင်ကာ KNU သည် အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မှုနှင့် ဒေသတွင်း ကိုယ်ပိုင်အုပ်ချုပ်မှုရရှိရေး နှစ်ခုကြားတွင် ကောင်းမွန်စွာ ထိန်းညှိထားနိုင်ရန် ကြိုးပမ်းခဲ့သည်။ အထူးသဖြင့် KNU နှင့် အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ၎င်းတို့၏ အုပ်ချုပ်မှုဆိုင်ရာ အခန်းကဏ္ဍများကို အသိအမှတ်ပြုရန်နှင့် နိုင်ငံရေး ပြေလည်မှု မရရှိခင်ကာလအတွင်း ၎င်းတို့အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် အချို့ရရှိရန် စသည့် ကိစ္စရပ်များ ပါဝင်မည့် "ကြားကာလအစီအမံများ" ကို NCA တွင် ထည့်သွင်းရန် ထပ်ခါတလဲလဲ ကြိုးပမ်းခဲ့ကြသည်။ ၎င်းတို့မျှော်လင့်ထားသည်များတွင် ၎င်းတို့၏ လက်ရှိအဖွဲ့အစည်းများကို တရားဝင် အသိအမှတ်ပြုရေးနှင့် အစိုးရ၏ ဖွံ့ဖြိုးရေးနှင့် လူမှုရေးဆိုင်ရာဝန်ဆောင်မှုများ တိုးချဲ့ခြင်းများကို အကြောင်းမဲ့ဆောင်ရွက်ခြင်းတို့ကို ကန့်သတ်မှုများ လုပ်ဆောင်ရန်တို့ ပါဝင်သည်။

ညှိနှိုင်းသူများသည် သဘောတူညီမှုရရှိရန် မဆောင်ရွက်နိုင်သော်လည်း အပြီးသတ် NCA သဘောတူညီချက်ပါ စာသားတွင် ဖော်ပြထားသော ကဏ္ဍများရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍအား အသိအမှတ်ပြုရေးကို တိကျစွာဖော်ပြထားခြင်းမရှိဘဲ ထိုကဏ္ဍများတွင် ၎င်းတို့အနေဖြင့် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဟုသာ အလေးထားဖော်ပြထားသည်။ ထိုဖော်ပြချက်သည် ၎င်းတို့၏ လက်ရှိ အုပ်ချုပ်မှုလုပ်ငန်းစဉ်များအပေါ် အစိုးရ၏ တိုက်ရိုက်ဖိနှိပ်ခြင်းမှ ကာကွယ်ပေးနိုင်သော်လည်း ၎င်းတို့၏ အခွင့်အာဏာလုပ်ပိုင်ခွင့်ကို ရှင်းရှင်းလင်းလင်း မဖော်ပြထားပေ။

NCA သဘောတူညီချက်တွင် ပထမဆုံးဖော်ပြထားသည်မှာ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် "ပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကိစ္စရပ်များ၊ ကျန်းမာရေး၊ ပညာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကောင်းမွန်စေရန်"[156] တစ်ဖက်နှင့် တစ်ဖက် ညှိနှိုင်း ဆောင်ရွက်ကြမည်ဖြစ်သည်။ ဆက်လက်ဖော်ပြထားသည်မှာ "ထိုသဘောတူညီချက်တွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့၏ သက်ဆိုင်ရာ နေရာဒေသများ ဖွံ့ဖြိုးရေးနှင့် လုံခြုံရေးအတွက် တာဝန်ရှိသည်"။ ထို့အပြင် ထိုနိုင်ငံရေး သဘောထားကြေညာချက် မထုတ်ပြန်ခင်က၊ လက်မှတ်ရေးထိုးသူများသည် အုပ်ချုပ်မှုဆိုင်ရာ "စီမံကိန်း" များကို ဆောင်ရွက်ရာတွင် "တစ်ဖက်နှင့်တစ်ဖက် ဆွေးနွေးတိုင်ပင်ခြင်း" ပြုလုပ်ရမည်ဟူ၍လည်း ဖော်ပြထားသည်။[157] NCA တွင် ကြားကာလအတွင်း ဆောင်ရွက်ရမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားသည်များကို နောက်ဆက်တွဲ ၂ တွင် ဖော်ပြထားသည်။

ထို့အပြင် KED နှင့် KDHW အဖွဲ့အစည်းများတွင်လည်း အစိုးရနှင့် မြန်မြန်ဆန်ဆန် တွဲဖက်ဆောင်ရွက်ရမည်ကို ချီတုံချတုံဖြစ်နေသော ခေါင်းဆောင်များရှိနေသေးသည်။ သို့သော် ၄င်းဖျားရောဂါလျော့ချရေးနှင့် ထိရောက်သော ပညာရေးစနစ် ဖြည့်ဆည်းပေးခြင်းကဲ့သို့သော အခြေခံမျှော်မှန်းချက်များအတွက် ပူးပေါင်းဆောင်ရွက်မှုသည် အဆင့်တစ်ခုအထိ အရေးပါသည်ဆိုသော အချက်ကိုလည်း ၎င်းတို့ သိရှိထားကြသည်။ ထိုခေါင်းဆောင်များသည် အစိုးရထိပ်ပိုင်းအဆင့်နှင့်အတူ ဆောင်ရွက်လုပ်ကိုင်ရန်၊ ၎င်းတို့၏ အခြားရွေးချယ်စရာ စနစ်များကို အသိအမှတ်ပြုမှု ပိုမိုရရှိရန်နှင့် ပူးပေါင်း ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေနိုင်ရန်အတွက် သိသာထင်ရှားသည့် ခြေလှမ်းများကို စတင်ခဲ့ပြီး ဖြစ်သည်။ အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရှိ တာဝန်ရှိသူများကလည်း ၎င်းတို့၏စနစ်ကို ပိုမို၍ တရားဝင် အသိအမှတ်ပြုခြင်းသည် ယုံကြည်မှုတည်ဆောက်ရန်နှင့် ဒေသအဆင့် ပူးပေါင်းဆောင်ရွက်မှုများအတွက် အခြေအနေများ ဖန်တီးရန် အရေးပါကြောင်းကို ထပ်ခါတလဲလဲ အလေးထားပြောကြားခဲ့သည်။

---

[156] တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (၂၀၁၅)၊ အပိုဒ် ၉ က။

[157] တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (၂၀၁၅)၊ အပိုဒ် ၂၅။

ထိုအချိန်အတောအတွင်းတွင် KNU ဗဟိုအလုပ်မှုဆောင်ကော်မတီသည် ညှိနှိုင်းဆွေးနွေးမှုများမတိုင်ခင်၊ ဖွံ့ဖြိုးရေးနှင့် လူမှုရေးဝန်ဆောင်မှုများမှ (အထူးသဖြင့် ပညာရေး) တစ်ဆင့် အစိုးရ၏ ဝင်ရောက်လုပ်ကိုင်မှုများ တိုးချဲ့ခြင်းကို အောက်ခြေအဆင့်အသီးသီးသို့ သတိပေးမှုများ ထုတ်ပြန်ခဲ့သည်။ ဒေသခံ တာဝန်ရှိသူများအနေဖြင့် မည်သို့တုံ့ပြန်သင့်သည်နှင့် စပ်လျဥ်း၍ စည်းမျဥ်းများကို ထိုထုတ်ပြန်မှုများတွင် အသေးစိတ် မဖော်ပြထားသော်လည်း ၎င်းတို့အနေဖြင့် သတိမူရန်နှင့် ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်အသစ်များတွင် တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် သင့်လျော်သောအစီအစဥ်များ ထားရှိရန် တိုက်တွန်းထားသည်။

များပြားလာသော ဖွံ့ဖြိုးမှုလုပ်ငန်းများအပြင် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှုတို့မှ ဖြစ်ပေါ်လာမည့် အခွင့်အလမ်းများနှင့် ဆုံးရှုံးနိုင်ချေများကို မျှတစွာဆောင်ရွက်နိုင်ခြင်းသည် အဆင့်အသီးသီးရှိ KNU ခေါင်းဆောင်အားလုံး၏ အဓိက စိန်ခေါ်မှုတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေသည်။ အထူးသဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ပိုမိုကျယ်ပြန့်လာမည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် ပူးပေါင်းဆောင်ရွက်ရေး နည်းလမ်းကို လမ်းဖွင့်ပေးမည်ဆိုလျှင် ထိုသို့မျှတစွာ ဆောင်ရွက်နိုင်ခြင်းသည် နှစ်ပေါင်းများစွာတိုင် ဆက်လက်တည်ရှိနေမည် ဖြစ်သည်။

## အပိုင်း ရှစ် - ပြုပြင်ပြောင်းလဲရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ဖွံ့ဖြိုးရေးအတွက် ကောက်ချက်ချမှုများ

ဤအစီရင်ခံတွင် တင်ပြထားသည့် တွေ့ရှိချက်များအရ KNU သည် ကျေးလက်ရှိလူရာထောင်ပေါင်းများစွာအတွက် အုပ်ချုပ်ရေးတစ်ရပ်အနေဖြင့် ဆက်လက်တည်ရှိနေသည်ကို တွေ့ရသည်။ ထိုလူထုများသည် မကြာသေးသော ဆယ်စုနှစ်များအတွင်း တပ်မတော်အနေဖြင့် စစ်ရေးအရ အောင်မြင်မှုများရှိခဲ့သော်လည်း အစိုးရအနေဖြင့် ခိုင်ခံ့သော အုပ်ချုပ်ရေးဆိုင်ရာ အစီအမံများကို တည်ဆောက်ရန် မစွမ်းဆောင်နိုင်ခဲ့သော နေရာများတွင် နေထိုင်ကြသည်။ မြန်မာနိုင်ငံ၏ အရပ်သားတစ်ပိုင်း နိုင်ငံရေးအစီအစဉ်သည် ထိုကျေးလက်ဒေသများတွင် ထိရောက်သော အုပ်ချုပ်မှုတစ်ရပ် ထူထောင်ရန် ယခင်အစိုးရများထက် ပိုမိုထိရောက်ဟန်ရှိနေပြီး KNU ၏ အရပ်သားအာဏာပိုင်အဖြစ် ကျယ်ပြန့်စွာ အသိအမှတ်ပြုခံထားရမှုကို စိန်ခေါ်နေသည်။ မည်သို့ပင်ဆိုစေကာမူ KNU အနေဖြင့် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်း သို့မဟုတ် ပဋိပက္ခ အနေအထားစသည့် ပုံစံတစ်မျိုးမျိုးဖြင့် ဆယ်စုနှစ်ပေါင်းများစွာ ဆက်လက် ရပ်တည်နေမည်မှာ ငြင်းမရပေ။

KNU ၏ အပစ်အခတ်ရပ်စဲခဲသည်မှာ ၅ နှစ်ပြည့်မြောက်တော့မည်ဖြစ်သော်လည်း မကြာမီတွင် အလုံးစုံငြိမ်းချမ်းရေးအတွက် သဘောညီမှု ရနိုင် မည်လားဆိုသည့် အချက်သည် ကြီးမားသော မသေချာ မရေရာမှု တစ်ရပ်အဖြစ် ကျန်ရှိနေသေးသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ များပြားလာမှု၊ နယ်မြေပိုင်းဆိုင်ရာ သဘောတူညီမှုများ တိတိကျကျ မချမှတ်နိုင်မှု၊ အစိုးရမှ အရှိန်အဟုန်ဖြင့် တိုးချဲ့ဝင်ရောက်မှု၊ စစ်ရေးအခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမှုနှင့် အပစ်အခတ်ရပ်စဲမှုကြောင့် ကြီးထွားလာသော စီးပွားရေးကဏ္ဍတို့ကြောင့် မတည်ငြိမ်မှုများနှင့် အကဲဆတ်ထိရှလွယ် သည့် ကိစ္စရပ်များသည် နှစ်ပေါင်းများစွာ ဆက်လက်ဖြစ်ပေါ်ဖွယ် ရှိနေသေးသည်။ ၁၉၉၀ ပြည့်နှစ်များနှင့် ၂၀၀၀ ပြည့်နှစ်များတွင် မြန်မာနိုင်ငံ မြောက်ပိုင်း၌ အပစ်အခတ်ရပ်စဲမှုများ ပြုလုပ်ခဲ့သော်လည်း အဓိပ္ပာယ်ပြည့်ဝသော နိုင်ငံရေးညှိနှိုင်းမှုများကို မတွေ့ခဲ့ရသလောက်ပင် ဖြစ်သလို တစ်ချိန်တည်းတွင် ထိုဒေသများ၌ အစိုးရမှ အုပ်ချုပ်ရေးချဲ့ထွင်မှုနှင့် တပ်မတော်မှ စစ်ရေးချဲ့ထွင်မှုများ ပြုလုပ်နေခဲ့သည်။ ထိုအချက်များကြောင့် တင်းမာမှုများ မြင့်တက်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ပဋိပက္ခများ ပြန်လည်စတင်ခဲ့ကာ ထိုနှစ်မှစကာ ပဋိပက္ခများ ဆက်တိုက်ဖြစ်ပေါ်နေခဲ့ပြီး လူ ထောင်ပေါင်းများစွာသည် နေရပ်များကို နှစ်စဉ် စွန့်ခွာ ထွက်ပြေးနေရသည်။

ထို့ကြောင့် လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် အပစ်အခတ်ရပ်စဲရေးကို မတိုးသာမဆုတ်သာ အခြေအနေထက်ပို၍ လုပ်ဆောင်ရန် အရေးကြီးသည့်အပြင်၊ ပဋိပက္ခဖြစ်ပွားနိုင်သည့် အခြေအနေများကို အသွင်ပြောင်းနိုင်မည့် ရေရှည် တည်တံ့ခိုင်မြဲသော နိုင်ငံရေး အဖြေရှာမှုများ ရရှိရန်လည်း အရေးပါလှသည်။ NCA တွင် ဖော်ပြထားသည့် ရည်မှန်းချက်အတိုင်း " နိုင်ငံရေး ညီမျှမှု [နှင့်] ကိုယ်ပိုင်ဆုံးဖြတ်နိုင်ရေးကို အပြည့်အဝ အာမခံမှုပေးနိုင်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်လမ်းစဉ်တို့၏ အခြေခံများအပေါ် မူတည်သည့် ပြည်ထောင်စု" တည်ထောင်ရန် အတွက် သဘောတူညီချက်များ ပါဝင်ရန် မျှော်မှန်းထားသည်။

KNU သည် ကျေးလက်ဒေသများတွင် အရေးပါလှသော အခန်းကဏ္ဍတွင် ပါဝင်နေမှုကြောင့် KNU သို့မဟုတ် ၎င်း၏ ခေါင်းဆောင်မှုအောက်တွင် ရေးဆွဲသည့် စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေသစ်များဖြင့် အုပ်ချုပ်ရေးနှင့် နိုင်ငံရေးတို့တွင် တရားဝင်ကဏ္ဍတစ်ရပ် တည်ဆောက်နိုင်ရန် လိုအပ် ပေလိမ့်မည်။ ထိုသို့လုပ်ဆောင်ခြင်းသည် လွတ်လပ်ရေးရပြီးကတည်းက တည်ရှိခဲ့သော လူမှုရေးရာ ဖွဲ့စည်းပုံများအပေါ်တွင် ဆက်လက် တည်ဆောက်မည့် ခိုင်ခံ့သော ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို သေချာစေမည်ဖြစ်သည်။ ထို့အပြင် ၎င်းသည် KNU တာဝန်ရှိသူများ၏ အနာဂတ်ကိုလည်း ခိုင်မာစိတ်ချစေမည်ဖြစ်သည်။ ထိုမှသာ ၎င်းတို့၏ ဩဇာလွှမ်းမိုးမှုကို ထိန်းသိမ်းရန် အသုံးပြုသည့် နည်းလမ်းတစ်ခုဖြစ်သော လက်နက်ကိုင်တော်လှန်မှုကို မှီခိုနေရသည့် အခြေအနေမှ သွေဖယ်နိုင်မည် ဖြစ်သည်။

ထိုစီမံဆောင်ရွက်မှုများကို KNU အား နိုင်ငံရေးပါတီတစ်ရပ်အနေဖြင့် တည်ထောင်ကာ ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်သည်အထိ ပြုလုပ်လျှင် အကောင်းဆုံးဖြစ်သည်ဆိုသည်မှာ မေးခွန်းထုတ်ရန်ပင်မလိုပေ။ သို့သော် ထိုသို့သောလုပ်ငန်းစဉ်ကို ကရင်ဒေသများအတွင်း လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေးကို စိန်ခေါ်နေသည့် အခြေအနေမှ ခွဲခြား၍ ရနိုင်မည် မဟုတ်ပါ။ ထို့ကြောင့် ဒေသတွင်း အခွင့်ထူးခံ ကရင်များအနေဖြင့် ဒေသခံတပ်ဖွဲ့များသည် ဒေသခံများ မိမိကိုယ်ကိုကာကွယ်ရန်နှင့် မိမိတို့နယ်မြေကို ထိန်းသိမ်းခုခံရန် သင့်လျော်စွာ ဖွဲ့စည်း ထားသည်ဟု ခံစားနိုင်မည်ဖြစ်သည်။ စောဘဦးကြီး ချမှတ်ခဲ့သည့် အခြေခံမူ လေးရပ်ကို ချိုးဖောက်ရာ ကျမည်စိုးသောကြောင့် KNU အနေဖြင့် လက်နက်ချရန် မလိုလားမှုကို ယခင်ကတည်းကပင် အလေးထားပြောကြားခဲ့သည်။ NCA မတိုင်ခင် တစ်ရက်အလိုတွင်၊ KNLA က "၎င်းတို့ကို နယ်ခြားစောင့်တပ်ဖွဲ့သို့မဟုတ် ပြည်သူ့စစ်တပ်ဖွဲ့အဖြစ်သို့ အသွင်ပြောင်းခြင်းကို ဘယ်သောအခါမှ လက်ခံမည် မဟုတ်ဘဲ၊ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် အနေဖြင့်သာ တည်ရှိနေမည်"[158] ဟု ဖော်ပြထားသည့် ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

နိုင်ငံရေး ဆွေးနွေးမှုများ ပိုမိုအားကောင်းလာသည်နှင့်အမျှ KNU ၏ လက်ရှိ ကာကွယ်ရေးနှင့် လုံခြုံရေး တပ်ဖွဲ့များကို သင့်လျော်သော အခွင့် အာဏာ ပေးထားသည့် တပ်ဖွဲ့များအဖြစ်သို့ မည်သို့ပြန်လည်ဖွဲ့စည်းသင့်ကြောင်း ထပ်မံဆွေးနွေးရမည်မှာ မလွဲမသွေပင်ဖြစ်သည်။ နယ်ခြား

[158] ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ဌာနချုပ်, "KNLA Position with regard to Ceasefire", October 14, 2015 ကို ကြည့်ပါ။ http://www.mmpeacemonitor.org/images/2015/oct/statement-of-knla.pdf တွင် ဖတ်ရှုနိုင်ပါသည်။

စောင့် တပ်ဖွဲ့များအပါအဝင် ကရင်လက်နက်ကိုင် တပ်ဖွဲ့အများအပြား ရှိနေမှုကြောင့် ထိုဆွေးနွေးမှုများသည် ရှုပ်ထွေးနေမည်ဖြစ်သည်။ အထူးသဖြင့် ထိုတပ်ဖွဲ့များသည် ဆယ်စုနှစ်ပေါင်းများစွာ သစ္စာခံပြီးမှ ၎င်းတို့လက်ရှိ ခံစားခွင့်များထက် ပိုမိုကောင်းမွန်သော ခံစားခွင့်များ KNU ရရှိမည်ကို ကြည်ဖြူနိုင်မည် မဟုတ်ပါ။ လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး၊ လက်နက်နှင့် တပ်များရုပ်သိမ်းရေး၊ ပြန်လည် ပေါင်းစည်းရေးတို့တွင် ပြေလည်မှုများမရရှိပါက ပဋိပက္ခများ ပြန်လည်စတင်နိုင်မည့် အလားအလာသည် အမြဲတမ်းရှိနေမည် ဖြစ်သည်။ ထိုသို့သောအောင်မြင်မှုမျိုး ရရှိရန် ပါဝင်ပတ်သက်သူအားလုံးမှ အပေးအယူ ညှိနှိုင်းမှုများ အထူးပြုလုပ်ရမည်ဖြစ်သည်။

ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် အရေးကြီးသည့်အချက်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အရှိဆုံး ဒေသများဖြစ်သည့် ကိုလိုနီအုပ်ချုပ်ရေးအောက်တွင် သံလွင်ခရိုင်အဖြစ် ခေါ် ဝေါ် ခဲ့သော KNU ထိန်းချုပ်ထားသည့် မြောက်ပိုင်းခရိုင်များအတွက် သင့်လျော်သော အုပ်ချုပ်မှုအစီအမံများ လုပ်ဆောင်ရန်ဖြစ်သည်။ ဗဟိုအစိုးရ၏ အုပ်ချုပ်မှုအောက်တွင် မည်သည့်အခါမှ မရောက်ရှိခဲ့သော ထိုဒေသများသည် ရှေးယခင်ကတည်းကပင် ကရင်အမျိုးသားရေး ဇာတ်လမ်းပုံပြင်များ၏ အဓိက အခန်းကဏ္ဍတွင် ရှိနေသည်။ နှစ်ဆယ်ရာစုနှစ်အစကပင် ကရင်လူမျိုးတို့သည် ထိုနေရာဒေသများကို လွတ်လပ်သော ကော်သူးလေ၏ ဗဟိုချက်မအဖြစ် မှန်းဆပုံဖော်ထားကြသည်။ အခွင့်ထူးခံ ကရင်အချင်းချင်းအကြား၌ပင်လျှင် ထိုဒေသများအတွက် မတူညီသော ရည်မှန်းချက်များကို စွဲကိုင်ထားကြသည်။ အချို့က ထိုနေရာဒေသသည် လျစ်လျူရှုခြင်းခံနေရသည်ဟု ထင်သောကြောင့် ဖွံ့ဖြိုးမှုလုပ်ငန်းများနှင့် ပညာရေး လုပ်ငန်းများမှတစ်ဆင့် ထိုဒေသများကို “မြှင့်တင်ရန်” တောင်းဆိုခဲ့ကြသည်။ အချို့ကတော့ ထိုသို့တောင်းဆိုမှုများ မလုပ်ဘဲ ယင်းဒေသကို ပြင်ပရောယှက်မှုမရှိသည့် ရိုးရှင်းသော ကရင်လူနေမှုဘဝ၏ အကောင်းဆုံးသော ဥပမာတစ်ခုအဖြစ် ထိန်းသိမ်းစောင့်ရှောက်ချင်ကြသည်။

ကရင်ပြည်နယ်တစ်ခုလုံးကို မဆိုထားနှင့် KNU လွှမ်းမိုးမှုရှိသောဒေသများ သို့မဟုတ် ကရင်လူမျိုးအများစုနေထိုင်သော ဒေသများကို အုပ်ချုပ်ရန်အတွက် တစ်ခုတည်းသော အုပ်ချုပ်ပုံစနစ်တစ်ခုအပေါ်တွင် သဘောတူညီချက်ရရှိရန် ခက်ခဲပါလိမ့်မည်။ ဥပမာအားဖြင့် မြန်မာအစိုးရ သတ်မှတ်ထားသည့် ဘားအံ့မြို့နယ် ကိုယ်ပိုင်အချုပ်အခြာအာဏာအတွက် ၎င်းတို့ဘက်မှ အများဆုံး မည်မျှပေးအပ်လိုမှုသည် ဖာပွန်မြို့နယ်အတွက် KNU ၏တောင်းဆိုမှုထက် မလွဲမရှောင်သာပင် နည်းနေလိမ့်မည်။ ဖက်ဒရယ်စနစ် အုပ်ချုပ်မှုအောက်တွင်ပင် မြောက်ပိုင်းဒေသများနှင့် အခြားသော အမာခံနယ်မြေများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပိုပေးရန် ဆွေးနွေးခြင်းသည် အခြားဒေသများနှင့် နှိုင်းယှဉ်လျှင် ပို၍ လက်တွေ့ကျပေလိမ့်မည်။

အခြားအရာအားလုံးနှင့်စာလျှင်၊ ထိုသို့ရှုပ်ထွေးလျက်ရှိသော မေးခွန်းများသည် နှစ်ဦးနှစ်ဖက်လုံးအတွက် လုံလောက်သော ညှိနှိုင်းမှုများ မပြုလုပ်ခင်နှင့် ထိုညှိနှိုင်းမှုများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှကြာမြင့်မည်ဆိုသည်ကို ပြသနေသည်။ သက်ဆိုင်ရာ အဖွဲ့အစည်းများအားလုံးအနေဖြင့် ထိုအခြေအနေကို အစအဆုံး သိရှိနားလည်ပြီး ပဋိပက္ခများနည်းပါးရန် ပိုမိုထိရောက်သော နည်းလမ်းများဖြင့် ဆောင်ရွက်ကြရမည်။ အထူးသဖြင့် KNU ထိန်းချုပ်ထားသော ထိလွယ်ရှလွယ်အဖြစ်ဆုံး နေရာဒေသများတွင် တင်းမာမှုအလားအလာများကို လျှော့ချရန် နှင့် အာဏာပိုင်အမျိုးအမျိုး ရောထွေးနေသော နေရာဒေသများတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ရည်ရွယ်ကာ ပို၍တည်ငြိမ်သော ယာယီအုပ်ချုပ်ရေးနှင့် စီးပွားရေးအစီအစဉ်များအား ဆောင်ရွက်ထားရန် အရေးကြီးသည်။

“ကြားကာလအစီအမံများ” ချမှတ်ရန် ပြန်လည်အားထုတ်မှုများသည် အခြေအနေကို ပြန်လည်တည်ငြိမ်လာစေမည့် ယာယီအစီအစဉ်တစ်ခုကို ဖန်တီးပေးနိုင်သည့်အပြင် ညင်သာသော ပြုပြင်ပြောင်းလဲရေးအတွက် အခြေခံတစ်ရပ်ကိုလည်း ပေးနိုင်သည်။ ထိုသို့သော အစီအမံများသည် အမာခံဒေသများတွင်အဓိကအုပ်ချုပ်မှုကဏ္ဍများကိုတိုက်ရိုက်လုပ်ပိုင်ခွင့်ပေးခြင်းနှင့်အာဏာပိုင်အမျိုးမျိုးရောထွေးလျက်ရှိသောဒေသများတွင် အထူးတွဲဖက်အုပ်ချုပ်ရေး အဖွဲ့များ ဖွဲ့စည်းပေးခြင်းကို ဆောင်ရွက်နိုင်သည်။ နယ်မြေရေးရာနှင့် အုပ်ချုပ်မှုဆိုင်ရာ အစီအမံများသည် ပုံသေမဟုတ်ဘဲ ထိခိုက်ပျက်စီးလွယ်သည့် အခြေအနေအတိုင်းသာ ဆက်လက်တည်ရှိနေလျှင် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု ပျက်ပြားခြင်းရန်ကို အမြဲကြုံတွေ့နေရမည့်အပြင် ရံဖန်ရံခါ အကြမ်းဖက်မှုများ ပေါ်ပေါက်ခြင်းမှ ရှောင်လွှဲ၍ရနိုင်မည်မဟုတ်ပါ။ ၎င်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မတည်မငြိမ် ဖြစ်စေမည်သာမက အစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်းကိုလည်း အဟန့်အတားဖြစ်စေနိုင်သည့်အပြင် လူထုမှ မြန်မာနိုင်ငံအစိုးရကို ယုံကြည်မှုကင်းမဲ့ပြီး ထာဝရဝေးကွာနေလိမ့်မည်။

အကျိုးသက်ဆိုင်သူအားလုံး (အထူးသဖြင့်) စီးပွားရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို လုပ်ဆောင်နေသူများအနေဖြင့် KNU အဖွဲ့အစည်းအတွင်းမှ ဂိုဏ်းဂဏကွဲလွဲမှုများကို ဆက်လက်သတိမူသင့်သည့်အပြင် အဆင့်အသီးသီးရှိ ခေါင်းဆောင်များအကြားမှ မတူညီသော ရှုထောင့်များကိုလည်း သိရှိအောင်ဆောင်ရွက်သင့်သည်။ ထိုအချက်ကို ပြည်တွင်းရှိ အကျိုးသက်ဆိုင်သူများသာမက နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များကလည်း သိမှတ်ထားရမည်။ ဖွံ့ဖြိုးမှုလုပ်ငန်းများ တိုးမြှင့်လုပ်ကိုင်ခြင်းဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မောင်းနှင်ရန်ကြိုးစားပါက KNU နှင့်အတူဆုံးရှုံးနိုင်ချေများ ရှိနေသည့်အပြင်၊ အဖွဲ့အစည်းတွင်းရှိ အဖွဲ့ဝင်အချို့ကို ဘေးသို့ဖယ်ထုတ်သကဲ့သို့ ဖြစ်နိုင်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ယုံကြည်မှုကို ပျက်စီးစေနိုင်သည်။

## ကိုးကားချက်များ


Amnesty International (2008). Crimes Against Humanity in Eastern Myanmar. Available at: https://www.amnesty.org/en/documents/ASA16/011/2008/en/

Bryant, Raymond L. 1997. The Political Ecology of Forestry in Burma, 1824-1994. London: Hurst.

Callahan, Mary. 2003. Making Enemies: War and State Building in Burma. Washington: Cornell University Press.

Callahan, Mary. 2007. Political Authority in Burma's Ethnic Minority States: Devolution, Occupation and Coexistence. Washington DC: East West Center.

Constitution of the Union of Burma (1947), original version as adopted on September 24, 1947. Available at: http://displacementsolutions.org/wp-content/uploads/THE-CONSTITUTION-OF-THE-UNION-OF-BURMA-19483.pdf.

Constitution of the Union of Burma (1947), as amended, mid-1950s. Available at: https://www.ilo.org/dyn/natlex/docs/ELECTRONIC/79573/85699/F1436085708/MMR79573.pdf.

Cheesman, Nick. 2002. "Seeing 'Karen' in the Union of Myanmar,"Journal of Asian Ethnicity 3 (2): 199-220.

Dun, Smith. 1980. Memoirs of the Four-Foot Colonel. Ithaca, New York: Cornell University.

Davis, Quinn. 2016a. Karen Unity Building Initiatives: Towards Sustainable Peace in Myanmar. A CPCS Learning Paper. Centre for Peace and Conflict Studies (CPCS). Available at: http://www.centrepeaceconflictstudies.org/wp-content/uploads/Karen-Unity-3rd-draft-layout-Jan.6-1.pdf.

Davis, Quinn. 2016b. Building Infrastructures for Peace: The Role of Liaison Offices in Myanmar's Peace Process.A CPCS Learning Paper. Centre for Peace and Conflict Studies (CPCS). Available at:http://www.centrepeaceconflictstudies.org/wp-content/uploads/Role-of-Liaison-Offices-Update-jan.15.pdf.

Davis, Bill, and Kim Jolliffe. 2016. Achieving Health Equity in Contested Areas of Southeast Myanmar. The Asia Foundation. Available at:http://asiafoundation.org/publication/achieving-health-equity-contested-areas-southeast-myanmar/.

Ethnic Peace Resources Project and Myanmar Peace Support Initiative. 2015.Ceasefire Liaison Offices: Observations on Roles and Functions; Why they are important now for Myanmar's peace process and will continue to be so. Ethnic Peace Resources Project. Available at: http://www.eprpinformation.org/files/searching-for-solutions/ceasefires-myanmar/CLOs-roles-and-functions--EPRP-MPSI.pdf.

Frontier Areas Committee of Enquiry. 1947. "Report of the Frontier Areas Committee of Enquiry". Available at: http://www.burmalibrary.org/docs14/Frontier_Areas_Committee_of_Enquiry-1947-full.pdf

Government of Burma Act, 1935. 1935. Available at: http://www.asianlii.org/mm/legis/const/1937/1.pdf

Human Rights Watch. 1995. Abuses Linked to the Fall of Mannerplaw. Available at: https://www.hrw.org/report/1995/03/01/abuses-linked-fall-manerplaw.

Human Rights Watch. 1997.No Safety in Burma, No Sanctuary in Thailand.Available at: https://www.hrw.org/report/1997/07/01/no-safety-burma-no-sanctuary-thailand.

Human Rights Watch. 2005a. "They Came and Destroyed Our Village Again": The Plight of Internally Displaced Persons in Karen State. Available at: https://www.hrw.org/report/2005/06/09/they-came-and-destroyed-our-village-again/plight-internally-displaced-persons.

Human Rights Watch. 2005b. Burma: Forced Displacement by Burmese Army Continues in Karen State; Rangoon Must End Forced Labor, Allow Humanitarian Access. Available at: https://www.hrw.org/news/2005/06/10/burma-forced-displacement-burmese-army-continues-karen-state.

Human Rights Watch. 2011. Dead Men Walking: Convict Porters on the Front Lines in Eastern Burma. Available at: https://www.hrw.org/report/2011/07/12/dead-men-walking/convict-porters-front-lines-eastern-burma.

Human Rights Foundation of Monland – HURFOM. 2008. "Protecting their rice pots: An economic profile of trade and corruption in Three Pagodas Pass."The Mon Forum, December 30. Available at: http://www.rehmonnya.org/data/MFReport12-08.pdf.

International Human Rights Clinic – IHRC. 2014. Policy Memorandum: Preventing Indiscriminate Attacks and Willful Killings of Civilians by the Myanmar Military. Human Rights Program at HarvardLaw School. Available at: http://hrp.law.harvard.edu/wp-content/uploads/2014/03/2014.03.24-IHRC-Military-Policy-Memorandum-FINAL.web_.pdf.

Jolliffe, Kim. 2013. "People's War, People's Peace: Fostering a 'social contract' for Myanmar's Karen civil war."Adapted from a master's thesis, King's College, London. Available at: http://research.kim/works/peoples-war-peoples-peace-fostering-a-social-contract-for-myanmars-karen-civil-war.

Jolliffe, Kim. 2014. Ethnic Conflict and Social Services in Myanmar's Contested Regions. The Asia Foundation. Available at: http://asiafoundation.org/publication/ethnic-conflict-and-social-services-in-myanmars-contested-regions/.

Jolliffe, Kim. 2015a. "Refugee decision-making processes, community-based protection and potential voluntary repatriation to Myanmar." Externalresearch commissioned byUnited Nations High Commissioner for Refugees (UNHCR). Available at: http://research.kim/works/refugee-decision-making-processes-community-based-protection-and-potential-voluntary-repatriation-to-myanmar.

Jolliffe, Kim. 2015b.Ethnic Armed Conflict and Territorial Administration in Myanmar. The Asia Foundation. Available at: http://asiafoundation.org/publication/ethnic-armed-conflict-and-territorial-administration-in-myanmar-full-report/.

Jolliffe, Pia. 2016. Learning, Migration and Intergenerational Relations: The Karen and the Gift of Education. Basingstoke: Palgrave Macmillan UK.

Jolliffe, Kim, and Emily Speers Mears. 2016. Strength in Diversity: Towards Universal Education in Myanmar's Ethnic Areas. Tha Asia Foundation. Available at: http://asiafoundation.org/publication/strength-in-diversity/.

Karen Human Rights Group – KHRG. 1998.Wholesale Destruction: The SLORC/SPDC Campaign to Obliterate All Hill Villages in Papun and Eastern Nyaunglebin Districts. Available at: http://khrg.org/1998/02/khrg9801/wholesale-destruction.

Karen Human Rights Group – KHRG. 2001a.Abuse Under Orders: The SPDC & DKBA Armies Through the Eyes of Their Soldiers. Available at: http://khrg.org/2001/03/0101/spdc-and-dkba-armies-through-eyes-their-soldiers.

Karen Human Rights Group – KHRG. 2001b. Flight, Hunger and Survival: Repression and Displacement in the Villages of Papun and Nyaunglebin Districts. Available at: http://khrg.org/2001/10/0103a/flight-hunger-and-survival-repression-and-displacement-villages-papun-and.

Karen Human Rights Group – KHRG. 2001c. A Strategy of Subjugation: The Situation in Ler Mu Lah Township, Tenasserim Division. Available at: http://khrg.org/sites/default/files/khrg0104.pdf.

Karen Human Rights Group – KHRG. 2006.Surviving in Shadow: Widespread Militarization and the Systematic Use of Forced Labour in the Campaign for Control of Thaton District. Available at:http://khrg.org/2006/01/khrg0601j/surviving-shadow-widespread-militarization-and-systematic-use-forced-labour.

Karen Human Rights Group – KHRG. 2007. Development by Decree: The Politics of Poverty and Control in Karen State. Available at: http://khrg.org/2007/04/development-decree-politics-poverty-and-control-karen-state

Karen Human Rights Group – KHRG. 2008.Village Agency: Rural Rights and Resistance in a Militarized Karen State. Available at:http://www.khrg.org/2008/11/village-agency-rural-rights-and-resistance-militarized-karen-state.

Karen Human Rights Group – KHRG. 2009.Cycles of Displacement: Forced Relocation and Civilian Responses in Nyaunglebin District. Available at: http://www.khrg.org/2009/01/cycles-displacement-forced-relocation-and-civilian-responses-nyaunglebin-district#sthash.kjtgsU8s.dpuf.

Karen Human Rights Group – KHRG. 2010. Self-Protection Under Strain: Targeting of Civilians and Local Responses in Northern Karen State. Available at: http://www.khrg.org/2010/08/self-protection-under-strain-targeting-civilians-and-local-responses-northern-karen-state.

Karen Human Rights Group – KHRG. 2012a.Uncertain Ground: Landmines in Eastern Burma. Available at:http://khrg.org/2012/05/uncertain-ground-landmines-eastern-burma.

Karen Human Rights Group – KHRG. 2012b. Losing Ground: Land Conflicts and Collective Action in Eastern Myanmar. Available at: http://khrg.org/sites/default/files/losinggroundkhrg-march2013-fulltext.pdf.

Karen Human Rights Group – KHRG. 2013. Civilian and Military Order Documents: November 2009 to July 2013. Available at: http://khrg.org/2013/10/civilian-and-military-order-documents-november-2009-july-2013.

Karen Human Rights Group – KHRG. 2014. Truce or Transition? Trends in Human Rights Abuse and Local Response in Southeast Myanmar Since the 2012 Ceasefire. Available at: http://www.khrg.org/2014/05/truce-or-transition-trends-human-rights-abuse-and-local-response.

Karen Human Rights Group – KHRG. 2015. "With Only Our Voices, What Can We Do?": Land Confiscation and Local

Response in Southeast Myanmar. Available at: http://khrg.org/sites/default/files/full_with_only_our_voices._-_english.pdf.

Karen Human Rights Group – KHRG. 2016. Hidden Strengths, Hidden Struggles:Women's testimonies from southeast Myanmar. Available at: http://khrg.org/2016/08/hidden-strengths-hidden-struggles-women%E2%80%99s-testimonies-southeast-myanmar.

Karen National Union. 2015. KNU Land Policy. Available at: https://www.tni.org/files/article-downloads/knu_land_policy_eng.pdf

Karen Peace Support Network. 2014. Critique of Japan International Cooperation Agency's Blueprint for Development in South-Eastern Myanmar. Available at: https://business-humanrights.org/en/critique-of-japan-international-cooperation-agency%E2%80%99s-blueprint-for-development-in-south-eastern-myanmar-%E2%80%93-report-by-karen-peace-support-network.

Karen State Education Assistance Group – KSEAG. 2015. KSEAG Narrative Report 2015.

Karen Women's Organization – KWO. 2010. Walking Amongst Sharp Knives:The unsung Courage of Karen Women Village Chiefs in Conflict Areas of Eastern Burma.Available at: https://karenwomen.files.wordpress.com/2011/11/walkingamongstsharpknives.pdf.

Keenan, Paul. 2008.By Force of Arms.Chiang Mai: Burma Centre for Ethnic Studies.

Keenan, Paul. 2012. The Karen National Union Negotiations 1949-2012. Chiang Mai: Burma Centre for Ethnic Studies.

Keenan, Paul. 2013. Changing the Guard: The Karen National Union, the 15th Congress, and the Future. Analysis Paper No.6. Burma Centre for Ethnic Studies. Available at: http://www.burmalibrary.org/docs14/BCES-AP-6-red.pdf.

Kramer, Tom. 2009. Neither War nor Peace: The Future Cease-Fire Agreements in Burma. Transnational Institute. Available at: https://www.tni.org/en/publication/burma-neither-war-nor-peace

Mahn Robert Ba Zan. 2008. Mahn Ba Zan and the Karen Revolution. N.p.

Maung Aung Myoe. 2009.Building the Tatmadaw: Tatmadaw Since 1948. Singapore: Institute of Southeast Asian Studies.

McCartan, Brian and Jolliffe, Kim. 2016. Ethnic Armed Actors and Justice Provision in Myanmar. The Asia Foundation. Available at: http://asiafoundation.org/publication/ethnic-armed-actors-justice-provision-myanmar/

Minoletti, Paul. 2014. Women's Participation in the Subnational Governance of Myanmar The Asia Foundation. Available at: http://asiafoundation.org/publication/womens-participation-in-the-subnational-governance-of-myanmar/

Minoletti, Paul. 2016. Gender (in)Equality in the Governance of Myanmar: Past, Present, and Potential Strategies for Change. The Asia Foundation. Available at:http://asiafoundation.org/publication/gender-inequality-governance-myanmar-past-present-potential-strategies-change/

Po, San C. 1928. Burma and the Karens. London: Elliot Stock.

Rajah, Ananda. 2002. "A 'Nation of Intent' in Burma: Karen Ethno-Nationalism, Nationalism and Narrations of Nation."The Pacific Review 2 (4): 517-37.

Frontier Areas Committee of Enquiry (1947. Report of the Frontier Areas Committee of Enquiry. Available at: http://www.burmalibrary.org/docs14/Frontier_Areas_Committee_of_Enquiry-1947-full.pdf

Selth, Andrew. 2001. Burma's Armed Forces: Power Without Glory. Norwalk: East Bridge.

Smith, Martin. (1991) 1999.Burma: Insurgency and the Politics of Ethnicity. London: Zed Books.

South, Ashley. 2005.Mon Nationalism and Civil War in Burma: The Golden Sheldrake. (unpublished version, provided by the author – accurate page numbers not available)

South, Ashley. 2003. Mon Nationalism and Civil War in Burma: The Golden Sheldrake. New York: Routledge.

South, Ashley. 2007."Karen Nationalist Communities: The 'Problem' of Diversity."Journal of Contemporary Southeast Asia 29 (1): 55-76.

South, Ashley. 2008.Ethnic Politics in Burma: States in Conflict. New York: Routledge

South, Ashley, Malin Perhult, and Nils Carstensen. 2010. Conflict and Survival: Self-Protection in South-East Burma. Chatham House. Available at: https://www.chathamhouse.org/publications/papers/view/109464#sthash.AgSCxa5a.dpuf.

South, Ashley. 2012. The Politics of Protection in Burma.Critical Asian Studies 44 (2): 175-204.

THWEE Community Development Network, the Karen Environmental and Social Action Network, and the Karen Human Rights Group. 2016. Beautiful Words, Ugly Actions: The Asian Highway in Karen State. Available at: http://khrg.org/2016/08/press-release-beautiful-words-ugly-actionsthe-asian-highway-karen-state-burma.

Thailand Burma Border Consortium – TBBC. 2008. Internal Displacement and International Law in Eastern Burma. Chiangmai: Wanidapress. Available at:http://www.theborderconsortium.org/resources/key-resources/ (scroll to the bottom of the page for IDP reports).

Thailand Burma Border Consortium – TBBC. 2011. Displacement and Poverty in South East Burma/Myanmar. Available at:http://www.theborderconsortium.org/resources/key-resources/ (scroll to the bottom of the page for IDP reports).

Thawnghmung, Ardeth. 2007.The Karen Revolution in Burma: Diverse Voices, Uncertain Ends. Washington: East West Center.

Thawnghmung, Ardeth Maung. 2012.The "Other" Karen in Myanmar: Ethnic Minorities and the Struggle without Arms.New York: Lexington Books.

## နောက်ဆက်တွဲ ၁။ မြေယာနှင့်သစ်တော စီမံခန့်ခွဲမှု

မကြာမီသေးသောနှစ်များအတွင်း KNU နယ်မြေများသည် ပြင်ပမှ ဝင်ရောက်လုပ်ကိုင်သူများကို ပို၍ လုပ်ကိုင်ခွင့်ပေးလာခဲ့သောကြောင့်၊ မြေယာနှင့် သစ်တောအုပ်ချုပ်စီမံမှုသည် KNU အုပ်ချုပ်မှု အဆင့်တိုင်း၏ အဓိကဦးစားပေး ဖြစ်လာခဲ့သည်။ KNUသည် ၎င်း၏ လက်ရှိ မြေယာ မှတ်ပုံတင်ခြင်းနှင့် စီမံခန့်ခွဲမှု စနစ်များကို အထောက်အကူဖြစ်ရန် ကြိုးပမ်းခဲ့ကြပြီး၊ တည်ရှိဆဲ ရိုးရာဓလေ့နှင့် ဒေသအဆင့် အလေ့အကျင့်များကို ပိုမိုတောင့်တင်း၍ ပွင်းလင်းမြင်သာသော မူဝါဒများနှင့် ကျင့်ထုံးဆိုင်ရာ လုပ်ငန်းစဉ်အဖြစ်သို့ လျင်မြန်စွာ တည်ဆောက်နေသည်။ ပြုပြင်ပြောင်းလဲရေး အစီအစဉ်သည် မြေယာမူဝါဒအသစ်တစ်ခု ကြေညာထုတ်ပြန်ခြင်းကို ဖြစ်စေခဲ့သည့်အပြင် မြေဧကပေါင်း ၃၅၄,၅၁၂ ( ၁,၄၃၅ sq.km) ပေါ်ရှိ မြေကွက်ပေါင်း ၆၁,၇၆၅ ခုကို မှတ်ပုံတင်ခြင်းနှင့် မြေဧကပေါင်း ၆၄,၀၀၀ (၂၅၉ sq.km ကျော်)ကို ဖုံးလွှမ်းထားသည့် ခရိုင် ၇ ခုရှိ သစ်တောကွက်ပေါင်း ၆၃ ခုကို မှတ်ပုံတင်ခြင်းတို့ကိုလည်း ဖြစ်စေခဲ့သည်။[159]

အထက်ပါကိစ္စရပ်များ လုပ်ဆောင်မှုသည် တည်ရှိဆဲ စံသတ်မှတ်ချက်များနှင့် အလေ့အကျင့်များ ဆက်လက်ကျင့်သုံးနိုင်မှုကို သေချာစေရန်နှင့် KNU ထိန်းချုပ်ထားသည့် နယ်မြေများကို မြန်မာအစိုးရ၏ ဝင်ရောက်ဆောင်ရွက်မှု တိုးချဲ့ခြင်း၊ ပြင်ပ ကုမ္ပဏီများနှင့် ဖွံ့ဖြိုးမှုဆောင်ရွက်သူများ၏ လုပ်ငန်းတိုးချဲ့ခြင်း အခြေချဝင်ရောက်လာနေသည့် လူဦးရေ စသည့် ၎င်းတို့ ထင်မြင်ထားသည့် ခြိမ်းခြောက်မှုများကို ကာကွယ်နိုင်ရန် ဖြစ်သည်။ ထိုသို့လုပ်ဆောင်ခြင်းသည် အထူးသဖြင့် သမားရိုးကျမြေယာအသုံးပြုမှု အလေ့အကျင့်များကို အန္တရာယ်ကျရောက်စေမည့် အစိုးရ၏ မြေယာ ဥပဒေများကြောင့် မြေယာသိမ်းပိုက်ခြင်းအလားအလာကို ကြုံတွေ့လာနိုင်သည့် မြေယာများနှင့်စပ်လျဉ်း၍ ကြောင့်ကျမှုများကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

မည်သည့်အတွက်ကြောင့် ထိုသို့ဖြစ်ပေါ်လာခြင်းကို လေ့လာထုတ်ဖော်ခြင်းသည် KNU မူဝါဒများနှင့် အုပ်ချုပ်ရေးဆိုင်ရာ အလေ့အကျင့်များ မည်သို့ပေါ်ပေါက်၍ မည်သို့လုပ်ဆောင်နေပုံ၊ ထိုအလေ့အကျင့်များသည် မြန်မာအစိုးရ၏ လုပ်ငန်းစဉ်များနှင့် မည်သို့ဆက်နွယ်နေပုံ၊ အုပ်ချုပ်ရေးဆိုင်ရာ ရည်မှန်းချက်များ ရရှိရန် နိုင်ငံတကာအကူအညီများကို CBOs များမှတစ်ဆင့် မည်သို့ အသုံးချနိုင်ပုံ စသည့် ကိစ္စရပ်များကို သိရှိနားလည်နိုင်ပါသည်။

### မြေယာနှင့် သစ်တော စီမံခန့်ခွဲမှု၏ အရေးပါပုံ

မည်သည့်နိုင်ငံရေးပတ်ဝန်းကျင်တွင်မဆို၊ မြေယာအုပ်ချုပ်မှုသည် အဓိကအရေးပါသော ကိစ္စရပ်တစ်ခု ဖြစ်သည်။ အကြောင်းမှာ ၎င်းသည် ဒေသခံပြည်သူများ၏ စီးပွားရေး အကျိုးခံစားခွင့်အတွက် အဓိကကျသလို၊ အမှတ်သင်္ကေတဆိုင်ရာနှင့် ယုံကြည်သက်ဝင်မှုဆိုင်ရာ အရေးပါမှုကိုလည်း ပြသနေသည်။ နယ်မြေထိန်းချုပ်မှုသည် နိုင်ငံရေးအာဏာနှင့် စပ်လျဉ်းသော မည်သည့်ကိစ္စရပ်မဆို၏ အခြေခံပင်ဖြစ်သည်။ အထူးသဖြင့် စိုက်ပျိုးမြေများနှင့် သစ်တောများ စီမံခန့်ခွဲမှုသည် မြန်မာနိုင်ငံ အရှေ့တောင်အရပ်ဒေသရှိ ကရင်လူမျိုး၏ စရိုက်လက္ခဏာများနှင့် အသက်မွေးဝမ်းကြောင်းများအတွက် အရေးပါလှသည်။ ကရင်လူမျိုးအများစုသည် စပါးနှင့် အခြားသော ကောက်ပဲသီးနှံများကို စိုက်ပျိုးကြပြီး ကျွဲ၊နွားစသည့် တိရိစ္ဆာန်များမွေးမြူရန် မြေယာကို အသုံးပြုကြသည်။ သစ်တောများသည်လည်း ရိုးရာယုံကြည်မှုဖြစ်သော နတ်ကိုးကွယ်မှုဓလေ့များအတွက် အရေးပါလှသည့်အပြင် လိုအပ်သော အစားအစာ၊ အဆောက်အဦနှင့် အခြားသော အရင်းအမြစ်များကိုလည်း ဆက်လက်ဖြည့်ဆည်းပေးသည်။ ဘဝသက်တမ်းတစ်လျှောက် အကြိမ်ကြိမ် နေရာရွှေ့ပြောင်းခြင်းခံရသော ပြည်သူတို့၏ နေရာဒေသများတွင်၊ သစ်တောများသည် ၎င်းတို့၏ အသက်သွေးကြောဖြစ်ပြီး၊ တပ်မတော်၏ ထိုးစစ်စင်သည့် ကာလများတွင် လူပေါင်းများစွာအတွက် ခိုလှုံရာအဖြစ် ဖြည့်ဆည်းပေးခဲ့သည်။

ခရိုင်ပေါင်းများစွာက ကျောင်းဆရာမများ၊ စစ်ဘေးသင့်ပြည်သူများနှင့် ပင်စင်ယူထားသည့် စစ်သားတစ်ဦး ပါဝင်သည့် ၂၀၁၃ ခုနှစ်က ပြုလုပ်ခဲ့သော အုပ်စုဖွဲ့ဆွေးနွေးမှုတစ်ခုတွင်၊ အစိုးရ၏ မြေယာသိမ်းယူမှုကို ဒေသလုံခြုံရေးနှင့် တည်ငြိမ်ရေးအတွက် အဓိက ခြိမ်းခြောက်မှုတစ်ရပ်အနေဖြင့် သတ်မှတ်ခဲ့ကြသည်။ အသက် ၄၀ ကျော်ခန့်ရှိသော ကျောင်းဆရာမတစ်ဦးက ယခုလို ရှင်းပြခဲ့သည်။

> [ ကျွန်မတို့အနေနဲ့ ကျွန်မတို့ရဲ့မြေယာတွေကို ကာကွယ်ခြင်းက အဓိကအကြောင်းအရာတစ်ရပ် ဖြစ်တယ်] ဘာလို့လဲဆိုတော့ တခြား [ ကျွန်မတို့ကြုံတွေ့ရတဲ့ မြန်မာအစိုးရရဲ့ ခြိမ်းခြောက်မှုတွေက ] [အစိုးရရဲ့] မြေယာသိမ်းယူမှုကို ထောက်ပံ့ပေးတယ်။ သူတို့က ကျွန်မတို့မြေယာတွေ အကုန်လုံးကို သိမ်းယူဖို့လုပ်နေတာ။ စစ်ဖြစ်နေတုန်းက ကျွန်မတို့မှာ ကိုယ်ပိုင်မြေရှိတယ်။ စစ်က အန္တရာယ်ရှိပေမဲ့ အသက်မွေးဝမ်းကြောင်းအတွက် မြေတွေကို ကျွန်မတို့သုံးရသေးတယ်။ သူတို့က ကျွန်မတို့မြေတွေကို ထိန်းချုပ်ရင်၊ ကျွန်မတို့က ကျွန်ဖြစ်သွားမှာ။ သူတို့ကိုပဲ ပိုက်ဆံရှာပေးနေရမှာ၊ ကျွန်မတို့ကိုယ်ပိုင် [ လူမှုရေးရာ ] ပုံစံကို ထိန်းသိမ်းနိုင်တော့မှာ မဟုတ်ဘူး။ ကျွန်မတို့စိုးရိမ်တာက [အဲဒါကြောင့်] ကရင်လူမျိုးတွေနဲ့ ကျွန်မတို့ ယဉ်ကျေးမှု တစ်နေ့မှာ ပျောက်ကွယ်သွားမှာကိုပဲ။

[159] ထိုကိန်းဂဏန်းများကို KNU စိုက်ပျိုးရေးဌာနက အောက်တိုဘာလ ၂၀၁၆ ခုနှစ်တွင် ပေးပို့ခဲ့သည်။ သိုသော် မှတ်ပုံတင်ခြင်းကို ဆက်လက် လုပ်ဆောင်နေခြင်းကြောင့် ကိန်းဂဏန်းများသည် တစ်ပတ်ထက်တစ်ထက် များပြားလာနိုင်သည်။

ဗဟိုသစ်တောဌာန၏ ဌာနမှူးဖြစ်သူ ဖဒိုမန်းဘထွန်းက KNU နယ်မြေများရှိ သစ်တောများ စီမံခန့်ခွဲမှု၏ အရေးပါပုံ ယခုလို ဖော်ပြခဲ့သည်။

> ကျွန်တော်တို့ ကရင်လူမျိုးတွေက သစ်တောတွေထဲမှာ နှစ်ကိုထောင်နဲ့ချီပြီး နေခဲ့တာ။ ကျွန်တော်တို့ သစ်တောတွေကို သိတယ်။ ကျွန်တော်တို့ရဲ့ အသက်ရှင် ရပ်တည်မှုအတွက် သစ်တောတွေကို လုံးဝ မှီခိုနေရတာ။ ကျွန်တော်တို့သိတဲ့ ဗဟုသုတတွေကို မျိုးဆက်တစ်ခုကနေ တစ်ခုကို လက်ဆင့်ကမ်းလာခဲ့တာ။ ဥပမာပြရရင်- ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ရင် "သစ်ပင်တွေကိုခုတ်၊ မီးရှို့ပြီးတော့ စိုက်ပျိုးမြေ ဖန်တီးတာမျိုး" ကို တားမြစ်ထားတယ်။ ပြီးတော့ တချို့နေရာတွေမှာ တိရိစ္ဆာန်တွေကျောင်းတာကိုလည်း တားမြစ်ထားတယ်။ အဲ့လိုတားမြစ်ချက်တွေ ရှိတယ်။ ငါးစားရင်၊ မြစ်တွေ ကန်တွေကို ထိန်းသိမ်းရမယ်ဆိုတာကို ကျွန်တော်တို့သိတယ်၊ တိရိစ္ဆာန်တွေကို ချက်ပြုတ်စားသောက်ချင်ရင် သစ်တောတွေကို ထိန်းသိမ်းရမယ်ဆိုတာကို သိတယ်။ ကျွန်တော်တို့မှာ အုပ်ချုပ်မှုစနစ်မရှိခင်က ဒီဗဟုသုတတွေကို ရိုးရာအရ ထိန်းသိမ်းခဲ့တယ်။ အခုတော့ "ဒေသရှိ သစ်တောများကို စီမံခန့်ခွဲမှု" လို့ခေါ်တဲ့ စကားလုံးတွေ ပေါ်လာတယ်။ ဒါပေမယ့်၊ ဒါတွေမပေါ်ခင်တည်းက ကျွန်တော်တို့မှာ ဓလေ့အရ ထိန်းသိမ်းထားတဲ့ အလေ့အကျင့်တွေ ရှိတယ်။

## စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဌာနများ

KNU ၏ မြေယာနှင့် သစ်တောဆိုင်ရာ စီမံအုပ်ချုပ်မှု တာဝန်ဝတ္တရားများသည် ကရင်စိုက်ပျိုးရေးဌာန ( Karen Agriculture Department – KAD) နှင့် ကရင်သစ်တောရေးရာဌာန ( Karen Forestery Department – KFD) လက်အောက်တွင် ရှိပြီး၊ ထိုဌာနများသည် အုပ်ချုပ်ရေးအဆင့်ဆင့်တွင် အတူတကွ နီးနီးကပ်ကပ် ဆောင်ရွက်လျက်ရှိသည်။ ထိုဌာနများ၏အစကို ပြန်လည်ခြေရာကောက်ရလျှင် မူလ ကော်သူးလေအစိုးရကို စတင်တည်ထောင်သည့် ၁၉၄၉ ခုနှစ် ဖွန်လကပင်ဖြစ်သည်။ ထိုအစိုးရအောက်တွင် သစ်တောနှင့် စိုက်ပျိုးရေးဆိုင်ရာ ဝန်ကြီးဌာနပါဝင်ပြီး ထိုဝန်ကြီးဌာနတွင် ဗြိတိသျှအစိုးရလက်အောက်တွင် အလုပ်လုပ်ကိုင်ခဲ့သော ပြည်သူ့ဝန်ထမ်းများပါဝင်ခဲ့သည်။ အထူးသဖြင့် ဗြိတိသျှသစ်တောရေးရာဌာနတွင် ကရင်လူမျိုးအရာရှိပေါင်းများစွာ လုပ်ကိုင်ခဲ့ကြသည်။ KNU သည် ၁၉၇၄ တွင် အဖွဲ့အစည်းကို အရှေ့တောင်ပိုင်းတွင် ပြန်လည်ဖွဲ့စည်းချိန်တွင်၊ သစ်တောရေးရာနှင့် စိုက်ပျိုးရေးဆိုင်ရာဌာနတစ်ခုကို ဖွဲ့စည်းခဲ့ပြီး၊ ၎င်းကို ၁၉၉၂ တွင် ဌာနနှစ်ခု အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခဲ့သည်။

ကရင်စိုက်ပျိုးရေးဌာန (KAD) ကို ဗဟိုအဆင့်တွင် ဝန်ထမ်း ၈ ယောက်ဖြင့် ဖွဲ့စည်းထားပြီး၊ ခရိုင်နှင့် မြို့နယ်အားလုံးတို့တွင် စုစုပေါင်း ဝန်ထမ်း ၆၀၀ ကျော်ရှိသည်။ ကရင်သစ်တောဆိုင်ရာဌာန (KFD)ကို ဗဟိုအဆင့်အတွက် ဝန်ထမ်း ၁၀ ယောက်ဖြင့် ဖွဲ့စည်းထားပြီး၊ ခရိုင်နှင့် မြို့နယ်အားလုံးတို့တွင် စုစုပေါင်း ဝန်ထမ်း ၂၅၀ ဖြင့် ဖွဲ့စည်းထားသည်။ သို့သော် အထူးသဖြင့် KNU လှုပ်ရှားမှုနည်းသည့် နယ်မြေတွင်၊ ထိုဌာနနှစ်ခုလုံးရှိ အချို့သော ဝန်ထမ်းများတွင် အခြားသော တာဝန်ဝတ္တရားနှင့် ရာထူးများလည်း ရယူထားသေးသည်။ အခြားသော ဌာနအများစုနှင့်မတူသည့်အချက်မှာ ကျေးရွာအဆင့်တွင် KAD နှင့် KFD တို့သည် ကိုယ်စားလှယ်များ သတ်သတ်မှတ်မှတ် ထားရှိခြင်း သို့မဟုတ် အဓိကတာဝန်ဝတ္တရားများ ယူထားသည့် ဒေသခံများ ထားရှိခြင်းပင်ဖြစ်သည်။ ထိုတာဝန်ဝတ္တရားများ ရယူထားသူများသည် အများအားဖြင့် လယ်သမားများ သို့မဟုတ် အခြားသော သာမန်အသက်မွေးဝမ်းကြောင်း လုပ်ကိုင်နေသူများဖြစ်သည်။ သို့သော် သူတို့အား တာဝန်ဝတ္တရားများ သတ်မှတ်ပေးထားပြီး၊ လေ့ကျင့်မှုများလည်း ပြုလုပ်ပေးသည်။

KFD နှင့် KAD မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် ကြီးကြပ်ကွပ်ကဲမှုများကို ဗဟိုအဆင့်တွင် ဆုံးဖြတ်ထားပြီး၊ ဗဟိုဌာနသည် လေ့ကျင့်မှုများပြုလုပ်ခြင်းနှင့် ဝန်ထမ်းအားလုံးကို နှစ်စဉ်အစည်းအဝေးများတွင် စုဝေးတက်ရောက်စေခြင်းတို့ ဆောင်ရွက်ပေးသည်။ ထိုဌာနနှစ်ခုလုံးသည် CBOs နှင့် တွဲဖက်၍ ဗဟိုအဆင့် အဓိက ကုန်ကျစရိတ်များနှင့် အချို့သော အစီအစဉ်များအတွက် ရန်ပုံငွေအချို့ ရရှိသည်။ အထူးသဖြင့် ကရင်ပတ်ဝန်းကျင်ရေးရာနှင့် လူမှုရေးဆိုင်ရာ လုပ်ဆောင်မှုကွန်ရက် (Karen Environmental and Social Action Network – KESAN) ကဲ့သို့သော CBOs များနှင့် တွဲဖက်လုပ်ဆောင်မှုများမှတစ်ဆင့် နိုင်ငံတကာမှ အလှူရှင်များက ရန်ပုံငွေထောက်ပံ့ထားသည့် ဗဟိုအဆင့် အဓိက ကုန်ကျစရိတ်များနှင့် အချို့သော အစီအစဉ်များအတွက် ဌာနနှစ်ခုလုံးသည် ထောက်ပံ့ငွေများ ရရှိထားသည်။ ခရိုင်အဆင့်၊ မြို့နယ်အဆင့်နှင့် ကျေးရွာအဆင့်ရှိ ဝန်ထမ်းများနှင့် အခြားသော ကုန်ကျစရိတ်အများစုကို ခရိုင်အုပ်ချုပ်ရေးဌာနများက ထောက်ပံ့ပေးထားသည်။ ထို့ကြောင့် ယင်းထောက်ပံ့ဖြည့်ဆည်းမှုများသည် ယင်းခရိုင်အဆင့်တွင် ရနိုင်သော အရင်းအမြစ်များနှင့် ဦးစားပေး ဆောင်ရွက်မှုများအပေါ် မူတည်သည်။ KAD နှင့် KFD ဝန်ထမ်းများသည် ဌာနတစ်ခုခြင်းစီ၏ နှစ်ပတ်လည်အစည်းအဝေးများသို့ တက်ရောက်လေ့ရှိကြပြီး၊ ခရိုင်အဆင့်၊ မြို့နယ်နှင့် ကျေးရွာအဆင့်များတွင် နီးနီးကပ်ကပ် လုပ်ဆောင်ကြသည်။

KAD ၏ အဓိက တာဝန်ဝတ္တရားများမှာ မူဝါဒများရေးဆွဲခြင်း (၎င်းသည် ကွန်ဂရက်၏ အတည်ပြုချက်အပေါ် မူတည်သည်) နှင့် (ခရိုင်၊ မြို့နယ်နှင့် ကျေးရွာ အဆင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် ဖြည့်ဆည်းပေးခြင်းတို့ ဖြစ်သည်။ ထိုစွမ်းဆောင်ရည် မြှင့်တင်သည့် လေ့ကျင့်သင်ကြားမှုများတွင် ပါဝင်သည့် သင်တန်းခေါင်းစဉ်များမှာ အခြေခံ စိုက်ပျိုးရေးဆိုင်ရာအခွန် ကောက်ခံခြင်း၊ ရေသွင်းစိုက်ပျိုးခြင်းနှင့် ဂေဟဗေဒစနစ်ဆိုင်ရာ လယ်ယာစိုက်ပျိုးခြင်း နည်းပညာများနှင့် ဆက်နွယ်နေသော စာချုပ်စာတမ်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပါဝင်သည်။ KAD အနေဖြင့် ဒေသခံ

များအတွက် စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ လေ့ကျင့်သင်ကြားမှုများနှင့် အစီအစဉ်များ၊ အကောက်အခွန် ကောက်ခံခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာ မြေယာအသုံးပြုမှုအတွက် စာရွက်စာတမ်းပြုစုမှုဆိုင်ရာ ကိစ္စရပ်များကိုလည်း သင်ကြားပေးလျက်ရှိသည်။ KFD ကို ၎င်း၏ အဓိက လုပ်ငန်းဆောင်တာများအပေါ် မူတည်၍ဌာနခွဲပေါင်း ၆ ခုဖြင့် ဖွဲ့စည်းထားသည်။ ၎င်းတို့မှာ သုတေသနနှင့် စာတမ်းပြုစုခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းနှင့် သိရှိနားလည်မှု၊ သစ်တောဆိုင်ရာမြေ သတ်မှတ်ပိုင်းခြားခြင်း၊ သစ်ပင်များ ပြုစုပျိုးထောင်ခြင်းနှင့် သစ်တောပြန်လည်ထိန်းသိမ်းခြင်း၊ ဖွံ့ဖြိုးမှု၊ အခွန်ကောက်ခံခြင်းနှင့် အလှူရှင်များနှင့် ဆက်ဆံရန် စီမံခန့်ခွဲမှုအတွက် အစီအစဉ်နှင့် စီမံကိန်းအဖွဲ့တို့ ဖြစ်သည်။

## KNU မြေယာနှင့် သစ်တောဆိုင်ရာ အုပ်ချုပ်စီမံမှု မည်သို့ပေါ်ပေါက်လာသနည်း (၁၉၅၀ ပြည့်နှစ်များမှ ၂၀၀၀ ပြည့်နှစ်နှစ်လယ်များဆီသို့)

၁၉၅၀ ပြည့်နှစ်များတွင်၊ KNU သည် မြေယာနှင့် သစ်တောဆိုင်ရာ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ လမ်းညွှန်မှုများ ကို ဗြိတိသျှအစိုးရထံမှ အမွေရယူခဲ့သည်။ ထိုဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများသည် မြေယာနှင့် သစ်တောဆိုင်ရာ အရင်းအမြစ်များကို ပိုမိုအကျိုးအမြတ်ရရှိရေးနှင့် စီမံခန့်ခွဲနိုင်ရေးတို့ကို အလေးထားခဲ့သည့်အပြင် တောရိုင်းတိရိစ္ဆာန်များအတွက် ဘေးမဲ့ခိုလှုံရာပေးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းနှင့် သစ်တောများကို ပြန်လည်ပြုစုပျိုးထောင်ခြင်း အလေ့အထများကိုလည်း ဖြည့်ဆည်းပေးခဲ့သည်။ KNU အသစ်တဖန် ပြည်လည်ဖွဲ့စည်းသည့် ကာလနှင့် စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဌာနကို ဖွဲ့စည်းသည့်ကာလဖြစ်သော ၁၉၇၄ ခုနှစ်တွင်၊ ထိုဥပဒေများကို ကရင်ဘာသာမှ မြန်မာဘာသာသို့ မဆိုသလောက်ပြောင်းလဲမှု သို့မဟုတ် ပြောင်းလဲမှု မပြုလုပ်ဘဲ ဘာသာပြန်ခဲ့သည်။ KFD ဌာနမှူးပြောကြားချက်အရ၊ ဗြိတိသျှအစိုးရ၏ သစ်တောဆိုင်ရာပြဋ္ဌာန်းချက်များသည် “ဒေသအခြေအနေဖြင့် ၇၀ နှင့် ၈၀ ရာခိုင်နှုန်းခန့် သင့်လျော်မှု ရှိသည်”၊ သို့သော် အဓိက ဓလေ့ထုံးလမ်းအစဉ်အလာများကို အသိအမှတ်မပြုနိုင်ခဲ့ပေ။ ထိုဌာနသည် ၁၉၇၄ ခုနှစ်တွင် မူဝါဒသစ်များကို ထုတ်ပြန်ကြေညာခဲ့သော်လည်း အက်ဥပဒေများအဖြစ်သို့ မရောက်ရှိခဲ့သည့်အပြင်၊ အမှန်တကယ် ကျင့်သုံးလျက်ရှိသော လုပ်ထုံးလုပ်နည်းတွင်လည်း သိသာထင်ရှား၍ စနစ်ကျသည့် အပြောင်းအလဲများ ဖြစ်ပေါ်ရန် မစွမ်းဆောင်နိုင်ခဲ့ပေ။

ပဋိပက္ခများဖြစ်ပွားခဲ့သည့် ဆယ်စုနှစ်များတစ်လျှောက်၊ ထိုဌာနများ၏ လက်တွေ့အသုံးပြုနေသည့် အလေ့အကျင့်များနှင့် လုပ်ထုံးလုပ်နည်းများသည်စစ်မက်ဖြစ်ပွားမှုအခြေအနေနှင့်အချို့သောမြေယာဆိုင်ရာဓလေ့ထုံးတမ်းအစဉ်အလာအလေ့အကျင့်များနှင့်ပိုမိုလိုက်လျောညီထွေမှုရှိစေရန် ပြောင်းလဲလာခဲ့သည်။ ထို့ကြောင့် ဒေသအခြေအနေများနှင့် ပို၍ကိုက်ညီသော အလေ့အထအသစ်များ ပေါ်ပေါက်လာမှုကို ဖြစ်စေခဲ့သော်လည်း၊ ယင်းအလေ့အထအသစ်များသည် စနစ်တကျ ပို၍ဖြစ်တည်မှု နည်းပါးသွားသည့်အပြင် ဖွဲ့စည်းတည်ဆောက်ပုံသည်လည်း အားနည်းသွားခဲ့သည်။ ဥပမာအားဖြင့်၊ ကျေးရွာအဆင့်နှင့် မြို့နယ်အဆင့် အာဏာပိုင်များသည် နေရာဒေသအများစုတွင် တရားဝင်အခွန်ကောက်ခံမှုနှင့် အခွန်လက်ခံရရှိကြောင်း ပြေစာများ ပေးအပ်မှုကို ဆက်လက်ကျင့်သုံးနေခဲ့သော်လည်း၊ တရားဝင် စာရင်းပေးသွင်းခြင်း သို့မဟုတ် မြေယာပိုင်ဆိုင်ခွင့်များကိုမူ အမြဲတမ်း ပေးအပ်မှု မပြုလုပ်ခဲ့ပေ။ ဆိုလိုသည်မှာ မြေယာအသုံးချမှုသည် အဓိကအားဖြင့် ကျေးရွာ သို့မဟုတ် မြို့နယ်အာဏာပိုင်များ၏ အသိအမှတ်ပြုမှုအပေါ်တွင် မှီခိုနေရသည်။

ထို့အပြင်၊ အများပိုင်မြေယာ အသုံးပြုမှုကို ကျင့်သုံးနေသော ဒေသခံများအား အခွန်ကောက်ခံရာတွင် တရားမဝင်ကျင့်သုံးသည့် အလေ့အကျင့်များ ပေါ်ပေါက်လာသည်။ အကြောင်းမှာ ထိုကဲ့သို့အလေ့အထများကို အသိအမှတ်ပြုမှု မရှိခဲ့သောကြောင့်ဖြစ်သည်။ လူသော်မြို့နယ်ရှိ တောင်တန်းကျေးရွာတစ်ခုရှိ လယ်သမားတစ်ယောက်သည် ယခုလိုရှင်းပြခဲ့သည်။

> ကျွန်တော်တို့က တချို့သတ်မှတ်ထားတဲ့ မြေကွက်တွေအတွက် အခွန်ပေးစရာမလိုဘူး … မြေကွက်တွေရဲ့ အရွယ်အစားက အမျိုးမျိုးပဲ၊ အဲဒီတော့ ကျွန်တော်တို့က မြေကွက်တွေအားလုံးကို ရွာတစ်ရွာအနေနဲ့ ပေါင်းလိုက်တယ်၊ ပြီးမှ ခေါင်းဆောင်ကိုပြောပြီး မြေကွက်ပမာဏကို သဘောတူတယ်။ ဥပမာ မြေကွက် ၁၀ ကွက်။ ဒါတွေအကုန်လုံးက ကျွန်တော်တို့ [လူကြီးတွေနဲ့] နားလည်မှုအပေါ်ပဲ မူတည်ပြီး ဖြစ်လာတာ … လူကြီးတွေဆိုတာ ကျေးရွာဥက္ကဋ္ဌ ပြီးတော့ ကျေးရွာအုပ်စုဥက္ကဋ္ဌ တို့ပေါ့။ အဒီတော့ ကျွန်တော်တို့က ကျွန်တော်တို့ လူကြီးကို ထောက်ခံတယ်။ ဘာလို့လည်းဆိုတော့ သူကသာ ကျွန်တော်တို့အခြေအနေကို နားလည်တယ်။ ကျွန်တော်တို့အတွက် ဒီလိုကိစ္စရပ်တွေကို မြို့နယ်အာဏာပိုင်တွေနဲ့ စီမံဆောင်ရွက်နိုင်သည်။ တခြားခေါင်းဆောင်တွေက ကျွန်တော်တို့ကို အတင်းအကြပ်လုပ်ဖို့ ကြိုးစားနိုင်တယ်။

ထိုကဲ့သို့သော အလေ့အထများကို နှစ်ပေါင်းများစွာတိုင်အောင် နေရာဒေသအများစုတွင် ကျင့်သုံးလာကြသည်။ KAD က ထိုအလေ့အကျင့်များသည် အတော်အတန် တည်တည်ငြိမ်ငြိမ် ကျင့်သုံးနိုင်ခဲ့ပြီး အောင်မြင်နေဆဲဟု ပြောကြားခဲ့သည်။ အကြောင်းမှာ ဒေသခံ အာဏာပိုင်များသည် ဒေသတွင်း မြေယာအသုံးပြုမှုများကို နားလည်ပြီး ထိုအလေ့အထများကို ပြင်လွယ်ပြောင်းလွယ်ဖြစ်ရန် လုပ်ဆောင်နိုင်ပြီး အသုံးတည့်အောင် ဆောင်ရွက်နိုင်သည်။

၁၉၈၀ မှ ၁၉၈၈ မတိုင်မီအထိ၊ KFD ကို ဖဒိုအောင်ဆန်းက ဦးဆောင်ခဲ့ပြီး ၎င်းသည် အကျိုးအမြတ်ရရှိသည့် သစ်ထုတ်လုပ်ရေးလုပ်ငန်းများကို အဓိကထား လုပ်ဆောင်ခဲ့သဖြင့် သစ်တောများပြုန်းတီးမှုကို ဆိုးဆိုးရွားရွားဖြစ်စေခဲ့သည်။ ကျွန်းသစ် ထုတ်လုပ်ရေးသည် ၁၉၈၀ ပြည့်နှစ်လွန်များနှင့် ၁၉၉၀ ပြည့်နှစ်များတွင် ပိုမိုများပြားလာခဲ့သည်။ ထိုအချိန်အတောအတွင်း ကျွန်းသစ် ခုတ်ထွင်မှုကို ထိုင်းနိုင်ငံတွင် ပိတ်ပင်ထားခဲ့ပြီး၊ KNU နှင့် မြန်မာ SPDC အစိုးရသည် ကျွန်းသစ် ခုတ်ထွင်မှု လုပ်ပိုင်ခွင့်ကို ထိုင်းကုမ္ပဏီများသို့ စတင်ရောင်းချခဲ့သည်။[160] ၁၉၉၀ ပြည့်နှစ်များတွင် KNU အနေဖြင့် အားနည်းလာပြီး ဗဟိုချုပ်ကိုင်မှု နည်းပါးလာသောအခါ၊ DKBA နှင့် တပ်မတော်၏ အချို့သော အကျင့်ပျက်အရာရှိတို့ လုပ်ဆောင်သကဲ့သို့ အချို့သောဒေသများရှိ ဒေသခံအာဏာပိုင်များသည် ဗဟိုထိန်းချုပ်မှုမပါဝင်ဘဲ သစ်ထုတ်လုပ်မှုမှ အကျိုးအမြတ်ရရှိရန် အစဉ်တစိုက် လုပ်ဆောင်ခဲ့သည်။ ဖဒိုအောင်ဆန်းသည် ၁၉၉၈ ခုနှစ်တွင် လက်နက်ချခဲ့ပြီး KNU ဘဏ္ဍာများမှ ထိုင်းဘတ် ၂၈ သန်းကို ယူဆောင်ကာ အစိုးရအထောက်အပံ့ပေးထားသည့် စစ်ဘက်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုကို တည်ထောင်ခဲ့သည်။ နောက်နှစ်များတွင် KNU ၏ ဗဟိုမှ ကြီးကြပ်ကွပ်ကဲမှုများ နည်းပါးလာမှုနှင့်အတူ သစ်ထုတ်လုပ်မှုသည် ဆက်လက်ဖြစ်ပေါ်နေခဲ့သောကြောင့် KFD သည်လည်း အားနည်းသည်ထက် ပိုနည်းလာသည်။

တစ်ချိန်တည်းတွင် KNU မြေယာစီမံခန့်ခွဲမှုနှင့် အခွန်ကောက်ခံမှု အလေ့အကျင့်များသည် နေရာဒေသအများစုတွင် တရားဝင်လုပ်ဆောင်မှု နည်းပါးလာခဲ့သည်။ အထူးသဖြင့်၊ မြို့နယ်အုပ်ချုပ်ရေးများသည် ၎င်းတို့၏ ထိန်းချုပ်မှု အပြည့်အဝမရှိသည့် နေရာများရှိ ကျေးရွာများနှင့် ကျေးရွာအုပ်စုများတွင် အခွန်ကောက်ခံခြင်းကို ပိုမိုအားထားလာကြသည်။ ထို့အပြင် ဒေသခံများအပေါ်တွင် KNU၊ DKBA၊ တပ်မတော်နှင့် အခြားသော စစ်အုပ်စုများအပါအဝင် အာဏာပိုင်မျိုးစုံက အခွန်ကောက်ခံခြင်း ပြုလုပ်လာကြသည်။ သို့သော် KNU သည် ၎င်းထိန်းချုပ်မှု အားကောင်းသော ဒေသများတွင် တရားဝင် အခွန်ကောက်ခံသည့်စနစ်ကို ထိန်းသိမ်းနိုင်ခဲ့သည်။

## မြေယာနှင့် သစ်တောဆိုင်ရာ စီမံအုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေး၏ အစောပိုင်း ကြိုးပမ်းမှုများ (၂၀၀၅ - ၂၀၁၂)

၂၀၀၅ ခုနှစ်တွင် KESAN သည် နည်းလမ်းတကျဖြစ်သော အလေ့အကျင့်များ၊ နည်းလမ်းမကျသော အလေ့အကျင့်များ၊ ပြင်ပမှ အမြင်များဖြင့် ရေးဆွဲထားသော အလေ့အကျင့်များနှင့် ဒေသ ရိုးရာဓလေ့ အလေ့အကျင့်များ စသည့် အလေ့အကျင့်ပေါင်းစုံ ရောပြွန်းထားသည့် တည်ရှိဆဲ အက်ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ ပြန်လည်ရေးဆွဲရေးအတွက် လမ်းညွှန်နိုင်ရန် မြေယာနှင့် သစ်တောဆိုင်ရာ မူဝါဒအသစ်များ ရေးဆွဲရန် KAD နှင့် KFD အား စတင်ကူညီခဲ့သည်။ ရည်ရွယ်ချက်မှာ ဒေသဆိုင်ရာ မြေယာအသုံးပြုမှုနှင့် အခြားသော အသက်မွေးဝမ်းကြောင်းဆိုင်ရာ အလေ့အကျင့်များအပေါ် အခြေခံသော ပို၍စနစ်ကျသော လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရန်၊ ဒေသဆိုင်ရာအဆင့်တွင် ရေးဆွဲကျင့်သုံးထားသော်လည်း စနစ်တကျ ရေးဆွဲကျင့်သုံးမှုမရှိသော ဌာနဆိုင်ရာ အလေ့အကျင့်များကို ဖြည့်သွင်းပေါင်းစပ်ရန်ဖြစ်သည်။ ယခုထက်ပို၍ ရေရှည် ထိန်းသိမ်းနိုင်ပြီး သဘာဝပတ်ဝန်းကျင်အတွက် (အထူးသဖြင့် သစ်တောရေးရာ မူဝါဒဆိုင်ရာ ကိစ္စရပ်) လုံခြုံစိတ်ချရသည့် အလေ့အကျင့်များ ရေးဆွဲချမှတ်နိုင်ရေးသည် အဓိကဦးတည်ချက်ဖြစ်သည်။

KESAN၊ KAD နှင့် KFD တို့သည် ခရိုင်အားလုံးရှိ ဒေသခံများအပါအဝင် KNU မှ တာဝန်ရှိသူများအားလုံးနှင့် ဆွေးနွေးတိုင်ပင်မှုများကို ၂၀၁၄ ခုနှစ်တွင် ကျယ်ကျယ်ပြန့်ပြန့် စတင်ခဲ့သည်။ ထိုဆွေးနွေးတိုင်ပင်မှုကို ၁၉၉၀ ပြည့်နှစ်များတွင် စတင်ခဲ့သည့် KESAN မှ ဦးစီးဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များမှတစ်ဆင့် လမ်းညွှန်လုပ်ဆောင်ခဲ့ပါသည်။ ထိုအစီအစဉ်များ၏ ရည်ရွယ်ချက်မှာ ဘုံမြေယာသုံးစွဲမှု၊ သစ်တောဆိုင်ရာ စီမံမှု အလေ့အကျင့်များကို သင်ယူရန်၊ ဒေသခံများအား ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် ရေရှည်တည်တံ့နိုင်ရေးဆိုင်ရာ အသိပညာ ဗဟုသုတများနှင့် စွမ်းရည်များ ဖြည့်ဆည်းပေးရန်တို့ ဖြစ်သည်။

၂၀၀၅ ခုနှစ်တွင် မြေယာမူဝါဒ ရေးဆွဲချမှတ်နိုင်ရေးနှင့်အညီ KAD သည် မြေယာမှတ်ပုံတင်ခြင်းနှင့် မြေပိုင်ဆိုင်ခွင့်များကို စတင်ခဲ့သည်။ ထိုအချိန်မှစ၍ ကိုယ်ပိုင်မြေယာပိုင်ဆိုင်ခွင့်ကို ကိုင်ဆောင်ထားသော လူတော်မြို့နယ်ရှိ လယ်သမားတစ်ယောက်၏ ပြောကြားချက်အရ၊ ၎င်း၏ ကျေးရွာဥက္ကဋ္ဌက ထိုသို့ကိုင်ဆောင်ထားခြင်းသည် ၎င်းကို လုံခြုံမှု ပို၍ပေးနိုင်သည်ဟု ပြောကြားခဲ့သည်။ ထို့ကြောင့် မြို့နယ်အဆင့် အာဏာပိုင်များသည် ထိုလယ်သမား၏ မြေယာသို့ လာရောက်၍ နေရာတွင်ပင် မြေပိုင်ဆိုင်ခွင့်ကို ပေးအပ်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ကျင်းပခဲ့သော ၁၄ ကြိမ်မြောက် KNU ကွန်ဂရက် တွင် KFD နှင့် KADက မူဝါဒများကို အတည်ပြုပေးခဲ့သည်။ ထိုဌာနများသည် ထိုမူဝါဒများကို ပြန်လည်သုံးသပ်ရန်နှင့် ပြင်ဆင်ရန် ဆက်လက်လုပ်ဆောင်ခဲ့သည်။ အကြောင်းမှာ အလေ့အကျင့်အသစ်များကို စမ်းသပ်ကျင့်သုံးလျှင် ၎င်းတို့အနေဖြင့် တိုးတက်မှုများ ပြုလုပ်ရန် ဆက်လက်လုပ်ဆောင်နိုင်သောကြောင့် ဖြစ်သည်။ ထိုအချိန်တွင်ပင် KNU သည် ထိုမူဝါဒများ အကောင်အထည်ဖော်ဆောင်ရေး တစ်ခုလုံးတွင် ရင်းနှီးမြှုပ်နှံမှု အနည်းငယ်သာပြုလုပ်ခဲ့ပြီး၊ ထိုမူဝါဒများကိုခရိုင်အားလုံးတွင် စနစ်တကျဖော်ဆောင်ခဲ့ခြင်းမရှိပါ။

၂၀၀၉ ခုနှစ်တွင်၊ KNU ဗဟိုကော်မတီသည် အကြီးစား သစ်ထုတ်ရေးကို ခရိုင်အားလုံးတွင် ပိတ်ပင်ခြင်း၊ စီးပွားဖြစ် သစ်ထုတ်လုပ်မှု ပုံစံမျိုးစုံကို ခွင့်မပြုခြင်း၊အိမ်သုံးနှင့်အများသုံးအဆောက်အအုံများအတွက်အရေအတွက်ကန့်သတ်မှုများပြုလုပ်ထားသည့်အပြင်အသေးစားလုပ်ငန်းများကိုသာ

[160] See Bryant (1997), 178-9. ကို ဖတ်ပါ။

ခွင့်ပြုခြင်း စသည်တို့ကို လုပ်ဆောင်ခဲ့သည်။ ကရင့်နယ်မြေများသည် မကြာသေးမီ ဆယ်စုနှစ်များအတွင်း သဘာဝအတိုင်းတည်ရှိနေသော သစ်တောများ၏ ဧက ထောင်ပေါင်းများစွာကို ဆုံးရှုံးခဲ့သည်ကို သိရှိနားလည်လာခြင်းကြောင့် အထက်တွင်ဖော်ပြခဲ့သည့် ပိတ်ပင် တားဆီးမှုများကို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ သစ်တောများ ပျက်စီးလာခြင်းကြောင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို ပို၍ထိခိုက်လာပြီး၊ နေရာရွှေ့ပြောင်းမှုများ ဖြစ်စေခဲ့သည့်အပြင်၊ အချို့သော KNU နှင့် CBO ခေါင်းဆောင်အချို့က ထိုသို့ဆုံးရှုံးမှုများကို ၎င်းတို့၏ အရေးပါသော သက်ဝင်ယုံကြည်မှုများ ဆုံးရှုံးခြင်းအဖြစ် ရှုမြင်ကြသည်။ ထို့အပြင် သစ်ထုတ်လုပ်ရေးကို မဟာဗျူဟာမြောက် ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ပို၍ ရှုမြင်လာကြသည်၊ အကြောင်းမှာ သစ်တောများပြုန်းတီးသွားသော နေရာဒေသများသည် တပ်မတော်အတွက် သိမ်းပိုက်ရန် အလွန်ပင်လွယ်ကူသောကြောင့် ဖြစ်သည်။ ထို့အပြင် သစ်ထုတ်လုပ်ရေးလုပ်ငန်းများသည် ကရင်နယ်မြေများသို့ ရွှေ့ပြောင်းလုပ်ကိုင်သူများစွာကို ခေါ်ဆောင်လာသည်ဟု ထင်မှတ်ရသည့်အပြင် KNU ပိုင်နယ်မြေများတွင် အစိုးရ၏လှုပ်ရှားမှုကို ပိုမိုဖြစ်စေသည်ဟု နားလည်သဘောပေါက်ထားသည်။ သစ်ထုတ်လုပ်ရေး ပိတ်ပင်ခြင်းကို အကောင်အထည်ဖော်ခြင်းသည် နှေးကွေးစွာ စတင်ခဲ့ပြီး၊ ၎င်းသည် အချို့သောဒေသများတွင်သာ အကောင်ထည်ဖော်နိုင်ခဲ့သည်။ သစ်ထုတ်လုပ်ရေး ပိတ်ပင်မှုကို အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့သော မူတရောခရိုင်ရှိ KFD ပြောကြားချက်များအရ ၂၀၁၄ ခုနှစ်တွင် ထိုကိစ္စသည် ပိုမိုလွယ်ကူလာခဲ့သည်၊ ထိုအချိန်တွင် မြန်မာအစိုးရသည်လည်း သစ်ထုတ်လုပ်ရေးအပေါ် ထားရှိသည့် ပိတ်ပင်တားဆီးမှုများကို တင်းတင်းကျပ်ကျပ် စတင်ဆောင်ရွက်ခဲ့သည်[161]။

## အရှိန်မြှင့်တင်ဆောင်ရွက်ခဲ့သည့် ပြုပြင်ပြောင်းလဲမှုများ (၂၀၁၂ ခုနှစ်အလွန်)

၂၀၁၂ ခုနှစ်တွင် KFD နှင့် KAD တို့၏ ပြုပြောင်းလဲမှု လုပ်ငန်းစဉ်များသည် သိသာထင်ရှားသည့် အားပေးမှုများ ရရှိခဲ့သည်။ အကြောင်းမှာ KNU က ၎င်း၏နယ်မြေများသည် အပြင်လူများ သွားလာလှုပ်ရှားမှုကို ယခင်ထက်ပို၍ လွတ်လပ်စွာ သွားလာခွင့်ပေးနေခဲ့မှုကို သိရှိနားလည်လာခဲ့သောကြောင့် ဖြစ်သည်။ ထိုသို့ အားပေးလုပ်ဆောင်မှုက ရိုးရာဓလေ့၊ ထုံးလမ်းအစဉ်အလာနှင့် အလေ့အကျင့်များအပေါ် ဒေသခံများကသာ သိရှိနားလည်ခြင်းသည် ဒေသခံများအတွက်  မြေယာပိုင်ဆိုင်မှုကို သေချာစေရန်နှင့် KNU အနေဖြင့် ၎င်း၏အုပ်ချုပ်မှုအောက်တွင် ကြာရှည်စွာရှိခဲ့သော  မြေယာများကို စီမံအုပ်ချုပ်နိုင်သည့် စွမ်းရည်ကို သေချာစေရန် လုံလောက်စွာလုပ်ဆောင်နိုင်ခြင်း မရှိသောကြောင့်ဖြစ်သည်။ ထို့အပြင် ၂၀၁၂ ခုနှစ် ဧပြီလ၌ ကျင်းပခဲ့သော ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး စကားဝိုင်းများတွင် KNU သည် ဝန်ကြီး ဦးအောင်မင်းနှင့် ရေးသားမှတ်တမ်းတင်ထားသော သဘောတူညီချက်တစ်ခုကို ရခဲ့သည်။ ထိုသဘောတူညီချက်တွင် အစိုးရက "KNU နှင့် အခြားသော တိုင်းရင်းသား အဖွဲ့အစည်းများကြားရှိ တည်ရှိဆဲ မြေယာပိုင်ဆိုင်မှု သဘောတူညီချက်များကို အသိအမှတ်ပြုရန်နှင့် ဓလေ့ထုံးစံအရ မြေယာပိုင်ဆိုင်မှုနှင့် အခြားသော ပြည်တွင်း နေရပ်စွန့်ခွာတိမ်းရှောင်သူများ၏  မြေယာပိုင်ဆိုင်ခွင့် ကိစ္စရပ်များအတွက် ဆွေးနွေးတိုင်ပင်မှုများတွင် အဖြေရှာရန်" တို့ကို အသိအမှတ်ပြုထားသည်။[162]

KHRG သည် KNU ခရိုင် ခုနစ်ခုရှိ မြေယာသိမ်းယူမှုအစီရင်ခံစာများတွင် ၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်ကြားကာလများ၌ မြေယာသိမ်းယူမှုများ မြင့်တက်ခဲ့မှုနှင့် အကြီးစား ဖွံ့ဖြိုးမှုလုပ်ငန်းများကိုလည်း ဒေသခံများနှင့် ဆွေးနွေးတိုင်ပင်မှုများ  ပြုလုပ်ခြင်းမရှိဘဲ မြင့်တက်ခဲ့သည်ကို မှတ်တမ်းတင်ထားခဲ့သည်။[163]၂၀၁၂ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလများတွင် ဒေသခံ KNU အာဏာပိုင်များက ကုမ္ပဏီများကို လုပ်ငန်းဆောင်ရွက်ရန် ပါဝင်ခွင့်ပြုခြင်း သို့မဟုတ် အခြားသော နည်းလမ်းများဖြင့် KNU ပါဝင်ဆောင်ရွက်လျက်ရှိသော ကိစ္စရပ်များအပါအဝင်၊ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးမှုနှင့် စပ်လျဉ်းသော မြေယာသိမ်းယူမှု ၆၈ ခု၊ သဘာဝ သယံဇာတအရင်းအမြစ်များ ထုတ်ယူခြင်းနှင့် ဆက်နွယ်သောမြေယာသိမ်းယူမှု ၅၅ ခု ရှိခဲ့သည်ကို မှတ်တမ်းတင်ခဲ့သည်။ ထို့အပြင် KHRG သည် တပ်မတော် သို့မဟုတ် အစိုးရ ကျောထောက်နောက်ခံပေးထားသော အမြဲတမ်းတပ်မတော်မဟုတ်သော တပ်များဆိုင်ရာ အခြေခံအဆောက်အဦများအတွက် မြေယာသိမ်းယူမှုများဆိုင်ရာ အစီရင်ခံစာပေါင်း ၂၂ ခုကိုလည်း မှတ်တမ်းတင်ထားခဲ့သည်။[164]

၂၀၁၂ ခုနှစ်တွင် ဦးသိန်းစိန်အစိုးရက ပြဋ္ဌာန်းခဲ့သော မြေယာဥပဒေများသည် အစိုးရနှင့် ကုမ္ပဏီများ၏  မြေယာသိမ်းပိုက်မှုများကို ဒေသခံများအား ကြုံတွေ့စေခဲ့ရသည်ဟု ထင်မှတ်ရသည်။ အထူးသဖြင့် ရိုးရာဓလေ့အတိုင်း မြေယာအသုံးပြုလျက်ရှိသော ဒေသများ သို့မဟုတ် အတင်းအကြပ် ရွှေ့ပြောင်းမှုရှိသော ဒေသများတွင် ဖြစ်ပွားခဲ့သော ထိုသို့ သိမ်းပိုက်မှုများသည် အချိန်ကာလ အတန်ကြာသည်အထိ အသုံးပြုခြင်းမရှိခဲ့ပါ။ထိုကိစ္စရပ်များသည် အထူးသဖြင့်  ရွှေ့ပြောင်းတောင်ယာလုပ်ငန်း လုပ်ကိုင်သော ဒေသများနှင့် တိရိစ္ဆာန်များကို အစာကျွေးရန် သို့မဟုတ် အခြားသော ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ကိစ္စရပ်များအတွက် မစိုက်ပျိုးဘဲထားရှိသော နေရာများတွင် ဖြစ်ပွားလေ့ရှိကြသည်။ အခြားသော

[161] မူတရောခရိုင် အာဏာပိုင်များက တရားမဝင် သစ်ခိုးထုတ်သူများကို ဖမ်းဆီးမှုကြောင့် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွင်းက သတင်းတွင် တွေ့ရသည်။ Saw Yan Naing, "Illegal Log Trade Continues on Salween River," The Irrawaddy, September 27, 2016 ကြည့်ပါ။ အထက်ပါသတင်းကို http://www.irrawaddy.com/news/burma/illegal-log-trade-continues-on-salween-river.html. တွင် ဖတ်ရှုနိုင်သည်။

[162] Keenan (2012), 70. ကြည့်ပါ။

[163] Karen Human Rights Group (2012b), 26-7, 29-30.

[164] Karen Human Rights Group (2015), 6-7.

ကိစ္စရပ်များတွင် အစိုးရ၊ KNU နှင့် အခြားသော လက်နက်ကိုင်များ အပါအဝင် အာဏာပိုင်များသည် ၎င်းတို့ကိုယ်ကျိုးအတွက် မြေယာများကို တရားမဝင် သိမ်းယူခြင်းများလည်း လုပ်ဆောင်ခဲ့ကြသည်။[165]

ပိုမိုရှုပ်ထွေးသည့် အခြားကိစ္စရပ်များလည်း ပေါ်ထွက်လာခဲ့သည်။ အကြောင်းမှာ သိန်းပေါင်းများစွာသော နေရာရွှေ့ပြောင်းခံရသူများသည် ၎င်းတို့၏မြေယာအဟောင်းများသို့ပြန်လည်လာရောက်ခြင်း သို့မဟုတ် မြေယာအသစ်များကို ရှာဖွေခြင်းတို့စတင်ခဲ့သည်။ လူအများအပြားသည် လက်ရှိတွင် ကုမ္ပဏီများနှင့် အခြားသောလူပုဂ္ဂိုလ်များ အသုံးပြုနေသည့် ၎င်းတို့ပိုင် ယခင်မြေယာများကို ရှာဖွေရန် ပြန်လာနေကြသည်။ အချို့သော ကိစ္စရပ်များတွင် ထိုမြေယာများသည် လက်ရှိတွင် လာရောက်လုပ်ကိုင်နေသူများက အစိုးရ၏ မြေယာစီမံအုပ်ချုပ်မှုစနစ်အောက်တွင် မှတ်ပုံတင်ထားပြီးဖြစ်သောကြောင့် ဥပဒေပိုင်းဆိုင်ရာ ရှုပ်ထွေးမှုများကိုလည်း ဖြစ်စေခဲ့သည်။ ထို့ပြင် လူအများအပြားသည် အချိန်အတန်ကြာသည်အထိ ဆက်တိုက်ရွှေ့ပြောင်းနေသောကြောင့် တစ်နေရာမှ ရွှေ့ပြောင်းလာသူများသည် မကြာခဏဆိုသလို အခြားသော ရွှေ့ပြောင်းနေထိုင်သူများ ယခင်ကပိုင်ဆိုင်ခဲ့သည့် မြေယာများတွင် ယာယီနေထိုင်မှုများ ရှိနေခဲ့သည်။

ထိုကိစ္စရပ်များ၏ အကျိုးဆက်အနေဖြင့် ခရိုင် ၇ ခုရှိ KNU ခရိုင်နှင့် မြို့နယ်အာဏာပိုင်များသည် တည်ရှိဆဲ မြေယာ အုပ်ချုပ်စီမံမှုကို သေချာစေရန် အဖွဲ့အစည်း၏ဦးစားပေးလုပ်ဆောင်မှုအဖြစ် လုပ်ဆောင်ခဲ့သည်။ ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်များတွင် တွေ့ဆုံမေးမြန်းခဲ့သော ဒူးပလာရာနှင့် ဘားအံ ခရိုင်များရှိ  ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် အတွင်းရေးမှူးများ၏ ပြောကြားချက်များအရ မကြာသေးမီနှစ်များအတွင်းက ၎င်းတို့၏ အချိန်အတော်များများကို မြေယာသိမ်းပိုက်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်းများနှင့်သက်ဆိုင်သည့် တိုင်ကြားချက်များကိုသာ ကိုင်တွယ်ဖြေရှင်းနေကြရသည်ဟု  ပြောကြားခဲ့သည်။ ထိုတိုင်ကြားချက်များသည် အဓိကအားဖြင့် ပုဂ္ဂလိက ကုမ္ပဏီများ၏ လုပ်ငန်းဆောင်တာများနှင့် အများဆိုင်ရာ ဖွံ့ဖြိုးမှုလုပ်ငန်း အကြီးစားများကြောင့် ဖြစ်သည်။ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ နှင့် ၂၀၁၅ခုနှစ်၊ ဇန်နဝါရီ  ကြားကာလတွင် မြေယာသိမ်းပိုက်မှုများနှင့် ပက်သက်သည့် ကိစ္စရပ် ၁၃ ခုကို ဒေသခံများက KNU သို့ တိုင်ကြားခဲ့သည်ကို KHRG က မှတ်တမ်းထားခဲ့သည်။[166]

ထိုတိုင်ကြားမှုများသည် KESAN နှင့် KAD, KFD တို့၏ ဗဟိုရုံးများအတွက် ၎င်းတို့၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို စုံစမ်းစစ်ဆေးမှုနှင့် အဆင့်အားလုံးရှိ KNU အရာရှိများနှင့် ဒေသခံများကြား သိသာထင်ရှားသည့် ထိတွေ့ဆက်ဆံမှုများ ရရှိစေရန် အခွင့်အလမ်းတစ်ခုကို ဖန်တီးပေးခဲ့သည်။ ၂၀၁၂ ခုနှစ်မှ စတင်ကာ ထိုကြိုးပမ်းအားထုတ်မှုများကို USAID၊ DFID တို့က ပေးအပ်ထားသော ရန်ပုံငွေများဖြင့် ဖွဲ့စည်းထားသည့် The Border Consortium မှ ထောက်ပံ့ငွေများနှင့် Oxfam Novib နှင့် Transnational Institute တို့၏ အကူအညီများဖြင့် ထောက်ပံ့ထားသည်။ KESAN ၏ KFD နှင့် KAD တို့နှင့် လုပ်ကိုင်ထားသည့် အလုပ်များ၏ အစီအစဉ် ရည်မှန်းချက်များကို စာကွက် ၁ တွင် အကျဉ်းချုံး ဖော်ပြထားသည်။

### စာကွက် ၁။ KESAN အစီအစဉ် ရည်ရွယ်ချက်များ

- မြေယာမူဝါဒတိုးတက်ရန် KNU နှင့်အတူ ဆောင်ရွက်ရန် ဒေသခံများ၏ အသိဝင်နိုးကြားမှုကို မြှင့်တင်ရန် အသေးစား လယ်သမားများ၏ မြေယာလုပ်ပိုင်ခွင့် အခွင့်အလမ်းများနှင့် လုံခြုံရေးတို့ကို တိုးမြှင့်ရန်၊ မြေယာပိုင်းခြားသတ်မှတ်ခြင်းနှင့် မှတ်ပုံတင်ခြင်းတို့ကို ထောက်ပံ့ရန်။
- ကရင်ဒေသခံ အသိုင်းအဝိုင်းများ၏ ကိုယ်ပိုင်မြေယာဆိုင်ရာ ဓလေ့များနှင့် သဘာဝအရင်း အမြစ်ဆိုင်ရာ အုပ်ချုပ်စီမံမှုစနစ်များကို အားကောင်းစေရန်နှင့် ပြန်လည်အသက်ဝင်လာစေရန် အားပေးထောက်ပံ့ရန်၊ သင့်လျော်သော KNU မူဝါဒများတွင် ၎င်းတို့၏ အသိအမှတ်ပြုခြင်းနှင့် အားလုံးပါဝင်ဆောင်ရွက်နိုင်ရန် စည်းရုံးလှုံ့ဆော်ရန်။
- ဒေသပိုင်သစ်တောများ၊ ဆေးဖက်ဝင်အပင်များရှိရာ သစ်တောများ၊ သဘာဝအတိုင်း မပျက်စီးဘဲထားရှိသည့် သစ်တောများနှင့် တောရိုင်းတိရိစ္ဆာန်များအတွက် ဘေးမဲ့တောများကို တည်ထောင်ရန်နှင့် ပိုင်းခြားသတ်မှတ်ခြင်းနှင့် ထိုသစ်တောများကို မြေယာသိမ်းယူမှုများနှင့် အခြားသော ပဋိပက္ခအလွန် ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ကျူးကျော်ဆောင်ရွက်ခြင်းတို့မှ ကာကွယ်ရန်။

## ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ရမည့် အဓိကကဏ္ဍများ

အထူးသဖြင့်၊ မြေယာနှင့် သစ်တောဆိုင်ရာ သိသာထင်ရှားလှသည့် စီမံခန့်ခွဲမှုကိစ္စရပ်များကို အဓိကကဏ္ဍ ၄ ရပ်တွင်  တွေ့မြင်ရသည်။ ၎င်းတို့မှာ မူဝါဒရေးရာတွင်ထပ်မံတိုးတက်ဖြစ်ထွန်းမှုများ၊ မြေယာများကိုစနစ်တကျမှတ်ပုံတင်ခြင်းနှင့်ပိုင်ဆိုင်ခွင့်တို့ကိုစတင်မိတ်ဆက်လုပ်ဆောင်ခြင်း၊ ပိုမိုစနစ်ကျသော ရိုးရာကောမြေယာများ စီမံခန့်ခွဲမှုနှင့် တောရိုင်းတိရိစ္ဆာန်များအတွက် ဘေးမဲ့တောများနှင့် ကာကွယ်ထားသော သစ်တောများကဲ့သို့သော အထူးသစ်တောကဏ္ဍများကို စီမံခန့်ခွဲမှုနှင့် ပိုင်းခြားသတ်မှတ်ခြင်း တို့ဖြစ်သည်။

---

[165] Karen Human Rights Group (2015).

[166] Karen Human Rights Group (2015), 78-9.

## မူဝါဒရေးရာတွင် ထပ်မံတိုးတက်ဖြစ်ထွန်းမှုများ

၂၀၁၂ ခုနှစ်မှစတင်ကာ၊ KAD နှင့် KFD မူဝါဒများကို ထပ်မံသုံးသပ်မှုများ ခရိုင်များအနှံ့ ဆွေးနွေးတိုင်ပင်မှုများအပေါ် အခြေခံကာ ပြုလုပ်ခဲ့သည်။ မြေယာမူဝါဒအသစ်တစ်ခုကို ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် KNU ဗဟိုအလုပ်အမှုဆောင်ကော်မတီက တရားဝင်အတည်ပြုခဲ့ပြီး မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ရန်ကုန်မြို့၌ ၂၀၁၆ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည်။ သစ်တောဆိုင်ရာမူဝါဒ၏ နောက်ဆုံးအဆိုပြုချက်ကို ယခုအခါ ပြန်လည် သုံးသပ်မှုများ ပြုလုပ်နေပြီး KNU ၁၆ ကြိမ် မြောက် ညီလာခံတွင် တင်သွင်းမည်ဖြစ်သည်။

## KNU ၏ ၂၀၁၅ ခုနှစ် မြေယာမူဝါဒ

စာမျက်နှာပေါင်း ၆၆ မျက်နှာရှည်လျားသော KNU ၏ မြေယာမူဝါဒသည် ဒေသခံများ၏ မြေယာပိုင်ဆိုင်မှုများကို ကာကွယ်ပေးခြင်းနှင့် လူမှု အရသော်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်အရသော်လည်းကောင်း ထိခိုက်နိုင်မည့် ရင်းနှီးမြှုပ်နှံမှုများကို တားဆီးရန်အတွက် ကောင်းမွန် သော မူဘောင်တစ်ရပ်ကို ပြဋ္ဌာန်းထားပါသည်။ ထိုမူဝါဒသည် ၂၀၁၂ နှင့် ၂၀၁၃ ခုနှစ် များတွင် အကြိုသဘောတူညီထားသော မူဝါဒများထက် ပိုမိုတိကျမှုရှိသည်။ ယခင် မူဝါဒများသည် မြေယာအသုံးပြုမှုပုံစံပေါင်း အခု ၂၀ ကျော်၊ မြေပိုင်ရှင်ပုံစံမျိုးစုံ၊ အခွန်ကောက်ခံခြင်းနှင့် ဈေးငွေ အတိုးနှုန်းတို့အတွက် ပိုမိုတိကျသော နှုန်းထားနှင့် ဒေသတွင်းရှိ မြေယာပိုင်ဆိုင်မှုနှင့် စပ်လျဉ်းသော မြေယာစီမံအုပ်ချုပ်မှု သမိုင်းကြောင်း အသေးစိတ်တို့ ပါဝင်သည်။ မူဝါဒအသစ်သည် ပိုမိုကျယ်ပြန့်သော မူဘောင်ကို ပြဋ္ဌာန်းပေးထားသည့်အပြင် အခွန်နှုန်းထားကို သက်ဆိုင်ရာ အာဏာပိုင်များက အချိန်အပိုင်းအခြားအလိုက် မည်သို့ပြန်လည်ပြင်ဆင်နိုင်မည်ကို ဆုံးဖြတ်ထားသည်။ အဓိကရည်မှန်းချက်များအရ မြေယာ မူဝါဒအသစ်၏ မျှော်မှန်းချက်များမှာ -

- အသိအမှတ်ပြုခြင်း
- ထိခိုက်မှုအတွက် လျော်ကြေးပေးအပ်ခြင်း
- ကာကွယ်စောင့်ရှောက်ခြင်း
- ကရင်လူမျိုးအားလုံးနှင့် ကြာရှည်စွာနေထိုင်လျက်ရှိသော ကျေးရွာဒေသခံများ၏ ပိုင်ဆိုင်မှု အခွင့်အရေးများကို လူမှုရေးနှင့် ဥပဒေရေး အရ ထောက်ပံ့ပေးခြင်း၊
- မြေယာ၊ သစ်တော၊ ငါးမွေးမြူရေး၊ ရေနှင့် သက်ဆိုင်ရာ သဘာဝအရင်းအမြစ်များ ပိုင်ဆိုင်ခွင့်တွင် တိုးတက်လာသော နိုင်ငံရေးနှင့် ဂေဟစနစ်ဆိုင်ရာ စီမံအုပ်ချုပ်မှု ဖြစ်ပေါ်စေခြင်း

ထိုအချက်များသည် ဗဟိုမှအလုံးစုံချုပ်ကိုင်မှုမပြုသော ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတော် အခြေအနေတွင် ကိုယ်ပိုင်စဉ်းစားလုပ်ပိုင် ဆုံးဖြတ်ခွင့်အပေါ် ရည်မှန်းချက်ထားရှိသည်။

ထို့အပြင် မြေယာပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါ အဓိကရည်ရွယ်ချက်များကို ဖော်ပြထားသည်။

> ဆင်းရဲချို့တဲ့သူများ၊ ဘေးဖယ်ခံထားရသူများ၊ ထိခိုက်ဖွယ်ရှိသူများ၏ အလုပ်အကိုင်များနှင့် မြေယာအသုံးပြုမှု အခွင့်အရေးများကို အလေးအနက်ထားပြီး၊အမျိုးသမီးများနှင့် လူငယ်များ၏ အခွင့်အရေးကို အထူးအာရုံစိုက်မှု ပြုလုပ်ကာ ကရင်လူမျိုးအားလုံးနှင့် ကြာရှည်စွာနေထိုင်လျက်ရှိသော ကျေးရွာဒေသခံများ၏ မြေယာပိုင်ဆိုင်မှု အခွင့်အရေးများကို အသိအမှတ်ပြုရန်၊ ကာကွယ်ရန်၊ ဦးစားပေးဆောင်ရွက်ရန်နှင့် အသုံးပြုမှုမှရရှိလာမည့် အကျိုးကျေးဇူးများနှင့် ထိုအခွင့်အရေးများမှ ရရှိလာမည့် ပျော်ရွှင်မှုများတွင် ဆုံးရှုံးမှု တစ်စုံတစ်ရာ မရှိစေခြင်းအတွက် ကာကွယ်ရန်တို့ ဖြစ်သည်။[167]

၂၀၁၅ ခုနှစ် မြေယာမူဝါဒသည် မြေကွက်များပေါ်တွင် ကြာရှည်စွာနေထိုင်ခဲ့ကြသော အိမ်ထောင်စုများနှင့် လူပုဂ္ဂိုလ်များကို မြေယာပိုင်ဆိုင်ခွင့် ပေးအပ်ထားသည်။ ၎င်းသည် အခြားသော အခြေအနေများကြောင့် မြေယာအသုံးပြုနေသူများကိုလည်း မြေယာပိုင်ဆိုင်ခွင့်များ ပေးအပ်ခဲ့သည်။ ထိုမူဝါဒသည် စုပေါင်းမြေယာပိုင်ဆိုင်မှုနှင့် အသုံးပြုမှု[168]ကဲ့သို့သော ရိုးရာဓလေ့ဆိုင်ရာ အလေ့အကျင့်များအပေါ် အသိအမှတ်ပြုမှုကို အလေးထားသည့်အပြင် ထိခိုက်လွယ်သူများအတွက် အကာအကွယ်ပေးမှုဆိုင်ရာ ကိစ္စရပ်များစွာနှင့် ရွှေ့ပြောင်းခံရသူတို့နှင့် ဆက်နွယ်သည့်

[167] Karen National Union (2015), Article 1.2.2, pp. 6-7.

[168] မူဝါဒတွင် အများပိုင်မြေယာကို ဤသို့အဓိပ္ပာယ် ဖွင့်ဆိုထားသည် "ဒေသတွင်းရွာများရှိ အစုအဖွဲ့အားလုံးကို ဘုံအဖြစ်သတ်မှတ်ထားရှိ၊ ထိန်းသိမ်းထားပြီး အသုံးပြုသော မြေယာကို အများပိုင်မြေယာဟု ခေါ်သည်။ အများပိုင်မြေယာများသည် ကေမြေယာပိုင်ဆိုင်ခွင့်၏ အဓိကကျသည့် အချက်တစ်ချက်ဖြစ်ပြီး၊ **ဤ** မူဝါဒတွင်အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်းကျေးရွာ၏အစိတ်အပိုင်းတစ်ရပ်အနေဖြင့်တည်ရှိနေသည်။အများပိုင်မြေယာတွင်မြေယာတစ်ခုတည်းသာမကရင်းနှင့် ဆက်စပ်လျက်ရှိသော သစ်တောနှင့် ရေအရင်းအမြစ်များလည်း ပါဝင်သည်။"

မြေယာစီမံမှု ကိစ္စရပ်များလည်း ပါဝင်သည်။

၂၀၁၅ မြေယာမူဝါဒသည် ဒေသခံများ၏ မြေယာအခွင့်အရေးများနှင့် ရိုးရာဓလေ့ဆိုင်ရာ အလေ့အကျင့်များကို ပြည့်ပြည့်စုံစုံ ဖော်ပြထားသည့် အပြင်၊ ယေဘူယျအားဖြင့် "တိုင်းရင်းသား နိုင်ငံသားများ"၊ ထပ်မံ၍ "အခြားသော ကြာရှည်စွာနေထိုင်လျက်ရှိသော ကော်သူလေးပြည်သူများ" နှင့် ကရင်လူမျိုးတို့၏ အခွင့်အရေးများကို အလေးထားဖော်ပြထားသည်။ ရလဒ်အနေဖြင့် ထိုဖော်ပြမှုများတွင် မပါဝင်သည့် မြေပိုင်ရှင်များ သို့မဟုတ် အသုံးပြုသူများကို သွေဖယ်ထားခဲ့သည်ဟု ရှုမြင်ရသည်။ အတိအကျဆိုလျှင်၎င်းသည် "၁၉၈၈ မတိုင်မီကာလကတည်းက ကော်သူလေးတွင် အမြဲ နေထိုင်သူများ"အတွက် မြေယာပိုင်ဆိုင်ခွင့်ကို ပြဋ္ဌာန်းထားသည်။[169] ၎င်းသည် နေရာရွှေ့ပြောင်းခံရသူများ၊ ယခင်က နေထိုင်ခဲ့သူများနှင့် မြေယာပိုင်ဆိုင်ခွင့်ရှိသူ၏ အိမ်ထောင်ဖက်တို့အတွက်လည်း အထူးခွင့်ပြုမှုများ ဖြည့်ဆည်းပေးထားသည်။ သို့သော် ထို ဥပဒေသည် "ဥပဒေချိုးဖောက်မှု တစ်စုံတစ်ရာ ရှိခဲ့သူများ"ကိုမူ ခွင့်ပြုထားခြင်းမရှိပါ။

သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နိုင်မည့် ရင်းနှီးမြှုပ်နှံမှုပုံစံများစွာမှ ကာကွယ်နိုင်မည့်အချက်များကို ထိုမူဝါဒတွင် ထည့်သွင်းထားသည်။ KAD ၏ ကြိုတင်ခွင့်ပြုချက်မရဘဲ ဓာတုဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအသုံးပြုမှုအပါအဝင် အခြားသော ဆိုးကျိုးဖြစ်စေမည့် လုပ်ငန်းဆောင်တာ အားလုံးကိုလည်း တားမြစ်ထားသည်။ ထို့ပြင် ကုမ္ပဏီများအပါအဝင် မြေယာပိုင်ရှင်များအား မြေယာဧက ၅၀ ထက်ပို၍ ပိုင်ဆိုင်ခြင်းကိုလည်း ထိုမူဝါဒက ခွင့်မပြုပေ။ ထိုမူဝါဒတွင် "မြေယာများကို စျေးကစားခြင်းအတွက် အသုံးမပြုသင့်သည့်အပြင် ဒေသတွင်းအစားအစာထုတ်လုပ်မှုစနစ် များ ဒဏ်ခံစေနိုင်ရန်နှင့် အထောက်အပံ့ဖြစ်စေရန်အတွက် မြေယာများကို အသုံးပြုသင့်သည်"ဟု ဖော်ပြထားသည်။ အခြားသော ပုဂ္ဂလိက မြေယာအသုံးပြုမှုများကို ဥပဒေရေးရာ နောက်ကြောင်းမရှင်းသော နေရာဒေသများတွင် အသုံးပြုရန်ဖြစ်စေခဲ့သည်။

ထိုဥပဒေသည် "မိုးရေ သို့မဟုတ် ရေစီးကြောင်းတို့အပေါ် အခြေခံ၍ အခါအားလျော်စွာ ပေါ်ပေါက်လာသော ရေကြောင်း အနီးအနားရှိ" မြေယာ များကဲ့သို့သော ကာကွယ်စောင့်ရှောက်ထားသည့် မြေယာများအပါအဝင် သဘာဝအတိုင်း ထိန်းသိမ်းထားသည့် သစ်တောများနှင့် သားရိုင်း တိရိစ္ဆာန် ဘေးမဲ့တောများကိုလည်း သတ်မှတ်ပေးထားသည်။ ၎င်းတွင် သဘာဝပတ်ဝန်းကျင်နှင့် ထိခိုက်လွယ်သူတို့၏ အခွင့်အရေးများကို ခြိမ်းခြောက်စေနိုင်သည့် ရင်းနှီးမြှုပ်နှံမှုများကို ကြီးကြပ်ကွပ်ကဲရန်အချက်များကို စာမျက်နှာ ၆ မျက်နှာခန့် ထည့်သွင်းထားသည်။ ရင်းနှီး မြှုပ်နှံမှုများသည် "ငြိမ်းချမ်းရေးနှင့် လူမှုရေးရာ မျှတမှု၊ ယခုနှင့် နောင်တွင် ဖြစ်ပေါ်မည့် အများပြည်သူ၏ အကျိုးစီးပွားအတွက် အရေးပါသော အရာများ" သို့မဟုတ် ရေရှည်တည့်တံ့ရေးကို လျစ်လျူမရှုသင့်ဟု ဖော်ပြထားသည်။

လူ့အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်း၊ ၁၉၈၉ ခုနှစ် ILO ၏ ဒေသခံနှင့် မျိုးနွယ်စုများ ညီလာခံ၊ UN ၏ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ် စွန့်ခွာသူများအတွက် အိမ်ရာနှင့် ပိုင်ဆိုင်မှုလျော်ကြေးဆိုင်ရာ အခြေခံမူများ (the Pinheiro Principles)၊ UN ၏ဒေသခံများ၏ အခွင့်အရေးများ ကြေညာစာတမ်း (UNDRIP)၊လွတ်လပ်၍ ကြိုတင်အသိပေးထားသော သဘောတူခွင့်ပြုချက်နှင့် အကျိုးသက်ရောက်မှု အကဲဖြတ်ခြင်းအတွက် နိုင်ငံတကာအဖွဲ့အစည်း၏ စံနှုန်းများ (IAIA) အပါအဝင် နိုင်ငံတကာစံနှုန်းများနှင့် လုပ်ရိုးလုပ်စဉ်များကို ထိုမူဝါဒက ရည်ညွှန်းထားသည်။

### KNU ၏ ရှေ့ဆက်သွားမည့် သစ်တောဆိုင်ရာမူဝါဒ

KFD မူဝါဒကို ၂၀၀၅ ခုနှစ်ကတည်းက ဆက်လက်ရေးဆွဲလျက်ရှိပြီး၊ ၁၆ ကြိမ်မြောက်ညီလာခံတွင် ပြန်လည်သုံးသပ်ရန်အတွက် အပြီးအသတ် ရေးဆွဲရမည်ဖြစ်သည်။ KFD အကြီးအကဲ၏ ပြောဆိုမှုအရ၊ ထိုမူဝါဒဆိုင်ရာ အားထုတ်မှုများအနက် ဦးစွာပထမအနေဖြင့် "ရွာသားများ၏ အသက်ဆက်ရန် အခွင့်အရေးများကို ကာကွယ်ခြင်း" ဆိုသည်မှာ ၎င်းတို့၏ အရေးပါသော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအတွက် သစ်တောများကို အသုံးပြုနိုင်ရန်ဖြစ်သည်။ အခြားအရေးပါသော ရည်ရွယ်ချက်များမှာ သဘာဝအရင်းအမြစ်များကို ကာကွယ်ရန်၊ ဝိညာဉ် ကိုးကွယ်မှု အလေ့အထများအပါအဝင် ဒေသခံများ၏ ရိုးရာဓလေ့ထုံးလမ်းအစဉ်အလာများကို မြှင့်တင်ရန်၊ ဇီဝမျိုးကွဲမျိုးစိတ်များနှင့် ဒေသခံ မျိုးစိတ်များကို ထိန်းသိမ်းရန်၊ ဒေသတွင်း ဂေဟစနစ်ကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုများကို သေချာစေရန်၊ ဒေသခံများ၏ ညှိနှိုင်းဆောင်ရွက်မှုနှင့် ပါဝင်နိုင်မှုကို အားကောင်းလာစေရန်၊ သဘာဝနှင့် သစ်တောများကို ထိန်းသိမ်းရန်၊ ဒေသခံများ၏ သိရှိ နားလည်မှုကို မြှင့်တင်ရန်နှင့် KFD ဝန်ထမ်းများနှင့် ဒေသတွင်း အောက်ခြေအဆင့် ကော်မတီများ၏ အသိပညာဗဟုသုတနှင့် စွမ်းဆောင်ရည် များကို အဆင့်မြှင့်တင်ရန်တို့ ပါဝင်သည်။

၂၀၁၅ နှင့် ၂၀၁၆ ခုနှစ်များတွင် ထိုလုပ်ငန်းစဉ်များသည် KESAN နှင့် ပြင်ပမှပညာရှင်များထံမှ ထောက်ပံ့မှုများ ထပ်မံရရှိခဲ့သည်။ ခရိုင်အားလုံးမှ ဌာနများစွာရှိ ကိုယ်စားလှယ်များနှင့်ဆွေးနွေးတိုင်ပင်မှုများအပြီး လက်ရှိရေးဆွဲလျက်ရှိသော မူဝါဒအသစ်သည် တည်ရှိဆဲ အများပိုင် သစ်တော

[169] ထိုမူဝါဒတွင် တစ်စုံတစ်ယောက်က မည်သည့်ဝန်ဆောင်မှုများကို ဒေသခံ တိုင်းရင်းသားထံသို့ ဝန်ဆောင်ပေးရမည် သို့မဟုတ် မည်သည့် အာဏာပိုင်က ထို ကိစ္စရပ်ကို ဆုံးဖြတ်နိုင်သည်ဟု သတ်သတ်မှတ်မှတ် ဖော်ပြထားခြင်းမရှိပေ။

ပုံစံများအပေါ်တွင်တည်ဆောက်ထားသောအလေ့အထများမှတစ်ဆင့် ဒေသခံအစုအဖွဲ့များ၏လက်တွင် သစ်တောဆိုင်ရာ စီမံခန့်ခွဲမှုများကို ထားရှိရန် ပေးအပ်ထားသည်။ လက်ရှိ အများပိုင်သစ်တော အစီအစဉ်များကို အောက်တွင် ဆွေးနွေးထားပါသည်။

## မြေယာမှတ်ပုံတင်ခြင်းနှင့် မြေယာပိုင်ဆိုင်ခွင့်

၂၀၁၂ ခုနှစ်ကတည်းက အရေးပါဆုံးသောကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုသည် ခရိုင် ၇ ခုလုံးတွင် ပိုမိုစနစ်တကျရှိသော မြေယာမှတ်ပုံတင်ခြင်းနှင့် ပိုင်ခွင့် စနစ်အသစ်တစ်ခုကို စတင်ခဲ့ခြင်းဖြစ်သည်။ ထိုစနစ်အောက်တွင် မြေယာမှတ်ပုံတင်ခြင်းသည် ၂၀၁၂ ခုနှစ်မှာပင် မူဝါဒ ပြုပြင်ပြောင်းလဲမှု နှင့်အညီ ဖြစ်ပေါ်လာခဲ့သည်။၂၀၁၂ နှင့် ၂၀၁၄ခုနှစ် နှစ်ကုန်ပိုင်းတွင် KNU သည် အိမ်ထောင်စုပေါင်း ၃၄,၅၄၄ ခုအတွက် မြေယာပိုင်ဆိုင်ခွင့်ကို မှတ်ပုံတင်ပေးခဲ့သည်။ ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် မြေကွက်ပေါင်း ၆၁,၇၆၅ ကွက်အတွက် ပိုင်ဆိုင်ခွင့်စာချုပ်ပေါင်း ၆၁,၇၆၅ ခုကို ထုတ်ပေးခဲ့ပြီး၊ ထိုမြေကွက်များတွင် မြေယာဧကပေါင်း ၃၅၄,၅၁၂ ဧက (စုစုပေါင်း ၁,၄၃၅ sq. km) ပါဝင်ခဲ့သည်။ ထိုမြေကွက်အများစုသည် အုပ်ချုပ်မှု ရောယှက်နေသော နေရာဒေသများတွင် တည်ရှိခဲ့သည်။ အကြောင်းမှာ KNU သည် အစိုးရကုမ္ပဏီများနှင့် အခြားသော လက်နက်ကိုင် အဖွဲ့ အစည်းများက မြေကွက်များအပေါ် ရယူသိမ်းပိုက်နိုင်မည့် အခြေအနေများသည့် နေရာများကို ဦးစားပေးဆောင်ရွက်ခဲ့သောကြောင့်ဖြစ်သည်။ စာရေးသူ၏မူတရောနှင့်ဒူးပလာရာခရိုင်များသို့၂၀၁၅ခုနှစ်အတွင်းသွားရောက်ခဲ့သောလေ့လာရေးခရီးစဉ်အတွင်းမြေယာပိုင်ဆိုင်ခွင့်အသစ်များ ထုတ်ပေးနေသည်ကို တွေ့မြင်ခဲ့ရသည်။

မူတယော ခရိုင် KAD အကြီးအကဲက KAD က "မြေယာမှတ်ပုံတင်ခြင်းကို အခြေခံလုပ်ငန်းစဉ်တစ်ရပ်အနေနဲ့ အချိန်အတော်ကြာအောင် လုပ်ဆောင်ခဲ့တယ်။ ဒါပေမယ့် မကြာမီနှစ်များအတွင်းက အစိုးရရဲ့ ဝင်ရောက်လုပ်ဆောင်မှုတွေ တိုးချဲ့လာလို့ အဲဒီလုပ်ငန်းစဉ်ကို အလေးထား ဆောင်ရွက်ခဲ့တယ်။ အကြောင်းကတော့ကျွန်တော်တို့ပြည်သူတွေ ရဲ့ မြေယာတွေကိုကာကွယ်ဖို့ တချို့ ဥပဒေနဲ့ဆိုင်တဲ့ စာရွက်စာတမ်းအချို့ကို ပြည်သူတွေကို ပေးချင်လို့ဖြစ်တယ်" ဟု ရှင်းပြခဲ့သည်။ ဒူးပလာရာခရိုင်၊ ကော့ကရိတ မြို့နယ်၏ အုပ်ချုပ်မှုရောယှက်ရှိသော နေရာရှိ ဥက္ကဋ္ဌ၏ ပြောကြားချက်အရ

> ကျွန်တော်တို့က တိတိကျကျသတ်မှတ်ထားတဲ့ မြေကွက်တွေကို အခွန်ကောက်ခံပြီး လက်ခံရရှိကြောင်း ပြေစာတွေပေးအပ်ခဲ့တယ်။ ဒါပေမယ့် ဒီလိုမျိုးမှတ်ပုံတင်တာကိုတော့ အရင်က တစ်ခါမှမလုပ်ခဲ့ဖူးဘူး။ မြေယာပိုင်းခြားရေးကို [ ဦးစားပေးတဲ့ ဆုံးဖြတ်ချက်က] အထက်ကနေလာခဲ့တာ။ ကျွန်တော်တို့မလုပ်ရင် ကျွန်တော်တို့ပဲ အားလုံးဆုံးရှုံးလိမ့်မှာ။ NCA ကို လက်မှတ်ထိုးအပြီး နိုင်ငံရေး ဆွေးနွေးမှုအဆင့်ရောက်လဲ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့မှာ မြေယာတွေရှိကြောင်း ပြသဖို့ လိုအပ်လာပြီ။ အဲဒီမြေယာတွေကို ပိုင်းခြားပြီး ကြီးကြပ်ကွပ်ကဲနိုင်ဖို့လည်း လိုတယ်။ အစိုးရကလည်း [ဒီဒေသမှာ] မြေတွေကို ပိုင်းခြားသတ်မှတ်ဖို့ ကြိုးစားနေတယ်။

၂၀၁၅ ခုနှစ် မြေယာမူဝါဒတွင် KNU စနစ်က မြေယာပိုင်ဆိုင်မှုအခွင့်အရေးကို ဖြည့်ဆည်းပေးမည်ဟု အလေးထားဖော်ပြထားသည်။သို့သော် တိကျစွာ ဖော်ပြထားမှု အများစုတွင်- ၎င်းသည် "အလုပ်အကိုင်များနှင့် အသုံးပြုခွင့်များ" ကို ရည်ညွှန်းထားပြီး၊ ၎င်းတို့နှစ်ခုကြားတွင် ရှင်းရှင်း လင်းလင်း ခွဲခြားတင်ပြထားမှု မရှိပါ။ KAD အတွင်းရေးမှူး၏ ပြောကြားချက်အရ၊ မြေယာပိုင်ဆိုင်ခွင့်ထုတ်ပေးထားသည့် ၆၅ ရာခိုင်နှုန်းခန့်သည် မြေယာပိုင်ဆိုင်မှုဂရန်များဖြစ်ပြီး ၎င်းဂရန်များသည် ကိုင်ဆောင်သူကို အခွင့်အရေး အပြည့်အဝရှိသူအဖြစ် အတိအလင်း အသိအမှတ်ပြုထား သည်ဟု သိရသည်။ ကျန်ရှိနေသေးသော ၃၅ ရာခိုင်နှုန်းသည် မြေယာအသုံးပြုခွင့်ဂရန်များဖြစ်ပြီး အပြည့်အဝ ပိုင်ဆိုင်ခွင့်ရရှိရန် မပြည့်မီသူများ ကို ထုတ်ပေးထားသည်။ယင်းတို့တွင် အခြားသူများနှင့် မြေယာပိုင်ဆိုင်မှု အငြင်းပွားမှုဖြစ်ပွားနေသူများ ယခင်က ပိုင်ဆိုင်သူရှိ သော မြေယာများ ပေါ်တွင် အသုံးပြုနေထိုင်သူများ၊ ယခင်အပိုင်းခွဲတွင် ဖော်ပြခဲ့သော တိုင်းရင်းသားဆိုင်ရာ သို့မဟုတ် နေထိုင်မှုဆိုင်ရာ လိုအပ်ချက် မပြည့်မီသော ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင်မှ အခြေချနေထိုင်လာသူများ၊ ရေတိုနှင့် နေရာရွှေ့ပြောင်းခံရသူများနှင့် မြေယာဧက ၅၀ ကျော်ပိုင်ဆိုင်သူများ ပါဝင် သည်။

မြေယာပိုင်းခြားသတ်မှတ်ရန်၊ KAD ခရိုင် သို့မဟုတ် မြို့နယ်အာဏာပိုင်များသည် ကျေးရွာအုပ်စု ဥက္ကဋ္ဌများနှင့် ကျေးရွာအုပ်စုအဆင့် KAD ကိုယ်စားလှယ်များမှတစ်ဆင့် အစီအစဉ်များပြုလုပ်သည်။ ၎င်းတို့သည် မြေယာအသုံးပြုသူများကို ၎င်းတို့၏ ကျေးရွာများတွင် တွေ့ဆုံ၍ မြေကွက် များတိုင်းတာခြင်းကို စီမံဆောင်ရွက်သည်။ GPS ကိုဩဒိနိတ်အမှတ်များကို မှတ်သားပြီ မေးခွန်းများမေးကာ ဖြေဆိုမှုများကို မှတ်သားသည်။ မြေယာနှင့်စပ်လျဉ်း၍ အငြင်းပွားမှုတစ်စုံတစ်ရာမရှိပါက စုဆောင်းထားသော အချက်အလက်များမှန်ကန်သည်ဟု ဒေသခံ အာဏာပိုင်များက အတည်ပြုပြီး ပိုင်ဆိုင်ခွင့်ထုတ်ပေးသည်။ အငြင်းပွားမှု ရှိလာပါက ထပ်မံစုံစမ်းစစ်ဆေးရန် အချက်အလက်များကိုမှတ်သားပြီး ပိုင်ဆိုင်ခွင့် ထုတ် မပေးပါ။ မူတရောခရိုင် KAD အကြီးအကဲ၏ အဆိုအရ အငြင်းပွားမှုအများအပြားဖြစ်ပွားခြင်း သို့မဟုတ် သတင်းအချက်အလက်များက သေချာစွာ အတည်မပြုနိုင်ခြင်းနှင့် ပိုင်ဆိုင်ခွင့်ထုတ်မပေးခြင်းများ ရှိနေသည်ဟု သိရသည်။

KAD သယ်ယူပို့ဆောင်ရေးအတွက် အုပ်ချုပ်မှုဆိုင်ရာကုန်ကျစရိတ် ၁,၀၀၀ ကျပ်ကို KAD က ကောက်ခံပြီး နောက်ထပ် ၄,၀၀၀ ကျပ်ကို ပိုင်ဆိုင်ခွင့် လက်မှတ်အတွက် ကောက်ခံသည်။ ထိုစာရွက်စာတမ်းကို ဘဏ္ဍာရေးနှင့် အခွန်ဌာနသို့ တင်သွင်းရပြီး မြို့နယ် သို့မဟုတ် ခရိုင်အဆင့်

ရှိ ဒေသခံ KAD မှတ်ပုံတင်ဌာနတွင် သိမ်းဆည်းထားသည်။ မြေယာပိုင်ဆိုင်ခွင့် ဥပမာများကို အချပ်ပို ၃ တွင် ဖော်ပြထားသည်။

ခရိုင်အရာရှိများသည် စနစ်တစ်ခုတည်းတွင် အချက်အလက်များအားလုံးကို မှတ်သားရန် ၎င်းတို့ကွန်ပျူတာများဖြင့် KAD ဌာနချုပ်သို့ အခါအားလျော်စွာ လည်ပတ်ကြသည်။ KAD နှင့် KESAN သည် မည်သူက မည်သည့်မြေယာကို အသုံးပြုသည် သို့မဟုတ် မည်သူက ပိုင်ဆိုင်သည် မည်သည့်နေရာတွင် မည်သည့်မြေယာအမျိုးအစားများ ရှိသည်၊ မိုးရေခံရပ်ဝန်းများ၏ တည်နေရာများ အစရှိသည်တို့ကို ပြသနိုင်မည့် Interactive Map ခေါ် မြေပုံတစ်မျိုးပေါ်တွင် ထိုမြေကွက်ကို မှတ်သားနိုင်မည့် ဆော့ဝဲ(လ်) တစ်ခုရေးဆွဲရန် ရည်မှန်းထားသည်။ လက်ရှိတွင် ထိုသို့လုပ်ဆောင်နိုင်ရန် နည်းပညာအထောက်အကူနှင့် ရန်ပုံငွေတို့ကို ရှာဖွေနေသည်။ KNU ၏ မြေယာမူဝါဒသည် ပို၍စနစ်ကျသော မြေပြင်ဆိုင်ရာ အစီအစဉ်နှင့် ၎င်းတို့နယ်မြေတစ်ခုလုံးကို ပြသနိုင်မည့် ပို၍နည်းပညာမြင့်မားသော မြေပုံများကို KAD မှတ်ပုံတင်ရာနေရာများတွင် ထားရှိရန် မျှော်မှန်းထားသည်။

## ရိုးရာဓလေ့အရ မြေယာစီမံမှုကို စနစ်တကျဖြစ်စေခြင်း

KAD KFD နှင့် KESAN တို့သည် ရိုးရာဓလေ့အရ မြေယာအသုံးပြုခြင်းကို စတင် အတည်တကျ သတ်မှတ်ခဲ့သည်။ ထိုမှသာ ထိုအလေ့အထများကို စည်းမျဉ်းစည်းကမ်းဖြင့် ကြီးကြပ်ခြင်း၊ အခွန်ကောက်ခံခြင်းနှင့် ပိုမိုစနစ်ကျသော အုပ်ချုပ်မှုအလေ့အထများမှတစ်ဆင့် ပိုမိုကောင်းမွန်ရန် ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထိုအကြောင်းအရာသည် တစ်ခါတစ်ရံတွင် အခြားနေရာများရှိ မြေယာများနှင့်မတူ တစ်မူထူးခြားသော အခွင့်အရေးများနှင့် လုပ်ငန်းဆောင်တာများရှိသော အထူးမြေယာအမျိုးအစားများကို ဖန်တီးစေသည်။

ထိုဌာနများ၏ ပြောကြားချက်အရ ရိုးရာဓလေ့ အလေ့အကျင့်များသည် ရေရှည်ထိန်းသိမ်းနိုင်သော အသက်မွေးဝမ်းကြောင်းများကို ဖြည့်ဆည်းပေးရန်နှင့် ဈေးကွက်နှင့်လိုက်ဖက်သော မူဝါဒများဖြင့် ထိုအလေ့အထများကို ကျော်လွန်လုပ်ဆောင်ခြင်းသည် ဒေသခံများကို ဘေးဖယ်ပယ်ထုတ်ခံရမည့် အခြေအနေများရှိလာနိုင်မည်။ အားလုံးပါဝင်နိုင်မည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် တည်ရှိဆဲဒေသ၏ အလေ့အထများအပေါ် ထင်ဟပ်စေနိုင်မည့် စနစ်တကျရှိသည့် မူဝါဒများနှင် အလေ့အထများ လိုအပ်သည်ဟု သူတို့ကပြောကြားထားသည်။ သို့သော်လည်း KESAN အနေဖြင့် ရိုးရာဓလေ့ကျင့်သုံးမှုများသည် ပြောင်းလဲလျက်ရှိပြီး အဆင့်ဆင့်ဖြစ်ထွန်းလျက်ရှိသည်ဟု ခိုင်ခိုင်မာမာပြောဆိုထားသည်။ ဒေသခံများ၏ အကျိုးစီးပွားကို အကြီးစားဖွံ့ဖြိုးမှုလုပ်ငန်းများထက် ရှေ့ရှုရာတွင် ၎င်းတို့၏ အားထုတ်မှုများသည် ယခင်ရှေးဦးကတည်းက နေထိုင်ကျင့်သုံးလာခဲ့သည့် လူနေမှုဘဝ နေပုံထိုင်ပုံများကို ပြန်ပြောင်းအောက်မေ့သတိရနေခြင်း(သို့မဟုတ်) ရှေ့အနာဂတ်သို့ ဆက်လျှောက်ရန် ရပ်တန့်ထားခြင်းတို့မဟုတ်ဘဲ တည်ရှိဆဲအလေ့အထများကို ခေတ်မီအောင်လုပ်ဆောင်ခြင်းသည် မည်သည့်ပုံစံဖြစ်နိုင်သည်ကိုသာ ရည်မှန်းထားခြင်းဖြစ်သည်ဟုလည်း ထပ်မံ ပြောဆိုထားသည်။

ထိုအားထုတ်မှုများ၏ အဆင့်မြင့်ဆုံးလုပ်ဆောင်မှုများမှာ ကော ဟုခေါ်သော ဘုံသုံးမြေယာများ (အထူးသဖြင့် ထိုမြေယာများသည် မူတရော ခရိုင်(အထူးသဖြင့် လူသော် မြို့နယ်တွင် တည်ရှိသည်) ကို စနစ်တကျဖွဲ့စည်းရန် သို့မဟုတ် အချို့သောကိစ္စရပ်များတွင် ပြန်လည်ဖော်ထုတ်ရန် ဖြစ်သည်။ မြေယာများနှင့် အခြားသောအရင်းအမြစ်များကို ရေရှည် တည်တံ့ခိုင်မြဲရန် စီမံခြင်းအတွက် တိတိကျကျသတ်မှတ်ထားသော ကောနယ်နိမိတ်တွင်တည်ရှိသည့် ကောမြေယာသည် မျိုးဆက်တစ်ခုမှတစ်ခုသို့ လက်ဆင့်ကမ်းခဲ့သော ရိုးရာဓလေ့အရ နတ်ကိုးကွယ်မှုနှင့် လူမှုရေးဆိုင်ရာ အလေ့အကျင့်များအပေါ် မူတည်နေသည်။

ထိုသို့ ဇကသိန်းပေါင်းများစွာသော ကျယ်ဝန်းသည့် မြေယာအချို့သည် ကျေးရွာအုပ်စုများစွာအထိ လွှမ်းခြုံထားသည်။ သို့သော် မြေယာအသုံးပြုမှုသည် ဓလေ့ထုံးလမ်းဆိုင်ရာ အာဏာပိုင်များ၏ ကြီးကြပ်အုပ်ချုပ်မှုအောက်တွင် တည်ရှိသည်။ ထိုအာဏာပိုင်များတွင် မျိုးရိုးအမွေဆက်ခံသော ကောခို ("ကောခေါင်းဆောင်") နှင့် ယုံကြည်မှုနှင့် ရိုးရာဓလေ့ဆိုင်ရာ အုပ်ချုပ်စီမံမှု တာဝန်ဝတ္တရားများရှိသည့် ကောခါ ("ကောဂျော") ဟုခေါ်သည့် ဓလေ့ထုံးလမ်းဆိုင်ရာ လက်ထောက်တစ်ယောက် ပါရှိသည်။ကောအများစုသည် သမိုင်းအစဉ်အလာအရ မြန်မာအစိုးရနှင့် ဆက်ဆံမှုအနည်းငယ်သာရှိသည့် နေရာများတွင်တည်ရှိပြီး အများအားဖြင့် မြန်မာနိုင်ငံအစိုးရ၏ လက်အောက်တွင် တည်ရှိခြင်း မရှိပါ။

စာရေးသူသွားရောက်ခဲ့သည့် ကောနယ်မြေတစ်ခုရှိ ကောခိုတစ်ယောက်၏ ပြောကြားချက်အရ စိုက်ပျိုးမြေများ (အဓိကအားဖြင့် တောင်ကုန်းတစ်လျှောက်ရှိ စပါးခင်းများ)၊တိရိစ္ဆာန်များ စားသောက်နိုင်မည့် စားကျက်မြေများ၊ တိရိစ္ဆာန်များကို ထားရှိနိုင်မည့် နယ်မြေများ၊ သစ်ပင်များ ခုတ်ထွင်နိုင်မည့် သစ်တောများ၊ အမဲလိုက်ခြင်းကိုခွင့်ပြုသည့် သစ်တောများ၊ အမဲလိုက်ခြင်းနှင့် သစ်ခုတ်ထွင်ခြင်းကို ခွင့်မပြုသည့် သစ်တောများနှင့် ဖာလာစေ့နှင့် အခြားကောက်ပဲသီးနှံများ စိုက်ပျိုးနိုင်မည့် သစ်တောများ စသည်ဖြင့် ၎င်းတို့၏ ဒေသတွင်းအစီအမံများသည် မတူညီသော နယ်မြေများကို ခွဲခြားသတ်မှတ်ထားသည်။ သို့သော် ထိုသို့ အတိအကျပြဋ္ဌာန်းမှုများသည် ကော်မြေ တစ်နေရာမှ တစ်နေရာသို့ ကွဲပြားနေသည်။ အခြားပါဝင်သည်များမှာ ရေစီးကြောင်းများနှင့် ရေဝေကုန်းတန်းများကို ကာကွယ်ခြင်း(သို့မဟုတ်) ယုံကြည်ကိုးကွယ်မှုနှင့်သက်ဆိုင်သည့်

မြေယာများအပေါ် တွင် ပိုအလေးထားခြင်းတို့ဖြစ်သည်။ အခြားသော ကောမြေများသည် လယ်ယာစိုက်ပျိုးခြင်း၊ တိရိစ္ဆာန်များအစာကျွေးခြင်း၊ အမဲလိုက်ခြင်း အစရှိသည့်ကိစ္စရပ်တစ်ခုချင်းစီအတွက် ပို၍တိကျသော စည်းမျဉ်းစည်းကမ်းများနှင့် အလေ့အကျင့်များကို ဖြည့်ဆည်းပေးထားပြီး အိမ်ထောင်စုများပိုင် မြေယာများနှင့် အများပိုင်မြေယာများ နှစ်ခုလုံးစီမံခြင်းအတွက် အလေ့အကျင့်များကိုလည်း ပြဋ္ဌာန်းထားသည်။

KAD KFD နှင့် KESAN တို့၏ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ကောနယ်မြေ ၁၈ ခု ကို မူတရောခရိုင်နှင့် သက်ဆိုင်ရာမြို့နယ်အဆင့် KNU တာဝန်ရှိသူများက အသိအမှတ်ပြုထားသည်။ ၎င်းကို ကောတို့၏ ရိုးရာဓလေ့အရ ကြီးကြပ်မှုနှင့် ဒေသဆိုင်ရာ KNU အာဏာပိုင်တို့ တွဲဖက်ပါဝင်ကြီးကြပ်သည့် အစီအစဉ်များမှတစ်ဆင့် ရရှိခဲ့သည်။ ထိုအစီအစဉ်များတွင် ဒေသတွင်းကော်မြေအဖြစ် အသိအမှတ်ပြုထားသည်များကို GPS ကိုသြဒိနိတ်များဖြင့် ပိုင်းခြားခြင်းဖြစ်ပြီး သို့မှသာလျှင်နောင်တွင် တရားဝင်မြေယာပိုင်ဆိုင်ခွင့်ကို ထုတ်ပေးနိုင်မည်ဖြစ်သည်။ အများပိုင် သစ်တောများအတွက် ထိုကဲ့သို့ထုတ်ပေးခြင်းနှင့်အတူ ထိုပိုင်ဆိုင်ခွင့်လက်မှတ်များတွင် အဓိကနယ်မြေအသွင်အပြင်များနှင့် အခြားသော ပထဝီဝင် အသေးစိတ်အချက်အလက်များပါရှိသည့် ဆော့ဝဲ(လ်)ကထုတ်ပေးသော မြေပုံများပါဝင်သည်။ ဤအစီရင်ခံစာပြုစုနေသည့် အချိန်တွင် KNU ဗဟိုမှ အပြည့်အဝအသိအမှတ်ပြုထားသည့် ကောနယ်မြေတစ်ခုမျှ မရှိသေးပါ။ သို့သော် ဌာန ပေါင်းစုံပါဝင်သော ဗဟိုမြေယာကော်မတီကို ထိုလုပ်ငန်းစဉ်ဖြစ်ထွန်းလာစေရန် တရားဝင်တာဝန်ပေးအပ်ထားသောကြောင့် တိုးတက်မှုများ ဖြစ်ထွန်းလျက်ရှိသည်။[170]

နည်းဥပဒေများနှင့်စည်းမျဉ်းစည်းကမ်းတိကျမှုများသည် ကောနယ်မြေ တစ်နယ်နှင့်တစ်နယ် ကွာခြားသကဲ့သို့ ဒေသခံများအနေဖြင့် ထိုနယ်မြေများကို တရားဝင်အသိအမှတ်ပြုရန် စိတ်အားထက်သန်မှုများလည်း ကွာခြားကြသည်။ အချို့သော ကောများတွင် နတ်ကိုးကွယ်သူများနေထိုင်မှု ဆက်လက်ဖြစ်ပွားနေသည်။ သူတို့အတွက် ထိုသို့ နတ်ကိုးကွယ်မှုများသည် ကောနယ်မြေများနှင့် ဆက်စပ်လျက်ရှိပြီး ၎င်းတို့သည် သူတို့၏ မြေယာများကို အသုံးပြုရန်ဆန္ဒရှိသည့် သူစိမ်းများကို ခြိမ်းခြောက်မှုအလားအလာတစ်ရပ်အဖြစ် မြင်နေသည်။ KESAN သည် ကောသေးဂူး ဟုခေါ် သည့်ရိုးရာကောတစ်ခုတွင် "ပါဝင်ဆောင်ရွက်လုပ်ဆောင်ခြင်းသုတေသနလေ့လာမှု"တစ်ခုကိုဆောင်ရွက်နေသည်။ထိုကောသေးဂူးတွင် ကျေးရွာပေါင်း ၃၀ ပါဝင်ပြီး နယ်မြေဧရိယာ ၂၇,၀၀၀ ဧက ကို လွှမ်းခြုံထားသည်။

အခြားနယ်မြေများတွင် ကောလူဦးရေအများစုသည် ခရစ်ယာန်ဘာသာသို့ ပြောင်းလဲကျင့်သုံးခဲ့ကြသည်။ ထိုသို့မဟုတ်လျှင် ၎င်းတို့၏ ရိုးရာယုံကြည်မှုများနှင့် ဝေးကွာသွားခဲ့သည်။ သို့သော် ကော အလေ့အထများသည် သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့မှုကို သေချာစေရန်နှင့် ရိုးရာကို လေးစားစေရန် ဆက်လက်ကျင့်သုံးလျက်ရှိသည်။ ဥပမာအားဖြင့် အချို့နေရာဒေသများတွင် အမဲလိုက်ခြင်းကို ပိတ်ပင်ခြင်းသည် အခြားသောနေရာများရှိ အမဲလိုက်ခံရသော သားရိုင်းတိရိစ္ဆာန်များ ပြန်လည်မွေးမြူသားဖောက်ခြင်းအတွက် နေရာများ ဖြည့်ဆည်းပေးရန် ဖြစ်သည်။ ထိုမှသာ သားကောင်အရေအတွက် လျော့နည်းသွားမှုကို လျှော့ချနိုင်မည်ဖြစ်သည်။ သဘာဝအတိုင်း မပျက်မယွင်းထားရှိသည့် သစ်တောများသည် နောင်မျိုးဆက်များအတွက် မျိုးစေ့များ ထိန်းသိမ်းထားနိုင်မှုကို လုံခြုံစွာထားနိုင်ရန်ဖြစ်သည်ဟု သိရှိနားလည်ထားသည်။ အချို့သော ဒေသခံအစုအဖွဲ့များအတွက် အာဏာပိုင်များ၏ တရားဝင်အသိအမှတ်ပြုခြင်းမှတစ်ဆင့် ကောအလေ့အထများကို စနစ်တကျ ဖွဲ့စည်းခြင်းသည် အစိုးရ၊ ကုမ္ပဏီများနှင့် ပတ်ဝန်းကျင်ရှိအခြားသောအစုအဖွဲ့များအပါအဝင် သူစိမ်းများထံမှ ၎င်းတို့၏နယ်မြေများကိုကာကွယ်ရန် အရေးကြီးသောအခွင့်အရေးတစ်ခုအနေဖြင့် ရှုမြင်နေသည်။ မူတရောမြို့နယ်ရှိ မာလေခိုကော၏ ခရစ်ယာန်ကောခိုတစ်ယောက်က ထို အကြောင်းပြချက်များကို အကျဉ်းချုံး ပြောကြားခဲ့သည်။

> ကျွန်တော်တို့ရဲ့ ကော အလေ့အထတွေကို ကွဲပြားတဲ့ယုံကြည်မှုနှင့် အစီအမံတွေရှိတဲ့ မျိုးဆက်ပေါင်းများစွာက ထိန်းသိမ်းနေခဲ့တယ် ... [ဒါပေမဲ့၊ အလိုအပ်ဆုံးအနေနဲ့] ကျွန်တော်တို့က ကော ကို စောင့်ရှောက်မယ်ဆိုရင် ကော စိတ်ဓာတ်က ကျွန်တော်တို့ကို စောင့်ရှောက်မယ်လို့ ယုံကြည်တယ်။ ကျွန်တော်တို့မိဘတွေတုန်းက ကော ကို သူတို့အသိအမှတ်ပြုခဲ့တယ်။ ကော ရှိသင့်တယ်လို့ သူတို့က အမြဲတမ်းပြောတယ်။ ကျွန်တော်သာ အဲဒီလိုမလုပ်ဘူးဆိုရင် ကျွန်တော်သေတာနဲ့ ကော လည်း ပျောက်ဆုံးလိမ့်မယ်။ ကျွန်တော်တို့က အရင်းအမြစ်တွေ၊ တိရိစ္ဆာန်တွေကို ဂရုစိုက်တယ်။ ကျွန်တော်တို့ သူတို့ကိုဂရုမစိုက်ဘူးဆိုရင် သူတို့တွေ ဖျက်ဆီးခြင်းခံရမယ်။ ဒါကြောင့် [ဒီ ကော ဟာ] ကျွန်တော်တို့နဲ့သက်ဆိုင်တယ်ဆိုတာကို ပြည်သူတွေ သိစေချင်တယ်။ တခြားသူတွေ အဲ့ဒါကို သုံးမယ်ဆိုရင်တော့ အဆင်မပြေဘူး။ ကျွန်တော်အတွက်ကတော့ ဘယ်ဘာသာဝင်ပဲဖြစ်ဖြစ် ကျွန်တော်တို့ရဲ့ ကော ကို ထိန်းသိမ်းဖို့လိုတယ်။ ဘာလို့လဲဆို တော့ [ မြန်မာအစိုးရက] [ဖွဲ့စည်းပုံ အခြေခံဥပဒေထဲတွင် ပြဋ္ဌာန်းထားသည့်အတိုင်း]မြေတွေအားလုံးက သူတို့နဲ့သက်ဆိုင်တယ်လို့ ထင်နေတယ်။ အဲဒီတော့ ကျွန်တော်တို့က ဒါကိုထိန်းသိမ်းဖို့လိုပြီး ရှင်းလင်းတဲ့ မှတ်ပုံတင် စနစ်တစ်ခု စတင်ဖို့လိုတယ်။

[170] ဗဟိုမြေယာကော်မတီကို ဌာန ၆ ခု (KAD၊ KFD၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဌာန၊ သတ္တုတွင်းဌာန၊ ပြည်ထဲရေးနှင့် ဘာသာရေးရာဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဌာန) အဖွဲ့ဝင် ၁၅ ယောက်ဖြင့်ဖွဲ့စည်းထားသည်။ ထို့အပြင် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူ အကြံပေးများလည်း ပါဝင်သည်။ ခရိုင်အဆင့် မြေယာကော်မတီများကိုလည်း တည်ထောင်ရန် အစီအစဉ်ရှိသည်။

ကောဒေသခံ အစုအဖွဲ့အများစုက ၎င်းတို့စနစ်ကို KNU က တရားဝင်အသိအမှတ်ပြုထားသည့်အတိုင်း တွေ့မြင်ကြသည်။ အကြောင်းမှာ တပ်မတော်အနေဖြင့် ဒေသခံများ အမြဲတစေတွေ့ကြုံနေရသည့် မြန်မာအစိုးရထံမှ ကာကွယ်နိုင်ရန်ဖြစ်သည်။ ကော်သေးဂေးတွင် လုပ်ဆောင်ခဲ့သော ပါဝင်ဆောင်ရွက်မှုဆိုင်ရာ လေ့လာမှုတွင် မှတ်သားခဲ့သည့်အတိုင်း "ကော်သေးဂေးကသူတွေက KNU ရဲ့ မြေယာပိုင်ဆိုင်ခွင့် လက်မှတ်တွေကို ဘာလို့လိုချင်တာလဲလို့ မေးတဲ့အခါ အချို့ဒေသခံတွေက(မြန်မာ)အစိုးရ သို့မဟုတ် သတ္တုတွင်းလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီများ လာပါက ပြန်လည်ခုခံနိုင်မည့် တပ်သားများ ကော်သေးဂေးတွင် မရှိဟု ပြန်လည်ဖြေဆိုခဲ့သည်။ ပြည်သူများအနေဖြင့် KNU က ၎င်းတို့ကို ကာကွယ်ပေးမည်ဟု ရှုမြင်ကြပြီး၊ KNU ကို အခွန်ပေးနှင့် ၎င်းကိုယ်ပိုင် ကောရိုးရာများကို ထိန်းသိမ်း၍(၎င်းတို့အမြင်အရ) KNU ကို ၎င်းတို့၏ တိုင်းရင်းသား အုပ်ချုပ်စီမံရေးရာ အဖွဲ့အစည်းအဖြစ် ထောက်ပံ့ရန် ဆန္ဒရှိသည်"။

မြေယာပိုင်ဆိုင်ခွင့်ကို အပြည့်အဝအတည်ပြုခြင်းမရှိသေးသော မာလေထိုကော၏ ကောထိုက အလားတူအကြောင်းပြချက်ကို ပြောကြားခဲ့သည်။ တပ်မတော်သည် သူ၏ ကောဒေသကို ၁၉၉၀ ပြည့်နှစ်များမတိုင်မီက တစ်ကြိမ်မျှသာ လာရောက်ခဲ့ဖူးသော်လည်း ၎င်းနှင့် အခြားသော နယ်ခံများက အစိုးရသည် အပစ်အခတ်ရပ်စဲရေးကြောင့် ၎င်းတို့နယ်မြေများသို့ ဝင်ရောက်ဆောင်ရွက်မှုများ တိုးချဲ့လာနိုင်သည်ဟု ထပ်ခါတလဲလဲ ပြောကြားခဲ့သည်။ ကောထိုက စာရေးသူအား ယခုလိုမေးမြန်းခဲ့သည်။ " KNU ဆီက ကောခွင့်ပြုချက်ကို ရခဲ့ရင် အစိုးရကို တားဆီးနိုင်မလား၊ မေးရတဲ့အကြောင်းရင်းက အစိုးရက ဒီအပစ်အခတ်ရပ်စဲရေးကို ငြိမ်းချမ်းရေးအတွက် လုပ်နေတာမဟုတ်ဘူး၊ သူတို့က ကျွန်တော်တို့ နယ်မြေတွေကို ဖွံ့ဖြိုးမှုနဲ့အတူ ချဲ့ထွင်ချင်လို့ လုပ်နေတာ။ ကျွန်တော်မျှော်လင့်တာက အစိုးရက ဒီမြေပေါ်မှာတစ်ခုခုလုပ်ချင်ရင် KNU ကို မေးလိမ့်မယ်။ အနည်းဆုံးတော့ ကျွန်တော်တို့မှာ တရားဝင်ပိုင်ဆိုင်ခွင့်ရှိရင်၊ ကျွန်တော်တို့ကို အဲဒါက ကူညီလိမ့်မယ်"

" တကယ်တော့ KNU အနေနဲ့ ဂရုနတွေကိုအပြည့်အဝအတည်ပြုမလား၊ လေးစားမှုထားမလားဆိုတာမသေချာသေးဘူး။ KESAN ရဲ့အဆိုအရ၊ "ဒေသခံအစုအဖွဲ့တွေကKNUဒေသခံအာဏာပိုင်တွေရဲ့အတည်ပြုချက်ကိုရယူနိုင်ခဲ့တယ်။ဘာလို့လဲဆိုတော့သူတို့ကအလုပ်ရုံဆွေးနွေးပွဲတွေ တက်ရောက်ခဲ့ပြီး ဒေသစနစ်ကိုသိတယ် သူတို့ အဲဒါကိုမငြင်းဆန်ဘူး ဒါမှမဟုတ် ဒီကိစ္စကို ဗဟိုအထိ ပြောလိမ့်မယ်။ အဲဒီအခါ သူတို့ ငြင်းဆန်လိမ့်မယ်"

သို့သော်လည်း ထိုကိစ္စကို အပြည့်အဝ အာမခံမှုပေးနိုင်မည်မဟုတ်ပါ။ မာလေထိုကော၏ ကောထိုအဆိုအရ ထိုလုပ်ငန်းစဉ်များသည် ရှင်းလင်းသော နယ်နိမိတ်များ ပြန်လည်ဖော်ထုတ်ရာတွင် အရေးပါလိမ့်မည်။ ထိုနယ်နိမိတ်များကို ကော နယ်မြေ ၇ ခုရှိ ဒေသခံအစုအဖွဲ့များက အလေးထားသည်။ သို့သော် ထိုဒေသများကို KNU က အပြည့်အဝ အကာအကွယ်ပေးနိုင်မလားဆိုသည်မှာ မသေချာသေးပါ။ သူက ယခုလို ရှင်းပြခဲ့သည်။

> အမှန်တကယ်တော့၊ ကော ကို လွယ်လွယ်ကူကူလက်ခံနိုင်မယ်လို့ ကျွန်တော်တော့မထင်ဘူး။ ကျွန်တော်တို့ KESAN နဲ့ ဒေသခံ အစုအဖွဲ့တွေ ဆွေးနွေးတိုင်ပင်တဲ့ အခမ်းအနားကို တက်ရောက်ခဲ့တယ်။ လူသော် မြို့နယ်ရဲ့ အကြီးအကဲက သူတို့အနေနဲ့ ကောစနစ်ကို မှတ်ပုံတင်တင်ခြင်းနှင့် အသိအမှတ်ပြုခြင်းကို ပြုလုပ်ချင်တယ်လို့ ကြေညာခဲ့တယ်၊ ... ဒါပေမယ့် တကယ်တမ်း ကျွန်တော်တို့က KNU အနေနဲ့ အလေးအနက်ထားလုပ်ဆောင်မယ်လို့ မျှော်လင့်တယ်။ သူတို့အနေနဲ့ အဲဒါကို အတည်ပြုဖို့နှင့် ကျွန်တော်တို့ကို ပေးအပ်ဖို့ မလိုချင်ဘူး။ ... ကျွန်တော်တို့ မြေယာပိုင်ဆိုင်ခွင့်ရရင်တောင်မှ KNU က ကျွန်တော်တို့နဲ့ မရပ်တည်ဖူးဆိုရင် [ အဲဒါကို ဂုဏ်မပြုဘူးဆိုရင်] ကျွန်တော်တို့ ဘာလုပ်နိုင်မလဲ။ ကော ပိုင်ဆိုင်ခွင့်လက်မှတ် ပေးတာတစ်ခုတည်းက မလုံလောက်ဘူး။ သူတို့ အနေနဲ့ [ကျွန်တော်တို့နဲ့] နီးနီးကပ်ကပ်နေဖို့ လိုအပ်တယ် ပြီးတော့ အာမခံဖို့လဲ လိုအပ်တယ်။

ထိုကြောက်ရွံ့မှုများက ဒေသခံများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို အကာအကွယ်ပေးနိုင်မည့် ပြည်သူလူထုဗဟိုပြု မူဝါဒများ ဖော်ဆောင်သောအခါ (အထူးသဖြင့် နယ်မြေပွင့်လင်းနိုင်မှု တိုးတက်လာခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးမှု စသည့် အခြေအနေများတွင်) အခက်အခဲများစွာရှိနေသည်ကို ပြသနေသည်။ KFD နှင့် KAD တို့၏ ဗဟိုအဆင့်နှင့် ခရိုင်အဆင့်ရှိ အရာရှိများနှင့် အခြားသော KNU ၏ အခြားအဆင့်ရှိ အရာရှိများသည် ဒေသတွင်းအလေ့အထများကို ကာကွယ်ရန်အတွက် စနစ်ကျသည့် လုပ်ငန်းဆောင်တာများကို ချမှတ်ရန် ကတိကဝတ်များ ထားရှိထားသော်လည်း၊ ထိုစနစ်များကို KNU သာမက အစိုးရ၏ နယ်ခံအဆင့် အရာရှိများက အပြည့်အဝ အလေးအနက်ထားမည်ကို သေချာစေရန် ခက်ခဲပါလိမ့်မည်။ ထိုကဲ့သို့လုပ်ငန်းစဉ်များသည် ဖွံ့ဖြိုးရေးနှင့် အကျိုးအမြတ်များရရှိသည့် လုပ်ငန်းစဉ်များ လုပ်ဆောင်မှုများနေသည့် နေရာများတွင် ပို၍ပင် ခက်ခဲပါလိမ့်မည်။

### အစုအဖွဲ့ပိုင် သစ်တောများ (Community Forests)

၂၀၀၈ ခုနှစ်တွင် KFD သည် ခရိုင် ၇ ခုလုံးတွင် "အစုအဖွဲ့ပိုင် သစ်တောများ" ဟုခေါ်သည့် အစီအစဉ်တစ်ရပ်ကို စတင်ရန် မိတ်ဆက်ခဲ့သည်။ ထိုသစ်တောများသည် ဒေသခံအစုအဖွဲ့များ၏ စီမံခန့်ခွဲမှုအောက်တွင် တရားဝင်ဆောင်ရွက်နိုင်ရန် တိတိကျကျသတ်မှတ်ထားသည့် သစ်တောများဖြစ်သည်။ အခြားသော သစ်တောဆိုင်ရာ အလေ့အထအချို့နှင့် မတူဘဲ၊ အစုအဖွဲ့ပိုင် သစ်တောဆိုင်ရာ အစီအစဉ်သည် ဗြိတိသျှအစိုးရထံမှ အမွေရရှိခဲ့သည် မဟုတ်ဘဲ ခေတ်ပေါ် လုပ်ဆောင်မှုတစ်ခုဖြစ်သည်။ သို့သော် ထိုနည်းလမ်းသည် အချို့သော တည်ရှိဆဲ အလေ့အထအချို့အပေါ် မူတည်၍ ဖွဲ့စည်းထားခြင်းဖြစ်သည်။ အကြောင်းမှာ ကျေးလက်ရှိပြည်သူများသည် ဒေသရှိ သစ်တောများ စီမံခန့်ခွဲခြင်းအတွက် ရိုးရာဓလေ့ဆိုင်ရာ စနစ်များကို လက်ဆင့်ကမ်းမျှဝေခဲ့သောကြောင့် ဖြစ်သည်။ လက်ရှိတွင် မှတ်ပုံတင်ထားသော သို့မဟုတ် မှတ်ပုံတင်ရန် ဆောင်ရွက်ဆဲ အစုအဖွဲ့ပိုင် သစ်တောပေါင်း ၁၁၅ ခုရှိသည်။ ၂၀၁၅ ခုနှစ် နှောင်းပိုင်းတွင်၊ အစုအဖွဲ့ပိုင် သစ်တောပေါင်း ၆၃ ခုကို မှတ်ပုံတင်ခဲ့ပြီး၊ ထိုသစ်တောများသည် သစ်တောမြေဧကပေါင်း ၆၄,၀၀၀ ကျော် (၂၅၉ sq. km) ကို လွှမ်းခြုံနိုင်ခဲ့သည်။ မြန်မာအစိုးရတွင်လည်း ၁၉၉၅ ခုနှစ်က စတင်ခဲ့သည့် အစုအဖွဲ့ပိုင် သစ်တောအစီအစဉ်တစ်ခု ရှိသည်။

### ဇယား ၄ - KNU သစ်တောဆိုင်ရာ ဌာနအောက်ရှိ အစုအဖွဲ့ပိုင်သစ်တောများ အရေအတွက်၊ ခရိုင်အလိုက် (၂၀၁၅ ခုနှစ် နှောင်းပိုင်း)

| | | | |
|---|---|---|---|
| ဒူးထာထူး | ၃၁ | မူတရော | ၂ |
| မြိတ် ထားဝယ် | ၅ | ဒူးပလာရာ | ၂၁ |
| ကလာလွယ်ထူး | ၃ | ဘားအံ | ၂ |
| တော်ဦး | ဝ | | |

KFD အကြီးအကဲ၏ အဆိုအရ၊ "အစုအဖွဲ့ပိုင် သစ်တောဆိုင်ရာအခြေခံအရ ဒေသခံအဖွဲ့များက ၎င်းတို့၏ သစ်တောများကို မည်သို့အသုံးပြုမည်ဆိုပြီး အတူတကွ ရွေးချယ်နိုင်သည်။ (အစုအဖွဲ့အသီးသီးတွင်) မတူညီသော ရည်မှန်းချက်နှင့် ရည်ရွယ်ချက်များရှိသည်။ အချို့က သားရိုင်းတိရိစ္ဆာန်များ ကာကွယ်ရန် အလေးထားပြီး အချို့ကတော့ ၎င်းတို့၏ ရေဝေကုန်းတန်းများကို အလေးထားဆောင်ရွက်သည် အခြားသူများကတော့ ကျောင်းများ၊ ဘုန်းကြီးကျောင်းများ အစရှိသည့် အများပိုင်အဆောက်အဦများတွင် အသုံးပြုရန် ပစ္စည်းများ ရလိုကြသည်။ ထိုအစီအစဉ်သည် KNU ၏ ရပ်ရွာအဆင့် အာဏာပိုင်များ၏ ပါဝင်ဆောင်ရွက်မှုအပေါ် တွင် မူတည်နေသည်။ ၎င်းတို့သည် ဒေသခံများချမှတ်သည့် အဆုံးအဖြတ်များကို လေးစားလိုက်နာရမည်ဖြစ်ပြီး၊ ထိုဆုံးဖြတ်ချက်များကို ကျော်လွန်၍ မလုပ်ဆောင်နိုင်ပါ။ ဥပမာ - သစ်တောဆိုင်ရာမြေယာများ သို့မဟုတ် အရင်းအမြစ်များကို ဒေသခံများ၏ ဆန္ဒများကို ကျော်လွန်၍ လုပ်ဆောင်ခြင်း။

သို့သော်၊ ၂၀၁၂ ခုနှစ်က ဖြန့်ဝေခဲ့သော KFD ရေးသားခဲ့သည့် "အစုအဖွဲ့ပိုင် သစ်တောဆိုင်ရာ လမ်းညွှန်ချက်များ" ကို အခြေခံကာ ဒေသခံအစုအဖွဲ့များ၏ ဆုံးဖြတ်ချက်များသည်လည်း အချို့သော ချမှတ်ထားသည့် ကန့်သတ်ချက်များနှင့် နယ်နိမိတ်များအပေါ် မူတည်နေသည်။ ၎င်းတို့တွင် အခြားသော အချက်အလက်များအနက်၊ မည်သူက ပိုင်ဆိုင်ခွင့်လက်မှတ်ကို ကိုင်ဆောင်နိုင်ခြင်း၊ သစ်တောအတွင်း ထွန်ယက်စိုက်ပျိုးမှုအပေါ် တားမြစ်ချက်များနှင့် သစ်ခုတ် ထုတ်လုပ်ခြင်း တို့ ပါဝင်သည်။

၂၀၀၉ ခုနှစ်က KNU ၏ ညွှန်ကြားချက်များနှင့်အညီ၊ အစုအဖွဲ့ပိုင် သစ်တောလမ်းညွှန်မှုများသည် စီးပွားဖြစ် သစ်ထုတ်လုပ်မှု ပုံစံမျိုးစုံကို တားမြစ်ထားသည်။ KESAN ဝန်ထမ်းတစ်ယောက်၏ ပြောကြားချက်အရ ထိုပိတ်ပင်မှုသည် အလွန်အကျွံထုတ်ယူမှုကို ရည်ညွှန်းခြင်းလည်း ဖြစ်နိုင်သည်။ ထိုဝန်ထမ်းက "ကျွန်တော်တို့အနေနဲ့ အစုအဖွဲ့အလိုက် [စီးပွားဖြစ်] ကျွန်းသစ်စိုက်ပျိုးခြင်းကို မိတ်ဆက်သင့်တယ်၊ အဲဒါကိုလည်း [ရေရှည်တွင် ထိန်းသိမ်းနိုင်ရန်] စည်းမျဉ်းစည်းကမ်းတွေနဲ့ လုပ်ဆောင်ရမယ်၊ အဲ့ဒါမှ [ဒေသခံ အစုအဖွဲ့တွေလည်း] အကျိုးအမြတ်ရနိုင်ပြီး၊ KFD က အခွန်ကောက်ခံနိုင်မယ်" လက်တွေ့တွင်၊ အလွန်အမင်း တင်းတင်းကြပ်ကြပ် တားမြစ်ထားခြင်းသည် တရားဝင်သစ်ထုတ်လုပ်မှုကို တိုးမြှင့်စေနိုင်မည့် အန္တရာယ်များရှိပြီး၊ စည်းမျဉ်းစည်းကမ်းများနှင့် အခွန်ကောက်ခံခြင်းကို တားမြစ်ခြင်းသည်လည်း KFD နှင့် ဒေသခံတို့ကြားတွင် တင်းမာမှုများကို ဖန်တီးလာနိုင်သည်။ ထို KESAN ဝန်ထမ်းက အခြားသော ထိခိုက်ဖွယ်ရှိသည့် စီးပွားဖြစ်လုပ်ငန်းများကို ပိုမိုကျယ်ပြန့်သော စည်းမျဉ်းစည်းကမ်းဖြင့် ကြီးကြပ်ကွပ်ကဲခြင်းဖြင့် ဆောင်ရွက်ရန် တူညီသော ချဉ်းကပ်မှုတစ်ခုကို တွေးကြည့်ထားသည်။ ဥပမာ- "ဒေသခံ အစုအဖွဲ့တွေ ဒါမှမဟုတ် အာဏာပိုင်တွေ ရွှေတူးဖော်ဖို့ နေရာတစ်ခုကို လိုချင်ရင်၊ အဲဒါကို [ကြီးကြပ်ကွပ်ကဲရန်] နှင့် အစီအစဉ်ချဖို့ တိတိကျကျ သတ်မှတ်ထားတဲ့ လုပ်ငန်းစဉ်တစ်ခု ရှိသင့်တယ်" ဟု ပြောကြားခဲ့သည်။

အစုအဖွဲ့ပိုင်သစ်တောများကို ကျေးရွာတစ်ခုချင်းစီ သို့မဟုတ် ကျေးရွာပေါင်းများစွာ ပေါင်းစည်းထားသည့် အစုတစ်ခုစီသို့ သတ်မှတ်ချထားပေးသည်။ ကျေးရွာဥက္ကဋ္ဌများကို အစီအစဉ်အကြောင်း အသိပေးထားပြီး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှတစ်ဆင့် အစုအဖွဲ့ပိုင်သစ်တောကို မှတ်ပုံတင်ရန် လျှောက်ထားရမည်။ အချို့သော ကိစ္စရပ်များတွင်၊ သစ်တောဧရိယာများစွာ ဖုံးလွှမ်းထားသည့် အစုအဖွဲ့များကို KESAN သို့မဟုတ် KFD က တိုက်ရိုက်ချဉ်းကပ်သည်။ ထို့နောက် KFD သည် အစုအဖွဲ့ပိုင် သစ်တောဧရိယာကို သတ်မှတ်ရန် ကော်မတီ၊ ဒေသခံ အာဏာပိုင်များနှင့်အတူ လုပ်ဆောင်ပြီး၊ GPS ကိုဩဒိနိတ်အမှတ်များကို မှတ်တမ်းတင်ပြီး၊ ၎င်းကို စီမံခန့်ခွဲရန်အတွက် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲသည်။ KFD အကြီးအကဲ၏ အဆိုအရ၊ အဲဒီသစ်တောတွေက ဒေသခံ အစုအဖွဲ့တွေနဲ့သာဆိုင်ပြီး၊ KNU သစ်တောဆိုင်ရာဌာနနဲ့ မဆိုင်ဘူး ... ကျွန်တော်တို့က အဲဒီမှာ အကြံဉာဏ်နဲ့ နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပေးဖို့ သက်သက်ပဲ။ ကျွန်တော်တို့အနေနဲ့ ဒေသခံ အစုအဖွဲ့တွေ ရဲ့ ကိုယ်ပိုင်နည်းဥပဒေတွေ၊ မူဝါဒတွေလုပ်ဖို့ သူတို့နဲ့ အလုပ်အတူတူလုပ်တယ်။ ဒါပေမယ့် သူတို့က အဓိကပါပဲ"

နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ကော်မတီက အတည်ပြုပြီးသည်နှင့် အိမ်ထောင်စုများထံမှ လက်မှတ်များရယူခြင်း၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို တွဲဖက်ခြင်းနှင့် ထိုစာရွက်စာတမ်းကို ကျေးရွာအုပ်စု ဥက္ကဋ္ဌများထံသို့ ပေးပို့ခြင်းတို့ကို လုပ်ဆောင်ရသည်။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးရုံးသည် ၎င်းကိုအတည်ပြုပြီးနောက် မြို့နယ် KFD သို့ ပေးပို့သည်။ မြို့နယ် KFD သည် စစ်ဆေးမှုများပြုလုပ်ပြီး ခရိုင် KFD သို့ ပေးပို့သည်။ ခရိုင် KFD သည် ၎င်းကိုယ်တိုင် စစ်ဆေးမှုများပြုလုပ်ပြီး၊ အစုအဖွဲ့ပိုင် သစ်တောများကို KFD ဗဟိုနှင့် တရားဝင် အထောက်အထားများထားရှိကာ မှတ်တမ်းတင်ထားသည်။ KFD ဗဟိုနှင့် KESAN တို့တွင် မြေပြင်အခြေအနေများနှင့် အစုအဖွဲ့ပိုင် သစ်တောများအားလုံး ပါဝင်သည့် ဆော့ဝဲ(လ်) အခြေခံထားသည့် မြေပုံများရှိပြီး၊ တရားဝင် ပိုင်ဆိုင်ခွင့်လက်မှတ်များကို ထုတ်ပေးနိုင်သည်။ (အချပ်ပို ၄ တွင် ကြည့်ပါ။)

မူတရောခရိုင် KFD အကြီးအကဲ၏ ဖော်ပြပါလုပ်ငန်းစဉ်နှင့်ပတ်သက်သည့် ပြောကြားချက်အရ၊ ဒေသခံအစုအဖွဲ့တွေနဲ့ မြို့နယ်အဆင့် တာဝန်ရှိသူတွေကြားက ညှိနှိုင်းမှုတွေက သိသိသာသာ နှေးကွေးနေတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ရွေးချယ်ထားတဲ့ [သစ်တောဆိုင်ရာ] နည်းဥပဒေတွေက မသင့်တော်သင့်ဘူးဆိုရင် မြို့နယ်က သူတို့ဆီကို ပြန်လာကြတယ်။ အဲဒါကြောင့် ဒီလုပ်ငန်းစဉ်က အချိန်အတော်ကြာတယ်။" ထိုအကြောင်းပြချက်များကြောင့်၊ ၂၀၁၅ ခုနှစ် နှောင်းပိုင်းတွင် အစုအဖွဲ့ပိုင် သစ်တောလျှောက်လွှာ ၁၂ စောင် သည် မြို့နယ်အဆင့်တွင်ပင် ရပ်တန့်နေပြီး အခြားသော လျှောက်လွှာ ၁၂ စောင်သည် ကျေးရွာအုပ်စုအဆင့်တွင် ရပ်တန့်နေခဲ့သည်။

KFD ၏ လမ်းညွှန်ချက်များနှင့် သွေဖယ်မှုများရှိပါက၊ "လုံခြုံရေး အကြောင်းပြချက်များ" အတွက် အခြားလျှောက်လွှာများ စိစစ်ခြင်းကိုလည်း ရပ်တန့်ထားသည်။ ထိုကြောင့် KFD ၏ အစုအဖွဲ့ပိုင် သစ်တောများအတွက် အားထုတ်မှုများသည် စိန်ခေါ်မှုတစ်ရပ်ကို ဖြစ်စေသည်။ ဗဟိုအဆင့်ဌာနများနှင့် KESAN တို့သည် သက်ဆိုင်ရာဒေသခံများအား ရပ်ရွာအဆင့် အာဏာပိုင်များက ဦးစားပေးဆောင်ရွက်ပေးမှုများကို ကန့်သတ်နိုင်မည့် အဖွဲ့အစည်းပိုင်းဆိုင်ရာ လုပ်ငန်းစဉ်တစ်ရပ်ကိုလည်း ဖန်တီးရမည်။ KFD က မူတရောကဲ့သို့သော အချို့ခရိုင်များတွင် အစုအဖွဲ့ပိုင် သစ်တောများအတွက် ၎င်းရှိ အရင်းအမြစ်အနည်းအငယ်ကိုသာ ရင်းနှီးမြှုပ်နှံထားသည်။ ထိုမူတရောတွင် သစ်ထုတ်လုပ်ခြင်းနှင့် အခြားသော သစ်တောကို ပျက်စီးစေမည့် ကိစ္စရပ်များသည် စိုးရိမ်ဖွယ် အနည်းငယ်သာရှိသည်။ "မူတရောက၊ ပြည်သူတွေမှာ( အားကောင်းတဲ့ ရိုးရာ အလေ့အကျင့်တွေ) ရှိတယ်၊ သူတို့က သူတို့ရဲ့သစ်တောတွေကို ကောင်းကောင်းကာကွယ်ထားတာ အဲဒါကြောင့် အဲဒီနေရာမှာ အာရုံစိုက်လုပ်စရာ မလိုဘူး" ဟု KFD အကြီးအကဲက ရှင်းပြထားသည်။

## အခြားသော သစ်တောဆိုင်ရာ ကနဦးလုပ်ငန်းဆောင်တာများ

KNU သည် ဘေးမဲ့တော ၁၄ ခု၊ သဘာဝအတိုင်းထားရှိသည့် သစ်တော ၆၄ ခု၊ နှင့် ဆေးဖက်ဝင်အပင်များ ပေါက်ရောက်ရာ သစ်တောဖုံ ၈ ခုကိုလည်း စီမံအုပ်ချုပ်လျက်ရှိသည်။ သို့သော် ထိုနေရာများအတွက် သုတေသနပြုလုပ်ထားမှုများသည် မရှိသလောက်ပင် ဖြစ်သည်။ သဘာဝအတိုင်းထားရှိထားသည့် သစ်တောအများစုကို ဗြိတိသျှ ကိုလိုနီအုပ်ချုပ်ရေးက အစပြုလုပ်ဆောင်ခဲ့ပြီး မြန်မာအစိုးရက ထိုသို့လုပ်ဆောင်မှုကို အမွေဆက်ခံရရှိခဲ့သည်။ ထိုကြောင့် ၎င်းတို့ကို မြန်မာနှင့် KNU သစ်တောဆိုင်ရာ အုပ်ချုပ်စီမံမှုအဖွဲ့များ၏ မြေပုံနှစ်ခုလုံးတွင် တွေ့ရှိရသည်။ သို့သော် ၎င်းသစ်တောများအား အမှန်တကယ် ထိန်းသိမ်းထားသည့် အခြေအနေမှာ အလွန်ပင်ကွဲပြားလျက်ရှိသည်။ အကြောင်းမှာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ပိုင်ခွင့်များနှင့် အခြားသော စီးပွားဖြစ်လုပ်ငန်းများအတွက် မြေယာအသုံးပြုခွင့်များသည် အချို့သော သစ်တောများတွင် လုပ်ကိုင်နေသောကြောင့် ဖြစ်သည်။ ထို့ကြောင့် KNU ဗဟိုမှ အာဏာပိုင်များသည် ထိုကဲ့သို့သော စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နေလျက်ရှိသော သစ်တောများ (ထိုလုပ်ငန်းများကို လက်ရှိတွင် ခရိုင်အာဏာပိုင်များမှ ခွင့်ပြု၍ အခွန်ကောက်ခံထားသည်) အပေါ် အခွန်ကောက်ခံရန် သင့်၊ မသင့် ဆုံးဖြတ်ရာတွင် အခက်အခဲများ ရှိနေသည်။ အကြောင်းမှာ KNU ဗဟိုတွင် ထိုကိစ္စရပ်များအပေါ် ရပ်စဲရန် အာဏာမရှိသလောက်ပင် ဖြစ်နေသည်။

KNU သည် တောရိုင်းတိရိစ္ဆာန် ဘေးမဲ့တောများကို ၁၉၈၀ ပြည့်နှစ် နှောင်းပိုင်းတွင် စတင်ခဲ့သည်။ သို့သော် ထိုဘေးမဲ့တောများကို မည်မျှ

ထိန်းသိမ်းထားမည်ဆိုသည်မှာလည်း ကွဲပြားလျက်ရှိသည်။ KNU ၏ လုံခြုံမှုအပေးနိုင်ဆုံး တောရိုင်းတိရိစ္ဆာန် ဘေးမဲ့တောများအနက် တစ်ခုဖြစ်သော ကလာမူးပလိသည် ကလာလွယ်ထူးနှင့် မူတရော ခရိုင်များ၏ အစိတ်အပိုင်းများကို ကန့်လန့်ဖြတ်ထားသည်။ ထိုခရိုင်တစ်ခုချင်းစီတွင် တောရိုင်းတိရိစ္ဆာန်များကို ကာကွယ်ရန် လူအယောက် ၂၀ ပါဝင်သော ရိန်းဂျား တပ်ဖွဲ့တစ်ခုရှိသည်။ ထိုတပ်ဖွဲ့တွင် KNLA နှင့် KNPF မှ အဖွဲ့ဝင်ဟောင်းများပါဝင်ပြီး၊ ၎င်းတို့သည် သဘာဝပတ်ဝန်းကျင် ထိန်သိမ်းစောင့်ရှောက်ရေးနှင့် အခြားသော အလေ့အကျင့်များအတွက် KESAN နှင့် နိုင်ငံတကာ အကြံပေးများထံမှ လေ့ကျင့်သင်ကြားပေးမှုများ ရရှိခဲ့သည်။

## အစိုးရနှင့်ထိတွေ့ဆက်ဆံခြင်း

KNU နှင့် အစိုးရကြား မြေယာစီမံခန့်ခွဲမှုအပေါ် ပူးပေါင်းဆောင်ရွက်ရေးအတွက် အလားအလာသည် ဤသုတေသန၏ အစိတ်အပိုင်းတစ်ရပ် မဟုတ်ပါ။ အပစ်အခတ်ရပ်စဲရေး လုပ်ငန်းစဉ် ရှေ့ဆက်နေသောကြောင့်၊ နှစ်ဖက်တာဝန်ရှိသူများအတွက် ဘုံရည်မှန်းချက်များနှင့် အနေအထားများကို ချမှတ်ရန် အခွင့်အလမ်းများ ရှိလာနိုင်သည်။ သို့သော် ယခုအချိန်တွင် ယုံကြည်မှုနည်းပါးနေသည်။ KNU အနေဖြင့် အစိုးရ၏ အားထုတ်မှု အားလုံးကို ၎င်းတို့၏ လက်ရှိဖွဲ့စည်းတည်ဆောက် ပုံများအပေါ် ကျော်လွှန်လုပ်ဆောင်မည့် ပရိယာယ်တစ်ရပ်အနေဖြင့် ထင်မြင်နေဟန်ရှိသည်။ KNU က အစိုးရကို ၎င်းတို့၏ လက်ရှိ ဖွဲ့စည်းတည်ဆောက်ပုံများကို အရင်အသိအမှတ်ပြုရမည်ဟု တောင်းဆိုထားသည်။

ခရိုင်အများအပြားတွင်၊ (အထူးသဖြင့်၊ အစိုးရ၏ အမြဲတစေတည်ရှိမှုမရှိသည့် နေရာများတွင် ဝင်ရောက်လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းရရှိရန်) အစိုးရအနေဖြင့် KNU နှင့် ပူးပေါင်းဆောင်ရွက်ရန် ကမ်းလှမ်းလျက်ရှိသည်။ အစိုးရသည် မူတရောတွင် KNU နယ်မြေများရှိ သဘာဝအတိုင်း ထိန်းသိမ်းထားသည့် သစ်တောများအဖြစ် ၎င်းအသိအမှတ်ပြုသည့် ဧရိယာများ၏ မြေပုံများကို ပေးပို့ခဲ့ပြီး၊ မြေယာကို ဝင်ရောက်ရန်နှင့် ပိုင်းခြား သတ်မှတ်ရန် ခွင့်ပြုချက်တောင်းဆိုခဲ့သည်။ သို့သော် KNU က ထိုတောင်းဆိုမှုကို ငြင်းပယ်ခဲ့သည်။ ထိုငြင်းပယ်မှုသည် အစိုးရကို KNU ထံမှ ပူးပေါင်းဆောင်ရွက်ရန်အတွက် ခွင့်ပြုချက်တောင်းခံရန် ဦးတည်ခဲ့သည်။ ထိုသစ်တောဧရိယာများသည် အများအားဖြင့် KNU မှ သတ်မှတ်ထား သည့် ဧရိယာများနှင့် တူညီမှုရှိသော်လည်း KNU အာဏာပိုင်များအနေဖြင့် အစိုးရမြေတိုင်းများကို ၎င်းတို့မရောက်ဘူးသည့် နေရာများသို့ ဝင်ရောက်ခွင့်ပေးလိုစိတ် မရှိပါ။ အကြောင်းမှာ လုံခြုံရေးဆိုင်ရာ အကြောင်းပြချက်များအပြင်၊ အစိုးရ၏ ရည်ရွယ်ချက်များကို KNU ၏ မယုံကြည်မှုတို့ကြောင့် ဖြစ်သည်။ ခြုံငုံပြောရလျှင် မူတယော အာဏာပိုင်များအနေဖြင့် ၎င်းတို့သည် အစိုးရဦးဆောင်လုပ်ကိုင်သည့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများကို ထိုနေရာများအတွက် လုပ်ကိုင်ရန် ကာကွယ်နေသည်ဟု ခံစားနေရပြီး၊ အစိုးရ၏ ရည်ရွယ်ချက်များအပေါ် သံသယများ ရှိနေသောကြောင့် ဖြစ်သည်။

ဒူးပလာရာခရိုင် ကဲ့သို့သော အခြားသောနေရာများတွင်၊ အစိုးရအာဏာပိုင်များသည် KNU ၏ စာရင်းသတ်မှတ်မှုများတွင် ပါဝင်ပြီးဖြစ်သော နေရာများနှင့် KNU အကျွမ်းတဝင်ရှိသော  ဒေသခံ အစုအဖွဲ့များရှိသည့် နေရာများရှိ စိုက်ပျိုးမြေများကို မှတ်ပုံတင်ရန် KNU နှင့် အတူတကွ လိုက်ပါခွင့်ပေးရန် မေတ္တာရပ်ခံခဲ့သည်။ ကိစ္စရပ်အများစုတွင် KNU သည် ငြင်းဆိုခဲ့ဟန်ရှိသည်။

## နောက်ဆက်တွဲ ၂။ ကရင်ပြည်နယ် "မြို့နယ်ခွဲ" ၉ မြို့၏ တစေ့တစောင်း လေ့လာချက်

အချို့မြို့များတွင် တပ်မတော် အခြေစိုက်စခန်းများရှိခြင်း သို့မဟုတ် SPDC အစိုးရသည် ၎င်း၏ ဒေသခံကိုယ်စားလှယ်များမှတစ်ဆင့် မြို့များ၏ တစ်စိတ်တစ်ဒေသကို ရောက်ရှိနိုင်ခြင်းတို့ ဖြစ်တည်ခဲ့သော်လည်း ကရင်ပြည်နယ်၏ မြို့နယ်ခွဲ မြို့တစ်မြို့ဖြစ်သော ရှမ်းရွာသစ်သည် ၂၀၁၀ ခုနှစ်တွင် အစိုးရမြေပုံများတွင် မပါဝင်ခဲ့ပါ။ ကမမောင်း၊ ပိုင်ကျုံ၊ ရှမ်းရွာသစ်၊ ကျိုက်ဒုံးနှင့် လိပ်သို မြို့များသို့ တပ်မတော်အနေဖြင့် သွားရောက်လှုပ်ရှားနေနိုင်ခဲ့ပြီး ၎င်းတို့ကို ထောက်ပံ့ပေးသည့် လက်နက်ကိုင်တပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ထိုမြို့များတွင် ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်လျက်ရှိသည်။

**မြန်မာအစိုးရ၏ ရွေးချယ်သတ်မှတ်မှု -** လိပ်သိုမြို့၊ သံတောင်ကြီး မြို့နယ်
**KNU ၏ ရွေးချယ်သတ်မှတ်မှု -** ဒေါ်ဖားခို မြို့နယ်၊ တော်ဦး ခရိုင်
**စုစုပေါင်း လူဦးရေ -** ၄၈,၆၀၆
**မြို့ပြနေထိုင်သူ ဦးရေ -** ၃,၀၉၃
**အစိုးရ၏ ထိန်းချုပ်မှုအောက်ရောက်သည့်အချိန် -** ၁၉၇၀ ခန့် (ထိုနေရာတွင် အစိုးရ၏လွှမ်းမိုးမှုအောက်တွင် ၁၉၅၀ ခန့်မှစ၍ ရှိခဲ့သော်လည်း)
**အစိုးရအုပ်ချုပ်မှုအောက်သို့ အတည်ပြုကျရောက်သည့်အချိန် -** ၁၉၉၈ အလွန် ကာလမှစတင်ကာ
**နိုင်ငံရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ သမိုင်းကြောင်းနှင့် အခြေအနေဆိုင်ရာ မှတ်စု -**

လိမ်သိုမြို့သည် ကာလအတော်ကြာအောင် မြို့ကြီးတစ်မြို့ဖြစ်ခဲ့ပြီး၊ အစိုးရ၏ ထိန်းချုပ်မှုအောက်သို့ ၁၉၇၀ ဝန်းကျင်တွင် ကျရောက်ခဲ့သည်။ အစိုးရအုပ်ချုပ်အောက်တွင် ပတ်ဝန်းကျင်ရှိဒေသများနှင့် တစ်စုတစ်တည်းရောက်ရှိမှုကို ၁၉၉၈ နှင့် ၁၉၉၉ ခုနှစ်များတွင် စတင်ခဲ့ပြီး KNLA တပ်မတော် ၂ မှ စွန့်ခွာလာသည့် ခွဲထွက်တပ်ဖွဲ့နှစ်ခုက ကူညီခဲ့သည်။ ၎င်းတပ်ဖွဲ့ နှစ်ခုသည် "ငြိမ်းချမ်းရေး အုပ်စု" နှစ်ခုကို ဖွဲ့စည်းခဲ့ပြီး အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကို စတင်ခဲ့သည်။ ထိုအဖွဲ့များ အနက်မှ တစ်ဖွဲ့ သို့မဟုတ် နှစ်ဖွဲ့လုံးသည် ၂၀၁၀ ခုနှစ်တွင် ပြည်သူ့စစ်အဖြစ် ဖွဲ့စည်းခဲ့သည်။ သို့သော် အသေးအစိတ် အချက်အလက်များကို ဆုံးဖြတ်ရန် ခက်ခဲနေသည် (အပိုင်း ၁ တွင် ဖတ်ပါ)။

**မြန်မာအစိုးရ၏ ရွေးချယ်သတ်မှတ်မှု** - ဘောဂလိမြို့၊ သံတောင်ကြီးမြို့နယ်
**KNU ၏ ရွေးချယ်သတ်မှတ်မှု -** ထော်တထူး မြို့နယ်၊ တော်ဦး ခရိုင်
**မြို့၏ကရင်အမည် -** ကလာလေ
**စုစုပေါင်း လူဦးရေ -** ၁၇,၂၃၇
**မြို့ပြနေထိုင်သူ ဦးရေ -** ၁,၉၉၉
**အစိုးရ၏ ထိန်းချုပ်မှုအောက်ရောက်သည့်အချိန် -** ၁၉၇၉ မှစတင်၍
**အစိုးရအုပ်ချုပ်မှုအောက်သို့ အတည်ပြုကျရောက်သည့်အချိန် -**  ၂၀၁၁ မှစတင်၍
**နိုင်ငံရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ သမိုင်းကြောင်းနှင့် အခြေအနေဆိုင်ရာ မှတ်စု -**

ဘောဂလိမြို့ကို ၁၉၇၉ ခုနှစ်တွင် တပ်မတော် အခြေစိုက်စခန်းတွဲ၍ ပါရှိသော အစိုးရထိန်းချုပ်ထားသည့် ပြန်လည်နေရာချထားရေး စခန်းတစ်ခု အဖြစ် ထူထောင်ခဲ့သည်။ မကြာသေးမီကာလအထိ ၎င်းကို ဘောဂလိကျေးရွာအုပ်စုအဖြစ် သိရှိကြသည်။ ၎င်းမြို့သည် တောင်ငူမြို့မှ ကယား ပြည်နယ်သို့ သွားသည့်လမ်းတွင် တည်ရှိသည်။ ထိုမြို့တွင် အပစ်ရပ်စဲရေးမတိုင်မီအထိ အစိုးရအလယ်တန်းကျောင်းနှင့် ကျန်းမာရေးဌာနတစ်ခု ရှိပြီး၊ အစိုးရ၏ သတ်သတ်မှတ်မှတ် အုပ်ချုပ်စီမံမှု မရှိသလောက်ဖြစ်ပြီး ထိုသို့အုပ်ချုပ်စီမံမှုကို သံတောင်မြို့တွင်သာ တွေ့ရသည်။ အစိုးရသည် ထိုကျေးရွာကို "စံပြ ကျေးရွာ" အဖြစ် အတန်ကြာအောင် ခေါ်ဆိုခဲ့ပြီး၊ အထူးဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကြိုတင်လျာထားမှုများကို ပြုလုပ်ခဲ့သည်။ မကြာသေးသော ဆယ်စုနှစ်များတွင် ထိုကျေးရွာသို့ ကရင်လူမျိုးမဟုတ်သူ အမြောက်အမြား ပြောင်းရွှေ့နေထိုင်ခဲ့သည်။ သို့သော် KNLA ၏ အဆိုအရ အစိုးရသည် အုပ်ချုပ်စီမံမှုများကို သိသိသာသာ လုပ်ဆောင်နိုင်ခြင်း မရှိပါ။ အစိုးရသည် အပစ်ရပ်စဲရေးမတိုင်မီ ထိုမြို့တွင် ရဲစခန်း တစ်ခု ဖွင့်လှစ်ရန် အားထုတ်ခဲ့သော်လည်း KNLA က ထိုသို့လုပ်ဆောင်ခြင်းကို ပိတ်ပင်တားဆီးခဲ့သည်။

၂၀၁၂ ခုနှစ်မှ စတင်ကာ အစိုးရသည် အလယ်တန်းကျောင်းကို အထက်တန်းကျောင်းအဖြစ်သို့ တိုးမြှင့်ခဲ့ပြီး၊ ဆရာ/မ ၇ ယောက်ကို စေလွှတ်ခဲ့ သည်။ ထို့အပြင် ရဲစခန်းအပါအဝင် အစိုးရအဆောက်အအုံများကို စတင်တည်ထောင်ခဲ့သည်။ ထိုမြို့တွင် လူဦးရေ ၁,၉၉၉ ယောက်ရှိပြီး၊ ထို ပမာဏသည် အစိုးရ၏ ထိန်းချုပ်မှု အပြည့်အဝရှိသည့် အနီးပတ်ဝန်းကျင်ဒေသများရှိ လူဦးရေနှင့်နှိုင်းယှဉ်လျှင် များပြားလှသည်။ ၎င်းဒေသများ တွင် အစိုးရမူလတန်းကျောင်းရှိသည်။ အခြားသော ပတ်ဝန်းကျင်ဒေသများတွင် KED ထောက်ပံ့မှုပေးထားသည့် ကျောင်းများနှင့် အစိုးရနှင့် KED တို့အတူတကွ ထောက်ပံ့ထားသည့် ကျောင်းများလည်း တည်ရှိသည်။ KNU တည်ရှိမှုသည် ထိုဒေသတွင် သိသိသာသာ ရှိနေသေးသည်။

**မြန်မာအစိုးရ၏ ရွေးချယ်သတ်မှတ်မှု** - ကမမောင်းမြို့၊ ဖာပွန် မြို့နယ်
**KNU ၏ ရွေးချယ်သတ်မှတ်မှု** - ဒွေးလို မြို့နယ်၊ မူတရော ခရိုင်
**စုစုပေါင်း လူဦးရေ** - ၁၇,၂၃၇
**မြို့ပြနေထိုင်သူ ဦးရေ** - ၁,၉၉၉
**အစိုးရ၏ ထိန်းချုပ်မှုအောက်ရောက်သည့်အချိန်** - ၁၉၅၀ ပြည့်နှစ်များမှ စတင်၍
**အစိုးရအုပ်ချုပ်မှုအောက်သို့ အတည်ပြုကျရောက်သည့်အချိန်** - ၁၉၉၅ အလွန် ကာလမှ စတင်၍
**နိုင်ငံရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ သမိုင်းကြောင်းနှင့် အခြေအနေဆိုင်ရာ မှတ်စု** -

ကမမောင်းမြို့သည် မြိုင်ကြီးငူမှ သံလွင်မြစ်တစ်လျှောက်တွင် တည်ရှိသည်။ မြိုင်ကြီးငူသည် ၁၉၉၅ ခုနှစ် ကတည်းက DKBA ၏ ဌာနချုပ်ဖြစ်ပြီး၊ နယ်ခြားစောင့်တပ် (BGFs) ၁၀၁၃ နှင့် ၁၀၁၄ တို့၏ လက်ရှိဌာနချုပ်များ ဖြစ်သည်။ KNU/KNLA တို့သည် မူတရော ခရိုင်စတင်ရာ ကမမောင်း၏ မြောက်ဘက်တွင် တာဝန်ချထားမှုများ သိသိသာသာရှိနေသည်။ ထိုနေရာရှိ ကျေးရွာအများစုသည် ကမမောင်းနှင့် ဖာပွန်မြို့များကြားရှိ လမ်းမအနီးတွင် တည်ရှိပြီး၊ ထိုဒေသသည် KNU၊ BGF များ၊ နှင့် အစိုးရတို့၏ အုပ်ချုပ်မှုများအောက်တွင် တည်ရှိသည့်အပြင် DKBA ခွဲထွက်အဖွဲ့ဖြစ်သော ကျော်ထက်၊ အောင်ဆန်း နှင့် ပိုဘီး တို့သည်လည်း ထိုဒေသအုပ်ချုပ်ရေးတွင် ပါဝင်လျက်ရှိသည်။ ၁၉၉၂ ခုနှစ်တွင်၊ ကမမောင်းသည် LORC မြို့နယ် ရုံးခွဲတည်ရှိရာဖြစ်ပြီး၊ ၎င်းသည် ယနေ့ခေတ် မြို့နယ်ခွဲများ၏ လုပ်ငန်းလုပ်ဆောင်မှု တူညီနေပုံကို ပြသနေသည်[171]။ ထိုနေရာသည် DKBA နှင့် အစိုးရတို့၏ ထိန်းချုပ်မှုအောက်တွင် ၁၉၉၅ နှင့် ၂၀၀၉ ခုနှစ်ကြားတွင် ရှိခဲ့သည်။ ထို့နောက် DKBA ခွဲထွက်အဖွဲ့များသည် နယ်ခြားစောင့်တပ် ၁၀၁၃ နှင့် ၂၀၁၄ အဖြစ်သို့ ပြောင်းလဲခဲ့ပြီး၊ ထိုနေရာတွင် ဆက်လက်ရှိနေသေးသည်။

**မြန်မာအစိုးရ၏ ရွေးချယ်သတ်မှတ်မှု** - ရှမ်းရွာသစ်မြို့၊ လှိုင်းဘွဲ့မြို့နယ်
**KNU ၏ ရွေးချယ်သတ်မှတ်မှု** - လူပလေမြို့နယ်၊ ဘားအံမြို့နယ်
**မြို့၏ကရင်အမည်** - ကလောကတီး
**စုစုပေါင်း လူဦးရေ** - ၂၁,၇၃၅
**မြို့ပြနေထိုင်သူ ဦးရေ** - ၅၃၁
**အစိုးရ၏ ထိန်းချုပ်မှုအောက်ရောက်သည့်အချိန်** - ၁၉၉၅ ခန့်မှစတင်၍
**အစိုးရအုပ်ချုပ်မှုအောက်သို့ အတည်ပြုကျရောက်သည့်အချိန်** - ၂၀၁၂ ခုနှစ်မှ စတင်၍
**နိုင်ငံရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ သမိုင်းကြောင်းနှင့် အခြေအနေဆိုင်ရာ မှတ်စု** -

ရှမ်းရွာသစ်အနီးပတ်ဝန်းကျင်ဒေသများတွင် တပ်မတော်က ထိုးစစ်ကြီးကြီးမားမား စတင်ခဲ့သည့် ၁၉၈၄ ခုနှစ်မှ စတင်က၊ တိုက်ခိုက်မှုများ ပြင်းထန်လာခဲ့သည်။ ထိုထိုးစစ်များကြောင့် ထိုင်းနိုင်ငံ သာဆောင်ရန်း၏ မျက်နှာချင်းဆိုင်တွင် တည်ရှိသည့် KNLA ၏ မဟာဗျူဟာကျ အခြေစိုက်စခန်းဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေးဂိတ်တစ်ခုဖြစ်သော မဲသဝေါကို တပ်မတော်အစိုးရက ရယူနိုင်ခဲ့သည်။ KNLA က နောက်ပိုင်းတွင် ထိုတပ်စခန်းကို ယာယီ ပြန်လည် ရယူနိုင်ခဲ့သော်လည်း လုံခြုံရန် မဆောင်ရွက်နိုင်ခဲ့ပါ။ ၁၉၉၅ တွင် DKBA နှင့် တပ်မတော်တို့သည် မာနယ်ပလောမှ မြောက်ဖက်ဒေသများအပါအဝင် အနီးပတ်ဝန်းကျင်ရှိနေရာများကို ရယူရန် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ထိုနောက် ၂၀၀၉ ခုနှစ်တွင် KNLA ၏ အဓိကနေရာယူထားသည့် တောင်ပိုင်းရှိ နယ်စပ်ဇရိယာများကို ထပ်မံရယူခဲ့သည်။ ထိုထိုးစစ်အားလုံးသည် ပြည်သူများကို နေရာရွှေ့ပြောင်းစေမှု အကြီးအကျယ်ဖြစ်စေခဲ့သည်။

ယနေ့တွင်၊ ရှမ်းရွာသစ်သည် တပ်မတော်ထိန်းချုပ်မှုအောက်တွင် ခိုင်ခိုင်မာမာရောက်ရှိနေပြီး တပ်မတော်သည် ခြေလျင်တပ်တစ်ခုကို ဆင်ခြေဖုံးနေရာများတွင် ထားရှိသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်းစာရင်းအရ၊ ထိုရွာတွင် လူဦးရေ ၅၃၁ ယောက်သာရှိသည်။ သို့ပြားလည်း အစိုးရသည် ၎င်း၏ တည်ရှိမှုကို အနီးပတ်ဝန်းကျင်ဒေသများအထိ တိုးချဲ့ရန် အစိုးရ အဆောက်အဦများနှင့် ရဲစခန်းတစ်ခုကိုလည်း ထားရှိထားသည်။ လှိုင်းဘွဲ့မှ ရှမ်းရွာသစ်သို့သွားသည့် ပထမဆုံးလမ်းကိုလည်း တည်ဆောက်နေသည်။ ထို့အပြင် နယ်စပ်ရှိ မဲသဝေါ သို့ ဆက်သွယ်ထားသည့် လမ်းနှင့် အနောက်ဘက်ရှိ မြိုင်ကြီးငူဒေသသို့ ဆက်သွယ်ထားသည့် လမ်းတို့ကို အဆင့်မြှင့်တင်ခြင်းများ ပြုလုပ်လျက်ရှိသည်။

## ပိုဘီး OR ဖိုးဘီး ?

အနီးပတ်ဝန်းကျင်ဒေသများသည် ယခင် DBKA ခွဲထွက်အဖွဲ့များ အခြေစိုက်ရာ နေရာများဖြစ်သည်။ ထိုအဖွဲ့များမှာ ကျော်သက်နှင့် ပိုဘီးတို့ လက်အောက်မှ မကြာသေးမီက ခွဲထွက်သွားသော အဖွဲ့များနှင့် ကရင်နယ်ခြားစောင့်တပ်များ၏ တပ်စခန်းများဖြစ်သည်။ ထို့အပြင်၊ KNU/

[171] KHRG ဝက်ဘ်ဆိုဒ်တွင် ကြည့်ပါ၊ "The SLORC's New Forced Relocation Campaign," January 8, 1993, http://khrg.org/1993/01/93-01-08/slorcs-new-forced-relocation-campaign တွင် ဖတ်ရှုနိုင်ပါသည်။

KNLA တို့သည် နယ်စပ်တွင်လည်း နေရာယူထားမှုများ ပြုလုပ်ထားပြီး ၂၀၁၂ ခုနှစ်မှ စတင်ကာ ဌာနချုပ်ကို မဲသဝေါ အနီး ရှမ်းရွာသစ်နှင့် မိုင် ၂၀ အောက်သာဝေးသော နေရာတွင် ထားရှိလာခဲ့သည်။ ထိုဒေသအတွင်း တပ်မတော်၊ ကရင် နယ်ခြားစောင့်တပ်များနှင့် ကျော်သက်/ဖိုးဘီး DKBA ခွဲထွက်အဖွဲ့တို့ကြား တိုက်ပွဲများ ရှိခဲ့သည်။ ၂၀၁၄ ခုနှစ် စက်တင်ဘာ/အောက်တိုဘာလများ နှင့် ၂၀၁၆ ခုနှစ် စက်တင်ဘာလများတွင် ဖြစ်ပွားခဲ့သော တိုက်ပွဲနှစ်ခုစလုံးသည် မြိုင်ကြီးငူနှင့် မဲသဝေါကြားရှိ ရှမ်းရွာသစ်မြောက်ပိုင်းရှိ လမ်းတွင် ဖြစ်ပွားခဲ့သည်။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလတွင် တပ်မတော်နှင့် နယ်ခြားစောင့်တပ်များသည် နယ်မြေရှင်းလင်းပြီးကြောင်းကို ကြေညာခဲ့သည်။

**မြန်မာအစိုးရ၏ ရွေးချယ်သတ်မှတ်မှု** - ပိုင်ကျုံမြို့၊ လှိုင်းဘွဲ့မြို့နယ်
**KNU ၏ ရွေးချယ်သတ်မှတ်မှု** - တာကရေ မြို့နယ်၊ ဘားအံ ခရိုင်
**မြို့၏ ကရင်အမည်** - တာကရေ
**စုစုပေါင်း လူဦးရေ** - ၈၈,၆၀၄
**မြို့ပြနေထိုင်သူ ဦးရေ** - ၄,၀၇၄
**အစိုးရ၏ ထိန်းချုပ်မှုအောက်ရောက်သည့်အချိန်** - နောက်အကျဆုံးအနေဖြင့် ၁၉၉၇ မှစတင်၍ (တပ်မတော်သည် ၁၉၆၀ ပြည့်နှစ်များမှ စတင်ကာ ထိုမြို့သို့ဝင်ရောက်ခဲ့သည်)
**အစိုးရအုပ်ချုပ်မှုအောက်သို့ အတည်ပြုကျရောက်သည့်အချိန်** - ၂၀၀၀ ပြည့်နှစ်ပိုင်းများ အစောပိုင်းမှ စတင်၍
**နိုင်ငံရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ သမိုင်းကြောင်းနှင့် အခြေအနေဆိုင်ရာ မှတ်စု** -

ပိုင်ကျုံသည် အစိုးရ၏ ထိန်းချုပ်မှုအောက်ရောက်ရှိသည့် ၁၉၉၆ ခုနှစ်ခန့်မှ စတင်ကာ စုစည်းနိုင်ခဲ့သည်။ ၁၉၉၆ ခုနှစ် တွင် KNLA သည် တပ်မတော်နှင့် DKBA တို့ကြောင့် ထိုဒေသမှ ထွက်ခွာခဲ့ရသည်။ ပိုင်ကျုံနှင့် လှိုင်းဘွဲ့တို့ကို ကားလမ်းဖြင့် ဆက်သွယ်ထားသောကြောင့် တပ်မတော်သည် ထိုဒေသကို ၁၉၉၆ မတိုင်ခင် ကတည်းက ဝင်ရောက်နိုင်ခဲ့သည်ဟုန်ရှိသည်။ သို့သော် KNU သည် အနည်းဆုံးအနေဖြင့် ၁၉၉၇မတိုင်မီအထိထိုဒေသတွင်လွှမ်းမိုးမှုများရှိခဲ့ပြီးဒေသခံများသည်၁၉၉၀ပြည့်နှစ်နှောင်းပိုင်းများမတိုင်မီအထိတိုက်ပွဲများတွေ့ကြုံခဲ့ရသည်။ ထိုမြို့အနီးတွင် တပ်မတော် တပ်စခန်းများ ရှိသည့်အပြင် မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် ကျောက်မိုင်းတူးမှုများနှင့် ဆက်နွယ်သည့် လူ့အခွင့်ရေး ချိုးဖောက်မှုများ ကျူးလွန်သည်ဟု စွပ်စွဲမှုများ မကြာခဏခံရသည့် နယ်ခြားစောင့်တပ် ၁၀၁၅ ၏ ဌာနချုပ်လည်း တည်ရှိသည်။ ထို့အပြင် နယ်ခြားစောင့်တပ် ၁၀၁၆ သည်လည်း အနီးအနားတွင် တည်ရှိပြီး၊ အခြားသော နယ်ခြားစောင့်တပ်များသည်လည်း ထိုဒေသတွင် လှုပ်ရှားမှုများ ရှိသည်။

**မြန်မာအစိုးရ၏ ရွေးချယ်သတ်မှတ်မှု** - ကျိုက်ဒုံး မြို့၊ ကြာအင်းဆိပ်ကြီး မြို့နယ်
**KNU ၏ ရွေးချယ်သတ်မှတ်မှု** - ကောတရီး မြို့နယ်၊ ဒူးပလာယာ ခရိုင်
**စုစုပေါင်း လူဦးရေ** - ၅၇,၉၃၈
**မြို့ပြနေထိုင်သူ ဦးရေ** - ၃,၅၁၅
**အစိုးရ၏ ထိန်းချုပ်မှုအောက်ရောက်သည့်အချိန်** - ၁၉၉၇ ခုနှစ် မှ စတင်၍ (၎င်းသည် ၁၉၆၁ ခုနှစ်နှင့် အခြားသော အချိန်များတွင်လည်း ယာယီထိန်းချုပ်မှုရောက်ရှိခဲ့သည်)
**အစိုးရအုပ်ချုပ်မှုအောက်သို့ အတည်ပြုကျရောက်သည့်အချိန်** - ၂၀၀၀ ပြည့်နှစ်များမှ စတင်၍
**နိုင်ငံရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ သမိုင်းကြောင်းနှင့် အခြေအနေဆိုင်ရာ မှတ်စု** -

KNU သည် ကျိုက်ဒုံးကို ၁၉၉၇ ခုနှစ် မတိုင်မီအထိ ဆက်တိုက်အုပ်ချုပ်ခဲ့သည်။ ၁၉၉၇ ခုနှစ်တွင်၊ တပ်မတော်သည် အကြီးစားထိုးစစ်ဆင်မှု ပြုလုပ်ပြီး ကျိုက်ဒုံးကို ရယူခဲ့သည်။ KNU လက်အောက်တွင် ရှိစဉ်ကပင် ထိုမြို့သည် အဓိက ကုန်သွယ်စခန်းတစ်ခုဖြစ်ပြီး၊ ကြာအင်းဆိပ်ကြီးမြို့ကို ကားလမ်းဖြင့် ဆက်သွယ်ထားသည်။ ၎င်းကို ၁၉၆၁ ခုနှစ်တွင် KNU က ယာယီထိန်းချုပ်ခဲ့ပြီး၊ အစိုးရအောက် ထိန်းချုပ်မှုအောက်သို့ မကျရောက်ခဲ့ပေ။၁၉၉၇ ခုနှစ် ထိုးစစ်များကြားတွင်၊ သူမှုဟဲ ဦးဆောင်သည့် KNLA တပ်မဟာ ၁၆ သည် ခွဲထွက်ခဲ့ပြီး ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့ (Karen Peace Force - KPF) ဟုခေါ်သည့် အပစ်ရပ်အဖွဲ့ ဖွဲ့ကာ တပ်မတော်ကွပ်ကဲသည့် တပ်ဖွဲ့တစ်ခုဖြစ်လာခဲ့သည်။ ထိုးစစ်အတွင်း ဗလီများ မီးလောင်ခဲ့သဖြင့် မူစလင်များ ရွှေပြောင်းခဲ့ရပြီး ကရင်လူမျိုးအများအပြားသည် ပုန်းကွယ်နိုင်ရန် ထွက်ပြေးခဲ့သည်။[172] KPF သည် ၂၀၀၉ ခုနှစ် တွင် တပ်သားရာဂဏန်းဖြင့် နယ်ခြားစောင့်တပ်အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခဲ့ပြီး၊ ယခုအခါ ကျိုင်းဒုံ တွင် ဌာနချုပ်ထားရှိသည်။ သို့သော် အစိုးရ

[172] ၁၉၉၀ ပြည့်နှစ်နှောင်းပိုင်းတွင် ဖြစ်ပွားခဲ့သော ကိစ္စရပ်များကို အသေးစိတ်သိရှိရန်အတွက် KHRG ဝက်ဆိုဒ်ကို ကြည့်ပါ၊ "Developments in the SLORC/SPDC Occupation of Dooplaya District," February 25, 1998,http://khrg.org/1998/02/khrg98u1/developments-slorcspdc-occupation-dooplaya-district တွင် ဖတ်ရှုနိုင်သည်။ နှင့် **"Starving Them Out: Forced Relocations, Killings and the Systematic Starvation of Villagers in Dooplaya District,"** March 31, 2002။ http://khrg.org/2000/03/khrg0002/starving-them-out ဖတ်ရှုပါ။ ဒေသတွင်း အခြားကိစ္စရပ်များကို KHRG ဝက်ဘ်ဆိုဒ်တွင် ရှာဖွေပါ။

၏ ထိုမြို့အပေါ် ထိန်းချုပ်မှုသည် တပ်မတော်အပေါ်တွင် မူတည်နေပြီး၊ တပ်မတော်သည် မြို့တွင်းမြို့ပြင်တွင် ခြေလျင်တပ်များထားရှိသည်။ ၂၀၁၅ ခုနှစ်တွင် ထိုဒေသ၌ DKBA ခွဲထွက်အဖွဲ့ တစ်ဖွဲ့နှင့် တပ်မတော်ကြား တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။[173]

**မြန်မာအစိုးရ၏ ရွေးချယ်သတ်မှတ်မှု -** ဝေါလေမြိုင် မြို့၊ မြဝတီ မြို့နယ်
**KNU ၏ ရွေးချယ်သတ်မှတ်မှု -** ကောတရိမြို့နယ်၊ ဒူးပလာရာ ခရိုင်
**မြို့၏ကရင်အမည် -** ဝေါလေ
**စုစုပေါင်း လူဦးရေ -** ၉,၂၁၃
**မြို့ပြနေထိုင်သူ ဦးရေ -** ၃,၀၈၃
**အစိုးရ၏ ထိန်းချုပ်မှုအောက်ရောက်သည့်အချိန် -** ၁၉၉၀ ခုနှစ်မှစတင်၍ (၁၉၉၅ နှင့် ၂၀၁၀ အထိ DKBA က အများဆုံး ထိန်းချုပ်ခဲ့သည် )
**အစိုးရအုပ်ချုပ်မှုအောက်သို့ အတည်ပြုကျရောက်သည့်အချိန် -** ၂၀၁၂ ခုနှစ်မှ စတင်၍
**နိုင်ငံရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ သမိုင်းကြောင်းနှင့် အခြေအနေဆိုင်ရာ မှတ်စု -**

နှစ်အတော်ကြာအောင် ဝေါလေအဖြစ် အသိများခဲ့သော ဝေါလေမြိုင် နယ်စပ်စခန်းကို တပ်မတော်က ၁၉၉၀ ပြည့်နှစ်တွင် ရယူခဲ့သည်။ သို့သော် ငြားလည်း တွေ့ဆုံမေးမြန်းခဲ့သော ဒေသခံများ၏ အမြင်တွင် ထိုဒေသသည် ၁၉၉၅ခုနှစ် DKBA စတင်ပြိုကွဲချိန်တွင် KNU ၏ ထိန်းချုပ်မှုအောက်တွင် ရှိနေခဲ့သည်။ ထိုအချက်အရ ယင်းဒေသတွင် အစိုးရ၏ အလုံးစုံထိန်းချုပ်နိုင်မှုကို ကန့်သတ်ထားသေးသည်။ သို့သော် ၁၉၉၅ ခုနှစ်တွင် ဝေါလေသည် စောလားပွယ် ကွပ်ကဲသော DKBA တပ်မဟာ ၉၀၇ ၏ ဌာနချုပ်ဖြစ်လာခဲ့သည်။ တပ်မဟာ ၉၀၇ သည် ထိုဒေသအနီးပတ်ဝန်းကျင်အများစုကို ထိန်းချုပ်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ် နှောင်းပိုင်းတွင် တပ်မဟာ ၅ အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခဲ့သည်။ တစ်ချိန်တည်းတွင် တပ်မတော်သည် မြို့ပြင်တွင် တပ်စွဲထားပြီး၊ စုကာလီနှင့် မြဝတီကို လမ်းဖောက်ဆက်သွယ်ထားသည့် မြို့တစ်မြို့ကို စတင်မြို့တည်ခဲ့သည်။

တပ်မဟာ ၅ သည် ၂၀၁၀ ခုနှစ်တွင် နယ်ခြားစောင့်တပ်ဖွဲ့အဖြစ် ဖွဲ့စည်းရန် ငြင်းဆိုပြီး၊ မြဝတီမြို့ကို တိုက်ခိုက်ခဲ့သည်။ ထိုတိုက်ပွဲကို အခြားသော DKBA ခွဲထွက်အဖွဲ့များ ပါဝင်လာခဲ့ပြီး၊ ဝေါလေဒေသတွင် တပ်မတော်နှင့် လအတန်ကြာအောင် တိုက်ခိုက်ခဲ့သည်။ ထိုပဋိပက္ခများသည် အနည်းဆုံး လူပေါင်း ၂,၅၀၀ ကို ထွက်ပြေးစေခဲ့ပြီး၊ ပြည်သူများအပေါ် နိုပ်စက်ညှင်းပန်းမှုများ ပြုလုပ်ခဲ့သည်။[174] ၂၀၁၁ ခုနှစ်တွင် ဝါလေးဒေသကို နယ်မြေရှင်းလင်းမှုများ ပြုလုပ်ခဲ့ပြီး၊ တပ်မဟာ ၅ သည် စုံစီးမြိုင် တွင် ၎င်း၏ ဌာနချုပ်ကို တည်ထောင်ခဲ့သည်။ စုံစီးမြိုင်သည် ဝေါလေမှ ၁၀ ခန့် အကွာတွင် တည်ရှိပြီး တပ်မဟာ ၅ သည် KKO/DKBA အဖြစ် အမည်ပြောင်းလဲခဲ့သည်။ အစိုးရသည် ထိုမြို့ကို ဝေါလေမြိုင်အဖြစ် ထိုအချိန်အတောအတွင်း အမည်ပြောင်းလဲခဲ့ပြီး၊ တီးညလိ ဟုသော ကရင်အမည်ရှိ ရွာကို အောင်မင်္ဂလာ ဟူသော ဗမာအမည်သို့ ပြောင်းလဲခဲ့သည်။ ယနေ့တွင် ဝေါလေမြိုင်အနီးပတ်ဝန်းကျင်ကို DKBA မှ အဓိက ထိန်းချုပ်ထားသည်။ DKBA သည် ထိုဒေသတွင်း လူမှုရေးရာ ဝန်ဆောင်မှုများနှင့် အုပ်ချုပ်မှုစနစ် ပြန်လည်တည်ထောင်ရန် KNU ကို တရားဝင်ခွင့်ပြုချက်ပေးထားသည်။ KNLA သည် အရှေ့ဘက်ရှိ နယ်စပ်ဒေသများကို ထိန်းချုပ်ထားသည်။ ထို့အပြင်၊ KNDO ဌာနချုပ်သည် တောင်ဘက် မိုင် ၂၀ အကွာတွင် တည်ရှိပြီး၊ ၎င်းသည် ဗိုလ်မြ၏ သား နာဒါမြ ထိန်းချုပ်မှုအောက်တွင် ရှိကာ၊ နာဒါမြသည် ထိုဒေသအတွင်း နှစ်အတော်ကြာ လွှမ်းမိုးနေလျက်ရှိသည်။

**မြန်မာအစိုးရ၏ ရွေးချယ်သတ်မှတ်မှု -** စုကာလီမြို့၊ မြဝတီမြို့နယ်
**KNU ၏ ရွေးချယ်သတ်မှတ်မှု -** ကောတရီး မြို့နယ်၊ ဒူးပလာယာ ခရိုင်
**မြို့၏ ကရင်အမည် -** ခူးကလိ
**စုစုပေါင်း လူဦးရေ -** ၅,၇၀၃
**မြို့ပြနေထိုင်သူ ဦးရေ -** ၃၄၂
**အစိုးရ၏ ထိန်းချုပ်မှုအောက်ရောက်သည့်အချိန် -** ၁၉၉၇ မှစတင်၍
**အစိုးရအုပ်ချုပ်မှုအောက်သို့ အတည်ပြုကျရောက်သည့်အချိန် -** ၂၀၁၂ မှ စတင်၍
**နိုင်ငံရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ သမိုင်းကြောင်းနှင့် အခြေအနေဆိုင်ရာ မှတ်စု -**

တပ်မတော်သည် ၁၉၉၇ ခုနှစ်မှ စတင်ကာ စုကာလီဒေသကို ထိန်းချုပ်နိုင်ခဲ့သည်။ ၁၉၉၇ တွင် တပ်မတော်သည် ဒူးပလာယာ ခရိုင်ကို ထိုးစစ်ကြီးကြီးမားမား လုပ်ဆောင်ခဲ့ပြီး၊ KNU ထံမှ စုကာလီကို ရယူခဲ့သည်။ စုကာလီသည် ရွာငယ်တစ်ခုဖြစ်ပြီး ၊၂၀၁၄ ခုနှစ် သန်းခေါင်းစာရင်းအရ

[173] KHRG ဝက်ဆိုဒ်, "Two Separate Clashes Between Armed Actors in Kawkareik Township, Dooplaya District, February 2015," May 1, 2015။ http://khrg.org/2015/04/15-3-nb1/two-separate-clashes-between-armed-actors-kawkareik-township-dooplaya-district တွင် ဖတ်ရှုပါ။

[174] KHRG သတင်းဘူလက်တင် "Civilians at Risk from Continued SPDC-DKBA Conflict in Dooplaya District," November 14, 2010, http://www.burmalibrary.org/docs21/KHRG-2010-11-14-Civilians_at_risk_from_continued_SPDC DKBA_conflict_in_ Dooplaya_ District-en-red.pdf. တွင် ဖတ်ရှုနိုင်ပါသည်။

လူဦးရေ ၃၄၂ ယောက်သာရှိသည်။ အနီးအနား ရွာတစ်ရွာရှိ ကျေးရွာ ခေါင်းဆောင်တစ်ဦးက "လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ လောက်က စုကလိဝန်းကျင်မှာ ဘယ်သူမှ ဗမာစကားမပြောတတ်ကြဘူး၊"ဟု ပြောကြားခဲ့သည်။ အစိုးရ၏ အုပ်ချုပ်မှုအောက်တွင် ထိုနေရာသည် ဒုက္ခသည်များပြန်လည်နေထိုင်ရာ တစ်ခုဖြစ်လာသည်။ KKO/DKBA သည် ပတ်ဝန်းကျင် ဒေသအများစုကို ထိန်းချုပ်ထားပြီး၊ KNU ကို ၎င်း၏ အုပ်ချုပ်မှုပြန်လည်တည်ထောင်နိုင်ရန် ခွင့်ပြုချက်ပေးထားသည်။ ကျေးရွာအများစုသည် အစိုးရနှင့် KNU နှစ်ဖွဲ့စလုံး၏ အုပ်ချုပ်မှုအောက်တွင် တည်ရှိပြီး၊ DKBA သည်လည်း တာဝန်ယူထားသည်။ ၂၀၁၁ ခုနှစ်မှ စတင်ကာ ရဲစခန်းအပါအဝင် အစိုးရအဆောက်အအုံများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် အထက်တန်းကျောင်း တစ်ကျောင်းတို့ကို တည်ဆောက်ထားသည်။ အစိုးရကျောင်းဆရာတစ်ဦး၏ ပြောကြားချက်အရ၊ ထိုကျောင်းတွင် ဆရာ/မ ၁၉ ယောက်ရှိပြီး၊ ကျောင်းသား ၇၁ ယောက်သာရှိသည်။ ထိုကျောင်းသားများအနက် ကိုးတန်းနှင့် ဆယ်တန်းကျောင်းသားတစ်ယောက်စီသာရှိသည်။ အကြောင်းမှာ ထိုမြို့တွင်နေထိုင်သူ အနည်းငယ်သာရှိပြီး အခြားသော အနီးအနားပတ်ဝန်းကျင်ရှိ ဒေသခံအစုအဖွဲ့အများစုသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ထိန်းချုပ်မှုအောက်တွင် ရှိနေသေးသည်။

**မြန်မာအစိုးရ၏ ရွေးချယ်သတ်မှတ်မှု** - ဘုရားသုံးဆူ မြို့၊ ကြာအင်းဆိပ်ကြီး မြို့နယ်
**KNU ၏ ရွေးချယ်သတ်မှတ်မှု** - နို့တကော မြို့နယ်၊ ဒူးပလာယာ ခရိုင်
**မြို့နယ်၏ အင်္ဂလိပ်အမည်** - Three Pagodas Pass
**စုစုပေါင်း လူဦးရေ** - ၉၀,၄၈၄
**မြို့ပြနေထိုင်သူ ဦးရေ** - ၂၇,၃၁၁
**အစိုးရ၏ ထိန်းချုပ်မှုအောက်ရောက်သည့်အချိန်** - ၁၉၉၀ ခုနှစ်မှ စတင်၍
**အစိုးရအုပ်ချုပ်မှုအောက်သို့ အတည်ပြုကျရောက်သည့်အချိန်** - ၁၉၉၀ ပြည့်နှစ်နှောင်းပိုင်းနှစ်များမှ စတင်၍
**နိုင်ငံရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ သမိုင်းကြောင်းနှင့် အခြေအနေဆိုင်ရာ မှတ်စု** -

ဘုရား ၃ ဆူ သည် အတည်တကျဖြစ်ပြီးသော မြို့ကြီးဖြစ်သည်။ ၎င်းသည် ထိုင်းနိုင်ငံ၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ ဆုံရာ နယ်စပ်တြိဂံဒေသရှိ တောင်တန်းများကြားတွင် တည်ရှိပြီး ဘုရားသုံးဆူတောင်ကြားလမ်း (Three Pagadoas Pass) ဟု အင်္ဂလိပ်ဘာသာဖြင့် ခေါ်ဆိုသည်။ ၎င်းသည် သမိုင်းအစဉ်အလာအရ အရေးပါသည့်နေရာဖြစ်ပြီး ထိုင်းနှင့် မြန်မာဘုရင်များ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကျူးကျော်ရာတွင် အဓိကလမ်းကြောင်းအဖြစ် အသုံးပြုကြပြီး၊ ဒုတိယကမ္ဘာစစ်အတွင်းကလည်း ဂျပန်တို့သည် ၎င်းတို့၏ ကျော်ကြားသော "သေမင်းတမန် မီးရထားလမ်း" အဖြစ် ထိုနေရာကို အသုံးပြုခဲ့ကြသည်။ ၁၉၆၅ ခုနှစ်နှင့် ၁၉၉၀ ခုနှစ်ကြားတွင် NMSP ဌာနချုပ်သည် ထိုတောင်ကြားလမ်းအနီးတွင် တည်ရှိသည်။[175] ထိုအချိန်အတောအတွင်း KNU နှင့် NMSP တို့သည် ထိုတောင်ကြားလမ်းကို ထိန်းချုပ်ကြပြီး ကုန်သွယ်ရေးအတွက် အသုံးပြုကြသည်။ ၁၉၈၈ ခုနှစ်၊ တပ်မတော်က ရုံဖန်ရုံခါ ထိုးစစ်များ ပြုလုပ်စဉ်အတွင်းတွင်ပင် KNU နှင့် NMSP တို့သည် ထိုတောင်ကြားလမ်းကို ထိန်းချုပ်နိုင်ရန် တစ်လနီးပါး တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

တပ်မတော်သည် ၁၉၉၀ ပြည့်နှစ်များတွင် အဆုံးအဖြတ်ပေးနိုင်သော ထိုးစစ်ဆင်မှုများကို ပြုလုပ်ကာ ထိုနေရာကို သိမ်းပိုက်နိုင်ခဲ့သည်။ ထို့ကြောင့် လူထောင်ပေါင်းများစွာတို့သည် နေရာရွှေ့ပြောင်းခဲ့ရသည်။ အစိုးရသည် ထိုမြို့ကို အပြည့်အဝထိန်းချုပ်မှု ပြုလုပ်နိုင်ခဲ့ပြီး၊ နယ်စပ်ဖြတ်ကျော်မှုကိုလည်း ထိုအချိန်မှစ၍ ထိန်းချုပ်ခဲ့သည်။ သို့သော် ၁၉၉၀ ပြည့်နှစ်အလယ်များမှ စတင်ကာ DKBA နှင့် KPF တို့က ပတ်ဝန်းကျင်ဒေသများတွင် လွှမ်းမိုးနေခဲ့သည်။[176] NMSP ၏ အစိုးရနှင့် ၁၉၉၅ ခုနှစ် အပစ်ရပ်စဲသည့် အချိန်မှစတင်ကာ၊ ၎င်းသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အပစ်ရပ်နယ်မြေတစ်ခုကို အုပ်ချုပ်စီမံခဲ့သည်။ ထိုနယ်မြေသည် ဘုရားသုံးဆူ၏ တောင်ဘက်မှစတင်သည်။ ထိုအချိန်မှစ၍ DKBA၊ KPF နှင့် NMSP တို့သည် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုမှ အကျိုးအမြတ်ရရှိသော ထိုဧရိယာအတွင်းရှိ လမ်းများနှင့် မြစ်များတလျှောက် စစ်ဆေးရေးဂိတ်များကို စတင်ထားရှိခဲ့သည်။ ၂၀၁၀ KKO/DKBA နှင့် KNLA တို့သည် ဘုရားသုံးဆူဒေသကို ပူပေါင်းထိုးစစ်ဆင်မှုများ ပြုလုပ်ခဲ့သည်။ လူပြောသူပြောအရ ထိုးစစ်ဆင်မှုသည် ရဲထောက်လှမ်းရေး စခန်းတစ်ခုအပါအဝင် အစိုးရအဆောက်အအုံများကို မီးရှို့ဖျက်စီးခဲ့သည်။[177] သို့သော် တပ်မတော်သည် ထိန်းချုပ်မှုကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

---

175 South (2005) ကို ကြည့်ပါ။

176 ၂၀၀၀ ပြည့်နှစ်များအတွင်း တောင်ကြားလမ်းရှိ စီးပွားရေးလုပ်ငန်းများအကြောင်းကို HURFOM (2008) တွင် ကြည့်ရှုပါ။

177 Paul Keenan, "DKBA Commander Saw La Pwe Dies," Paul Keenan website, March 5, 2016. https://paullkeenan.net/2016/03/15/dkba-commander-saw-lah-pwe-dies/ တွင် ရရှိနိုင်ပါသည်။

## အချပ်ပို ၁။ (၁၅) ကြိမ်မြောက် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးညီလာခံ ထုတ်ပြန်ကြေညာချက် (မူရင်း)

၂၀၁၂-ခုနှစ်၊ ဒီဇင်ဘာလ၊ (၂၇) ရက်

၁။ (၁၅)ကြိမ်မြောက် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးညီလာခံကို ၂၀၁၂ - ခုနှစ်၊ နိုဝင်ဘာလ (၂၆) ရက်နေ့မှ ဒီဇင်ဘာလ(၂၆) ရက်နေ့အထိ KNU နယ်မြေ၊ ဘားအံခရိုင်၊ တပ်မဟာ (၇) ဒေသတွင် ကျင်းပပြီးစီးခဲ့ပါသည်။ ဤညီလာခံတွင် ကိုယ်စားလှယ် (၁၇၁) ဦး၊ လေ့လာသူ (၇၄) ဦးစုစုပေါင်း (၂၄၉) ဦးတို့ တက်ရောက်ခဲ့ပါသည်။

၂။ ဤညီလာခံသည် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၏ (၄) နှစ်တာကာလ လုပ်ငန်းအစီရင်ခံစာနှင့် နိုင်ငံရေးအစီရင်ခံစာများကို တင်သွင်းခြင်း၊ သုံးသပ်ခြင်း၊ အတည်ပြုခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခြေခံလုပ်ငန်းစဉ်၊ နိုင်ငံရေးလမ်းစဉ်များ ပြန်လည်စီစစ်သုံးသပ်အတည်ပြုခြင်းများ ပြုလုပ်ခဲ့ပါသည်။

၃။ ညီလာခံမှနိုင်ငံရေးနှင့် အမျိုးသားရေးဦးဆောင်မှု အခန်းကဏ္ဍတွင် အမျိုးသမီးများပါဝင်မှု ပိုမိုအားကောင်းလာရေးကို ပံ့ပိုးဆောင်ရွက်သွားရန်၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ အုပ်ချုပ်ရေးနှင့် တည်ဆောက်ရေး စသည်တို့နှင့် စပ်လျဉ်းသည့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ပါသည်။ စီးပွားရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒများချမှတ်သွားရန်နှင့် ပြည်သူလူထု၏ နစ်နာဆုံးရှုံးမှုများကို အကာအကွယ်ပြုနိုင်ရေးအတွက် လူ့အခွင့်အရေး ကော်မတီတစ်ရပ် ဖွဲ့စည်းသွားရန် သဘောထားချမှတ်ခဲ့ပါသည်။

၄။ ညီလာခံသည် ဗဟိုအလုပ်အမှုဆောင်ကော်မတီသစ်ကို အောက်ပါအတိုင်း ရွေးချယ်တင်မြောက်ခဲ့ပါသည်။

၁။ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး (ဥက္ကဋ္ဌ)
၂။ ဖဒိုနော်စီဖိုးရာစိန် (ဒု-ဥက္ကဋ္ဌ)
၃။ ဖဒိုစောကွယ်ထူးဝင်း ( အတွင်းရေးမှူးချုပ်)
၄။ ဖဒိုစောသောသီဘွဲ (တွဲဖက်အတွင်းရေးမှူး - ၁)
၅။ ဖဒိုမန်းမန်း (တွဲဖက်အတွင်းရေးမှူး -၂)
၆။ ဖဒိုစောရောဂျာခင် (ကော်မတီအဖွဲ့ဝင်)
၇။ ဖဒိုမန်းငြိမ်းမောင် (ကော်မတီအဖွဲ့ဝင်)
၈။ ဖဒိုစောသမိန်ထွန်း (ကော်မတီအဖွဲ့ဝင်)
၉။ ဖဒိုစောတာဒိုမူး (ကော်မတီအဖွဲ့ဝင်)
၁၀။ ဗိုလ်မှူးချုပ် စောဂျော်နီ (ကော်မတီအဖွဲ့ဝင်)
၁၁။ ဗိုလ်မှူးချုပ် စောဘောကျော်ဟဲ (ကော်မတီအဖွဲ့ဝင်)

၅။ ညီလာခံမှ တပ်မဟာ ၇ ၏ ဗိုလ်မှူးချုပ်ဖြစ်သော ဗိုလ်မှူးချုပ် စောဂျော်နီအား ကေအဲန်အယ်လ်အေ[178] - ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်၏ စစ်ဦးစီးချုပ်အဖြစ်လည်းကောင်း၊ တပ်မဟာ ၅ ၏ ဗိုလ်မှူးချုပ်ဖြစ်သော၊ ဗိုလ်မှူးချုပ်စောဘောကျော်ဟဲအား ဒုတိယစစ်ဦးစီးချုပ် အဖြစ်လည်းကောင်း တာဝန်ပေးအပ်ခဲ့ပါသည်။

၆။ မြန်မာအစိုးရ၏ လက်ရှိအပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ပြီး နိုင်ငံရေး ဆွေးနွေးမှုအဆင့်သို့ ရောက်စေရန် လေးလေးနက်နက် အမြန်ဆုံးအကောင်အထည်ဖော်ရန် လိုအပ်ပြီး နိုင်ငံရေးဆွေးနွေးမှုလုပ်ငန်းစဉ်များ စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တစ်ပြည်လုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲနိုင်ရေးကို အမြန်ဆုံး ဆောင်ရွက်ရန် လိုအပ်သည်ဟု ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံးမှ သုံးသပ်သည်။

၇။ ယခုလို မြန်မာအစိုးရမှ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေပြီဖြစ်၍မြန်မာအာဏာပိုင်များမှ လူထုလူပ်ရှားမှုကို အကြမ်းဖက်နှိမ်နင်းမှု ရှိနေသေးသဖြင့် ၎င်းအပေါ် လွန်စွာစိုးရိမ်ပူပန်မိပါသည်။ သို့သော် မြန်မာအစိုးရမှ ၎င်းဖြစ်ရပ်မှန်ပေါ် ပေါက်နိုင်ရေးအတွက် စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းဆောင်ရွက်နေသည်ကို တွေ့ရှိရ သဖြင့် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးမှ ကြိုဆိုပါသည်။

[178] KNLA ဗိုလ်မှူးချုပ်များအပေါ် ပေးအပ်ထားသော ရာထူးအတိအကျများသည် ကွဲပြားသည်။ တစ်ခါတစ်ရံ general officer commanding ကို commander in chief အဖြစ် ရည်ညွှန်းသည်။

၈။ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးမှ ဒီမိုကရေစီရေး၊ တိုင်းရင်းသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးကို လက်ရှိကြိုးပမ်းဆောင်ရွက်လျှက်ရှိနေသော ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်အတူ စစ်မှန်သော ဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် တိုင်းရင်းသားအင်အားစုများ၊ ဒီမိုကရေစီအင်အားစုများနှင့်အတူ လက်တွဲညီစွာ ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းထုတ်ပြန် ကြေညာအပ်ပါသည်။

## အချုပ်ပိုဒ် ၂။ NCA ၏ "ကြားကာလ အစီအစဉ်များ"

### ကြားကာလအတွင်း ဆောင်ရွက်ရမည့်အစီအစဉ်များ

(က) ဤသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် မိမိတို့နှင့် သက်ဆိုင်သည့် အပစ်ရပ်နယ်မြေများအတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များတွင် မိမိတို့အဖွဲ့အစည်း၏ အတိုင်းအတာအရ တာဝန်ယူကြသော အဖွဲ့အစည်းများဖြစ်ကြသည့် အားလျော်စွာ အပစ်အခတ်ရပ်စဲထားပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပအကောင်အထည်ဖော်နေသည့် ကာလအတွင်း အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သွားရန် သဘောတူသည် -

(၁) ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အခြေခံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊
(၂) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ၊
(၃) တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများ၊
(၄) ဒေသဆိုင်ရာ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များ၊
(၅) ဒေသဆိုင်ရာဖွံ့ဖြိုးရေးနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများအတွက် ပြည်တွင်းပြည်ပ အလှူရှင်အဖွဲ့အစည်းများ၏ အကူအညီရယူခြင်းဆိုင်ရာ ကိစ္စရပ်များ၊
(၆) မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ၊


(ခ) အပစ်အခတ်ရပ်စဲရေးဒေသအတွင်း ဒေသခံပြည်သူလူထုအပေါ် အကျိုးသက်ရောက်မှုကြီးမားသော စီမံကိန်းများကို လုပ်ဆောင်ရန်ရှိပါက သဘာသယံဇာတများဆိုင်ရာ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးအဖွဲ့ (Extractive Indsutries Transparency Initiative – EITI ) လုပ်ထုံးလုပ်နည်းများအတိုင်း ဒေသခံပြည်သူလူထုနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့နှင့် ညှိနှိုင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊

(ဂ)သက်ဆိုင်ရာဒေသများတွင် တစ်ဖွဲ့ချင်းစီ သီးခြားဆောင်ရွက်ရန် လိုအပ်သောကိစ္စရပ်ကို အစိုးရနှင့် သက်ဆိုင်ရာတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ညှိနှိုင်းဆောင်ရွက်သွားရန် သဘောတူသည်။

## အချပ်ပို ၃။ KNU ၏ မြေပိုင်ဆိုင်ခွင့် အသိအမှတ်ပြုလက်မှတ်များ












အချပ်ပို ၄။ KNU ၏ အစုအဖွဲ့ပိုင် သစ်တောဆိုင်ရာ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများ



# HTA KAW KEE COMMUNITY FOREST




*Hta Kaw kee community Forest Area : 501 acres*

Produced: Date - 11 January 2015

**KAW THOO LEI FOREST DEPARTMENT**
**PO.Box 158,Mae Sot,tak,Thailand 63110**
**Phone: (+66)862077696**
**Email: ktlf09@gmail.com**

Meters
0 250 500

Scale: 1:17,000 meters


CLARKE 1866 SPHEROD
WGS 84, UTM ZONE 47N
MEAN SEA LEVEL

**Legend**

▲ Waypoint

Trick

**Location Map**



**References**

1.Hta Kaw Kee community forest polygon delineated GPS survey.
2.Based on easy Bing map, zoom Level 17, projection WGS 84
4.Hta kaw Kee community forest was demarcated by Kawthoolei forestry Department staffs on 11 January, 2012 using GPS for marking the place and boundary.

The Asia Foundation
Improving Lives, Expanding Opportunities

No.17, Thu Khi Tar Street
Pyi Thar Yar Residence Lane 1
15 Ward, Bauk Htaw, Yankin Township
Yangon, Myanmar

Photography by Kim Jolliffe